www.burmeseclassic.com



စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဇန်နဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၂၅၀၀ ကျပ်

၈၉၁ . ၈၃
ညိုမှိုင်း၊ မောင် (သန်လျင်)
ဘီလူးခေါင်းပြုတ်သချိုင်း ဒုတိယပိုင်း / မောင်ညိုမှိုင်း(သန်လျင်)-
ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၃၂၉-စာ ၊ ၁၃ စင်တီ × ၂၀ . ၅ စင်တီ။
(၁) ဘီလူးခေါင်းပြုတ်သချိုင်း ဒုတိယပိုင်း

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | မာယာဝရိယာယ်နှင့် မကောင်းဆိုးဝါး နာနာဘာဝ | ၁ |
| ၂။ | ငွေအပ်းတစ္ဆေ | ၃၂ |
| ၃။ | ဖုတ်ဝင်ပြီး ဖျံလွန်တော်မူတဲ့ ရသေ့ကြီး | ၅၈ |
| ၄။ | သူကြီးနဲ့အဖွဲ့ ရူးတုန်ပြီလို့ အပြောခံရသည့်ခနတ် | ၈၅ |
| ၅။ | အန္တရာယ်တင်းချင် ရှတ်ဖတ်ကြသမျှဒွေ | ၉၇ |
| ၆။ | တီထီ (စန်း) မင်္ဂလာအဆိုးအကောင်းနှင့် ငှတ်နိမိတ် | ၁၁၀ |
| ၇။ | ငှတ်ကြီးတောင်ဘဖုမ်း ခွေးတိုက်လို့ ပြေးရတဲ့ည | ၁၁၇ |
| ၈။ | ချစ်ဖြုံးနှင်းဆီတစ်ပွင့်ကို ဒူးတာလင့်ဖို့ ကြံရွယ်တုန်းကတွယ် | ၁၂၇ |
| ၉။ | ထာယသိဒ္ဓိရှေ့ကျိုင်းနှင့် ဦးတာနော | ၁၅၁ |
| ၁၀။ | တာယသိဒ္ဓိရှေ့ကျိုင်းနဲ့ ရှင်ဘုရင်သိန်းမောင် | ၁၇၇ |
| ၁၁။ | ဘဝဖျက်သူတောင်းစား တာယသိဒ္ဓိရှေ့ကျိုင်း | ၁၈၃ |
| ၁၂။ | သမ္မုဒ္ဒေရွာဟုဝင် အချို့က ခေါ်ကြလေတုန်ဓ် | ၁၉၇ |
| ၁၃။ | မိကျောင်းအစာဘဝရောက်သွားတဲ့ ရသေ့ကြီး | ၂၀၅ |
| ၁၄။ | ချိုးအမတေနှင့် ကျည်ဆန်သုံးတောင့် | ၂၁၅ |
| ၁၅။ | မိကျောင်းစီးပြန်လာတဲ့ ရသေ့ကြီး | ၂၂၈ |
| ၁၆။ | အလောင်းထမ်း တွဲသိုးကြီး | ၂၄၃ |
| ၁၇။ | ဝါခေါင်ရဲ့လွှမ်းချင်း | ၂၆၀ |
| ၁၈။ | မိကျောင်းစာအကျွေးခံရတဲ့ ရသေ့ကြီး | ၂၆၆ |
| ၁၉။ | သေရွာမှ ပြန်လာကြသူများ | ၂၇၃ |
| ၂၀။ | သေရွာပြန် နောက်တစ်ယောက် | ၂၈၇ |
| ၂၁။ | ဝတ်စုံနှင့် သူသေထိုင်သော တိုက်ခိုက်ပွဲ | ၂၉၁ |
| ၂၂။ | သံယောဇဉ်လား တဏှာလား | ၂၉၅ |
| ၂၃။ | အချစ်ငတ်နေတဲ့မိန်းမရဲ့ နောက်ဆုံးနှုတ်ဆက်ပွဲ | ၃၀၃ |
| ၂၄။ | မိကျောင်းနဲ့ ယှဉ်သတ်တဲ့နေ့ | ၃၁၀ |
| ၂၅။ | မေတ္တာရဲ့ဇာတ်သိမ်း (သို့မဟုတ်) သစ္စာတရားရဲ့အောင်ပွဲ | ၃၂၁ |

www.burmeseclassic.com

BURMESE CLASSIC .com

ပထမပိုင်းမှ နောက်ဆုံးဇာတ်သိမ်းခန်းအား
ပြန်လည်ဖော်ပြပါသည်၊

[ ၁ ]

**မာယာပရိယာယ်နှင့် မကောင်းဆိုးဝါး နာနာဘာဝ**

❑

တောစပ်မှာ နွားခြေရာ မှစာခတ်နေတာ မြင်လိုက်ရတယ်။ မြေစာ မြက်တွေ ကြေနေတာ တွေ့ရသလို၊ ချိုနဲ့ကော်ခတ်ထားလို့ မြက်အဖုတ်လိုက် ပြန့်ကျဲနေတာလည်း မြင်ရတယ်။

နွားသိုးသုံးကောင် အသက်လုခတ်တဲ့ မြေပြင်ကတော့ မြေကြီးကို ဝက်ထိုးထားသလို ပြောင်းသတာလန်နေတာပဲ။

သူတို့ လက်နက်များကို အသင့်ကိုင်ပြီး နွားခြေရာကို ခြေရာခံလိုက်ခဲ့ကြတယ်။ ရှေ့ကပြေးတဲ့ ခွာခြေရာကြီးကြီးကို မြင်ရသလို၊ နောက်ကလိုက်တဲ့ ခွာရွယ်တူ ခြေရာများကိုလည်း မြင်ရတယ်။

ဒီလိုနဲ့ တစ်နာရီလောက် တောလမ်းအတိုင်း ဝင်လာလိုက်ရော–



www.burmeseclassic.com

www.burmeseclassic.com



"ဝပ်ထရိန်း ..."

"ဝပ်ထရိန်း ..."

"ဟော ... ဝပ်ထရိန်း ..."

"ဟော့ ... နွားအော်သံကွ။ ဟုတ်တယ် ... ရှေ့တစ်ခေါ်လောက်ကအော်သံကွ။ ဒါ ကြာဖြူနဲ့ နှာဖြူရဲ့ အသံပဲ။ ငါတို့ အသံပြန်ပေးမယ် မောင်စုန်း။ လာဟေ့ ..."

မောင်စုန်းနဲ့မောင်မုန်း ညီအစ်ကိုနှစ်ယောက် နွားတွန်သံပေးတဲ့နေရာကို ဝမ်းသာအားရ အပြေးတိုးဝှေ့သွားကြတယ်။

"ကြာဖြူရေ ..."

"အွမ် ..."

"နှာဖြူ ... သားကြီး"

"ဝပ် ... ထရိန်း ..."

"ဟောဟို ညောင်ပင်အကွယ်လေးနားကဟေ့ ... မောင်မုန်းရေလာ ..."

လှူကြီးငါးယောက်ဖက် ညောင်ပိန္နဲပင်ကြီးအောက်ရောက်တော့ သူတို့ နွားနှစ်ကောင်ကို မတွေ့ရဘူး။

"ဝပ်ထရိန်း ..."

"ဟော ... ဘီစပ်ချုံနားက အော်သံဟေ့ ... မောင်စုန်း"

"ဝပ်ထရိန်း ..."

"ကြာဖြူ၊ နှာဖြူ ..."

"ဝပ်ထရိန်း ..."

နှစ်ဦးသား ဓား၊ လှံမြှောက်ပြီး ဝမ်းသာအားရ ဘီစပ်ချုံရှိရာကို ပတ်ဝင်လိုက်တယ်။ ဝင်တာမှ ဘယ်ညာပတ်ဝင်တာ။ မရှိဘူး။ နွားနဲ့တူတာ မြေပြင်မှာ ခွာရာတောင်မရှိဘူး။

"မောင်စုန်း ..."

"ဘာတုံး ... ငမုန်း"



BURMESE CLASSIC .com



"တော်တော်လေး ဆန်းနေပြီဟေ့"

"အေးလကွာ ... ခုပဲ ဒီနားက ကာဝ်ကြားရပြီး နွားကို မတွေ့ရဘူး"

"မဟုတ်မှလွဲရော ငါတို့ကို တောက ပညာပြပြီနဲ့ တူတယ်ဟေ့။ ဘယ်လိုလုပ်ကြမတုံး ... မောင်မုန်းရေ"

"ငါတို့အကြောင်းမသိလို့ စမ်းတာနေမှာပေါ့။ ဟင်း ... ဟင်း ဟင်း ..."

"ကြောက်မယ်လို့ ထင်နေရဲ့တူရဲ့ကွာ ... ဟင်"

"ဟား ... ဟား ... ဟား ... ဟား ... ကြောက်မွေးပါရင် မီးညှပ်နဲ့ကို ဆွဲနုတ်ပစ်မယ်ဟေ့။ ဟား .... ဟား ... ဟား ... ဟား"

"ကြာဖြူရေ၊ နှာဖြူရေ ..."

"အွမ် ..."

"ဟော ... ရှေ့နားကဟေ့"

"ကြာဖြူ ..."

"ဝပ် ... ထရိန်း ... ဝပ်ထရိန်း ... ဝပ်ထရိန်း ..."

"ကြားလားဟေ့ ... မောင်မုန်း၊ ငါတို့ကောင်တွေရဲ့ အသံကွ"

"ဟုတ်တယ် ... ဒီတစ်ခါ ကျိန်းသေ တွေ့ပါပြီကွာ။ ဟော ဟိုကျူပင်အုပ်နားကဟေ့။ ဟော ... လှုပ်ရှားသံကြားသဟ .. နားထောင်"

"ဝှေ့နေတာလား မသိဘူး"

"အားစမ်းနေပုံကွ။ လာ ... လာ ... မှောင်တော့မယ်"

သူတို့နှစ်ဦး နွားနှစ်ကောင်ရဲ့ လှုပ်ရှားသံ၊ နှာမှုတ်သံ၊ ခွာယက်သံ၊ ဦးချိုချင်း ထိခတ်သံတို့ကို ကြားနေရလို့ ကျူပင်များကိုဖြဲပြီး ဝင်သွားရော ဘာမှမရှိဘူး။

ခြေရာမရှိဘူး။

ချိုရာမရှိဘူး။

ဝှေ့ရာခတ်ရာ၊ ခွာစာ၊ ကိုက်ရာ၊ ဖြတ်ရာ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်ကို တွေ့လိုက်ရတာက လူခြေရာ အကြီးကြီးနှစ်ခု။ နည်းတဲ့ခြေရာ မဟုတ်ဘူး။ သူတို့ခြေဖဝါးထက် သုံးဆခန့် ကြီးတဲ့ခြေရာ။

"ငစုန်း ..."

"ဟေ ..."

"ခြေရာကြီးဟာ ... အကြီးကြီးပဲ။ လူခြေရာမှ ဟုတ်ရဲ့လားဟင်"

"အစ်ကိုရန်ကုန်တို့ပြောတဲ့ ဘီလူးခြေရာများလားမသိဘူး"

"နွားခြေရာ လုံးဝမတွေ့ရဘူး"

"ဘယ်လိုလုပ်ကြမတုံး ... ငစုန်း"

"ငါတို့နှစ်ယောက်ကို တောက လှည့်စားနေပြီကွ။ ငါတို့နွားနှစ်ကောင် ဒီနားဝန်းကျင်မှာ အသံကြားရပြီး ရှာမတွေ့ဖြစ်နေတာ ... ငမုန်းရေ၊ ငါတို့အကြောင်းပြမှနဲ့တူတယ်ကွ"

"ဟုတ်တယ် ... ငါတို့ ဘာကောင်မှန်း မသိဘူးနဲ့တူပါရဲ့"

"ဟေ့ ... ဒီတောထဲမှာနေကြတဲ့ နာနာဘာဝတွေ ငါတို့နွားကို ငါတို့လာရှာတာနော်။ ငါတို့ကို နောက်သလိုလို၊ ပြောင်သလိုလို မလုပ်နဲ့။ ငမုန်းနဲ့ ငစုန်းတဲ့ သတ္တိရှိရင် ထွက်ခဲ့"

"ထွက်ခဲ့လေ ...။ တောခြောက်သလိုလို၊ တောမှောက်သလိုလို လာမလုပ်နဲ့။ ဓား ဓားချင်း၊ လှံ လှံချင်း ယှဉ်ရဲရင် ထွက်ခဲ့ကြဟေ့"

"မင်းတို့အားလုံးကို ..... ထင်တယ်ဟေ့"

"အူ ... အူ ... အူ ... အူ ..."

"အိန် ... အိန် ... အိန် ..."

"ဂိန် ... ဂိန် ... ဂိန် ..."

"ဟာ ... ဘာတုံးဟ ... ဟေ ..."

"အူ ... အူ ... ဝူး ... ဝူး ... ဝူး ..."

"အိန် ... ဂိန် ... ဂိန် ... အူ ... ဝူး ..."

"ခွေးအူသံတွေဟ။ ဒီနားမှာ အိမ်တို့၊ လူတို့ ရှိနေလားမသိဘူး"

"ဝေါ ... ဝေါ ..."

"ဝုန်း ... ဝုန်း ..."





"အ ... အ ... အ ... အ ..."

"ကျိုးကန်းအုပ်ကြီးက လန့်ပျံတာဟေ့"

"အား ... မောင်စုန်းရေ၊ ပျားတွေပျံလာတယ်"

"ဝီ ... ဝီ ... ဝီ ..."

"ဝီ ... ဝီ ... ဝီ ... ဝီ ..."

ပျားအုပ်ကြီးက အများကြီးပဲ။ တပ်ဖြန့်ပြီး ပျံလာနေတာ။ သူတို့ညီအစ်ကို ပျားအုပ်တော့ မယှဉ်ရဲဘူး။ ဒါနဲ့ ခြေကုန်သုတ်ပြီး ပြေးလိုက်ကြတာ–ဘယ်ရောက်လို့ရောက်နေမှန်း မသိကြဘူး။

ပြေးရင်း မောလို့ ကျောက်နတ်ကွန်းစင်ကြီး တစ်ခုနားမှာ ရပ်လိုက်ရော လူတစ်ယောက်ကို တွေ့ရတော့တာပဲ။

လူက ယောကျ်ားမဟုတ်ဘူး။ မိန်းမတစ်ယောက်။

မွှေးကြိုင်နေတာပဲ။ သူမရဲ့ ကိုယ်သင်းနံ့ဟာ နံ့သာဖြူ၊ ကရမက်ရနံ့ သင်းနေတယ်။ ခေါင်းပေါ်မှာလည်း တောပန်းတွေဝေအောင် ပန်ထားလိုက်တာ အရွှးမလိုလို၊ ဉစ္စာစောင့်လိုလိုပဲ။

"ဟေ့ ... ကလေးမ၊ ကလေးမ ..."

"ရှင် ... ရှင် ..."

"မင်း ... မင်းက ဘယ်ကတုံးဟင်"

တောကြီးခေါင်ခေါင်ထဲမှာ အသက် (၁၈) နှစ်အရွယ် လုံးကြီးပေါက်လှ၊ ချောချောသန့်သန့်၊ ဖြူဖြူဥဥ၊ မိန်းမသားတစ်ယောက်ကို မမျှော်လင့်ဘဲ မြင်ရလို့ ဝမ်းလည်းသာရဲ့၊ အံ့လည်း အံ့သြရဲ့။

"မင်းဘယ်ကတုံး"

"ဒီကပါ"

"ဟေ ... ဒီကပါဆိုတာ ဒီတောထဲမှာနေတာလို့ ပြောတာလားဟင်"

"ဟုတ်တယ် ...။ ရှင်တို့က ဒီတောထဲကို ဘာလာလုပ်ကြတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နွားသိုးနှစ်ကောင် ပျောက်လို့ပါ။ ငါတို့နွားကို နွားနက် နွားသိုးတစ်ကောင်က လိုက်ဖေ့ရင်း ဒီတောထဲကိုဝင်သွားလို့ လိုက်ရှာတာပါ။ မင်းရော မတွေ့မိဘူးလားဟင်"

"တွေ့တယ် ..."

"ဟေ ... တွေ့တယ်။ လုပ်စမ်းပါဟာ ... ဘယ်နားမှာ တွေ့တုံး။ ညည်းလိုက်ပြပေးလို့ရရင် ပြပေးပါလားဟင်"

"ဟော့ ... ကလေးမ၊ ညည်းနာမည်က ဘယ်လို ..."

"မစိမ်းစိမ်းညို့လို့ ခေါ်ပါတယ်ရှင်"

"စိမ်းစိမ်းညို့ ... ထူးဆန်းတဲ့ နာမည်ပါလား။ ဒါနဲ့ ညည်းတို့အိမ်ကရော ဘယ်နားမှာလဲဟင်"

"သင်ပေါင်းတောထဲမှာ"

"ဟေ ..."

"မောင်စုန်း ... တိတ်တိတ်နေစမ်း။ ငါတို့နွားနှစ်ကောင် ဘယ်နားမှာတွေ့ခဲ့လဲ မစိမ်းစိမ်းညို့"

"စောစောတုန်းက ဆဲရေးတိုင်းထွာ စိန်ခေါ်နေတာ မောင်ကြီးတို့ နှစ်ယောက်လားဟင်"

"ကြားလိုက်လို့လား"

"ဟုတ်ကဲ့ ... ကြားရတယ်။ အကျယ်ကြီး အော်ဟစ်နေကြတာကိုး"

"စိန်မခေါ်လို့ မရတော့ဘူးလေ။ နွားအော်သံ အနီးကလေးက ကြားပြီး နွားကိုမမြင်ရဘူး။ ဒါ နာနာဘာဝတွေ နှောင့်ယှက်လို့ နေမှာပေါ့"

"ဒီတောကြီးက ဆဲရေးတိုင်းထွာ ညစ်ညစ်ပတ်ပတ် ပြုမူလို့မရဘူး"

"ညည်းက ဒီမှာနေတာ ကြာပြီမို့လို့လား"

သူမက မေးတာကို ပြန်မဖြေဘူး။

"ပြန်တောင်းပန်လိုက်ပါ ... မောင်ကြီးတို့"





"တောင်းပန်ရမယ်။ နေပါဦး ... မစိမ်းစိမ်းညို့ရယ်။ ကျုပ်တို့က ဘယ်သူ့ကို တောင်းပန်ရမှာတုံး။ ပြောစမ်းပါဦးဗျာ"

သူတို့ညီအစ်ကိုက မစိမ်းစိမ်းညို့ဆိုသူကို ခနဲ့တဲ့တဲ့နဲ့ ပြောရော။

"အပိုင်အဆိုင်တွေကို ပြောတာပါရှင်"

"နေစမ်းပါဦး ... မိန်းကလေးရဲ့။ ဒီတောကို ဘယ်သူပိုင်တာတုံး။ နတ်လား၊ သရဲလား၊ ဥစ္စာစောင့်လား၊ ဘီလူးလား၊ တောအုပ်ကြီး အမည်က ဘယ်သူတုံး။ တောခေါင်းနာမည်ကရော ဘယ်လိုခေါ်သတုံး ပြော။ ဟား ... ဟား ... ဟား ... ဟား ..."

"မတောင်းပန်ရင် ရှင်တို့ထိမှာပဲ"

"ထိချင်ရာထိကွာ ... ငါတို့ညီအစ်ကို နွားပျောက်ရှာနေတာ။ နွားသူခိုးလက်ထဲကိုရောက်ရင် နွားသူခိုးတွေကို ဟောဒီဓားလှံနဲ့ အပြတ်ရှင်းမယ်။ ဘယ်သူ့ကိုမှ မတောင်းပန်နိုင်ဘူး။ ဟုတ်လား ... မောင်မှန်း"

"ဒါပေါ့ ... ဒါပေါ့"

"ကိုင်း ... စောစောတုန်းက ပြောတယ်။ တို့နွားနှစ်ကောင်ကို တွေ့ခဲ့တယ်တဲ့။ ဘယ်နားမှာ တွေ့တုံး ... ပြော။ ညည်းလည်း နွားခိုးကြရာပါထဲမှာ မပါစေနဲ့။ ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

ဒီမှာ မစိမ်းစိမ်းညို့ဆိုသူ ခေါင်းမှာ ပန်းတွေဝေအောင် ပန်ထားသူ မိန်းမချောက ရင်ဘတ်မှာရော၊ ပေါင်မှာပါ၊ ဆေးမင်ကြောင် အင်းကွက်တွေထိုးထားတဲ့ သူတို့ညီအစ်ကိုကို ခြေဆုံးခေါင်းဆုံး မကြောက်မရွံ့ ကြည့်နေလိုက်တယ်။

"နွားသိုးနှစ်ကောင် ..."

"ဟုတ်တယ်"

"တစ်ကောင်က ငယ်ထိပ်မှာ ကြာဖြူနဲ့"

"သိပ်ဟုတ်တာပေါ့"

"နောက်တစ်ကောင်က နားခေါင်းပေါ်မှာ စာဖြူဥတွေနဲ့"

"မှန်လိုက်လေဗျာ ... ဘယ်နားမှာ တွေ့တုံးဗျ။ မြန်မြန်ပြောနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ တစ်ခေါ်လောက်ကိုသွား။ တွေ့လိမ့်မယ်"

"ဟုတ်ရဲ့လား ... မိန်းကလေး"

"ဟုတ်ပါတယ်ရှင်"

"မင်း ... လမ်းပြလို့ရမှာလား"

"ကျွန်မ အလုပ်ကိစ္စတွေရှိလို့ လမ်းမပြနိုင်ဘူး။ ရဲရဲသာသွားပါ။ လမ်းက ရှေ့မှာရှင်းပါတယ်။ တစ်ခုပဲရှိတယ်။ ဆိုင်ရာပိုင်ရာကို ရှိရှိသေသေ လေးလေးစားစား တောင်းပန်လိုက်ရင် ရှင်တို့နွားနှစ်ကောင်ကို မြန်မြန် တွေ့ပြီး အေးအေးဆေးဆေး ဒီတောထဲကနေ ပြန်ထွက်လို့ လွတ်မှာပဲ။ နို့မို့လို့ကတော့ ..."

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... ကျွဲသေး"

"စင်းကောပြီးမှ ပြန်မှာဟ။ သိလား ..."

"ကိုင်း ... သွားတော့"

ဒါနဲ့ ချောမောလှပတဲ့ ကောင်မလေးကို စူးစူးရဲရဲစိုက်ကြည့်ပြီး တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြလိုက်တယ်။

"မောင်စုန်း ..."

"ဘာတုံး ... ငမုန်း"

"ကောင်မလေးက ချောလည်းချော၊ သဘောလည်း ကောင်းတယ်"

"အဲဒါ ဘာဖြစ်လဲ"

"နွားနှစ်ကောင်ပြန်တွေ့ခဲ့ရင် သူမတို့အိမ်ကို ရှာပြီး ကျေးဇူးတင်ကြောင်းတော့ သွားဝင်ပြောရမှာပဲကွ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ငမုန်းရာ မင်းအကြောင်း ငါမသိဘူးများ မှတ်လို့လား။ မင်းနဲ့ ငါ ညီအစ်ကို အရင်းခေါက်ခေါက်ပါကွာ။ မင်း ကောင်မလေးကို သဘောကျနေပြီမဟုတ်လား ... ဟင်"





"ဟား ... ဟား ... ဟား ... ဟား ... ကံကောင်းလို့ အဆင်ပြေခဲ့ရင် မောင်စုန်း မင်းက သတို့သားအရံနေဖို့။ ဟား ... ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ... ဟား ..."

သူတို့အပြောကို သူတို့သဘောကျပြီး အားရပါးရ အော်ဟစ်ရယ်မောလို့ ဝရော ကောင်မလေးကို ပြန်လှည့်ကြည့်လိုက်တော့ ...

"ဟင် ..."

"ဟာ ..."

"ဟ ... ဟ ... ဘယ်ကိုလဲဟ"

"ဟ ... ဟိုကောင်မလေး ... ဘယ်သူ ... စိမ်းစိမ်းညို့ညို့"

"စိမ်းစိမ်းညို့ပါဟ"

"အေး ... အေး ... မစိမ်းညို့ ဘယ်ရောက်သွားတုံးဟ"

မအံ့ဩလို့ မရဘူးလေ။ ခုလေးတင် မိန်းမချော မိန်းမလှလေး မစိမ်းစိမ်းညို့နဲ့ စကားအခြေအတင်ပြောပြီး ညီအစ်ကိုနှစ်ယောက် ခေါင်းချင်းဆိုင် တိုးတိုးတိုင်ပင်နေတုန်းရှိသေး ...

လှည့်ကြည့်လိုက်ရော မစိမ်းညို့ မရှိတော့ဘူး။

မစိမ်းညို့ ရပ်နေတဲ့နေရာမှာ အသက် (၉၀) ခန့်မျှ အလွန့်ကို အရုပ်ဆိုးလွန်းတဲ့ အဘိုးကြီးတစ်ဦး တုတ်ရှည်ကြီးကိုင်လို့ ရပ်ကြည့်နေတာကို မြင်လိုက်ရလို့ပဲ။

အရုပ်ဆိုးဆိုး အဘိုးကြီးကို မြင်လိုက်ရတော့ မောင်စုန်းနဲ့ မောင်မုန်း ကြက်သီးဖြန်းဖြန်းထလို့ ခေါင်းနားပန်းပါ ကြီးသွားတယ်။

ကြည့်စမ်း ...

အဘိုးကြီးရဲ့အရပ်က (၇)ပေခန့်မြင့်ပြီး ခြေဆံလက်ဆံကလည်း အရှည်ကြီးတွေနဲ့။ လက်တစ်ဖက်ကိုတောင် တွဲလောင်းချထားတာ။ ရှည်လျားလှတဲ့လက်က ဒူးအောက်ကိုကျနေပုံက အရပ်ရှည် မျောက်ဝံလူဝံ လင်းချထားပုံမျိုးကြီး။ မျက်လုံးနှစ်လုံးမှာ တစ်လုံးကကြီးပြီး တစ်လုံးက သေး



www.burmeseclassic.com

www.burmeseclassic.com



သေးလေး။ ကြီးတဲ့မျက်လုံးက အခွံမချွတ်ရသေးတဲ့ ကွမ်းသီးလုံးခန့်ရှိပြီး အပြင်ကို ပြူးအန်ထွက်သလိုပဲ။

ပုစွန်တုပ် မျက်စိလို ပြူးထွက်နေတာ။

မျက်လုံးသေးသေးက မျက်ပေါက်ကျဉ်းကျဉ်းအောက်မှာ ဟဟလေး ထင်သာမြင်သာရှိနေတယ်။

နှာခေါင်းကြီးက ပြားပြားကြီး။ ပါးစပ်ကလည်း ပြဲပြဲကြီး။ နားရွက်ကလည်း တစ်ဖက်ကြီး၊ တစ်ဖက်သေး။

(၇) ပေခန့် မြင့်တဲ့၊ ကျော်တဲ့ တုတ်ရှည်ကြီးကိုထောက်ပြီး ရပ်နေတယ်။ ပုဆိုးက တိုတိုလေး ဝတ်ထားတယ်။ အင်္ကျီမပါဘူး။

ခွက်နေတဲ့ရင်ဘတ်က နောက်ကျောပေါက်လုနီးပါး အနက်စူးစူး ချိုင့်ကြီးဖြစ်လို့။ ဒူးခေါင်းကြီးကြီးနှစ်လုံးက အုန်းသီးနှစ်လုံးလိုပဲ။

ခြေဖဝါးကို ငုံ့ကြည့်လိုက်ရော . . .

ဘုရားရေ . . . နည်းနည်းနောနော ခြေဖဝါးလားဗျာ။

မရှိဘူးဆို တစ်တောင်ခန့် အရှည်ရှိဖို့ ကျိန်းသေပဲ။ ဘုရား . . ဘုရား . . . လူလား၊ ဘီလူးလား၊ သရဲလား . . . သရဲတစ္ဆေလား . . . မပြောတတ်တော့ဘူး။

သို့သော် သူတို့ညီအစ်ကိုက ကြောက်တတ်တဲ့အစားထဲမှာ မပါဘူးလေဗျာ။ အံ့ဩနေတာ။ မိန်းမချောလေးပျောက်ပြီး သူမနေရာမှာ လူလိုလို၊ ဘီလူးလိုလို၊ သရဲတစ္ဆေလိုလို၊ ဘာမှန်းမသိတဲ့ အရုပ်ဆိုးဆိုး၊ အရပ်မြင့်မြင့်၊ ခြေဖဝါးကြီးကြီး လူထွားကြီးကို မြင်နေရလို့ပဲ။

လူတစ္ဆေရုပ်ကြီးက သူတို့ညီအစ်ကိုကို စူးစူးရဲရဲ ကြည့်နေတယ်၊ ကြည့်နေပုံက သူ့နယ်မြေထဲ ကျူးကျော်ဝင်ရောက်လာသူကို အခြေအနေစောင့်ကြည့် မနှစ်မြို့သည့် ဟန်ပန်မျိုးနဲ့။

မောင်စုန်းနဲ့ မောင်မုန်းကလည်း လုံးဝ မကြောက်ဘူး။

လှံနဲ့ ဓားကိုကိုင်ပြီး အဘိုးကြီးရဲ့ မနီးမဝေးမှာ ရပ်ပြီး မေးလိုက်တယ်။





"အဘိုးကြီး . . ."

". . . . . ."

"ဗျို့ . . . အဘိုးကြီး"

". . . . . ."

"ခေါ်နေတာ မကြားဘူးလား။ နားများ ပင်းနေသလားမသိဘူး"

"ဒီမှာဗျ . . . အဘိုး"

". . . . . ."

အဘိုးကြီးရဲ့ မျက်နှာရှေ့မှာ လှံရှည်ရဲ့လှံသွားကို ထိုးပြလိုက်မှ အဘိုးကြီးက မျက်နှာရွှေ့လို့ မျက်လုံးကို ကစားလိုက်တယ်။

"အဘိုးကြီး . . ."

သူက စကားပြန်မထူး၊ မပြောဘူး။ မေးငေါ့ပြတယ်။ ဘာလဲပေါ့။

"ဒီနားမှာ မိန်းမချောချောလေးကို မြင်လိုက်သလား"

အဘိုးကြီးက ဦးခေါင်းကို ယမ်းပြတယ်။ မောင်စုန်းတို့က သူ့ကို မယုံသင်္ကာသလို ကြည့်လိုက်ကြတယ်။ အဘိုးကြီး ညာပြောနေတာ။ သူတို့တစ်ဖွဲ့တည်းနေမှာပဲ။

"စောစောတုန်းက ခင်ဗျားရပ်နေတဲ့ နေရာမှာ ရပ်နေတာ"

အဘိုးကြီးက ခေါင်းကို ယမ်းပြတယ်။ မသိဘူးတဲ့။

ဒါနဲ့ မောင်စုန်းနဲ့မောင်မုန်းက မိန်းကလေးရဲ့အမည်ကို အော်ခေါ်ကြတယ်။

"မစိမ်းညို့ . . ."

"ဗျို့ . . . မစိမ်းညို့၊ မင်း ဘယ်မှာလဲဟေ့"

"ဗျို့ . . . မစိမ်းစိမ်းညို့"

တောထဲမှာ ပဲ့တင်သံတွေ ညံနေတယ်။ ပြန်ထူးသံ မကြားရဘူး။ သူတို့ညီအစ်ကို မစိမ်းညို့ရဲ့အမည်ကို ခေါ်လိုက်၊ အနီးဝန်းကျင်ကို လိုက်ရှာလိုက်နဲ့ အချိန်ကြာသွားတယ်။

အဘိုးကြီးက သူတို့နှစ်ဦးကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီး ... ခင်ဗျား ... မစိမ်းစိမ်းညို့ကို တကယ်မတွေ့ဘူးလား"

ခေါင်းယမ်းပြတယ်။

"ခင်ဗျားကရော ဘယ်သူလဲ"

" ......"

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

" ......."

"နေပါဦး ... ခင်ဗျားက လူလား၊ ဘီလူးလား၊ တစ္ဆေလား"

" ......."

အဘိုးကြီးက ဘာမှပြန်မပြောဘူး။ အ,အလိုပဲ။ ခေါင်းယမ်းပြတယ်။

"ခင်ဗျား ... နားကြားလား"

ခေါင်းညိတ်ပြတယ်။

"မျက်စိရော မြင်သလား"

ခေါင်းညိတ်ပြတယ်။

"ကျုပ်တို့ နွားနှစ်ကောင် ဘယ်နားမှာတွေ့လဲ"

ဒီလိုမေးလိုက်ရော အဘိုးကြီးက ရပ်နေရာကရွှေ့ပြီး လမ်းကြားလေးတစ်ခုကို တုတ်ရှည်ကြီးနဲ့ ထိုးညွှန်ပြတယ်။ ပြီး ... သွားလို့ ဟန်ပန်နဲ့ပြောတယ်။

"ရှေ့နားမှာလား"

" ........"

"ကျုပ်တို့ သွားကြည့်မယ်။ မစိမ်းစိမ်းညို့ဆိုတဲ့ မိန်းကလေးကို တွေ့ရင် ကျုပ်တို့လာခဲ့မယ်လို့ ပြောလိုက်ပါဗျ"

" ........"

ဒါနဲ့ မောင်စုန်း၊ မောင်မုန်းတို့ ရှေ့တောလမ်းလေးအတိုင်း ဝင်လာလိုက်ရော ပထမတွေ့တာ ကျောက်ပြင်ကြီး။ ရောမ ကျောက်ပြင်ကြီးတဲ့ဗျာ။





အဝိုင်းအကျယ်က လှနှစ်လံခန့်ကျယ်တဲ့ ကျောက်ပျဉ်ကြီး။ ထူးဆန်းတာက ရောမကျောက်ပျဉ်ကြီးက လူတစ်ရပ်ခန့်မြင့်ပြီး ကျောက်ပျဉ်ပေါ်မှာ သွေးလက်ခ အရည်အပျစ်တွေကို မြင်ရတယ်။

သနပ်ခါးတုံးကြီးကလည်း လူကြီးထစ်ဖက်စာလောက်ကို ကြီးတာ။ ကျောက်ပျဉ်ရဲ့ နှုတ်ခမ်းရေမြောင်းကနေ သနပ်ခါးအနှစ်တွေ လျှံကျနေတယ်။

မွှေးကြိုင်နေတာပဲ။ ရှင်မတောင်သနပ်ခါးနံ့ဆိုတာ ဒါမျိုးပဲနေမှာပဲ။ သနပ်ခါးပျစ်ရည်တွေ မြေပြင်ကို စီးကျလျှံကျနေပုံက မုန့်ကြိတ်ဆုံမြောင်းထဲက မုန့်နှစ်တွေ လျှံကျနေသလိုပဲ။

အဲဒါကိုကြည့်ပြီး ညီအစ်ကိုနှစ်ယောက် အလွန် အံ့သြနေတယ်။

"မောင် ... စုန်း ..."

"ဟေး ... အေ ..."

"ဟုတ် ... ဟုတ် ... မှ ... ဟုတ်ရဲ့လား ဟင် ... ဟင်"

"ဟုတ်တော့ဟုတ်တယ်။ ဒါ .... ဒါ ... ကျောက်ပျဉ်ကြီး .. သနပ်ခါး ... သွေး ... သွေးလက်စကြီး။ သနပ်ခါးတွေ လျှံကျနေတာ အမြင်ပဲကွ"

"ငါတို့ ညနေစောင်းကြီး သရဲအခြောက်ခံနေရတာလားဟင်"

"မ ... မ ... ပြောတတ်ဘူး"

"မင်းစဉ်းစားစမ်း ... မောင်မုန်း၊ ဒီလောက်ကြီးတဲ့ ကျောက်ပျဉ် မင်းဘယ်ဒေသ ဘယ်အရပ် ဘယ်မြို့မှာ ရှိသလဲ။ မြင်ဖူးသလဲ"

"မ ... မ ... မြင်ဖူးဘူး"

"သနပ်ခါးတုံးကို ကြည့်စမ်း"

"ဟုတ်တယ် ... ထန်းပင်လုံးနီးပါးရှိနေတယ်"

"သနပ်ခါးသွေးတဲ့လူရော မင်းမြင်လား"

"မ ... မမြင်ရဘူး။ ငါ ... ငါတို့ အသံကြားလို့ ပြေးမှာပေါ့"

"မောင်မုန်း ... ဒီ ... ဒီ သနပ်ခါးတုံးကို သွေးနိုင်တဲ့လူရဲ့ အရွယ်အစားကို မင်းစဉ်းစားကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အလိုလေးလေ ... မောင်စုန်း ... ငါ ... ငါတို့ ... ငါတို့ .. တောခြောက်ခံနေရပြီ။ အမြင်တွေ ဆန်းဆန်း ..."

"ဝပ်ထိန်း ..."

"ဟော ... နွားတွန်သံတွေ"

"ဝပ်ထိန်း ..."

"ဒါ ... တို့နွားတွန်သံပဲနော်။ လာ ... လာ ... မြန်မြန်လာ"

သူတို့ ထူးဆန်းတဲ့ သနပ်ခါးတုံးနဲ့ ရောမကျောက်ပျဉ်ကြီးကို ကျော နိုင်းပြီး နွားတွန်သံကြားရာအရပ်ကို ချုံတွေဓားနဲ့ရှင်းပြီး လာခဲ့လိုက်တယ်။

"ဟာ ..."

"ဘာတွေတုံးဟ ... မောင်စုန်းရ"

"ဒါ ... ဒါ ... ဘီလူးခေါင်းပြတ် ရုပ်တုတွေလား"

"ဘီလူးအစစ်တွေများလား ... မောင်စုန်း ... ဟင်"

"နေဦး ... အရမ်း ရှေ့ကိုမတိုးနဲ့။ စောင့်ကြည့် .. မောင်မုန်း"

သူတို့နှစ်ဦး တွေ့လိုက်ရတာက မြေကြီးထဲမှာ လည်ပင်းနှစ်ပြီး ဦးခေါင်းပိုင်းချည်း မြေပြင်ပေါ်မှာပေါ်နေတဲ့ ဘီလူးဦးခေါင်းရုပ်တု အမြောက် အမြားပဲ။

အချို့ဘီလူးဦးခေါင်းရုပ်တုတွေက တန်းစီနေတာ အရှည်လျားကြီး။ အချို့ ဘီလူးဦးခေါင်းကျိုးတွေက မြေပြင်မှာ တုံးလုံး၊ တစောင်း၊ ထက် ခြမ်းကွဲ၊ နားရွက်ပြတ်၊ နှာခေါင်းကျိုး အမျိုးမျိုး ပျက်စီးနေတဲ့သဏ္ဍာန်ကို တွေ့ရတယ်။

ဒါ ကိုရန်ကုန်တို့ ရှေးလူကြီးတွေ ပြောပြောနေတဲ့ ရှေးဟောင်း ဘီလူးခေါင်းပြတ်သချိုင်းဆိုတာနဲ့ တူလေရဲ့။

ဘီလူးရုပ်တုများရဲ့ မျက်နှာသဏ္ဍာန်ကလည်း ပုံအမျိုးမျိုးပဲ။ ရက် စက်မည့်ဟန်၊ နာကျင်နေသည့်ဟန်၊ ပါးစပ်ဖြဲနေဟန်၊ အံကြိတ်နေဟန်၊ သွားစိပြီး ဖြဲပြနေဟန်။

တော်ရုံလူ ဒီဘီလူးခေါင်းပြတ်သချိုင်းကို မြင်လိုက်ရရင် ရောက် လိုက်ရလျှင် လိပ်ပြာလန့်ပြီး ရူးသွားနိုင်တယ်။





"မောင်မုန်း ... ငါ့နောက်က အသာလိုက်ခဲ့"

"အေး ... သတိထားနော် ... မောင်စုန်း"

"ဖူး ..."

"ဟ ... ဟ ... မြွေ ... မြွေဟ ... မောင်စုန်းရ ... ရှေ့မှာ မြွေ ..."

"ရှူး ..."

"ဖူး ..."

မောင်စုန်းကလည်း မြန်တယ်။ ခေါင်းတိုက်လှမ်းပေါက်ဖို့ ဟန်ပြင် လိုက်တဲ့ မြွေရဲ့လည်ပင်းကို ငှက်ကြီးတောင်ဓားနဲ့ လက်ပြန်တွက်လိုက်တယ်။ မြွေခေါင်းပြတ်သွားတယ်။ မြွေခေါင်းပြတ်က ဘီလူးရုပ်တုကြီးတစ်ခုရဲ့ ဦးခေါင်း ပေါ်ကို လွင့်စင်သွားတင်နေတယ်။

မြွေဦးခေါင်းကြီးက သခွားသီး အကြီးစားလောက်ရှိပြီး မြေပြင် မှာ လူးလွန့်ကျန်ရစ်တဲ့ မြွေခန္ဓာကိုယ်က ခြေသလုံးခန့်ကို တုတ်တာ။ အရှည် က နှစ်လံကျော်ကျော်လောက်ရှိတယ်။

ဝါဖန့်ဖန့်ကြီး။ ဘီလူးရုပ်တုတွေကြားမှ ခေါင်းမရှိဘဲ တွန့်လိမ်နေ တယ်။ ဦးခေါင်းက ပြတ်ပြီး ဘီလူးရုပ်တုပေါ် သွားတင်နေတယ်။ ခေါင်းပြတ် ကသွေးများဟာ ဘီလူးရုပ်တုကြီး ဦးခေါင်းပေါ်ကနေ စီးကျနေလိုက်တာ..

ပါးစပ်ဖြဲထားတဲ့ ဘီလူးရုပ်တုကြီးရဲ့ ပါးစပ်ထဲကို ဝင်သွားပါရော။ ဘီလူးသွေးသောက်တယ်ဆိုတာ ဒါပဲနေမှာပဲ။

"တောကြီးမြွေဟောက်ကွ ... မောင်စုန်းရ"

"ဟုတ်တယ် ... အဆိပ်ပြင်းတယ်။ သူကိုက်ရင် ဆေးမမီဘူး"

"အဖိုလား၊ အမလား ... မောင်စုန်း"

"ကြည့်ရတာ ခေါင်းပြားပြီး ချွန်တယ်။ အမပဲ နေမယ်ကွ"

"ဒါဆို သူ့လင်၊ မြွေအဖို ရှိဦးမယ်။ သတိထား ... ဒီကောင် မျိုးက အညိုးကြီးတယ်။ ရန်သူကို ကလဲ့စားချေရမှ ကျေနပ်တယ်"

"အေးပါ ..."



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် နှစ်ယောက်သား လက်နက်ကိုယ်စီနဲ့ အောက်လည်းကြည့်၊ နံဘေးနံဘီလည်း ကြည့်ရင်း အရွယ်အစားအမျိုးမျိုးရှိနေတဲ့ ဘီလူးခေါင်းပြတ်အကျိုး ရုပ်တုများကြားမှာ နွားနှစ်ကောင်ကို ရှာကြတယ်။

ကျောက်တုံးကြီးတွေ၊ ကျောက်ပြားအထပ်ကြီးတွေနဲ့ သစ်ပင်ငုတ်တိုကြီးတွေကြား အနံ့ရှာလိုက်ရော ... မကြာဘူး၊ ကျီးကန်းတွေ ပျံသန်းအော်ဟစ်နေတဲ့ နေရာကို ရောက်သွားခဲ့တယ်။

"ဟာ ..."

တွေ့လိုက်ရတဲ့မြင်ကွင်းက နွားဦးခေါင်းပြတ်နှစ်ခုနဲ့ နွားအရိုးတွေပဲ။ အရိုးတွေပေါ်မှာ အသားစအချို့ ကျန်နေတော့ တောကျီးကန်းအုပ်နဲ့ လင်းတကြီးတွေက နှုတ်သီးကြီးတွေနဲ့ ထိုးဆွဲဆွဲယူစားနေကြတာကို မြင်လိုက်ရတယ်။

သူတို့နှစ်ဦး မြင်လိုက်ရော ကျီးကန်းအုပ်က ဝုန်းဆို ထပျံပြီး ရန်ပြုဖို့ ဝဲပျံကြသလို၊ လင်းတအုပ်ကြီးကလည်း အာဂလောက်သံပေးပြီး ရှည်လျားတဲ့ လည်တိုင်ရှည် ခေါင်းပြောင်ကြီးများနဲ့ ခုန်ဆွခုန်ဆွလုပ်လို့ သူတို့ညီအစ်ကိုရှိရာကို ပြေးလာဝိုင်းကြပါရောဗျာ။

အာဂလင်းတကြီးတွေကွာ။

လင်းတတစ်ကောင်တစ်ကောင်က ငှက်ကုလားအုပ်ကြီးတွေနီးပါး မြင့်ပြီး ကြီးထွားတာ။ သူတို့ရဲ့ နှုတ်သီးကောက်ကောက် ချွန်ချွန်များကလည်း ကျွဲနွားသေကောင်ကို ပေါက်စားနေကျဆိုတော့ လူလောက်ကို စာဖွဲ့မည့်ပုံမရဘူး။

သူတို့ထပျံတော့ ...

အပုပ်အသေစားနေသူတို့ ထုံးစံအတိုင်း ဝေါခနဲပျံ၊ ဝုန်းခနဲ ယင်မမည်းရိုင်းအုပ်ကလည်းပျံ ... အိုး ... အော့အန်လိုက်ရတဲ့ အပုပ်အသိုးနံ့တွေဆိုတာ လည်ပင်းကိုနာရော။

"မောင်စုန်း ... လင်းတတွေ ငါတို့ကို ရန်ပြုလိမ့်မယ်"

"ဟုတ်တယ် ... အပေါ်က ကျီးကန်းလည်း သတိထား ... မှန်း"

စိတ်ကူးသစ်စာပေ



နွားဦးခေါင်းနှစ်ခုကို ကြည့်ပြီး ဒါ သူတို့ အိမ်ခြံပေါက် နွားသိုးနှစ်ကောင်ဖြစ်တဲ့ ကြာဖြူနဲ့ နှာဖြူတို့ရဲ့ ဦးခေါင်းမှန်း‌ သိလိုက်ပါပြီလေ။

"ဂပ် ... ဂလောက်ဂပ် ..."

"အောက် ... ဂပ် ... ဂလောက် ... အွမ် ... အွပ်"

"မောင်စုန်း ... လာနေပြီ"

"ချပေ့ ..."

"ရှို ..."

"စွပ် ..."

"ဘုတ် ..."

"ရှို ..."

"စွပ် ..."

"ဘုတ် ..."

လင်းတကြီးတွေက သူ့အစာလုတဲ့ ရန်သူအမှတ်နဲ့ အတောင်ဖြန့်ပြေးဝင်ထိုးဆိတ်ရော၊ မောင်စုန်းက ငှက်ကြီးတောင်ဓားနဲ့ အလျင်အမြန်ပိုင်းလိုက် ခုတ်ပစ်လိုက်တာ လင်းတကြီးငါးကောင် လည်ပင်းပြတ်ပြီး မြေပြင်မှာ ကိုယ်လုံးက ခုန်ပေါက်လူးလွန့်နေတယ်။

ဒီအချိန်မှာ ကျီးကန်းပေါင်းများစွာက သူတို့ညီအစ်ကိုရဲ့ ဦးခေါင်းကို ခြေသည်းနဲ့ဝိုင်းကုတ်၊ နှုတ်သီးနဲ့ ဝိုင်းထိုးကြတော့ ...

အောက်မှာ လင်းတအုပ်ကို ဓားနဲ့ မဲခုတ်၊ လှံနဲ့ထိုးနေတုန်း အပေါ်ကကျီးအုပ်က ကုတ်ဆွဲဆိတ်၊ ခေါင်းကဆံပင်တွေရော ဦးရေပြားရော ပြတ်ပါပြုပါသွားတာ။

အဲဒါ သိုင်းသမားများလို ခေါင်းပေါ်က ကျီးရန်ကို ဓားနဲ့စကြာလည်ခုတ်၊ ပင့်၊ ခတ်၊ စက်ဝိုင်းပုံ ခုတ်ပင့်လှန်ရင်း အပေါ်နဲ့အောက်ကို မနည်းတိုက်နေရတယ်။

အပေါ်က ကျီးအုပ်ကြီးလည်း ဓားချက်မိပြီး အချို့ မြေပြင်မှာ ပြုတ်ကျသေ၊ ကျီးတစ်ကောင်သေလေ ကျီးအုပ်ကြီးဟာ တောကြိုအုံကြားက ထွက်လာလေနဲ့ ကျီးသံဟာ တောထဲမှာ ဆူညံနေတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မိုးပေါ်ကဆိတ်နေတဲ့ ကျီးကန်းအုပ်ကို မားနဲ့ နိုင်အောင် မခုတ်နိုင်တော့သလို၊

တစ်ကောင်ပြီးတစ်ကောင် ဝင်လာထိုးဆိတ်ကြတဲ့ လင်းတအုပ်ကိုလည်း ပြန်မခုတ်နိုင်တော့ ညီအစ်ကိုနှစ်ယောက် ဓားလှံနဲ့ယမ်းကာပြီး နောက်ကြောင်းပြန်လှည့်ပြေးရော။

"ဝပ် ... ထိန်း"

"ဝပ် ... ထိန်း"

"အဲ ... ဝပ် ... ထိန်း"

အလိုလေးဗျာ ... နွားအော်သံ၊ တွန်သံ။ ဘယ်နွားများတုံး။ အလို ... နွားတွန်သံအော်သံက နွားနွားချင်း တိုက်ခါနီး ဇော့ခါနီး စိန်ခေါ်နေတဲ့ အသံမျိုး။ နွားတစ်ကောင်တည်း အော်သံကနေ ...

ကြည့်စမ်း ... နားထောင်စမ်း ...။ တိုက်နွား နွားသိုးအော်သံတွေ ဝဲယာရှေ့နောက်မှာ ဆူညံနေတယ်။

တိုက်နွား နွားသိုးများရဲ့အော်သံက အကောင်ရေ ထောင်နဲ့သောင်းနဲ့ချီတဲ့ တောကျီးကန်းများရဲ့ အော်သံများဟာ ဘီလူးခေါင်းပြတ်သချိုင်းတောထဲမှာ အသံမှန်တိုင်းကျသလို ဆူညံနေတယ်။

ဒီမှာ တောတိုးသံများ တဝုန်းဝုန်းကြားရပြီး တိုက်နွားတွန်သံကောင်ရေများများရဲ့ အသံကို တဖြည်းဖြည်း နီးနီးလာသလို ကြားရရော။

"ငမှန်း ... ပြေးတော့ ... ငါတို့ကို ရန်သူတွေ ဝိုင်းနေပြီ"

"အဲဒါ ဘာတုံး"

"ကြည့်ရတာ နွားရိုင်းတွေလား၊ ပြောင်လိုကောင်တွေလား မသိဘူး။ ငါတို့နောက်ကို လိုက်လာရင် ငါတို့ အသက်ရှင်ဖို့လမ်း မမြင်ဘူး။ ပြေးတော့ ..."

သူတို့ညီအစ်ကို သစ်ပင်ကြိုသစ်ပင်ကြား၊ ချုံကြိုချုံကြားကနေ ပုန်းလိုက်ကွယ်လိုက်နဲ့ ပြေးနေတုန်းမှာပဲ ...

"ဖူး ..."

"ဖူး ..."

စိတ်ကူးသစ်စာပေ



"ဟာ ..."

"အမလေးဗျ ..."

သူတို့ရှေ့တည့်တည့်ကနေ နှာမှုတ်သံပေးပြီး ပါးပျဉ်းထောင်ကာနေတာက ငန်းမြွေကြီး။ အလိုလေးဗျာ ... ခြေသလုံးထက်တောင် သူ့ကိုယ်လုံးက ကြီးသေးဗျာ။ ကြေးလင်ဗန်းအသေးလောက်ကြီးတဲ့ ပါးပျဉ်းကိုထောင်ပြီး ရှေ့ကနေ ယိမ်းထိုးလို့ ရှေ့တိုးလာနေတာ။ ခေါင်းကြီးကြီး၊ မြွေထီးကြီး။

ဒုက္ခပဲ။ စောစောတုန်းက သူ့မယားကို မောင်စုန်းတို့သတ်လိုက်လို့ ပြေးလမ်း ပြန်လမ်းကနေ ကြိုစောင့်နေတာ။

ငန်းမြွေကြီးရဲ့ မျက်လုံးနှစ်လုံးက ရဲတွတ်နေသလို အစွယ်ဖွေးဖွေးနှစ်ချောင်းကလည်း ဝက်မာန်စွယ်ကြီးတွေအလား ကြောက်စရာကြီး။

ငန်းမြွေကြီးက ကြီးမားတုတ်ခိုင်တဲ့ အမြီးကြီးကို လွှန့်လိုက်ရင်း မောင်စုန်းကို ပြေးပေါက်လိုက်တာ ...

"မောင်စုန်း ... ပေါက် ... ပြီ ... ဟော့ ..."

"ရှီး ... ဖူး ..."

"ရွတ် ..."

"မောင်မှန်း ... မင်းပြေးနှင့် ငါ့ညီ"

"မပြေးဘူး။ မင်းပဲပြေး ... မောင်စုန်း"

"ငါ့ညီ ... နှစ်ယောက်အသေမခံနဲ့။ တစ်ယောက်ပဲ အသေခံမယ်။ ငါ သူ့ကိုတိုက်မယ်။ မင်းသာ အမြန်ပြေးတော့"

"မပြေးဘူးကွာ ... သေအတူ၊ ရှင်အတူပဲ"

"ရှီ ... ရှီ ..."

"သတိထားနော်၊ အသံပေးနေပြီ"

"အေးပါ"

"ရှီး ..."

"ဖောက် ..."

"ကျွား ..."

"ရှမ်း ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှိ ..."

"ဘုတ် ..."

"ခေါင်းပြတ်သွားပြီဟေ့"

ငန်းမြွေက အညှိုးအတေးများများနဲ့ ပေါက်ချလိုက်ချိန်မှာပဲ မောင်စုန်းက သူ့လက်ထဲက ငှက်ကြီးတောင်ဓားရှည်နဲ့ တစ်ကွက်ခုန်ရှောင် ပြီး စလွယ်သိုင်း ပိုင်းချပစ်လိုက်တာ။

အုန်းသီးနီးပါးခန့်နဲ့ ခေါင်းပါးပျဉ်းကြီး ဖုတ်ခနဲ မြေပြင်ကို လွင့် စဉ်သွားတုန်းမှာပဲ ... အလိုလေးဗျာ ... ပြတ်ကျန်ရစ်တဲ့ မြွေကိုယ်ပိုင်းက အမြီးထောင်ပြီး မောင်စုန်းရဲ့ကိုယ်လုံးကို ပတ်လိုက်တာ ...

ဘုရားရေ ...

ခေါင်းမပါတဲ့ ကိုယ်လုံးရှည်ကြီးက ...

လူးလွင့်ခုန်ထောက်ပြီး သူ့အစ်ကိုကို ရစ်ပတ်နေတာ။

ဟုတ်ရဲ့လား။ သူ့အစ်ကို မောင်စုန်းခုတ်လိုက်တာ ငန်းမြွေကြီး ရဲ့ ဦးခေါင်းပိုင်းမှ ဟုတ်ရဲ့လား။ အံ့ဩစိတ်နဲ့ လှမ်းကြည့်လိုက်တယ်။ ဟုတ် တယ် ... ဟိုမှာ မြွေဦးခေါင်းပြတ်ကြီး။ ဆတ်ဆတ်တုန်လို့။

ဒါဖြင့် ဘာဖြစ်လို့ ခေါင်းမပါတဲ့ကိုယ်လုံးက သူ့အစ်ကိုခန္ဓာကိုယ် ကို ရစ်ပတ်နေတာလဲ။ မယုံနိုင်စရာပဲ။ ဘယ်လိုတောကြီးလဲ၊ ဘယ်လို အရပ်ဒေသလဲ။ တုန်လှုပ်ချောက်ချား အံ့ဩစရာများလိုက်တာ။

မြွေမြီးက အသက်မသေသေးဘဲ ရစ်ပတ်နေတယ်။

ပြီး ... ညှစ်လိုက်တယ်။ မောင်စုန်းလည်း လန့်ပြီး မျက်လုံးပြူး နေတယ်။ ကံကောင်းတာက မောင်စုန်းရဲ့ ငှက်ကြီးတောင်ဓားရှည်ဟာ ရင်ဘတ်ရှေ့မှာ ထောင်လျက်တန်းလန်း။

"မောင်စုန်း ... မောင်စုန်း ..."

"သတိထားလေ ... မောင်စုန်း ... မကြောက်နဲ့ ... မကြောက် နဲ့။ မင်းဓားကို မြွေတင်းရင် အောက်ဆွဲချလိုက်၊ ဓားကို ဆွဲချလိုက်"

မောင်စုန်း လန့်ပြီး သတိလစ်ချင်သလို ဖြစ်နေရာက သူ့ညီရဲ့ အော်ဟစ်သတိပေးသံလည်း ကြားရော သတိပြန်ဝင်လာတယ်။

စိတ်ကူးသစ်စာပေ



အံ့ဩစရာကောင်းတာက ခေါင်းမပါတဲ့ ခေါင်းပြတ်မြွေကြီးက သူ့ ခန္ဓာကိုယ်ကို (၇)ပတ်မျှ ပတ်ပြီးရော အမြီးစကို မြွေကြီးက သူ့အရစ်တစ် ရစ်အောက်မှာ ထိုးညှပ်ပြီး အရစ်အခွေကို တင်းညှစ်လိုက်ချိန်မှာပဲ ...

မောင်စုန်းဟာ ရှိသမျှအားအင်များကို စုစည်းပြီး ရင်ဘတ်ရှေ့မှာ ညပ်ထောင်နေတဲ့ ငှက်ကြီးတောင်ဓားပေါ် စိတ်ကိုညွှတ်လိုက်လို့ ...

နောက် ဓားကို အားစိုက် အပြင်တွန်းပြီး ဆွဲချလိုက်ရော ...

"ရှိ ..."

"ရှိ ..."

"ဘုတ် ... ဖုတ် ... ဘုတ် ... ဘုတ် ..."

မြည့်နေမြဲနေသည့် ဓားသွားနဲ့ စိုက်တည်ထားတဲ့ စိတ်အားအရှိန် ကြောင့် (၇)ခွေရစ်ထားတဲ့ မြွေကိုယ်လုံး တစ်ခုပြီးတစ်ခု ပြတ်ပြတ်ကျသွား လိုက်တာ ...

နောက်ဆုံး မောင်စုန်းရဲ့ခန္ဓာကိုယ်ပေါ်မှ ငန်းမြွေကြီးရဲ့ နီရဲရဲသွေး တွေ စီးပေကျံပြီး ပုဆိုးတစ်ခုလုံး ရွဲရွဲစိုကုန်တော့တယ်။

ငန်းမြွေအထီးကြီးရဲ့ ခန္ဓာကိုယ်အပိုင်းအပိုင်းများက မြေပြင်မှာ တဆတ်ဆတ်တုန်ပြီး ခုန်နေတုန်းပဲ။ ခုန်နေတဲ့ မြွေခန္ဓာအပိုင်းတွေကို မောင် မှန်းက လှံရှည်နဲ့လိုက်ထိုးပြီး ခြေနဲ့နင်းသတ်ပစ်တယ်။

"ရှိ ... ရှိ ... ရှိ ..."

"ရှိ ... ရှိ ... ရှိ ..."

"ရှိ ... ရှိ ... ရှိ ..."

"မောာ ... မောင်မှန်းရေ၊ မြွေသံတွေ ကြားရပြန်ပြီဟေ့"

"ဟုတ်တယ် ... ဟိုမြွေကြီးလင်မယား သေလို့များ သူ့တို့မြွေ မျိုးစုဟာ ငါတို့ကို ရန်လုပ်မလို့လား မသိဘူး။ ပြေးကြစို့"

"ရှိ ... ရှိ ... ရှိ ... ဖူး ... ဖူး ... ရှိ ..."

"ဝပ်ထိန်း ... ဝပ်ထိန်း ... အွန်း ... အွန်း"

"အား ... အား ... အား ... ကျွိ ... ကျွိ ... အား ... အား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ... ဝေါ ... ဝရှူး ... ဝရှူး ..."

တောကြီးဟာ အုံ့ညြစရာကောင်းအောင် ချောက်ချားစရာတွေ တစ်ခုပြီးတစ်ခု ဆက်စပ်ပေါ်ထွက်နေတယ်။ အခု မြွေအကောင်များစွာရဲ့ တွန်သံ၊ နွားရိုင်းအုပ်လိုလို၊ တိုက်နွား တွန်သံအော်သံ၊ ကျီးအုပ်ကောင်ရေ များစွာရဲ့ အော်သံတွေ အရပ်လေးမျက်နှာက ဝိုင်းအုံလိုက်လာသလို ကြားရရော ...

နှစ်ယောက်သား ခြေကုန်သုတ်ပြေးကြတယ်။

ပြေးရင်း ... ဘီလူးခေါင်းပြတ်သချိုင်းကုန်းထဲကနေ နွားသိုးအနက်ကြီးတစ်ကောင် အရှိန်နဲ့ပြေးဝင်လာပြီး သူတို့ညီအစ်ကိုကို တိုးဝှေ့ကော်တင်လိုက်တာ ...

"ကျွား ..."

"ကျွား ..."

နှစ်ယောက်သား ကျွမ်းထိုးပြီး ရှောင်လိုက်လို့။ အရှောင်နှေးရင် နွားသိုးနက်ကြီးရဲ့ ဦးချိုနက်နက်ဖျားမှာ တန်းလန်းပါသွားမှာ။

ကြည့်စမ်း ...။ ထွားကျိုင်းနက်မှောင်နေတဲ့ နွားသိုးနက်ကြီး။

တစ်ကိုယ်လုံး နက်မှောင်နေတာ။ သူ့ရဲ့နှာမှုတ်သံကြောင့် မြေပေါ်က မြင်ပင်တွေ ယိမ်းထိုးနေတယ်။ နွားသိုးနက်ကြီးက မြေကြီးကို ခွာနဲ့ရှုပ်နေတယ်။ ရှုပ်ရင်းက သူ့ဦးချိုနက်နှစ်ချောင်းနဲ့ မြေကြီးသားကို ထိုးကော်ရမ်းပစ်လိုက်တာ ...

မြေကြီးသား၊ မြက်ဖုတ်များက သူတို့ညီအစ်ကိုကို လာစဉ်သွားတယ်။

"ဖူး ... ဖူး ..."

"ဝပ်ထိန်း ... အွန်း ... ဟွန် ..."

"မောင်မုန်း ... လူချင်းမပူးနဲ့။ ရှေ့နောက်ဘယ်ညာ ညှပ်ပြီးနေ။ ပူးရင် ငါတို့ခံရမယ်ကွ"

"အေးပါ"





မောင်မုန်းနဲ့မောင်စုန်း နွားသိုးကို ရှေ့နဲ့နောက် ညှပ်လိုက်တယ်။ ဘယ်ညာညှပ်လို့ မဖြစ်ဘူး။ ဘယ်ညာညှပ်နေရင် နွားသိုးက ဘယ်ညာဝှေ့ခတ်ရင် သေမှာ။

သူတို့ ရှေ့နဲ့နောက် ညှပ်နေမှန်းသိရော နွားသိုးနက်ကြီးက သူ့ရဲ့တုတ်ဖြိုးနေတဲ့ ခန္ဓာကိုယ်ကို လှည့်ပတ်လို့ ဘယ်သူ့ကို တိုက်ရမလဲ လိုက်ကြည့်နေတယ်။

"ဖူး ..."

"ဝုန်း ..."

သူက အလစ်မှာ ရှေ့ကမောင်စုန်းကို ပြေးဝှေ့ရော နောက်က မောင်မုန်းက လှံရှည်နဲ့ နွားသိုးရဲ့ဝှေးဥရှိရာကို ထိုးလိုက်တာ ...

"အွမ်း ... အွန့် ..."

နွားသိုးက အသံကုန်အော်ရင်း ဒေါသတကြီး နောက်ပြန်လှည့်လို့ ပြေးကော်အဝှေ့။ ဒီမှာ မောင်စုန်းက ဓားရှည်နဲ့ လှမ်းခုတ်လိုက်တော့ နွားသိုး အမြီးနက်ကြီး ပြတ်ကျသွားပါရော။

အဲဒီမှာ ဒဏ်ရာနှစ်ချက်ရသွားတဲ့ နွားသိုး ဒေါသတွေ ယမ်းပုံမီးကျ ပေါက်ကွဲပြီး ဖြစ်ချင်ရာဖြစ် မောင်စုန်းတို့နောက်ကို ကမူးရှူးတိုးလိုက်ဝှေ့တာ။

"မောင်စုန်း ... ကျွန်းပင်ကို ပတ်ပြေး ... ပတ်ပြေး"

မောင်စုန်းက ကျွန်းပင်သုံးပင်ကို ပတ်ပြေးတော့ ဒဏ်ရာရနွားသိုးက နောက်ကနေလိုက်တယ်။ သူ့ခန္ဓာကိုယ်က လူလိုမလှည့်နိုင်တော့ သွေးသံရဲရဲနဲ့ သစ်ပင်ကိုတိုက်တိုက်ပြီး လည်လည်ထွက်သွားတယ်။

ဒီမှာ ကံဆိုးချင်တော့ မောင်စုန်းပြေးရင်း ဂဝံဘီလူးရုပ်တုအပိုင်းအစကို ခလုတ်တိုက်ပြီး လဲအကျ။ လက်ထဲကဓားလည်း လွင့်ထွက်သွားချိန်..

ဒေါသထွက်နေတဲ့ နွားသိုးကြီးက မြေပြင်မှာ ပက်လက်လန်နေတဲ့ မောင်စုန်းကို ကော်ဝှေ့ဖို့ ခက်ကိုအငံ့ ...

"မောင်စုန်း ... လိမ့်ရှောင်"

"ကိုင်းဟာ ... သေပေရော့"



www.burmeseclassic.com

www.burmeseclassic.com



"ဝိုး ..."

"ဝုစ် ..."

"ဗွပ် ..."

"အွန့် ... အွန့် ... အစ် ... အစ် ... အွမ်း ..."

မောင်စုန်းက လိုမ့်လိုအံရှောင်၊ နွားသိုးကြီးက ဦးချိုနက်နှစ်ချောင်းကိုစိုက်ပြီး ထိုးအချ မြေကြီးထဲကို ဦးချိုနက်နှစ်ချောင်း စိုက်ဝင်ပြီး ရှေ့လက်နှစ်ဖက် ညွတ်နေချိန်မှာပဲ ...

မောင်မုန်းက မထူးတော့ပြီမို့ လက်ထဲကလှံရှည်နဲ့ နွားသိုးနက်ကြီးရဲ့ လက်ပြင်နောက်က နှလုံးရှိရာ ပစ်ထိုးလိုက်တာ။ လေးပေခန့်အကွာကနေ အားကုန်ပစ်လိုက်တဲ့ လှံချက်က ထိရောက်ပါပေရဲ့ဗျာ။ နွားသိုးနက်ကြီးရဲ့ နှလုံးထဲကို တစ်ထွာကျော် လှံသွားစူးဝင်ပြီး တန်းလန်းသွားစိုက်နေတယ်။

နွားသိုးနက်ကြီးဟာ တောင်ယံတောပါ သိမ့်သိမ့်တုန်အောင် နာကျင်စူးရှစွာ အော်ဟစ်ရင်း ဒေါသနဲ့ ကုန်းထတယ်။ နှလုံးပေါက်က သွေးတွေစီးကျနေပြီ။ စိုက်နေတဲ့လှံက တုန်ခါယမ်းနေပြီ။

သင်း ... အားတင်းကုန်း ကြုံးထလိုက်ပေမင့် ရှေ့လက်ညွတ်ကျသွားလိုက်၊ မျက်လုံးနှစ်လုံးက မျက်ရည်တွေ စီးကျလိုက်၊ ရှေ့တိုးသွားလိုက်နဲ့ နောက်ဆုံး လူတစ်ရပ်နီးပါးမြင့်တဲ့ ဘီလူးခေါင်းပြတ် ဂဝံရုပ်တုကြီးရဲ့မျက်နှာကို သူ့ကိုယ်လုံးနဲ့ မှီရင်းက ...

နှာမှုတ်သံ၊ အသက်ရှူသံ တဖူးဖူးပြင်းပြင်းမှုတ်ရင်း အမောဖောက်ရင်း ဇက်ကျိုးကျလို့ အသက်ထွက်သွားတော့တယ်။

မောင်မုန်းဟာ သူ့အစ်ကို မောင်စုန်းကို ဆွဲထူပေးလိုက်တယ်။ နှစ်ဦးစလုံး ခန္ဓာကိုယ် ချွေး၊ သွေး၊ ဖုန်၊ မြေကြီးတွေပေပြီး လူရုပ်မပေါ်သလို ဖြစ်နေတယ်။

"နွားသိုးရော ... မောင်မုန်း"

"ဟောဟို ဘီလူးခေါင်းပြတ်ရှေ့မှာ သေနေပြီ"

"ဟူး ... တော်ပါသေးရဲ့ကွာ"

စိတ်ကူးသစ်စာပေ



"မောင်စုန်း ..."

"ဘာတုံး ... ငမုန်း"

"ငါတို့ တောထဲကနေ အမြန်ထွက်ကြစို့ ... မောင်စုန်း။ ငါတို့နွားနှစ်ကောင်လည်း သေပြီ။ ကျားစားသလား၊ မိကျောင်းစားသလား၊ ဘီလူးသရဲ ဖုတ်၊ ပြိတ္တာစားသလား ငါတို့မသိဘူး။ ဒီနွားနက်ကြီးကလည်း ဘယ်ကမှန်းမသိရဘူး။

"အရိုင်းကောင်နေမှာပေါ့ ... ငါ့ညီရာ"

"တောကလည်း မာယာလည်းများတယ်။ ပရိယာယ်လည်း များတယ်။ တွေ့ရတာလည်း လူလား၊ နတ်လား၊ ပြိတ္တာအသူရကာယ်လား ခွဲခြားလို့မရဘူး။ ငါတို့ ကံကောင်းနေလို့ မသေသေးတာလို့ ထွက်စို့"

"မောင်မုန်း ..."

"ဘာတုံး ... ငစုန်း"

"မင်း ဟိုကောင်မလေးအိမ်ကို ဝင်ရှာဦးမယ်ဆို"

"ဘယ်ကောင်မလေးတုံး ... မောင်စုန်း"

"မစိမ်းစိမ်းညို့ ဆိုတဲ့ မိန်းမချောလေးအိမ်လေ"

"ဗွီ ... တော်တော့"

"ဟ ... ဘယ်လိုဖြစ်တာတုံး။ မင်းပဲ စွဲလမ်းသွားပြီဆို"

"တော်တော့ ... မောင်စုန်း။ အဲဒီမိန်းမကလည်း လူလား နတ်လား၊ ဥစ္စာစောင့်လား၊ အသူရကာယ်လား ဘာမှန်းမသိဘူး။ ဟိုအဘိုးကြီးလည်း အတူတူပဲ။ လူလို့လည်း ပြောလို့ရသလို၊ မကောင်းဆိုးဝါး နာနာဘာဝလို့လည်း ပြောရင် တွေးရင် ရတယ်။

ငါတို့ အခုနားလည်ရမှာက ရွှေးလူကြီးတွေ ပြောခဲ့သလိုပဲ။ ဒီတောကြီးဟာ ဘီလူးခေါင်းပြတ်သင်္ချိုင်းကုန်းဆိုတာ မှန်နေတယ်။ မာယာများတယ်။ တောကြမ်းတယ်ဆိုတာလည်း မှန်တယ်။ ငါတို့နွားသိုးနှစ်ကောင်ကို ဘယ်လိုသတ္တဝါ နေ့မကူးခင် အရိုးနဲ့ခေါင်းပဲကျန်အောင် စားသွားတာလည်း စဉ်းစားလို့မရဘူး။ လာ ... အမြန်ထွက်ကြစို့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်အနက် မောင်မုန်းက နွားသိုးနက်ကြီးကိုယ်မှာ စိုက်ဝင်နေတဲ့လှံကို ဆွဲနုတ်လိုက်ရော ...

"ဝပ် ... ထိန်း"

"အမယ်လေး ..."

"ပြေးဟ ... ပြေး ... ပြေး ..."

ကြည့်စမ်းပါဦးတဲ့ကွာ ... သေနေတဲ့ နွားသိုးနက်ကြီးရယ် ... သူ့ကိုယ်ပေါ်စိုက်နေတဲ့ လှံကို ဆွဲနှုတ်လိုက်ရော 'ဝပ်ထိန်း' လို့ အအော်-

ညီအစ်ကိုနှစ်ယောက် အော်ပြီး ပြေးလိုက်ကြသမှ ဝုန်းဒိုင်းပဲ။

"မောင် ... စုန်း ... ငါ့ကို ... စောင့် ... စောင့် ..."

"မြန်မြန်လာပါဟ ... တော်ကြာ ..."

"အမလေး ... ဟူး ... ဟူး ... နား ... နားပါဦး ... မောင်စုန်းရာ"

ဒါနဲ့ ညောင်ပါးဖျဉ်းတွေ တွဲကျပြီး ညောင်ဖျဉ်းမုတ်ဆိတ်တိုင်တက်နေတဲ့ ညောင်ပိန္နဲပင်ကြီးအောက်မှာ ခဏ အမောဖြေနေတုန်းရှိသေး ..

"မောင်စုန်းရေ ..."

"ဟာ ..."

"မောင်မုန်းရေ"

"ဟ ... ဟ ... မောင်စုန်းရ ... ဒါ ... ဒါ ..."

ဘုရားရေ ... သူတို့ညီအစ်ကိုရဲ့အမည်ကို ခေါ်နေတဲ့ အသံပါလား။ ခေါ်သံက လူခေါ်တဲ့အသံမျိုး။ ဟိုကောင်မလေး ... မစိမ်းစိမ်းညို့များ ခေါ်နေတာလား။

"မောင်စုန်းရေ ..."

"ဗျာ ... အ ... အ ... အ ..."

"ဟေ့ကောင် ... မောင်စုန်း ... ပြန်မထူးနဲ့ ... မထူးနဲ့"

"ဟ ... ငါ့နာမည်ကို ခေါ်နေတာလေကွာ။ မစိမ်းစိမ်းညို့ ခေါ်တာလားမသိဘူး"

"ဘယ်က ခေါ်နေတာတုံး ... ပြန်နားထောင်စမ်း"





"မောင်စုန်းရေ ... မောင်မုန်းရေ ..."

"ဟော ..."

ခေါ်သံက ညောင်ပိန္နဲပင်ကြီးပေါ်က။ ညောင်ပိန္နဲပင်ကြီးက အမြင့်ကြီး။ လုံးပတ်ကလည်း လူကြီးဆယ်ယောက်လောက် ဖက်ရမယ်။ ပြီး ... ညောင်ဖျဉ်းမုတ်ဆိတ်တွေ ကျနေပုံက ကြိုးသောင်းဝါးတွေ ဝါးပိုးဝါးလုံးတွေ ထောင်ထား၊ စိုက်ထားသလိုပဲ။

ညောင်ဖျဉ်းတိုင်ကြားမှာ ဝင်ပုန်းရင် လူမမြင်နိုင်ဘူး။

"ညောင်ပင်ပေါ်ကကွ ... မော့ကြည့်စမ်း"

အပြင်ထွက်ပြီး မော့ကြည့်တော့ ခေါ်သံက တိတ်သွားတယ်။ တောလည်း ငြိမ်သွားတယ်။ လေတိုက်သံမျှ မခံစားရတော့ဘူး။

"ဟေ့ ... စောစောတုန်းက ငါ့နာမည်ခေါ်တာ ဘယ်သူတုံးဟေ့"

အပေါ်က ပြန်ပြောသံ မကြားရဘူး။ အံ့ဩစရာပဲ။

"ဟေ့ ... ငါတို့နာမည်ခေါ်နေတာ ဘယ်မိန်းမတုံးကွ"

"......"

"နင်က ငါတို့ညီအစ်ကိုကို ဘာကောင်တွေများ မှတ်နေလို့လဲ။ ငါတို့ကို မနှောက်နဲ့။ မခြောက်နဲ့။ မဟောက်နဲ့။ ဘာကောင်မှ မကြောက်ဘူးဟေ့"

"သတ္တိရှိရင် ပြန်ခေါ်လိုက်လေ"

"ဟေ့ ... မိုက်ရင် ဆင်းခဲ့စမ်းပါ။ ခုန်ဆင်းလိုက်စမ်းပါဟ"

"ဝရော ..."

"ဟော ... ဟော ..."

နှစ်ယောက်သား ဓားနဲ့လှံကို ကိုယ်စီကိုင်ပြီး ကျောချင်းကပ်ထားလို့ အပေါ်ကို မော့ကြည့်နေတုန်းမှာပဲ ...

"ဝရော ... ဝရော ..."

"ဖြန်း ... ဖြန်း ..."

"ဝုန်း ... ဖောင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ဟ ... ဘာကြီးတုံးဟ ... ဟ ..."

"ဝရော ..."

"အုန်း ... ဖောင်း ..."

"ဟ ... ထပ်ကျလာပြန်ပြီ ... ငမုန်းရ ... ရ ..."

"ဝရော ... ဝရော ..."

"ဖျော ... ဖျော ... ဖျော ..."

"ဝုန်း ... ဖောင်း ..."

"ဟ ... ဟ ..."

သူတို့ပေါ်ကို မှန်းပြီးကျလာတဲ့ပစ္စည်းက အလုံးမည်းပြောင်ကြီးတွေ။ နေရောင်နေပြောက် မိုးဝါးပြောက်ကျားမှာ မြင်ရတာ။ တင်းတောင်းလောက်ရှိတဲ့ မည်းမည်းပြောင်ပြောင် အလုံးကြီးတွေ တစ်လုံးပြီးတစ်လုံး တအုန်းအုန်း တဝုန်းဝုန်းနဲ့ ကျလာတာ။

အရှောင်မြန်လို့။ မရှောင်ဘဲနေရင် ဦးခေါင်းပွင့်ပြီး သေမှာ။ ဒီမှာပဲ တင်းတောင်းလောက် မည်းမည်းအလုံးကြီးတွေက တစ်လုံးပြီးတစ်လုံး သူတို့ညီအစ်ကို ရှောင်တဲ့နေရာ၊ ရပ်တဲ့နေရာပေါ်မှာ ကျကျလာနေတော့ ...

ဟုတ်ပြီ ...။ ဒါ မကောင်းဆိုးဝါးတွေ။

သူတို့ညီအစ်ကိုကို တိုက်ခိုက်နေပြီ။

သူတို့က အများကြီးပဲ။ ကျလာတဲ့ မည်းမည်းအလုံးကြီးကို လှံနဲ့ထိုးကြည့်တယ်။ လှံပြန်ခုန်ထွက်သွားတယ်။ နောက်တစ်ခုကို ထိုးကြည့်တယ်။ သံတုံးကို ထိုးရသလို လှံသွားကမစိုက်ဘဲ ချော်ထွက်သွားတယ်။

"ကိုင်းဟာ ..."

"ဗိုး ..."

"ထန် ..."

"ဟာ ..."

မောင်စုန်းက သူ့ရှေ့တည့်တည့်ကျတဲ့ မည်းမည်းပြောင်ပြောင် အလုံးကြီးကို ငှက်ကြီးတောင်ဓားနဲ့ အားကုန်ခုတ်ချလိုက်တယ်။ ထန်ခနဲ မြည်ပြီး ခုန်သွားတယ်။ မာကျောလိုက်တာ။





ဒါ ဘယ်လိုအရာတုံး။

ဘယ်လို နာနာဘာဝသားတုံး။

"ကိုင်းဟာ ... ကိုင်းဟာ ... ယောက်ျား ... ကိုင်း"

"ထန် ..."

"ထန် ..."

ဘယ်နှစ်ချက် ခုတ်ခုတ် ဓားမတိုးဘူး။ အလုံးကြီးက ခုတ်ချက်အောက်မှာ လိမ့်နေလိုက်သေးတယ်။ အဲဒီလို သူတို့ညီအစ်ကို အပင်ပေါ်က ပြုတ်ကျ ခုန်ကျလာတဲ့ တင်းတောင်းလုံးခန့် မည်းမည်းအလုံးကြီးများကို ဓားလှံနဲ့ ထိုးခုတ်နေတုန်းရှိသေး ...

ဟိုးအပင်များပေါ် ကိုင်းကြီးကိုင်းငယ်များပေါ်ကပါ ... 'မောင်စုန်းရေ ... မောင်မုန်း'ရေ ခေါ်တဲ့အသံတွေ ကြားရပြန်ပါရော။

မောင်စုန်းက သူ့ညီ မောင်မုန်းရဲ့လက်ကိုဆွဲပြီး တောလမ်းကျဉ်းလေးအတိုင်း နောက်ပြန်လှည့်မကြည့်ဘဲ ပြေးတော့တယ်။

နောက်မှာတော့ 'မောင်စုန်းရေ ... မောင်မုန်းရေ' ခေါ်သံတွေဟာ ဝေးဝေးကျန်ခဲ့၊ ပဲ့တင်ကျန်ရစ်ခဲ့ကြလေရဲ့။

ဤ မုတ္တမပင်လယ်ကွေ့ ဘီလူးခေါင်းပြတ်သချိုင်းတောမှ ထူးဆန်းသော ဖြစ်ရပ်များအကြောင်းကို အဘဦးရန်ကုန်က ကျွန်ုပ်စာရေးဆရာကို ပြောပြနေတာပါ။ ကျွန်ုပ်၊ မောင်တင်ထွန်းနှင့် တပည့်မောင်အောင်ဆန်းတို့ဟာ ကြားရချက်များကို လွန်စွာပဲ စိတ်ဝင်စားအံ့ဩခဲ့ရပါတယ်။ ဒါနဲ့ ကျွန်ုပ်စာရေးဆရာက မေးခွန်းတစ်ခု ကြားဖြတ်မေးခဲ့ရတယ်။

"ဘရန်ကုန် ..."

"ပြောပါ ... စာရေးဆရာ ... ဘာတုံး"

"မောင်စုန်းနဲ့ မောင်မုန်းတို့အပေါ် ခုန်ချခဲ့တဲ့ မည်းမည်းအလုံးကြီးတွေက ဘာတွေတုံး အဘရန်ကုန်။ နာနာဘာဝတွေလားဟင်"

"မကောင်းဆိုးဝါးတွေပါ ... စာရေးဆရာ"

"မကောင်းဆိုးဝါးဆိုတာက တစ္ဆေသရဲကို ဆိုလိုတာလားခင်ဗျ"

"မကောင်းဆိုးဝါးဆိုတာ ကောင်းကျိုးချမ်းသာ လုံးဝမပြုတဲ့ဟာကို ခေါ်တာပါ။ ဒုက္ခပေးမယ်။ စိတ်ဆင်းရဲအောင် လုပ်မယ်။ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်ချောက်ချားအောင် လုပ်မယ်။ အသက်ဘေးအန္တရာယ်ဖြစ်အောင် ပြုတဲ့သူကို မကောင်းဆိုးဝါးလို့ စုရုံးခေါ်ပါတယ်''

"ဒါဆို သရဲတစ္ဆေ ဖုတ်၊ ပြိတ္တာ၊ ဘီလူးလည်း မကောင်းဆိုးဝါးပေါ့''

"ဟုတ်တာပေါ့''

"သူပုန်၊ ဓားပြ၊ သူခိုး၊ သူဝှက်ကရော''

"သူလည်း မကောင်းဆိုးဝါးပဲ ... စာရေးဆရာ''

"နာနာဘာဝဆိုတဲ့ အဓိပ္ပာယ်ကရော ဘရန်ကုန်''

"နာနာဘာဝရဲ့ အဓိပ္ပာယ်က ထူးဆန်းသော ရုပ်အမျိုးမျိုးကို ပြောင်းလဲဖန်တီးပြနိုင်သူကို နာနာဘာဝလို့ခေါ်တယ် ... စာရေးဆရာ။ 'ကဝေ' ကို နာနာဘာဝလို့လည်း ခေါ်ကြတယ်။ ရုပ်အမျိုးမျိုး ဖန်ဆင်းနိုင်လို့ပဲ''

"ဒါဆို နန္ဒောပနန္ဒ နဂါးမင်းကို သူ့ထက်ကြီးတဲ့ နဂါးယောင်ဖန်ဆင်းပြတဲ့ အရှင်မောဂ္ဂလာန်ကိုရော နာနာဘာဝလို့ ခေါ်မလားခင်ဗျ''

"အရှင်မောဂ္ဂလာန်လို ရဟန္တာမြတ်ကြီးရဲ့ စွမ်းပကားကိုကျတော့ တန်ခိုးဣဒ္ဓိပါဒ်လို့ ခေါ်ပါတယ် .. စာရေးဆရာ။ တန်ခိုးဣဒ္ဓိပါဒ်ဆိုတာက ကြီးကျယ်ခမ်းနားတယ်။ မြင့်မြတ်သန့်စင်တယ်။ ဖျက်ဆီးလို့မရဘူး။ အံ့ဩဆန်းကြယ် ရှုချင်စဖွယ်ရှိတယ်။ နှိုင်းယှဉ်စရာမရှိဘူး။

နာနာဘာဝတို့ရဲ့ ရုပ်ပြောင်းရုပ်လွှဲက ငရဲလမ်း၊ အဝိဇ္ဇာလမ်း၊ ညစ်ညမ်းတဲ့အစွမ်း၊ သူက တစ်ခဏပဲရမယ်။ သူတတ်စွမ်းတဲ့ တန်ခိုးဣဒ္ဓိပါဒ်ရှင်နဲ့တွေ့ရင် နောက်ကောက်ကျရော''

"စောစောကအကြောင်း ဆက်ရဦးမယ် ... အဘရန်ကုန်။ ကိုမှန်းတို့တွေ့ခဲ့တဲ့ မည်းမည်းက နာနာဘာဝ အစစ်တွေပဲလားခင်ဗျ''

"မဟုတ်ဘူး ...။ အဲဒါ သင်းခွေချပ်ဆိုတဲ့ နာနာဘာဝတစ်မျိုးဗျ''

"ဟုတ်လား ... သူက လူနာမည် ခေါ်နိုင်တယ်လား ဟင်''





"ခေါ်နိုင်တယ်။ လူစကား၊ လူနာမည်ကို ပီပီသသခေါ်နိုင်တဲ့ သတ္တဝါမှာ ကျီး၊ ကြက်တူရွေး၊ သင်းခွေချပ်တို့ ပါဝင်တယ်။ ကျီးကန်းတို့၊ ကြက်တူရွေးတို့က နေ့စဉ် ကြားပါများ၊ သင်ပါများမှ လူစကား၊ လူနာမည်ကို ခေါ်ဆိုနိုင်တယ်။

သင်းခွေချပ် ဆိုတဲ့ သတ္တဝါက အလွန်ထူးဆန်းတယ်။ အလွန်လည်း မှတ်ဉာဏ်ကောင်းတယ်။ တောထဲရောက်ရင် လူ့အမည် အော်မခေါ်ရဘူး။ နာမည်အော်ခေါ်မေး ထူးကြရင် သင်းခွေချပ်က မှတ်ထားပြီး လူအလစ်မှာ အဲဒီလူ့အမည်ကို ခေါ်တာဗျ။ ဘာကြော့် လူနာမည်ကို မှတ်ပြီး ခေါ်နိုင်တယ်ဆိုတာ ဒီနေ့အထိ ဘယ်သူမှ မသိဘူး။ ကနေ့အထိ တောထဲမှာ ခေါ်နေတုန်းပဲ။

ဒါကြောင့် ထူးဆန်းအံ့ဖွယ်ပြုတတ်တဲ့ နာနာဘာဝစာရင်းမှာ သူ့ကို စာရင်းသွင်းကြတယ်။ သူခေါ်လို့ ပြန်ထူးရင် အသက်ဆုံးရှုံးတတ်တယ်လို့ ဆိုကြတယ်။ သင်းခွေချပ်က လူ့အမည်ကို ခေါ်တတ်ရုံမကဘူး ကောင်းကျိုးမပေးပုံ ရှိသေးတယ်''

"ဘယ်လို ကောင်းကျိုးမပေးတာတုံး ... ဘရန်ကုန်''

"သူက အပင်ကြီးတွေပေါ်မှာနေတဲ့ ခြေလက်ရှိ သတ္တဝါဗျ။ ခန္ဓာကိုယ်ပေါ်မှာ မာကြောတဲ့ အကြေးခွံအချပ်အချပ်တွေ အပြည့်ရှိတယ်။ နှုတ်သီးရှည်တယ်၊ ပိုးကောင်မွှားကောင်ကို ထိုးနှိုက်စားတယ်။ လူသံကြားရင် သူက အပင်ပေါ်ကနေ သူ့ခန္ဓာကိုယ်ကို ဘောလုံးတစ်လုံးလို လိပ်ခွေလုံးပြီး အောက်ကလူ့အပေါ် တိရစ္ဆာန်ပေါ် ခုန်ချလိမ့်ချတာ။

သူ့ခန္ဓာကိုယ်ကို လိမ်လုံးကျုံ့ထားပြီဆိုရင် သိပ်ကိုမာကျောတယ်။ သံလုံးလို တင်းမာနေတာ။ အဲဒီအလုံး သစ်ပင်အောက်က လူဦးခေါင်းပေါ် ပြုတ်ကျရင် ဦးခေါင်းကွဲပြီး သေရော။ ဒါကြောင့် သူ့ကို မကောင်းဆိုးဝါး ရုပ်ပြောင်းတတ်လို့ နာနာဘာဝလို့ခေါ်တာ။ ဟုတ်ပြီလား''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

## ငွေဒင်္ဂါးတစေ့

□

ဘီလူးခေါင်းပြတ်သချိုင်းတောရဲ့ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရဖြစ်စဉ်တွေကို ပြောရရင် တစ်ထောင့်တစ်ညပုံပြင်လိုပဲ။ ပြောလို့ မဆုံးနိုင်ဘူး၊ မကုန်နိုင်ဘူး။

"အခုရော . . . အဲဒီ ဘီလူးခေါင်းပြတ်သချိုင်းတော ရှိသေးလား ဘရန်ကုန်"

"အခု မရှိတော့ဘူး"

"ဘယ်လိုကြောင့် မရှိတော့တာတုံးခင်ဗျ"

"လွတ်လပ်ရေးရအပြီးမှာ ပင်လယ်မုန်တိုင်း ဒီရေဒဏ်အကြိမ်ကြိမ် ဆိုးဆိုးဝါးဝါးခံစားရတယ်။ ပြီး . . . လေျှင်ကြီးဒဏ်လည်း ခံစားရတယ်၊ ပဲခူးငလျှင်နဲ့အတူပေါ့။ အဲဒီငလျှင်၊ မုန်တိုင်း၊ ဒီရေရဲ့ ပြင်းထန်ဆိုးဝါးတဲ့ ဒဏ်ချက်ကြောင့် ရှေးဟောင်း ဘီလူးခေါင်းပြတ်သချိုင်းတောကြီး ပင်လယ်ရေအောက်ကို နှံ့ဖုံး၊ ရွှံ့ဖုန်း၊ ကမ်းပါးပြိုပြီး စုန်းစုန်းမြုပ် ပျောက်ကွယ်သွားခဲ့တယ်။





စာရေးဆရာတို့ ပင်လယ်ကဖြတ်လာတော့ ရောမ နိုင်ငံခြားက ပင်လယ်ကူးသင်္ဘောကြီး ပင်လယ်ကမ်းစပ် လယ်ကွင်းမြေကြီးထဲ နစ်မြုပ်နေတာ မြင်ရမဟုတ်လား"

"ဟုတ်ကဲ့ . . . မြင်ခဲ့ရတယ်။ အခု တူးဖော်နေလို့ ခေါင်းတိုင်နဲ့ ကုန်းပတ် နည်းနည်းပေါ်နေပြီခင်ဗျ"

"အဲဒါ နိုင်ငံခြားက ပင်လယ်ကူးသင်္ဘောကြီးပဲ။ လေပြင်းမုန်တိုင်းကျတဲ့ညမှာ ပင်လယ်ထဲမှာ ကမ်းမမြင် လမ်းမမြင်ဖြစ်ပြီး လူးနေချိန် . . . ဟိုး . . . ပုတ္တလုတ်ကျေးရွာက ဒေါ်ဝက်ကြီးတန်ဆောင်းခေါ် ငွေဒဂါးကိုးတင်းဘုရားကြီးရဲ့ ဘုံနန်းပြာသာဒ် တန်ဆောင်းအဖျားက မီးရောင်ကို ပင်လယ်ထဲကနေ မြင်ရတော့ ဒါ အချက်ပြမီးဖော်ယာပဲ။

အဲဒီအနားမှာ ကုန်းကမ်းခြေဆိုပြီး စက်ရှိန်အမြန်မြှင့်မောင်းလာလိုက်တယ်။ မုန်တိုင်းရဲ့အရှိန် ပင်လယ်လှိုင်းလုံးကြီးများရဲ့ ပင့်တွန်းပို့တဲ့အရှိန်နဲ့ တစ်ခါတည်း ကုန်းပေါ်ထိုးတက်ပါသွားလိုက်တာ လယ်ကွင်းထဲရောက်ပြီး သောင်တင်သွားပါရော။ လုံးဝ ပြန်ဆင်းလို့မရတော့ဘူး။

နှစ်ကာလကြာတော့ မုန်တိုင်းဒီရေဒဏ် မကြာခဏထိပြီး ရွှံ့ဖုန်း၊ နွံ့ဖုန်း၊ နုန်းဖုံးသွားပြီး ရောမသင်္ဘောကြီး လယ်ကွင်းမြေကြီးအောက်ကို စုန်းစုန်းမြုပ်ရောက်ရှိသွားတာ စာရေးဆရာတို့ အမြင်ပဲလေ။ မုတ္တမပင်လယ်ကွေ့က ပင်လယ်နဲ့ဆက်နေတဲ့ ဘီလူးခေါင်းပြတ်သချိုင်းတောခေါ် ဒီရေတောကတော့ ထူးကဲဒီရေဒဏ်ကို ဘယ်ခံနိုင်မှာလဲဗျာ။ နောက်ဆုံး သူလည်း နွံ့ရယ်၊ ရွှံ့ရယ်၊ နုန်းရယ်အောက်ကို ရောက်ပြီး ပျောက်ကွယ်သွားလိုက်တာ။ ခုတော့ ကမ်းပြိုပြီး ကောလာတဲ့ ပင်လယ်ရဲ့ရေအောက်ကို ရောက်သွားခဲ့ပြီပေါ့ဗျာ။

ဆရာတို့ ကျောက်တန်းမြို့ 'ပန်းတောကျေးရွာ' ကိုရောက်ရင် ရှေးလူကြီးတွေ မေးကြည့်ဗျ။ ဟောဒီ မီးပြကျေးရွာကနေ ဂျစ်ကားစီးသွားရင် ပန်းတောကျေးရွာကို ရောက်တယ်။ ပန်းတောကျေးရွာက မော်ဝန်းချောင်းဘေးက ရွာကြီးပဲ။ လွန်ခဲ့တဲ့ အင်္ဂလိပ်ခေတ်တုန်းက ရေလယ်ကျိုက်ဖော်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိနေတဲ့ မှော်ဝန်းချောင်းဟာ ချောင်းကျဉ်းလေးပါဗျာ။ ပင်လယ်ဒီရေ အတက်အကျရှိတဲ့ ချောင်းကျဉ်းလေးပေါ့။ ဟိုဘက်ကမ်း ဒီဘက်ကမ်းရပ် ပြီး စကားပြောလို့ ကြားရတယ်။ လှေနဲ့ကူးရင် သုံးလေးမိနစ်ပဲ ကြာတယ်၊

ပန်းတောဘက်အခြမ်းမှာ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းကြီး တွေဟာ ချောင်းဘက်ကို မျက်နှာမူပြီး ခြသေ့ရုပ်အကြီးကြီးတွေပါတဲ့ ကျောင်း မုခ်ဦးအဝင် ဂဝံနတ်လမ်းကြီးနဲ့၊ အုတ်လှေကားကလည်း ချောင်းကလေးရဲ ရေစပ်နဲ့ထိလို့။ လှေဆိုက်ရင် ရေစပ်အုတ်လှေကားကနေ နတ်လမ်းအတိုင်း ရှေးကျောင်းကြီးရှိရာကို ဝင်သွားရုံပဲ။ ကိုရင်တွေ၊ ဦးဇင်းတွေလည်း လှေ ကလေးနဲ့ ဖျတ်ခနဲကူးပြီး ကျောက်တန်းမြို့ထဲ လှည့်လည်ဆွမ်းခံကြွကြ ပြန်ကြပေါ့ဗျာ။

ဟော . . . နောင်တော့ မုန်တိုင်းဒီရေ အတက်ကြမ်းတာမျိုး မကြုံ ခဏ ဖြစ်ပါများလာတယ်။ ပင်လယ်ဝမှာရှိတဲ့ ချောင်းနဲ့ရွာတွေကို မုန်တိုင်း ဝင်ပြီးတော့ ဦးစွာ မုန်တိုင်းဒဏ်ကို ခံရတာပဲ။ မုန်တိုင်းက မိုးဦးကျစကာ မိုးကုန်ပြီးသည့်တိုင် မကြာခဏဝင်နေတာ။ ကမ်းပြို ရွာပျောက်တွေ ဟော ဒီမိုးပြုပင်လယ်ဝနဲ့ မုတ္တမကွေ့တစ်ကြောမှာ မနည်းဘူး စာရေးဆရာ။

မှော်ဝန်းချောင်းကျဉ်းလေးဟာလည်း ကြာတော့ ပင်လယ်ဒီရေ အဝင်ကြမ်းကြမ်းလာရင် မြစ်ကမ်းပါးတွေ တဝုန်းဝုန်း ပြိုလာလိုက်ကြတာ နောက်ဆုံး အပျိုချောပေါ်တဲ့ ပန်းတောရွာက ရှေးကျောင်းကြီးရော၊ မုခ် ခြသေ့ကြီးနှစ်ကောင်နဲ့ အုတ်လှေကားကြီးရော၊ ဂဝံနတ်လမ်းအချို့ရော မြ ကမ်းပါးပြိုတဲ့အထဲ ပါသွားပြီး အခုတိုင် မှော်ဝန်းချောင်းရေအောက်၊ နွံ အောက်မှာ မြုပ်နေတုန်းပဲ . . . စာရေးဆရာ။

ဒါကြောင့် ပင်လယ်ကမ်းစပ်ကရွာတွေ ပျောက်ပျောက်သွားခဲ့ရ ရွာသစ်တည်ခဲ့တယ်။ ဘိလူးခေါင်းပြတ်သချိုင်းတောလည်း ရေအော ရောက်သွားရတာပဲ။ သမ္ဗုဒ္ဓေရွာလည်း ကမ်းပြိုပြီး ပျောက်သွားခဲ့တာပဲ

မိုးပြုကျေးရွာမှာလည်း ရွှေဘုံသာမုနိ ဘုရားစေတီဆိုတာ ဖ ရှေးဟောင်းစေတီပဲ။ အခု ပင်လယ်ဒီရေတက်လာရင် ဘုရားစေတီက ပ လယ်ဝရဲ့ ရေလယ်ခေါင်နီးပါးလောက်မှာ ရောက်သွားရော။ ကျောက်





ကျောက်တောင်ပေါ်မှာ တည်ထားလို့ ဘုရားတန်ခိုးနဲ့ ရေအောက်ရောက် မသွားတာ။ ပင်လယ်ဒီရေကျသွားရင် ဘုရားက ကုန်းပေါ်၊ ကမ်းပေါ်သောင် ပြင်ပေါ်မှာ ကျန်နေပြန်ရော။ ပင်လယ်ရေတံငါများက ရွှေဘုံသာမုနိကို ရေလယ်ဘုရားလို့ ခေါ်ကြတယ်။

အခု ကျုပ်တို့နေတဲ့ မိုးပြုကျေးရွာက ရွာသစ်ပဲဆရာ။ မူလတုန်း က မိုးပြုကျေးရွာက ဟိုးပင်လယ်ရေထဲမှာ။ အဲဒီတုန်းက ကုန်းပဲ။ ဒီရေ တိုက်ရင်း မြစ်ကမ်းပါး၊ ကုန်းကမ်းပါး ပြိုကျ ရေတိုက်စားလိုက်တာ အခု နောက်ဆုတ် ရွာသစ်ဖြစ်နေရတယ်။ ရွာဟောင်းက ပင်လယ်ရေအောက် ရောက်သွားပြီ။

နောင်အခါ ကျုပ်တို့ မိုးပြုကျေးရွာကို လှည့်လည်ကြည့်ရှုတော့ အခု ရွာသစ်တည် မိုးပြုကျေးရွာလည်း ပင်လယ်ဒီရေတိုက်စားတဲ့ဒဏ်ကို ခံစားနေရတုန်းပဲ။

ပင်လယ်ဒီရေတက်လာရင် ထန်းပင်ကြီးတွေက ပင်လယ်ထဲမှာ ရပ်နေသလိုရှိတယ်။ ထန်းပင်တစ်ဝက်ကျော်ခန့် ပင်လယ်ဒီရေက နစ်မြုပ် ရောက်ရှိနေတယ်။

လှိုင်းလုံးတွေရိုက်ရင် မြစ်ကမ်းပါးတွေ တဝုန်းဝုန်း ပြိုနေတုန်း ပဲ။ အဲဒါ ထန်းလုံးတပ်နဲ့ ကာရံကာတုတ်ရိုက်ပြီး လှိုင်းပုတ်တဲ့ဒဏ်ကို ကာ ရံတားဆီးကြတယ်။

ရွာပတ်ပတ်လည်အပြည့် ဘယ်လုပ်နိုင်မှာလဲ။

ကွန်ကရစ်မြေထိန်းနံရံတွေ မိုင်နဲ့ချီ ရှည်လျားစွာလုပ်ထားနိုင်မှ ရွာဟောင်းရော၊ ရွာသစ်ရော ပင်လယ်ရေအောက်ကို မရောက်မှာလေ။

အခုအနေအထားအတိုင်းဆိုရင် . . .

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီရွာတွေ ရေအောက်ရောက်သွားဦး မှာပဲ။ ပင်လယ်ဝရဲ့ ဟိုမှာဘက်ကမ်း သောင်ခုံတို့၊ မုတ်ကျွန်း၊ ခနုတ်တို့ ကို ကျုပ်ရောက်ဖူးတယ်။

တဝုန်းဝုန်းမြေပြိုလို့ အချို့အိမ်တွေ ရေအောက်ရောက်သွားတယ်။ ကမ်းနဲ့ဝေးရာကို ပြောင်းရွှေ့ရတယ်။ ပင်လယ်က ကောကျယ်ကြီးဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ [မှတ်ချက် ။ ။ ယခုနှစ်မိုးရာသီမှာ ရေကြီးပြီး ဧရာဝတီမြစ်ကမ်းကရွာများ မြေပြိုပြီး ရွာပျက်ခဲ့တာ မနည်းဘူး။]

အဲဒါလည်း ပင်လယ်မြစ်ကမ်းပါးတွေက ပင်လယ်ဒီရေတို့၊ ထူးကဲဒီရေတို့ တက်လာရင် တဝုန်းဝုန်း တဝေါဝေါနဲ့ လှိုင်းရိုက်မြေပြိုနေတာ အသည်းယားစရာပဲ။

ပင်လယ်ကူးသင်္ဘောကြီးများရဲ့ လှိုင်းလုံး၊ သဘာဝလှိုင်းလုံး၊ ဒီရေတက်လှိုင်းလုံး တစ်ချက်ရိုက်လိုက်ရင် တဲငယ်တစ်လုံးစာ ပင်လယ်ကမ်းပါးမြေကြီးက ရေထဲကို ပြုတ်ပြုတ်ပြိုကျသွားတာ။

ပင်လယ်ဒီရေတက်တိုင်း ရိုက်နေတာ။

တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်၊ နှစ်ငါးဆယ် နေ့ရော ညရော ပင်လယ်လှိုင်းလုံးက ကမ်းပါးတွေကို မျိုဝါးဖြိုဝါးနေတာ။ ဒီတော့ ရွာတွေ ပျက်တာပေါ့၊ ပျောက်တာပေါ့။ ဘုရားတွေ ပြိုကျတဲ့အထိ ပါကုန်တာပေါ့။

အဲဒီသဘာဝဘေးဒဏ်နဲ့ ဘီလူးခေါင်းပြတ်သချိုင်းလည်း မြေအောက်ကို ရောက်သွားခဲ့ရတယ်။ သမ္ဘုဒ္ဓေရွာကြီး ပျောက်သွားခဲ့ရတယ်တဲ့။

ကျုပ်တို့ကာလသားတုန်းက ဒီဘီလူးခေါင်းပြတ်သချိုင်းက အထင်ကရရှိပြီး နာမည်ကြီးပေါ့။ နောက်ခံသမိုင်းကလည်း ကြမ်းခဲ့တာကိုး။

အင်္ဂလိပ်မင်းအုပ်ချုပ်နေတုန်းက အဲဒီတောထဲမှာ ကိုးတောင်ပြည့်စေတီပျက်တစ်ဆူ ရှိခဲ့ဖူးသတဲ့။ တွေ့ဖူးသူက ရန်ကုန်၊ ပုဇွန်တောင်က ဦးအောင်ဗလကျော်ဆိုတဲ့ ဆန်ကုန်သည်ကြီးတဲ့။

သူကလည်း ဒီမုတ္တမကွေ့တောထဲမှာ ရှေးဟောင်းရတနာသိုက်ကို လိုက်ရှာတာတဲ့။ ကျူးကျော်သူ တိုင်းခြားသား ဘီလူးမျက်နှာနဲ့လူတွေ ရွှေသေတ္တာ၊ ငွေသေတ္တာတွေ ရှေးတုန်းက ဒီတောထဲမှာမြှုပ်ခဲ့တယ်လို့ ကြားပြီး တပည့်တပန်း လူစုလူအုပ် လက်နက်အစုံအလင်နဲ့ လိုက်ရှာတာတဲ့။

အစကနဦး သူတို့ မျှော်လင့်ချက်အလင်းရောင် တွေ့ခဲ့ကြတယ်။ ရှေးဟောင်း ဂဝံဘီလူးခေါင်းပြတ်သချိုင်း မြေကြီးအောက်ကနေ ကျွန်းသေတ္တာ





ကြီးသုံးလုံးကို သွားတွေ့ကြတယ်။ ကျွန်းသေတ္တာကြီးတွေကို ဖွင့်ကြည့်လိုက်တော့ ...

ကျူးကျော်သူ တိုင်းတစ်ပါးသားတွေ အသုံးပြုတဲ့ ဓားကောက်ကြီးတွေ၊ ဓားမြှောင်တွေ၊ ငွေခါးပတ်၊ ကြေးခါးပတ်ကြီးတွေကို ရလိုက်တယ်။

ဦးအောင်ဗလကျော်တို့ လိုချင်တာက လက်နက်တွေမဟုတ်ဘူး။

ဒါပေမင့် ဝမ်းသာကြတယ်။ အားတက်ခဲ့ကြတယ်။ ရှေးစကားအရ ဒီတောထဲမှာ ပစ္စည်းပစ္စယတွေ ဝှက်ထား မြှုပ်ထားတာ ကျိန်းသေနေတယ်။

အခုရတဲ့ .. ရှေးဟောင်းလက်နက်တွေက လွန်ခဲ့သည့်နှစ်ပေါင်း (၂၀၀၀) ကျော်က ပစ္စည်းတွေ။ ရှေးဟောင်းပစ္စည်းအဖြစ် ရောင်းစားရင်တောင် ဝင်ငွေမနည်းနိုင်ဘူး။

အဲဒီကနေ ခြေရာခံ တူးဆွလိုက်ကြတာ ...

ဒီရေရောက်တဲ့ သင်ပေါင်းပင်များနှင့် ဓနိတောအုပ်ရှိရာကို ရောက်သွားကြသတဲ့။ အဲဒါ ရေကျချိန်မှာ နွံတော၊ ရွှံ့တောထဲ စူးထိုးပြီး ရှာကြတယ်။

သံစူးကြီးတွေက အရှည်ကြီးတွေ ငါးလံခြောက်လံရှည်တယ်။ အဲဒီသံစူးနဲ့ ရေကျချိန်မှာ နုန်းထဲ၊ ရွှံ့ဗွက်ထဲ ရှာလိုက်ကြရော သင်ပေါင်းပင်အုပ်နဲ့ ဓနိပင်အုပ်စုကြားက ပေလေးဆယ်ဗွက်မှာ သစ်သားလိုအရာမျိုး စူးထိုးမိသတဲ့။

စူးချက်ဆယ်ချက်ထိုးတာ ငါးချက်က သစ်သားလိုအရာမျိုးကို ထိုးမိကြတယ်။ ထိုးချက်က လူကြီးလက်ခုပ်တစ်ဖောင်အနက်မှာ ထိုးမိကြတာ။

ရေမတက်ခင် စူးချက်နေရာကို လူအင်အားနှစ်ဆယ်နဲ့ တူးကြဖော်ကြတယ်။ ဒီမှာ ရေတက်လာလို့ ပြန်ဆုတ်ကြတယ်။

သူတို့ တောထဲမှာ တဲထိုးပြီးနေတယ်။

တစ်ညလုံး မီးပုံကြီးတွေဖိုပြီး နေကြတာတဲ့။

အခြားသူတွေ အမျိုးမျိုး အခြောက်အလှန့်ခံရတာပေါ့။ ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



ဗလကျော်တို့ အခြောက်မခံရဘူး။ ဦးအောင်ဗလကျော်ကလည်း ရွှာတော်ရှင်ပွဲ၊ ရက္ခစိုးပွဲ၊ မင်းညီနောင်ပွဲ၊ မဏိမေခလာပွဲ စသည်ဖြင့် အုန်းပွဲပေါင်းများစွာထိုးပြီး ပြောဆိုတောင်းပန်ရှာတာတဲ့။

အဲဒီအစီအရင်များကို ရေကျော်အရပ်က ပယောဂဆရာကြီး ယောပြန်ဆရာခါးက စီရင်ပေးသတဲ့။

ပစ္စည်းရှာနေတုန်း ဒီတောထဲမှာ အရက်မသောက်ကြနဲ့လို့လည်း မှာလိုက်တယ်။ မြွေတွေ့ရင်လည်း မသတ်နဲ့လို့ မှာထားတယ်။

နောက်နေ့ရောက်သွားတော့ စောစောတူးထားတဲ့နေရာကို ပြန်သွားကြပြီး တူးလက်စကျင်းထဲ၊ တွင်းထဲကရေတွေ ခပ်ထုတ်၊

ဆက်တူးပေါ့။ ဒီရေတက်ရင် ပြန်နားကြ။

ညဘက်ရေကျရင်တော့ မတူးရဲကြဘူး။ ဘာလို့လဲဆိုတော့ သူတို့ဝန်းကျင်မှာ ရောမလူခြေရာကြီးတွေကို မြင်လို့ပဲ။ လူခြေရာကြီးတွေကို မြင်ရပုံက ဆန်းနေတယ်။

နေ့ဘက်ရေကျလို့ ပြန်တူးဖို့သွားရင် ရေမရှိတဲ့ရွှံ့မြေတွေပေါ်မှာ ရောမခြေရာကြီးတွေ တင်ကျန်နေတာကို မြင်ရလို့ပဲ။

သူတို့အားလုံး အံ့ဩနေကြတယ်။

ဒါ လူခြေရာ မဖြစ်နိုင်ဘူး။ ခြေရာကြီးတွေက သူတို့ခြေရာထက်လေးငါးဆကြီးတဲ့ ခြေရာကြီးတွေ။

ခြေဖဝါးပျက်ကြီးကြီး၊ ခြေမရာ ကြီးကြီးကားကား၊ ဖနောင့်ရာနက်နက်ကြီးတွေ ရွှံ့မြေသားပေါ်မှာ ဖိဖိနစ်နစ် တင်ကျန်နေခဲ့တာ ...

နောက်တစ်ချက်ထူးဆန်းတာက ...

အဲဒီခြေဖဝါးရာ အကြီးကြီးတွေက သူတို့ရှာဖွေတူးဖော်နေတဲ့ ကျင်းရဲ့ နံဘေးဝန်းကျင်မှာ ဝိုင်းပတ်အနေအထားနဲ့ တွေ့နေရတာပဲတဲ့။

"ဒါ ဘာခြေရာတုံးဟေ့"

"မသိဘူး ... သူဌေး။ လူခြေရာနဲ့ သဏ္ဌာန်တူပါတယ်။ ဒါပေမင့်ကြီးလွန်းအားကြီးနေတယ်"

"လမ်းပြမုဆိုး ငါးမြွေထိုးကို ခေါ်လိုက်စမ်း"

စိတ်ကူးသစ်စာပေ



"ကိုမြွေ ... ဗျို့ ... ကိုမြွေ ... သူဌေးခေါ်နေတယ်။ မြန်မြန်လာဗျို့"

လမ်းပြအဖြစ်ငှားလာတဲ့ မုဆိုး ငါးမြွေထိုး အပြေးအလွှားရောက်လာတယ်။

"သူဌေး ... ဘာဖြစ်လို့လဲ ခင်ဗျာ"

"ငါးမြွေ ... ဒီခြေရာတွေကို ကြည့်စမ်း"

"ဟာ ..."

"ဒါ ... ဘာခြေရာတုံး"

"လူ့ခြေဖဝါးရာနဲ့တော့ တူနေတယ် ... သူဌေး"

"လူဝံခြေရာလား"

"မဟုတ်ဘူး။ ဒီခြေရာက အကြီးကြီးပဲ"

"ငါတို့လူတွေထဲမှာ ဒီလောက်ကြီးတဲ့ခြေရာ မရှိဘူး"

"စဉ်းစားစရာပဲ .. သူဌေး၊ ကျွန်တော် ဒီလိုကြီးပြီး ဖနောင့်တိုနက်တဲ့ ချိုင့်တဲ့ ခြေဖဝါးရာ အရင်က မတွေ့ဖူးဘူး"

"ဘာခြေရာဖြစ်နိုင်သလဲ ... ငါးမြွေ"

"လူဝံခြေရာလည်း မဖြစ်နိုင်ဘူး သူဌေး။ ကျွန်တော် အရှေ့ရိုးမ၊ အနောက်ရိုးမ၊ ပဲခူးရိုးမတို့မှာ အမဲလိုက်ဖူး၊ နေခဲ့ဖူးတယ်။ လူဝံမရှိဘူး။ နှင်းလူဝံဆိုတာ ရေခဲတောင်ပေါ်မှာပဲ ရှိတယ်။ ရှားတယ်။ အခြားနိုင်ငံမှာတော့ လူဝံတို့၊ နှင်းလူဝံတို့ရှိတယ်။ ကျွန်တော်တို့ဆီမှာရှိတာက ဝက်ဝံပဲ။ ဒါ ဝက်ဝံခြေရာ မဟုတ်ဘူး။ လူခြေရာလို့ ဆိုမယ်ဆိုရင် အဲဒီခြေရာပိုင်ရှင်ရဲ့ အရပ်အမောင်းဟာ မရှိဘူးဆို အရပ် ခုနစ်တောင်အမြင့်ရှိမယ် .. သူဌေး။ ကျွဲတစ်ကောင်၊ နွားတစ်ကောင်ကို လည်လိမ်ချိုးသတ်၊ ကိုင်ပေါက်နိုင်တဲ့ ခွန်အားမျိုးရှိမယ်။ အနည်းဆုံး ဆိတ်တစ်ကောင်ကို ကုန်အောင်စားနိုင်တဲ့ ဝမ်းခေါင်းမျိုးရှိမယ်"

"ဘုရားရေ ... အဲဒီလို ..."

"ဟုတ်တယ် ..."

"ဘီလူးများလားဟင်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူး။ ကျွန်တော်တို့ ရောက်နေတဲ့နေရာက ဂဝံဘီလူးရုပ်တုတွေ၊ ဦးခေါင်းပြတ်တွေ အများကြီးရှိနေတဲ့ ထူးထူးဆန်းဆန်းနေရာပဲ"

"အဲဒီလိုလူစားမျိုးရော အပြင်မှာရှိနိုင်မလား ... ငါးမြွေ"

"ရှိနိုင်တယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ရှားပါးပစ္စည်းပဲ။ အခြားအခြားနိုင်ငံတွေမှာ နွားမတန်းတစ်ကောင်ကို သုံးယောက်ထဲနဲ့ ကုန်အောင်စားတဲ့ လူရိုင်းတွေရှိတယ်"

"ဟုတ်ရဲ့လားဟ ... ငါးမြွေရ"

"ဟုတ်တယ် ... သူဌေး။ ကျွန်တော့်လက်ဦးဆရာ မုဆိုးကြီးဦးခြောက်ဆယ်ပြောလို့ သိရတာ။ သူက အင်္ဂလိပ်စစ်တပ်၊ ဂေါ်ရခါးစစ်တပ်မှာ အမှုထမ်းဖူးတယ်။ နိုင်ငံခြားစစ်ပွဲတွေမှာလည်း သွားရောက်တိုက်ခိုက်ဖူးတယ်။

အမေဇုန်လို့ခေါ်တဲ့ တောနက်ကြီးထဲက လူရိုင်းမျိုးနွယ်တွေဟာ အဝတ်အစား မဝတ်ကြဘူးတဲ့။ အသားကို အစိမ်းစားတယ်တဲ့။ သူတို့နယ်မြေထဲဝင်လာတဲ့ သူစိမ်းလူတွေကို ကျောက်ခေတ်သုံးလက်နက်တွေ၊ အဆိပ်လူးမြားတွေ၊ ထောင်ချောက်တွေအမျိုးမျိုးဆင်ပြီး တိုက်ခိုက်သတ်ဖြတ်တယ်တဲ့။ အရုပ်အမောင်းကလည်း အမြင့်ကြီးတွေတဲ့။ လူစိမ်းသူစိမ်း အရှင်ကိုမိလာရင် အရှင်လတ်လတ်ရင်ခွဲပြီး အူအသည်းကိုထုတ် အစိမ်းစားကြတာတဲ့"

"အမယ်လေး ... လေး ..."

"ပြီးရင် ဦးခေါင်းကို ဖြတ်ယူပြီး သူတို့ရွာထိပ်က နတ်စင်ညောင်ပင်မှာ တွဲလွဲဆွဲ ချိတ်ထားတာတဲ့ဗျာ"

"ငါတို့ ခုချိန်ကစပြီး သတိထားရတော့မယ် ငါးမြွေ။ ဒီခြေရာဟာ ရန်သူလား၊ မိတ်ဆွေလား ငါတို့မသိရဘူး။ ကင်းစောင့်ရင်၊ ကင်းလှည့်ရင် အထူးဂရုစိုက်။ ဟုတ်လား"

"ဟုတ်ကဲ့ပါ သူဌေး"

"သွားတော့ ငါပြောတာ မမေ့နဲ့နော်"

---

စိတ်ကူးသစ်စာပေ



"ဟုတ် ..."

သည့်နောက် အလုပ်သမားတွေက ဟိုနေ့က တူးလက်စ ကျင်းထဲက ရေတွေ၊ နွံတွေကို ပုံးတွေနဲ့ခပ်၊ ပြီး ရွှံ့တုံးတွေကို ကြိမ်တောင်းနဲ့ ထည့်ပင့်ပေးပြီး တူးကြ၊ သယ်ကြ လုပ်လိုက်ကြတာ လူတိုင်း ရွှံ့ရေတွေ ပေရေညစ်ပတ်ပြီး လူရုပ်မပေါ်ဘဲ ရွှံ့ရုပ်တွေဖြစ်ကြလို့။ ဒီအချိန်မှာ မုဆိုးငါးမြွေ သူ့ရှေ့ကနေ လင်းမြွေကြီးတစ်ကောင် ဖြတ်ပြေးလို့ အမြန်လိုက်ပြီး အမြီးဆွဲ ကိုင်ပေါက်လိုက်တာ လင်းမြွေ အကြောအဆစ်ပြုတ်ပြီး သေရော။ ဘယ်သူမှမရှိတုန်း လင်းမြွေသေကို မီးဖုတ်ပြီး အရေခွံကို ဆွဲခွာလိုက်တယ်။ မီးသင်းနံ့နဲ့ လင်းမြွေသားက မွှေးနေတာပဲ။ ဒါနဲ့ သူဌေးမသိအောင် ဝှက်ထားတဲ့ အရက်ပုလင်းကိုထုတ်ပြီး လင်းမြွေသားနဲ့ အမြည်းလုပ်သောက်စားပစ်လိုက်တယ်။ ခိုးစားရ သောက်ရလို့လားမသိဘူး မြိန်လိုက်တာ။ ငါးမြွေစားသောက်နေချိန်မှာ ရွှံ့ဗွက်ထဲမှာ အလုပ်သမားတွေက ချွေးရွှဲရွှဲနဲ့ တူးနေကြတုန်းပဲ။

"ဒုတ် ..."

"ဟော ..."

"ဒုတ် ... ဂုတ် ... ဒုတ် ..."

"ပေါ်ပြီနဲ့ တူရဲ့ဟေ့"

"အသာရှပ်တူး တူးကြနော် ... မောင်ဝိုင်းတို့၊ ပြေးတို့ရေ"

ရွှံ့ကျင်းထဲရောက်နေတဲ့ ပြေးနဲ့ ဝိုင်းက ငန်းပြားကြီးနဲ့ အသာအပေါ်ယံကို ရှပ်လိုက်ရော ...

"တွေ့ပြီ ... သူဌေးရေ ... တွေ့ပြီဗျ"

"ဟ ... ဟ ... ဝိုင်းရဲ၊ ပြေးရ ... ဘာတွေ့တာတုံးဟ"

"သေတ္တာဗျ ... သေတ္တာ"

"ဟေ ... သစ်သားသေတ္တာလား၊ ကျောက်သေတ္တာလားဟ"

"သစ်သားသေတ္တာဗျ ... ကျွန်းသေတ္တာကြီး"

"ဟော ... ဖြည်းဖြည်းလုပ်ကြဟ ... ငါ့လူတို့ရ ... အဟ ... ဟ ... ဟော ... ဟော ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံးစတွေ့တဲ့ ကျွန်းသေတ္တာကြီးကို ပုံပေါ်လာအောင် နံဘေးက ရွှံ့သား၊ မြေသားများကို ငန်းပြားနဲ့ ဖိဖြိုကော်ပစ်လိုက်ကြတယ်။ မကြာဘူး။ အပေါ်ကျွန်းသေတ္တာအဖုံးသားမျက်နှာပြင် ဖိဖိပြင်ပြင် ပေါ်လာတယ်။

ဒီအချိန်မှာပဲ ပင်လယ်ဒီရေ တဝုန်းဝုန်းတက်လာတဲ့ အသံကို အလုပ်သမားများရော၊ သူဌေး ဦးဗလကျော်ရော ကြားလိုက်ကြရတယ်၊ လပြည့်ရေမို့လား မသိဘူး ...

တဝုန်းဝုန်း တဝေါဝါနဲ့ လေဟုန်စီးပြီး တက်လာနေတာ။

ဒီရေက သင်ပေါင်းတောနဲ့ ဓနိတောထဲကို ဝင်လာသံ ကြားရ၊ မြင်နေရတယ်။ မကြာခင် သူတို့အလုပ်လုပ်နေတဲ့ နေရာကို ဒီရေက ရောက်လာပါရော။

"မောင် ... မောင် ... ပိုင်း ... မ ... မ ... တင် ... ဆွဲတင်လို့ မရဘူးလား ... ဟ ... ဟင်။ ရရင် မြန်မြန်ဆွဲတင်ကြစမ်းပါဟ"

"ရနိုင်တယ် ... သူဌေးရ။ နေဦး ကျုပ်တို့ ကြိုးဆိုင်းလိုက်ဦးမယ်"

ပြောရင်းကနေ ကျွန်းသေတ္တာကြီးတွေမှာ ဖောက်ချိတ်ထားတဲ့ လက်ကိုင်သံကွင်းဆက်များထဲကို မနီလာကြိုးထိုးထည့်ပြီး အပေါ်ကနေ ဝါးနက်ဝါးလုံးထမ်းပိုးနဲ့ ဟိုဘက်နှစ်ယောက်၊ ဒီဘက်နှစ်ယောက် အားစိုက်ထမ်းနေတုန်းမှာပဲ ...

"ဝုန်း ..."

"မြန်း ..."

ပင်လယ်ဒီရေက တက်လာပြီး ရပ်နေသူတွေကို တွန်းလိုက်တာ အားလုံးယိုင်သွားတယ်။ ဒါနဲ့အတူ ရွှံ့ရေများကလည်း သူတို့ဒူးဖော်မ,တင်နေတဲ့ ကျင်းထဲကို ဝင်လာရောတော့။

"မြန်မြန်မကြွပါဟ ... ဒီရေ တက်လာ ဝင်လာပြီဟေ့"

"ကျား ... ကျား ..."

"ယောက်ျား ... မ;ဟ"





"ဝုန်း ..."

"ဝုန်း ..."

"အား ... မလေးဗျ"

"ဟာ ... ဟာ ... အား ..."

"ဝုန်း ..."

"မြန်း ... မြန်း ..."

"အား ... သေပါပြီဗျ"

"ဟာ ... ဟာ ... မိကျောင်းတွေ၊ မိကျောင်းတွေ၊ ပြေး ... ပြေး ... ပြေး ..."

မောင်ပိုင်းတို့အုပ်စု အားလုံး ကျင်းထဲက ရှေးဟောင်းကျွန်းသေတ္တာကြီးကို အားကြိုးမာန်ကြိုး မ,လို့ ကြွလာတုန်း ရှိချိန်မှာပဲ ပင်လယ်ဒီရေနဲ့အတူ မိကျောင်းတွေပါ ပါလာပြီး ...

မိကျောင်းကြီးသုံးကောင်က ထမ်း,မနေတဲ့ ဒူးရေနစ်ပြုစ မောင်ပိုင်းတို့ကို ပြေးဟပ် ဆွဲချလိုက်တာ ...

ဦးစွာ မောင်ပိုင်းရဲ့ပေါင်ကိုကိုက်ပြီး ရေထဲဆွဲချလိုက်တာ ဘာမှ မတတ်နိုင်ခဲ့ဘူး။ မောင်ပိုင်း ရွှံ့ရေတောထဲကို တရွတ်တိုက်ပါသွားတယ်။ မောင်ပိုင်းရဲ့ ငယ်သံပါအောင် အော်လိုက်တဲ့အသံကို လျှပ်တစ်ပြက်ပဲ ကြားလိုက်ရတယ်။

ဒီနေရာကို မိကျောင်းဝင်လာမယ်လို့ လုံးဝထင်မထားဘူးလေ။ မောင်ပိုင်းကို မိကျောင်းကြီး ဆွဲသွားတော့ အားလုံး ဟန်ချက်ပျက်ပြီး ထမ်းလက်စ ရှေးဟောင်းကျွန်းသေတ္တာကြီး ရေထဲကျင်းထဲ ဝုန်းခနဲ ပြန်ကျသွားတယ်။

ဒီမှာပဲ နောက်ထပ်မိကျောင်းကြီးနှစ်ကောင်က တက်ရေနဲ့ ထိုးဝင်လာပြီး ကြီးမားတဲ့အမြီးနဲ့ ရိုက်ချလိုက်တာ မပြေးဘဲ ကြောင်ကြည့်နေတဲ့ မောင်ဒိုး၊ တင်ဌေး၊ ကျော်တူးတို့သုံးယောက် ငုတ်ပျောပင်ကို ခါးလယ်ကနေ ခုတ်ချ၊ ဖြတ်ချလိုက်သလို လွင့်စင်ပြုတ်ကျသွားတုန်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အစွယ်ဖွေးဖွေး မိကျောင်းကြီးနှစ်ကောင်ဟာ ကိုယ်လုံးကို လျင်မြန်စွာလှည့်လိုက်ပြီး မောင်ဒိုးနဲ့တင်ငွေရဲ့ ဦးခေါင်းကိုကိုက်ပြီးတက်နေတဲ့ ဒီရေထဲကို တရကြမ်းဆွဲချသွားတာကို သူဌေးဦးအောင်ဗလကျော်နဲ့ ကျန်အလုပ်သမားအချို့ ချောက်ချားဖွယ် မြင်လိုက်ရတယ်။

"ပြေး ...ပြေး ...ကုန်းပေါ်ကို တက်ပြေးဟေ့။ မြန်မြန်လုပ်ဟ ..."

"ငါးမြွေရေ ... ငါးမြွေ ..."

"ဟေ့ ... ငါးမြွေ ..."

မှဆိုးငါးမြွေ သူဌေးအသံကြားလို့ သောက်လက်စအရက်ပုလင်းကို ချပုတ်ကြားမှာဝှက်ရင်း အမြန်ပြေးလာလိုက်ရော ရှုံ့နှစ်တွေပေကျံပြီး တုန်လှုပ်ချောက်ချားနေတဲ့ အလုပ်သမားသုံးယောက်ကို ဦးစွာမြင်လိုက်ရတယ်။

"မောင်စိန် ... ဘာဖြစ်လို့လဲဟေ့"

"မိ ... မိကျောင်း ... မိကျောင်းတွေ ..."

"မိကျောင်းတွေ ဘယ်မှာတုံး ... မိကျောင်းက ..."

"ဟို ... နေ ... ရာ ... မှာ ... မောင်ဝိုင်းတို့ကို ... မိကျောင်းဆွဲ ... ဆွဲ ... သွားပြီ ... ကိုမြွေ ..."

"ဘာ ..."

သူ ရှေးဟောင်းပစ္စည်း တူးနေတဲ့နေရာကို ပြေးသွားတော့ လမ်းမှာ သူဌေးဦးအောင်ဗလကျော်ကို မောဟိုက်ပန်းလျ တုန်တုန်ရီရီနဲ့ တွေ့လို့ မေးရော။

"သူဌေး ... သူဌေး ..."

"အေ ...ဟေ ...ဟေ ...ရေ ...ရေ ...နည်း ...နည်း ..."

"သူဌေး ... မောင်ဝိုင်းတို့ကို မိကျောင်းဆွဲသွားလို့ဆို ...ဟုတ်လား"

"အင်း ...ဟင်း ...ဟူး"

စိတ်ကူးသစ်စာပေ



"ဘုရားရေ ...မိ ...မိကျောင်းရှိတယ်။ အခု ဘယ်နှယောက်မိကျောင်းအဆွဲခံရတုံး ...ဟင် ...ဟင်"

"သုံးယောက်"

"ဟာ ..."

မုဆိုးလမ်းပြငါးမြွေ သွားကြည့်တော့၊ စောစောက အလုပ်လုပ်နေတဲ့ နေရာဝန်းကျင်ကို ပင်လယ်ဒီရေက ဖုံးအုပ်သွားခဲ့ပြီလေ။

သူ မိကျောင်းများရဲ့ အစအနကို မမြင်ခဲ့ရဘူး။

ခုတော့ သဘောပေါက်လိုက်ပါပြီ။

ဒါ ဒီရေရောက်တဲ့နေရာ။ သင်ပေါင်းတော၊ ဓနိတော။ မိကျောင်းတွေ ခိုလို့ အောင်းလို့ ကောင်းတဲ့နေရာ။ ခုတော့ သူတို့အဖွဲ့သားတွေ မိကျောင်းစာ ဖြစ်သွားကြပြီ။

တိုတိုပြောရရင်ကွာ ...

အဲဒီ ရတနာပစ္စည်း ရှာဖွေတဲ့အလုပ်ကို ဘယ်သူမှ ဆက်မလုပ်ရဲကြဘူး။ သူဌေးဦးအောင်ဗလကျော်က အရင်းအနှီးစိုက်ထုတ်ထားရတဲ့လူဆိုတော့ မရပ်ချင်ဘူး။

ပစ္စည်းသေတ္တာကလည်း မြင်နေရပြီးသားလေ။

လောဘက ဒီရေတက်သလို တက်နေတာ။

အထဲမှာ ရွှေဒင်္ဂါးတွေလား၊ ငွေဒင်္ဂါးတွေလား၊ စိန်တွေ၊ မြတွေလား ပြောလို့မရဘူး။ အဲဒါ ရလိုက်ရင် ဆယ်သက်မက မဆင်းရဲတော့ဘူးကိုး။

"ငါလုပ်အားခကို သုံးဆတိုးပေးမယ်ကွာ၊ လုပ်ကြပါ"

"မလုပ်တော့ဘူး။ ကျုပ်တို့ပြန်မယ်"

"အဲလိုမလုပ်ကြပါနဲ့ ...ငါ့လူတို့ရာ။ ပစ္စည်းက မြင် ...မြင်နေရပြီဥစ္စာ။ ငါ ...ငါ ...ပစ္စည်းရရင် မင်းတို့ကို ခွဲဝေပေး ..."

"တော်ပြီဗျာ ...ကျုပ်တို့ ဒီမှာ မနေရဲတော့ဘူး။ ညဘက် နေလို့လည်းမရဘူး။ ကြောက်တယ်။ ပြန်မယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မောင်ဝိုင်းတို့ညတိုင်း လာလာခြောက်တယ်။ အိပ်လို့မရဘူး။ ဒီနေ့ပဲ ပြန်မယ်ဟေ့"

အလုပ်သမားတွေ ပြောချက်အရ ...

မောင်ဝိုင်းတို့သုံးဦးကို မိကျောင်းတွေဆွဲလို့ သေသွားတဲ့ညမှာပဲ မကျွတ်မလွတ်ဖြစ်နေတဲ့ မောင်ဝိုင်း၊ တင်ငွေနဲ့ မောင်ဒိုးတို့ ဘဝပြောင်း ဝိညာဉ်တွေက လာလာကိုယ်ယောင်ပြနေလို့ပဲ။

ခေါ်သံတွေ ကြားရတယ်။

ရိုးခနဲ ရိပ်ခနဲ မီးထိုးရင် တွေ့ရတယ်။

သူတို့အိပ်နေတဲ့ တဲတွေကို လာလာပုတ်နှိုးတယ်။

"သိုင်းရေ ... ဖိုးမောင်ရေ ... ချိုကြီးရေ ..."

အသံက မောင်ဝိုင်းရဲ့အသံ။ အဲဒါ သူတို့က မသေဘဲ ပြန်လာတယ်မှတ်လို့။ မီးတုတ်တွေထွန်းညှိပြီး အနီးဝန်းကျင်မှာ ဝမ်းသာအားရ ရှာကြတာ ဘယ်သူမှ မတွေ့ရဘူး။

နောက်ဆုံး ဒါ မောင်ဝိုင်းတို့ အစိမ်းသေဘဝနဲ့ မကျွတ်မလွတ် ဖြစ်ပြီး သူတို့သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်များရှိရာကို ပြန်လာနေတာလို့ သဘောပေါက်လိုက်တယ်။

ထူးဆန်းအံ့သြဖို့ကောင်းတာက အဲဒီညမှာပဲ သူတို့အားလုံးကို မောင်ဝိုင်းတို့သုံးယောက်က အိပ်မက်ပေး ပြောတာပဲတဲ့ဟေ့။

အိပ်မက်ထဲမှာ ...

မောင်ဝိုင်းတို့သုံးယောက်သား မိကျောင်းကိုက်တဲ့ဒဏ်ရာနဲ့ သွေး ခြင်းခြင်းရဲနေတယ်။ ရွှံ့ရေနဲ့သွေးရောပြီး ပေကျံနေတယ်။ သူတို့က မောင်သိုင်းတို့တဲရှေ့မှာ ရပ်နေကြတာ။

"မောင်သိုင်း ..."

"မောင်ဝိုင်း ... မင်း ... မင်းတို့ ... အခု ... အခု ... ဘယ် ဘယ်မှာလဲ ... ဟင် ... လာလေ ... ဝင်ကြလေကွာ ... လာပါ"

"မဝင်တော့ဘူး ... မောင်သိုင်း၊ ငါတို့ အခု ကျွန်းသေတ္တာ ကျင်းရှိတဲ့ ဒီရေတောမှာ နေကြတယ်။ မင်းတို့ကို ပြောစရာရှိလို့ လာတာ"





"ဘာ ... ဘာပြောမလို့လဲ ... ဟင် ... ဟင် ... သူငယ်ချင်း ဟင် ..."

"မင်းတို့ အမြန်ပြန်တော့။ ဒီနေရာကနေ ပြန်တော့"

"ပြန်ရမယ်"

"ဟုတ်တယ်"

"ငါတို့ ဒီဘီလူးခေါင်းပြတ်သချိုင်းတောအကြောင်း အခုသိတဲ့ ဘဝကို ရောက်နေကြပြီး ဟိုကျင်းဝန်းကျင်ကို မလာကြနဲ့။ ဆက်မတူးကြနဲ့။ တူးရင် အသေဆိုးနဲ့ သေလိမ့်မယ်။ ပြန်ကြတော့"

"အေး ... အေး ..."

"မောင်သိုင်း ..."

"ဘာတုံး ... မောင်ဝိုင်းနဲ့ကျော်ထူး ... ပြောလေသူငယ်ချင်း"

"ငါတို့သုံးယောက် ဘယ်အချိန်၊ ဘယ်ကာလအထိ အဲဒီ လူမရှိ သူမရှိတောထဲမှာ မကျွတ်မလွတ်ဘဝနဲ့ နေရမှာလည်းမသိဘူး။ ငါ့မိန်းမ နဲ့ ငါ့သားလေးကို ငါသတိရတယ် ... မောင်သိုင်းရယ်။ ငါတို့ ခုလိုဘဝ ဆိုးက လွတ်မြောက်အောင် မင်းတို့သူငယ်ချင်းတွေရော၊ ငါ့မိန်းမရော ကူ ညီကြပါလို့ ပြောပါရစေ၊ မှာပါရစေ သူငယ်ချင်းရယ် ... နော် ... နော်"

မောင်ဝိုင်းတို့သုံးယောက်က ငိုသံပါကြီးနဲ့ ပြောတော့ မောင်သိုင်း တို့ မျက်ရည်ပေါက်ပေါက် ကျခဲ့ရတယ်။ ဟိုးရွာမှာ သူ့မိန်းမနဲ့ သားငယ် လေး ကျန်ခဲ့တာကိုး။ မောင်ဒိုးနဲ့ တင်ငွေတို့ကလည်း နှမလေးတွေနဲ့ အမေ အိုကြီးတွေ ကျန်ရစ်ခဲ့ကြတာကိုး။

ကျန်ရစ်ခဲ့သူများ သူတို့သုံးဦး သေဆုံးသွားကြတာကို သိကြဦး မယ် မထင်ဘူး။

"ငါတို့ပြန်တော့မယ် ... မောင် ... သိုင်း ..."

"မောင် ... ဝိုင်း ... သူ ... ငယ် ... ချင်း ..."

"မောင်ချိုကြီး ... ငါတို့ပြောတာ မမေ့နဲ့နော်"

"သူ ... ငယ် ... ချင်း ... မောင်ဝိုင်း၊ တင်ငွေ၊ မောင်ဒိုး"

မောင်သိုင်းတို့က အသံကုန်အော်ခေါ်တယ်။ သွေးသံရဲရဲ ညစ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်ပေပေနဲ့ မောင်ပိုင်၊ မောင်ဒိုး၊ တင်ငွေတို့က သူတို့မိကျောင်းဆွဲခံရတဲ့ ဒီရေတောထဲ ပြန်လှည့်မကြည့်ဘဲ ပြေးဝင်သွားကြတယ်။

မိုးလင်းတော့ ဒီအိပ်မက်ဆန်းအကြောင်း သူတို့အချင်းချင်း ပြန်ပြောပြတော့ အိပ်မက်တွေက အံ့ဖွယ်တူညီနေကြတာကို သိရတယ်။

ဒါကြောင့် သူတို့ တူညီတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်၊ ဒီအလုပ်ကို ဆက်မလုပ်တော့ဘူး။

သူတို့ ... သူတို့သားမယားရှိရာကို ပြန်ကြမယ်။

အခု သူဌေးဦးအောင်ဗလကျော်က မပြန်ကြပါနဲ့၊ ဆက်အလုပ်လုပ်ကြပါ။ သေတ္တာကြီးကို ရအောင်ဖော်ပေးကြပါ။ ထိုက်ထိုက်တန်တန်ပေးပါမည်ဟု ဆိုလာသည့်တိုင် သူတို့ သူဌေးပေးသည့် မက်လုံးများကို အာရုံမကျတော့။ ဒါကြောင့် လုပ်အားခများရှင်းပေးပါရန် သူဌေးဦးအောင်ဗလကျော်ကို ပိုင်းပြောကြတယ်။

"တစ်ရက်နှစ်ရက် စောင့်ကြည့်ပါဦးကွာ။ ဒီရေကျတဲ့ လဆုတ်ရက်မျိုးကျရင် လုပ်လို့ရနိုင်မှာလေကွာ"

"ကျုပ်တို့ မလုပ်ဘူးနော်"

"ထပ်စဉ်းစားပါဦး ... မောင်သိုင်းတို့ရာ၊ ဟိုဟာ ရွှေသေတ္တာဖြစ် ..."

"ဘာသေတ္တာဖြစ်ဖြစ် ကျုပ်တို့မလုပ်ဘူး။ မောင်ပိုင်းတို့က အိပ်မက်ပေးတယ်ဗျ"

"ဘယ်လိုအိပ်မက်ပေးလို့တုံးဟ ... မင်းတို့ကလဲ"

"အဲဒီသေတ္တာကျင်းဝန်းကျင်ကို မလာခဲ့နဲ့၊ ဆက်မတူးနဲ့တဲ့"

"တူးရင် ဘာဖြစ်မတဲ့တုံး၊ လုပ်ပါဦး"

"အန္တရာယ်နဲ့ ကြုံရလိမ့်မယ်တဲ့"

"ဟား ... ဟား ... ဟား ... ဟား ... အိပ်မက်များ အဟုတ်မှတ်လို့ကွာ။ စားရက်ကြုံလို့ မှတ်ဆိတ်ပျားစွဲနေတာကို မောင်းထုတ်ပစ်ချင်နေတာကိုး။ မင်းတို့မသွားရဲရင် ငါသွားပြပေ့မယ်ကွာ ... ကြည့်နေပါ။ ငါသွားလို့ ဘာမှမဖြစ်ရင် မင်းတို့ ပြန်စဉ်းစားကွာ။ ဟုတ်လားဟေ့"





သူဌေးဦးအောင်ဗလက အဲဒီလို အလုပ်သမားများကို ပြောခဲ့ပြီး လမ်းပြမုဆိုး ငါးမြွေကို ခေါ်လာခဲ့တယ်။

လမ်းပြမုဆိုး ငါးမြွေလည်း ခပ်ကြောက်ကြောက်၊ ခပ်ရွံ့ရွံ့ဖြစ်နေတယ်။ ဘာလို့တုန်းဆိုတော့ ဒီတောထဲမှာ အရက်မသောက်ရဘူး၊ မြွေသတ်မစားရဘူးလို့ ရေကျော်အရပ်က ပယောဂဆရာကြီး ယောပြန်ဆရာခါးက ဒီသွားခါနီး မှာလိုက် ပြောလိုက်သေးတယ်လေ။

သို့သော် မုဆိုးလမ်းပြငါးမြွေက မယုံဘူး။

သူက အရက်ကြိုက်တယ်။ သူဌေးမသိအောင် ဖွက်ယူလာတယ်။ သူဌေးမသိအောင် မနေ့တုန်းက လင်းမြွေပါ သတ်ပြီး စားသောက်ခဲ့တာကိုး။ စားလို့သောက်လို့ ကောင်းနေ၊ အရသာရှိနေတုန်းမှာပဲ ...

မောင်ပိုင်၊ မောင်ဒိုးနဲ့ တင်ငွေတို့သုံးယောက်ကို အလုပ်လုပ်နေတုန်း မိကျောင်းဆွဲသွားတယ် သိရကြားရတော့ တုန်လှုပ်သွားခဲ့တယ်။

ယောပြန်ဆရာခါးပြောသလို သူစည်းဖောက်လို့ မှားလို့ ကံနိမ့်သူတွေ ခံရသလားပေါ့။ မဆိုင်ပါဘူး။ ဒါ တိုက်ဆိုင်မှုပါ။ မြွေသတ်အရက်သောက်တာ အဆန်းလုပ်လို့။ တောပိုင်တောင်ပိုင်တွေကို ဆဲရေးတိုင်းထွာနေတာမှ မဟုတ်ဘဲ။

ဝတ်လစ်စလစ် လျှောက်သွားနေတာမှ မဟုတ်ဘဲ။

ဒီနေရာမှာ လိင်တူချင်းရော၊ ဆန့်ကျင်ဘက်နဲ့ရော ဆက်ဆံနေတာမှမဟုတ်ဘဲ။ သွားစမ်းပါ။ ခုဟာက သေတ္တာကြီး မြင်နေရတယ်။ မ, လို့ ရနေတာတဲ့။ ဟိုကောင်တွေက ကြောင်လို့၊ ကြောက်လို့ မလုပ်ရဲဘူးတဲ့။

"မင်းနဲ့ငါ သွားလုပ်ကြည့်မယ် ... ငါးမြွေ"

"ကျုပ်တို့နှစ်ယောက်တည်း ဘယ်လိုလုပ် မ,တင်လို့ နိုင်မှာလဲ သူဌေး"

"မ,တင်စရာ မလိုတော့ဘူးလေကွာ"

"ဒါဆို ဘယ်လိုလုပ်"

"သေတ္တာရဲ့အဖုံးကို ရိုက်ခွဲဖွင့်လိုက် ရပြီပေါ့ကွ ... ငါးမြွေရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်တာပဲ သူဌေးရေ့ ဘာလို့အပင်ပန်းခံပြီး သေတ္တာကို မ,တင်နေရမှာတုံးဗျ ... နော ... ဟား ... ဟား ... ဟား ... ဟား"

"စောစောကတည်းက ဒီအကြံကိုရလိုက်ရင် ငါ့လူသုံးယောက် မိကျောင်းစာမဖြစ်တော့ဘူးကွာ ... တောက်"

"သွားစို့ဗျာ ... ရခဲ့ရင်တော့နော်"

"အေးပါကွာ ... ငါ ကတိမပျက်ပါဘူး ... ငါးမြွေရ"

သည့်နောက် သူတို့နှစ်ဦး ရဲတင်းကြီးတစ်လက်၊ ရေပုံးနှင့် ကြိုးများယူပြီး ဒီရေရောက်တောထဲကို အမြန်လှမ်းခဲ့ကြတယ်။

ရေကျချိန်မို့ မြေပြင်က ရှင်းလင်းပြီး ကျန်ရစ်ခဲ့တယ်။

ဓနိပင်နှင့် သင်ပေါင်းပင်များက သုတ်လေတဖြူးဖြူးကြောင့် ဘယ်ညာယိမ်းနွဲ့လို့။ ငါးမြွေက ရေပုံးနဲ့ရေများကို ခပ်သွက်သွက် ခပ်ထုတ်လိုက်တော့ မကြာခင် ရေကုန်သွားတယ်။ ရေကုန်သွားတော့ ကျွန်းသေတ္တာဟောင်းကြီးကို နှစ်ဦးသားမြင်လိုက်ရပြီး အလွန့်ကို ဝမ်းမြောက်ဝမ်းသာဖြစ်လို့ ရွှင်သွားလန်းသွားကြတာပဲ။

"သူဌေး ... ရဲတင်း ကျုပ်ကိုပေး"

"နေဦး ... ငါပါဆင်းခဲ့မယ်။ ရော့ ... ရဲတင်း။ ဖြည်းဖြည်းပေါက်ခွဲနော် ငါးမြွေ"

"စိတ်ချပါ ... ကျုပ်သိပါတယ်။ ကိုင်း ..."

"ဒုတ် ... ဒုတ် ... ဒုတ် ..."

"ဂွျတ် ... ဒုတ် ... ဂွျတ် ..."

ကျွန်းသေတ္တာအဖုံးက အတော့်ကို ထုပုံပဲ။ ရဲတင်းခုတ်ချက်ကြောင့် သစ်သားစတွေ တဖွားဖွား လွင့်စင်ကုန်တယ်။ အချက် နှစ်ဆယ်သုံးဆယ် ခန့်ခုတ်ပြီးရော သစ်သားစတွေကို လက်နှင့် နှစ်ဦးသား ဆွဲဖယ်လိုက်တယ်။

"ဟာ ..."

"ကော်ပြီကွ ... ငါးမြွေရ"

စိတ်ကူးသစ်စာပေ



ကြည့်စမ်း ... အဖုံးလည်း ပျက်ပြီး ပွင့်သွားရော ဦးဆုံးမြင်လိုက်ရတာက ရွှေဒင်္ဂါးဝင်းဝင်းတွေတဲ့ဟေ့။ သူဌေးဦးအောင်ဗလဆိုတာ ရွှေဒင်္ဂါးတစ်ချပ်ကို ကောက်ယူပွတ်ကြည့်ပြီး ဝမ်းကို သာနေတာပဲ။

ရွှေအစစ်ကွ ... ငါးမြွေရေ။

"ဘာစာလုံးရေးထားတာတုန်းဗျာ ... သူဌေးရ"

"မသိဘူးကွ။ မြန်မာစာမဟုတ်ဘူး၊ ပါဠိစာမဟုတ်ဘူး။ မြို့ရောက်မှ ပညာရှင်တွေကို ဖတ်ခိုင်းရမယ်။ ကိုင်း .. ရသမျှကို ရေပုံးထဲထည့်ဟေ့"

ရွှေဒင်္ဂါးတွေက အပေါ်ယံမှာပဲ ရှိနေတာ။ ခန့်မှန်းခြေ ရွှေဒင်္ဂါးပြားရေ တစ်ရာလောက်ရပြီးနောက် မြေခွေးတွေကို သွားတွေ့တယ်။ မြေခွေးတွေကို ဖယ်ပစ် ထုတ်ပစ်လိုက်ရော ...

"ဟာ ..."

"ဟ ... ဟ ... ဘာကြီးတုံးဟ ... ငါးမြွေရ"

"လူဦးခေါင်းခွံတွေဗျ ... သူဌေးရ"

"ဟေ ... လူဦးခေါင်းခွံ ... ဟုတ်လား"

"ဟုတ်တယ် ... အများကြီးပဲ"

"ဖယ်လိုက်စမ်း။ မြန်မြန်ဖယ်လိုက်စမ်း။ ခေါင်းခွံတွေရဲ့အောက်မှာ ဒင်္ဂါးတွေ ... ရှိ ... ရှိဦးမှာ ... ဟ ... ဟ ..."

ဒါနဲ့ ငါးမြွေက အလွန်ကြီးမားတဲ့ လူဦးခေါင်းခွံကြီးတစ်ခုကို မ,လိုက်တယ်။ ဘယ်လိုလူသားမျိုးရဲ့ ဦးခေါင်းခွံလည်း မသိဘူး။ အုန်းသီးအကြီးစား အခွံ့မကျွတ်ရသေးတာလောက် ရှိတယ်။ သွားကြီးတွေ မရှိတော့ဘူး။ မျက်ကွင်းက ဟောက်ပက်ကြီး။

အဲဒီဦးခေါင်းခွံကြီးတွေကို ကုန်းရှိရာ ပစ်တင်လိုက်ပြီး နောက်ထပ်ဦးခေါင်းခွံကို ဆွဲမ,လိုက်ရော ...

"ဟာ ... ဟာ ..."

"ဘာတုံးဟ ... ငါးမြွေရ ... ဘာတုံးဟ"

"မြန်မြန်တက်တော့ ... သူဌေး။ တောကင်းမြီးကောက်ကြီးတွေဗျ။ ဒီကောင်တွေ အဆိပ်ပြင်းတယ် မြန်မြန်တက်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ... ဒုက္ခပါပဲကွာ"

လက်သီးဆုပ်မကကြီးတဲ့ တောကင်းမီးကောက်ကြီးတွေဟာ သူတို့ရဲ့ အဆိပ်ပြင်းတဲ့ ရောမလက်မကြီးများကို ထောင်ပြီး လှုသံကြားလို့ အောက်ကနေ ဦးခေါင်းခွံများအပေါ် လှစ်ခနဲ ဖျတ်ခနဲ တိုးတက်လာကြပါရော။

ဒီတောကင်းမီးကောက်တွေက နေရာအနှံ့မှာ နေနိုင်သလို၊ သူတို့ ကိုက်ညှပ်လိုက်ရင် နေရာမှာတင် ပွဲချင်းပြီး သေရော။ ရေထဲမှာလည်း နေနိုင်တယ်။ ဟိုးကျင်းနက်ထဲရော ...

"မြန်မြန်တက်ပါဗျို့"

"တက်တာပဲကွ။ ချော်ချော်ကျနေတာ။ ငါ့ကို အရင်တွန်းတင်ပါဟ ... ငါးမြွေရ။ အပေါ်ရောက်မှ ဒဂါးပုံးကို လှမ်းပေး။ မြန်မြန်လုပ်ပါဟ။ ဟိုကင်းကြီးတွေ လာနေပြီ၊ လာနေပြီ"

ငါးမြွေ အကြောက်ကြီး ကြောက်လန့်နေတဲ့ ပေပေရေရေသူဌေးကို နောက်ကနေ ပင့်တွန်းတင်လိုက်ရော သူဌေးအပေါ်က မြေကြီးနှုတ်ခမ်းသားကို ဆုပ်ကိုင်လိုက်မိတဲ့အချိန် ...

"ဟာ ..."

"ဝုန်း ..."

"အား ..."

လျှပ်စီးလက်လိုက်သလိုပဲ သူဌေးကိုယ်ခန္ဓာ အပေါ်ကို မြောက်ပါသွားပြီး ထိတ်လန့်တကြားအော်သံကို ကြားလိုက်ပါလေရော။ ဒါနဲ့ ဘာများဖြစ်လို့ပါလိမ့်ဆိုပြီး သိချင်လို့ ရွှေဒင်္ဂါးပုံးကို အပေါ်ပစ်တင်ပြီး ရဲတင်းကြီးခါးကြားထိုး ရွံ့မြေနှုတ်ခမ်းသားကို ခြေနဲ့ထိုးကန်ပြီး တက်လို့ လတာပြင် (မြေပြင်) ကိုရောက်ရော ...

"ဝရော ..."

"ဝုန်း ..."

"ဖြောင်း ... အုန်း ... ဂွမ်း ..."

"ဟာ ..."





ရောမမိကျောင်းကြီးတစ်ကောင်ရယ်၊ ခနီပင် လတာဖွက်ကြားကနေ ဝရောခနဲ ပြေးလာပြီး ပြေးကိုက်တာ။ လျင်တဲ့ငါးမြွေက လှည့်ရှောင်လိုက်တုန်းမှာပဲ မိကျောင်းက ဖောင်းကြီးတဲ့ အမြီးတုတ်တုတ်ကြီးနဲ့ သူ့ခန္ဓာကို လှည့်ပြီး ရိုက်ချလိုက်တာရယ်။

အရှောင်လျင်မြန်ပေလို့။ နို့မို့ အရိုးပါ ညက်ညက်ကြေသွားနိုင်တယ်။ ငါးမြွေ လူးလိုမ့်လဲကျရင်းက ကုန်းထပြီး ခါးကြားကရဲတင်းကို ညာလက်နဲ့ဆုပ်ကိုင်လို့ ပြန်တိုက်ကွက်ကို မျက်စိလျင်လျင်နဲ့ကြည့် ရင်ဆိုင်လိုက်တယ်။

မဟုတ်မှလွဲရော ...

သူဌေးကိုလည်း မိကျောင်းဆွဲသွားပုံပဲ။ လတာပြင်မှာ ဆွဲချသွားတဲ့ စွတ်ကြောင်းကြီးကို မြင်ရတယ်။

"ဝုန်း ..."

"ဖြန်း ..."

မိကျောင်းက သူ့အမြီးရှည် တုတ်တုတ်ကြီးနဲ့ ရွှံ့တွေကိုရိုက်လိုက် ရွှံ့တွေအရပ်ရပ် လွင့်စင်ကုန်ပါရော။ ဒီမှာ ရွှေဒင်္ဂါးပုံးကို မိကျောင်းအမြီးနဲ့ ရိုက်မိပြီး ကျင်းထဲ အားလုံး ပြန်ကျသွားတော့တယ်။ ဒီမှာ မိကျောင်းက သူ့ကိုစိုက်ကြည့်ပြီး ရှေ့ကို နည်းနည်းရွှေ့လိုက်တယ်။

သည့်နောက် ရွှံ့ပြင်ပေါ်မှာ အမြီးကို ဘယ်ညာရွှေ့ပြီး ကစားနေတယ်။ သိလိုက်ပြီ။ ဒါ ပြေးခုန်ဟပ်မလို့ ဟန်ပြင်နေတာ။ ငါးမြွေပြေးရမည့်လမ်းက မိကျောင်းရဲ့ နောက်ကျောမှာ။ အဲဒါ ဒုက္ခ။

"ဝရော ..."

"ဝုန်း ..."

မိကျောင်းက အမြီးနဲ့ရွှံ့မြေကိုရိုက်ပြီး ပြေးအဟပ်မှာ ငါးမြွေ ညာဘက်ကို ခုန်ရှောင်လိုက်တယ်။ မိကျောင်းကလည်း အမြီးကြီးနဲ့ လှမ်းရိုက်တာ ငါးမြွေ ရွှံ့တွေပေကျံပြီး ပြေးလမ်းရှိရာကို မျက်နှာမူမိရော ...

တစ်ချိုးတည်း ပြေးတော့တာပဲ။

မိကျောင်းကလည်း တဝုန်းဝုန်း တဖြန်းဖြန်း ရွှံ့ပြင်ကို အမြီးနဲ့ ရိုက်ရင်း ပြေးလိုက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒရယ်တို့၊ သမင်တို့ ခုန်သလို အမြင့်ခုန်ခြေလှမ်းကျဲနဲ့ လှမ်းခုန်ရင်း ဒရကြမ်း ပြေးခဲ့လိုက်တယ်။ သူ စခန်းကိုပြန်ရောက်တော့ ဟပ်ထိုးလဲကျပြီး လုံးဝကို မေ့မြော သတိလစ်သွားခဲ့တယ်။

ငါးမြွေ သတိရလာလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ...

သူ့ဝန်းကျင်မှာ မောင်သိုင်းတို့အုပ်စုက စိုးရိမ်တဲ့မျက်လုံးတွေနဲ့ သူ့ကို ဝိုင်းကြည့်နေတယ်။ ဝမ်းလည်း သာသွားကြတယ်။

"ကိုမြွေ ...သ ...သ ...ဌေးရောဟင်"

"ကိုမြွေ ...သူဌေးရော"

"သ ...သ ...ဌေး ...သူဌေး ..."

"ဟုတ်တယ် ...ခင်ဗျားနဲ့ သူဌေး၊ အတူ ပစ္စည်းနေရာသွားကြည့်တာလေဗျာ။ အခု သူဌေးဘယ်မှာ ကျန်ရစ်ခဲ့တုံး"

"သူ ...သူ ...ဟိုး ...ဟို ...နေရာမှာ"

"ကျန်ခဲ့တာလားဗျ"

"သေ ...သေ ...သွားပြီ"

"ဘာ ...ဘာ ...ဘယ်လို ...သေ ..."

"သူ့ ...ကို ...မိ ...ကျောင်း ...ဆွဲ ...သွား ...တာ"

"ဟာ ..."

"အို ..."

"ကျွတ် ...ကျွတ် ...ကျွတ် ...ဖြစ်ရလေ သူဌေးရာ ...ဟူး"

"မသွားကြပါနဲ့လို့ ခင်ဗျားတို့ကို အတန်တန် တားသားဗျာ"

"လောဘပဲပေါ့လေ။ လောဘက သူ့ကို ခေါ်သွားတာကိုး"

"ကိုမြွေ ...ခင်ဗျားကရော ဘာဖြစ်လို့ ..."

ဒီမှာ မုဆိုးငါးမြွေက သူတို့ကြုံခဲ့ရတဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြတော့ အားလုံး အံ့သြခဲ့ကြသလို ကြက်သီးဖြန်းဖြန်းလည်း ထခဲ့ရတယ်။





"အခု ဘယ်လိုလုပ်ကြမတုံး ...ကိုမြွေ"

"ပြန်ကြစို့ ...ငါ့ညီတို့၊ ဒီနေရာကနေ မြန်မြန်ထွက်သွားနိုင်လေ၊ မင်းတို့ငါတို့ရဲ့အသက် ရှည်နိုင်လေပဲ။ နောင်ကို ဘယ်သူပဲခေါ်ခေါ်၊ ဘယ်ဈေးပဲပေးပေး ဟောဒီ ဘီလူးခေါင်းပြတ်သချိုင်းတောထဲကို လုံးဝမလာနဲ့။ ကိုင်း ...အထုပ်ပြင်ကြတော့။ ငါတို့ ခုချက်ချင်း ထွက်ကြစို့"

သည့်နောက် သူတို့အုပ်စု ရနိုင်ယူနိုင်သမျှ ပစ္စည်းပဲ သယ်ပိုးပြီး ကျန်ပစ္စည်းများကို စွန့်ပစ်ထားခဲ့လို့ သည်းထိတ်ရင်ဖိုစခန်းကနေ ခပ်သုတ်သုတ် ထွက်ခဲ့ကြတယ်။

သူတို့အမြန်သွားနေတုန်းမှာ နောက်ဘက်က ခြေလှမ်းလာတဲ့အသံတွေကို ကြားရတယ်။ လူကိုတော့ မမြင်ရဘူး။

ဒါနဲ့အတူ ဆိုးဝါးအော့အန်ရတဲ့ အပုပ်နံ့ကိုလည်း တစ်လမ်းလုံးရှူနေရတယ်။ ခြေသံတွေကလည်း လူမမြင်ဘဲနဲ့ကို ကြားနေရတယ်။

"မောင်သိုင်း ..."

"ဗျာ ...ကိုမြွေ"

"လိုက်လာတဲ့ခြေသံတွေ ကြားနေရသလိုပဲ"

"ဟုတ်တယ် ...သုံးလေးယောက် ခြေသံမျိုးပဲ။ လူလုံးတော့ မမြင်ရဘူး"

"မဟုတ်မှလွဲရော မောင်ဝိုင်းတို့၊ သူဌေးတို့ရဲ့ မကျွတ်မလွတ်ဝိညာဉ်တွေ လိုက်လာရော့သလားမသိဘူး"

"ခေါ်သွားကြမလားဟင် ...ကိုမြွေ"

"လိုက်ခဲ့ကြလို့ ခေါ်ပါပြီတဲ့။ ငါတို့အရပ်ကိုရောက်ရင် သူတို့ကို ဘယ်နေရာမှာ ထားမှာတုံး"

"မ ...မသိဘူး"

"မင်းအိမ်ရှေ့မှာ ထားမှာလား"

"ဟာ ...ဘယ်ဖြစ်မှာတုံးဗျာ"

"မောင်ချို ...မင်းအိမ်ရော"

"မ ...မလုပ်ပါနဲ့ ...ကိုမြွေရာ၊ ကျုပ် မခေါ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့သားမယားအိမ်ကို လွှတ်လိုက်ရင်ရောဗျာ"

"ဒါက ငါတို့အလုပ်လည်း မဟုတ်တော့ဘူး။ သေသူဝိညာဉ်ရဲ့ သဘောပဲ။ ငါတို့လုပ်ပေးရမှာ တစ်ချက်ပဲရှိတယ်"

ဒီမှာ မုဆိုးကိုမြွေက ခဏရပ်ပြီး တစ်တောလုံးကြားအောင် အော် ပြောလိုက်တယ်။

"မောင်ဝိုင်းတို့ရေ ... ငါတို့ပြန်တုန်း၊ အခုလိုလိုက်ပို့တာ အများ ကြီး ကျေးဇူးတင်တယ် ... သူငယ်ချင်းတို့ရေ၊ မင်းတို့လည်း သွားလိုရာ သွား၊ နေလိုရာမှာ နေကြပေရော့ ... သူငယ်ချင်းတို့ရေ၊ တို့များ ကုသိုလ် ကောင်းမှုလုပ်တိုင်း မင်းတို့အားလုံးကို ... မင်းတို့ကို အမျှပေးဝေပါမယ် ရောက်ရာ ကြားရာအရပ်ကနေ သာဓုခေါ်ကြပါ သူငယ်ချင်းတို့။ သွားပြီ မောင်ဝိုင်းရေ"

မုဆိုးကိုမြွေက ဒီလိုလည်း အော်ပြောရော ...

မောင်သိုင်းတို့အုပ်စုကလည်း ချက်ချင်း သဘောပေါက်သွားကြ တယ်။ သည့်နောက် လက်ဝါးနှစ်ဖက်ကို ပါးစပ်မှာ ဟွန်းလိုလုပ်ပြီး အသံ ကျယ်ကျယ်နဲ့ အော်လိုက်ကြတယ်။

"မောင်ဝိုင်းရေ ... တို့ပြန်ပြီ၊ သူငယ်ချင်းရေ"

"လိုက်ပို့ပေးတာ ကျေးဇူးပဲ ... မောင်ဒိုးရေ"

"တင်ငွေရေ ... အမျှ ... အမျှ ... အမျှ ... သူငယ်ချင်း ရေ"

အားလုံးက တစ်ယောက်တစ်လှည့် မမြင်ရသည့်လူများကို ဝိုင်း အော်နှုတ်ဆက်ကြတယ်။ နှုတ်ဆက်ရင်းမှာပဲ သူတို့မျက်လုံးအိမ်မှာ မျက် ရည်လုံးတွေ စီးခိုလိမ့်ကျလာကြတယ်။

လာတုန်းက အတူတူလေ။

နောက်ဟယ်၊ ပြောင်ဟယ်၊ ရယ်စရာတွေ ပြောကြ၊ မရှိအတူ ရှိအတူ မျှဝေစားကြ၊ ညဘက် လူစုရင် ဘဝရှေ့ရေးကို တွေးကြ ပြောကြ တိုင်ပင်ကြ။

---

စိတ်ကူးသစ်စာပေ



အခု သူတို့ကို ဒီတောနက်ထဲမှာ ဒီရေတောမှာ ထားခဲ့ရပြီး သူ တို့အားလုံး မျက်ရည်စို့ရွဲနဲ့ နောက်ပြန်လှည့်ကြည့်လုပ်ရင်း ရှေ့ကို တရွေ့ ရွေ့ သွားနေစဉ်မှာပဲ ...

"မောင်သိုင်းရေ ..."

"မောင်သိုင်းရေ ..."

"ငါးမြွေကြီးရေ ..."

"မောင်ချိုရေ ..."

အလို ... ဟိုနောက်ဘက် တောအုပ်ဆီက ခေါ်သံတွေပါလား။ သူတို့ တုံ့ခနဲ ငြိုင်တွေရပ်လိုက်ပြီး နောက်ပြန်လှည့်ကြည့်လိုက်ကြတယ်။

ခပ်ဝေးဝေးမှာ ဝိုးဝိုးဝါးဝါး လူရိပ်သဏ္ဍာန်လိုမျိုးတွေကို မထင် မရှား မြင်ရတယ်။

ဝိုးဝိုးဝါးဝါး မထင်မရှား လူရိပ် လူပုံသဏ္ဍာန်အချို့က မိမိအုပ်စု ကို ရပ်ကြည့်နေသလိုလို၊ လက်ပြနေသလိုလို။

ကိုမြွေနဲ့ မောင်သိုင်းတို့က လူလား၊ လေလှုပ်ချုပ်တ်လား မခွဲခြား နားနိုင်သည့် အဝေးက ခပ်လှုပ်လှုပ်များကို လက်ပြနှုတ်ဆက်လိုက်တယ်။

အဝေးကပုံရိပ်တွေက ဝေးလို့ဝေးလို့ သွားနေသလို၊

သူတို့အုပ်စုကလည်း ဘီလူးခေါင်းပြတ်သချိုင်းတောကြီးကို ကျော နိုင်းပြီး ချစ်သူရှိရာ၊ ဇနီးရှိရာ၊ သားသမီးတို့ရှိရာ၊ မိဘ၊ ညီအစ်ကိုမောင်နှမ များရှိရာကို ဦးတည်ရည်မှန်းပြီး ခြေလှမ်းတွေကို ခပ်သုတ်သုတ်လှမ်းခဲ့လိုက် ကြတယ်။

ဘီလူးခေါင်းပြတ်သချိုင်းတောရဲ့ အပြင်ကိုရောက်မှ သက်ပြင်းချ နိုင်တော့တယ်။ သက်ပြင်းချနိုင်ကြပေမယ့် ရင်မောစရာက ရင်ထဲကို ဝင် လာတယ်။ မောင်ဝိုင်းတို့၊ တင်ငွေတို့၊ မောင်ဒိုးတို့ဇနီး၊ သားသမီး၊ မိဘများ က သူတို့လင်၊ သူတို့သား၊ သူတို့မောင်တွေရော ဘယ်မှာကျန်ရစ်ခဲ့ကြတုန်း လို့ အသံတုန်တုန်နဲ့မေးရင် မိမိတို့ ဘယ်လိုဖြေရပါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

## ဖျတ်ဝင်ပြီး ပျံလွန်တော်မူတဲ့ ရသေ့ကြီး

❑

စာရေးဆရာတို့ရေ အဲဒီဘီလူးခေါင်းပြတ်သချိုင်းအကြောင်း၊ တော အကြောင်း များပြောရရင် ကုန်ကို မကုန်နိုင်ပါဘူးဗျာ။

နောက်ပိုင်းမှာ အလျဉ်းသင့်ရင် ဘီလူးများအိပ်မက်ပေးလို့ ဒီ တောထဲ ကိုးတောင်ပြည့်စေတီလာတည်တဲ့ ရန်ကုန်၊ ကြည့်မြင်တိုင်သား ဦးလှရှည်ဆိုတဲ့ လူအကြောင်း အလျဉ်းသင့်ရင် ပြောသွားမယ် သိလား။

ဒီလောက်ဆိုရင် ဘီလူးခေါင်းပြတ်သချိုင်းတောရယ်၊ ကျွန်တော်တို့ တဲ့ တောင်ယာကုန်းရွာရယ်၊ မိုးသံကြားရင် ငါးတက်တဲ့ ငါးတက်ကုန်းရွာ အကြောင်းကို အခြေခံမှတ်မိရောပေါ့ဗျာ ... နော။

သရဲတစ္ဆေ ခြောက်လှန့်လွန်းလို့ ဒီနေရာကို ဘယ်သူမှ နေ ညည အဖော်အုပ်ကြီးမပါဘဲ မသွားရဲဘူး။

ညညကျရင် အဲဒီတောအုပ်ဖက်ကနေ ရင်ထုငိုတဲ့အသံတွေ ကြား သူ ကြားရတယ်။





ပြီး ... တောထဲမှာ ဘယ်သူနေနေကြမှန်း မသိဘူး။ တစ်ခါတစ်ရံ နေဝင်ဖျိုးဖျမှာ တောအုပ်ကောင်းကင်ပေါ်ကို မီးခိုးလုံးတွေ၊ မီးခိုးငွေ့တွေ အလုံးလိုက်၊ အဆုပ်လိုက် တက်တက်လာတာကို မြင်ရတယ်။

အံ့ဩဖို့ကောင်းတာက ...

တောအုပ်ပေါ်ကို တလိပ်လိပ် ထိုးတက်နေတဲ့ မီးခိုးလုံး၊ မီးခိုးလိပ်များရဲ့ ပုံသဏ္ဌာန်က ဘီလူးမျက်နှာ၊ ဘီလူးခေါင်းပုံကြီးတွေ ဖြစ်ပေါ်နေတာကို ထူးဆန်းအံ့ဩဖွယ် မြင်ရတာပဲဗျ။

တစ်ချက်တစ်ချက် သန်လျက်ထမ်းနေတဲ့ပုံ၊

တစ်ခါတစ်ခါ ဘီလူးပန်းစိုက် ကနေတဲ့ပုံ၊

တစ်ခါတစ်ရံ ဘီလူးမကြီးက သူ့သားကို နို့တိုက်နေတဲ့ပုံ။ ဘီလူးခေါင်းတွေ လေထဲစီးမျောနေပုံ စတဲ့ ပုံသဏ္ဌာန်အမျိုးမျိုးကို ရွာသူရွာသားများ ရပ်ကြည့်ရင် မြင်ရတယ်။

"အဲဒီဘီလူးတွေ သေလို့ မီးသဂြိုဟ်နေတာလား မသိဘူး"

"မဟုတ်နိုင်ပါဘူးဟာ၊ သစ်တောမီးလောင်လို့ နေမှာပေါ့"

"မီးလောင်ရင် မီးတောက် မြင်ရမှာပေါ့တော့"

"တောမီးများလားမှမသိဘဲ"

"အို ... ဟိုမှာ မြင်တယ်မဟုတ်လား။ ဘီလူးရုပ်အမျိုးမျိုး မီးခိုးလုံးထဲမှာ ပေါ်နေတာ"

"ဟုတ်မဟုတ် သေချာအောင် သွားကြည့်ပါလား ... သိတာမြင့်ရယ်"

"အိုတော် ... ကိုယ့်ဘာသာ ကိုယ့်မယားခေါ်ပြီး သွားပြေးကြည့်ပါလား ... ကိုညိုတုတ်ရယ်။ ဟွန်း ... ငါ့များ သွားကြည့်တဲ့ ... ကာလနာကြီး"

အဲဒီလိုဖြစ်စဉ်မျိုးကို လကွယ်နေ့ ညနေစောင်းမှာ မြင်ရလေ့ရှိတယ်။

ကုန်ကုန်ပြောရရင် ကျွဲတွေ၊ နွားတွေ အဲဒီတောထဲကို ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



ရင် လုံးဝကို ပြန်ထွက်မလာတော့ဘူး။ ကျွဲနွား၊ အော်သံတော့ ကြားရတာပဲ။ သတ္တိကောင်းတဲ့သူတွေစုပြီး လိုက်ရှာလည်း လုံးဝမတွေ့ရဘူး။

အချို့ ကျွဲတွေ၊ နွားတွေ ... အဲဒီ ဘီလူးခေါင်းပြတ်သချိုင်းတောစပ်မှာ ခြေရှုည်ပြီး မြက်သွားစားရင် ...

အုန်း ... ဖိုင်း ... ဝုန်းဒိုင်းရိုက်သံလိုမျိုး အသံကြားရပြီး အမြီးထောင်လို့ အော်ပြေးကြရောဗျာ။

ဘယ်သူရိုက်မှန်း မသိရဘူး။ လန့်အော်ပြေးသမျှ နွားတွေ မြိုင်ထရင်း ရွေ့ကိုပြေးတာထက်သာသေးဗျာ။

အဲဒီတောစပ်နားက လယ်ကွက် ယာကွက်မှာ လယ်လုပ်ယာလုပ်သူများကတော့ စားဦးစားဖျားလေး တင်မြှောက်ပသစွန့်ကြပြီး စောင့်ရှောက်ပါ၊ မခြောက်ပါနှင့်၊ မလှန့်ပါနဲ့လို့ နေ့စဉ်ပြောဆို မေတ္တာရပ်ခံကြရတယ်။

အဲဒီကျတော့ရော အဆင်ပြေကြရဲ့လား ... ဘရန်ကုန်"

"ပြေတဲ့လူ များပါတယ်။ ကျုပ်တို့လယ်သမား အများစုကတော့ မိုးရိုးဖလာ ဓလေ့အတိုင်း စားဦးစားဖျားဆို ကွင်းပိုင်ကြီးမြှောက်ပြီးမှ စားကြတာ များတာကိုး"

"အခု ဒီလို ချောက်ချားစရာ၊ အံ့သြကြောက်မက်ဖွယ်ရာကောင်းတဲ့ ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောကြီးထဲကို ခြေထောက်နင်းထောက်နင်းနဲ့ ရသေ့အိုကြီးတစ်ပါး သပိတ်ကြီးလွယ်လို့ ဝင်သွားတာကို မြင်ရတော့ မြင်ရသူတိုင်း စိုးရိမ်ကြတယ်။

"ရသေ့အိုကြီး ... ဟိုတောထဲကို ဝင်သွားတယ်"

"အဲဒါ ဘယ်လိုလုပ်ကြမတုံးဟင်"

"ကိုရန်ကုန်တို့၊ ကိုသာစည်တို့ သွားတားကြပါတော်"

"ဟ ... ရသေ့ကြီးက တောထွက်အမိဋ္ဌာန်ဝင်ဖို့ လာတာဖြစ်နေရင် ငါတို့က ပိတ်ပင်တားဆီးသူဖြစ်ပြီး ငရဲကျနေမှာပေါ့ဟ"

"ဒါဆို ဘယ်လိုလုပ်မတုံးတော်။ တော်ကြာ ဒုက္ခဖြစ်နေမှ"

"သူလည်း ဒီတောအကြောင်း မသိဘဲနဲ့ လာမှာလားဟ"

"အသက်ကြီးပြီ မဟုတ်လားရှင်"





"ဟဲ့ ... သီတာမြင့်ရဲ့၊ ဒါ လူမိုက်လူဆိုး မဟုတ်ဘူး။ ရသေ့ရဟန်း သူတော်စင်အလုပ် လုပ်နေသူ။ နားလည်လား"

"ဒီ ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောက အဲဒါ နားလည်မှာလား တော့်"

"စောင့်ကြည့်ကြသေးတာပေါ့ဟာ"

ရွာသူရွာသားများက စိုးရိမ်ပူပန်ကြပါတယ်။ ပြီး ဒီလိုကြမ်းတဲ့နေရာကို တစ်ယောက်တည်း သွားနေရဲတာကိုလည်း အံ့သြကြပါတယ်။ အဲဒါ စောင့်ကြည့်နေလိုက်တာ နှစ်ရက်လောက်ကြာသွားခဲ့တယ်။

အလိုလေး ... အံ့သြစရာပါပဲလား ဆရာရေ။

မနက်လည်း မိုးလင်းပြီးရော ဟိုရသေ့အို ထောနင်းကြီးခမျာသပိတ်ပောင်းကြီးကို လွယ်ကြိုးနဲ့ လည်မှာသိုင်းပြီး ကျုပ်တို့ရွာထဲ ဆွမ်းခံကြွလာတာ မြင်ရရော။

အို ... တစ်ရွာလုံး ဝမ်းသာကြတာပေါ့ ဆရာရယ်။

"မိဂျမ်းတို့၊ မြအေးတို့ရေ ... ရသေ့ကြီး ဆွမ်းခံဝင်လာသဟေ့"

"ဟယ် ... ဟုတ်ရဲ့လား ... မဲတော"

"ဟိုမှာလေ ..."

"ဟောတော့ ... ဘရသေ့ကြီး ဘာမှမဖြစ်ဘူးတော်"

"ငါတို့ ဒီတစ်ပါးပဲ အသက်ရှင်နေတာ မြင်ဖူးတယ်ဟေ့"

"ဘယ်လိုရသေ့ကြီးလည်း မသိဘူးဟဲ့"

"စောင့်ကြည့်ဖို့တော့ လိုသေးတာပဲအေ"

အဲဒါ ဝမ်းသာလွန်းလို့ ဆွမ်း၊ ဟင်းများ ထွက်လောင်းကြတယ်။ ကျုပ်တို့ရွာမှာ ဘုန်းကြီးရဟန်းဆိုလို့ ဟိုးရွာတောင်ဖျားက ရွှေညောင်ပင်ကျောင်း ဘုန်းကြီးကြီးတစ်ပါးနဲ့ ကပ္ပိယကြီးပဲ ရှိတာကိုး။

လောင်းလိုက်ကြသမှ သပိတ်ကို ပြည့်သွားတာပဲ။

ဟင်းကတော့ တောဟင်းမျိုးစုံပေါ့ ဆရာရယ်။ ကန်စွန်းရွက်ကြော်၊ ချဉ်ပေါင်ကြော်၊ မျှစ်ကြော်၊ ပုစွန်ကြော်၊ ခဝဲသီးဟင်း၊ ကြောင်လျှာသီးဟင်း၊ မုန်လာဥ၊ ဘဲဥ စသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပန်းကန်နဲ့ ဟင်းရော၊ ဆွမ်းရောကို လှုံနေတာပဲ။

ဒါနဲ့ ကျုပ်တို့ ရွာသူရွာသား လူကြီးသူမများက ဝိုင်းမေးကြတယ်။

"ဘုရားသခင် ..."

"ဘာတုံး ..."

သူက သံပြတ်ကြီးနဲ့ ဘာတုံးတဲ့။

"ဘုရားသခင့်ဘွဲ့အမည်က ဘယ်လိုခေါ်သတုံး"

"ခေါ်ချင်သလိုသာ ခေါ်ကြ"

"ဟာ ... ဘုရားသခင့်ကလည်း ဘွဲ့အမည်တော့ ရှိမှာပေါ့ဗျာ"

"အမည်မှန်သမျှ ပညတ်ချည်းပဲကွ"

"ညတ်လည်းညတ်၊ မညတ်ချင်လည်း ညတ်ပေါ့ဗျာ။ ဘုရားသခင့် အမည်လေး ခေါ်လို့ကောင်းအောင် မိန့်ခဲ့ပါဘုရား"

"ဘုရားသခင့်ခေါ်လည်း ပြီးတာပါပဲကွာ"

"ကောင်းပါပြီဗျာ ...။ ဒါဆိုလည်း ဘုရားသခင့်လို့ ခေါ်ရမှာပေါ့၊ ဒါနဲ့ ဘုရားသခင့်က ဘယ်အရပ်ကများ ကြွလာတာပါတုံး ဘုရား"

"ပုပ္ပားက ..."

"ပုပ္ပားက ဟုတ်လား"

"ဇင်းကျိုက်က ..."

"ဗျာ ..."

"ကေလာသက ..."

"ဗျာ ... ဗျာ ..."

"မြစိမ်းတောင်က ..."

"အလိုလေး ... နေရာများလှချည်လား ဘုရာ"

"မင်းတို့နားထောင်နိုင်ရင် ငါကြွလာတဲ့နေရာ အများကြီးရှိသေးတယ်။ ကိုင်း ... ဒါပဲလား၊ ငါပြန်ကြွမယ်။ ဖယ်ကြ"

"ဘ ... ရသေ့ ..."

စိတ်ကူးသစ်စာပေ



"ပြော ... ဘာတုံး ... တိုတိုပြောကြကွာ"

"ခုနေတဲ့ တောကုန်းမှာ မနေပါနဲ့ ဘုရားသခင့်ရယ်"

"ဘာတုံး ... မင်းတို့ဒကာကြီးတို့ ရွာသူကြီးတွေက ကျုပ်လာနေတာကို မကြိုက်မနှစ်သက်လို့ နှင်နေကြတာလား"

"ရွာလူကြီးတွေ မကြိုက်မနှစ်သက်လို့ မနေစေချင်လို့ မဟုတ်ပါဘူး ...ဘုရား။ အခု ဘုရားသခင့်နေတဲ့ တောကြီးကုန်းက အလွန်ကို မြေကြမ်းတဲ့ ကုန်းကြမ်း၊ မြေကြမ်း အရပ်နေရာမို့ပါ ဘုရား"

ဒီလို ကျုပ်တို့ ရွာသူကြီး ဦးကျောက်ဖားတို့ကပါ ဝိုင်းပြောမြွှောက်ကြတယ်။ ရွာသူရွာသားများကလည်း ဝင်ပြောကြတယ်။

"မြေကြမ်းရအောင် ဘာကုန်းမို့လို့တုံး။ ကျောက်စရစ်ကုန်းလား၊ ဂဝံကုန်းလား၊ လိပ်သဲကျောက်ကုန်းလား"

"အဲဒါ ... ဟို ... ဟို ... ဘီလူးခေါင်းပြတ် သချိုင်းကုန်းကြီး ဘုရား"

"ပညာသည်တို့၊ သိုက်ဆရာတို့တောင် ဒီကုန်းပေါ်မှာ၊ တောထဲမှာ တစ်ညအိပ် နေလို့မရဘူး ဘုရား"

"ပြောပါဦး ... ဒါပဲလား"

"တစ်ခါတုန်းက အင်္ဂလိပ်သစ်တောအရာရှိတစ်ဦးနဲ့ မုဆိုးတစ်ဦးတို့ အင်္ဂလိပ်ခေတ်တုန်းက ဒီတောထဲမှာ အမဲလိုက်ကြတယ်ဘုရား။ နှစ်ယောက်စလုံး ပြန်မထွက်လာကြဘူးဘုရား။ လက်စကို ပျောက်သွားတာပါဘုရား"

"ကိုကြက်တွန်ရဲ့ ကျွဲကြီး ဒီတောထဲဝင်သွားတယ်။ နေဝင်လို့ အိမ်ပြန်မလာဘူး။ နောက်နေ့ လူစုလိုက်ရှာတော့ အရိုးနဲ့ခေါင်းပဲ တွေ့ရတယ်ဘုရား"

"ဘယ်လိုကြောင့်တုံးကွယ့်"

"ဘီလူးခေါင်းပြတ်သချိုင်း နေရာဟောင်းဥစ္စာ။ ဘီလူးတွေ စားလို့ပေါ့ ဘုရား"

"ဘီလူးတွေက မင်းတို့ရှေ့မှာ ဝန်ခံလို့လား"

"အားလုံးအသိသာကြီးပါဘုရား။ လူတိုင်း သိကြပါတယ်ဘုရား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟော ... ဟိုမှာ ရွာလူကြီးဦးကျော်ဖား လာနေ သဟေ့"

"အဘ ..."

"အိမ်း ... အလို ဘရသေ့ ဒီနေ့ဆွမ်းခံကြွတယ်လား ဘုရား။ ဒါနဲ့ ဘာတွေများ မင်းတို့က ဘရသေ့ကို ပြောနေကြသတုံးဟ"

"ဟို ... ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောထဲမှာ မနေဖို့ ပိုင်း ပြောနေတာ ... သူကြီးရေ"

"ငါတော့ အဲဒီနေရာလေး သဘောကျတယ် ... ဒကာတို့ရဲ့"

"ဘာ ... ဘာ ... ဖြစ်လို့ပါလဲ ... ဘု ... ရား ..."

"အဲဒီနေရာက လွတ်လပ်တိတ်ဆိတ်ပြီး ပြဿနာမရှိလို့ပဲကွယ့်"

"ဘရသေ့ ... ဒီတော ဒီမြေကြမ်းကြီးအကြောင်း မသိသေးလို့ ပါဘုရား။ ဘရသေ့အတွက် စိုးရိမ်လွန်းလို့ လျှောက်ရတာပါဘုရား"

"တစ်ခါတုန်းကလည်း ရွာသူလင်မယားနှစ်ယောက် ထင်းမရှိလို့ အဲဒီတောထဲဝင်ပြီး ထင်းခုတ်သွားတယ်ဘုရား။ မရှိသေ့စကားဘုရား။ တော ထဲမှာ ထင်းခုတ်ပြီး နားနေချိန် ဟိုဒင်းအတု ပြုကြပါသတဲ့ဘုရား"

"ဟဲ့ ... မိနားကပ်ရဲ့။ နင်ကလည်းလေ ရသေ့ရဟန်းကို ..."

"အို ... အဘကျော်ကလည်း ရှောင်နိုင်အောင် ကြိုပြီး ပွင့် ပွင့်လင်းလင်း ပြောရဦးစွာ။ ကန်တော့ပါဘုရား။ အဲဒါ ကိစ္စလည်းပြီးရော နှစ်ယောက်စလုံးကို မြွေကိုက်ပါလေရောဘုရား။ လင်လုပ်သူကတော့ တော ထဲမှာ ပွဲချင်းပြီး သေသွားတယ်။ မယားလုပ်သူကတော့ နောက်ပိုင်း အကြောဆွဲပြီး မျက်လုံးကွယ်ခဲ့တယ်ဘုရား။ ပြောရရင် အဲဒီကုန်းက လူ ကောင်းရော၊ လူမကောင်းရော နေလို့မသင့်တဲ့ တောကုန်းပါဘုရား"

"ဒါဆို ငါက ဘယ်မှာနေရမှာတုံး။ ပုပ္ပားပြန်ရမှာလား။ ဖွဲကပင် တောင်တို့၊ ဆင်ဖြူတောင်တို့မှာ သွားနေရမှာလား"

"တပည့်တော်တို့ ရွာအနီးဝန်းကျင်မှာ နေပါလားဘုရား။ ဘရသေ့ နေမယ်ဆိုရင် တစ်ပါးကျောင်းသခ်မ်းလေး တပည့်တော်တို့ရွာက ဆောက် လုပ်လှူဒါန်းပါ့မယ်ဘုရား"





"ကျုပ် ... လူတွေ ... အထူးသဖြင့် မာတုဂါမတွေနဲ့ နီးနီးဝန်း ကျင်မှာ မနေလိုဘူး ... ဒကာကြီးတို့။ အဲဒီကုန်းမှာပဲ နေပါရစေ"

"စဉ်းစားပါဦးဘုရား"

"စဉ်းစားပြီးမှ ကျုပ် တစ်ပါးဝါးကျောင်းဆောက်ပြီး နေတာပါ"

"တားလို့မရရင်လည်း ဘရသေ့ သဘောပါပဲဘုရား။ သို့သော် အန္တရာယ်အခက်အခဲ အနှောင့်အယှက်များနဲ့ ကြုံကြိုက်ရပြီဆိုခဲ့လျှင် အချိန် မရွေး ပြောပါ မိန့်ပါဘုရား။ တပည့်တော်တို့ဘက်က အရှင်ရသေ့ကြီးအတွက် အားလုံး အသင့်ပါပဲဘုရား"

"သာဓုဗျာ ... သာဓု ... သာဓု ..."

တားလို့မှ မရဘဲကိုး။ အကြောင်းသိနေလို့ ပြောဆိုမေတ္တာရပ်ခံ လည်း မရတော့။ သူ့ထိုက်နဲ့သူ့ကံ ရှိစေတော့လို့ ဥပေက္ခာထားလိုက်ရ တယ်။ ဟော ... ဘာကြာလိုက်တုံး။ ပြဿနာ စဖြစ်ပါရော။

ဗုဒ္ဓဟူးနေ့က ဘရသေ့ကြီး ရွာထဲကို ဆွမ်းခံမကြွဘူး။

ရွာကလူတွေက ရသေ့ကြီး ဆွမ်းခံကြွအလာကို လောင်းလှူဖို့ အသင့်ပြင် မျှော်နေကြတာ။ တမျှော်မျှော်ပေါ့။

"တို့ ဘရသေ့ကြီး ဆွမ်းခံမကြွသေးပါလားဟေ့"

"နောက်ကျနေလို့များလားဟဲ့ ... မိဂျမ်းရဲ့"

"နေတောင် မြင့်လာပြီအေ။ ကြွမလာပုံထောက်ရင် နေများ မကောင်းရှာသလား ဟယ်"

ဟိုလူ့မေး ဒီလူ့မေးပေါ့။ ရွာဦးကျောင်းက ကပ္ပိယကြီးနဲ့ ကိုရင် လေး တစ်ပါးတောင် ဆွမ်းခံပြန်တာ ကြာပေါ့ဦးစွာ။

စောင့်မျှော်စောင့်မျှော် လုပ်နေကြပေမယ့် ရွာဦးကျောင်းက ဆွမ်း စားကြေးစည်ရိုက်လို့ ရွာခွေး၊ ကျောင်းခွေးတွေ ဆူညံနေအောင် အော်နေ သည့်တိုင် ဘရသေ့မကြွလာတော့ အားလုံး မျှော်လက်စကို ရပ်လိုက်ကြ တယ်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



ရွာသူတို့က ဘရသေ့ကြီးကို မေ့တ္တာထားကြတယ်။ သံယောဇဉ် ဖြစ်နေကြတယ်။ ကြုံတဲ့လူ မေးပဲ မေးနေကြတယ်။

မွန်းတည့်ချိန်လောက်မှာ ဘရသေ့ရဲ့ အခြေအနေကို အားလုံး သိလိုက်ရတယ်။

'အရိုးခြောက်' ဆိုတဲ့ ယာသမားပြောလို့ သိရပြီ။

"ဘရသေ့ကြီး ပျံလွန်တော်မူသွားပြီတဲ့ဟေ့"

"ဘုရားရေ ..."

"ဟုတ်ရဲ့လားဟဲ့ ... မိကျမ်းတို့၊ မိစမ်းတို့ရဲ့။ ညည်းတို့ကို ဘယ်သူပြောလို့တုံး"

"ကိုရိုးခြောက် ပြောသွားတာပဲဟေ့"

"ဒီကောင် ... မပြောကောင်း မဆိုကောင်း လျှောက်ပြောနေပြီနဲ့ တူတယ်။ အရိုးခြောက် ဘယ်မှာလဲဟေ့။ ခေါ်လိုက်စမ်း"

ဒါနဲ့ ကျုပ်တို့၊ မိကျမ်းတို့ ဟိုရှာဒီကြည့် လုပ်လိုက်ရော ...

"ဟိုမှာဟေ့ ... ဟိုမှာ ... ကိုငှက်ကြီးတို့ စကားပြောနေတယ်။ ဟေ့ ... အရိုးခြောက်၊ ဟေ့ကောင် ... အရိုးခြောက် ..."

"ဘာတုံး ... ကိုဘောကြီး၊ ဘာဖြစ်လို့ အော်နေတာတုံး"

"မင်းကို ကိုသာစည်တို့ ခေါ်ခိုင်းလို့။ လိုက်ခဲ့လိုက်ဦး"

"ဟ ... ကိုကြီးသာစည်က ဘာလုပ်မလို့တုံးဟ။ သွားစရာ .."

"သွားစရာကို နောက်ထား၊ မြန်မြန်လိုက်ခဲ့။ တော်ကြာ နာဦးမယ်"

ကိုသာစည်က စိတ်လည်းတိုတယ်၊ ရိုးလည်း ရိုးသားတယ်။ ဖြောင့်ဖြောင့်မှန်မှန်လည်းနေတယ်။ ဘာသာတရားလည်း လေးစားတယ်။ သူ့အနီးဝန်းကျင်မှာ လင်မယားဆဲဆို ရန်ဖြစ်ရင် ဝင်တားတယ်။ ပြောမရရင် နှစ်ယောက်စလုံးကို နားရင်းအုပ်ပစ်တာ။

ကိုသာစည်ရှေ့မှာ လူငယ်လူရွယ်တွေ ရန်မဖြစ်ရဲကြဘူး။ ခွေးနှစ်ကောင် မကိုက်ရဲဘူးကွာ။ သာစည်နဲ့တွေ့ရင် ကိုက်နေတဲ့ခွေးနှစ်ကောင် အမြီးကကိုင်ဆွဲပြီး လွှင့်ပစ်လိုက်တာ။

စိတ်ကူးသစ်စာပေ



လူက သန်လည်းသန်၊ မြန်လည်းမြန်ပဲ။

ရပ်ရွာကလည်း သာစည်ဟေ့ဆို လေးစားကြတာကိုး။ ဒါနဲ့ အရိုးခြောက်နဲ့ ဘောကြီးတို့ ကျုပ်တို့ ကိုသာစည်တို့ရှေ့ ရောက်လာတယ်။

"ကိုကြီးသာစည် ခေါ်တယ်ဆို"

"ဟုတ်တယ်။ မင်းကို မေးစရာရှိလို့"

"ဘာမေးမလို့လဲဟင် ... ကိုကြီးသာစည်"

"ဒီနေ့ ဘရသေ့ကြီး လုံးဝဆွမ်းခံမကြွဘူး။ ငါတို့တစ်ရွာလုံး ဆွမ်းလောင်းမလို့ မျှော်နေကြတာ။ အဲဒါ မင်းက ရသေ့ကြီး ပျံလွန်သွားပြီး သေသွားပြီလို့ လိုက်ပြောနေတယ်ဆို။ အဲဒါ အမှန်ပဲလား"

"အမှန်ပဲဗျ"

အမှန်ပဲလို့ပြောလို့ ကျုပ်တို့အားလုံး မျက်လုံးတွေ ကျယ်သွားခဲ့ကြတယ်။ သာစည်ကိုပဲ အာရုံစိုက်ပြီး သူဘာပြောမလဲလို့ နားစွင့်နေမိကြတယ်။

"မင်းကိုယ်တိုင် မြင်လို့ သိလို့ ပြောနေတာလား။ သူများတစ်ဆင့်ပြောတာကို ပြန်ပြောပြနေတာလား အရိုးခြောက်"

"ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရလို့ဗျ"

"ဟေ ..."

"ဘုရား ... ဘုရား ..."

"ဒါကြောင့်များ ... ရသေ့ကြီး ..."

"မင်းမြင်ခဲ့တာကို မြန်မြန်ပြောစမ်း ... အရိုးခြောက်"

"မနက်တုန်းကဗျ"

"အေး ... ဘာဖြစ်လို့တုံး ... ပြော ..."

"ကျွန်တော့်သမီး အငယ်မလေး ... ညည လန့်လန့်ငိုနေတာ။ နှစ်ရက်ရှိနေပြီဗျာ။ အဲဒါ ဘရသေ့ကြီးကျောင်းကိုသွား၊ ရေမန်းတောင်းတာ ..."

"မင်းက ဘီလူးခေါင်းပြတ်သချိုင်းကုန်းကို သွားတာ"

"ဟုတ်တယ် ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဖော်မပါ တစ်ယောက်တည်း ..."

"ဟုတ်တယ်"

"ဒီတော့ ..."

"တစ်ယောက်တည်းပေမင့် ... ငှက်ကြီးတောင်မားတော့ အဖော် ပါခဲ့တာပေါ့ဗျာ။ ဒါနဲ့ ဘရသေ့နေတဲ့ ကုန်းပေါ်ကျောင်းကို ရောက်သွားပြီး ကျောင်းရှေ့ကနေ 'ဘရသေ့ ... ဘရသေ့' နဲ့ ခေါ်တာ။ အသံမပြုဘူးဗျ လေးငါးခြောက်ခါ အော်ခေါ်လည်း အသံပြန်မပြုတာနဲ့ မြေကြီးလှေကား ထစ်တွေကို နင်းပြီး ဝါးကျောင်းပေါ် လှမ်းလို့ကြည့်လိုက်ရော ဘရသေ့ ကြီးဗျာ ... ဝါးကြမ်းခင်းပေါ်မှာ ပက်လက်စန့်စန့်ကြီး ..."

"ဟေ ..."

"ဖြစ်ရလေကွာ"

"ဒါနဲ့ ကျွန်တော်က ဆွမ်းစားပြီး အိပ်နေ ကျိန်းနေမှတ်ပြီး အနား ကပ် အသံကျယ်ကျယ်နဲ့ ခေါ်ကြည့်သေးတယ်။ လုံးဝ မလှုပ်ရှားဘူး။ ဒါနဲ့ ဝါးကြမ်းခင်းကို ပုတ်ပြီး ခေါ်တယ်။ အဲဒီမှာ ရသေ့ကြီးရဲ့ မျက်နှာပေါ်ကနေ ယင်ကောင်အုပ်ကြီး ဝေါခနဲ ထပျံတာ မြင်ရပါရောဗျာ။

ဒီတော့မှ ရသေ့ကြီး သေနေလို့ ယင်ကောင်တွေအုံနေမှန်း သဘော ပေါက်သွားတယ်။ ကျုပ်လည်း လည်ဖောင်းမွေးထ၊ ကြက်သီးဖြန်းဖြန်းထ ပြီး ကြောက်တာနဲ့ လှည့်ပြန်မလို့ လုပ်ရော။ ကျုပ်ကျောကုန်းကို ဘယ်သူ နောက်ကနေ ကန်တွန်းလိုက်မှန်းမသိဘူး။ ကျောကို အောင့်သွားတာပဲ၊

ဒါနဲ့ ရသေ့ကြီးများလားလို့ မားဆုပ်ပြီး လှည့်ကြည့်တော့ ရသေ့ ကြီးလည်း စန့်စန့်တောင့်တောင့်ကြီးပဲ။ ယင်ကောင်တွေကလည်း သူ့မျက်နှာ ပေါ်မှာ အုံဝဲအော်နေတာပဲ။ အခြား ဘယ်သူ့မှလည်း မမြင်ရဘူး။

အဲဒီမှာပဲ တောက်ခတ်သံအကျယ်ကြီး ကြားလိုက်ရပြီး ချက်ချင်း ပုပ်စော်တွေ နံဟောင်လာတာဗျာ။ ကျုပ် အန်လိုက်ရတာနဲ့ယ်။ သိလိုက်ပြီ ရသေ့အသေကောင်ကို ဘီလူးတွေစားဖို့ လာနေတာ။ ဒီလို တွေးမိလိုက် ရော ဘာမှပြောမနေနဲ့၊ ကျွန်တော်လည်း နောက်ပြန်လှည့်မကြည့်ဘဲ တစ် ချိုးတည်း ရွာဘက်ကို တန်းပြေးခဲ့တာ အိမ်လည်းရောက်ရော ဟပ်ထိုးကို





မှောက်နေတာပဲ"

"ဘုရား ... ဘုရား ..."

"ငါတို့က ဒီအရေကိုမြင်လို့ ရသေ့ကြီး ဘီလူးခေါင်းပြတ်သချိုင်း ကုန်းမှာ မနေပါနဲ့ ဗိုင်းပြောကြ တားကြသားပဲကွာ"

"ပြောလို့မှ မရတာကိုးဗျာ"

"ဒီကုန်းကြမ်းတာ၊ ဒီတောကြမ်းတာ သူက သိလည်းမသိဘူး။ ယုံလည်း မယုံဘူးကိုးကွ"

"ကျုပ်တို့ ဘယ်လိုလုပ်ကြမတုံး ... ကိုဘစည်"

"ဒီကိစ္စ သူကြီးကို အကြောင်းစုံပြောပြပြီးမှ ဘယ်လိုစီစဉ်ရင် ကောင်းမလဲကို ဆုံးဖြတ်ရမယ် ... ရန်ကုန်"

"ဒါဆို သူကြီးဆီသွားကြစို့ဗျာ ... ထ"

"သူကြီးလာနေတယ်။ ကိုဘစည်နဲ့ ကိုရန်ကုန်ရေ ... ရာအိမ် ခေါင်း၊ ဆယ်အိမ်ခေါင်း ငတိုးနဲ့ ခေါင်းရှုပ်တို့လည်း ပါတယ်ဟေ့"

သူကြီးနဲ့ ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းအုပ်စုက ကိုကာလသား ကြီးတွေ စုဝေးတဲ့နေရာကို ရောက်လာကြတယ်။ သူကြီးက မားရှည်ကို တားအိမ်နဲ့လွယ်လို့ ...

ရာအိမ်ခေါင်းငတိုးက လှံရှည်ကြီးနဲ့။ ဆယ်အိမ်ခေါင်း ခေါင်းရှည်၊ အသူရကာယ်နဲ့ မွတ်တားတို့က ဝါးချွန်တွေ ကိုယ်စီကိုယ်စီနဲ့ဗျား။ အားလုံး ရဲ့မျက်နှာပေါ်မှာ ဟုတ်ရဲ့လားဆိုတဲ့ သံသယတွေနဲ့။

ငတိုးတို့အုပ်စုဂိုက်ကတော့ လိုအပ်ရင် ရန်သူ့နယ်မြေကို လက် ရတက်သိမ်းပစ်မယ်ဆိုတဲ့ ဟန်ပန်ဂိုက်တွေနဲ့။ ဟန်ရေးကောင်း တက်ကြ လို့ကွ။

"ဟော့ကောင် ... အရိုးခေါင်း"

"ဗျာ ... သူ ... ကြီး ..."

"ရသေ့ကြီး သေသွားပြီလို့ မင်း တစ်ရွာလုံးကို လိုက်ပြောနေ သတဲ့။ အဲဒါ အမှန်အကန်ပဲလား"

"အမှန်အကန်ပါ သူကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမျက်စိနဲ့ တပ်အပ်မြင်ခဲ့သလား"

"မြင်လို့ ပြောတာပါ။ ပက်လက်စန့်စန့်ကြီး၊ မလှုပ်တော့ဘူး။ မျက်နှာပေါ်မှာ ယင်မမည်းရိုင်းတွေ အုံနေတာမှ အများကြီး။ ပုပ်စော်တောင်နံနေပြီ"

"မဟုတ်ရင် မင်းနာမယ်နော် ... အရိုးခေါင်း"

"မဟုတ်ရင် ကျွန်တော့်ကို ကြိုက်သလို အရေးယူပါ သူကြီး"

"ဘယ်လိုလုပ်ကြမတုံး သူကြီး"

ရာအိမ်ခေါင်းငတိုးက လုံ့ရှည်ကို ထောက်ပြီး မေးလိုက်တယ်။ မွတ်တားတို့အုပ်စုကလည်း အရိုးခေါင်းကို စောင်းငန်းစောင်းငန်း ကြည့်နေကြရင်း ဝါးရင်းတုတ် တပြင်ပြင်နဲ့။

"ဒီကောင်ပြောတာ ဟုတ်မဟုတ် သေချာအောင် သွားစစ်ဆေးရမယ်။ ရသေ့ကြီးကို ဓားပြလူဆိုးတွေက သတ်သွားသလား၊ ဒါမှမဟုတ် အဆိပ်ရှိတဲ့မြွေတို့၊ တောခွေးတို့၊ ကိုက်လို့ သေရတာလား။ ပြီး ... ဘီလူးသရဲများ ... ကိုက် ... ကိုက် ..."

"သူကြီး ..."

"ဘာတုံး ... ငမိုး"

"ဓားပြတို့၊ သူပုန်တို့က ရသေ့ကြီးကို ဘာလို့ သတ်ရမှာတုံးဗျာ"

"အေးလေဗျာ ... သူကြီးကလည်း ကျုပ်တို့ရသေ့ကြီးက သူဌေးမို့လို့လား။ ကျောက်သံပတ္တမြားတွေရှိနေလို့လားဗျ"

"မင်းတို့ ဘာနားလည်လို့တုံး။ မင်းတို့က ဝင်းသိန်းတို့၊ နိုင်ဝင်းတို့လို ငတုံးတွေ စဉ်းစားမျှော်မြင်ကို မရှိဘူး။ ရသေ့ဆိုတာ ရသေ့အစစ်ဟုတ်ရဲ့လား။ မင်းတို့ ဒီရသေ့ကြီးအကြောင်း ဘယ်လောက် စေ့စေ့စပ်စပ်သိကြသလဲ။ ပြော ..."

သူကြီးရဲ့မေးခွန်းကို အားလုံး ပြန်းခနဲ မဖြေနိုင်ကြဘူး။

အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်နေကြတယ်။





"မင်းတို့ သူ့ဘွဲ့ကို သိကြသလား"

"မသိဘူး"

"လူ့နာမည်ရောသိကြသော"

"မသိဘူး"

"သူမွေးရပ် ဇာတိရော သိလား"

"မသိဘူးဗျ"

"သူ ဘာလဲဆိုတာ မင်းတို့ရော၊ ငါရော မသိဘူး။ ပုလိပ်လူလား၊ စုံထောက်လား၊ စစ်တပ်ကလူလား၊ နိုင်ငံရေးပါတီက လူလားဝရမ်းပြေးလား၊ ရသေ့ရဟန်းအစစ်လား။ ဘယ်သူမှ တိတိကျကျ မသိကြဘူး။ မေးတော့လည်း မပြောဘူး။ ဓားပြနဲ့သူပုန်က ဒါကို မသင်္ကာလို့ သတ်သွားသလား"

"အေးဗျ ... ဒါလည်း စဉ်းစားစရာပဲ"

အသူရကာယ်ဆိုတဲ့ ဆယ်အိမ်ခေါင်းက ဝင်ထောက်ခံတယ်။

"ဘယ်လိုအကြောင်းနဲ့ သေသေ၊ သေပြီဆိုတော့ ဘယ်လိုလုပ်မှာတုံး"

"သေရင်တော့ ငါတို့က မြေမြှုပ်သင်္ဂြိုဟ်ပေးရုံပေါ့။ သို့သော် ရာဇဝတ်မှုသဘောမျိုး သူများသတ်လို့သေတာ ဖြစ်နေရင်တော့ မြို့ပေါ်ကဂါတ်ကို သွားအကြောင်းကြားရမှာပဲ ... ကွ"

"ဂါတ်ကိုသွားတိုင်ရင် စောင့်ရဦးမှာဗျ"

"ဟုတ်တယ်ဗျာ ... တော်ကြာ ပုလိပ်က လှည်းဆင့်ပေး အရက်ပေး ထမင်းကျွေးလုပ်နေရင် ပိုဒုက္ခရောက်ဦးမှာ ... သူကြီးရ"

"ဟ ... ငတုံးတွေရ၊ လူဆိုးဓားပြသတ်လို့ သေတာမျိုး ဖြစ်နေရင် အဲဒီအလောင်းကို ငါတို့က မြေမြှုပ်လိုက်ရင် တစ်နေ့ ငါတို့ကို အလောင်းဖျောက်ဖျက်မှုနဲ့ ပုလိပ်က ပြဿနာလာရှာ ဘယ်လိုလုပ်မတုံး"

"သူကြီးပြုတ်ပေါ့ဗျ"

"ငါ့ရိုးမသားတွေ ... ငါက အချောင်ပြုတ်ရမှာလား ဟင်"

"သူကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး ... ငတိုး"

"ခွေမရှိ၊ မျိုးမသိ ရသေ့ကြီးပါဗျာ"

"အေးလေ ... ဘာဖြစ်တုံး"

"အမှတ်မရှိ၊ လမ်းမရှိနေရာမှာ သေတာဗျ"

"ဘာဖြစ်တုံး"

"သင့်သလိုတော့ လုပ်ရမှာပဲဗျ"

"အဲဒါကြောင့် သွားစစ်ဆေးမယ်လို့ ပြောနေတာ"

"ရိုးရိုးသားသား သေရင်ရောဗျာ ... သူကြီးရာ"

ကိုသာစည်က ဝင်မေးတယ်။ သူကြီးက သာစည်ကိုတော့ ဖြေတယ်။

"ရိုးရိုးသားသား သေတာမှန်ရင်တော့ ငါတို့လည်း ကုသိုလ်ရအောင် ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးရမှာပေါ့ကွ"

"ကိုင်း ... ဒါဆို အချိန်ရှိတုန်း သွားကြည့်ကြစို့ဗျာ"

"လာကြဟေ့ ... အားလုံး လိုက်ခဲ့ကြ"

ပြောပါပကောလား။ ဒီဘီလူးခေါင်းပြတ်သချိုင်းကုန်း တောရှိရာကို နေ့လယ်နေ့ခင်း လင်းလင်းချင်းချင်း အချိန်မှာတော့ လူစုလူဝေး လက်နက်အစုံအလင်နှင့် သွားမှ လိုက်ရဲကြတာ။ ညနေစောင်း နေဝင်ရင် ဘယ်သူမှ မသွားရဲဘူး။

အချို့ပြောပုံအရဆို ...

နေဝင်ရိုးရီ နွားရိုင်းသွင်းချိန်လောက်မှာ ဘီလူးခေါင်းပြတ်သချိုင်းတောစပ်ကနေ မိန်းမချောချောလှလှတွေ ရပ်ရပ်ပြီး တွေ့တဲ့လူကို အနီးကဖြတ်သွားတဲ့လူကို လက်ယပ်လှမ်းခေါ်သတဲ့။

မိန်းမတွေရဲ့အရပ်က အတော်ရှည်သတဲ့။

ခေါ်လို့များမရပ်ရင် ပြေးလိုက်မည့်ဟန်လုပ်လို့ အချို့ တန်းပြီး ပြေးရတယ်လို့ဆိုတယ်။

တစ်ခါလည်း ထင်းလှည်းတစ်စီး၊ အဲဒီတောကုန်းရှေ့ကွင်း လှည်းလမ်းကြောင်းကနေ မောင်းလာတာ။ ဆံပင်ဖားလျားနဲ့ အဘွားကြီးငါးယောက် ရှေ့ကနေ လှည်းတားလို့တဲ့။

စိတ်ကူးသစ်စာပေ



သူတို့ငါးယောက်ကို မြင်ရော နွားတွေလန့်ပြီး လှည်းလမ်းကြောင်းကနေ ဖောက်၊ ကွင်းထဲစွတ်ပြေးလို့ လှည်းပေါ်က ထင်းတွေ ကျကျန်ရစ်တယ်တဲ့။

လူလား၊ တစ္ဆေလား၊ အသူရကာယ်တွေလား မပြောတတ်ဘူး။

အသူရကာယ်ကလည်း နေ့ခံညစံဗျ။

အသူရကာယ်က နေ့ဘက်မှာ လူ့အသွင်သဏ္ဌာန်အတိုင်း သွားလာလှုပ်ရှား နေထိုင်စားသောက်ကြတာ။ အဲ ... ညဘက်နေဝင်လာရင် ငရဲခံဖို့၊ အကျဉ်းစခန်းကို သွားရတယ်။ တစ်ညလုံး ငရဲအကျဉ်းစခန်းမှာ ဒုက္ခဝေဒနာအပြစ်ကို ငယ်သံပါအောင် အော်ဟစ်ခံစားရတယ်။

အသူရကာယ်၊ ငရဲခေါင်းတွေက သူတို့ကို အမျိုးမျိုးအဖုံဖုံ ညှဉ်းပန်းနှိပ်စက်ကြတာ။ မိုးလင်းလို့ အရုဏ်တက်စပြုတာနဲ့ အသူရကာယ်ဘုံမှာ ဒုက္ခဆင်းရဲ ခံစားရသူတွေ အေးငြိမ်းသွားပြီ။

နေရောင်၊ အလင်းရောင်မြင်ရင် ကိုယ့်နေရာကို ပြန်လာကြ။ မိသားစု အပေါင်းအဖော်နဲ့ ပျော်ပျော်ပါးပါး လူလို နေထိုင်စားသောက်ကြတယ်။ သွားလာလှုပ်ရှား ဆက်ဆံကြတယ်။

နေ့စံပြီး ညခံရတဲ့ အသူရကာယ်ရှိသလို၊

ညစံပြီး နေ့ခင်းမှာ အပြစ်ခံစားရတဲ့ အသူရကာယ်ဘုံသားလည်း ရှိတယ်။ ဘာကြောင့် အသူရကာယ်ဘုံသားဘဝကို ရောက်ရတာလဲ ... ဟုတ်လား။

ဘုရားဟော (၃၁) ဘုံမှာ ...

နတ်ပြည် (၆) ထပ်၊ ဗြဟ္မာဘုံ (၂၀)၊ လူ့ဘုံတစ်ဘုံ၊ အပါယ်လေးဘုံတဲ့။ အပါယ်လေးဘုံမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ရယ်လို့ လေးမျိုးရှိတယ်။

အဲဒီမှာ အသူရကာယ်ဘုံက အတော်အံ့ဩဖို့ကောင်းတယ်ဗျ။ ဘာကြောင့် အသူရကာယ်ဘုံကို ရောက်ရှိ အပြစ်ခံစားရသလဲဆိုတော့ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ ချမ်းသာကြွယ်ဝတုန်းက သူများကိုလည်း ပေးရဲ့ကမ်းရဲ့။ ဒါပေမင့် သဒ္ဓါကြည်ဖြူမရှိဘူး။ စူစူအောင့်အောင့်ပေးတဲ့လူ၊ လှူတဲ့လူ၊ အလှူခံပုဂ္ဂိုလ်၊ အသနားခံပုဂ္ဂိုလ်ကို အပြစ်ပဲမြင်တဲ့လူ ...

ချမ်းသာသူချင်း၊ စောင်းမြောင်းဝေဖန် ကဲ့ရဲ့ရှုံ့ချ အကောင်းမချီးမွမ်းဘဲ အပြစ်ပဲပြောဆိုနေတဲ့ မနာလိုဝန်တိုသူတွေ ကွယ်လွန်အနိစ္စရောက်တဲ့အခါ လူ့ဘဝအသက်ရှင်စဉ်တုန်းက ပြုခဲ့သည့်ကံ၊ ကံရဲ့အကျိုးကို ဝဋ်ကြွေးဆပ်သလို ပြန်ခံစားရတာပဲ။

နေ့ခင်းမှာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်ဘဝကို ရမယ်၊

ညရောက်ရင် ငရဲတောမှာ အသူရကာယ်တောမှာ အပြစ်ဒဏ်ကို ဆိုးဝါးစွာ ခံစားရတယ်။

အဲဒါက နေ့ခံညစံ အသူရကာယ်ဘုံ ...

တစ်ခါ ညဘက်မှာ ပျော်ရွှင်ကြည်နူးစွာ ကာမဂုဏ်အရသာကို ခံစားကြ၊ အချစ်သစ်မျိုးစုံနဲ့ စိတ်ကြိုက်ပျော်မွေ့ကြ၊ မိုးလင်းစပြုတာနဲ့ အသူရကာယ်ငရဲတောကို အားလုံး အချိန်နရီကိုက် ဝင်သွားလိုက်သွား၊ မသွားလို့ မရဘူး၊ မလိုက်လို့ မရဘူး။

အဲဒီမှာ တစ်နေ့လုံး လူ့ဘဝတုန်းက ဝန်တိုအပြောကြမ်းတဲ့ ကံအကျိုးကို အချိန်ပြည့် အပြစ်ခံစားကြရတယ်။

အဲဒီလူစားကို ...

ညစံ၍ နေ့ခံရသော အသူရကာယ် (အပြစ်ရှိသောသတ္တဝါ) လို့ ခေါ်တယ်။ ဒါကြောင့် ... ချောချောလှလှ လူလုံးပြတယ်။ လက်ယပ်ခေါ်တယ်။ ကခုန်ပြတယ်ဆိုတာ လူစင်စစ်မဟုတ်ဘဲ ...

အသူရကာယ် မိန်းမတွေလည်း ဖြစ်နိုင်သလို၊

နာနာဘာဝတွေကလည်း ရုပ်အမျိုးမျိုး ဖန်ဆင်းပြတာမျိုး ဖြစ်ချင် ဖြစ်နိုင်တာပဲ။

ဒီဘီလူးခေါင်းပြတ် သချိုင်းကုန်းတောကြီး ဝန်းကျင်မှာဆို အဲဒီလို ထူးဆန်းအံ့ဖွယ်အဖြစ်တွေ အများကြီး ရှိခဲ့ဖူးတယ်။





[နောင်အခါ ဒီရေတို့၊ မုန်တိုင်းတို့၊ လျှော်တို့ကြောင့် အဲဒီတောကြီး၊ ကုန်းကြီး ရေအောက် နွံအောက်ရောက်ပြီးမှ အနိဋ္ဌာရုံတွေ၊ ကြောက်လန့်ဖွယ်ရာတွေ နိဂုံးချုပ်ပြီး ပုံပြင်လို ပြောစရာအဖြစ် ကျန်ရစ်ခဲ့ရတယ်]

သူကြီး **ဦးကျောက်ဖားတို့လူစု** ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောကြီးအနီးကိုရောက်ရော ကောင်းကင်မှာ လင်းတတွေဝဲနေတာကို အရင်စမြင်ရတယ်။

လင်းတအုပ်ကလည်း မနည်းဘူး။

ဒါနဲ့အတူ ကျီးကန်းအုပ်လည်း တအားအား တကျီကျီအော်ရင်း ကောင်းကင်မှာ လင်းတအုပ်နဲ့အပြိုင် ဝဲပျံဟစ်အော်နေတာ မည်းမည်းလှုပ်ပဲ။

"များလှချည်လားဟ"

"တစ်ခုခုတော့ တစ်ခုခုပဲဟေ့ ... သတိထားကြနော်"

ရွာခွေးနှစ်ကောင်ကလည်း ခပ်လှမ်းလှမ်း ထန်းပင်အောက်ကနေ ဘီလူးခေါင်းပြတ်သချိုင်းကုန်းကြီးရှိရာကို မျက်နှာမူပြီး ဆွဲဆွဲငင်ငင်အူနေတာ။

ဒီလိုနဲ့ သူတို့ ဘီလူးခေါင်းပြတ်သချိုင်းကုန်း တောစပ်ထဲကိုရောက်လာကြတယ်။

"ဟဲ့ကောင် ... အရိုးခြောက်"

"ဗျာ ... သူ ... ကြီး ..."

"ရှေ့ကနေ လမ်းပြလေ။ ဘာနောက်ချန်နေတာလဲ"

"အဲ ... အဲ ... ဟို ... ဟို ... ဟိုဒင်း ..."

"တယ် ... ဒီကောင်တော့ကွာ ... ရှေ့ကသွား"

"ဟုတ် ... ဟုတ် ... ကဲ့ ..."

အမှန်က ကြောက်လို့ ဒီကောင် နောက်က လူအုပ်ကြားမှာ ဝင်နေတာ။ ကျုပ်တို့သူကြီးကလည်း ရှေ့ကနေ မသွားရဲဘူး။ သူလည်း လန့်နေလို့ဗျာ။

ကျုပ်တို့သူကြီး ဦးကျောက်ဖား က သတ္တိကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ရေမြွေကို တက်နင်းမိပြီး အကိုက်ခံရတာ။ မြွေပွေးကိုက်ပါတယ်ဆိုပြီး သတိလစ်သွားရော။ ဘုန်းကြီးကျောင်းထမ်းပို့ပြီး ဘုန်းကြီး ရေမန်းတိုက်ရ သပ်ချရ မနည်းလုပ်ပေးရတယ်။

အဲဒါတောင် မျက်စိတွေပြာလာပြီ၊ ဘာမှမမြင်ရတော့ဘူး။ 'မစောခင်ရေ ... မိန်းမရေ ... ငါသွားရတော့မယ် ... လာခေါ်နေပြီနဲ့' လူးနေပါရောဗျာ။

'ငါ့ကို လာခေါ်နေပြီ' ကလည်း ကရားရေလွှတ် အော်နေတာ။

"ဘယ်သူလာခေါ်တာတုံးလို့ မေးကြတယ်"

သူကြီး မဖြေနိုင်ဘူး။ ပါးစပ်က သွားရည်ကျနေပြီ။

သူ့မိန်းမ မစောခင်ကလည်း 'အစ်ကိုရဲ့ ဖြစ်ရလေခြင်းနဲ့' ရင်ထုငို ...

"စောခင် ..."

"ရှင် ... အစ် ... ကို ..."

"ငါ့ကို ... လာခေါ် ... နေ ... ပြီ ..."

"အစ်ကို့ကို ... ဘယ် ... သူ ... ခေါ် ... လို့တုံး အစ်ကိုရဲ့ ဟင်း ..."

သူကြီး မဖြေနိုင်ဘူး။ မျက်လုံးလည်နေတယ်။ မယားလုပ်သူက သူ့ပခုံးကိုလှုပ်ပြီး မေးတယ်။ ဒီမှာ မျက်စိနောက်နေတဲ့ မွတ်တားက ဝင်ပြောရော။

"မယားငယ်လာခေါ်နေတာ ... ဒေါ်စောခင်ရေ"

"ဒါဆို ... သေ ... သေ ... အခုချက်ချင်းသေဟဲ့ ... ဟင်း အစ် ... အစ် ..."

ဒီလိုလည်းကြားရော ပွေ့ထားတဲ့သူကြီးကို သူ့မယား ဒေါ်စောခင်က အမြင်ကပ်ကပ်နဲ့ ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။ သူကြီး ကြမ်းနဲ့ နောက်စိနဲ့ရိုက်ပြီး 'သေပါပြီ ... စောတင်'ရဲ့လို့ စကားမပီဘဲ အော်မိရော။ စောတင်ဆိုတဲ့ မိန်းမဟာ ကျိန်းသေ သူ့မယားငယ်ဖြစ်မှာပဲဆိုပြီး သူကြီးကို ထုပါလေရော။

စိတ်ကူးသစ်စာပေ



စဉ်းစားကြည့်ဗျာ ...။ သူ့ကို မြွေပွေးကိုက်တာမဟုတ်ဘူး။ ရေမြွေ မြက်လျှော တက်နင်းလို့ ကိုက်တာ။

ရေမြွေ၊ မြက်လျှောမှာ အဆိပ်မှမရှိတာဗျာ။ ဘယ်လိုလုပ်ပြီး သေရမှာလဲ။ မျက်စိဝါးရမှာလဲ။ အကြောသေရမှာလဲ။ ဟုတ်လား။

ဆရာတော်ကလည်း မြက်လျှောပါလို့ ပြောတယ်။

အဲဒါ သူ့ကို မညာကြပါနဲ့တဲ့။ မြွေပွေးပါပဲ ပြောနေတယ်။

နောက်ဆုံး ဘုန်းကြီးက ဒီမသာလောင်းကို သင်္ချိုင်းမှာ သွားထားတော့လို့ပြောပြီး မောင်းချရတယ်။

အပြင်ရောက်တော့ ...

"သူကြီးရာ ... ခင်ဗျားကိုကိုက်တာ ဟောဒီ ရေမြွေ၊ မြက်လျှောလေးပါဗျာ။ မြွေပွေး မဟုတ်ပါဘူးဗျ"

"ဟုတ် ... ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်ဗျ ... ကျုပ်တို့ပဲ မြက်လျှောကို သတ်ယူလာတာ"

"ငါ မသေပါရစေနဲ့ကွာ"

"မသေတော့ပါဘူး ... သူကြီးရာ"

"ငါ ... ငါ ... သူ့ ... သူ့ကို မခွဲနိုင်ဘူးကွ"

ဘယ်သူ့ကို မခွဲနိုင်တာတုံး သူကြီးရဲ့၊ မယားငယ်ကိုလား။

"စော ... စောခင် ... ခင် ... ကို ... ကို ..."

"ပီအောင်ပြော ... စောခင်လား၊ စောတင်လား"

"စော ... စော ... စောခင် ... ငယ် ... ငယ်ချစ် ..."

လူကြီးပိုင်းက သူကြီးကို ဝိုင်းဆဲကြတယ်။ ငယ်သားတွေက မြွေပွေးအစစ် ကိုက်ဖို့ကောင်းတာလို့ ဝေဖန်ကြတယ်။ သူ ရေမြွေ၊ မြက်လျှော အသေကောင်ကိုကြည့်ပြီး မျက်နှာလန်းလာတယ်။ မယားလုပ်သူ မစောခင်လည်း ဝမ်းသာလာတယ်။

ဒီမှာ သူကြီးက မြက်လျှောမြွေအသေကောင်ကို ညာလက်နဲ့ ကိုင်ဆုပ်မြှောက်ပြီး ဘုန်းကြီးကျောင်းဝမှာ ဘယ်လိုပြောတယ်မှတ်လို့တုံး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါလိုကောင်ကို မင်းလို တိုက်မြွေကိုက်လို့ သေရမှာလားကွ .. ဟင် ... မှတ်ထား။ ငါ့တစ်သက်မှာ ဘယ်မြွေမှကိုက်လို့ မသေဘူးဟေ့"

သူ့မယားက သူ့ယောကျ်ားရဲ့မျက်နှာကို ကြည့်ပြီး ပျော်လို့။ လူကြီးပိုင်းကတော့ စောစောကထက်ပိုပြီး အသံကျယ်ကျယ် ဝိုင်းဆဲကြတယ်။

ဒီရွာမှာ ဒီလိုသူကြီးရှိတာ အလွန်ကံကြီးလို့တဲ့။

ရွာထဲ မုဆိုးမခြောက်ယောက်က သူကြီးကို အကြောမတည့်လို့ မေတ္တာပို့ကြတယ်။

"စပါးကြီးမြွေ မျိုးဖိုကောင်းတဲ့ မျက်ခွက်တော်" တဲ့။

"ကျုပ်တို့သူကြီးက အဲဒီလို သတ္တိကောင်းတဲ့ သူကြီးဗျ"

ကွမ်းတစ်ယာညက် ကျော်ကျော်ကြတော့ ကျောင်းရှေ့နားကို ရောက်လာခဲ့တယ်။ ဝါးကျောင်း၊ တစ်ပါးကျောင်းလေးက အင်ရွက်တွေ မိုးလို့။ ကုန်းမြင့်မြင့်လေးပေါ်မှာ ရှိနေတယ်။ ရေသေ့ကြီးက မြေကြီးလှေကားထစ် ငါးထစ်လုပ်ထားတယ်။

တစ်ပါးကျောင်းရဲ့နောက်ဘက်မှာ ကျွန်းပင်ကြီးနဲ့ ရေမညောင်ပင်ကြီး ရှိနေတယ်။

ဒါနဲ့ အရိုးခြောက်က ရှေ့ဆောင်ပြီး မဝံ့မရဲနဲ့ တက်သွားလို့ မြေလှေကားထစ်လည်း ဆုံးရော ...

"အေ့ ... ဝေါ့ ... ဝေါ့ ..."

"အား ... မလေးဗျ ... နံလိုက်တာဗျာ။ ဝေါ့ ... အေ့ ... ဝေါ့ ... ဝေါ့ ..."

"ဝေါ့ ..."

"ဝုန်း ..."

"အား ... နောက်ဆုတ်ကြဟေ့။ အား ... ဝေါ့ ... ဝေါ့ ..."

ဝါးကျောင်းပေါ်မှာ သက်နှံးမြဲပြီး စန့်စန့်ကြီးဖြစ်နေတဲ့ နေရာကနေ အလွန်တရာ ဆိုးဝါးပြင်းထန်လှတဲ့ လူသေကောင် အပုပ်နံ့ကြီးက အပုပ်နံ့ဒီရေတက်သလို၊ လှိုင်းလုံးကြီးလိမ့်သလို ကျုပ်တို့ရှိရာကို ပြေးဝင်ဆောင့်နံတာဗျား။





ပိုဆိုးတာက လူသေကောင်မျက်နှာပေါ်က ယင်မမဲရိုင်းအုပ်ကြီး ရယ်။ ပထမ ခြေဖျားထောက်ကြည့်တော့ ပျားအုံကြီးမှာ ပျားစွဲနေသလိုပဲ ရှုစိရှုစိနဲ့။

အဝန်းအဝိုင်းက ဆန်ပြာဆန်ကောတစ်ချပ်လောက် လုံးဝန်းရှိနေတာ။ ကျုပ်တို့ လူသံသူသံလည်း ကြားရော အဲဒီ ပျားအုံကြီးလိုနေရာကနေ 'ဝေါ ... ဝုန်း ...' ဆိုပြီး ယင်မမဲရိုင်းအုပ်ကြီးက ပျံလိုက်တာ။

အိုး ... အလောင်းပေါ်မှာ ပျားတွေဝဲနေသည့် အတိုင်းပဲ။

သူ့ဘာသာသူ ရသေ့ကြီးအလောင်းပေါ် ဝဲပျံနေရင် ကိစ္စမရှိဘူးဗျ။ ခုဟာက ယင်ကောင်အုပ်ဖွဲ့ကြီးက ကျုပ်တို့ သူကြီးတို့ရှိရာကို ပျံသန်းလာပြီး ..

ကျုပ်တို့ ပါးစပ်တွေ၊ မျက်လုံးတွေ၊ နားတွေထဲကို တိုးဝင်နားကြရော။ အမယ်လေး ... ရွံစရာကောင်းလိုက်တာဗျာ။

ကျုပ်တို့မျက်နှာပေါ် လာနားတယ်။ စိုစွတ်စွတ် ရှုစိစိဖြစ်နေလို့ လက်ဝါးနဲ့ ပွတ်ယူနမ်းလိုက်ရော ...

"ဝေါ့ ... အေ့ ... ဝေါ့ ..."

"အမယ်လေးဗျ ... ဝေါ့ ... ဝေါ့ ..."

လောက်ကောင် သေးသေးလေးတွေဗျာ။ ယင်ကောင်ကြီးတွေရဲ့ ခြေထောက်တွေမှာ ကပ်ပါလာတာပေါ့။ ကျုပ်တို့ ပါးစပ်ပေါ်၊ မျက်နှာပေါ် နား၊ နားထဲ၊ နှာခေါင်းထဲ ဝင်နားကြတော့ ...

ခြေထောက်မှာ တွယ်ကပ်ပါတဲ့ လူသေကောင်က လောက်ပေါက်စတွေ မျက်နှာပေါ်မှာ ကျန်ရစ်ခဲ့ပါရောဗျို့။

သေချင်အောင်နံတဲ့ လောက်သေးသေးလေးတွေ ... စာရေးဆရာရေ။

နှုတ်ခမ်းပေါ်လာနား၊ နှုတ်ခမ်းပေါ် ရှုစိရှုစိ။

သူကြီးက သွားခေါ်တော့ ပါးစပ်က ပွင့်နေတာ။ သူ့ပါးစပ်ထဲ ယင်ကောင်တွေဝင်သွားတော့ ရှုစိရှုစိ လောက်ကလေးတွေ သူကြီးပါးစပ်ထဲ များ အများကြီး ကျန်ရစ်ခဲ့ရော။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနှယ် . . . အော့အန်လိုက်တာ ပုဆိုးကို ကျွတ်ပါရောဗျာ၊ လက်နဲ့သပ်ချပစ်တယ် မရဘူး။ လောက်ကောင်တွေသယ်လာတဲ့ ယင်အုပ်ကြီးက ဝင်နားတာပဲ။ နောက်ဆုံး အင်္ကျီ၊ ပုဆိုး ချွတ်ယမ်းပြီး နေရတယ်၊

ပုပ်စော်နံ့ကလည်း ကျောင်းဝင်းတစ်ကုန်းလုံးကို နံဟောင်နေတာ၊ မသိရင် လူသေကောင်တွေစွန့်ပစ်ထားတဲ့ သုသာန်ကုန်းထဲ ရောက်နေသလိုပဲ။ လူသေကောင်အများကြီးရဲ့ အပုပ်နံ့ နံနေတာမျိုးလေ။

"အော့ . . . ဝေါ့ . . . ဘယ်လိုလုပ်ကြမတုံး . . . သကြီး"

"ဝေါ့ . . . ဝေါ့ . . . အနားကို တိုးကြည့်စမ်းကွာ"

"ဒါဆို သူကြီးပဲ ရှေ့တိုးသွားကြည့်ဗျာ . . . အော့ . . . ဝေါ့ . . . ဝေါ့ . . ."

"ဟာ . . . မင်းတို့လူငယ်တွေ သွားကြည့်မှပေါ့ကွာ"

"အော့ . . . ဝေါ့ . . . အရိုးခြောက် . . . အရိုးခြောက် . . . ဟော့ကောင် . . . အော့ . . . ဝေါ့ . . ."

"အရိုးခြောက် . . . မ . . . မ . . . မရှိတော့ဘူး . . . အော့ . . . ဝေါ့ . . . ဝေါ့ . . ."

"ရန်ကုန်နဲ့ သာစည် . . . မင်းတို့ အနားတိုး သက်နှုန်းလှန်ကြည့်စမ်း"

"ကိုယ့်ဘာသာကိုယ်လှန် . . . သူကြီး။ ဒီလောက် ပုပ်စော်နံ့ဟောင်နေတာကို ကျုပ်တို့ မစစ်ဆေးနိုင်ဘူး။ မြို့ဂိတ်က ရဲသာသွားခေါ်"

"ဟ . . . မြို့ဂိတ်က ရဲသွားခေါ်နေတုန်း ဒီမှာ အရည်ပျော်၊ အရိုးကျရင် ဘယ်လိုလုပ်မတုံးကွ"

"ဟုတ်ပြီ . . .။ ဒါဆိုရင် ခင်ဗျားဘာသာ ခင်ဗျား သွားလှန်ကြည့်"

"တောက် . . . အော့ . . . ဝေါ့ . . ."

"လူသတ်လို့ သေတယ်ဆိုတော့ရော သူ ရွှေစလွယ်ဆွဲရမှာကျနေတာပဲ"





"ဖင်ခေါင်းကိုကျယ်တဲ့ . . . သူကြီးကွာ . . . ဟင်း . . ."

"သူဖင်ခေါင်းကျယ်တာက အရေးမဟုတ်ဘူး။ ကျုပ်တို့လည်း တစ်ကိုယ်လုံး လောက်တွေတက်နေပြီ . . . ကိုရန်ကုန်ရ"

"အော့ . . . ဝေါ့ . . . ဗျို့ . . . သူကြီး . . ."

"ဘာတုံး . . . မှတ်ကြီး . . . အော့ . . ."

လက်ကလည်း ပုဆိုးနဲ့ ယင်ကောင်တွေ ယမ်းရင်း မှတ်ကြီးကို ကြည့်တယ်။

"ထူးတော့ထူးဆန်းနေတယ် . . . သူကြီးရ . . . အော့ . . ."

သူတို့ ပြောရင်း နောက်ကို တစ်လှမ်းနှစ်လှမ်း ဆုတ်လိုက်ကြတယ်။ ယင်ကောင်တွေက လူသေကောင် ရသေ့ကြီးရဲ့ မျက်နှာရှိရာကို သွားနားလိုက်၊ ကျုပ်တို့ လူအုပ်ရှိရာကို ဝဲပျံလာလိုက်။

ပုံသဏ္ဌာန်က မသာက လောက်တွေကို ကျုပ်တို့လူရှင်တွေထံ လက်ဆောင်ဖြန့်ဝေပေးနေသလိုပဲ။

"မှတ်ကြီး . . . ပြောလေ"

"ဒီရသေ့ကြီး ညဦးပိုင်းက သေတယ်ပဲထားဦးဗျာ . . . အခုမနက်မှာ ဘာလို့ ဒီလောက် မခံမရပ်နိုင်အောင် ပုပ်စော်နံဟောင်နေရမှာလဲဗျ"

"ငါ့အထင်တော့ . . . အော့ . . . ဝေါ့ . . . ဝေါ့ . . . အဟွတ် . . . အဟွတ် . . ."

သူကြီးက သူ့ကိုယ်ကို ရာဇဝတ်အုပ်မင်း အိုက်တင်မျိုးနဲ့ ခေါ်နေတဲ့ပါးစပ်ကြီး ဖြဲပြီး စဉ်းစားခန်းဝင်နေတုန်း မသာမျက်နှာနားတဲ့ ယင်မမဲရိုင်းတွေက သူ့ပါးစပ်ထဲကို ရတနာရွှေဂူအမှတ်နဲ့ တိုးဝင်ကြရော။

သူကြီး အာကလောင်တွေ ယားကြပ်ပြီး အန်လိုက်တာ အမောကို ဆို့နေတာပဲ။ အဲဒါ ရာအိမ်ခေါင်းမွတ်တားနဲ့ ဆယ်အိမ်ခေါင်း သူ့တပည့် အသူရကာယ်တို့က ကျောကုန်းကို ဝိုင်းထုပေးကြတယ်။

အမှန်က အအန်သက်သာအောင် ဖြည်းဖြည်းထုပေးရမှာ။

ခုချိန်ထိ ပြန်လှည့်ကြစို့လို့ အမိန့်မပေးတော့ သူတို့ဆရာ သူကြီးဦးကျောက်ဖားရဲ့ ကျောကုန်းကို ဗျောထုသလို ဝိုင်းထုကြတာ။



www.burmeseclassic.com

www.burmeseclassic.com



တအုန်းအုန်း ...တဖုန်းဖုန်းနဲ့ကွာ။

ဖွတ်ကျား ငပိန်တို့နဲ့၊ ကြက်သမား ငနက်တို့ကလည်း ဝင်ပြီး နှစ်ချက်သုံးချက် အလစ်မှာ ဝင်ဆွမ်းကြီးလောင်းကြတယ်။

သူကြီးခမျာ အန်ရင်းမသေဘဲ ကျောကုန်း အထုခံရရင်း သေမည့်ပုံပဲ။ တအားအား ...တအင့်အင့်နဲ့ အသက်မရှူနိုင်ဘူး။

ဒါတောင် ငပိန်ဟာ ကျုပ်တို့နားကပ်ပြီး တိုးတိုးပြောသေးတယ်၊

"သူကြီးကို ချရဖို့ အခွင့်အရေးက ရခဲ့တယ် ...ကိုရန်ကုန်၊ ကြုတုန်းကြိုက်တုန်း နှစ်ချက်သုံးချက်တော့ ဆော်ပလော်တီးခဲ့။ အိမ်ရောက်ရင် စားဝင်အိပ်ပျော်လိမ့်မယ်တဲ့"

သူကြီးက အောက်ကနေ လက်ဝါးထောင်ပြတယ်။ တော်တော့တဲ့။ အဲဒီတော့မှ ကျောအထုရပ်တယ်။ ဒါတောင် မွတ်တားက ရင်ချောင်သွားအောင်ဆိုပြီး လက်ဝါးနဲ့ ကျောကုန်းကို နှစ်ချက်ဆင့်ရိုက်လိုက်သေးတယ်"

"တော်တော့ဟေ့ ...တော်ကြာ သူကြီး အလောင်းထမ်းပြန်နေရဦးမယ်။ ဆွဲထူလိုက်"

ကိုသာစည်က မျက်နှာတင်းနဲ့ ဝင်ဟန့်မှ အားလုံး အတီးအထုရပ်ပြီး သူကြီးကို ဆွဲထူလို့ ပေးကြတယ်။

"ကိုင်း ...သူကြီး ခင်ဗျားအထင်ကို မြန်မြန်ပြောဗျာ။ နံ့တယ်ဗျ"

"ငါ့အထင် မဟုတ်မှလွဲရောကွာ ...အေ့ ...အဟွတ် ...အဟွတ် ..."

"ထုပေးရဦးမလား ...သ ...ကြီး ..."

"နေ ...နေ ...ရတယ်။ လည်ချောင်းကပ်သွားတာ။ အေ့ ..ဟေ့ ...တို့ရသေ့ကြီးက ဖုတ်ဝင်နေတဲ့ ရသေ့မို့ ဖုတ်လည်းထွက်ရော ရသေ့ကြီးလည်း ထပြီး အရိုးကျ ပုပ်ပွတာနေမှာပဲကွ"

"ဖြစ်နိုင်တယ်ဗျာ"

---

စိတ်ကူးသစ်စာပေ



"နောက်တစ်ချက် စဉ်းစားစရာ ရှိသေးတယ်"

"ဘာတုံး ...သူကြီးရဲ့။ ခင်ဗျားက တယ်စဉ်းစားနိုင်တဲ့ သူကြီးပဲ"

ဝဲကြီးတို့၊ မွတ်တားတို့၊ ခြောက်စောင်းတို့က သူကြီးကို ပင့်ပေးသေးတယ်။

"ဒါ ဘီလူးခေါင်းပြတ်သချိုင်းကုန်း နေရာဟောင်းကွ"

"အဲဒီတော့ ဘာဖြစ်တုံး"

"နံ့တယ်"

"နံ့တာ ခင်ဗျားပြောမှလား။ အန်ရလွန်းလို့ သေတော့မည့်ဟာ"

"ဒါ ဘီလူးတွေရဲ့ အာပုပ်စော်နံ့လည်း ဖြစ်နိုင်တယ်"

"ဘီလူးရော မြင်ရလို့လား ...သူကြီးရ"

"ဒါ ဘီလူးခေါင်းပြတ် သချိုင်းကုန်းကွ။ ရှေးဘီလူးခေါင်းပြတ် သချိုင်းကုန်း။ သူတို့ရဲ့ မကျွတ်မလွတ်တဲ့ ဝိညာဉ်တွေ ရှိနေမှာ။ ငါတို့ကို အကြောင်းပြနေတာလည်း ဖြစ်ချင်ဖြစ်မှာ။ လူတစ်ယောက် ညတုန်းက သေတာ ဒီလောက်ကြီး ပုပ်စော်နံရမှာလားကွ"

"ဒါ ဟုတ်တယ်ကွ။ ငါတို့သူကြီးပြောတာ မှန်တယ်"

ဝဲကြီးက အလျင်အမြန် ဝင်ထောက်ခံတယ်။ သူကြီးက ရင်ကော့ပြတယ်။

"သူကြီး ...အတွေးအခေါ် ကောင်းတယ်ဗျာ။ ထို ..."

ပြောဆိုတဲ့ အကျီမပါတဲ့ကောင်ကလည်း ထပ်ပင့်ပေးတယ်။

"ဝင်ကြည့် ...စစ်ဆေးဦးမှာလား ...သူကြီး"

ကိုသာစည်က မြန်မြန်ဖြတ်ချင်လို့ မေးလိုက်တယ်။

"မကြည့်နဲ့တော့ ...။ ဒီကုန်းက အားလုံးသိတဲ့အတိုင်း လူနေကုန်းမဟုတ်ဘူး။ ကျတ်ကုန်း၊ တစ္ဆေကုန်း၊ အသူရကာယ်ကုန်း၊ ဘီလူးသချိုင်းလို့ နာမည်ကြီးခဲ့ဖူးတဲ့ကုန်း။ ပစ်ထားလိုက်။ ဒီလူ့ဝိုက်ဆန်းခြယ်တဲ့ကုန်းမှာ သေတဲ့မသာကို ငါတို့ ရှာထဲလည်း သွင်းလို့ရမှာမဟုတ်ဘူး။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီရသေ့ကြီးက အမှတ်မရှိ၊ လမ်းမရှိ၊ ပိုင်ရှင်မရှိတဲ့ လူစားမျိုးကွ။ ခုလည်း ပုပ်မှုပြီး ယင်တလောင်းလောင်း ဖြစ်နေဦးစွာ။ ဘီလူးပဲစားစား၊ တောခွေးပဲစားစား၊ ကျီးပဲစားစား၊ သူ့ထိုက်နဲ့ သူ့ကံပဲ။ ပြန်ရှင်လာမှာလည်း မဟုတ်ဘူး။ ငါတို့လာခဲ့တာက သူ့ကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးချင်လို့ လာခဲ့ကြတာ။ ခုမျက်မြင် မြင်ကွင်းအရတော့ မဖြစ်နိုင်တော့ဘူး။ ဘီလူးခေါင်းပြတ်သချိုင်း ကုန်းမြေကြမ်းက သူ့ရဲ့ဇာတိကို ပြလာနေပြီ။ ကိုင်း . . . အားလုံးပြန်ကြစို့”

အဲဒါ သူကြီးနဲ့ ကျုပ်တို့အားလုံး ပုပ်စော်နံဟောင်နေတဲ့ ရသေ့ကြီးရဲ့အလောင်းကို မြေမမြှုပ်နိုင်ဘဲ ဒီအတိုင်း ထားခဲ့လိုက်ရတယ်။

✿ ✿ ✿

| ၄ |

## သူကြီးနဲ့အဖွဲ့ ရှူးကုန်ပြီလို့ အပြောခံရသည့်မနက်

❑

မိုးလည်း လင်းပြီးရော အလွန်အံ့သြစရာကောင်းတဲ့ ဖြစ်ရပ်ကို ကျုပ်တို့တစ်ရွာလုံး မြင်ရ ကြုံရပါရော . . . စာရေးဆရာ။

ကြည့်စမ်းဗျာ . . .

မနေ့တုန်းက . . . ဝါးတစ်ပါးကျောင်းပေါ်မှာ သေပြီး အနားမကပ်နိုင်အောင် ပုပ်စော်နံဟောင်နေတဲ့ ရသေ့ကြီး။

ယင်တလောင်းလောင်း အုပ်ကြီးကြားမှာ လောက်တက်နေရတဲ့ ရသေ့ကြီး။

ကျီးပဲစားစား၊ လင်းတပဲစားစား၊ တောခွေးပဲစားစား၊ မကျွတ်မလွတ်သေးတဲ့ ဘီလူးတွေပဲ စားစား . . .

အနံ့မခံနိုင်လို့ စားချင်သူစား ဥပေက္ခာပြုခဲ့ရတဲ့ ရသေ့ကြီး။

ဟိုမှာကြည့်စမ်း . . . ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲကို ယွန်းသပိတ် နှုတ်ခမ်းအစုတ်၊ အဖုံးစုတ်နဲ့ တစ်လှမ်းချင်း လှမ်းဝင်လာနေတာကို ကျုပ်တို့ မြင်လိုက်ကြရရော တစ်ရွာလုံး အုံးအုံးကျက်ကျက်ဖြစ်ပြီး အိမ်စေ့ ပြေးထွက်လာလိုက်ကြတာ ရွာလမ်းမှာ လူကို ဖွေးနေတာပဲ။ ဒါနဲ့ သူကြီးအိမ်၊ ရာ့အိမ်ခေါင်းအိမ် ပြေးပြောရတာပေါ့ကွာ။

"ဗျို့ ... သူကြီး ... သူကြီး ..."

"ရာအိမ်ခေါင်းကိုမျိုးတို့၊ ဆယ်အိမ်ခေါင်း ကျပ်ပိတ်တို့၊ ဂယောင်တို့ရေ ... မြန်မြန်လာကြပါဦးဟေ့ ..."

မိန်းမအချို့ ခါးထောက်ပြီး အော်နေကြတယ်။

"မွတ်တားတို့၊ အသူရကာယ်တို့၊ ကိုသာစည်တို့ ..."

"ဟ ... ရန်ကုန်နဲ့ ငှက်ကြီး ... မင်းအမေကလွှားမို့ ဒီလောက် အလန့်တကြား အော်ဟစ်နေတာလဲဟ"

"ကိုသာစည် ..."

"ဟေ ... ဟေ ..."

"သ ... သ ... ကြီး ..."

"ဘာတုံး ... မနက်စောစောစီးစီး ရွာရိုးမသားတွေ ဆူညံနေတာပဲ"

"ရွာ ... ရွာ ... ဝမှာဗျ ... ရွာဝမှာ ..."

"ရွာဝမှာ ဘာဖြစ်လို့တုံး။ မြန်မြန်ပြော ..."

"ဟို ... ဟို ... ဘီလူးခေါင်းပြတ်သချိုင်းက ... ဘ ... ရသေ့ကြီး ... ရောက် ... ရောက်နေ ..."

"ဟေ့ကောင် ... ရန်ကုန်၊ မင်းပထွေးက မနေ့ကတည်းက ထကျောင်းပေါ်မှာ သေပြီး ပုပ်ပွလို့ ယင်တလောင်းလောင်းဖြစ်၊ အနားကပ်မရ ဖြစ်နေတာကို မွတ်တားတို့၊ ငါတို့ရော အသေအချာ မြင်ခဲ့ရမဟုတ်လား ... ငဆေနူရ ... ဟင် ..."

"သ ... သကြီး ... အဲဒါ ... ကျုပ် ... ကျုပ်ပထွေး မဟုတ်ဘူး ဗျ။ ခင်ဗျား ယောက်ဖ ..."





"ဘာ ... ဘာ ... ပြောတယ်ကွ ... သယ် ..."

"ခင်ဗျား ... ယောက်ဖက ... အဲ ... အဲ ... ကန်တော့ပါဘုရား။ ဒီ ... ဒီမှာ ... သကြီး ... ဟို ... ဟို ... ရသေ့ကြီး ... မသေဘူးဗျ။ ရွာထဲကို သပိတ်ပိုက်ပြီး ဆွမ်းခံကြွဝင်လာနေတယ်။ လာကြည့်စမ်းပါဗျာ"

"ဟေ ... ဟုတ်ရဲ့လား ... ရန်ကုန်ရာ။ မင်း ... မင်း ... မရူးပါဘူးနော်"

"ကျုပ် မရူးဘူး။ မယုံရင် အမြန်လိုက်ကြည့်"

"ဟေ့ကောင် ... ငှက်ကြီးနဲ့၊ မေ့တ် ... ရန်ကုန် ပြောနေတာဟုတ်လား"

"ဟုတ်တယ်ဗျ ...။ လူလား၊ သရဲလား၊ ဖုတ်လားတော့ မသိဘူး။ ထော့နင်းထော့နင်းနဲ့ သပိတ်ပိုက်ပြီး ရွာထဲကို လာနေတယ်"

"ဟော ... ဟော ... နား ... နားထောင်ကြစမ်း"

"အူ ... အူ ... ဝူ ... ဝူ ... ဝူ ..."

"ဟ ... ဟ ... ခွေးတွေ အူကုန်ကြပြီဗျ ... ဘုရားရေ"

ဒီလို တစ်ယောက်တစ်ပေါက် တရုန်းရုန်း မေးမြန်းအော်ဟစ်နေကြတုန်းမှာပဲ ရွာအဝင်ဝတက်နေ ခွေးအကောင်ငါးဆယ်ကျော်ခန့် ငြိုင်တူအူလိုက်တဲ့အသံကို ကြားလိုက်ရတော့တယ်။ သူကြီးလည်း ရွာဝကို ပြေးလာလိုက်တယ်။

"အူ ... ဝူ ... ဝူ ... ဝူ ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ..."

"အိုင် ... အိုင် ... ဂိန် ... အိန် ... အိန် ..."

ရွာဝက ခွေးတွေရဲ့ အုပ်လိုက်အော်သံ အူသံကိုကြားရော သူကြီးအိမ်အောက်က ခွေးအပါအဝင် ကြားကြသမျှ ခွေးအားလုံးဟာ ရွာအဝင်လမ်းရှိရာကို ပြေးထွက်သွားကြပြီး ဟိုခွေးအုပ်ကြီးနဲ့ စုပေါင်းရောဖွဲ့ အူကြပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ခွေးများနှယ်ဗျာ ... လူတွေကို ဝင်တိုက်ပြီး ရွာဝကို ပြေးကြတာများ ...

"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်ကုန်ကြတာတုံး ... ကိုကျော်ဖား ... ဟင်"

သူကြီးကတော် ဒေါ်စောခင်ကလည်း ထိတ်ထိတ်ပျာပျာနဲ့ မေး၊ သက်ကြီးရွယ်အိုများကလည်း မေးကြ မြန်းကြ အလျှင်စလို ထွက်ကြည့်ကြ။

"ဟဲ့ ... ဘာဖြစ်လို့ အူနေတာတုံး"

"ရွာထဲ ဓားပြသူပုန် ဝင်လို့လားဟဲ့"

"မဟုတ်ဘူးဗျ"

"မကောင်းဆိုးဝါးတွေများ ဝင်လာလို့ အူသလားမသိဘူးဟေ့"

"ဒါ မကောင်းဆိုးဝါးဝင်လာလို့ အူတဲ့ အသံမျိုးမဟုတ်ဘူး .. ဒေါ်ဒေါ်ခင်းမရဲ့။ ဒီအူသံ အော်သံမျိုးက ရွာဦးဘုန်းကြီးကျောင်းက ဆွမ်းစားခါနီး ကြေးစည်ရိုက်တုန်း အော်တဲ့အူတဲ့ အသံမျိုးဗျ"

"အစောကြီးရှိသေးဥစ္စာ ...။ ဒါ ဆွမ်းစားချိန်မဟုတ်ဘူးလေ"

"ဟဲ့ ... အသူရကာယ် ဘာဖြစ်လို့လဲဟဲ့"

"ဘုရသေ့ကြီး ရွာထဲကို ဆွမ်းခံကြွလာလို့ အမေဒေါ်ခင်းရေ"

"ဟေ ..."

"ဘာ ..."

"မနေ့တုန်းကတော့ သေလို့ ပုပ်ပွနေပြီဆို"

"အခု ရွာထဲကို ဝင်လာနေပြီ။ မသေလို့ နေမှာပေါ့ဗျ"

"အင်း ... သူကြီးကာလနာနဲ့ အရှုးတွေ အနှမ်းတွေ ပြောတိုင်းသာယုံရင် ငါးပါးမှောက်ပဲ ဟဲ့"

"ဟုတ်ပတော် ... အနာကျကောင်တွေ၊ ရသေ့ရဟန်းကိုများ နောက်စရာ၊ ပြောင်စရာလားတော် ... ဟင် ..."

"သူကြီးကစပြီး ဆယ်အိမ်ခေါင်းအထိ မြေမျိုမှာပဲ"





"မြန်မြန်မျိုလေ ကောင်းလေပဲ အေ"

"အေးဟယ် ... မြေကြီးအော်သံ မကြားရဘဲ ခွေးအော်သံ ကြားရတယ်တဲ့"

"သူကြီးနဲ့အဖွဲ့လည်း မြေမျိုမှာ ကြာလိမ့်မယ်မထင်ဘူး"

"ဟဲ့ ... စောခင် ... စောခင် ..."

"ရှင် ... အမေဒေါ်ခင်း ..."

သူကြီးကတော်က ဟင်းဗန်း၊ ဆွမ်းဗန်းကိုင်ပြီး အမြန်ထွက်လို့ ထူးလိုက်တယ်။

"နင့်လင်သူကြီးကိုလည်း ကြည့်ကျက်ပြောဦးဟဲ့ ... စောခင်ရဲ့"

"ဘာကိုတုံး ... အမေဒေါ်ခင်း"

"နင့်လင်ပဲ ပြောတာလေ။ ရသေ့ကြီး ပျံလွန်တော်မူပြီဆို"

"အဲ ... သူတို့ ... တွေ့ ..."

"ညည်းပါ မြေမျိုတဲ့အထဲ အဆစ်ပါနေဦးမယ်။ နင့်လင်နဲ့ တစ်အိပ်ရာတည်း အတူမအိပ်နဲ့"

"ရှင် ... အင် ..."

"သွားရင်လည်း အတူတွဲမသွားနဲ့။ မြေကျွံရင် ကိုယ်ပါရောပါပြီး အဝီစိမှာ နှစ်ပါးသွား ငိုချင်းချနေရမယ်။ ကြားလား ..."

"ဟုတ် ... ဟုတ် ... ကဲ့တော်"

ရှင်းလည်းမပြတတ်ဘူးလေ။ ဒီတော့ ဟုတ်ကဲ့နဲ့ အဆုံးသတ်ပြီး ဆွမ်းဗန်းနဲ့ ရွာလယ်လမ်းမကို ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်တယ်။

ရွာဆော်သောင်းကြီးကလည်း ရွာထဲမှာ 'ဗျို့' ဟစ်နေတယ်။

"တောင်ယာကုန်းရွာသူရွာသားများခင်ဗျား ... ဘုရသေ့ကြီး ဆွမ်းခံကြွလာပြီဖြစ်ပါ၍ ဆွမ်းခဲဘွယ်ဘောဇဉ်များ လောင်းလှူရန် အသင့်ရှိကြပါခင်ဗျား"

"ဟဲ့ ... ဒါနဲ့ မနေ့က သေပြီဆိုဟဲ့။ ကာလနာတွေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါအေ ... သူကြီးငကြောင်၊ ရာအိမ်ခေါင်းအရှုး ဆယ်အိမ်ခေါင်းငမူးနဲ့ ကျပ်မပြည့်တဲ့ နောက်လိုက်တွေ ပြောလာရင် နော ကို ချင့်ယုံတော့အေ့။ ကိုင်း ... ဆွမ်းလောင်းဖို့သာ ပြင်ကြတော့"

အားလုံး အုံ့ဩဝမ်းသာနဲ့ ဆွမ်းလောင်းဖို့ ပြင်ကြဆင်ကြတယ်။ ဒီတောင်ယာကုန်းရွာမှာက ဘုန်းကြီးကျောင်းတစ်ကျောင်းပဲ ရှားရှားပါးပါး ရှိတာကိုး။

အနီးအနားရွာတွေမှာ ဘုန်းကြီးကျောင်းမရှိဘူး။

ငါးတက်ကုန်းက ပိုက်ဆံတော့ တစ်ရွာလုံးနီးပါး ရှိကြလေရဲ့။ ဒါ ပေမင့် တစ်ရွာလုံးနီးပါး လူဆိုး၊ လူကြမ်း၊ လူသရမ်းတွေ။

မိုးမလင်းသေးဘူး။ ဖဲရော မောင်ရော တုတ်နေကြပြီ။

ညဘက် ဘုရားရှိခိုးချိန်၊ လင်မယား နပန်းသတ်ကောင်းတုန်း လမ်းပေါ်မှာ၊ အရက်ဆိုင်မှာ မူးပြီး ရန်ဖြစ်ဆဲရေး စိန်ခေါ်နေကြတုန်း။

ရွာလူကြီးကအစ မူးနေတဲ့ရွာ။

အဲဒီလိုရွာမှာ ဘုန်းကြီး သြဇာမရှိဘူး။ တရားပြလို့ မရဘူး။ ကောင်းတာလုပ်လို့သေရင် နတ်ပြည်ရောက်မယ်ပြောတော့ ဘာပြောမှတ်လို့ တုံး။

နတ်ပြည်မှာ အရက်ဆိုင်ရှိမလားတဲ့။

ရှိရင်တော့ နတ်ပြည်ရောက်အောင် ကြိုးစားမယ်တဲ့။

နတ်ပြည်ဟာ သူတော်ကောင်းဘဝက ကူးလာသူတွေနေတဲ့ ရာ။ အဲဒီမှာ အရက်၊ ထန်းရည်၊ လော်စာ မရှိဘူးပြောတော့ ...

ဒါဆို လူ့ပြည်မှာပဲ နေမယ်။ ဒီမှာက အစုံရလို့တဲ့။

မင်းတို့ ရွာသားတွေသေရင် ငရဲပြည်ရောက်မှာပဲလို့ ပြောတော့ ရောက်လည်း ဘာအရေးလဲတဲ့။ အရေးကြီးတာ အရက်ဆိုင်ရှိနေဖို့။ အမြည် ရောင်းတဲ့သူ ရှိနေဖို့ပဲတဲ့။

အဲဒီလို လူ့ခွစာတွေ။ ထော်လော်ကန့်လန့် ကောင်စားမျိုးတွေ များတဲ့နေရာမှာ ဘယ်ဘုန်းကြီးရဟန်းသံဃာမှ နေချင်စိတ်မရှိဘူးလေ။

ဒါကြောင့် အဲဒီရွာမျိုးတွေမှာ ဘုန်းကြီးကျောင်းမရှိဘူး။

စိတ်ကူးသစ်စာပေ



ကျန်တဲ့ရွာနီးချုပ်စပ်တွေကလည်း လွတ်လပ်ရေးမရခင် ကာလ တစ်လျှောက် ဟိုနား ငါးအိမ်စု၊ ဒီနား ဆယ်အိမ်စု ရွာလေးတွေ။

သူတို့ဝမ်းသူတို့ အနိုင်နိုင်။

တော်ကြာ နိုင်ရာစား သူခိုးဓားပြရဲ့ ညှဉ်းဆဲခံရသေးတယ်။

ကျုပ်တို့ တောင်ယာကုန်းရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းက ကျောင်း ထိုင်ဆရာတော်ကြီးက သက်တော် (၈၀)ကျော်၊ (၉၀) နီးပါးကြီး။ အိုမင်း မစွမ်းကြီး။ ရွာထဲ ဆွမ်းခံမကြွနိုင်ရှာဘူး။

ကျောင်းက ကပ္ပိယဦးကျော်စံကေးနဲ့ ကိုရင်လေးပါးပဲ ရွာထဲလှည့် ဆွမ်းခံကြွရတာ။

ရွာထဲမှာပဲဖြစ်ဖြစ်၊ ရွာနီးဝန်းကျင်မှာပဲဖြစ်ဖြစ် အသုဘကိစ္စပေါ် လာရင် သက်တော်ရှည်ဆရာတော်ကြီးက လူတွဲလေးနဲ့ မဖြစ်ဖြစ်အောင် ကြိုးစားပြီး သရဏဂုံကိစ္စ၊ ရက်လည်ဆွမ်းသွတ်ကိစ္စ လုပ်ပေးနေရတာ။

မုတ္တမပင်လယ်ကွေ့နဲ့ ကပ်နေတော့ သူပုန်ရော၊ ဓားပြရော အရမ်း ပေါတာပေါ့။ ဟိုဘက်ကူး တိုက်လိုက်ကြ၊ ဒီဘက်ကူးတိုက်လိုက်ကြနဲ့၊ ဒီလို အသတ်အဖြတ် အတိုက်အခိုက် ကြမ်းကြုတ်တဲ့အရပ်မှာ ဘယ်ဘုန်းကြီး ရဟန်းမှ ကျောင်းလာမထိုင်ဘူး။

မြို့နဲ့ကလည်း အဝေးကြီး။

ဘယ်လောက် မိုက်ရိုင်းကြသလဲဆို ဘုန်းကြီးရဟန်းကိုတောင် အချောင်သမား၊ လူပျင်းတွေလို့ ပြောတဲ့ ...ဗ . က . ပ လူမိုက်ရိုင်းတွေ ကလည်း ရှိသေးသကိုး။

သံဃာကိုတောင် ရိုက်မယ်၊ နှက်မယ်၊ ဆဲရေးတိုင်းထွာ၊ သင်္ကန်း ဆွဲချွတ်၊ လူဝတ်အတင်းလဲတဲ့။ ဓမ္မန္တရာယ် လူတစ်ပိုင်း၊ ခွေးတစ်ပိုင်း အစား ကွေကလည်း ဟောဒီ လူ့လောကထဲမှာ အသက်ရှည်နေကြတုန်းပဲလေ။

အချို့နေရာတွေမှာ အဝိစိကို ဖောက်ထိုးဆင်းမည့် လူလွန်မသား လူမိုက်ရိုင်း အာဏာရှူးတွေ ကြီးစိုးသောင်းကျန်း လွှမ်းမိုးနေတော့ သင်္ကန်း ဝတ်ဘဝနဲ့ နေရမှာ ကြောက်သူလည်း များသကိုးဗျ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သတ္တိကောင်းဂ ရသေ့ထော့ကျိုးကြီး မမျှော်လင့်ဘဲ ဒီရွာ ဝန်းကျင်ရောက်လာတော့ လှူရမည့်သူ တစ်ပါးတစ်ဦးတိုးပဟဲ့ တစ်ရွာလုံး တစ်ရပ်လုံး ဆင်းရဲနွမ်းပါးကြပေမယ့် ဝမ်းသာခဲ့ကြတယ်။

မရှိ ရှိတာ လောင်းကြ၊ လှူကြတယ်။

သေပြီးရင် ဒါလေးပဲပါမှာလို့ ဆရာတော်ကြီး မိန့်ဖူးတယ်လေ။

နောက်တစ်ချက် ...

ဘရသေ့ကြီးရဲ့ သတ္တိပဲ။ သေနတ်လက်နက် သူပုန်ဓားပြတွေ တောင်မနေရဲတဲ့ ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောထဲမှာ အဖော်မပါ တစ် ယောက်တည်း တစ်ပါးနေဝါးကျောင်းလေးနဲ့ နေ့ရောညပါ နေရဲတာကိုက-

ကိုင်း ... ဘယ်သူနေရဲတုံး။

သူနေရဲတယ်။ မကြောက်မလန့်ဘူး။

ဘယ်ကလောက် ထူးဆန်းသလဲ။ စဉ်းစားကြည့်စမ်း။ ဒါ တစ်ခု အစွမ်းကောင်းရှိနေလို့ နေရဲတာနေမှာ။ ဒီလိုတွေးကြတယ်။

မနေ့တုန်းက ဘရသေ့ကြီး ပျံလွန်သွားပြီကြားရတော့ တစ်ရွာ လုံး နှမြောတသ ငိုလိုက်ရတာ။

သေပြီးရော ချက်ချင်း ပုပ်ပွန်ဟောင်လို့ 'ဖုတ်'လို့ ပြောသူက ပြောကြ၊ အခု မသေဘဲ ရွာထဲကို ဆွမ်းခံကြွလာပြီး သိကြရော ...

မဝမ်းသာသူ ဘယ်သူရှိပါ့မလဲဗျာ။

ရသေ့ကြီးကြွလာတာကို မမြင်ရသေးဘူး။ ရသေ့အစစ်မှဟုတ်ရဲ့ လား။ ဝိဇ္ဇာလား၊ ရဟန္တာလား၊ ဘာလား ... ညာလား ချဲ့ကြပြီ။

အို ... ဘာပြောကောင်းမှာလည်း စာရေးဆရာရယ်။

တစ်ရွာလုံး ဝမ်းသာအားရ သူ့ထက်ငါ လောင်းလိုက်ကြတာ။ သပိတ်ကို ပြည့်လျှံလို့ မဆန့်တော့ဘူး။ နောက်ကျန်လူများ စတီသဘောနဲ့ တစ်ဖွန်းစာမျှပဲ လောင်းလို့ရကြတော့တယ်။

ဆွမ်းလည်းရပ်ရော ရွာသက်ကြီးတစ်ဦးကစပြီး မေးလျှောက်ပါ ရောဗျို့။

"ဘ ရ သေ့ ... ဘုရား"





"ဘာတုံး ဒကာ"

"ဟို ... ဟို ... ဘရသေ့ ... ဟိုလေ ... အဲ ... မ ... မသေ ဘူးနော် နော်"

"ဟဲ့ ... ဒကာရဲ့။ ကျုပ်က ဘာကိစ္စနဲ့ သေရမှာတုံး"

"ဟင် ... အဲ ... အဲ ... ဟိုလေ ... မနေ့တုန်းက ... ဘ ရသေ့ကျောင်းမှာ ... ဟို ... ဟို ... ဘရသေ့ကြီး ... သေ ... သေ အဲလေ ... ဟို ... ကျောင်းမှာ ... ရှိ ... ရှိလားဟင်"

"မနေ့ကလား"

"မှန် ... မှန် ... ပါ ဘုရား"

"မနေ့တုန်းက ကျောင်းမှာ ကျုပ်မရှိဘူး"

"ဗျာ ..."

"ဟင် ..."

"ဘရသေ့ ... ကျောင်းမှာ ... မ ... မရှိဘူး။ ဒါ ... ဒါဆို ဘယ်ကို ကြွနေလို့တုံး ... ခင် ... ခင်ဗျာ ... အဲ ... အဲ ..."

"ဝဲကျောင်းကြီးရွာက ဆွမ်းစားပင့်လို့ မနက်ဝေလီဝေလင်း ကတည်းက ထသွားတာ။ ညနေမှောင်မှပဲ ကျောင်းပြန်ရောက်တယ်"

"ဗျာ ... ဗျာ ..."

"သူကြီး ... သူ ... ကြီး ..."

"ဟော ... အော ... ဟော ..."

"ကြားလား ... ခင်ဗျား ကြားရဲ့လား"

ရွာသက်ကြီး ဘကြီးဖိုးအုန်းက ရသေ့ကြီးရှေ့မှာပဲ သူကြီးကိုမေး လိုက်ရော။ သူကြီးမျက်နှာပျက်နေပြီ။

ဟိုနေ့က အတူသွားဘက် ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းများနဲ့ ကျုပ်တို့ ကာလသားတွေလည်း အံ့သြနေကြပြီ။

"အေး ... ဟေး ... အေးဟာ ... ဒါ ... ဒါဆို ... မနေ့မွန်း လွဲချိန်တုန်းက ဘရသေ့ရဲ့ တစ်ပါးကျောင်းပေါ်မှာ ပက်လက်ကြီးဖြစ်ပြီး သေ ... သေ ... အဲ ... အဲ ... ယင်ကောင်တလောင်းလောင်းနဲ့ ပုပ် စော်နံ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ်"

"အဲ ... အဲ ... ကန်တော့ပါဘုရား။ ဟို ... ဟို ... အရှင်ရသေ့ကြီးရဲ့ကျောင်းပေါ်မှာ ပက်လက်ကြီး၊ စန့်စန့်ကြီး ကျိန်းနေတာ ဘယ်သူပါလဲ ဘုရား"

"ဒကာကြီး ..."

"ဖ ... ဖရား ..."

"ငါ့ကျောင်းပေါ်မှာ ..."

"မှန်ပါ ... အိပ်နေတာပါ ဘုရား"

"အဲဒါ ငါမဟုတ်ဘူး"

"ဗျာ ... ဒါ ... ဒါဆို ... အဲဒါ ... ဘယ်သူပါလဲ ... ကိုယ်တော်"

"မသိဘူး။ ငါလည်း မနက်ကတည်းက ထွက်တာ မှောင်ခါနီးမှ ကျောင်းကိုရောက်တယ်။ ငါ့ကျောင်းပေါ်မှာ ငါကလွဲရင် ဘယ်သူမှ လာအိပ်မည့်သူ မရှိဘူး။ ဘယ်သူမှလည်း လာလေ့မရှိဘူး။ ဒကာကြီးတို့ ဘာတွေမေးနေ ပြောနေမှန်း ကျုပ် နားမလည်တော့ဘူး။ ကိုင်း ... ဖယ်ကြ"

သူကြီးအပါအဝင် ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်း၊ ရွာမိရွာကျုပ်တို့ကာလသားများပါမကျန် အူကြောင်ကြောင် ဖြစ်သွားကြပြီး လမ်းဖယ်ပေးလိုက်ရတယ်။

ဘရသေ့ကြီးက သပိတ်ပြည့်လျှံနေပြီမို့ ရှေ့ဆက်မကြွဘဲ သူ့ကျောင်းသခ်မ်းရှိရာ ဘီလူးခေါင်းပြတ်သချိုင်းကုန်းပေါ်ကို တစ်လှမ်းချင်းကြွသွားတော့တယ်။

ဒီမှာ ရွာသူရွာသားအချို့က သူကြီးကို အပြစ်တင်ကြရော။

"သူကြီး ..."

"ဘာတုံး ... မောင်ခါး"

"ခင်ဗျားတို့အဖွဲ့ ရူးနေကြပြီဗျာ"

"ငါတို့ မရူးဘူး ... ငေါ်။ လူအုပ်နဲ့ သွားခဲ့ကြတာ။ ဟော်မျက်စိ အများကြီးနဲ့ တပ်အပ်သေချာ မြင်ခဲ့ရတာ။ ဟောဒီနှာခေါင်းနဲ့ နံလွန်းလို့ ဒီပါးစပ်နဲ့ အော်အန်ခဲ့ရတာ။ မယုံရင် ဟောဒီကောင်တွေမေးကြည့်။ မေးလေ ..."





"ဟုတ်တယ် ... ကိုခါး။ ကျုပ်တို့ အသေအချာ မြင်ခဲ့ရတာ"

"ကိုသာစည် ... ဟုတ်ရဲ့လားဗျ"

"ဟုတ်တာတော့ ဟုတ်တယ်ကွ"

"ကျောင်းပေါ်မှာ သေနေတာ သင်္ကန်းဝတ်ရော ဟုတ်ရဲ့လားဗျ"

"ဟုတ်တယ်ကွ။ သစ်ခေါက်ဆိုးသင်္ကန်းဝတ်ပဲ"

"သေနေတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာရော ခင်ဗျားတို့ အနီးကပ် မြင်ခဲ့ကြည့်ခဲ့လား။ ဒီဘရသေ့လို့ ကျိန်းသေပြောနိုင်လား။ ပြော ..."

"အဲ ... အဲ ... အဲဒါတော့ သူကြီး ခင်ဗျားပဲ ပြောလိုက်ဗျာ"

ကိုသာစည်ကလည်း သူ့ဘက် မြားဦးလှည့်လာလို့ သူကြီးဦးကျောက်ဘားဘက်ကို လှည့်ပေးလိုက်တယ်။ ဒီမှာ သူကြီးက ...

"ပုပ်စော်က မခံမရပ်နိုင်အောင် နံနေတာကွ"

"ဒါ ဟုတ်တယ်ဗျို့။ အရမ်းကိုနံနေတာ ... ကိုခါးရေ"

"နံလွန်းတော့ အနားကို မကပ်နိုင်ဘူး။ တစ်ခါ ယင်မမဲရှိုင်းအုပ်ကလည်း မင်းအမေကလွှား ဖျားကြီးနှစ်ချပ်စာလောက် များမလား ထင်ရတယ်။ တဝုန်းဝုန်း တဝေါဝေါ ထပ်ပျံအုံနားနေလို့ ဘယ်လိုမှ သူ့မျက်နှာကို အနီးကပ်ကြည့်လို့မရဘူး။ ပြီး ... မင်းတို့ ခင်ဗျားတို့ သိတဲ့အတိုင်းပဲလေ။ ဒီကျောင်းမှာ သူတစ်ပါးတည်းနေတာ။ သူမဟုတ်လို့ ဘယ်သူဖြစ်မတုံး။ စဉ်းစား ..."

"ငါထင်တယ်ကွ"

ဒီမှာ ဦးမဟူရာဆိုတဲ့ အဘိုးကြီးက ...

"မဟုတ်မှလွဲရော ဘီလူးခေါင်းပြတ်သချိုင်းတောကုန်းကြီးက ကျတ်တွေ၊ နာနာဘာဝတွေကများ အရိုးခြောက်တို့ ခင်ဗျားတို့ကို ရူးကုန်အောင်လှည့်ဖျားခြောက်လှန့်ပြသလား မသိဘူးဟ"

"ဟူး ... အဲဒီလိုများ ဖြစ်နေသလား မသိပါဘူးဗျာ"

"ထူးဆန်းတာတော့ အရမ်းကို ထူးဆန်းနေတာဗျ ... သူကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေကွာ ... ခုတိုင်းဆို ငါတို့အားလုံး ရူးလို့ပြောတာမျိုး ဖြစ်နေပြီ။ မင်းတို့ငါတို့များ ဘုန်းကံနိမ့်နေလို့များလား မသိဘူးနော်"

"သူကြီးရာ ... ခင်ဗျားတို့၊ ရာအိမ်မှူးငတိုးတို့၊ ဆယ်အိမ်ခေါင်း ခေါင်းရှည်တို့၊ အသူရကာယ်တို့၊ မွတ်တားတို့က ဘယ်တုန်းကများ ဘုန်း ကံမြင့်ဖူးလို့တုံး ... သူကြီးရဲ့ မိန်းမအနားကပ်နေတဲ့ သုံးဆယ့်ငါးကျပ်သား တောက်တဲ့ကြီးတွေဥစ္စာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟုတ်တယ်ဟေ့ .. ဟုတ်တယ်"

"သူကြီးတပည့် ထမင်းချက် ခြောက်ပုလင်းမောင်ဟန်က ... ကိုသာခိုးဗျ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဘယ်လိုဆိုးလို့တုံး ... ကိုမှိုင်းမှုံကြီးရ၊ လုပ်ပါဦး"

"မောင်ဟန်တို့က မိုးလင်းရော ထဘီနဲ့ပုဆိုး မှားဝတ်ပြီး ပဲပြုတ် သည်ခေါ်ဝယ်သတဲ့ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟီး ဟီး ဟီး ... အဟာတ် ... အဟာတ် ..."

"တို့သူကြီးကလည်း အဲဒါမျိုး ခဏခဏဖြစ်သဟ"

"အဟာတ် ... အဟာတ် ... အဟာတ် ... အေ ..."

"ဒါတောင် တို့သူကြီးက သူ့ကိုယ်သူ ဘုန်းရှင်ကံရှင် သူကြီးလို့ ထင်နေတုံးဟ"

"စကြဝတေးမင်းလို့ မပြောသေးရင်တော်သဟ ... ရွှေကျင်ရ"

"ဟား ... ဟား ... ဟား ... ဟား ..."

ဒီလို ငယ်သူငယ်ချင်းများ၊ ရွာဆွေရပ်မျိုးများက ဝိုင်းပြောကြ ရော သူကြီးကိုကျောက်ဖား အားလုံးကြားအောင် ပြောပစ်လိုက်တယ်။

"ရွာရိုးမသား ... ကိုယ်ဆွေကိုယ်မျိုးတွေ ... ထွီ ..." တဲ့။

✿ ✿ ✿

[ ၅ ]

## အန္တရာယ်ကင်းချင် ရွတ်ဖတ်ကြသမျှဖွဲ့

❑

ရက်အတန်ကြာရော မင်္ဂလာမရှိတဲ့ သတင်းတစ်ခု ရွာရှိရာကို ရောက်လာခဲ့တယ်။

'တောင်ယာကုန်းရွာ' ကို ဓားပြဝင်တိုက်ကြမလို့တဲ့။

ဘုရားရေ ... ဟုတ်မှ ဟုတ်ကြရဲ့လား၊ မေးကြမြန်းကြ၊ တစ်ရွာလုံး လန့်ဖျပ်ကုန်ကြတယ်။

"ဟုတ်ရဲ့လား ... ငတိုးကြီးရာ ... ဟင်"

"ရွာဝမှာ ပြောနေကြတာပဲ ... ကိုသာစည်ရ"

"ကောလာဟလပဲ ဖြစ်ပါစေတော် ... ဘုရား ... ဘုရား"

"နေပါဦး ... ငါတို့ရွာကို ဝင်မှာ စီးမှာက သူပုန်လား၊ ဓားပြ တဲ့လားဟဲ့ ... ငတိုးတို့၊ ငစိုးတို့ရဲ့ ပြောပါဦးဟဲ့။ ဘုရား ... ဘုရား ... ရင်တွေတုန်လိုက်တာတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဓားပြလို့ ပြောသံကြားတယ်တဲ့"

"ငှက်ကြီးတောင် ဘဂျမ်းတို့လား ဟင်"

"မသိဘူးဗျ"

"ရှင်ဘုရင်သိန်းမောင်တို့ အဖွဲ့ဆို … ဟဲ့ … ငစိုးရဲ့"

"မပြောတတ်သေးဘူးဗျာ။ နားစွင့်နေတုန်းပဲ"

ဒီမှာ လှည်းနဲ့ပြန်လာတဲ့ ကိုတက်စိန်ကို ဝိုင်းမေးကြရော …

"ဟဲ့ … တက်စိန်"

"ဗျာ … အဘသိန်း"

"မင်း ဘယ်က ပြန်လာတာတုံးဟ"

"ဌေးချောင်းဘက်က အဘ။ ဘာဖြစ်လို့တုံး"

"ငါတို့ရွာကို ဓားပြလိုလို၊ သူပုန်လိုလို စီးမလို့ဆို။ မင်းရော ကြားခဲ့လားဟ … တက်စိန်ရ"

"ဟိုဘက်ရွာတွေကတော့ သိမ်းမောင်တို့၊ ဘဂျမ်းတို့ ဝင်မွှေသွားတာ ပြောင်ရောလို့ ကြားတယ်ဗျာ"

"ငါတို့ရွာရော …"

"တစ်နေ့နေ့တော့ ဝင်မှာပဲတဲ့။ ပြောနေကြတာပဲ"

"ကာယသိဒ္ဓိရွှေဖျင်းလည်း တစ်စခန်းထနေတယ်"

"မေည်းတို့၊ ငချဲ့တို့ ညီအစ်ကိုလည်း ကြားရသေးတယ်"

"မုတ္တမ စနေဂိုဏ်းလည်း ကြားတယ်ဗျ"

"ဘုရား … ဘုရား … အကုန် လူကြမ်း လူရမ်းတွေချည်းပဲဟော့။ ဘယ်လိုလုပ်ကြမတုံး … မောင်သာစည်တို့၊ မောင်ရန်ကုန်တို့ရေ"

ဒီမှာ ဆယ်အိမ်ခေါင်းမွတ်တား ဝင်ပြောတယ်ဗျ …

"ဟိုအဖွဲ့ကို သွားအကူအညီတောင်းရင် မကောင်းဘူးလားဗျ"

"ဘယ်အဖွဲ့တုံး … မွတ်တားရဲ့"

"ရှူး … တိုးတိုး … ဟို … အဖွဲ့လေဗျာ"

"အို … သူတို့ကပါ သေနတ်ငှားပြီး အခစားယူတာဆိုရင် ဘယ်လိုလုပ်မတုံးဟဲ့"





"ပျူစောထီးအဖွဲ့တွေရောဗျာ"

"သူတို့က စားရချောင်တဲ့နေရာမှာ မင်းလုပ်နေကြတာဗျ။ သူတို့ သွားပင့်လာရင်လည်း သူတို့ မျိုတာဆိုတာနဲ့ ရွာမှာရှိတဲ့ ကြက်ရောကုန်မှာပဲ"

"မင်းနှမတောင် အပြန်မှာမပါရင် ကံကောင်းပဲ သာစည်"

"သူကြီးအိမ် သွားကြစို့ဗျာ။ တစ်ခုခုတော့ ကြိုတင်လုပ်ထားမှ ဖြစ်မယ်။ ထိုင်စောင့်မျှော်နေလို့ မရဘူး။ လာကြဟေ့ …"

နောက်ဆုံး သူကြီးဦးကျောက်ဖားဦးဆောင်ပြီး ရွာကို ကြခတ်စည်းရိုးပတ်ကာလိုက်ကြတယ်။ တောင်ယာကတော့ ရွာပြင်မှာပဲပေါ့။

သိပ်မကြာလိုက်ဘူး ရွာကို စာချပ်ရောဗျာ။

'ရွာစည်းရိုးကာတဲ့ သူကြီးကျောက်ဖားရဲ့ဦးခေါင်းပြတ်ကို ရတဲ့ဈေးနဲ့ ရောင်းမည်' တဲ့။

အဲဒီစာကို ရွာစည်းရိုးအဝင်မှာ ချိတ်သွားတာကိုး။ စာပါအကြောင်းအရာကို ရာအိမ်မှူးတို့က အော်ဖတ်ပြရော …

သူကြီးဦးကျောက်ဖား လန့်ဖျပ်သွေးတက်ပြီး မူးကျသွားလို့ မနည်းကို ဆေးဆရာကိုပိန်းကြား နှာနှပ်ကုယူရတယ်။

သူကြီးဦးကျောက်ဖားကတော် မစောခင် (ခေါ်) မအာကျယ်လည်း လန့်ဖျပ်ပြီး ချီးပန်းတယ်။ တစ်နေ့တည်း ဆယ်ကြိမ်ကျော်ကျော်ပန်းတာ ဗိန္ဒောဆရာကိုပိန်းကြားရယ်၊ တိုင်းရင်းဆေးဆရာကြီး ဦးနီခင်ရယ် နှစ်ယောက်ညှပ်ပြီး မနည်းကုရတယ်။

သို့သော် ရွာသူရွာသားအားလုံးက မကြောက်မရွံ့ကြပါဘူးဗျာ။ ညီညွတ်ရဲရင့်ကြတယ်။ စည်းလုံးကြတယ်။

"ငြိမ်ခံနေရင် ရှိစုမဲ့စု ပြောင်မှာ ကုန်မှာပဲဗျ"

"ငါတို့ရွှေနည်းစာကို ဒီလို သေနတ်ပြ ဓားပြအလုပ်ခံလို့ ရရိုးလားကွ … ဟင်"

"ပြန်ချမယ်ဟေ့ … ယောက်ျားတွေကွ"

"ဟ … စိုးတို့၊ ငတိုးတို့၊ သာစည်တို့ရ … ပြန်ချရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ သေနတ်၊ ဘယ်မှာတုံး ကျည်ဆန်''

''ဟိုက ရိုင်ဖယ်တို့၊ စတင်းဂန်းတို့နဲ့ လာမှာဟ ... သာစည်ရ''

''ဒါဆို ခင်ဗျားတို့က ရှိတာ စုထားတာ အကုန်ချွတ်ပုံပေးမှာ လား။ ကျုပ်တို့နမ ခင်ဗျားတို့သမီးကို ဆွဲခေါ်သွားရင် ဒီအတိုင်း ကြည့်နေမှာလား။ ပြော ...''

ကိုသာစည်က သူများနဲ့မတူဘူး။ သွေးရဲတယ်။ နီတယ်။

''တစ်ရွာလုံး မြို့ပေါ်ကို ပြောင်းပြေးသွားနိုင်သလား''

ကျုပ်ကလည်း မခံနိုင်ဘူး။

ကိုသာစည်ဘက်က ဝင်ပြောရတယ်။

''ဒီမှာဟေ့ ... တောင်ယာကုန်းသားတွေ ပြန်မချရဲရင် ထဘီသာ ဝတ်ထားကြဟေ့''

''ဟုတ်တယ်ကွ ... ငြိမ်ခံရင် သေဒဏ်နဲ့ ဘာမှမထူးဘူး။ ပြန်ချမှ ကံထမှာဟေ့''

ကိုသောင်းကျွတ်တို့၊ ကျားကြီးရွှေဘိုတို့၊ ငတိုး၊ ငစိုးတို့ကလည်း ပြန်ချမယ်၊ တိုက်မယ်။ ရရာလက်နက်နဲ့ ချမယ် လုပ်ကုန်ရော။

ဒီမှာ နလံထစ သူကြီးကလည်း မေးရှည်ကြီးကိုင်ပြီး ပြောရော။

''ဟေ့ ... အင်္ဂလိပ်နဲ့ ဂျပန်တောင် ငါတို့ခံချလာသေးတာ အသားထဲကလောက်တို့၊ အမျိုးမစစ်တို့ လက်နက်အားကိုးနဲ့ အနိုင်ကျင့် ဗိုလ်ကျချင်တဲ့ကောင်တွေကို ကျောင်းမှန်းကန်မှန်းသိအောင် ပြန်ချဖို့ အချိန်တန်ပြီဟေ့''

''အဲဒီလို လုပ်စမ်းပါ ... သူကြီးရ''

''ဒါမှ ငါတို့သူကြီးကွ''

''ရှိုး ... ရှိုး ...''

''ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ...''

''သူကြီးကွ ... ဘုရင့်ပြောင်မျိုးကွ''

''ဘုရင့်နောင်မျိုးပါကွာ ... မှတ်ထားရော။ မင်းကလည်း ...''

''ဘုရင့်နောင် ... ဟုတ်လား''





''ဟုတ်တယ် ...''

''ပြန်ပြောမယ် ... သူကြီးချိုးပန်း ... အဲ ... အဲ ... ငါတို့ သူကြီးက ... ဘာ ... ဘာ ... အဲ ... ဘုရင့်ချောင် ... အဲလေ ... ဘုရင့်နောင်မျိုးရိုးကွ နော်''

''ရှိ ... ရှိ ...''

—''မဟာဗန္ဓုလယောက်ဖကွ''

ကြွေးကြော်အားပေးသံတွေ ဘဝက်လှုံအောင်ကြားရတော့ သူကြီး ဦးကျောက်ဖား ခေါင်းနားပန်းကြီးသွားတယ်။ ကြက်သီးမွေးညင်းတွေ ထောင်ထလို့ နားရွက်တွေပါ ကားသွားသလို ခံစားလိုက်ရတယ်။

ဒါနှင့်အတူ သူ့လည်ပင်းကိုလည်း သူ့ညာလက်နဲ့ စမ်းကြည့်လိုက်ရင်း ရင်တွေ တဒိုင်းဒိုင်းတုန်လာတယ်။

သို့သော် ... ကိုယ်က သူကြီးလေ။ ရွာရဲ့ခေါင်းဆောင်လေ။

ဒါ မုတ္တကွေ့သားတို့ရဲ့ အကြီးအကဲလေ။

ဒါ ဝင်လယ်လေရဲ့ အရှိန်ပဲ။ ဒါ မုတ္တမကွေ့သားတို့ရဲ့ အားမာန်ပဲ။

ရိုးသားတဲ့ တောင်သူယာသူ လယ်သမား ဆင်းရဲသားတို့ရဲ့ မွေးရာပါ မဟုတ်မခံ သတ္တိပဲ။ ဓားပြကာပ်သွားတဲ့စာကို သူကြီးက ရွာလူထုရှေ့မှာ ခြေထောက်နဲ့နင်းခြေပြီး မီးနဲ့ပါ ပြာကျအောင် ရှို့ပစ်လိုက်တယ်။

''တစ်ရွာလုံး မှတ်ထားကြဟေ့။ ငါ တောင်ယာကုန်းသူကြီး ကျောက်ဖားပဲ။ ငါ့မှာ သေနတ်မရှိဘူး၊ အမြောက်မရှိဘူး၊ ကျည်ဆန်မရှိဘူး။ ကျုပ်တို့မှာ ဓားတွေ၊ လှံတွေ၊ ဒူးလေးတွေ ရှိတယ်။ အလျူခံလာရင် သဒ္ဒါကြေးထည့်မယ်။ ပေးမယ်။ လှူမယ်။ ထမင်းကျွေးမယ်။ ကျုပ်တို့ရွာကို လက်နက်အားကိုး၊ လူအုပ်အားကိုးနဲ့ လာအနိုင်ကျင့်ရင် ဘာကောင်မှမထားဘူး။ ကျုပ်ကိုယ်တိုင် ရှေ့ဆုံးက အသေခံမယ်ဟေ့။ ယပင်းနဲ့ကျောက်တဲ့ ကျောက်တုံးဖားကွ''

''ရှိုး ... ရှိုး ...''

''ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ...''



www.burmeseclassic.com

www.burmeseclassic.com



"ဝေးပေး ... ဝေးပေး ..."

"မုတ္တမကြီး ... အဲလေ ... အဲဒါ ... မုတ္တမသူကြီးကွ"

"ဟော့ ... ရွှေပန်းပါတဲ့ကောင်တွေ ဓားဆွဲထွက်ကြ"

"သူကြီး ... ကျွန်မတို့လည်း ချန်မထားပါနဲ့တော်"

"ဟဲ့ ... ဟဲ့ ... မိကျားတို့၊ မိထွားတို့ရဲ့ ... နင်တို့က ... ဟိုဒင်း ... ဟိုဒင်း ... ပါလို့လားဟဲ့"

"တော် ဘာပြောတာတုံး ... ကိုရန်ကုန်"

"ဟို ... ဟိုဒင်းလေဟာ ..."

"ဒီမှာ ကိုရန်ကုန် ... ကျွန်မတို့က အမေမွေးကတည်းက သတ္တိ က ပါပြီးသားရှင့်။ ကိုယ့်လင်၊ ကိုယ့်အမေ၊ ကိုယ့်အဖေ၊ ကိုယ့်ညီမမောင် ဘွား သင်းတို့ လာစော်ကားချင်တိုင်း စော်ကားလို့ရတိုင်း ကျွန်မတို့က လက်ပိုက်ကြည့်နေရမှာလား တော်"

ဒီမှာ ကိုသာစည်က အားရပါးရ ထအော်လိုက်တယ်။

"ဟုတ်ပြီဟေ့ ... ဒါပဲ ... ဒါပဲကွ ... ရန်ကုန်ရေ ... သူလည်း ပါတယ်ဟ"

"ဘာပါတာတုံး ... သာစည်ရ"

"ရွှေ ... ရွှေ ... အဲ ... အဲ ... ယောက်ျားပဲဟ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟုတ်ပြီ ...။ ဒီနေ့ကစပြီး ငါတို့ ရွာသူရွာသားအားလုံး စည် လုံးညီညွတ်ကြ။ ကိုယ့်ရွာကိုယ် အသက်နဲ့လဲ ကာကွယ်ကြ"

သတင်းကြားတဲ့နေ့၊ စာကပ်တဲ့နေ့ကစပြီး မုတ္တမကျေးသားတွေ ရွာစည်းရိုးကို ဆူးကပ်နဲ့ကာကြတယ်။ ဝါးချွန်၊ ဒူးလေး၊ လင်းလေး၊ တ လုံများကို သွေးကြ၊ ပြင်ကြ၊ ဆင်ကြတယ်"

ရွာကိုလည်း ရှေ့ကင်းတစ်ခု၊ နောက်ကင်းတစ်ခု ထားကြတယ်

တစ်နေ့မှာတော့ ထူးခြားသည့် အပြုအမူတစ်ခုကို မုတ္တမကျေးသား တွေ မြင်လိုက်ရပါရောဗျ။

စိတ်ကူးသစ်စာပေ



ခြေထောက်နင်းထောက်နင်း ဖြစ်နေတဲ့ ဘရသေ့ကြီးက တစ်နေ့မနက် ထွမ်းခံကြရင်း မမေးစဖူး မေးပါရော ဆရာရေ။

"ဟဲ့ ... ဒကာ၊ ဒကာမတို့၊ တစ်ရွာလုံး လှုပ်လှုပ်ရှတ်ရှတ်နဲ့ ဘာဖြစ်နေကြတာတုံးဟဲ့"

"ဓားပြတွေ တပည့်တော်တို့ရွာကို ဝင်စီးမယ်လို့ ကြားလို့ပါ .. ဘုရား"

"သူပုန်ကရော ဝင်မစီးဘူးလား"

"သူပုန်တွေက တွံ့တေးတောကြီးတန်းဘက်ကို ရောက်သွားလို့ သိပ်မပူပင်ရဘူးဘုရား"

"ဒီလိုလား ..."

"မှန်ပါ ဘရသေ့ဘုရား"

"နက်ဖြန်ကျရင် ငါ ဂါထာတစ်ပုဒ်ပေးမယ်"

"မှန်ပါ"

နက်ဖြန် ဂါထာတစ်ပုဒ်ပေးမယ်တဲ့။ ဘာဂါထာလည်း မေးမလို့ လုပ်တုန်းမှာပဲ ရှေ့ဆက်ထွမ်းခံကြွသွားလို့ မမေးလိုက်ရဘူး။

ညနေစောင်းလို့ မှောင်ရီမသန်းခင်လည်း ရောက်ရော ...

ခြေ ထောက်နင်းထောက်နင်းနဲ့ ကျုပ်တို့ဘရသေ့ကြီးဗျာ ညာလက်က ပုတီးကိုစိပ်ရင်း ရွာကိုပတ်လို့ သမ္ဗုဒ္ဓေဂါထာကို ရွတ်ပါရောဗျား။

ကျုပ်တို့ ရွာသူရွာသားများကလည်း ဘရသေ့ကြီး ရွာစည်းရိုး ကိုပတ်လို့ သမ္ဗုဒ္ဓေဂါထာရွတ်နေတာကို ဝိုင်းကြည့် ချောင်းကြည့်ပြီး ...

သို့လော ... သို့လော ... ဝိုင်းစဉ်းစားကြတယ်။

ကြည့်စမ်းဗျာ ...

မိုးလင်းလို့ ရွာသူရွာသားတွေ လယ်ထဲ ယာထဲ ကိုင်းထဲဝင်မလို့ သွားကြရော ... ဘုရားရေ ... နင်းဖွေးဖွေးအောက်မှာ ဘရသေ့ကြီးဗျာ ညာလက်က စိပ်ပုတီးကိုကိုင်၊ ပါးစပ်ကလည်း သမ္ဗုဒ္ဓေဂါထာကို အသံ ထွက်ရွတ်လို့ ရွာပတ်နေတာကို မြင်ကြရပါရော။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ရွာသူရွာသားများက အအေးမိဖျားနာမှာ စိုးရိမ်ကြတယ်။ ညဘက်နေဝင်ရီတရော ရွာကိုပတ်ပြီး ရွတ်နေတာလည်း စိုးရိမ်ကြတယ်။

ဘာလို့လဲဆိုတော့ တောထဲက ခွေးတို့၊ ညနေဘက် မြွေပွေး မြွေဟောက်တို့ ကိုက်မှာ ထိမှာကို ပူပန်ကြတယ်လေ။

ရွတ်ဖတ်သရဇ္ဈာယ်နေတာက မနက်ရော ညရော။

တစ်နေ့လည်းမဟုတ်ဘူး။ အထပ်ထပ် ပတ်ရွတ်နေတာ။

နေ့စဉ် မနက်တစ်ကြိမ်၊ ညနေ နေဝင်ရီရောတစ်ကြိမ် ဝတ္တရား မပျက် ရွာကိုပတ်ပြီး ရွတ်ဆိုနေတာ။

တစ်နေ့မနက် ဆွမ်းခံကြွရင်း ကိုသာစည်တို့အိမ်မှာ ဝင်နားတယ်။ အဲဒီလို ဟိုအိမ် ဒီအိမ် ဝင်နားတာမျိုး လုပ်လေ့မရှိဘူး။

"ဒကာကြီးနာမည် ဘယ်လိုခေါ်တုံး"

"ကိုသာစည်လို့ ခေါ်ပါတယ်ဘုရား"

"ဒကာသာစည် ... ကျုပ် ဒကာကြီးအိမ်ပေါ်မှာ ခေတ္တထိုင်နားပြီး ဂါထာတစ်ပုဒ်ကို ချပေးချင်တယ်"

"မှန်ပါ ... ကြွပါဘုရား ... ကြွပါဘုရား"

ကိုသာစည် အိမ်ပေါ် ဘရသေ့ကြီးရောက်နေကြားတော့ ကျုပ်တို့ ငတိုး၊ ငစိုး၊ သောင်းချုတ်၊ မဂွက်၊ ဒေါ်သောင်းစိန်၊ အရိုးခြောက် စသည့် လူရွယ်လူကြီးတွေပါ ရောက်သွားကြတယ်။

ဒီမှာ ရသေ့ကြီးက ဆွမ်းသပိတ်ကို အခုတစ်ခုပေါ်မှာ ချပြီး အသင့်ရေးယူလာတဲ့ စာရွက်တစ်ရွက်ကို ကိုသာစည်ရှေ့ ထိုးပေးတယ်။

"အဲဒါ သမ္ဗုဒ္ဓေဂါထာလို့ ခေါ်တယ်။ ဒီသမ္ဗုဒ္ဓေဂါထာက နေ့တိုင်း ညစဉ် ရွတ်ပေးရင် ရန်သူမျိုးငါးပါးရဲ့ နှောင့်ယှက်ခြင်း အန္တရာယ်အမျိုးမျိုးကို ဖယ်ရှားပေးလေ့ရှိတယ်။ ရွတ်ကြ ... ရော့ ..."

"အရှင်ဘုရား ..."

"ဘာတုံး ... ဒကာသာစည်"

"ဒီသမ္ဗုဒ္ဓေဂါထာက ဘယ်လိုစွမ်းပါသလဲဘုရား"

"သူ့အစွမ်းကို သိချင်လို့လား"





"မှန်ပါ ...ဘရသေ့ကြီးခင်ဗျား"

"တစ်ယောက်တည်းရွတ်ရင် တစ်ယောက်ပဲ စွမ်းမယ်။ တစ်အိမ်လုံးရွတ်ရင် တစ်အိမ်လုံး အကျိုးထူးပေးမယ်။ တစ်ရွာလုံးရွတ်ရင် တစ်ရွာလုံး အကျိုးပေးတယ်။ သူ့အစွမ်းသိချင်ရင် ဒကာတို့ ဒကာမကြီးတို့ ရွာဦးကျောင်းက သက်တော်ရှည်ဘုန်းကြီးကို သွားမေးလျှောက်ကြ။ ဘုန်းဘုရား ဒီသမ္ဗုဒ္ဓေဂါထာ ဘယ်လိုစွမ်းပါသလဲ ဘုရားလို့"

"ဘရသေ့ပဲ ပြောပြပါလား ဘုရား"

အာသွက်လျှာသွက် မဂွက်က ဝင်ပြောလိုက်တယ်။

"အချိန်မရဘူးဟဲ့။ ငါ့ကိစ္စလုပ်စရာတွေ ရှိသေးတယ်။ ကိုင်း .. ပြန်ကြွတော့မယ်"

ကျုပ်တို့ မိဘဘိုးဘွားများလည်း ဒီသမ္ဗုဒ္ဓေဂါထာကို ရွတ်ကြပါတယ်။ ကျုပ်တို့ကိုလည်း ငယ်စဉ်တုန်းက အဘိုးအဘွားတို့က နှုတ်တိုက်ချ သင်ပေးပေမင့် ...

ဒီဂါထာကို ဘယ်လိုရွတ်ရင် ဘယ်လိုအကျိုးထူးပေးတယ်ဆိုတာ အသေးစိတ် ပြောမပြခဲ့ကြဘူး။

ဒါနဲ့ စိတ်မြန်လက်မြန် ကျုပ်တို့အဖွဲ့ ရွာဦးကျောင်းက အသက် (၉၀) ကျော်နားရောက်နေတဲ့ သက်တော်ရှည်ဆရာတော်ဘုရားကြီး ဦးဓမ္မသိလထံမှာ သွားရောက်လျှောက်ထား မေးမြန်းရတယ်။

အားလုံး ဆရာတော်ကြီးကို ဝပ်ချကန်တော့ကြတော့ ...

"ဘာကိစ္စ ပေါ်လာလို့တုံး"

"ဘုန်းဘုရားကို လျှောက်ထားမေးမြန်းချင်လို့ပါဘုရား"

"ပြော ..."

"သမ္ဗုဒ္ဓေဂါထာရဲ့ တန်ခိုးစွမ်းအင်အကြောင်း သိချင်လို့ပါဘုရား"

"အရင်တုန်းက မမေးကြဘဲ ခုမှ ဘာကြောင့် လာမေးရတာတုံး"

"မှန်ပါ ... သမ္ဗုဒ္ဓေဂါထာကို ရွတ်နိုင်းသူ ပေါ်လာလို့ပါဘုရား"

"အဲဒါ ဘယ်သူတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဘီလူးခေါင်းပြတ်သချိုင်းတောကုန်းပေါ်မှာ တစ်ပါးတည်
နေတဲ့ ဘရသေ့ကြီးပါဘုရား"

"ဒီဂါထာကို သူပြောတာလား"

"စာရွက်နဲ့ ရေးပေးသွားပါသေးတယ် ဘုရား။ ယုံယုံကြည်ကြ
ရွတ်ကြတဲ့။ သူလည်း မနက်ကိုးခေါက် ညနေကိုးခေါက် ရွာကိုပတ်ပြီး ရွ
ဆိုနေတာကို တပည့်တော်တို့ နေ့တိုင်း မြင်နေရပါတယ်ဘုရား။ အရ
စွမ်းတယ်လို့လည်း ဘရသေ့က ပြောပါသေးတယ်ဘုရား။

အဲဒါ ဘယ်လိုစွမ်းလို့တုံး ရသေ့ကြီးလို့မေးတော့ မင်းတို့ သိ
ရင် ရွာဦးကျောင်းက သက်တော်ရှည်ဆရာတော်ကြီးထံ သွားပြီး မေးမြ
လျှောက်ကြည့်ကြ ပြောလို့ ခုလို လာရောက်မေးမြန်း လျှောက်ထားခြ
ပါဘုရား"

"ဦးရသေ့ကြီးက ပြောလိုက်တာလား"

"မှန်ပါ့ဘုရား"

"အင်း ... ကိုရသေ့ ... ကိုရသေ့ ... သင်းကတော့ ... ထူ
ထူးဆန်းဆန်းဖြစ်အောင် လုပ်ပြီပေါ့လေ။ အေး ... အေး ... ဒါဆိုလည်
အားလုံး သေသေချာချာ နာယူမှတ်ထားကြကွယ့်"

"မှန်ပါ့ဘုရး"

"သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နာမမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော" တဲ့။

... ဂါထာရဲ့ပါဠိကို အသံနေ အသံထား ဌာန်ကရိုဏ်းကျကျ ရွတ်
လို့ရသွားပြီးရင် အနက်အဓိပ္ပာယ်ကို သိဖို့ အရေးကြီးတာ။ ဘယ်ဂါထာ
မန္တန်ပဲဖြစ်ဖြစ် အနက်အဓိပ္ပာယ်ကို တိတိကျကျ သိရမယ်။ သိမှလည်
ဂါထာရဲ့ ဆိုလိုရင်းနဲ့ ဂါထာ၊ မန္တန်ရဲ့တန်ဖိုးကို နားလည်ကြမယ်။ အဓိပ္ပာယ်





က ... **အဋ္ဌဝီသဉ္စ** – သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ်
အောင် ဘိသိက်ယူ နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေ** ဝ– တန်ဆောင်ပမာ
ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ
သဟဿကေ** – နိဗ္ဗာန်ကိန်းအောင်း မွေ့စက်လျောင်းသည့် တစ်သောင်း
နှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေ** ဝ–လရောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့် သစ္စာ
လင်းပြောင် မြတ်ဘုန်းခေါင်တို့သည်လည်းကောင်း ...

**ပဉ္စသတ သဟဿာနိ** – သောင်းတိုက်စကြဝဠာ၊ ဂုဏ်ဝါရောင်
ရှိန်း၊ ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေ** ဝ – နေရောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့်
သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ** – အကျွန်ုပ်သည်၊
**သိရသာ** – ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ** – ရှိသေညွတ်ကျိုး
လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ** ... ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ** – ရှိကြကုန်သော
သဲတို့သည်၊ **အပ္ပကာ** – နည်းကြကုန်သေး၏။ **နိဗ္ဗုတာ** – ဘုံဇာတ်သိမ်း
၍ ငြိမ်းအေးတော်မူကြပြီးကုန်သော၊ **ဇိနေ** – နှောင့်ယှက်ဖန်လာ မာန်
ငါးဖြာကို၊ **အရိယာမဂ်** – ဘုန်းရောင်စက်ဖြင့်၊ ချိုးဖျက်လွယ်ကူ၊ အောင်
တော်မူသော ဘုရားရှင်အပေါင်းတို့အားလည်းကောင်း ...

**အနန္တာ** – သင်္ချာဂဏန်း ရေတွက်မှန်းလည်း၊ ဆုံးခန်းတိုင်မြောက်
မရောက်နိုင်ကြကုန်သော၊ **တေဇိနေန** – ထိုဘုရားရှင်တို့ကိုလည်းကောင်း၊
**တေသံ** – ထိုငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရား
ရှင်တို့၏၊ **ဓမ္မဉ္စ** – တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ** – သံဃာ
တော်တို့ကိုလည်းကောင်း၊ **အဟံ**–အကျွန်ုပ်သည်၊ **အာဒရေန** အာဒရံ –
ရှိသေစွာ၊ **နမာမိ** – ရှိခိုးပါတယ်။

**နမက္ကာရာ နုဘာဝေန** – ဤရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့
ကန်တော့ရသော၊ ပမာဏကုသိုလ်စေတနာတို့ကြောင့်၊ **သဗ္ဗေ** – ခပ်သိမ်း
ကုန်သော၊ **ဥပဒ္ဒဝေ** – ဘေးရန်တို့ကို၊ **ဟိတွာ** – ပယ်ဖျောက်၍၊ **အနေက**
**အန္တရာယာပိ** – တစ်ပါးမက များလှသွယ်သွယ်၊ အန္တရာယ်တို့သည်လည်း၊



www.burmeseclassic.com

www.burmeseclassic.com



**အသေသတော** – အကြွင်းအကျန်မရှိသောအားဖြင့်၊ **ဝိနဿန္တု** – ပျောက်ပျက်ကြပါစေကုန်သတည်း . . . တဲ့။

နှစ်ကျိပ်ရှစ်ဆူကုန်သော ပွင့်တော်မူပြီး ဘုရားရှင်တွေ နိဗ္ဗာန်မင်္ဂိုလ် ရောက်ရှိသွားတဲ့ တစ်သောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တွေ၊ ငါးသိန်းကုန်သော ပွင့်ပြီးသည့် ဘုရားရှင်တွေ၊ ဘယ်မျှ ဟောဒီကမ္ဘာမှာ ဘုရားတွေပွင့်ပြီးပြီလည်းဆိုရင် ဂင်္ဂါမြစ်မှာရှိတဲ့ သဲပွင့်တို့ရဲ့ အရေအတွက်က နည်းပါးသေးတယ်တဲ့။

အဲဒီ ဂင်္ဂါမြစ်ထဲက သဲပွင့်များမက ပွင့်တော်မူပြီးတဲ့ ဘုရားရှင်တွေ . . . အဲဒီလို ပွင့်တော်မူပြီး နိဗ္ဗာန်ဝင်သွားကြတဲ့ ဘုရားရှင်တို့ရဲ့ တရားဓမ္မတွေ သံဃာတော်အရှင်သူမြတ်ကြီးတွေကို ကျွန်ုပ် ရိုသေစွာ ရှိခိုးပါ၏ ဘုရားတဲ့။

အဲဒီလို ယုံကြည်သဒ္ဓါ မြတ်နိုးစွာနဲ့ ရှိခိုးရသည့်၊ ပူဇော်ရသည့် အကျိုးကြောင့် ခပ်သိမ်းသော ဘေးရန်တွေ တစ်ပါးနှစ်ပါးမက ဘေးဥပါဒ် အန္တရာယ်တွေကို အကြွင်းအကျန်မရှိ ပယ်ပျောက် ပျောက်ပျက်ကြပါစေသတည်းတဲ့။ အဓိဋ္ဌာန်ဆုတောင်းလည်း ပါခဲ့တယ်။ နားလည်ကြရဲ့လား။

"မှန်ပါဘုရား"

"ရိုရိုသေသေ လေးလေးစားစား ယုံယုံကြည်ကြည် ရွတ်ဆိုကြရင်၊ ရှိခိုးကန်တော့ကြရင် ဘယ်လိုအန္တရာယ်မျိုးမဆိုပေါ့ အဆိပ်ရှိသော သတ္တဝါ၊ အစွယ်ဦးချိုရှိသော သတ္တဝါ၊ ဓားလှံလေးမြားနှင့် အန္တရာယ်ပြုမည့် ဘေးဆိုးဘေးရန်များကို ဖယ်ရှားပေးနိုင်တယ်။

အရေးကြီးတာက ရွတ်ဆိုပွားများသည့် သူကိုယ်နှိုက်က ငါးပါးသီလ၊ ဆယ်ပါးသီလ လုံခြုံနေရင် မေတ္တာသစ္စာလည်း မှန်ကန်နေမယ်ဆိုရင် ပိုအစွမ်းသတ္တိကြီးတယ်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ လက်ပိုက်ကြည့်နေလို့ မရဘူး။ အားချင်း ကူညီစောင့်ရှောက်ဖယ်ရှားပေးရတယ်။

ဒါကြောင့် အထူးမှာကြားချင်တာက ဒီသမ္ဗုဒ္ဓေဂါထာကို ရွတ်တော့မယ်ဆိုရင် မရွတ်ဆိုခင်မှာ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှာ ရှိကြတဲ့ နေထိုင်ကြတဲ့ အပိုင်အဆိုင် အစောင့်အရှောက်ပုဂ္ဂိုလ်များကို ဦးစွာ





မေတ္တာပို့သပါ။ ပို့သပြီးမှ ရွတ်ဆိုပွားများရင် ပုတီးစိပ်ရင် ပိုပြီး အကျိုးသက်ရောက်မှုရှိတယ်။ နားလည်ကြပြီလား"

"မှန်ပါဘုရား"

"ကိုင်း . . . ခု မင်းတို့ ဦးရသေ့ကြီးပြောသလို မှာသလို ရွတ်ကြပွားများကြ။

"အရှင်ဘုရား . . ."

"ဘာတုံး . . ."

"ဘုန်းဘုန်းကြီးဘုရားရော ဘရသေ့ကြီးကို သိပါသလားဘုရား"

"ဘာလုပ်မတုံး"

"ဘရသေ့ကြီးရဲ့ ဘွဲ့အမည်ကို သိချင်လို့ပါ ဘုရား"

"သူက သူ့ဘွဲ့အမည်ကို မပြောဘူးလား"

"မှန်ပါ . . . လုံးဝ မပြောပါဘူးဘုရား"

"သူ့အမည် သူတောင်မပြောတာကို ဘုန်းကြီးကရော ဘယ်လိုလုပ် ပြောလို့ရမှာတုံး။ သူ့ကို လေးစားကြမဟုတ်လား"

"မှန်ပါ . . . လေးစားပါတယ်ဘုရား"

"ယုံကြည်ကြမဟုတ်လား"

"ယုံကြည်ကြပါတယ် ဘုရား"

"အေး . . . ဒါဆို သူပြောတဲ့အတိုင်းလုပ်။ သွားကြတော့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

### တိထိ(စန်း)မဟာအဆိုးအကောင်းနှင့် ငှက်နိမိတ်

❑

သက်တော်ရှည် ဆရာတော်ဘုရားကြီးက သမ္ဗုဒ္ဓေဂါထာရဲ့ အကျိုး အာနိသင်ကို ရှင်းပြပြီးနောက်ပိုင်းမှာ ...

ကျုပ်တို့တစ်ရွာလုံး ကလေးလူကြီးပါမကျန် ကူးယူနှုတ်တက်ဆောင်ပြီး ရွတ်လိုက်ကြတာ အံ့မခန်းပဲဗျာ။

ဘယ်လောက်ထိ ရွတ်ကြသလဲဆိုရင် ခရီးသွားရင်းလည်း ရွတ်ဆိုကြတယ်။ အလုပ်လုပ်ရင်းလည်း အသံထွက် ရွတ်ဆိုကြတယ်။ ရွာကလေးတွေကလည်း ရွာကျောင်းလေးက စာသင်ပြန်လာပြီးလို့ ကစားကြ၊ နားကြရင်လည်း တစ်ယောက်နဲ့တစ်ယောက် အပြိုင်ရွတ်ကြတယ်ခင်ဗျ။

အဲဒီလို ရွတ်ဆိုသံများ ဘရသေ့ကြီးကြားတော့ အားရကျေနပ်ဝမ်းသာရှိတယ်လို့ မိန့်တော်မူတယ်။

ဘရသေ့ကြီးကလည်း ဝတ်မပျက်ဘူး။ မနက်စောစောကြီး ရွာကို ကိုးပတ်ပတ်လို့ ရွတ်တယ်။





ညနေရိုးရီ ရွာကိုကိုးပတ်ပတ်ပြီး ရွတ်တယ်။ တောပိုင်၊ တောင်ပိုင်များကို မေတ္တာပို့ အမျှပေးဝေတာ အားလုံးကြားကြတယ်။

တစ်နေ့မနက်မှာပေါ့ဗျာ ...

ဘရသေ့ကြီး ရွာကိုပတ်ပြီး သမ္ဗုဒ္ဓေဂါထာကို ရွတ်နေချိန်မှာပဲ ကောင်းကင်ပေါ်ကနေ ဗျိုင်းအုပ်ကြီးပျံနေတာ ...

ကြည့်စမ်း ...

ဗျိုင်းအုပ်က ကောင်းကင်မှာ ဝဲပျံနေတာ ကောင်ရေမနည်းဘူးဗျာ။ မိုးကောင်းကင်တစ်ခုလုံး ဖွေးဖွေးလှုပ်နေတယ်။

ဗျိုင်းတွေရဲ့ တကွပ်ကွပ်အော်သံကို တစ်ရွာလုံးကြားရတယ်။

"ဘယ်ကဗျိုင်းအုပ်ကြီးလဲဟ ... ရန်ကုန်ရ"

"မသိဘူး ... သူကြီးရ၊ ခုမနက်မှ တွေ့ရတာဗျ"

"အရင်တုန်းက ဒီလိုဗျိုင်းအုပ်ကြီး တို့ရွာပေါ်မှာ အုပ်ဖွဲ့မပျံသန်းဖူးပါဘူးဟ"

"အေးဗျ ... အခုတစ်လော အထူးအဆန်းတွေ ကြားနေမြင်နေရတယ်။ ဟော ... ဟော ... ဟိုတောထဲကို ပျံသွားတယ်နဲ့တူတယ်"

"မဟုတ်ဘူးကွ ... ပင်လယ်ဘက်ကို ပျံသွားတာ"

ဟုတ်တယ် ... ဗျိုင်းကောင်ရေ ထောင်သောင်းအုပ်ကြီးဟာ ကျုပ်တို့ရွာပေါ်မှာ လှူးလားအုပ်ဖွဲ့ ပျံသန်းပြီးနောက် ဟိုးမှတ္တမ ပင်လယ်ကမ်းစပ်ရှိရာကို ပျံသွားတာ မြင်လိုက်ရတယ်။

ဟော ... ညနေလည်းရောက်ရော နောက်တစ်မျိုး မြင်ရပါရောဗျို့။

ငှက်တော် ငှက်အုပ်ကြီးဗျာ ...

သိတယ်မဟုတ်လား။ ငှက်တော်ဆိုတာ ကျီးကန်းလို အရောင်မည်းမည်း။ သို့သော် သူ့ကိုယ်လုံးက သေးသေးလေး။ အမြီးက ရှည်ရှည်နစ်ခွ။ ပျံရင် မြန်လည်းမြန်လည်း လှလည်းလှတယ်။

မနက်တုန်းက ငွေရောင်သန်းနေတဲ့ ဗျိုင်းအုပ်ကြီး ကျုပ်တို့ရွာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ဝဲပျံသန်းခဲ့တယ်။ ခုညနေ နေဝင်ရိုးရီ ဘုရားသေ့ကြီး ရွာကိုပတ်ရွတ်နေချိန်မှာ ...

ငှက်တော်အုပ်ကြီး မည်းမည်းလှုပ်နေတာပဲ။

ကျုပ်တို့ရွာ ကောင်းကင်ပေါ်မှာ လူးလာပျံသန်းနေတာ ကြည့်လို့လည်း လှသဗျာ။ တစ်ခါမှ ကျုပ်တို့ရွာကို ငှက်တော်အုပ်ကြီး ဒီလိုမျိုး မလာဖူးဘူးဗျ ... သိလား ...။ လာချင် တစ်ကောင်စ နှစ်ကောင်စ ဟိုနားဒီနားရယ်။

ငှက်တော်အုပ်တွေနဲ့အတူ ပျံလွှားငှက်တွေပါ ရောက်လာရော။ အိုဗျာ ... ကောင်းကင်တစ်ခုလုံးကို အမဲရောင်အုပ်သွားတယ်။ ငှက်တော်ငှက်တွေက လေဟုန်စီးပြီး ပျံတယ်။

ပျံလွှားငှက် သေးသေးတွေက လျင်မြန်တဲ့ ပျံနှုန်းနဲ့ လူးလာခေါက်တုံ့ ပျံသန်းနေလိုက်တာ အံ့သြစရာပဲ။

"ဆရာကြီးဦးနီခင် ... ဘယ်လိုနိမိတ်ကောက်မတုံးဗျ ဟင်"

တိုင်းရင်းဆေးဆရာကြီး ဦးနီခင်ကလည်း ကောင်းကင်ကိုမော့ကြည့်ပြီး အတန်ကြာ စဉ်းစားနေတယ်။

"မနက်တုန်းက ဗျိုင်းအုပ်ကြီး ပျံသန်းနေတယ် ... ဆရာနီ"

"ဟုတ်ပဲ့ ... ဦးနီခင်ရယ်၊ တစ်ခါမှ မကြုံဖူးပါဘူးဗျာ"

"ခုညနေကျတော့ ပျံလွှားငှက်နဲ့ ငှက်တော်အုပ်ကြီး ရွာပေါ်မှာ အုပ်ဖွဲ့ပျံသန်း ကစားနေတယ်"

"အဲဒါ ဘယ်လိုနိမိတ်များတုံး ... ဆရာနီ"

"ဆရာနီလည်း သိတဲ့အတိုင်းပဲလေဗျာ ... ကျုပ်တို့ဘိုးဘွားရှေးလူကြီးများ ပြောခဲ့တဲ့စကား ရှိသားဗျ။ ကလေးစကား၊ အရူးစကား သဘင်သည်စကားတဲ့ အဲဒီလူစားသုံးမျိုးပြောတဲ့ စကားဟာ ရှေ့ပြေးနိမိတ်လည်းဖြစ်တယ်တဲ့။ သူတို့ကောင်းတာပြောရင် အကောင်းဖြစ်တတ်တာ ထင်ရှားသလို၊ သူတို့ပြောတာညံ့ရင် ဆိုးရင်လည်း အညံ့အဆိုးများ မကြာခင် ဖြစ်လေ့ရှိတာ များသတဲ့"

"ဟုတ်ကဲ့ ... ဒါလည်း မှန်တာများတာကိုး ... ဆရာနီ"





"သို့သော် အချိန်ရယ်၊ အခါရယ်၊ ကာလရယ်ကိုကြည့်ပြီး နိမိတ်ကောက်ရင် အဆိုးအကောင်းသိနိုင်တယ်"

"ဘယ်လိုကောက်ရမတုံးဗျာ ... ရှင်းပါဦး"

"ကျုပ်တို့မြန်မာမှာ တိထီငါးဖြာ မင်္ဂလာရွေးနည်းဆိုတာ ရှိတယ်ဗျ။ အမှတ် (၁) နန္ဒာတိထီတဲ့။ မည်သည့်လမှာမဆို လဆန်း၊ လဆုတ်၊ (၁) ရက်၊ (၆) ရက်၊ (၁၁)ရက်နေ့တို့မှာ တနင်္ဂနွေ၊ သောကြာနေ့နဲ့ ကြိမ်ကြုံမှု အဲဒါ နန္ဒာတိထီပဲ။ တိထီဆိုတာ ဘာကိုခေါ်တာလည်းလို့ မေးရင် စန်းကိုခေါ်တဲ့ ဗေဒင်စကားပဲ။ **စန်းပွင့်တဲ့နေ့၊ စန်းပွင့်တဲ့အရပ်၊ စန်းပွင့်တဲ့လူ** ခေါ်ကြတာမျိုးပေါ့။

အဲဒီနေ့မျိုးမှာ ဇရပ်၊ အိမ်၊ ကျောင်း၊ ပုထိုး၊ စေတီ၊ ရေတွင်း၊ ရေကန်၊ တံခွန်၊ မဏ္ဍပ်၊ တံတား ဆောက်ကောင်း လုပ်ကောင်းတယ်။ မင်းထံ ခစားကောင်းတယ်။ ခရီးသွားတဲ့အမှုကို ပြုရတယ်။

အမှတ် (၂) ဘဒြာတိထီတဲ့။ မည်သည့်လမဆို လဆန်း၊ လဆုတ် (၂) ရက် (၇)ရက်၊ (၁၂)ရက်တို့မှာ တနင်္လာ၊ ဗုဒ္ဓဟူးနေ့များနဲ့ ကြုံကြိုက်ခဲ့ရင် အဲဒီနေ့ရက်ကို ဘဒြာတိထီလို့ခေါ်တယ်။ အဲဒီနေ့မျိုးမှာ ကာယသိဒ္ဓိစီရင်တာ၊ မိတ်ဖွဲ့တာ၊ အမည်ပေးတာ၊ ရောင်းဝယ်လုပ်ငန်းလုပ်တာ ကောင်းမွန်သင့်မြတ်တယ်။ ရက်ကောင်းပဲ။

အမှတ် (၃) ဇေယျာတိထီ။ မည်သည့်လမဆို လဆန်း၊ လဆုတ် (၃) ရက်၊ (၈) ရက်၊ (၁၃) ရက်တို့မှာ အင်္ဂါနေ့နဲ့ကြိမ်မှု ဇေယျာတိထီမည်တယ်။ အဲဒီလိုနေ့မျိုး နန်းတော်၊ မြို့၊ ရွာ၊ ကျုံး၊ တံတား၊ ပြုလုပ်ကောင်းတယ်။ ဓား၊ လှံ၊ လေး၊ မြား၊ အမြောက်၊ စိန်ပြောင်း၊ အဲမောင်း၊ ချပ်မိန်ညို၊ ဓားကာ၊ လွှား၊ ဆင်မြင်းတန်ဆာပလာ ပြုလုပ်ကောင်းတယ်။ ရန်သူ့စခန်းကို ဝင်တိုက်တာ၊ ပိုင်းတာ လုပ်ကောင်းတယ်။ မင်းမြှောက်တန်ဆာဆင်ယင်ခြင်း၊ ဘုရားထီးတင်ခြင်း၊ ဘိသိက်ခံယူခြင်း၊ တိုင်းတစ်ပါးနဲ့ စာချုပ်ခြင်း၊ ယတြာ၊ ယာယီခရီးမှုခြင်း စသည်တို့ကို ပြုလုပ်ကောင်းတဲ့အခါဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်စဉ် (၄) ကား **ရိတ္တာတိထိ**တဲ့။ မည်သည့်လမဆို လဆန်း၊ လဆုတ် (၄)ရက်၊ (၉)ရက်၊ (၁၄) ရက် စနေနေ့ကြိမ်ရင် **ရိတ္တာတိထိ**မည်တယ်။ အဲဒီနေ့ဟာ အမှုခပ်သိမ်း မဆောင်ကောင်း၊ မပြုကောင်းဘူး။ လုပ်ရင် အကျိုးမဲ့ အချည်းနှီးဖြစ်တတ်တယ်။

အမှတ်စဉ် (၅) **ပုဏ္ဏာတိထိ**။ မည်သည့်လမဆို လဆန်း၊ လဆုတ် (၅) ရက်၊ (၁၀)ရက်၊ (၁၅)ရက်တို့သည် ကြာသပတေးနှင့်ကြိမ်မှ **ပုဏ္ဏာတိထိ**မည်တယ်။ အဲဒီနေ့ ပညာသင်ခြင်း၊ မော်ကွန်းတင်ခြင်း၊ မန္တန်ရွတ်ခြင်း၊ ကမ္ပည်းကျောက်စာရိုက်ခြင်း၊ ဥယျာဉ်လယ်ယာ စိုက်ပျိုးခြင်း၊ သဘင်ခံခြင်း၊ ယာဉ်၊ ရထား၊ လှည်း၊ လှေ၊ သင်္ဘော အသစ်တို့ ရေချပြီး စီးနင်းခြင်း၊ ကျုံကြ၊ တိုက်တာ၊ ဂိုထောင်တို့မှာ ဥစ္စာသွင်းခြင်း၊ ထိမ်းမြားမင်္ဂလာပြုခြင်း၊ သားမြေးတို့ကို အဝတ်တန်ဆာပေးခြင်း၊ ရတနာအမျိုးမျိုးတို့ကို ရောင်းဝယ်ခြင်း ပြုလုပ်ကောင်းတယ်လို့ ဆိုထားတယ်။

"နောက်တစ်မျိုး တိထိငါးပါး ရှိသေးတယ် ... ဆရာခိုရဲ့"

"ဗဟုသုတရတယ် ... ဆရာနီရယ်။ အမိန့်ရှိပါဦးခင်ဗျာ"

"စန်းကိုခေါ်တာ ဗေဒင်စကားလို့ တိထိကို ပြောပြီးပြီနော်"

"ဟုတ်ကဲ့ ခင်ဗျာ"

"လဆန်း (၁)၊ (၂)၊ (၃)၊ (၄) ရက်တို့က စန်းအားနည်းတယ်ဗျ။ ဒါကြောင့် အဲဒီနေ့များကို **ဟီနစန်း**၊ **ဟီနတိထိ**လို့ ခေါ်တယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"လဆန်း (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) ရက်တို့ကျတော့ စန်းအားကြီးတယ်။ ဒါကြောင့် **ဗလဝစန်း**၊ **ဗလဝတိထိ**မည်သတဲ့"

"ဟုတ်ကဲ့ ... ပြီးတော့ ..."

"လဆန်း (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄) ၊ (၁၅)၊ ရက်တို့သည် စန်းအား အလွန်ကြီးတာမို့ **အတိဗလဝစန်း**၊ **အတိဗလဝတိထိ**မည်သတဲ့ဗျာ"

"ပြောပါဦး ... ဆရာနီရယ်"

"လဆုတ် (၁)၊ (၂)၊ (၃)၊ (၄) ၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)





ရက်တို့ကလည်း စန်းအားကြီးတာပဲ။ ဒါကြောင့် **ဗလဝစန်း**၊ **ဗလဝတိထိ**မည်သတဲ့ဗျာ"

"ဟုတ်လား ... လဆုတ်ရက်ပေမင့် ရက်ကောင်းပေါ့နော်"

"ဒါပေါ့ ... တစ်ခါ လဆုတ် (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄) ၊ (၁၅) ရက်တို့ကျတော့ **စန်းအားနည်းသွားပြီ**။ ဒါကြောင့် အဲဒီလိုရက်မျိုးကို **ဟီနစန်း**၊ **ဟီနတိထိ**လို့ ခေါ်တယ် ... ဆရာခိုရဲ့၊ ဒါကြောင့် ဟီနတိထိဖြစ်တဲ့ရက်များကို မဆောင်အပ်ဘူး။ မကောင်းကျိုးကို ပေးတတ်တယ်။ **ဗလဝစန်း**၊ **ဗလဝတိထိ** ကောင်းကျိုးပေးတယ်။ **အတိဗလဝစန်း**၊ **အတိဗလဝတိထိ** အဲဒီရက်များက အလွန်ကို အကျိုးပေးတယ်ဗျာ။ အဲဒါ **ရာဇမတ္တဏ်**ဆရာ၊ ဒီပိကာဆရာတို့ ဆိုထားတာဗျ"

"နောက်ဆုံးတစ်နည်းပြောဦးမယ် ... ဆရာခိုရေ"

"ဟုတ်ကဲ့ ပြောပါဦး ဆရာနီ"

"ဆောင်အံ့သော တိထိကို **တည်** ငါးခုနဲ့စား၊ (၁) ကြွင်းရင် **နန္ဒာတိထိ**–လူနတ်တို့ နှစ်သက်တယ်။ (၂) ကြွင်းရင် **ဘဒြာတိထိ**–ကောင်းကျိုးကို ဖြစ်စေတယ်။ (၃) ကြွင်းရင် **ဇေယျာတိထိ**–အောင်မြင်ထမြောက်တယ်။ (၄) ကြွင်းမူ **ရိတ္တာတိထိ**–အချည်းအနှီးဖြစ်တတ်တယ်။ အမှုခပ်သိမ်း မလုပ်မဆောင်ကောင်းဘူး။, သုဉ်းမူ–သုဉ်းတယ်ဆိုတာ စားလို့ပြတ်ရင် အဲဒါ **ပုဏ္ဏာတိထိ**။ အဲဒါ ပြည့်စုံတယ်လို့ ဆိုကြတယ်"

"ကျေးဇူးကြီးပါပေတယ် ... ဆရာနီရယ်။ နောင်လာနောက်သားများ ဘာကိစ္စ ဆောင်ရွက်ဆောင်ရွက် ဒီ **တိထိ** (စန်း) ရက်တွက်ကိုကြည့်ပြီး နေ့ကောင်းရက်မြတ်ကို ရွေးလုပ်ကိုင် ဆောင်ရွက်နိုင်ပြီပေါ့ဗျာ နော်"

"ဒါပေါ့ ..."

"ကိုင်း ... ဆရာနီရေ ကျုပ်တို့ရွာပေါ်မှာ ဖျိုးအုပ်၊ ငှက်တော်အုပ်၊ ပျံလွှားအုပ် ပျံသန်းလူးလာနေတာကို ရက်ကောင်းလေးနဲ့ ရွေးပြီး အတိတ်နိမိတ်ကောင်းလေးများ မြင်စမ်းပါဦး ... ဆရာနီရယ်"

"မနေ့တုန်းက လဆန်းလား၊ လဆုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လဆန်း ခုနစ်ရက်ဗျ"

"လဆန်းခုနစ်ကို (၅) နဲ့စားတော့ (၂)ကြွင်းတယ်။ (၂)ကြွင်းတော့ ဘဒြာတိထိ (စန်း) လေ။ အင်း . . . ကောင်းကျိုးဖြစ်မည့်ပုံလို့ ပြောလို့ရတယ် . . . ဆရာခို။ နန္ဒာတိထိတို့၊ ဇေယျာတိထိတို့၊ ပုဏ္ဏားတိထိတို့ လောက်တော့ အစွမ်းကုန်ကောင်းတာမျိုးတော့ မဟုတ်ပေဘူးပေါ့ဗျာ"

"အေးဗျာ . . . ကျုပ်တို့ရွာလည်း ကြားနေရတဲ့ အဆိုးအဝါးဘေးက လွတ်ရင် ဝမ်းသာပါပြီဗျာ"

အဲဒီပြောစကား ဆိုစကားများကို ကျုပ်တို့လူရွယ်တွေ ကြားရ သိရတယ်။

✿ ✿ ✿

| ၇ |

## ငှက်ကြီးတောင်ဘလျှမ်း စွေးကိုက်လို့ ပြေးရတဲ့ည

❑

ဟော . . . လဆန်း ခုနစ်ရက်နေ့ ညလည်းကျရော ပြဿနာ ဖြစ်ပါရောဗျာ။

မနက်စောစောတုန်းက . . .

ဘရသေ့ကြီး ရွာကို ကိုးပတ်ပတ်ပြီး သမ္မုဒ္ဒေဂါထာရွတ်ဆိုနေတာကို ကျုပ်တို့မြင်ရတယ်။ ပြီး ညနေစောင်းမှာတစ်ခါ ဘရသေ့ကြီး ခြေထောက်နင်းထောက်နင်းနဲ့ သမ္မုဒ္ဒေဂါထာရွတ်နေတာကို မြင်ရတယ်။

ရွတ်လို့ပြီးတော့ သူ ဝါးကျောင်းလေးရှိရာ ဘီလူးခေါင်းပြတ်သချိုင်းကုန်း တောကုန်းဘက် ပြန်ကြွသွားတာလည်း ကျုပ်တို့ရွာသားတွေ မြင်ရတယ်။

လူကြီးသက်ကြီးပိုင်းက ရသေ့ကြီးပြန်ကြွသွားရင် သာခုခေါ်ကြတယ်။ ရသေ့ကြီး ဒီလို ရွတ်ပြလုပ်ပြတော့ ကျုပ်တို့ရွာသူရွာသားများကလည်း သူ့ထက်ငါအပြိုင် ရွတ်ကြတာကိုးဗျ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သမ္ဘုဒ္ဓေဂါထာက ကဗျာသီချင်းတောင် ဖြစ်လာသလိုရှိရဲ့ဗျာ။

လဆန်းခုနစ်ရက်။ လက ကောင်းကင်မှာ ပျပျလေးပဲ။ လင်း

ပြုတယ်။ ညဥ့်သန်းခေါင်လည်းကျရော ပြဿနာဖြစ်ရောဗျာ။

ကျုပ်တို့ရွာသား ကင်းသမားလေးဦး အသုံးမကျတာလည်း

တာပေါ့ဗျာ။ သင်းတို့နှယ်ဗျာ … ကင်းစောင့်ရင်း အိပ်ပျော်သွားသတဲ့

အင်းပေါ့လေ … အပြစ်ပြောရလည်း ခက်တယ်ဗျ။

နေ့ခင်း၊ မနက်ခင်းမှာလည်း ဝမ်းရေးလုပ်ငန်းအတွက်က

ပင်ပန်းပန်း ရှာရဖွေရ လုပ်ကိုင်ရသေးသကိုး။

အလုပ်ပင်ပန်းတော့လည်း သန်းခေါင်နားနီးတော့ အိပ်ငိုက်

တာပေါ့။ သန်းခေါင်ကျော်ရော အိပ်ပျော်သွားခဲ့ကြတာပေါ့ဗျာ။

ဒီမှာပဲ ဝုန်းဒိုင်းကြဲ ဆူညံတဲ့အသံများကြားရလို့ ကျုပ်တို့ရွာသား

ကင်းသမားများလည်း အိပ်ပျော်ရာကနေ လန့်နိုးကုန်ကြတယ်။

အလို …

လင်းရောင်ပျပျလေး အောက်မှာရယ် …

ကျုပ်တို့ရွာက ခွေးတွေရယ်ဗျာ … အကောင်ကြီးငယ် အရွယ်

ငါးဆယ်ကျော် ခြောက်ဆယ်ဗျ။ ရွာစည်းရိုးကို တိုးထွက်ပြီး ရွာပြင်မှာ

လိုက်၊ ပြေးဟောင်၊ ပတ်ဆွဲ၊ ဝိုင်းဆွဲ အသံတွေနဲ့ ညံနေတာ။

အပြင်လရောင် ရိုးရိုးရိပ်ရိပ်မှာ လူအချို့ရဲ့ လှုပ်ရှားဟန်ကို

ရာကနိုးစ ကင်းသမားများရော၊ အသံကြားလို့ ဓားဆွဲထွက်လာကြတဲ့

တို့၊ ကိုသာစည်တို့ရော ခပ်ဝါးဝါး မြင်နေ ကြားနေရတယ်။

"ဝုန်း …"

"ဝေါင်း … ဝေါင်း … ဝေါင်း …"

"ဝေါင်း … ဝေါင်း … ဝုတ် … ဝုတ် …"

"ဝရော …"

"ဟေ့ … ဟေ့ကောင်တွေ … ခွေး … ခွေးတွေ … အမျာ

ကြီးပဲဟ"

စိတ်ကူးသစ်စာပေ



"ဝုန်း …"

"ဝေါ …"

"ဝေါင်း …"

"အား …"

"ကျုပ်ကို ကိုက်ပြီဗျ။ ဟဲ့ခွေး … ဟဲ့ခွေး …"

"ကိုင်းဟာ …"

"ဓားနဲ့ခုတ်ဟ … ဟေ့ကောင်တွေ … ဓားနဲ့ ဝိုင်းခုတ်ပါဟ"

"သေဟ …"

"ဂိန် … ဂိန် …"

"ကိုင်းဟ … သွားဟ …"

"ဂရောင်း … ဂရဲ …"

"ရှီ …"

"စွပ် …"

"အား … အား … အများကြီးပဲဟ။ မနိုင်တော့ဘူး"

"ဆရာဂျမ်း … ခွေးအုပ်က တစ်ရာလောက်ရှိမယ်။ မနိုင်တော့ဘူး။ ဘယ်လိုလုပ်ကြမှာတုံး။ ကဲဟာ …"

"ဆရာဂျမ်း … သေနတ်နဲ့ … ပစ် … ပစ် … ပစ်ရမလား"

"မ … မပစ်နဲ့ … ဓားနဲ့ခုတ် … လှံနဲ့ထိုးပါဟ"

"ကိုင်းဟာ …"

"ရှီ …"

"သေကြစမ်းကွာ"

"စွပ် …"

"အား … ကျုပ်ကို ကိုက်လိုက်ပြီဗျ။ အား … အား …"

ကြားရချက် အသံများကြောင့် ကျုပ်တို့၊ ကိုသာစည်တို့ရော၊ ကင်းသမားဖိုးနီ၊ အောင်သောင်း၊ ငတိုးကြီး၊ ကျွဲကြီးတို့ သဘောပေါက်သိုက်ပြီဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကိုသာစည်က လှမ်းအော်မေးလိုက်တယ်။

“ဟေ့ ... ကွင်းထဲက ဆူညံနေတာ ဘယ်သူတွေလဲကွ ဟေ”

အပြင်ကလူသံ ချက်ချင်း တိတ်သွားတယ်။

ခွေးဆွဲသံ၊ ဟောင်သံ၊ ဝိုင်းသံ၊ ခုတ်သံ၊ ပြေးလွှားသံများကိုတော့ ကြားနေရတုန်းပဲ။

“ဟေ့ ... မေးနေတာ မကြားဘူးလားကွ ... ဟေ”

“ငသောင်း ... ကင်းသံချောင်း ခေါက်လိုက်စမ်း”

“ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်”

ကိုသာစည် နှစ်ကြိမ်မေးတာကို အပြင်က လုံးဝမဖြေဘူး။ ဒီမှာ ကင်းတဲပေါ်ကနေ ကင်းသံချောင်း အမြန်ရိုက်သံက ပေါ်လာရော။ ရွာထဲ က အိပ်နေသူတွေ ချက်ချင်းနိုးလာကြတယ်။

ဒါ အရေးပေါ်အချက်ပေး ကင်းသံချောင်း။

ရွာထဲမှာ တစ်ခုခု အန္တရာယ်ကျရောက်နေပြီလို့ ပြောနေတာ။ ကင်းနှစ်ကင်းက ကင်းသံချောင်း မွှေသံ၊ ခေါက်သံက မရပ်မနား ခေါက် နေတာ။ တစ်ရွာလုံး နိုးလာတယ်။ မီးတုတ်တွေ ချက်ချင်းထွန်းညှိလိုက် ကြတယ်။ ဒါနှင့်အတူ ဝါးချွန်၊ ဒူးလေး၊ လေးခွ၊ ဓား၊ လှံ ကိုယ်စီဆွဲပြီး သူကြီးပါ ရွာကင်းနှစ်ကင်းရှိရာကို ပြေးလာ စုရုံးကြတယ်။

တစ်ရွာလုံး မီးရောင်၊ အလင်းရောင်ကြောင့် လင်းထိန်သွားတယ်။

“ရန်ကုန်တို့ ဘာဖြစ်လို့တုံးဟေ့”

“ရွာပြင်မှာဗျ ... လူတစ်စုနဲ့ ကျုပ်တို့ရွာကခွေးတွေ ဝရုန်းသုန်း ကားဖြစ်နေတာ မသင်္ကာလို့ လှမ်းမေးတော့ မထူးဘူးလေ”

ရွာလူအုပ်ရဲ့အသံကြားရော ခွေးတွေက ပိုပြီး သည်းကြီးမည်း ကြီး ဝိုင်းကြဆွဲကြ လုပ်နေတာကိုး။

“ဟေ့ကောင်တွေ ... မင်းတို့ ဘယ်သူတုံး”

သူကြီး ဦးကျောက်ဖားက ဓားအိမ်ထဲက ငှက်ကြီးတောင်ဓားကို ဆွဲပြီး အော်မေးလိုက်တယ်။





“ပြေး ... ပြေး ...”

“တစ်ရွာလုံး နိုးလာပြီ။ ပြေးကြဟေ့”

“ခွေးအုပ်ကို ဓားနဲ့ယမ်းမွှေပြီး ထွက်ပါဟ ... ငါရှိမသားတွေ

ရ”

“ခုတ်တာပဲဗျ ... လက်ပန်းကျနေပြီဥစ္စာ”

“ကိုင်းဟာ ...”

“ဝရောင်း ... ဂီးယား ...”

“အား ...”

“ဟေ့ကောင် ... မိုးကြိုး ... ငါ ... ငါ ... လမ်း ... မ လျှောက်နိုင် ... တော့ ... ဘူး။ ငါ့ ... ငါ့ ... ကို ... မ ... မထား ခဲ့နဲ့။ အား ... ကျွတ် ... ကျွတ် ...”

“တွဲခေါ် ... တွဲခေါ် ... ဆုတ် ... ဆုတ် ...”

“လိုက်ဟေ ... လိုက်ဟ”

“ဘယ်ညာဝိုင်းထား ... မလွတ်စေနဲ့”

“ဆရာကျွမ်း ... သူတို့ ထွက်လာကုန်ပြီဗျ”

“ပစ် ... ပစ် ...”

“ဒိုင်း ...”

“ရှိ ...”

“ပစ်တယ်ဟေ့ ... ဓားပြကွ ... ဝပ် ... ဝပ်နေ”

“ဒိုင်း ...”

“ရှိ ...”

“မီးတုတ်တွေ ငြိမ်းလိုက်ကြ။ မြန်မြန်ငြိမ်းပါဟ”

ဓားပြတွေ က မီးတုတ်မီးရောင်ရှိရာကို လှမ်းပစ်နေတာ။ ကံ ကောင်းလို့ ကျည်ဆန်က သူတို့ခေါင်းပေါ်ကနေ ဖြတ်ကျော်သွားလို့။

မှန်လိုက်ရင် ပွဲချင်းပြီး ဂန့်သွားမှာဗျ။

ဒါကြောင့် မီးတုတ်တွေကို အမြန်ငြိမ်းပစ်လိုက်ကြတယ်။ အမှောင် ထုအောက်မှာ ကျုပ်တို့ဝပ်ပြီး ရှေ့ကို တိုးသွားလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဟေ့ . . . လိုက်ဟ"

"ပစ် . . . ပစ် . . ."

ကျုပ်တို့ဘက်ကလည်း ညာသံပေးပြီး ဒူးလေးနဲ့ လှမ်းပစ်၊ လေး
နဲ့ လှပ်းပစ်ကြတယ်။

"ပိုင်းထားဟေ့ . . . ပိုင်းထား . . ."

"ဓားပြကိုမိရင် အပြတ်ရှင်းပစ်"

"တောင်ယာကုန်းသားကွ"

"မှတ္တမကွေ့သားကွ . . . ကျား"

ပြေးပြီ။ နောက်ထပ် သေနတ် မဖောက်ရဲကြတော့ဘူး။ မှတ္တ
ကွေ့ရဲ့ အညှဲ့မခံတဲ့သတ္တိ၊ ကြောက်သွေးမပါတဲ့သတ္တိ၊ နီမောင်းတဲ့ ညီညွတ်
မှုကို ဓားပြတွေ သဘောပေါက်သွားကြပြီလေဗျာ။

ပြေးတာမှ သေပြေးရှင်ပြေး ပြေးကြတာ။

သူတို့နောက်ကို ခွေးအုပ်ကြီးက သားစီးဖားစီး လိုက်ကိုဆွဲနေ
တာ။ ခွေးတွေလည်း ဓားပြတွေကို မမိတော့ ပြန်လာကြတယ်။

နည်းတဲ့ခွေးအုပ်ကြီး မဟုတ်ဘူးဗျာ။

"မီးတုတ်တစ်ချောင်း စထွန်းဟေ့"

သူကြီးအမိန့်ကြောင့် မီးတုတ်တစ်ချောင်းကို စထွန်းလိုက်တယ်
ကွင်းထဲမှာ လင်းသွားတယ်။ မီးရောင်မြင်လို့ပစ်တဲ့ သေနတ်သံ မကြား
ဘူး။ စိတ်ချလို့ရပြီ။

"မီးတုတ်အားလုံး ထွန်းညှိလိုက်ကြ"

ရွာသားတွေ မီးတုတ်တွေကို မီးကူးလို့ ညှိလိုက်ကြတယ်။ ရွာခွေး
အုပ်က ဟိုဘက်ဒီဘက် ပြေးပြေးပြီး ဟောင်နေတုန်းပဲ။

မီးတုတ်နဲ့ ကွင်းထဲမှာ လှူခွဲရှာလိုက်ကြတယ်။

လယ်ကွင်းထဲမှာ ယောက်ျားစီးဖိနပ်သုံးရံ ပြန့်ကြဲကျန်ရစ်ခဲ့တယ်
ပြီး သွေးစွန်းနေတဲ့ ကျားဝတ်ပုဆိုး အစုတ်အပြဲနှစ်ထည်ကိုလည်း တွေ့ရ
တယ်။





ဒါ့အပြင် လယ်ကွက်မြေသားမာအပေါ်မှာ သွေးကွက်အချို့လည်း
မြင်ရတယ်။

"သူကြီး . . . ဓားပြတွေပဲ နေမှာဗျ"

"ဟုတ်တယ် . . .။ သူပုန်မဖြစ်နိုင်ဘူး။ သူပုန်ဆို လူများမယ်၊
ပစ်သံများမယ်ကွာ"

"ဓားပြကျိန်းသေပဲဗျ . . . သူကြီးရ"

"ဘယ်ဘက်ကိုပြေးသတုံး . . . သာစည်"

"ဟိုး . . . အရှေ့ကိုဗျို့"

"ကြည့်ရတာ တို့ရွာကိုတိုက်မလို့ လာတာကွ။ ကံကောင်းချင်
တော့ တို့ရွာက ခွေးအုပ်က ထွက်ဆွဲတာ"

"သူကြီး . . ."

"ဘာတုံး . . . ရန်ကြီးအောင်"

"ထူးနေတယ်ဗျ"

"ဟ . . . ဘာထူးနေလို့တုံး . . . ရန်ကြီးအောင်ရ"

"ကျုပ်တို့ရွာက ခွေးတွေတင် ထွက်ဆွဲတာ မဟုတ်ဘူးဗျ။ ဟို
ဘီလူးခေါင်းပြတ်သချိုင်းတောဘက်ကို ပြေးသွားတဲ့ ခွေးအုပ်လည်း ရှိသေး
တယ်"

"ဟုတ်ရဲ့လားဟ . . . ရန်ကြီးအောင်ရ"

"မယုံရင် မွတ်တားတို့၊ ရမ်းပြဲတို့ကို မေးကြည့်"

"ဟေ့ကောင် . . . မွတ်တားနဲ့ရမ်းပြဲ ရန်ကြီးအောင်ပြောတာ . .
ဟုတ်လား"

"ဟုတ်တယ် . . . သူကြီး။ ကျုပ်တို့ရွာက ခွေးအုပ်က အကောင်
ငါးဆယ်လောက်ပဲရှိတယ်။ အခု ရွာထဲကို ပြန်ဝင်ကုန်ပြီ။ နောက်ထပ်ခွေး
အကောင်ငါးဆယ်ကျော်က ရသေ့ကြီးနေတဲ့ ဘီလူးခေါင်းပြတ်သချိုင်းတော
ဘက်ကို တရွေ့ရွေ့ ထွက်သွားတယ်"

"သွားရင်းကနေ ကျုပ်တို့ကို ရပ်ကြည့်နေသေးတယ်"

"မျက်လုံးကို ရဲတွတ်နေတာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါဆို တစ်ခုခုတော့ တစ်ခုခုထူးနေပြီနဲ့ တူပါရဲ့ကွာ။ ဘယ်ဓားပြအဖွဲ့လို့ ထင်လဲကွ ... ရန်ကုန်နဲ့သာစည်"

"သဲ့သဲ့တော့ကြားတယ် ... သူကြီးရေ၊ ကိုကြီးဆိုလား၊ ကိုကျားဆိုလားပဲ။ မနက်မိုးလင်းရင် သိရမှာပါ သူကြီးရာ"

"အေး ... ဟုတ်တယ်။ မှတ်တားရေ ..."

"ဗျာ ... သူကြီး"

"သက်သေခံဖိနပ်နဲ့ ပုဆိုးကျန်တွေ သိမ်းခဲ့"

"ဟုတ် ..."

ဆယ်အိမ်ခေါင်း မှတ်တားက ဖိနပ်သုံးရံကို ဓားပြတွေကျန်ရစ်ခဲ့တဲ့ ပုဆိုးကွဲထဲ စုထည့်ချည်ပြီး ယူလာခဲ့လိုက်တယ်။

ကျုပ်တို့ ရွာထဲကိုပြန်ရောက်တော့ ...

နှစ်ချက်တီးလောက် ရှိနေပြီ။

အိပ်လို့လည်း မရဘူး။ ကင်းတဲ နှစ်တဲပေါ်မှာ ရေနွေးအိုးနဲ့ဝိုင်းဖွဲ့ပြီး ထူးဆန်းအံ့ဖွယ်ကောင်းတဲ့ ရွာခွေးအုပ်နဲ့ တောခွေးအုပ်အကြောင်းကို ပြောလို့မဆုံးကြဘူး။

ခွေးတွေကို ကျေးဇူးတင်ရမှာပဲဗျ။

သူတို့သာ အရဲစွန့်ပြီး ဝင်မကိုက်ကြရင် ကျုပ်တို့ရွာကအိမ်အချို့တော့ ပြောင်သလင်းခါသွားမှာပဲ။ အသက်လည်း ခံရမှာပဲ။

မနက်လည်းမိုးလင်းရော ကျုပ်တို့ရွာသားတွေ ဖြန့်ပြီး ဟိုရွာဒီရွာကို ဈေးရောင်းသလိုလို၊ အလည်သွားသလိုလိုနဲ့ သွားရောက်စုံစမ်းလိုက်ရော ကြားရတော့တာပဲ။

ရွှေပြောက်ကြီးဆိုတဲ့ရွာကနေ ကြားရတာ။

"ငှက်ကြီးတောင်ဘဂျမ်းတို့ ဓားပြအဖွဲ့တဲ့ခင်ဗျ"

"ဟုတ်ရဲ့လား ... ငတိုးကြီးရေ"

"ဟုတ်တယ် ... သူကြီး"

"ရွှေပြောက်ကြီးရော၊ ကင်ပွန်းချုံရော ပင်လယ်ကွေ့က တံငါ





ရွာတွေမှာ ကျုပ်တို့အမျိုးတွေရှိတယ်။ လူသုံးယောက်တော့ ခွေးကိုက်ခံရတာ အတော်အခြေအနေဆိုးသတဲ့"

"ဟုတ်လား ..."

"တစ်ယောက်က မျက်နှာတစ်ခုလုံး စုတ်ပြဲသွားတယ်"

"ဟာ ..."

"နှစ်ယောက်က ထိုင်လို့မရဘူး။ တင်ပဆုံသား အကိုက်ခံရပြီး ပြတ်သွားလို့"

"ဘုရား ... ဘုရား ... အံ့ဩစရာပါပဲလားကွာ ဟင်"

"ဒင်းတို့နာမည်ကောဟ ... ငတိုးနဲ့ ငစိုးရ"

"အဖွဲ့ခေါင်းဆောင်က ငှက်ကြီးတောင်ဘဂျမ်းတဲ့ဗျ။ အခုခွေးကိုက်ခံရတဲ့ သုံးယောက်အမည်က ဓားမကြီး၊ တုံးကျော်နဲ့ ဘုတ်ိုဆိုတဲ့ကောင်ဗျ။ အကုန် ထောင်ထွက်လူဆိုးဓားပြတွေတဲ့"

"အေး ... အေး ... ဒါနဲ့ ..."

"သူတို့ ဓားပြ (၆) ယောက် ရွာစည်းရိုးနားလည်းကပ်ရော ခွေးအုပ်ကြီးက စည်းရိုးကိုတိုးပြီး သူတို့ ဓားပြ (၆ )ယောက်ကို ဝိုင်းပတ်ထားတာတဲ့ဗျာ။ ပြီးတော့ ဝင်ကိုက်ရော။ ကိုက်တော့ သူတို့ ဓားနဲ့ခုတ်၊ လှံနဲ့ထိုးရင်း ရှောင်တုန်းရှိသေးတယ် ဟိုးတောအုပ် (ဘီလူးခေါင်းပြတ်သချိုင်း)ဘက်ကနေ မျက်လုံးရဲရဲနီနီနဲ့ ခွေးအုပ်ကြီး တရကြမ်းထိုးဟောင်ရင်း ပြေးလာဝင်ကိုက်တာတဲ့။ ခွေးကြီးတွေက အနက်ရောင်ကြီးတွေတဲ့ဗျာ။ ခွေးအုပ်က ပိုလို့များလာသလိုပဲတဲ့။

သူတို့မျက်လုံးထဲမှာ ငါးဆယ်ကနေ တစ်ရာ၊ တစ်ရာကနေ နှစ်ရာလို အသံမျိုးတွေ ကြားရပြီး ခုတ်လို့ကလည်းမနိုင်၊ သေနတ်နဲ့ပစ်ရင်လည်း ရွာတွေ လန့်မှာ နိုးမှာစိုးပြီး ခုတ်ထစ်ဖောက်ထွက် မနည်းအသက်လုပြေးခဲ့ရသတဲ့"

"အံ့ဩစရာပဲကွ နော်"

"အေးဗျာ ... စဉ်းစားစရာတော့ ရှိပြီဗျ ... သူကြီးရ"

"ပြီး သူတို့ဒဏ်ရာရတဲ့ ဓားပြတွေက ပြောသေးသတဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောသတုံး ... ငတိုးရ"

"ခွေးစစ်စစ်၊ ရှာခွေးတွေမှ ဟုတ်ရဲ့လား မသိဘူးတဲ့။ ခွေးတစ်ကောင်တစ်ကောင်ဟာ နွားပေါက်တစ်ကောင် လူ့ခါးစောင်းလောက်ရှိနေတယ်လို့ ပြောကြသတဲ့ဗျ"

"ဟော ..."

"ဘုရားရေ ..."

"သူတို့က အဲဒီလိုပြောကြတာ ဟုတ်လား"

"အံ့ဩစရာတွေတော့ ဖြစ်ကုန်ပြီနဲ့တူရဲ့ကွ ဟေ"

"ထူးတာတော့ ထူးနေပြီသူကြီးရေ ... ထူးနေပြီဗျာ"

✿ ✿ ✿

[ ၈ ]

## ချစ်ပြုံးနှင်းဆီတစ်ပွင့်ကို ရှူးကာလင်ဖို့ ကြံရွယ်တဲ့ကောက်ကျွယ်

❑

ဆေးဆရာကြီးဦးနီခင်တို့၊ ဆရာခိုတို့ ပြောတဲ့စကား မှန်နေပြီဗျာ။

လဆန်းခုနစ်ရက်နေ့ကို ငါးနဲ့စားတော့ နှစ်ကြွင်းတယ်။ အဲဒီတော့ ဘဒြာတိထိ စန်းမှာရောက်တယ်။ ကောင်းကျိုးကို ဖြစ်စေတတ်တယ်တဲ့။

ဟော ...ခု သန်းခေါင်ကျော်မှာဖြစ်တော့ သုံးကြွင်းသွားပြီ။ လဆန်း (၈)ရက်ထဲကို ဝင်ကူးသွားပြီ။ (၈)ကို (၅)နှင့်စားတော့ (၃) ကြွင်းတယ်။

သုံးကြွင်းရင် ဇေယျာတိထိ။ အောင်မြင်ထမြောက်တယ်လို့ ဆိုထားတယ်လို့ ကျုပ်တို့ရန်သူစားပြမျှားကို အနိုင်ရလိုက်တာပဲ မဟုတ်လား။

နောင်အခါ ဇာတ်ပေါင်းခန်းများကို ရောက်ပြီး နောက်ပိုင်းရှေ့ရှေ့ပိုင်းတွေပါ သိရတော့တယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



အဲဒါကို စာရေးဆရာတို့ကို ဒီအကြောင်းများ ကြားရ၊ သိရသ
ပြန်ပြောချင်တယ်။ စာရေးဆရာကို ဝတ္ထုပြောပြသလိုပေါ့။

ငှက်ကြီးတောင်ဘဂျမ်းတို့ ခါးပြအဖွဲ့ တောင်ယာကုန်းရွာကို ဝ
တိုက်လို့မရဘဲ အညံ့ခံ ထွက်ပြေးခဲ့ရတဲ့ သတင်းက ရွာနီးချုပ်စပ်မှာ ဟို
လေးတကြော်ကြော် ဖြစ်သွားခဲ့တယ်။

ဒီသတင်းက သူတို့ခါးပြ လူဆိုးဂိုဏ်းအချင်းချင်းကြားမှာလည်း
ပြန်သွားတယ်။

"ဟုတ်ရဲ့လားဟ ... ငမည်းရ"

"ဟုတ်တယ် ... ဆရာကြီး"

"ကျုပ်ကိုယ်တိုင် ငှက်ကြီးတောင်ဘဂျမ်းတို့ဆီ ရောက်ခဲ့ပြီးပြ
ကိုဘဂျမ်းလည်း တောင်ယာကုန်းရွာကို လုံးဝမစီးနိုင်ဘဲ သေပြေးရှင်ပြေ
မနည်းလွတ်အောင် ပြေးခဲ့ရသတဲ့ဗျာ။ သူကိုယ်တိုင်လည်း ခွေးအုပ်ကြီး
က ဝိုင်းဆွဲလိုက်တာ ခြေသလုံးအရေပြား အဖတ်လိုက်လန်ကျသွားခဲ့တယ်
နားရွက်နှစ်ဖက်လည်း မရှိတော့ဘူး။ ပြတ်သွားတယ်။ ညာလက်လည်း လိမ်
သွား၊ ခွင်သွားတယ်"

"ဘဂျမ်းလိုလူတောင် ခံရသေး ဟုတ်လားဟေ့"

"ကိုဘဂျမ်းက တောက်ခေါက်ပြီး ပြောလိုက်သေးတယ်"

"သူက ဘာပြောတုံး"

"သူ ခါးပြတိုက်စားလာတာ နှစ်ပေါင်း မနည်းဘူးတဲ့။ ဒီရွာ
ကြောက်စရာ အကောင်းဆုံးပဲတဲ့။ သူ့တပည့်တွေလည်း ခွေးကိုက်ခံရတာ
စုတ်ပြတ်ကုန်တာ ရုပ်တောင်မပေါ်တော့ဘူး ... ဆရာကြီး"

"ငါ လုံးဝမယုံဘူး ... ငမည်း"

ဆရာကြီးဖြစ်သူ ကာယသိဒ္ဓိရွှေကျိုင်းက ဝါးစားပွဲခုံကို လက်ဝါး
နဲ့ပုတ်ရင်းက သူ့တပည့် ငမည်းကိုကြည့်ပြီး အော်လိုက်တယ်။

"ဆရာကြီးမယုံရင် ငှက်ကြီးတောင်ဘဂျမ်းကို သွားမေးကြည့်"

"ငမည်း ..."

"ဗျာ ... ဆရာကြီး"





"သင်းတို့ မုတ္တမကျေးသားတွေကရော စွမ်းလို့လားကွ ဟေ"

"စွမ်းမစွမ်း မသိဘူးဆရာကြီး။ လူညီတယ်လို့ ကြားရတယ်။ အုပ်
ဖွဲ့လူခွဲပြီး ဝိုင်းလိုက်တာတဲ့ဗျာ"

"သင်းတို့ မုတ္တမကျေးသားတွေက အဲဒီလိုလိုက်ရဲရအောင် သူတို့
မှာ သေနတ်ရှိနေလို့လား"

"သေနတ်တော့မရှိဘူး။ မှတ်ပြောင်း၊ ဒူးလေး၊ လင်းလေး၊ ဓား
လှံ၊ လေးခွ၊ နှစ်ဖက်ချွန်၊ ပစ်တုတ်တွေတော့ ရှိတယ်"

"ငါ သင်းတို့ မုတ္တမကျေးရွာကို ရအောင်တိုက်မယ်"

ငမည်း၊ သံလုံးကြီး၊ ငါးချိတ်၊ ရွှေပန်းနဲ့ ကိုကြီးကျော် စသည့်
တပည့်များက သူတို့ဆရာကြီးရဲ့မျက်နှာကို စိုက်ကြည့်နေတုန်းပဲ ...

"ဒါ ဘာလဲ ... ငမည်း"

ကာယသိဒ္ဓိရွှေကျိုင်းက သေနတ်တစ်လက်ကို ညာလက်နဲ့ကိုင်
မြှောက်ပြလိုက်ရင်း မေးလိုက်တယ်။

"ပြောလေကွာ ... ဒါ ဘာသေနတ်လဲ။ ပါးစပ် မပါကြဘူးလား"

"စတင်းဂန်းပါ ဆရာကြီး"

"အေး ... ဒါ စတင်းဂန်းသေနတ်ပဲ။ ခလုတ်ကို တစ်ချက်ညှစ်
ထားရင် ကျည်ဆန်အတောင့်နှစ်ဆယ်ကျော် ကဆုန်စိုင်းထွက်တယ်။ တစ်ဖက်
ကလူရဲ့အသားကို စားပြီး အသွေးကိုစုပ်တယ်။ တစ်ချက်မွှေ့ယမ်းပစ်လိုက်
ရင် လူငါးယောက် သချိုင်းကုန်းစာ ဖြစ်သွားမယ်။ သင်းတို့ မုတ္တမကျေး
သားတွေရဲ့ ကိုယ်မှာ သံမဏိကျည်ကာအင်္ကျီ ဝတ်ထားရင်တော့ ငါ ရွာဝက
လှည့်ပြန်သွားပါ့မယ်။ သံမဏိကျည်ကာအင်္ကျီ မဝတ်ထားဘူးဆိုရင်တော့
တစ်ရွာလုံးရှိသမျှ မသာတွေကို ရွာကျောင်းဘုန်းကြီးတစ်ပါးတည်းနဲ့ စုပေါင်း
သရဏဂုံတင်ရလိမ့်မယ် ... သိလား"

"ဟုတ် ..."

"အဲဒီမုတ္တမကျေးရွာက ရွှေနဲ့ငွေကို ရရင်ရ မရခဲ့ရင် လူသတ်ခဲ့
ရမယ်။ နို့စို့ကလေးရော၊ ဗိုက်ကြီးသည်ရော မချန်ခဲ့နဲ့။ အေး ... အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



တိုက်လို့မရ၊ သတ်လို့မရတဲ့ အခြေအနေမျိုး ပေါ်လာခဲ့ရင်တော့ ရွာကို မိ
တိုက်ခဲ့ရမယ်။ ကြားလား ...''

''ဟုတ် ...''

''မင်းတို့အားလုံး လက်နက်တွေကို အသင့်ပြင်ထား။ ဘယ်ကော
မှ တိုက်လို့မရတဲ့ရွာ ကာယသိဒ္ဓိရွှေကျိုင်း ရအောင်တိုက်ပြမယ်ဟေ့''

ကာယသိဒ္ဓိရွှေကျိုင်းက ကြိမ်းဝါးအော်ဟစ်ပြီး နေတယ်။ မုတ္တ
ကွေ့ရွာ တောင်ယာကုန်းကို အလစ်ဝင်တိုက်ဖို့ တပည့်တွေနဲ့ စီစဉ်နေချိန်
မှာပဲ ...

မုတ္တမကွေ့ရွာသားတွေလည်း ရဲရင့်တက်ကြွလို့မဆုံး ဖြစ်နေကြ
တယ်။ သူတို့ရွာ တစ်ခါမှ ဓားပြတိုက်မခံရဘူးလေ။

ဟိုတုန်းက သူပုန်တော့ အလှူခံဖူးတယ်။

ရိက္ခာတောင်းလို့ ဆန်ရယ်၊ ကြက်ရယ်၊ ဝက်ရယ် ပို့ပေးဘူးတယ်၊
ခု သူပုန်တွေလည်း တွဲတေးတောကြီးတန်းဘက်ရယ်၊ မွန်ပြည်နယ်ဘက်
ရယ်ကို ပြောင်းသွားကြလို့ ရိက္ခာမပေးရတော့ဘူး။

ပြီး ကျုပ်တို့ရွာက လုပ်လုပ်စားစား ရွာပါဗျာ။

ဟိုးအရှေ့ဘက်က တံငါရွာလို စီးပွားရေးမကောင်းဘူး။ ကျုပ်
တို့ရွာက အသားငါးလိုချင်ရင် သူများရွာက လာရောင်းမှ စားရတာ။

ဝက်တို့၊ နွားတို့ ရွာမှာမွေးကြပါတယ်။

ဒါပေမင့် ရွာထဲမှာ ဝက်တို့၊ နွားတို့ သတ်လို့မရဘူး။

ရွာထဲမှာ နွားတို့၊ ကျွဲတို့၊ ဝက်တို့များ သတ် ပေါ် စားကြရင်
တစ်ရွာလုံး ပုပ်စော်နံတော့တာပဲ။

နံပုံနံနည်းက အမဲရိုးအမဲခေါင်း စွန့်ပစ်လို့ ပုပ်ပြီးနံတဲ့ အနံ့မျိုး
မဟုတ်ဘူး။

တစ်ရွာလုံးကို အုပ်ပြီး ပတ်ပြီး အိမ်တိုင်းကို မွှေပြီး သုံးလေး
ရက် တစ်ပတ်ကြာအောင် အော့အန်နေရသည့်တိုင် နံသည့် အပုပ်နံ့ကြီး
မျိုး။

အဲဒါ တစ်ကြိမ်။

စိတ်ကူးသစ်စာပေ



နှစ်ကြိမ်၊ သုံးကြိမ်အထိ ဖြစ်ရော မရိုးမှန်း သိလိုက်ကြတယ်။

ကျုပ်တို့နေထိုင်တဲ့ရွာမြေ အပိုင်အဆိုင်၊ အစောင့်အရှောက်များ
က သူ့ဧရိယာ မြေဝန်းအကျယ်အပေါ်မှာ အလွန်ကြီးမားတဲ့ အကုသိုလ်
ဒုစရိုက်အမှုလုပ်တာ မကြိုက်မှန်း သဘောပေါက်ကြတယ်။

နောက်ဆုံး ကန်တော့ပွဲပြင်ပြီး ရွာတော်ရှင်နဲ့ ရက္ခစိုးကြီးများ၊
ဘုမ္မာစိုးကြီးများကို တောင်းပန်ရတယ်။

''နောင်ကို ဒီရွာမြေအတွင်းမှာ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့ သတ်
မစားပါဘူး။ ပေါ်မရောင်းတော့ဘူး အရှင်သခင်တို့။ အခြားရွာများက လာ
ရောင်းချတာတော့ စားခွင့်ပြုပါခင်ဗျာ''

အဲဒီလို ကတိကဝတ်ပြုပြီး တောင်းပန်လိုက်မှ အလွန်ဆိုးဝါးလှ
တဲ့ အပုပ်နံ့ကြီး ချက်ချင်းပျောက်သွားတယ်ဗျ။

အဲဒီလို ထူးဆန်းတဲ့ မုတ္တမကွေ့ရွာပါ စာရေးဆရာ။

ဆင်းရဲတော့လည်း ဘယ်ဓားပြမှ မတိုက်ချင်ကြပါဘူးဗျာ။ သို့
သော် သည့်နောက်ပိုင်းမှာ သစ်သီးဝလံ ဆန်ရေစပါး အထွက်ကောင်းလို့
ကျုပ်တို့တောင်ယာကုန်း မုတ္တမသားတွေ စားနိုင်၊ ဝတ်နိုင်လေး ရှိလာ
တယ်။

ဓားပြကလည်း ပစ္စည်းဥစ္စာရှိတဲ့ အိမ်တို့၊ ရွာတို့ကို ဦးစားပေး
တိုက်တာကိုးဗျ။ ခု သူဌေးတွေက မကြာခဏ အတိုက်ခံရပါများတော့ သူ
တို့ ရွာမှာမနေကြတော့ဘူး။

လုပ်ငန်းကို မျက်နှာလွှဲနဲ့ထားပြီး တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ
ပဲ သူတို့ ရွာကိုလာတယ်။ အများအားဖြင့် လုံခြုံမှုရှိတဲ့ မြို့ပေါ်လိုနေရာ
ကို ပြောင်းရွှေ့နေထိုင်ကြတယ်။

ဒီတော့ တိုက်ရမည့်သူဌေးအိမ်တွေ မြို့ပေါ်ပြောင်းလို့ ရှားတော့
တွေ့ရာကြုံရာရွာတွေ လိုက်လှည့်တိုက်တော့တာပေါ့ဗျာ။

အခု ကျုပ်တို့ မုတ္တမကွေ့ရွာကို လာတိုက်တယ်။ တိုက်လို့ရတဲ့
အသက်လု ပြန်ပြေးရတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရွာသားတွေ ဓားပြရန်ကို အောင်မြင်လို့ တက်ကြွလို့မဆုံး ရဲရင့်လို့မဆုံး ဖြစ်နေကြတယ်။

"အဲဒါ ဘရသေ့ပေးတဲ့ သမ္ဗုဒ္ဓေဂါထာကြောင့်များ သူတို့တိုက်လို့ ဝင်လို့ မရတာလား မသိဘူးနော်"

"ဟုတ်မယ်နဲ့ တူတာပဲ"

"ငါတို့ ရွာဦးကျောင်း ဆရာတော်ဘုရားကြီးကလည်း မိန့်မဟုတ်လား။ ယုံယုံကြည်ကြည်ရွတ်တဲ့။ ဘေးဥပါဒ်ကင်းသတဲ့"

"ဟုတ်မှာပဲဗျ ... ဟို ... ကျုပ်တို့ဘရသေ့ကြီး ရွာကိုပတ်ပြီး မနက်ရော၊ ညနေရော ရွတ်ပေးနေတာ ကြည့်လေ"

"အဘနီ ဘယ်လိုသဘောရတုန်း အဘ"

ဆေးဆရာကြီး ဦးနီခင်က ကွမ်းဝါးရင်းက ခေါင်းညိတ်တယ်၊

"အဲဒါ ငါတို့ရွာကို သမ္ဗုဒ္ဓေဂါတာနဲ့ ကိုးပတ်တိတိရွတ်ပြီး စည်းချနေတာ။ ဘရသေ့ကြီးက သီလ၊ သမာဓိ၊ ပညာ အားကောင်းတော့ ဆိုင်ရာပိုင်ရာကလည်း မနေနိုင်ဘဲ ဝင်ကူညီနေသနဲ့ တူပါ့ကွာ"

"ဟုတ်မယ် ... အဘနီရဲ့၊ မကြုံစဖူး ရွာခွေးတွေအားလုံးထွက်ပြီး ဓားပြကို ကိုက်တာတဲ့ဗျ"

"ခွေးနက်ကြီးတွေ ပါသေးဆို ... ကိုသာစည်"

"ဟုတ်တယ် ... ခွေးနက်ကြီး အကောင်ငါးဆယ်လောက်အုပ်ကလည်း ဘရသေ့နေတဲ့ကျောင်း ... အဲ ... အဲ ... ဘီလူးခေါင်းပြတ်သချိုင်းဘက်ကို ပြန်သွားတာဗျ"

"အဲဒါ ဘယ်ရွာက ခွေးအုပ်တုံးဟ"

"မသိဘူးဗျ ..."

"တို့ရွာသားတွေ ညီညွတ်တာလည်း မချန်ပါနဲ့ဦးကွာ"

"အိပ်ပျော်နေတဲ့ ကင်းသမားကျ ဘယ်လိုပြောမတုံး"

"ဟုတ်တယ် ... ငတိုးတို့အုပ်စုလည်း အိပ်ပျော်နေတာ။ ရှင်းရှင်းပြောရရင် ခွေးအုပ်ရဲ့ဒဏ်ကို မခံနိုင်လို့ ဓားပြပြေးရတာဗျ"





"ကျုပ်တို့လိုက်လို့ ပြေးရတာလည်း မချန်ပါနဲ့ ... ကိုသာစည်ရ"

"မချန်ပါဘူးကွာ။ ငါတို့ရွာမှာသာ သေနတ်နှစ်လက်လောက်ရှိရင်ဒင်းတို့ အသေပဲကွ"

ဒီအချိန်မှာပဲ ...

"ဆွမ်းတော်ခင်ဗျ"

"နောင် ... နောင် ဝေ ဝေ ..."

"ဟဲ့ ... ဟဲ့ ... တောင်ကျောင်းက ဆွမ်းခံကြွပဟဲ့။ စိမ်းမြတို့၊ မိချစ်စိန်တို့ ... ဆွမ်းဟဲ့ ... ဆွမ်း ..."

ဒါနဲ့ တောင်ကျောင်းကိုရင်ငါးပါးကို ဆွမ်းလောင်းကြတယ်။ ဒီမှာကပ္ပိယ ဦးကျော်စံကေးက ဆွမ်းတောင်းကြီးထမ်းရင်းက ...

"မဒန်း ..."

"ဘာတုံး ..."

"နေ ... နေ ... ကောင်းလား ... ဟင် ... ဟင်"

"ကောင်းကောင်း မကောင်းကောင်း တော့်အလုပ်မပါဘူး။ သွားတော့ ...။ ဒီတစ်ခါဆို လက်ရော၊ ခြေရော လေးပေါက်ကျယ် ထိတ်တုံးပဲ"

"တွေ့တုန်း ကြုံ ... ကြုံတုန်း ... တစ် ... တစ်ခွန်း ..."

"ပြောချင်လို့"

" ......"

"အဲ ... အဟဲ ... ဟဲ ... သ ... သတိ ... ရ ... ရ .."

"အောင်နက်ရေ ... အောင်နက် ..."

"ဝုတ် ... ဝုတ် ... ဝုတ် ..."

"ဟ ... ဟ ... မဒန်း ... မဒန်း ... ညည်း ... ညည်း .. ခွေးကို ... လုပ် ... လုပ် ..."

"ဝုတ် ... ဝုတ် ... ဝုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



မှဆိုးမဒန်းရဲ့ခွေး အောင်နက်ကြီးကလည်း အကင်းပါးတယ်ဗျ ဆွမ်းတောင်းကြီးထမ်းပြီး စပ်ဖြီးဖြီးလုပ်နေတဲ့ ဝဖိုင့်ဖိုင့်ကပွိယ ကိုကျော် စံကေးကိုမြင်ရော တင်ပဆုံသားကိုဝါးချင်လို့ နှုတ်သီးမည်းမည်းကြီးနဲ့ ရှေ့ တိုး ပွစိပွစိလုပ် နမ်းပါရောဗျို့။

ဝဖိုင့်ဖိုင့် တောင်ကျောင်းကပွိယ ကိုကျော်စံကေး တင်ပါးနှစ်ဖက် တုန်နေရှာတယ်။

ခွေးအောင်နက်ကြီးက သူ့တင်ပဆုံမောက်မောက်ကြီးကို နမ်းပြီး တော့ ရှေ့ကိုပြန်လှည့်ပြီး ပေါင်ခွကြားကို နမ်းရော ကျော်စံကေး မျက်စိ မှိတ်ပြီး ဘုရားစာတွေ ရွတ်နေရပါရောဗျ။

သူက မုဆိုးမမိဒန်းကို ချိတ်နေတာလေ။

မိဒန်းယောကျ်ား လေ့ကြီးက မနှစ်တုန်းက ငှက်ဖျားရောဂါနဲ့ဆုံး သွားတယ်။ မိဒန်းက မအေကြီးနဲ့ တောင်ယာစိုက် ဘဲမွေးပြီးနေတာ။

မိဒန်းက လှတုန်းပဲ။ ကလေးကလည်း မမွေးဖူးတော့ အပျိုကြီး အတိုင်းပေါ့။ တုတ်တုတ်ခိုင်ခိုင်၊ မို့မို့မောက်မောက်ကြီးလေ။

ဒါကို ကပွိယကျော်စံကေးက သဘောကျပြီး ဆွမ်းခံကြွတိုင်း တစ် နေ့ စကားလုံး တစ်လုံးနှစ်လုံးနဲ့ ပြောဆိုပိုးပန်းနေတာ။

ဝဝပုပု၊ ဗိုက်ရွဲရွဲ မျက်နှာသေးသေးနဲ့ ကပွိယကို မိဒန်းက မကြိုက် ပါဘူး။ ဘေးကလည်း ကျော်စံကေး ပိုးပန်းချိတ်နေမှန်း သိတယ်။ ဝိုင်း ကြတယ်။

"မိဒန်း ...ကျော်စံကေးက အသားချည်းပဲအေ့"

"ညည်း ယူလိုက်ပါလား"

"ဝလွန်းအားကြီးတော့ ကြောက်တယ်။ တော်ကြာ ...အဟီး"

"မိဒန်းလို တောင့်တောင့်တင်းတင်းနဲ့မှ ..."

"အိမ်ပြို့မှာအေ့"

"ဟဲ့ ...အနာကျမတွေရဲ့၊ ဒီလို ကပွိယလူပျင်း ကျောင်းကျ စားပြီး မတရား ဝပြနေတဲ့ ဖိုးဝရုပ်ကြီးကို ငါက ယူပြီး လုပ်လည်းကျွေး ရမယ်၊ ပြီး နေ့ရောညရော တယ်လေ ...ငါက ဒင်းကို ယုယနေရမှ





လား။ ဒါမျိုးကြီးက သေရင်တောင် ခေါင်းဖိုးပျဉ်ပဲ နည်းမှာမဟုတ်ဘူးဟဲ့၊ မသာစရိတ်ကြီးမယ်။ လုံးဝပဲ"

ဘယ်လိုပြောပြော၊ ဝေဖန်ဝေဖန် ကပွိယကျော်စံကေး ဆွမ်းခံကြွ လာရင် မဒန်းကို ရိသဲ့သဲ့လေး လုပ်လုပ်ပြီး မေတ္တာရဲ့သဘာဝကို ပြပြပေး ရတယ်။

တစ်ခါတုန်းက ကျော်စံကေးက ဘုန်းကြီးကျောင်းသားကျောက်ခဲ နဲ့ သူ့ကို မေတ္တာစာ (ရည်းစားစာ) ပေးလိုက်ဖူးတယ်။

အဲဒီမေတ္တာစာကို ဖတ်ပြီးကတည်းက ကျော်စံကေးကို ပက်ပက် စက်စက် လုပ်ပစ်ချင်နေတာ။

ကပွိယကျော်စံကေး မုဆိုးမမဒန်းကို အသေအလဲကြိုက်နေ ပိုး နေတာကို ဘုန်းကြီးကျောင်းသား မောင်ချက်ကြီးနဲ့ မောင်ဒုတ်ကြီးတို့က သိတယ်။

ဒါကြောင့် ဝိုင်းချွန်ကြတယ်၊ ပင့်ပေးကြတယ်။

"ကိုကျော်စံကေး ..."

"ဘာတုံးဟ ...မောင်ချက်ကြီးရ"

"ခင်ဗျားကို မုဆိုးမမဒန်းက မေးနေတယ်ဗျ"

"အံမယ် ...မဒန်းက ငါ့ကို ..."

"အေးဗျ ..."

"ဘာ ...ဘာတွေများ ...မေး ...မေးနေလဲ ...ဟင် .. ဟင် ..."

မုဆိုးမမဒန်းရဲ့ဆိုတဲ့ အမည်ကိုကြားရရင် ကိုကေးကြီး ရင်တွေ တဒိုင်းဒိုင်းနဲ့ ခုန်ရော။

"လုပ်ပါဦးဟ ...ချက်ကြီးရ၊ ဒန်းဒန်းက ဘာ ...ဘာမေးလဲ ဟင်"

"ကိုကေးကို ပြောလိုက်ပါ ...မောင်လေးတို့ရယ်တဲ့"

"အံမယ် မင်းတို့ကို မောင်လေးတို့တဲ့ ...ဟုတ်လား။ ငါ့ ... ငါ့ကိုရော အစ်ကိုကေးကေးလို့ ...ဒါနဲ့ ဘာပြောတုန်းဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကေးကို ပြောလိုက်ပါတဲ့"

"အေး ... ဟုတ်ပြီ"

"သေမည့်နေ့ကို ရွေးပြီးပြီလားတဲ့"

"ဘာ ... ငါ့ကို သေမည့်နေ့ ... ရွေး ... ရွေးပြီးပလား"

"ဟုတ်တယ် ... ကူးတို့ခ မတ်စေ့လိုချင်ရင် အချိန်မရွေးလာယူတဲ့။ မတ်စေ့မလောက်ရင် ကျပ်စေ့ပေးမယ်တဲ့"

"ဖွီး ... ဒါ ... ဒါ ... မိဒန်းပြောတာ မဖြစ်နိုင်ဘူး။ မင်းတို့လုပ်ကြံပြောတာပဲ နေမယ်။ အနာကျကောင်တွေ ... သွားကွာ ... သွားကြ၊ ဝေးဝေးသွားကြတော့"

ကိုကျော်စံကေး ချက်ကြီးနဲ့ဒုတ်ကြီးကို မောင်းထုတ်တယ်။

"ကိုကေး ..."

"ဘာတုံး ... မင်းတို့ သွားကြ"

"ခင်ဗျား မဒန်းကို တကယ်ကြိုက်လား"

"ကြိုက်တာ တစ်ပိုင်းသေနေပြီကွ"

"ဘယ်အပိုင်း သေတာတုံး။ အောက်ပိုင်းသေရင် မစဉ်းစားနဲ့နော် ... ကိုကေး။ မဒန်းကို ကိုသောင်းညွန့်ဦးကလည်း ပိုးနေတာ"

"ဟေ ... သောင်းညွန့်ဦး"

"ဟုတ်တယ် ...။ ဟို ... အိုးစည်တီးတဲ့ သောင်းညွန့်ဦးလေ"

"ဘုရား ... ဘုရား ... သူတို့ ဘယ်အခြေအနေ ရောက်နေပြီလဲ ... ချက်ကြီးရာ ဟင်"

"အဲဒါ ခင်ဗျားကို ပြောမလို့ပေါ့ဗျာ။ ခင်ဗျား မဒန်းကို ကြိုက်တာ ကျိန်းသေလား"

"ဘုရားစူး မိုးကြိုးပွတ် ... အဲ ... အဲ ... ပစ် ... ပစ်ရပေရဲ့ ... ငါ့လူရာ"

"ရရင် ယူမှာ၊ လက်ထပ်မှာလား"





"ဘယ့်နှယ်ပြောပါလိမ့် ... ငါ့လူရာ။ သူ့ဘက်က တင်တောင်းမည့်နေ့ ငါစောင့်နေတာပါ ချက်ကြီးရာ"

"မိန်းကလေးက တင်တောင်းရမှာလားဗျ။ ထုံးစံက ယောက်ျားလေးဘက်က တင်တောင်းရတာဥစ္စာ"

"မင်းတို့ကလည်းကွာ ... ငါက ကပွဲယဥစ္စာ။ ဘယ်ကဝင်ငွေရှိမှာတုံးကွ ... ဒုတ်ကြီးရ"

"သနားစရာပဲကွာ"

"အေးကွာ ... မြန်မြန်သေရင်သေ၊ မသေရင် လေဖြတ်ပြီး အိပ်ရာထဲ လဲနေသင့်တာကွ"

"မောင်ချက်ကြီးနဲ့ဒုတ် ..."

"ဘာတုံး ... ကို ... ကိုကေး"

"မင်းတို့ အစ်ကိုကြီးကို ကူညီလို့ရရင် ကူညီကြပါလားကွာ ဟင်။ ငါ ကျေးဇူးမမေ့ပါဘူးကွာ။ ဟင်းကောင်းလေးမှန်သမျှ မင်းတို့နှစ်ယောက်ကို နေ့တိုင်း ဦးစားပေးကျွေးပါ့မယ် ... ငါ့လူတို့ရာ"

"ကျုပ်တို့ ဘယ်လိုကူညီရမှာတုံးဗျ"

"မဒန်းနဲ့ ငါနဲ့ မြန်မြန်ညားအောင် ကြံစည်ပေးကြပါကွာ နော်"

"အောင်မြင်ခဲ့ရင် ငါ့မိန်းမ မဒန်း ... အဲ .... အဲ ... မဒန်းနဲ့ငါနဲ့ညားလို့ ပိုင်သမျှ မင်းတို့နှစ်ယောက် စားရ သုံးရမှာပေါ့ ကျေးဇူးရှင်တို့ရာ။ လုပ်ပါ ... ကြံပေးကြပါကွာ နော်"

"ကောင်းပြီ ... ခင်ဗျားကတိ ခင်ဗျားမမေ့နဲ့"

အဲဒီလိုပြောပြီး တစ်နေ့မှာ ရည်းစားစာတစ်စောင် ရေးယူလာပြီး ကပွဲယကိုကျော်စံကေးကို ပေးတယ်။

"ရော့ ... ကိုကေး"

"ဒါ ဘာတုံးဟ"

"ရည်းစားစာလေဗျာ။ မဒန်းကို ခင်ဗျားပေးဖို့ ရည်းစားစာ။ ကိုသာစည်တို့၊ ကိုရန်ကုန်တို့ သူငယ်ချင်း မြို့ကလာတဲ့ ကိုမြို့ချစ်မောင်ဆိုတဲ့ သီချင်းရေးဆရာကို ရေးခိုင်းရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ငါ့ ... ငါ့အတွက်လားဟေ့"

"ဒါပေါ့ဗျာ ... ရော့ ... ဖတ်ကြည့်"

"မင်း ... မင်းတို့ ... ဖတ် ... ဖတ်ပြပါလားကွာ ... ငါ .. ငါ ... ရင်တုန်လို့"

"နားထောင် ... အဟမ်း ..."

"ဒန်းရယ် ..."

"အဟင့် ... အဟင့် ... အဟီ ..."

"ဒန်းရယ် ... ကောင်းကင်ကို မော့ကြည့်လို့ လမင်းကိုမြင်ရ တိုင်း ဒါ ဒန်းရဲ့မျက်နှာလေးပါလားလို့ ထင်မှတ်ပြီး တစ်ညလုံး တစ်စိမ့်စိမ့် ထိုင်ကြည့်ရင်း မိုးလင်းခဲ့ရတဲ့ညတွေ မနည်းပါဘူး ... ဒန်းရေ"

"ဟိုက် ... ရှားပါး ကောင်းလှချည်လား ချက်ကြီးရာ ဟင်"

"ကောင်းမှာပေါ့ဗျ ... ဟိုဘက်ရွာမှာ ထန်းရည်သွားတိုက်ပြီး ခင်ဗျားအတွက် တောင်းတောင်းပန်ပန် ရေးခိုင်းရတာကိုး"

"တောက် ... မင်းတို့နှစ်ယောက်လို တော်တဲ့ အလိုက်သိတဲ့ကောင် မျိုး ဒီတစ်ရွာလုံးမှာ မရှိပါဘူး ... ငါ့လူတို့ရာ။ အရသာရှိလိုက်တဲ့ စာသား ကွာ။ ငါတို့ဆရာတော် ဒါမျိုး ဘယ်ရေးနိုင်မလဲကွာ နော်"

"ဟာ ... ခင်ဗျားဗျာ ... မဟုတ်က ဟုတ်က"

"ရှေ့ဆက်ဖတ်ပါဦး ... အဘိုးတို့ရယ်"

"ကိုယ့်ရင်ထဲမှာ လှိုင်းထနေတဲ့အချစ်က မဒန်းရဲ့နှလုံးသားကမ်း စပ်ကို ရောက်မှ အမောပြေ ရင်ငြိမ်မှာပါ ဒန်းရယ်"

"အမေရေ ... အမေ့သား သေပျော်ပြီဗျာ ... အမေရာ"

"မဒန်းကို ရင်နင့်အောင်ချစ်တယ်"

"ဒါတော့ ဘုရားစူးပါ ... ငါ့လူတို့ရာ မှန်ပါ့ကွာ"

"မဒန်းကို ကိုယ်နေ့စဉ် မေ့လို့မရဘူး"

"ဒါလည်း ဘုရားစူးပါပဲကွာ။ မှန်နေတာပဲဟေ့ ... အဟီ"

"မဒန်း ကိုယ့်အပေါ် စာနာပါ၊ သနားပါ၊ ချစ်တုံ့ပြန်ပါ ... ဒန်း





ရယ်။ ကိုယ့်ရင်ထဲမှာ ဒန်းကလွဲရင် အခြားသူကို နေရာပေးစရာ မရှိပါ ဘူး။ ချစ်တယ် ... ဒန်း ... အမြန်စာပြန်ပါနော်။ ပုံ–ကပ္ပိယကျော်စံကေး"

"ကြွေကွာ ... ကြွေ ... ကြွေ ... ဒီစာကိုသာ ငါ့ရဲ့မဒန်းလေး ဖတ်လိုက်ရရင် ချက်ချင်းများ ခိုးရာလိုက်လာမလားမသိဘူးကွာ ဟင်"

"လိုက်မယ်ဆိုလည်း ခိုးပေါ့ဗျာ"

"ခိုးရမှာပေါ့ ... ငါ့လူ့ရာ။ ဟို ... ဟို ... နေပါဦး ... ငါ့လူ တို့ရာ။ ဟိုနေရာကွာ ... ပုံ–ကပ္ပိယကျော်စံကေးနေရာမှာ ကိုကိုကေးလို့ ပြောင်းရေးပြီးပေးရင် မကောင်းဘူးလားဟင် ... ဟင်။ ငါ မင်းတို့ကို ဆရာ ... လုပ် ... လုပ်တာ မဟုတ်ပါဘူးကွာ။ ဆရာတင်ပြီး တိုင်ပင် တာပါကွာ ... နော် ... နော် ..."

ကိုယ့်လူများကို ချော့ရသေးတယ်။

"မဆိုးပါဘူးဗျ ... ပုံ ... ကိုကိုကေး ... ကိုင်း .. ရော့ ..."

"ဘာလုပ်ရမှာတုံးဟ"

"ဟာ ... ခင်ဗျားကြိုက်တဲ့ မဒန်းကို သွားပေးလိုက်လေ"

"ငါ ... ငါ ... မ ... မပေးရဲပါဘူးကွာ။ ကြောက် ... ကြောက် တယ်"

"ကျုပ်တို့က ခင်ဗျားအတွက် ရည်းစားစာကို အကုန်အကျခံပြီး ရေးခိုင်း ကူညီနေတာဗျ။ အဲဒါဆိုလည်း နေဗျာ ... ကိုသောင်းညွှန့်ကို သွားပေးမယ်"

"ဟာ ... မလုပ်ပါနဲ့ကွာ။ သောင်းညွှန့်ဦး မသိပါစေနဲ့ ... ငါ့လူ တို့ရာ။ ဟို ... ဟို ... မင်းတို့ပဲ ... ပေး ... ပေး ... ပေးပေးပါကွာ။ ငါ ... ငါ ... မုန့်ဖိုးပေးပါမယ်ကွာ ... နော်"

"တကယ်နော် ... ကိုကေး"

"ဘုရားစူး ... မိုး ... မိုးကြိုး ... နောက်မှပစ်ပါကွာ"

ဒါနဲ့ ချက်ကြီးနဲ့ ဒုတ်ကြီးက နောက်နေ့ညနေပိုင်းမှာ မဒန်းတို့ အိမ်ကို သွားခဲ့ကြတယ်။ မဒန်းကို ဆန်ဆေးရင်းတန်းလန်း မြင်လိုက်ရ ရော ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မဒန်း ..."

"ဘာတုံးဟဲ့ ... ချက်ကြီးနဲ့ ဒုတ်ကြီးတို့"

"ဟို ... ဟို ... အဲ ... အဲ ..."

"နင်တို့နှစ်ယောက် ဘာဖြစ်နေကြတုံးဟဲ့"

"ဒုတ် ... ဒုတ်ကြီး ... မင်း ... မင်းပြောလိုက် ... အဟဲ .. ဟဲ ..."

"မင်းပဲ ... ပြောပြီး ... ပေး ... ပေး ..."

ရှုံ့ကြောက် စိုးကြောက်ဖြစ်နေတဲ့ ဒုတ်ကြီးနဲ့ ချက်ကြီးကိုကြည့်ပြီး မဒန်း မသက်သာသလို ဖြစ်လာရော ...

"ပြောစရာရှိရင်လည်း ပြောလေ၊ မရှိလည်း ပြန်တော့။ ငါ ထမင်းချက်ရဦးမယ်။ သွား ... သွား ..."

"အစ် ... အစ် ... မ ..."

"ပြော ..."

"ဟို ... ဟို ... ကပ် ... ကပ် ... ကျော်ကေး စေတီက .."

"ကပ္ပိယကြီးကလို့ လုပ်စမ်းပါကွာ ... ချက်ကြီးရာ .. တောက်"

"အဲ ... ဟုတ် ... ကဲ့ ... ကပ် ... ကပ်ပိယကြီး ကိုကျော်စံကေးက အစ်မကို ... စာ ... စာ ... ပေးခိုင်းလို့ ... ပါ"

"ဘာ ... ဘာ ..."

"ရော့ ... ရော့ ... ကျွန်တော်တို့ ... သွား ... သွားတော့မယ် ... နော် ... နော် ..."

နှစ်ယောက်သား ကပ္ပိယကျော်စံကေးရဲ့ ရည်းစားစာကို မဒန်းလက်ထဲ ဇွတ်အတင်းထိုးထည့်ပေးပြီး ခြံထဲကနေ အမြန်ပြေးခဲ့လိုက်ကြတယ်။

မဒန်း ရေချိုးပြီးတဲ့ ဆံထုံးအိုးကို အသာချထားလိုက်ပြီး ပေးသွားတဲ့စာရွက်ကို အလျင်စလို ဖတ်လိုက်တယ်။

ဒန်း ...

အချစ်ကလေး ...

စိတ်ကူးသစ်စာပေ



အလို ... ငါ့ကို ... ဒန်း ... အချစ်ကလေးတဲ့။

ဘုရားရေ ... ဒါ ... ရည်းစားစာပါကလား။

ဘယ်သူရေးတာတုံး။ ကပ္ပိယကျော်စံကေးလို့တော့ ဟိုကောင်လေး နှစ်ယောက်က ပြောသွားတယ်။ ဒါနဲ့ ဆက်ဖတ်တယ်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ...

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ...

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ...

မဒန်းရယ် ...

လူဆိုတာ မျောက်ကဆင်းသက်လာတာတဲ့။ အရှုးတွေပြောတဲ့ စကားပါ။ မယုံပါနဲ့နော်။

ကမ္ဘာကြီးလုံးတာလည်း ရူးတဲ့လူတွေ ပြောနေကြတာပါ။

အမှန်က ကမ္ဘာကြီးက ဘိန်းမုန့်လို အပြားကြီးပါ ... မဒန်း။

အဲဒီကမ္ဘာအပြားကြီးပေါ်မှာ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ခဲ့တယ်။ အနော်ရထာမင်းကြီး ပုဂံမြို့ကို တည်ခဲ့တယ်။ ရှင်စောပု ဘုရင်မကြီးဖြစ်ခဲ့တယ်။ ဂျွန်ဦးစော ကြိုးပေးအသတ်ခံရတယ်။ မန္တလေးတောင်မှာ ရသေ့ကြီး ဦးခန္တီတန်ဆောင်းကြီးတွေ ဆောက်ခဲ့တယ်။ ပြီး ... မဒန်းနဲ့ကိုယ်လည်း အတူရှိနေတယ်။

အခုတစ်လော ကိုယ် အိပ်မက်တွေ မကောင်းဘူး မဒန်း။ မြေမျိုတယ်လို့ အိပ်မက်တယ်။ မိုးကြိုး ငယ်ထိပ်ပေါ်ကို ပစ်ချတယ်လို့ အိပ်မက်တယ်။ တစ်ယောက်တည်း မသေချင်ဘူး။ သေခြင်းသေရင် မဒန်းနဲ့ ရင်ချင်းအပ်ပြီး အတူသေချင်တယ်။

မဒန်းသေရဲရင် ခေါင်းကို ကြိုးလုပ်ထားလိုက်မယ်။

ကိုယ် ... မဒန်းကို ချစ်တယ်။

မဒန်းကိုမရရင် မဒန်းအမေ ဒေါ်ကုလားမကို ခိုးပြေးမှာပဲ။ မင်္ဂလာဆောင်ကျရင် တစ်ရွာလုံးကို မုန့်လက်ဆောင်းတိုက်ပြီး လက်ဖွဲ့ငွေ ယူကြမယ်နော်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စာမြန်မြန်ပြန်ပါ။

ပုံ ... ကပ္ပိယ (မူလပထမ) ကျော်စံကေး။

"တောက် ... သေခြင်းဆိုး ... အနာကျကောင် ... ငါတို့သား အမိကို စော်စော်ကားကား မဟုတ်ကဟုတ်က ကျက်သရေမရှိတာတွေ ပြော ရေးတယ်။ သိကြရောပေါ့ ... ငေးရယ်။ နင်သိမယ်ဟေ့"

သိပ်မကြာပါဘူးဗျာ။

တောင်ကျောင်းဘုန်းကြီးကျောင်းထဲကို ရာအိမ်မှူးငမုတ်နဲ့ ဆယ် အိမ်ခေါင်း အသူရကာယ်တို့ ဝင်လာတယ်။

"ကပ္ပိယငေး ရှိလားဟေ့"

"ရှိတယ်ဗျို့ ... ကိုမုတ် ... တစ်ခါတည်း ဝင်စားလေ"

"မစားတော့ဘူး။ ဟေ့ ... ချက်ကြီးနဲ့ ဒုတ်ကြီးရောကွာ"

"ဟိုး ... အရှေ့ကွင်းကို ပြန်သွားတယ်ဗျ။ တစ်လကြာမှ ပြ ရောက်မယ်။ ဘာကိစ္စရှိလို့တုံး ... ကိုမုတ်"

"ကပ္ပိယငေးကို သူကြီးကခေါ်လို့ဟေ့။ လာ ... လာ ... တစ်ခါတည်း လိုက်ခဲ့"

"ဘာကိစ္စမို့လို့တုံး ... ကိုမုတ်ရ"

"ဟိုကျရင် ပြောမှာပေါ့ကွာ ... လာ ... လာ ..."

ဒါနဲ့ သူကြီးဦးကျောက်ဖား အိမ်ထဲရောက်ရော ဦးစွာမြင်လိုက်ရတာ က သူပိုးနေတဲ့ မုဆိုးမ မဒန်းနဲ့ သူ့အမေ ဒေါ်ကုလားမပဲ။ အံကြိတ် ပြီး မျက်စောင်းထိုးလို့ဗျ။

"သူလား ... မိဒန်း"

"ဟုတ်တယ် ... သူကြီး။ ဒီအနာကျကောင်ပဲ"

"ငါလုပ်လိုက်ရရင်ဟယ် ... ဟင်း ... ဟင်း ... ဒေါသ အလိပ်လိုက် တက်လာပြီနော်"

မဒန်းနဲ့ သူ့အမေ ဒေါ်ကုလားမက ကပ္ပိယငေးကိုမြင် မျက်လုံးရဲရဲကို အစွမ်းကုန်ပြူးပြီး ထကြွမ်းမလို လုပ်ပါရော။

စိတ်ကူးသစ်စာပေ



"နေကြစမ်းပါ ... ငါရှင်းပေးပါ့မယ်။ ဟေ့ကောင် ... ကျော်စံ ကေး"

"ဗျာ ... ဗျာ ... သ ... သကြီး ..."

"မင်း မနက်တုန်းက မိဒန်းကို ရည်းစားစာ ဒုတ်ကြီးတို့နဲ့ ပေး ခိုင်းတယ်ဆို"

"ဗျာ ... အဲ ... အဲ ... ဟို ... ဟို ..."

"ပေးခိုင်းလား၊ မပေးခိုင်းဘူးလား မြန်မြန်ပြောစမ်း"

"ပေး ... ပေး ... ခိုင်းပါတယ် ... ခ ... ခဗျ"

"ဘာလို့ ရည်းစားစာ ပေးခိုင်းရတာလဲ"

"အဲ ... အဲ ... ဟို ... ဟို ... ပြောရမှာ ရှက် ... ရှက်ပါ တယ် ... သူကြီး"

"ပြော ... မရှက်နဲ့။ အမှန်အတိုင်း ရဲရဲပြော။ ယောက်ျားပဲကွာ ချစ်ရင်ချစ်တယ်၊ ကြိုက်ရင်ကြိုက်တယ် ရဲရဲပေါ့။ ပွင့်ပွင့်လင်းလင်းသိရရင် ရှေ့ဆက်လုပ်စရာရှိတာ လုပ်ရမှာပေါ့။ ဟုတ်ဘူးလား"

"ဟုတ်ကဲ့ခင်ဗျ"

"စာပေးခိုင်းလား"

"ဟုတ်ကဲ့"

ရုပ်က ရွှင်လို့ သိလား။

"ဘာလို့ ပေးခိုင်းတာလဲ"

"မဒန်းကို ... ချစ် ... ချစ်လို့"

"ဗွီ ... အိမ်မရှိ၊ ယာမရှိ ကောင်ကများတော်"

"ငါလုပ်ချင်နေပြီအေ"

မဒန်းအမေ ဒေါ်ကုလားမက သစ်တိုသားခုံဖိနပ်ကြီးကို ညာလက် နဲ့ကိုင်ပြီး ပြေးခုတ်မလို ရွယ်ရော၊ သူကြီးနဲ့ ရာအိမ်မှူးများက မနည်း တားထားရတယ်။

"ကျော်စံကေး ..."

"ဗျာ ... ဗျာ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်း ရေးလိုက်တဲ့ ရည်းစားစာအကြောင်း မင်းသိတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ ... သိ ... သိပါတယ် ... ခံ ... ခံဗျ"

"ကိုယ်တိုင်ရေးတာလား"

"အဲ ... အဲ ..."

ဘယ်လိုပြောရမှန်း မသိဘူး။ အများရှေ့မှာ သူများရေးခိုင်းတာပါလို့ ပြောရင်လည်း ကိုယ်ညံ့ရာကျမယ်။ ဒါကြောင့် ရဲရဲတင်းတင်းပဲပြောလိုက်တယ်။

"မင်းကိုယ်တိုင်ရေးသလားလို့ မေးနေတယ်လေ"

"ဟုတ်ကဲ့ ... ကိုယ်တိုင်ရေးတာပါ ... ခံ ... ဗျ"

"ရင်ထဲက စကားတွေပေါ့"

"ဟုတ်ကဲ့"

"ခံစားချက် အစစ်အမှန်ပေါ့"

"အဟီး ... ဟုတ်ကဲ့ခင်ဗျ"

"ငါဖတ်ပြရမလား ... ကျော်စံကေး"

"ရှက် ... ရှက်စရာ သူကြီးရယ်။ သူ ... သူ ... သူဖတ်ပြီးရင် ... တော် ... တော်ပြီပေါ့ဗျာ"

"မင်းရေးတဲ့ ရည်းစားစာကို မင်းရော၊ အများရော ကြားသိအောင် ငါဖတ်ပြမယ်။ နားထောင် ..."

"အဟမ်း ... အဟမ်း ..."

"ဒန်း ... အချစ်ကလေး"

"ဟာ ... မိုက်လှချည်လားကွာ ဟေ"

"ပြီးတော့ အောက်မှာ ဘာရေးထားသလဲဆိုတော့ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿတဲ့။ သုံးကြိမ်ရေးထားတယ်"

"ဗျာ ..."

"ဟေ ..."

"ဟ ... ဆန်းလှချည်လားဗျ ... ဆက်ဖတ်ပါ သူကြီး"

စိတ်ကူးသစ်စာပေ



"အားလုံး နားထောင်ပါ။ မဒန်းရယ် ... လူဆိုတာ မျောက်က ဆင်းသက်လာတာတဲ့။ အရူးတွေပြောတဲ့စကား မယုံပါနဲ့နော်"

"ဒါတော့ ဟုတ်တာပဲဗျ။ လူကို လူကပဲ မွေးမှာပေါ့"

ဝတိုးကြီးက ထထောက်ခံတယ်။ ကေးကတော့ ရင်တမမနဲ့ဖြစ်နေပြီ။ ဟိုနေ့တုန်းက ဒုတ်ကြီးတို့ သူ့အတွက်ရေးပေးတဲ့ ရည်းစားစာ စာသွားစာသားမှာ ဒီလို နမောတဿတို့၊ မျောက်တို့၊ ဆင်တို့ မပါဘူးလေ။ ခု ဘယ်လိုဖြစ်သွားတာတုံး။

"ဆက်ဖတ်မယ်နော် ..."

"မဒန်းရယ် ... ကမ္ဘာကြီးလုံးတာလည်း ရူးတဲ့လူတွေ ပြောနေတာပါ။ အမှန်က ကမ္ဘာကြီးဟာ ဘိန်းမုန့်လို အပြားကြီးပါ ... မဒန်း"

"ဒဿနတော့ ပါတယ် ... သူကြီးရ"

"ဒီကောင် အရေးအသား မဆိုးဘူးဗျ"

"တောင်ကျောင်းဘုန်းကြီး တပည့်အရင်းကိုးကွ။ ဆိုးမလား"

"ကောင်းလွန်းလို့ဗျာ ရှေ့ဆက်ဖတ်စမ်းပါဦး ... သူကြီးရ"

"ဒီကမ္ဘာအပြားကြီးပေါ်မှာ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ခဲ့တယ်"

"မှန်လိုက်လေဗျာ"

"အနော်ရထာမင်းကြီး ပုဂံမြို့ကို တည်ခဲ့တယ်"

"ဟုတ်တာပဲလေဗျာ"

"ဟုတ်ပေမင့် ရည်းစားစာနဲ့ ဘာဆိုင်လို့တုံးဟ"

"နားထောင်ကွာ ... မသိရင် ဝင်ဝင်မပြောနဲ့။ လာမှာပေါ့"

"ရှင်စောပု ဘုရင်မကြီးဖြစ်ခဲ့တယ်။ ဂျွန်ဦးစော ကြိုးပေးအသတ်ခံရတယ်"

"အေးကွ ... ဒါကတော့ မဒန်းနဲ့ ဘာဆိုင်လို့တုံးဟ"

"နားထောင်လိုက်ပါဦးကွာ ... မင်းတို့ကလည်း ဝေဖန်ဖို့ပဲ"

"မန္တလေးတောင်မှာ ရသေ့ကြီးဦးခန္တီတန်ဆောင်းကြီးတွေ ဆောက်ခဲ့တယ်။ ပြီး ... မဒန်းနဲ့ကိုယ်လည်း ဒီမြေပြားကြီးပေါ်မှာ အတူရှိနေကြတယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သေကွာ"

"ကောင်းလိုက်တဲ့ ဥပမာတွေကွာ။ ဘယ်လိုလုပ်ပြီး ရေးသလဲ မသိဘူးဟာ"

"ဒါကြောင့် တောင်ကျောင်းဘုန်းကြီးတပည့်အရင်းလို့ ပြောတာပေါ့"

"အဓိပ္ပာယ်က တဖြည်းဖြည်း ပေါ်လာတာဗျ"

"စာရေးဆရာလုပ်စားဖို့ ကောင်းကွာ"

"နားထောင်ကြကွာ ...။ အခုတစ်လော ကိုယ် အိပ်မက်တွေ မကောင်းဘူး ... မဒန်း။ မြေမျိုတယ်လို့ အိပ်မက်တယ်။ မိုးကြိုး ပစ် ထိပ်ပေါ်ကို ပစ်ချတယ်လို့ အိပ်မက်တယ်။ တစ်ယောက်တည်း မသေချင်ဘူး။ သေချင်းသေရင် မဒန်းနဲ့ ရင်ချင်းအပ်ပြီး အတူသေချင်တယ်"

"ကြွေရောကွာ"

"သနားစရာပဲနော်"

"မဒန်းသေရဲရင် ခေါင်းကို ကြိုလုပ်ထားလိုက်မယ်လေ"

"ဟော ..."

"မြတ်စွာဘုရား"

"ကိုယ် ... မဒန်းကို ချစ်တယ်။ မဒန်းကိုမရရင် မဒန်းအမေ ဒေါ်ကုလားမကို နိုးပြေးမှာပဲ"

"မြတ်စွာဘုရား ... ကျားသားမိုးကြိုးပါလား"

"တောက် ..."

"မင်္ဂလာဆောင်ကျရင် တစ်ရွာလုံးကို မုန့်လက်ဆောင်းတိုက်ပြီး လက်ဖွဲ့ငွေ ယူကြမယ်နော်။ စာမြန်မြန်ပြန်ပါ။ ပုံ ... ကပ္ပိယ (မူလပထမ) ကျော်စံကေး ... တဲ့"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟီး ... ဟီး ... ဟီး ... ဟီး ..."

"အဟတ် ... အဟတ် ... အဟတ် ... ကောင်းလိုက်တဲ့ ရည်းစားစာကွာ"

စိတ်ကူးသစ်စာပေ



"ကူးရေးပြီး ရှာနီးချုပ်စပ်ပါ ဖြန့်ရင်ကောင်းမယ် သူကြီး"

ကြားကြသမျှ လူတွေရယ်လို့မဆုံးဘူး။ ကပ္ပိယကိုကေး ချွေးပြန်ပြီး နှာဝကနေ နှာရည်တွေ ကျနေတယ်။ ချွေးနဲ့မျက်ရည် ရောနေတယ်။

"သူကြီး ..."

"ဘာတုံး ... မဒန်း"

"သူ့ကို ထောင်ကျအောင် လုပ်ပေးပါ"

ဒီမှာ မဒန်းအမေ ဒေါ်ကုလားမက ခါးထောက်ပြီး ခေါင်းခါခါ လက်ခါခါနဲ့ အော်ပြောပြန်ရော ...

"ထောင်ကျရုံနဲ့ ကျွပ် မကျေနပ်ဘူး။ ကြိုးပေးသတ်မှ ကျွပ်ကျေနပ်မယ်"

"တော်ကြပါဗျာ ... ဟော့ကောင် ... ကပ္ပိယငကေး"

"ဗျာ ... ဗျာ ..."

"ဒါ မင်းရေးတာ ဟုတ်တယ်နော်"

"မ ... မဟုတ်ဘူး"

"ဒါနဲ့ စောစောတုန်းက မင်းရေးတာလို့ မင်းပြောမဟုတ်လား"

"ဟုတ်တယ်"

တိုတိုပြောရရင် နောက်ဆုံးမဟုတ်ဘူး၊ ဟုတ်တယ် နှစ်လုံးတည်းနဲ့ ရှင်းမရဘဲ ကပ္ပိယကျော်စံကေး ထိတ်တုံး (၃)ရက် အခတ်ခံရတယ်။

ထိတ်တုံးသုံးရက်က လွတ်လို့ ဆွမ်းခံနောက်လိုက်တော့ အတင့်က ရဲချင်တယ်။ ဆွမ်းလောင်းတုန်း ရိသဲ့သဲ့လုပ်လို့ မိဒန်းက ခွေးအောင်နက်ကြီးနဲ့ တွေ့ပေး တော့ပေးရော။

အောင်နက်ကြီးက ...

ကျော်စံကေးရဲ့တင်ပါးကို လျှာနဲ့လျက်တယ်။

ပြီး ရှေ့ကနေ ဟိုဒင်းကို နှာခေါင်းနဲ့ အနံ့ခံပြီး ပုဆိုးကို ကိုက်ချွတ်ရော ကပ္ပိယကြီး ကိုကျော်စံကေးဗျာ ... ကျွတ်လုလုပုဆိုးကို ဆွဲရင်း ပြေးပါလေရော။

အောင်နက်ကြီးကလည်း မလွှတ်ဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးက ကျွတ်စပြုပြီ။ တင်ပါးပါ ပေါ်နေပြီ။

တော်ပါသေးရဲ့။ ကျုပ်တို့ ကိုသာစည်တို့ အမြန်ရောက်လာပြီး ခွေးကို မောင်းထုတ်ပေလို့။ နို့မို့ ကပ္ပိယငကေး လုံချည်ကွင်းလုံးကျွတ်ပြီး ဟိုဒင်းတန်းလန်း။

အဲလေ . . . . ရွာထဲလျှောက်ရဲ့ ဆွမ်းခံရဲတော့မှာ မဟုတ်ဘူးဗျို့။

ရွာထဲမှာ စားပြရေး၊ သူခိုးရေး အရေးကြီးနေချိန်မှာမှ ကပ္ပိယ ငကေးတို့ရဲ့ အချစ်ရေး ပိုးရေး ပြေးရေးက တစ်မှောင့်ပါဗျာ။

"တို့ဘုရသေ့ကြီး . . . ဆွမ်းခံကြွလာပဟေ့"

"မတော၊ မဂျမ်း . . . ဘုရသေ့ကြီး ဆွမ်းခံကြွပဟဲ့"

"အေးပါအေ . . . အငယ်ကောင်သိန်းဝင်း နို့ဆွဲနေလို့ပါဟဲ့။ ဟဲ့ အနာကျကောင်လေးရဲ့ နေ့ရောညရော စို့နေတဲ့ကြားကကို လက်ကအငြိမ် မနေဘူး။ ကိုင်းဟာ . . ."

"မြန်း . . ."

"အမရေဂျ . . . အီး . . . အီး . . . အီး . . ."

"ဟဲ့ . . . မတောရဲ့ ဘာလို့ ငါ့မြေးကို တအားရိုက်ရတာတုံးဟဲ့"

"အမေ့မြေးက လက်ရော၊ ပါးစပ်ရော အငြိမ်မနေဘူး။ သေနာလေး . . . သူ့အဖေ ကိုတောင်တန်းနဲ့ တစ်ထေရာတည်း"

"ချိုကြီး . . . ချို့မယ် . . . ဟီး . . . ဟီး . . ."

"ချိုကြီး . . . ပေးပါ . . . ဟီး . . ."

"ချိုကြီးတော့ မရဘူး။ လက်ဝါးပဲ နင်တို့သားအဖ ရမယ်။ ထွီ"

"ဟဲ့ . . . မိတော၊ အိမ်ရှေ့မှာ"

"လာပါပြီအေ . . . လာပါပြီဟဲ့"

ဘုရသေ့ကြီးရဲ့ သပိတ်ထဲ သူ့ထက်ငါ ဆွမ်းရော၊ ဟင်းရော လောင်းလှူကြတယ်။ ဆွမ်းလောင်းပြီးနောက် မြေပြင်မှာပဲ ရှိုရှိုသေသေ ထိုင်ကန်တော့ကြတယ်။

"ဒကာ၊ ဒကာမတို့ . . ."

"ဘုရား . . ."





"သမ္မုဒ္ဒေဂါထာရော နေ့နေ့ညည ရွတ်ကြရဲ့လား"

"မှန်ပါ . . . ရွတ်ကြောင်းပါဘုရား"

"ကလေးတွေရော နှုတ်တိုက်ချပေးရဲ့လား"

"မှန်ပါ . . . သင်ပေးပါတယ် ဘုရား"

"တပည့်တော်မ သားလေး . . . မောင်စိုးသော် အလွတ်ရနေပါပြီဘုရား"

"တပည့်တော်မသား ဖိုးဝေလွင်ကတော့ ရှေ့ဆုံးအစနဲ့ နောက်ဆုံးအပိုဒ်ကိုမရဘဲ အလယ်ပိုဒ်ပဲ ရနေပါတယ်ဘုရား"

"မရတဲ့အပိုဒ်ကို မှန့်ပေးပြီး ရအောင်သင်ပေးကွယ့်"

"မှန်ပါဘုရား"

"အိမ်း . . . အိမ်း . . . သာဓု . . . သာဓု . . . သာဓု . . . နေ့နေ့ညည အချိန်ရသမျှ ရွတ်သာပေး။ အန္တရာယ်အမျိုးမျိုးက ရှောင်ရှားကင်းဝေးလိမ့်မယ် ကြားလား"

"မှန်ပါဘုရား"

ဒီမှာ ဘုရသေ့ကြီးကို ပယောဂဆရာကြီးဆရာခိုက လက်အုပ်ချီပြီး မေးလျှောက်တယ်။

"ဘုရသေ့ဘုရား"

"ဘာတုံး . . . ဒကာကြီး"

"ဟိုတစ်နေ့ညတုန်းက ရွာကို စားပြတွေ ဝင်တိုက်မလို့လုပ်တုန်း ရွာကခွေးအုပ်တွေရယ်၊ ရှင်ရသေ့ကြီးနေတဲ့ ဘီလူးခေါင်းပြတ်သချိုင်းကုန်းဘက် ထူးဆန်းတဲ့ ခွေးနက်အုပ်ကြီးတွေရယ် ဝင်ဆွဲကြ၊ ကိုက်ကြလို့ စားပြတွေ တပည့်တော်တို့ ရွာထဲကိုဝင်လို့မရဘဲ အသက်လုပြေးကြရတယ်ဘုရား။ အဲဒါ . . . ဟိုလေ . . . ဟို . . . သမ္မုဒ္ဒေဂါထာ . . ."

ဘုရသေ့က ဘာမှပြန်မပြောဘူး။ ရှေ့ဆက်ပြီး ထော့နင်းထော့နင်းနဲ့ ဆွမ်းခံကြွသွားတယ်။ ဆရာခိုလည်း မေးရင်းတန်းလန်း လက်အုပ်ချီလို့ ငေးကျန်ရစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



လိုက်မေးလို့ကလည်း မသင့်တော့သည့်အတိုင်း ငြိမ်နေပြီး စဉ်းစားလိုက်တယ်။

ဘရသေ့ကြီးကလည်း ဒါလေးမေးတာများ ဘာလို့ ပြန်မဖြေရတာလဲလို့။ ဒီလို အတွေးလေးဆုံးရော ရှေ့ကသွားနေတဲ့ ဘရသေ့ကြီးက မြွန်းခနဲရပ်လို့ နောက်ပြန်လှည့်ကြည့်ရင်းက ...

"ဟို ဒကာကြီး ..."

"ဖ ... ဖ ... ရား ..."

"ဆက်ရွတ် ..."

"မှန်ပါ့ ... ဘု ... ဘုရား ... အလိုလေးဗျာ ..."

✿ ✿ ✿

| ၉ |

ကယသိဒ္ဓိရှေ့ကျိုင်းစွင် ဦးတာနော

❑

ဖြစ်ရပ်ဆန်းကြယ်တွေက တစ်ခုပြီးတစ်ခု ဖြစ်နေသလိုပဲ။

နောက်တစ်ပတ်အကြာ မနက်ပိုင်းမှာ ...

ကျုပ်တို့ မုတ္တမကွေ့ ရွာအဝင်လမ်းများရဲ့ နံဘေးမှာ အထိကရ ညောင်ပင်ကြီးတစ်ပင် ရှိတယ်။

ညောင်ပျဉ်းမုတ်ဆိတ်များကျနေတဲ့ ညောင်မုတ်ဆိတ်ပင်အမျိုးအစား ညောင်ပင်ကြီး။ ညောင်ပျဉ်းမုတ်ဆိတ်တွေဟာ ဟိုးအပင်ပေါ်ကနေ မြေပြင်အမြစ် ကြီးများပေါ်ကို တန်းကျနေပုံက ကြိုးတွေအများကြီးကို တန်းချထားသလို ဖြောင့်နေတာပဲ။

အချို့ ညောင်တန်းကြိုးတွေရဲ့ အလုံးက လက်မောင်းလုံး၊ ပေါင်လုံးလောက်အထိရှိတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညောင်မုတ်ဆိတ်ကြိုးတန်းကို ခိုဆွဲပြီး ညောင်ပင်ပေါ်ကို တက် သွားလို့ရတယ်။ ညောင်မုတ်ဆိတ်ကြိုးတွေ ရင့်သန်ကြီးထွားပြီး တန်းကျ… ပုံဟာ အလွန်ကို ကြည့်လို့ကောင်းတယ်။

အဲဒီညောင်ပင်ကြီးမှာ နတ်စင်တစ်ခုရှိတယ်။

ရက္ခစိုးကြီးစင်လို့ ခေါ်တယ်။

တစ်နှစ် တစ်ကြိမ် ဒီအထိကရရက္ခစိုး ညောင်ပင်အောက်မှာ ထ… ကနားထိုးပြီး အနီးဝန်းကျင်ရွာများက နတ်ကန္တားပေးကြတယ်။

ဒီနှစ် သူ့ရွာပြီးရင် နောက်နှစ် ကိုယ့်ရွာ။ ပြီး ဟိုဘက်ကရွာ… အလှည့်ကျ ကန္တားပေးကြတာ။ ဘာလို့လဲဆိုတော့ ရွာတွေရဲ့အနီးဝန်းကျင် မှာ ရှားရှားပါးပါး လူကြီး (၆)ယောက်၊ (၇)ယောက် လက်ချင်းဆက်… ကြီးမားတဲ့ ညောင်ပင်ကြီးဆိုလို့ ဒီတစ်ပင်ပဲရှိတာကိုး။

ပြောနေကြတာပဲ။

ရက္ခစိုးကြီးတစ်ဦး ရှိသတဲ့။

ရက္ခစိုးကြီးရဲ့အမည်က ဖိုးရေချမ်းတဲ့။

ကျုပ်တို့ ကြားရ သိရသလောက် မိဘဘိုးဘွားများ ပြောချက် အရ ဟိုးလွန်ခဲ့သည့် ဟံသာဝတီမွန်မင်းများ အောက်မြန်မာနိုင်ငံကို အုပ် ချုပ်နေချိန်တုန်းက …

ဟောဒီရွာကို မွန်ရွာသူကြီးတစ်ဦး အုပ်ချုပ်ခဲ့သတဲ့။

သည်တုန်းက ဖိုးရေချမ်းအိုးက မွန်ရွာသူကြီး အုတ်လှထော… အစ်ကိုတဲ့။ ထောရေချမ်းလို့ ရွာကခေါ်ဆိုပဲ။ ထောရေချမ်းက မွန်မြန်မာ စစ်ပွဲမှာ ဒဏ်ရာရလို့ ညာမျက်လုံးတစ်ဖက် မရှိတော့ဘူး။

အသက်ကြီးလာတော့ ဘုရားတရားမွေ့နဲ့ပဲ နေတယ်။

မွန်ရွာလေးကို မနက်တိုင်း တံမြက်လှည်းတယ်။

ရွာအဝင်လမ်းကနေ ရွာလမ်းအဆုံး ဘုန်းကြီးကျောင်းဝိုင်းပါမကျန် တံမြက်လှည်းတယ်။ အမှိုက်တွေကို စုပုံမီးရှို့တယ်။ အဲဒီကတည်းက ဒီ ညောင်ပင်ရှိနေတာ။ ညောင်ပင်အောက်က အမှိုက်မှန်သမျှ ဖိုးထောရေချမ်း ကပဲ နေ့စဉ် လှည်းကျင်း မီးရှို့ လုပ်တယ်။





ရေချမ်းအိုး သုံးအိုးထားပေးတယ်။

နေ့စဉ် ဘိုးဘွားများ သောက်ရအောင် ရေဖြည့်ပေးတယ်တဲ့။ ပြီး ဘုန်းကြီးကျောင်းမှာ ရှိသမျှရေအိုးစင် အိုးအကုန် ရေဖြည့်ပေးသတဲ့။

သက်ကြီးရွယ်အို အဘိုးအဘွားများအတွက်လည်း နေ့စဉ် ရေ …လှူပေးသတဲ့။ ဒါကြောင့် မွန်ရွာတစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကပါ ဦးထောရေချမ်းကို လေးစားကြည်ညိုကြတယ်။

သူ့ညီ မွန်ရွာသူကြီး အုတ်လှထောမရှိတဲ့အချိန်မှာ ရွာက အမှု အခင်းများကို ဖိုးထောရေချမ်းက စီရင်ဆုံးဖြတ်ပေးရင် အားလုံး ကျေကျေ နပ်နပ် ရှိကြလို့ …

ရွာလူကြီးအုတ်လှထောကို သူကြီးကြီး။

သူ့အစ်ကို ဖိုးထောရေချမ်းကို သူကြီးလေးလို့ ချစ်စနိုး ခေါ်ကြ သတဲ့လေ။

တစ်နေ့တော့လည်း လူသူတော်ကောင်းကြီး ဖိုးထောရေချမ်းဟာ ညောင်ပင်အောက် ရေချမ်းအိုးများကို ရေဖြည့်ရင်းက ရုတ်တရက်မူးလဲကျ ပြီး အဲဒီညောင်ပင်အောက်မှာပဲ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရှာတယ်။

အဲဒီအချိန်ကစပြီး …

လူအများရဲ့ မျက်စိအာရုံအမြင်မှာ …

ဖိုးထောရေချမ်း ညောင်ပင်စောင့်နတ် ဖြစ်နေတယ်။ ရက္ခစိုးကြီး ဖြစ်နေတယ်လို့ ပြောလာကုန်ကြရောတဲ့။

မနက်စောစော ရွာကနေထွက်သူများ အဲဒီညောင်ပင်အောက်မှာ ဦးထောရေချမ်း တံမြက်စီးလှည်းကျင်းနေတာ …

ရေအိုးကို ရေဖြည့်နေတာ မြင်ရတယ်လို့ ပြောလာကြတယ်။

ဘိုးထောရေချမ်းက ဝတ်ဖြူစင်ကြယ်အင်္ကျီ ပုဆိုးဝတ်လို့တဲ့။ လူ …သံ၊ လှည်းသံ မြင်သာထင်သာရှိရင် ချက်ချင်း ကိုယ်ယောင်ကို ဖျောက် …ပစ်တယ်လို့ ပြောတဲ့စကားဟာ ရွာတိုင်းရဲ့ ပါးစပ်များမှာ သီးနေတယ်။

"သူတော်ကောင်းကြီးဆိုတော့ သေတော့ ရက္ခစိုးနတ်ကြီး ဖြစ် နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပ်အကျိုး ရွာအကျိုးလုပ်သူများ ကွယ်လွန်ရင် ရုက္ခစိုးနတ်ကြီးများ ဖြစ်ဆို"

"ဟုတ်တယ် ...။ ရုက္ခစိုးနတ်မင်းများဟာ သက်တမ်းအလွန်ရှည်သတဲ့ဟဲ့။ နောင်ပွင့်မည့်ဘုရားကိုတောင် ဖူးမြော်သွားရဆိုပဲ"

"တန်ခိုးလည်း ကြီးသတဲ့တော်"

"လူယောင်ဖန်ဆင်းပြီး ရဟန်းသံဃာထေရ်ကြီး ဝါကြီးများရှေ့မှာ တရားနာလို့ရသတဲ့"

"တို့ ဘထောရေချမ်းလည်း ရုက္ခစိုးဖြစ်နေမှာ ကေန်ပဲ"

"သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ ပြည့်စုံတဲ့ သူတော်ကောင်းကြီးကိုး"

"ဒါဆို မေးပါရစေတော် ... တာဝတိံသာမှာ နတ်သားဖြစ်ရတာနဲ့ လူ့ပြည်မှာ ရုက္ခစိုးဖြစ်ရတာ ဘယ်ဟာက ပိုကောင်းတုံးတော်"

"ရုက္ခစိုးကြီးများက နောင်ပွင့်မည့် ဘုရားရှင်ကိုတောင် ဖူးမြော်ခွင့်ရအောင် အသက်ရှည်တယ်ဆိုမှတော့ နတ်အသက်ထက်ရှည်တဲ့ ပုဂ္ဂိုလ်ဖြစ်နေဦးစွာ။ ရုက္ခစိုးဖြစ်ရတာ မကောင်းဘူးလား"

"အင်း ... ရုက္ခစိုးနေတဲ့ သစ်ပင် မလဲမသေမချင်းတော့ ရုက္ခစိုးလည်း ဘုံဗိမာန်အပိုင်စား ရနေတာပဲဗျ။ သို့သော် သူ့အပင်မရှိရင်၊ သေသွားရင်၊ ခုတ်ပစ်လိုက်ရင် ဘယ်သွားနေမတုံး"

"တစ်နေရာရာတော့ ရှိမှာပေါ့ဗျာ"

"စဉ်းစားစရာပေါ့ဗျာ"

"သူတော်ကောင်း နတ်ရုက္ခစိုးကြီးများအတွက် နေစရာ ဘုံဗိမာန်က ရှားမယ် မထင်ပါဘူးလေ"

အဲဒီလိုနဲ့ ရွာနီးချုပ်စပ်က မွန်မြန်မာတိုင်းရင်းသားများ၊ ကရင်လူမျိုးများက ကွယ်လွန်သူ သူတော်ကောင်းကြီး ဖိုးထောရေချမ်း ရုက္ခစိုးဘဝနဲ့ ညောင်ထောက်ပင်ကြီးမှာ နေထိုင်နေတယ်လို့ အကြွင်းမဲ့ ယုံကြည်လိုက်ကြတယ်။

နတ်ကွန်းစင်တစ်ခုကို သပ်သပ်ရပ်ရပ်၊ အမိုးအကာနဲ့ လှလှပပ





လေး လုပ်ပေးကြတယ်။ ပန်း၊ ရေချမ်း၊ သစ်သီးစားဖွယ်တို့ကို လူ့ဘဝတုန်းကလိုပဲ ကျွေးမွေးလှူဒါန်းကြတယ်။

ရေလမ်း ကုန်းလမ်း ခရီးသွားရင် ...

ရုက္ခစိုးကြီး ဘထောရေချမ်းကို တိုင်တည်ပသလှူဒါန်းပြီးမှ ခရီးသွားကြတယ်။ ရုက္ခစိုးကြီးပွဲဆိုပြီး သီးသန့်ကန်တော့ပွဲကိုလည်း နတ်ကန္နားအပြီးမှာ တစ်ရက်လုပ်လေ့ရှိတယ်။

မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံ၊ နံ့သာမျိုးစုံနဲ့ လာရောက်လှူဒါန်းကုသိုလ်ပြု အမျှပေးဝေကြတာ ...

အဲဒီလို ပြုလုပ်လှူဒါန်း ပူဇော်ပြီးလို့ ညဘက် သန်းခေါင်ကျော်ရင် အဲဒီ ညောင်ပင်ဝန်းကျင်ကနေ အလွန်သာယာနာပျော်ဖွယ်ကောင်းတဲ့ ပလွေသံကို အနီးဝန်းကျင်က သိသိသာသာ ကြားကြရတယ်။

မယုံလို့ ညဘက် သွားရောက်ကြည့်ကြရင်လည်း လူကိုတော့ မမြင်ရဘူး။ သို့သော် အဲဒီညောင်ပင်ကြီးပေါ်ကနေ မှုတ်နေတဲ့ ပလွေသံကို လူအတော်များများ ကြားရတယ်။

ညောင်ပင်ကြီးကလည်း အကိုင်းအခက် ဝေဝေဆာဆာ အရွက်ပိန်းစိပ်နေတော့ လူတက်ပြီး မှုတ်ရင်တောင် ညဘက် မမြင်ရဘူး။

သို့သော် ...

အားလုံး ယုံကြည်ကြတယ်။ ဒါ ရုက္ခစိုးကြီး ဦးထောရေချမ်းရဲ့ ပလွေသံ။ ဘာကြောင့်လဲဆိုတော့ ဦးထောရေချမ်း လူ့ဘဝမှာ ရှိစဉ်တုန်းကလည်း နေ့လယ်နေ့ခင်းကျရင် အဲဒီညောင်အောက်က အမြစ်ဖုကြီးပေါ် ထိုင်ပြီး ...

ဝါးပလွေလေးနဲ့ ရှေးဟောင်းမွန်သီချင်းများကို သာယာနာပျော်ဖွယ် မှုတ်ဆိုနေလေ့ရှိလို့ပါပဲ။

ဦးထောရေချမ်းလို ရှေးမွန်သီချင်းများကို နားထောင်ချင်စဖွယ်၊ လွမ်းချင်စဖွယ်ကောင်းအောင် ပလွေမှုတ်နိုင်သူလည်း ဒီရွာဝန်းကျင်မှာ ရှိပမရှိဘူးလေ။

ခက်တာက လူဆိုးလူသွမ်း အချို့ပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသား အတော်များများက ကျွဲပ်တို့ကာလသားကြီးအရွယ် ရောက်နေဆဲဘဝမှာကို ညောင်ပျဉ်းမှတ်ဆိတ်များကျနေတဲ့ ရှေးညောင်ပင်ကြီးပေါ်မှာ အဘိုးရုက္ခစိုး ဦးထောရေချမ်းကို ရည်မှန်းပြီး ပန်း၊ ရေချမ်း၊ ဆီမီး စားဖွယ်သောဇဉ်များ လှူဒါန်းပေးနေဆဲပါ။

ရှေးအစဉ်အလာအတိုင်း ဘိုးဘွားမိဘများ မှာခဲ့ပြောခဲ့ ဆုံးမသည့်အတိုင်း ရိုရိုသေသေ လှူဒါန်းနေဆဲပါ။

တစ်နေ့လည်းကျရော ...

မသက်ာစရာ လူယောက်ျားကြီး (၁၀) ယောက်ရယ်ဗျာ၊ မုတ္တမကွေ့၊ ရွာဆုံရပ်ဆုံအဝင်ဝက အထိကရညောင်ပင်ကြီးရဲ့ နတ်ကွန်းစင်အောက်မှာ ကန်တော့ပွဲကြီးပေး၊ ဆီမီးအမွှေးနံ့သာများ ထွန်းညှိလို့ ထူးထူးခြားခြား ပူဇော်ပသမှု ပြုနေပါရောလား။

ညောင်ပင်ကြီးရဲ့ ပင်စည်မှာလည်း ရှိင်ဖယ်သေနတ်၊ စတင်းဂန်းသေနတ်၊ ခြောက်လုံးပြူး၊ ဓားရှည်၊ လှံရှည် ထောင်ပြီး တိုင်တည်ပြောဆိုနေကြတာ ...

အကြီးအမှူး ခေါင်းဆောင်လုပ်သူက ကန်တော့ပွဲကြီးကို ကိုင်မြှောက်ပြီး ပြောဆိုနေတာ ...

ဒါ ... ဟိုးရှေးတုန်းကတည်းက အပြုအမူတစ်ခုပဲဗျ။

ရွာတစ်ရွာကို ဓားပြတိုက်မယ်၊ အနုကြမ်းစီးတော့မယ်ဆိုရင် သူတို့က ရွာတော်ရှင်တို့၊ ကွင်းပိုင်တို့၊ ရွာစောင့်ရုက္ခစိုးတို့ထံမှာ ဟင်းစား ထမင်းစား တောင်းကြတာတဲ့။ ခွင့်ပန်တာတဲ့လေ။

ဒါက ဟိုးတုန်းက နာမည်ကျော် ဓားပြဘိုးအေကြီးတွေလုပ်တဲ့ အလုပ်ပဲ။

ခုလည်း ခေါင်းဆောင်လုပ်သူက ကန်တော့ပွဲကြီးနဲ့ ပင့်မြှောက်တိုင်တည်တယ်။

"ဤရပ်၊ ဤရွာကို ပိုင်စိုးစောင့်ရှောက်နေသည့် ရွာတော်ရှင် အဘိုးတို့၊ မယ်မယ်ကြီးတို့ခင်ဗျာ ...( ..... ) ညမှာ သားတော်ကြီးတို့ ဟင်းစား၊ ထမင်းစားအလို့ငှာ ( ...... ) ရွာကို ဝင်ရောက်အလှူခံမှာ





ဖြစ်ပါတယ်။ အဘိုးတို့ မယ်မယ်ကြီးတို့ခင်ဗျာ ... ဒါကြောင့် ( .... ) ညမှာ ရွာထဲကို ဝင်ခွင့်ပြုပါ။ စားဖို့သောက်ဖို့မျှပဲ လုပ်ကိုင်ပါ့မယ်။ အနှောင့်အယှက်များမရှိအောင်၊ အတားအဆီးများမရှိရအောင် ဖယ်ရှားစောင့်ရှောက်ပေးပါရန် ကန်တော့ပွဲ၊ အုန်းငှက်ပျောပွဲများဖြင့် စားဖွယ်ခဲဖွယ် သောဇဉ်များဖြင့် တောင်းပန် အသနားခံပါတယ်။ အဘိုးတို့၊ မယ်မယ်ကြီးတို့ခင်ဗျား။

အကြီးအမှူးလုပ်သူက ကန်တော့ပွဲကို သုံးကြိမ်သုံးခါမြှောက်ပင့်ပြီး ညောင်မြစ်ကြီးပေါ်မှာ ကန်တော့ပွဲကိုတင်လို့ လက်နက်များကို သပြေရွက်များနှင့် အမွှေးနံ့သာရည် ပက်ဖျန်းရင်းက ပြောလိုက်သေးတယ်။

"အဘိုးတို့၊ မယ်မယ်ကြီးတို့က ရွာထဲကို ဟင်းစား၊ ထမင်းစား ဝင်ရောက်ခွင့်ပြုမည်ဆိုပါက ထောင်ထားသည့် သေနတ်၊ ဓား ,လှံ လက်နက်များ ထောင်ထားသည့်အတိုင်း နဂိုနေမြဲအတိုင်း ရှိနေပါစေ။ ရွာထဲကို ဝင်ခွင့်မပြုဘူး၊ မကြိုက်မနှစ်သက်ဘူးဆိုပါက ထောင်ထားသည့် သေနတ် ဓား၊ လှံ လက်နက်များကို သိသာထင်ရှားစွာ မြေပြင်ပေါ်သို့ လှဲချပြပါ အဘိုးတို့၊ မယ်မယ်ကြီးတို့ခင်ဗျာ"

အားလုံးသော လူ (၁၀)ယောက်တို့ဟာ လက်အုပ်ကိုယ်စီချီပြီး ညောင်ပင်ကြီးမှာ ကပ်ထောင်ရပ်ထောင်ထားသည့် သေနတ်၊ ဓား၊ လှံ လက်နက်များကို မမှိတ်မသုန် စိုက်ကြည့်နေကြတယ်။ ခေါင်းဆောင်ကြီးကာယသိဒ္ဓိရွှေကျိုင်းက မျက်တောင်မခတ်စတမ်းကို ကြည့်နေတာ။ အသက်တောင်ရှူရမှာ မေ့နေတယ်။

အခြားရွာတွေက အရေးမကြီးဘူး။

ဒီရွာက အရေးကြီးတယ်လေ။

ပြောရရင်တော့ ဒီလို ရွာကိုတိုက်လို့ ရွှေကျိုင်းတို့ မချမ်းသာမှန်းသိပါတယ်။ ဒါပေမင့် ဒီရွာက တိုက်ရခက်ခဲတယ်ဆိုလို့ ရွာတော်ရှင်ကို တိုင်တည်ပြီး လုပ်ရတာပါ။

အဲဒီအချိန်မှာပဲ ရှိင်ဖယ်သေနတ်နဲ့ ဓားသုံးလက် ထောင်ထားရာကနေ မြေပြင်ပေါ်ကို လဲကျသွားပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားတော့ ဓားပြခေါင်းဆောင် ရွှေကျိုင်း မျက်လုံးပြူးသွားတာပဲ။

အဲဒါ အဓိပ္ပာယ်ရှိနေတာကိုး။

အဲဒီလို သေနတ်လက်နက်များ ထောင်ထားရာဘဝကနေ လဲကျသွားတဲ့အဓိပ္ပာယ်က ခု သူတို့တိုက်မည့်ရွာကို ရွာစောင့်ပုဂ္ဂိုလ်များ အဝင်မခံဘူးဆိုတဲ့ အဓိပ္ပာယ်။ လက်မခံဘူး မလုပ်နဲ့လို့တားတဲ့ အဓိပ္ပာယ်။

တစ်နည်း ...

သင်တို့ ဝင်မတိုက်နဲ့။ အန္တရာယ်ရှိတယ်လို့ ပြတဲ့ အဓိပ္ပာယ်။

ရွာတော်ရှင်ကလည်း ခွင့်မပြုဘူး။

ကွင်းပိုင်လည်း ခွင့်မပြုဘူးလို့ ယူဆလို့ရတယ်။ ဒါနဲ့ လဲကျနေတဲ့ သေနတ်နဲ့ ဓားများကို ပြန်ပြီး ညောင်ပင်ရဲ့ပင်စည်မှာ ကပ်လို့ ထောင်လိုက်ကြပြန်တယ်။

"တောင်းပန်ပါတယ် ... အဘိုးနဲ့ မယ်မယ်တို့ခင်ဗျား။ ဟင်းစားမျှပဲ ယူမှာပါ။ တစ်ကြိမ်တည်းပါ။ လူမသတ်ပါဘူး။ သူများသားမျိုး သမီးမျိုးကို မစော်ကားပါဘူး။ တစ်ကြိမ်တစ်ခါပဲ အခွင့်ပြုပါခင်ဗျာ"

"ဝရော ..."

"ဘုတ် ... ဘုတ် ... ဖုတ် ..."

"ဟာ ..."

"ဟင် ..."

"ဟိုက် ..."

"ဒုက္ခပဲဟေ့"

အားလုံး အံ့သြကုန်ကြပြီ။ ကြည့်လေ ... ခုတစ်ခါမှာ ရိုင်ဖယ်သေနတ်ရော၊ စတင်းဂန်းနဲ့ ဓားလှံများပါ ဝရောခနဲ တွန်းချခံလိုက်ရသလိုလည်း ကျကုန်တာ။

ကျည်ဆန်သာထည့်ထားရင် ဖောင်းဒိုင်းနဲ့ ကျည်ထွက်ကုန်မှာလား မသိဘူး။ ကျည်ပါရင် နီးရာလူ သေမှာပဲ။ အရပ်ကလည်း သိကုန်မှာပဲ။ ကာယသိဒ္ဓိရွှေကျိုင်း မျက်နှာပျက်သွားတယ်။

စိတ်ကူးသစ်စာပေ



ဒါနဲ့အတူ မျက်နှာပေါ်မှာ ချွေးသီးတွေစို့လာတယ်။

သုံးကြိမ်မြောက်ပြီး တိုင်တည်တာမှာ အခု နှစ်ကြိမ်လဲကျသွားပြီဆိုတော့ အဓိပ္ပာယ်က ရှင်းနေပြီလေ။

ပြန်တော့ ...

မင်းတို့အားလုံးကို အလိုမရှိဘူး။ လက်မခံဘူးပေါ့။

"ဘယ်လိုလုပ်ကြမတုံး ... ဆရာကျိုင်း"

"တောက် ..."

ရွှေကျိုင်းက ညောင်ပင်မှာရိုက်ထားတဲ့ နတ်ကွန်းစင်လေးကို မီးဝင်းဝင်းတောက် မျက်လုံးအစုံနဲ့ စိုက်ကြည့်ပြီး ရင်ထဲမှာ ဒေါသတွေ အလိပ်လိပ် ပေါက်ကွဲလူးလွန့် အဆိပ်တက်နေတယ်။

ဒီမှာ တပည့်တစ်ယောက်က ဝင်ပြောလိုက်တယ်။

"ဆရာကျိုင်း ... ဒီတစ်ပွဲ နောက်ဆုတ်ကြပါစို့ဗျာ"

"မဆုတ်ဘူး ... လုံးဝကို နောက်မဆုတ်ဘူး"

"မဆုတ်လို့ သင့်မှာလား ... ဆရာကျိုင်းရယ်။ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များက ရွာအဝင်မခံဘူးလို့ အတိတ်နိမိတ်ပြနေတယ် မဟုတ်လား ဆရာကျိုင်း"

"သယ် ... သင်းတို့ကများ ငါ့ကို ခွင့်မပြုတာပေါ့ ဟုတ်လား။ ကိုင်းကွာ ... ကိုင်းကွာ ..."

"ဝုန်း ..."

"ဖြောင်း ..."

"ဝှမ်း ..."

"ဝရုန်း ..."

"ဟာ ..."

"ဟ ... ဟ ... ဟ ... ဟ ... ဆရာကျိုင်း ... ဆရာကျိုင်း မလုပ်နဲ့လေ။ မလုပ်ကောင်းဘူး။ အဲဒီလို မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

"ငါ့ကိုစမ်းဦး။ ရွှေကျိုင်းကွ ... ဘာကောင်မှ ဂရုမစိုက်ဘူး။ ကိုင်းကွာ ... ကိုင်းကွာ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

"ဖြောင်း ..."

"ဂွမ်း ..."

နတ်စင်အကုန်လုံးကို ရိုက်ချိုးပစ်တယ်။ ဓားရှည်နဲ့ ခုတ်ပစ်တယ်၊ သစ်သားနတ်စင်လေး။ မိနစ်ပိုင်းအတွင်း တစ်စစီ အပိုင်းပိုင်းပြတ်သွားတယ်။

"ကဲကွာ ... သွားတော့"

"ဖောင်း ..."

"ခွမ်း ... ဂွမ်း ... ဂလုံး ... ဂလုံး ..."

"ဟာ ..."

"ဒုက္ခပဲဟေ့"

"ပြဿနာပဲဗျာ"

ဓားပြခေါင်းဆောင် ကာယသိဒ္ဓိရွှေကျိုင်းက ဒေါသတွေပေါက်ကွဲပြီး သူ့ရှေ့ညောင်ပင်ကြီးပေါ်ရှိတဲ့ ကန်တော့ပွဲ အုန်းပွဲများကို လက်ထဲက ငှက်ကြီးတောင်ဓားရှည်နဲ့ အားကုန်ပိုင်းချပစ် ခုတ်ပစ်လိုက်တယ်။

အုန်းသီးရော၊ ငှက်ပျောသီးရော ထက်ခြမ်းကွဲပြီး ဇလုံပါ လွင့်စင်သွားတယ်။ အဲဒီဇလုံကို ခြေနဲ့ကန်ပစ်လိုက်တော့ ဇလုံက ဟိုးအဝေးကို လွင့်စင်သွားတယ်။

အဲဒီနောက် မြေပြင်မှာ ပြန့်ကျဲနေတဲ့ ကန်တော့ပွဲ ဖီးကြမ်းငှက်ပျောသီးများကို ဓားရှည်နဲ့ တောက်တောက်စင်းပစ်လိုက်ရင်းက ...

"ကျုပ်နာမည် ရွှေကျိုင်းပဲ။ ဘာကောင်မှ ဂရုမစိုက်ဘူး။ ဘယ်သူ ခွင့်ပြုပြု မပြုပြု ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ရွှေကျိုင်းကို သွေးတိုးမစမ်းကြနဲ့။ သွေးတိုးစမ်းရင်၊ ပညာလာပြရင် ဟောဒီလို ... ဟောဒီလို ... ကိုင်းဟာ ... ကိုင်းဟာ ..."

"ဒုတ် ... ဒုတ် ... ဒုတ် ..."

"ပရွမ်း ... ပရွမ်း ... ဒုတ် ... ဒုတ် ..."

နတ်စင်လည်း ဓားချက်နဲ့ကုန်ရော ကန်တော့ပွဲလည်း တစ်စစီ တောက်တောက်စင်းလို့ ဝရော ...

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com



အထိကရညောင်ပင်ကြီးကို ဓားနဲ့ ခုတ်ထစ်နေတာ ...

ညောင်ခေါက်တွေ မြေပြင်မှာ ဓားစာမိပြီး ဖွာလန်စင်ကုန်တယ်။

ကျန်တပည့် (၉)ယောက်လည်း မျက်လုံးမျက်ဆံ ပြူးကျယ်ကုန်ပြီး ကြောက်လန့်နေကြပြီ။ ဝင်လည်း မပြောရဲဘူး။ မဆွဲရဲဘူး။

ဝင်ပြောဝင်တားရင် ရွှေကျိုင်းရဲ့လက်ထဲက ငှက်ကြီးတောင်ဓားရှည်က ကိုယ့်ဇက်ပေါ် ဝဲကျလာနိုင်တယ်ကိုး။

ဒီတော့ ဝင်မပြောဘဲ ကြောက်ကြောက်နဲ့ပဲ ရပ်ကြည့်နေရတယ်။ သူတို့ကြောက်ရတာ နှစ်ယောက်ဖြစ်နေပြီလေ။

တစ်ယောက်က ဒေါသသိပ်ကြီးတဲ့ လူကန့်လန့် လူ့ခွစာကြီး ကာယသိဒ္ဓိရွှေကျိုင်း ...

နောက်တစ်ယောက်က ရွာနီးချုပ်စပ်အားလုံး ကိုးကွယ်ယုံကြည်လေးစားတဲ့ ရက္ခစိုးကြီး ထောရေချမ်းပဲ။

သူတို့ဆရာ ရွှေကျိုင်းက သူတို့အလိုကို နတ်ဘက်က မလိုက်လျောကောင်းလားဆိုပြီး ပွဲကြမ်းနေတာ။

ဆရာကြီး ကာယသိဒ္ဓိအရာမှာ စွမ်းတယ်ဆိုတာ သူတို့သိတယ်။ ဓားကျိုးလုံ့ခွေပဲ။ ရှင်ဘုရင်သိန်းမောင် အတိုင်းပဲ။ ရှင်ဘုရင်သိန်းမောင်လည်း ဓားကျိုးလုံ့ခွေပဲ။

နောင်တော့ ရှင်ဘုရင်သိန်းမောင်လည်း သူ့လက်အောက်ငယ်သား နှစ်ယောက်က ညာခေါ်ပြီး လူအုပ်နဲ့ဖိ ကြိုးနဲ့တုပ်၊ ပြီး ဂုန်နီအိတ်ထဲမှာ အစိတ်ဝင်အိုးလောက်ရှိတဲ့ ကျောက်တုံးနဲ့ ပူးတွဲထည့်သွင်း လည်ပင်းမှာ စွပ်ပြီး ... ဟိုး ... မီးပြအရှေ့က ပင်လယ်ရေပြင်ထဲ လှေနဲ့ ခေါ်သယ်သွားကြတယ်။

သည့်နောက် ပင်လယ်ရေအောက်ထဲကို ခဲအိတ်နဲ့အတူ ကန်ချပစ်ချ နှစ်မြှုပ်ပစ်လိုက်တယ်။ အဲဒီအချိန်ကစပြီး ...

ဟံသာဝတီအရှေ့ခြမ်းမှာ ...

လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့ နာမည်ကြီး ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီး ကျည်ကွင်း ရှင်ဘုရင်သိန်းမောင် မိုက်ဇာတ်သိမ်းသွားခဲ့ရတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်သိန်းမောင် ကောင်းစားစဉ် နာမည်ကြီးစဉ်က သူတို့ဆရာကြီး ကာယသိဒ္ဓိရွှေကျိုင်းကလည်း စွမ်းမှစွမ်းပဲ။

ကာယသိဒ္ဓိရွှေကျိုင်းစွမ်းတာက လက်ဖွဲ့ပဲ။

ရွှေကျိုင်းရဲ့ ဆရာနာမည်က ဦးတာနောတဲ့။ 'စောင့်ရှောက်တယ်' လို့ မြန်မာလို အဓိပ္ပာယ်ရှိတယ်။

ဦးတာနောက ပယောဂဆရာကြီး။ အချို့ကပြောတော့ ယောဂီကျားကဝေအကြီးစားတဲ့။

ထားတော့ … ဦးတာနောနေတာ ကျောက်ဂူတစ်ခုထဲမှာ။ သို့သော် အများမြင်ရတာက သချိုင်းကုန်းမှာ။

အစိမ်းသေ အသုဘချရင် ဦးတာနော ရောက်လာရော။ အဲဒါ တစ်ညလုံး အစိမ်းသေမြေပုံပေါ်မှာ တစ်ညလုံး မန္တန်တွေရွတ်ဖတ်နေတာပဲ။

အချို့က ဦးတာနောကို အရူးကြီး စိတ်မနှံ့သူကြီးလို့ မှတ်ယူထားကြတယ်။

ကြည့်လေ … အကျႌ ဘယ်တော့မှမဝတ်ဘူး။

ကျောနဲ့ရင်ဘတ်ပေါ်မှာ အင်းကွက်တွေ မနည်းဘူး။ ဆံပင်တွေလိမ်ကောက်ပြီး၊ အဝတ်အစားက ဖိုးရိုးဖားရား ရှိနေတယ်။

ဒီ ရှည်လျားလှတဲ့ မုတ်ဆိတ်မွေးကို ကျစ်ဆံမြီးကျစ်သလို ကျစ်ထားသေးတယ်။ နှုတ်ခမ်းမွေးကလည်း ပါးစပ်ထဲကုပ်ဝင်ပြီး ကွမ်းတံတွေးနဲ့ အမြဲညစ်ပတ်နေတာ။

အချိန်ပြည့် ကွမ်းပဲစားနေလို့ သွားတွေ ကွမ်းချေးတက်ပြီး မည်းညစ်တိုပွဲနေတာ။ မျက်လုံးကပြူးပြူး၊ နှာခေါင်းကပွပွ၊ လူက မျောက်ဝံလိုလက်ပြင်ကုန်းကုန်း။

တစ်ခါတစ်ခါ အစိမ်းသေ မြေပုံပေါ် တစ်ညလုံး အိပ်ချင်အိပ်နေတာ။ သူ့ကို ဘယ်သူမှ စကားမပြောရဲဘူး။ မထိလေးစားလည်း မလုပ်ရဲဘူး။

---

စိတ်ကူးသစ်စာပေ



ဦးတာနော စိုက်ကြည့်လိုက်ရင် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထပြီး အိပ်ရာထဲ လန့်အော်ရရော။

ဟုတ်ဟုတ် မဟုတ်ဟုတ် …

အဲဒီလို ထိတ်လန့်ချောက်ချား၊ အိပ်မပျော်စားမဝင် ဖြစ်နေရင် ဦးတာနောကို အမဲသားတစ်အိုးချက်နဲ့ သွားတောင်းပန်လိုက်။

အဲဒီကျရင် ဦးတာနောက ခေါင်းတညိတ်ညိတ်လုပ်ပြီး ရယ်နေတယ်။ ရယ်လို့ဝရင် ပြောတယ်။

"ငါ့ အကြောင်းသိပလား"

"သိပလား … ဟား … ဟား … ဟား … ဟား …"

"သိပလားဟေ့ … ဟား … ဟား … ဟား … ဟီး … ဟီး … ဟီး …"

"ဟုတ်ကဲ့ … သိပါပြီ … ဆ … ရာ … ကြီး …"

လို့ပြောမှ အရယ်ရပ်တယ်။

"သွားတော့ …"

"ကျွန်တော့် … ရောဂါ … အခြေ … အနေ …"

"သွားတော့ … ပျောက်ပြီ"

အဲဒါ နှင်လွှတ်ရော၊ ဘာဆေးမှမတိုက်ဘူး။ အဲ … သူကတော့ ရတဲ့ အမဲသားတစ်အိုးချက်ကို သချိုင်းထဲယူသွား၊ ပြီး အုတ်ဂူ ဒါမှမဟုတ် လတ်လတ်ဆတ်ဆတ် မြေပုံပေါ်မှာ တင်ပျဉ်ခွေပြီး အိုးလုံးပြောင်အောင် စားပစ်မယ်။

စားလို့ကုန်ရင် အဲဒီမြေပုံပေါ် ဂူပေါ် တစ်ရေးအိပ်ပြီးမှ သူနေတဲ့ ဂူလိုလို၊ ကြွက်သိုက်လိုလို တွေ့ကရာ သစ်သား၊ သံပြားစုတ်၊ ကျောက်တုံး၊ သစ်တုံးများနဲ့ လုပ်ထားတဲ့ ဂူလိုလို ဘာလိုလိုနေရာကို ပြန်မယ်။

ရွှေကျိုင်းဆိုတာ …

ရွာထဲက လူပေလူတေတစ်ယောက်ပါ။ နို့ဗုက်လောင်းကစားလုပ်နေတဲ့ ကလေကဝကောင်ပါ။

ရွှေကျိုင်း ကံထချင်တော့ ကြည့်။

---

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကြက်နိုးတာမိလို့ လှူလိုက်တော့ ခြေဦးတည့်ရာပြေးရင်း ဦးတာနော့ရဲ့ ဂူကြွက်သိုက်ရှိရာကို ရောက်သွားတယ်။

ဒီအချိန်မှာ ဦးတာနော့ဖျားပြီး ခိုက်ခိုက်တုန်ချမ်းလို့ ဂုန်နီအိတ် စုတ် မွေ့ရာပေါ်မှာ လူးလွန့်နေချိန် ...

"အား ... အား ... အင်း ... အင်း ..."

"အင်း ... ဟင်း ... ဟင်း ... အင်း ... ဟင်း ... ဟင်း"

"ဦးတာနော့ ..."

"အင်း ... ဟင် ... ဟင် ... အင်း ... ဟင်း ... ဟင်း"

"ဘာဖြစ်လို့တုံး"

"အား ... အင်း ... ဟင်း ... ဟင်း ..."

"ဆေး မသောက်ဘူးလား"

"ဆေးကုန် ... ကုန် ... နေတယ်။ အင်း ... ဟင်း ... ဟင် အား ... ဟင်း ... ဟင်း ..."

"ချမ်းလားဟင်"

"ချမ်း ... ချမ်း ... တယ်။ ဂဝ် ... ဂဝ် ... ဂဝ် ... ချမ်း ချမ်း ..."

"ရော့ဗျာ ..., ဒါ ... လေး ... ငုံပြီး မျိုချလိုက်"

သူခိုးရွှေကျိုင်းက ခါးကြားက ချက်အရက်ပုလင်းကို ဦးတာနော့ ထံ ကမ်းပေးလိုက်တယ်။ ဦးတာနော့ ခါးပူပူအရက်ကို သုံးလေးကျိုက် ကျိုက်မျိုချလိုက်တယ်။ မကြာဘူး သွေးနွေးပြီး အိပ်ပျော်သွားတယ်။

ဦးတာနော့ သုံးရက်တိတိ သတိလစ်မေ့မျောနေတယ်။

ရွှေကျိုင်းက ရေပတ်တိုက်၊ အဖျားကျဆေးများ ရှာကြံပြီး နွံသား ဖြူနဲ့ သွေးလိမ်းပေးတယ်။ လေးရက်မြောက်နေ့မှာ ဦးတာနော့ ပြန်သတိရ လာတယ်။ ရွှေကျိုင်း ဝမ်းသာသွားခဲ့တယ်။

အဲဒီအချိန်ကစပြီး ဦးတာနော့နဲ့ သူခိုးရွှေကျိုင်း ပေါင်းမိသွား တယ်။ လူယုံသဘော မှတ်လိုက်တယ်။ နောင်အခါ ဦးတာနော့ရဲ့ လက်က သုံးတောင်ဝှေး ဖြစ်လာတယ်။

စိတ်ကူးသစ်စာပေ



ဒီလိုနဲ့ သူတို့နှစ်ဦး ပေါင်းသင်းပြီး နေထိုင်လာတာ တစ်နေ့ လည်းကျရော ဦးတာနော့ ရွှေကျိုင်းကို ခေါ်ပြောတယ်။

"ရွှေကျိုင်း ..."

"ဗျာ ... ဦးတာနော့"

"ငါ ... သွားရတော့မယ်"

"ဦးတာနော့က ဘယ်ကိုသွားမှာမို့လို့တုံး"

မဖြေဘူး။ ဒါနှင့်အတူ မျက်နှာလည်း မကောင်းဘူး။ အသံလည်း တုန်နေတယ်။

"ရွှေကျိုင်း ..."

"ဗျာ ..."

"မင်း လူ့ဘဝမှာ ကောင်းတာလုပ်ချင်လား၊ မကောင်းတာလုပ် ချင်လား"

"ကျုပ် မကောင်းတာချည်း လုပ်ခဲ့တာဆိုတော့ ရှေ့လျှောက်လည်း မကောင်းတာဘဲ လုပ်သွားမှာပဲ ... ဦးတာနော့။ ဘာဖြစ်လို့လဲ"

"မင်း ငရဲမကြောက်ဘူးလား"

"ငရဲကို ခင်ဗျား မြင်ဖူးလို့လား ... ဦးတာနော့"

"ငါ မကြာခင် သွားရတော့မှာပါကွာ"

"နေပါဦး ... ခင်ဗျားက ဘယ်ကိုသွားရမှာတုံးလို့ မေးနေလေ ဗျာ"

"ငါသွားရမည့်နေရာ ငါသိတယ်။ မင်းကိုပြောလို့ မဖြစ်ဘူး"

"ကျုပ် ခင်ဗျားနဲ့အတူ အတူလိုက်လို့ မရဘူးလား ဟင်"

"အခု မလိုက်ခဲ့နဲ့။ နောက်မှ မင်းလိုက်ခဲ့ရလိမ့်မယ်။ ဒီမှာ ရွှေ ကျိုင်း ..."

"ပြောပါ ... ဦးတာနော့။ ဘာလဲပြော"

"မင်းဟာ ငါ့ရဲ့လူရင်းလူယုံပဲ။ သားတပည့်ဆိုလည်း မမှားဘူး။ ငါ မကြာခင် အဝေးဆုံးခရီးကို သွားရတော့မှာ။ ရော့ ... ဟောဒါ ငါ နှစ် ပေါင်းများစွာ ကြိုးစားရယူခဲ့ရတဲ့ လက်ဖွဲ့။ ရော့ ... မင်းယူလိုက်တော့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦးတာနော ... ဒါ ဘာလက်ဖွဲ့တုံးဟင်"

"ဒါကို ကိုးသချိုင်း သံလက်ဖွဲ့လို့ ခေါ်တယ်"

"သူက စွမ်းလား"

"စွမ်းတယ်"

"ဘယ်လိုစွမ်းတုံး ... ဦးတာနော"

"ငါ ဒီလက်ဖွဲ့ကို အနည်းအကျဉ်းပဲ စမ်းရသေးတယ်။ စွမ်းတယ်၊ နောက်ဆုံးအဆင့်တော့ မစမ်းရသေးဘူး"

"ဟုတ်ရဲ့လား"

ဒီမှာ ဦးတာနောက ကိုးသချိုင်းသံလက်ဖွဲ့ကို ညာလက်ကောက်ဝတ်မှာ ချည်နှောင်ထားလိုက်ပြီးနောက် ...

"ရွှေကျိုင်း ..."

"ဗျာ ... ဦးတာနော"

"ဟောဟို ... ကိုင်းခုတ်ဓားကို ယူလိုက်"

"ဘာလုပ်မလို့တုံး ... ဦးတာနော"

"ငါ့လက်ကို ဟောဒီတုံးပေါ်မှာ တင်ပေးထားမယ်။ မင်း ကိုင်းခုတ်ဓားနဲ့ ငါ့လက်ဖျံကို ခုတ်ချလိုက်"

"ဗျာ ... ခင်ဗျားလက်ကို ကျုပ်က ကိုင်းခုတ်ဓားနဲ့ ခုတ်ရမယ်၊ ဟာဗျာ ... မလုပ်ပါနဲ့ ဦးတာနောရာ။ မတော် ခင်ဗျားလက်ပြတ်သွားရင် သွေးလွန်ပြီး ခင်ဗျားသေမှာဗျ။ မလုပ် ... မလုပ်ပါရစေနဲ့ဗျာ"

ရွှေကျိုင်းက ဓားကိုလည်း မကိုင်ဘူး၊ ခေါင်းကိုလည်း ယမ်းရင်း ငြင်းပယ်ပစ်လိုက်တယ်။ တော်ကြာ သွေးလွန်ပြီးသေရင် ကိုယ်က လူသတ်မှုနဲ့ အဖမ်းခံရမှာ။

"ရွှေကျိုင်း ... ရဲရဲသာခုတ်ပါကွာ။ ငါဘာမှမဖြစ်ပါဘူး။ ရော့"

"ဟင့်အင်း ... ကျုပ် မခုတ်ဘူး"

"မင်းမခုတ်ရဲရင် ငါ့ဘာသာငါ ခုတ်ပြမယ်။ ကြည့် ..."

ဦးတာနောဟာ လက်ဖွဲ့ကြိုးချည်နှောင်ထားတဲ့ ဘယ်လက်ကို သစ်တုံးပေါ် တင်လိုက်ပြီး ညာလက်ကိုင်ဓားနဲ့ ခုတ်ချလိုက်တယ်။





"ဒုတ် ..."

"ဟင် ..."

"ဒုတ် ..."

"ဟာ ..."

**"ရော့ ... မင်းခုတ်စမ်း"**

နှစ်ချက်ခုတ်တဲ့ဓားက သားရေတုံးခုတ်လိုက်သလို ပြန်ကန်ခုန်ထွက်သွားတာကို ရွှေကျိုင်း အံ့ဩယ်မြင်လိုက်ရပြီး အလွန့်ကို မယုံနိုင်လောက်အောင် ဖြစ်နေတယ်။

ပြီး သူက ရွှေကျိုင်းရဲ့လက်ထဲကို ကိုင်းခုတ်ဓားကြီး အားရဝမ်းသာ ထိုးထည့်ပေးပြီး ရဲရဲသာခုတ်လို့ တိုက်တွန်းနေတယ်။

ငကျိုင်း ... အလွန်စိတ်ဝင်စားသွားပြီး ...

ဒီကိုးသချိုင်းသံလက်ဖွဲ့ဟာ ဓားပြီးတဲ့လက်ဖွဲ့မှန်း ပထားမသိလိုက်ပြီ၊ ဒါနဲ့ သူ ကိုင်းခုတ်ဓားရှည်ကို ညာလက်နဲ့ဆုပ်ကိုင်ပြီး ဦးတာနောရဲ့ မျက်နှာကို မရဲတရဲလှမ်းကြည့်လို့ လက်ကိုမြှောက်ရွယ်လိုက်တယ်။

မခုတ်ရဲသေးဘူး။

ခုတ်ရင် ဖြစ်မဖြစ် ချင့်ချိန်ရင်း ဦးတာနောရဲ့မျက်နှာကိုပဲ ပြန်အကဲခတ်နေတုန်းမှာပဲ ...

"ခုတ် ..."

"ကိုင်း ..."

"ဒုတ် ..."

"ဟာ ..."

"ဟား ... ဟား .. ဟား ဟား ဟီးဟီးဟီးဟီး အောင်ပြီကွ အောင်ပြီဟေ့ ဟား ဟား ဟား ဟား"

ဦးတာနော လက်ရုံးကိုမြှောက်ပြီး အားရပါးရ အော်ရယ်နေတယ်။ ငကျိုင်းခုတ်လိုက်တဲ့ဓားချက် မပြတ်ဘူး။ ပြန်ခုန်ထွက်သွားတယ်။

လက်ဖျံပေါ်မှာ ဓားရာသေးသေး အစင်းသုံးစင်းပဲ ကျန်ရစ်တယ်။ အားရပါးရ ရယ်လို့ဝမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ငြိမ်း ..."

"ဗျာ"

"လာစမ်း ... ဒီကို"

ကျော်ငြိမ်း ကိုင်းခုတ်ဓားကို အသာချပြီး ဆရာလုပ်သူ ဦးတာနော ရှေ့မှာ ဒူးတုပ်ထိုင်လိုက်တယ်။ ဦးတာနောက သူ့လက်ပေါ်မှာချည်ထားတဲ့ ကိုးသချိုင်း သံလက်ဖွဲ့ကြိုးကိုဖြုတ်ပြီး ကျော်ငြိမ်းရဲ့ ဘယ်လက်မောင်းအရင်းမှာ ချည်ပေးလိုက်တယ်။ သည့်နောက် ကိုင်းခုတ်ဓားရှည် လှမ်းယူလိုက်တယ်။

ရွှေကျော်ငြိမ်း ဦးတာနောရဲ့ လှုပ်ရှားမှုကိုကြည့်ပြီး ရင်ခုန်နေတယ်။ ရင်ခေါင်းထဲမှာ ဒုတ်ဒုတ်ဒိုင်းဒိုင်း မြည်နေတယ်။

ဦးတာနောက ရွှေကျော်ငြိမ်းရဲ့ညာလက်ဖျံကို စောစောက တုံးပေါ်မှာ ပက်လက်တင်လိုက်တယ်။

ရွှေကျော်ငြိမ်းကြောက်ပြီး လက်ကိုနောက်ဆုတ်လိုက်တော့ ဦးတာနောက ခွဲ့ဖိရင်းက ...

"ငါတောင်မှ မပြတ်တာ မင်း ပြတ်မလားကွ"

"မတော်လို့ ..."

"တိတ်စမ်း ... မကြည့်ရဲရင် မျက်စိမှိတ်ထား"

ဦးတာနောက ခပ်ထန်ထန်ပြောလိုက်လို့ ဟယ် ... ဖြစ်ချင်ရာ ဖြစ်တော့လို့ နှလုံးသွင်းပြီး မျက်စိကို မှိတ်ထားတုန်းမှာပဲ ...

"ကိုင်းဟာ ..."

"ဒုတ် ..."

"ကျား ..."

"ဒုတ် ..."

"လာစမ်းဟာ ..."

"ဒုတ် ..."

"အောင်ပြီကွ။ တာနောနဲ့ ရွှေကျော်ငြိမ်းကွ"

ဦးတာနောဟာ သုံးချက်တိတိ ခုတ်လည်းပြီးရော ရွှေကျော်ငြိမ်းရဲ့





လည်ပင်းကို အားရပါးရဖက်ထားလိုက်တာ ရွှေကျော်ငြိမ်း အသက်ရှူကို ကြပ်နေတာပဲ။

တစ်ချက်မှမပြတ်ဘူး။ ဓားပြန်ခုန်ထွက်တယ်။

"ဒါ ... ဓားပြီးတဲ့ ကိုးသချိုင်းသံလက်ဖွဲ့"

"ငါ ဒီလက်ဖွဲ့ကိုရဖို့ သချိုင်းကိုးခု၊ ခေါင်းကိုးခေါင်းက သံကိုးချောင်းကို ရအောင်စုထားရတယ်။ သံကိုးချောင်းကလည်း အစိမ်းသေခေါင်းက သံကိုးချောင်းချည်းပဲ။ အဲဒီသံကို လက်ဖွဲ့ထိုးလို့ရအောင် အချိန်အကြာကြီးယူပြီး အပြားခပ်ရတယ်။ ကိုးသချိုင်းလှည့်ပြီး သန်းခေါင်ကိုးယံမှာ အစီအရင်လုပ်ခဲ့ရတယ်။ နောက်ဆုံးထိုးချိန်မှာ ငါ ငှက်ဖျားရောဂါကြောင့် အိပ်ရာထဲမှာ လဲခဲ့ရတယ်။ ငါလည်း မင်းကောင်းမှုနဲ့ အသက်ရှင်ခဲ့ရတယ်။ ငါ လုပ်တဲ့ အလုပ်တစ်ခု ပြီးမြောက်အောင်မြင်တာကို ငါ ဂုဏ်ယူဝမ်းသာတယ်။ ငါ မနေရတော့ဘူး။ ငါ ခရီးရှည်ကြီးကို သွားရတော့မယ်။ ဒီလက်ဖွဲ့ကို မင်းယူထား။ လိုအပ်သလို သုံး။ မင်းကိုငါ မှာချင်တာက · ငါ ဒီနေ့ညကစပြီး အခေါင်းထဲမှာ အိပ်တော့မယ်။ အိပ်နေချိန်မှာ လုံးဝမနှိုးပါနဲ့။ အစာရော၊ ရေရော နှိုးမကျွေးပါနဲ့။ ကိုးရက်တိတိ ငါ ခေါင်းထဲမှာအိပ်နေမယ်။ ခေါင်းဖုံးကို မပိတ်နဲ့။ အခြားရန်သူများ ဝင်မနှောင့်ယှက်နိုင်အောင် တော့ စောင့်ကြည့်နေ။ (၉)ရက်ပြည့်လို့ (၁၀)ရက်မြောက်တဲ့နေ့ ငါမနိုးရင် အကယ်၍ ငါ့ရဲ့ရုပ်ခန္ဓာ တစ်မျိုးတစ်ဖုံ ပြောင်းသွားခဲ့ရင် မင်း ခေါင်းဖုံးကို ပိတ်ပြီး မီးရှို့သဂြိုဟ်လိုက်ပါ။ ငါ့အတွက် ကောင်းမှုကုသိုလ် ပြုလုပ်ပေးပါ။ အကယ်၍ ငါ လုံးဝ အသက်ပြန်ရှင်ခဲ့ရင် မင်းနဲ့ငါ ဟောဒီမြေပေါ်မှာ နှစ်ယောက်ပေါင်းပြီး တစ်စင်ထောင်ကြတာပေါ့။ ကိုင်း ... ဒီညကစမယ်ဟေ့"

ဒီလိုပြောပြီး ညနေစာစားပြီးနောက် သစ်သားခေါင်းကြီးတစ်လုံးထဲမှာ ဝင်လို့ ပက်လက်အိပ်နေတော့တာပဲ။

ခေါင်းအဖုံးကတော့ ဖွင့်ထားလျက်ပဲ။

တစ်ရေးနိုးထကြည့်ရင် ခေါင်းထဲမှာ ပက်လက်အိပ်နေတာ့လို့ လက်နှစ်ဖက်က ရင်ဘတ်ပေါ်မှာ မှောက်တင်ကပ်လို့။



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူနေမှန်း သိသာပါတယ်။

ရင်ဘတ်က နိမ့်လိုက်မြင့်လိုက် ဖြစ်နေတာကို မြင်ရသည်ကိုး။ အဲဒါ တစ်ရက် နှစ်ရက် သုံးရက် ဒီအတိုင်းပဲ။ သေလည်း မသေဘူး။ နိုးလည်း မနိုးဘူး။ နှိုးရင်ကောင်းမလား စဉ်းစားတယ်။

သို့သော် သူ့ဆရာကြီးက (၉)ရက်တိတိ အိပ်နေမယ်။ မနှိုးနဲ့၊ မျက်နှာသစ်မပေးနဲ့။ အစာနဲ့ရေ မတိုက်၊ မကျွေးနဲ့တဲ့။

အဲဒါ ဘာလုပ်တာတုံး။

ဘာသဘောတုံး ရွှေကျိုင်း နားမလည်ဘူး။

ထုံကူးတယ်ဆိုတာလား။ အချို့ ဝိဇ္ဇာလမ်းလိုက်သူတွေ မီးထုံကူးတယ်လို့ရှိတယ်။ မီးထုံကူးတာကို လူကြီးသူမများ မေးမြန်းကြည့်မိတယ်။

"မင်းက ဘာလုပ်မလို့တုံး ... ရွှေကျိုင်း"

ရွှေကျိုင်းက သိချင်လို့မေးတာကို အဘိုးဦးဖိုင်းက မေးရော။

"ဗဟုသုတအနေနဲ့ သိချင်လို့ပါ ... အဘိုးရဲ့"

"မင်းလည်း အဝိစိကိုသွားမည့် တာနေဒနဲ့ပေါင်းပြီး သူနိုင်သမျှ လိုက်လုပ်မနေနဲ့"

"ဘာဖြစ်လို့တုံး ... အဘဖိုင်းရ"

"ဟ ... တာနေဒဆိုတဲ့ အောက်လမ်းဆရာကွ .. သိလား"

"အောက်လမ်းဆိုတာကရော ဘာတုံး"

"ငါတို့မြန်မာ ဂမ္ဘီရလောကမှာ အထက်လမ်း၊ အလယ်လမ်း၊ အောက်လမ်းလို့ ဂမ္ဘီရလမ်းကြောင်း သုံးခုရှိတယ်။ အထက်လမ်းဆိုတာက သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ အကျင့်မြတ်နဲ့ သာသနာပြုမယ်၊ ဘုရားတည်မယ်၊ ရှေးဟောင်းဘုရားများ ပြုပြင်မယ်။ သစ္စာအဓိဋ္ဌာန် ရေစင်ရေမန်းနဲ့ ရောဂါဝေဒနာကုဖို့ သင့်ရင် ကုပေးမယ်။ တဏှာ၊ ရာဂလည်း မတပ်မက်တော့ဘူး။ နောက်ဆုံး သမထဝိပဿနာလမ်းစဉ် အကျင့်မြတ်နဲ့ ဝိမုတ္တိကောင်းသောလွတ်မြောက်ရာ ငရဲနဲ့ဝေးရာ သမုဒယသံယောဇဉ်တို့ ကင်းပြတ်ချုပ်ငြိမ်းရာ အရပ်ကို ရှေးရှုသွားတဲ့ ပုဂ္ဂိုလ်များကို အထက်လမ်းပုဂ္ဂိုလ်ထူးကြီးများလို့ ခေါ်တယ်။ ရဟန်းကြီး ရှင်အဖွဲ့ဂေါဏ္ဍတို့၊ ဘိုးဘိုးအောင်တို့၊ အဘဦးအောင်မင်းခေါင်တို့၊ ရသေ့ကြီး ဦးခန္တီတို့လို ပုဂ္ဂိုလ်မျိုးပေါ့၊





အလယ်အလတ်ကို (ခုလတ်) လို့ခေါ်တယ်။ သူတို့က သမထလိုင်းမှာ ပိုင်နိုင်ကျွမ်းဝင်တယ်။ စူးစူးနစ်နစ် ပေါက်ရောက်တယ်။ အကျင့်ပြင်းထန် ဖွဲ့ကြိုးလို့ အကြားအာရုံ၊ အမြင်အာရုံတူးများရပြီး သမထဈာန်ကို ရနေသူများပေါ့။ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ ရန်ကုန်မြို့က ရွှေတိဂုံဘုရားပေါ်မှာ ထိုင်နေရင်းက စိတ်ညွှတ်ပြီး ပုဂံဘုရားဖူးသွားလို့ရတယ်။ ပုဂံရောက်နေတဲ့ သူ့အသိများ ဘာလုပ်နေတယ်ကို နတ်မျက်စိကဲ့သို့ တန်းမြင်ပြီး ကေန်အမှန်ပြောနိုင်တယ်။ နောင်တော့ အဲဒီလို သမထဈာန်ရပုဂ္ဂိုလ်ဟာ အကြားအမြင် ပေါက်ရောက်ရရှိနေတဲ့ ဈာန်မှာ ကြည်နူးနှစ်မြို့က်ပြီး ရှေ့တိုးလုပ်ရမည့် ဝိပဿနာအလုပ်ကို တိုးမလုပ်ဘဲ အဲဒီသမထဈာန် အကြားအမြင်နဲ့ ဗေဒင်ဟောသလို လုပ်ကိုင်စားသောက်ပြီး သူ့ကိုယ်သူ အကြားမြင်ဆရာကြီး၊ ဘိုးတော်ကြီးနဲ့ လူ့လောကထဲမှာ ကျင်လည်နေတယ်။ အဲဒီလို လူမျိုးကို (ခုလတ်)လို့ ခေါ်တယ်။ နိဗ္ဗာန်ကို မျက်မှောက်မပြုဘူး။ အခန့်မသင့်လို့ စည်းပေါက်ရင်၊ မှားရင် ငရဲကိုသွားဖို့ ရာခိုင်နှုန်းငါးဆယ် ကျိန်းသေတယ်"

"အောက်လမ်းကရော ... အဘ"

"အောက်လမ်းပညာက ယုတ်ညံ့သိမ်ဖျင်းတဲ့ အကုသိုလ်ဒုစရိုက်မှုလို့ ပြောရင်ရတယ်။ အဲဒီပညာက ဘုရားမပွင့်မီ ကာလကတည်းက အိန္ဒိယမှာ ရှိခဲ့တယ်။ တန္တရဝါဒလို့ခေါ်တယ်။ မန္တရဝါဒလို့လည်း ခေါ်တယ်။ ဗေဒင်၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ အစီအရင်များကို မသန့်မရှင်း ညစ်ညစ်ညမ်းညမ်း စီရင်တယ်။ အဲဒီပညာနဲ့ သူတစ်ပါးရဲ့ အကျိုးစီးပွားလာနေမှုဘဝကို နှောင့်ယှက်ဖျက်ဆီးပစ်တယ်။

လာဘ်လာဘ တစ်ခုခုရရင် လူတစ်ယောက်ကို သေအောင်၊ ရူးအောင်၊ ချည့်နဲ့အောင်၊ စီးပွားပျက်အောင် အကုန်လုပ်ပေးလေ့ရှိတယ်။ သူတို့မှာ ရတနာသုံးပါးမရှိဘူး။ ရှိခဲ့ရင်လည်း အတုအယောင်ပဲ။ နတ်ကိုကိုးကွယ်မယ်၊ ခိုင်းစားမယ်၊ နာနာဘာဝများကို မွေးမြူပြီး ယုတ်ညံ့တဲ့ပညာနဲ့ ခိုင်းစားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် သူတို့ကိုယ်သူတို့ ဘိုးတော်လိုလို၊ ဝိဇ္ဇာလိုလို၊ အထက်ဂိုဏ်းဆရာကြီးများလိုလို ဟိတ်ဟန်ထုတ်မယ်။ အမှန်က အောက်လမ်းကဝေပညာသည်တွေ။ မင်းနဲ့တွဲနေတဲ့ ဦးတာနောက အဲဒီလိုလူစားမျိုး။ သူ ဘုရားရှိခိုးတာ မြင်ဖူးလား ...ငကျိုင်း"

"မမြင်ဖူးပါဘူး အဘ"

"ဘုန်းကြီးရဟန်း ဆွမ်းလောင်းတာ မြင်ဖူးလား"

"မမြင်ဖူးပါဘူး ခင်ဗျ"

"သက်ကြီးဝါကြီး ကန်တော့တာ ရှိသေတာ မြင်ဖူးလား"

"မမြင်ဖူးပါဘူး ခင်ဗျ"

"တာနောနဲ့ တစ်ရွာလုံး သင့်မြတ်တာ မြင်ဖူးလား"

"ဟင့်အင်း ... မမြင်ဖူးဘူး"

"တာနောဆိုတဲ့ အောက်လမ်းကောင်က သင်္ချိုင်းကုန်းမှာနေ။ ဂူကြီးဂူကြား၊ မြေပုံကြီးမြေပုံကြား အိပ်ပြီး ဂူအခေါင်းပေါ်က စားမြိန်စာထုပ်ကိုစားနေတဲ့ အညံ့စားကောင်ကွ။ ဒီကောင်သေရင် အဝီစိငရဲကို သွားရမှာ။ မင်းလည်း သူနဲ့ပေါင်းပြီးမှားရင်တော့ ငရဲပြည် ပြေးမလွတ်ဘူး။ သိလား"

" ......"

"ထုံကူးတယ်ဆိုတာ ဝိဇ္ဇာတွေ ထွက်ရပ်လမ်း မြန်းခါနီး မီးပုံထဲခုန်ချ ဘဝသစ်ပြောင်းသွားတာကို မီးထုံကူးတယ်လို့ ခေါ်တယ်။ ရေထုံ၊ မြေထုံ၊ မီးထုံ အမျိုးမျိုးရှိတယ်။ တော်ရုံပညာ သမာဓိအဆင့်နဲ့ ထုံကူးပြီး ဝိဇ္ဇာပေါက် ထွက်ရပ်လမ်းကို မြန်းလို့မရဘူး။ တပည့်ကလည်း သစ္စာရှိမှ၊ မကြောက်မှ၊ သတ္တိရှိမှ၊ တပည့်ကောင်းမှ ဆရာက မီးထုံ၊ မြေထုံ၊ ရေထုံကူးပြီး လူတို့နဲ့ဝေးရာ၊ ကာမဂုဏ်တို့နဲ့ဝေးရာ ဘဝသစ်ကို မြန်းရတာ။ ဘာလဲ မင်းတို့ဆရာတပည့်ကရော ထုံကူးချင်သေးလို့လား"

"အာ ... မဟုတ်ပါဘူး ... အဘဇုန်ရာ သိချင်လို့ပါ။ သွားမယ်နော် အဘ"

"ငရဲပြည်ကို သတိရနေနော် ငကျိုင်း"





"ဟုတ် ..."

အင်း ...သူ့ဆရာ ဦးတာနောလည်း ထုံကူးတာပဲလား မသိဘူး။ အဘဇုန်ပြောတာက မြေထုံ၊ ရေထုံ၊ မီးထုံတဲ့။

သူ့ဆရာ ဦးတာနောက အစိမ်းသေအလောင်းထည့်တဲ့ သစ်သားခေါင်းကြီးထဲမှာ အိပ်နေတာ။ ခေါင်းထုံခေါ်ရမလား မသိဘူး။

သူ့ကို ဆေးသုံးလုံးနဲ့လည်း မပေါက်နိုင်ဘူး။

သူ့အသားကိုတောင် မတို့ မထိပါနဲ့တဲ့။

တစ်သက်လုံး ရေမချိုးဘဲနေခဲ့တဲ့ သူ့ဆရာဦးတာနောရဲ့ ခန္ဓာကိုယ်ကအနံ့ကို သူသာ တပည့်ရင်းမို့ ရှူနိုင်တာရယ်။

တော်ရုံလူ ဦးတာနောရဲ့ကိုယ်နံ့ကို မခံနိုင်။

ညှီစို့စို့နှင့် အော်ဂလီဆန်ချင်စရာ အနံ့ဆိုးများ အမြဲနံနေတယ်။ သူ့ကိုယ်ခန္ဓာမှာ ယင်ကောင်တွေ ရှင်တုန်းကလည်း နားနေတာပဲ။

ဒီနေ့ဆို ကိုးရက်မြောက်တဲ့နေ့ပဲ။

သူ ဦးတာနောအိပ်နေတဲ့ခေါင်းကို ငုံ့ကြည့်လိုက်တယ်။ ငြိမ်နေသလိုပဲ။ သေသလား၊ ရှင်နေသလား မသိရဘူး။

သူက (၉)ရက်ကျော်လို့ (၁၀)ရက်မြောက်နေ့ကို စောင့်ကြည့်လို့ပြောထား၊ မှာသွားတာကိုး။ မျက်ကွင်းတွေ ကျသလိုရှိနေတယ်။

ကျမှာပေါ့ အစာရော၊ ရေရော (၉)ရက် မစားမသောက်ဘဲနေတော့ ထတောင် ထနိုင်ပါတော့မလား မသိဘူး။

သူ အိပ်ရာတော် မဝင်မီက ပြောသွားတဲ့စကားကို ရွှေကျိုင်း ပြန်ကြားနေတယ်။

"(၁၀) ရက်မြောက်တဲ့နေ့မှာ ငါ အသက်ပြန်ရှင်လာခဲ့ရင် မင်းနဲ့ငါ နှစ်ယောက်ပေါင်းပြီး ထင်တိုင်းကြဲလို့ရပြီကွ ... ရွှေကျိုင်းရ။ (၁၀)ရက်မြောက်နေ့မှာ ငါ အသက်မရှင်ဘဲ တစ်ခုခု ပြောင်းလဲနေရင် ငါ့ကို ခေါင်းနဲ့အတူ မီးသင်္ဂြိုဟ်လိုက်တဲ့"

ရွှေကျိုင်း မိုးလင်းပါစေလို့ ဆုတောင်းနေတယ်။ သူ့ဆရာက သူ့ကို့ အစီအရင်လက်ဖွဲ့ (ကိုးသင်္ချိုင်းလက်ဖွဲ့) ကို စီရင်ပေးအပ်ခဲ့တာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ခါမှ မသုံးရသေးဘူး။

သူ့ဆရာ ပြန်လည်ရှင်သန်ထမြောက်မှ ဆရာတပည့်နှစ်ဦးပေါင်းပြီး ဘာလုပ်ရမယ်ကို အတိအကျသိရမှာကိုး။

မိုးလင်းတော့မယ်။

အရှေ့မှာ အရုဏ်ကျင်းနေပြီ။ 'ကရဝေးသချိုင်း' ကုန်းပေါ်က ညအိပ်ကျီးတွေတောင် တအာအာ အသံပြုပြီး အိပ်တန်းကခွာလို့ အစာရှာထွက်ကြပြီ။

ဒါနဲ့အတူ ရောင်နီပျို့ပြီ။ နေထွက်စပြုနေပြီ။

နေရောင်ခြည်စများက မြေကြီးနဲ့ သစ်ပင်များကို တို့ထိနမ်းရှုံနေပြီ။ ကျေးငှက်သာရကာတို့ရဲ့ ဝမ်းစာရှာတေးဆိုသံကို သံပြိုင်တမျှကြားနေရပြီ။

ရွှေကျိုင်း ကုန်းထပြီး သူ့ဆရာဦးတာနော့ရဲ့ မြုတ်စဗျင်းတောင်ဂူထဲကို အမြန်ပြေးလာကြည့်လိုက်တယ်။

"အော့ ... ဝေါ့ ..."

"အလို ... နံလိုက်တဲ့အနံ့။ လူသေပုပ်အနံ့။

ဘာကောင်များ လာသေနေလို့လဲ မသိဘူး။ အန်လိုက်ရတာ။ ရွှေကျိုင်း ကာထားတဲ့စောင်စုတ်ကို ဖယ်ပြီး သစ်သားခေါင်းကြီးကို ငုံ့ကြည့်လိုက်ရော ...

"ဟင် ..."

"ဟာ ..."

ဟုတ်မှဟုတ်ရဲ့လား။ နှာခေါင်းနဲ့ပါးစပ်ကို လက်နဲ့ပိတ်ပြီး ငုံ့ကြည့်လိုက်တယ်။ ဟုတ်တယ် ... ခေါင်းထဲမှာ သူ့ဆရာ မရှိတော့ဘူး။ ရှိနေတာက လောက်ထိုးနေတဲ့ အရိုးစု။

အသားမရှိတော့ဘူး။

အရေပြားတွေ ပုပ်ပွပြီး လောက်တွေ တဖွားဖွားနဲ့။

လောက်ကြီးတွေက မျက်လုံးနဲ့ နှာခေါင်း၊ ပါးစပ်ထဲမှာ ဝင်လိုက်ထွက်လိုက် လုပ်နေတယ်။ တော်ရုံလူဆိုး သွေးပျက်လန့်ဖျပ် နေရာကသေသွားနိုင်တယ်။

ရွှေကျိုင်း လုံးဝ မကြောက်ဘူး။

ဒါ ... သူ့ဆရာဦးတာနော့ရဲ့ ရုပ်ကလာပ်ပါ။

ခန္ဓာပြောင်းရုပ်အလောင်းပါ။ ရှင်ရင်ရှင် မရှင်လျှင် သေမှာကိုကြိုပြောသွားဥစ္စာ။

သည့်နောက် ...

ရွှေကျိုင်း လောက်ထိုးပြီး ပုပ်ပွနံ့ဟောင်နေတဲ့ ခေါင်းကို အဖုံးဖုံးလိုက်တယ်။ ပြီး အမိုက်သရိုက် အစုတ်အစများကို ခေါင်းပေါ်မှာ အုပ်ဖုံးရှုပ်လိုက်တယ်။

ရှိနေတဲ့ ရေနံဆီမီးခွက်ကို ဖွင့်ပြီး လက်ကျန်ရေနံဆီများကို ခေါင်းပေါ်ဖျန်းလိုက်ပြီး မီးရှို့ပစ်လိုက်တယ်။

မကြာမီ မီးတောက်မီးလျှံများ တဲက်စွဲလောင်လာပြီး မီးတောက်မီးလျှံများက သစ်သားခေါင်းကို စွဲလောင်ဝါးမျိုစပြုလာတယ်။

ကောင်းကင်ပေါ်ကို မီးလောင်အမှိုက်စများက ကျီးကန်းတွေလိုဝဲပျံတက်သွားကြတယ်။ တစ်နာရီကျော်ခန့်ကြာတော့ မီးတွေငြိမ်းပြီး ပြာပုံဘဝကို ရောက်သွားခဲ့တယ်။

လွန်ခဲ့သည့် (၁၀) ရက်က သူ့ဆရာဦးတာနော သူ့ကို သိဒ္ဓိဝင်လက်ဖွဲ့တစ်ခုပေးပြီး ဓားနဲ့ စမ်းသပ်ခဲ့တယ်။

ခုတ်မရ၊ ပြတ်မရ ... သိဒ္ဓိဝင်လက်ဖွဲ့။

သည်တုန်းက သူ့ဆရာကျေးဖူးရှင်ကို အထင်အရှား အားရဝမ်းသာမျက်နှာသွင်ပြင်နှင့် မြင်ခဲ့ရ ပြောခဲ့ရတယ်။

အခု ... သူ့ဆရာကျေးဖူးရှင် ပြာပုံဘဝကို ရောက်သွားပြီ။

ဒါ အနိစ္စလား၊ သင်္ခါရလား။

သူ အပီအပြင်တော့ နားမလည်။

မနေ့ညတုန်းက လူအသားအရေအတိုင်း ရှိနေတာကို မြင်ရပေမဲ့ ခုမနက်မှာ ပိုးလောက်ထိုးပြီး ပုပ်ပွနေသည့်ဘဝကို ရောက်ရာကနေ ပြာပုံဘဝဖြစ်သွားခဲ့ပြီ။







www.burmeseclassic.com

www.burmeseclassic.com



နေရစ်ခဲ့တော့ ဆရာဦးတာနောရေ။

ဆရာ့ရဲ့ ဘဝပြောင်းဝိညာဉ် ကျွန်တော့်ကို စောင့်ရှောက်လို့ စောင့်ရှောက်ပေးခဲ့ပါဦး ... ဆရာရယ်။

ရွှေကျိုင်း ဝမ်းနည်းကြေကွဲစွာဖြင့် မြေပြင်မှာ ဒူးတုပ်ရင်း သခင်ရဲ့မြေပုံကို ဦးခိုက်ကန်တော့လိုက်တယ်။

သူ့ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးလိမ့်ကျနေတယ်။

သူ့ကို နားလည်ခွင့်လွှတ်ပေးတာ လူတကာရွံ့ကြောက်ခဲ့တဲ့ ဆရာဦးတာနောတစ်ဦးပဲရှိတယ်။

သူ ကန်တော့ရင်းကနေ အံကိုတင်းတင်းကြိတ်ပြီး လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တယ်။

သည့်နောက် မြေကြီးကို ညာလက်သီးနဲ့ အားရပါးရ ထိုးထိုး တယ်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ ငါးချက် ...။

အချက်ပေါင်းများစွာ ...

ပြီး သူ့လက်သီးကို မျက်ရည်စိုစွတ် မျက်လုံးအစုံနဲ့ ငုံ့ကြည့်လိုက် တယ်။

မာကျောတဲ့မြေကြီးကို အချက်ပေါင်းများစွာ စိတ်ရှိလက်ရှိ ထိုး လိုက်တဲ့လက်သီး။

ကြည့်စမ်း ...

ပွန်းရာမရှိ၊ ပဲ့ရာမရှိဘူး။ သွေးစို့တာ မရှိဘူး။

အောင်ပြီကွ ... အောင်ပြီ။

အားလုံး မှတ်ထားကြပေ့ါ။

ငါ့နာမည် ရွှေကျိုင်း။

ကာယသိဒ္ဓိရွှေကျိုင်းကွာ ... ဟား ... ဟား ... ဟား ... ဟား ...''

✿ ✿ ✿

[ ၁၀ ]

## ကာယသိဒ္ဓိရွှေကျိုင်းနဲ့ ရှင်ဘုရင်သိန်းမောင်

❑

အဲဒီအချိန်ကစပြီး ရွှေကျိုင်း သူ့ရွာဝန်းကျင်မှာ လူတွင်ကျယ် ...တ်လုပ်ခဲ့တယ်။ ကာယသိဒ္ဓိလက်ဖွဲ့အားကိုးနဲ့ ယှဉ်ရိုက်ရဲ၊ ခုတ်ရဲတယ်။

ရွှေကျိုင်းစွမ်းမှုန်း၊ ခုတ်မဝင် တိုးမရဖြစ်မှန်း သိတော့ အားလုံး ... ရှိန်သွားကြတယ်။

သည့်နောက် လူဆိုးဓားပြဘဝကို ရောက်သွားတယ်။

ပုလိပ်အဖွဲ့က သူတို့ကို တောနင်းရှာတယ်။ မမိဘူး။ ဘယ်မိမှာ ... ပုလိပ်က ဒီမှတ္တမကွေ့ဝန်းကျင်ကို တစ်ခါတစ်ရံမှ အမှုကိစ္စရှိမှ ရောက် ...ကြတာ။ ရှာလို့ရမှာလား။

ရွှေကျိုင်းတို့က ဇာတိချက်ကြွေ မွေးရပ်မြေ။

နောက်ဆုံး သူကြီးဦးရွှက်လုက ရွှေကျိုင်းကို တောင်းပန်မေတ္တာ ...ခံရတယ်။ ချော့မော့ပြောရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကျိုင်းရာ . . . ငါတို့ရွာမှာလည်း မင်း မနေပါနဲ့ကွာ။ မင်း
သာ ကြိုက်ရာအရပ်မှာ သွားနေပြီး ကြိုက်သလို လုပ်ကိုင်စားသော
နောက်တစ်ချက် ငါတို့ 'ဖားပြုတ်ကုန်း' ရွာကိုလည်း ဒုက္ခမပေးပါနဲ့
မင်းအကြောင်း ငါတို့ကို ပုလိပ်ကလာမေးရင်လည်း မသိဘူး၊ ဒီမှာမနေ
ကြာပြီလို့ ငါပြောပါ့မယ်ကွာ နော်"

"ကျုပ်နေတဲ့နေရာကို သူကြီး လက်ထောက်မချနဲ့နော်"

"မချပါဘူးကွာ . . . စိတ်ချပါ"

"သူကြီးလည်း ကျုပ်အကြောင်းကို သိတယ်"

"ဟုတ်ပါတယ် . . . ငါ့လူရာ။ ဖြစ်နိုင်ရင် ငါတို့ရွာနဲ့ လွ
ကျွတ်ရာမှာ မင်းနေချင်သလို နေပါကွာ။ ဟုတ်လား . . ."

"စောင့်ကြည့်မယ်"

"အေး . . . ကြည့်၊ ကြည့်နော်"

အဲဒါ ဖားပြုတ်ကုန်းရွာသူကြီး ဦးရွှက်လှနဲ့ ကာယသိဒ္ဓိရွှေ
တို့ နှစ်ဦးနှစ်ဖက် နားလည်မှုယူပြီး နေကြလို့ ရွာမှာ ဘာမှမဖြစ်ဘူး

သို့သော် . . .

ရွှေကျိုင်းက သူ့မွေးဇာတိရွာကို ဒုက္ခမပေးပေမင့် . . .

တစ်နေ့လည်းကျရော ရွှေကျိုင်းတို့ရွာကို ဒုက္ခပေးမည့်သူ ရော
လာပါရောဗျာ။ အဲဒီလူက ရှင်ဘုရင်သိန်းမောင်။

သိန်းမောင်ကလည်း တပည့်အင်အားကောင်းတယ်။

သူကလည်း ကာယသိဒ္ဓိပြီးတဲ့လူပဲ။ သူ့ဆရာဘုန်းကြီးလည်း
စမ်းရင်းက သူ့တပည့်သိန်းမောင်ကို ဆုံးမလို့ မနိုင်တော့ဘူး။ သိန်း
က ကာယသိဒ္ဓိရော၊ ပီယသိဒ္ဓိရော စွမ်းကိုသွားတာ။

မိန်းမချော မိန်းမလှမှန်ရင် အကုန်လက်ရသိမ်းပိုက်တာ။

ဟိုတုန်းက ရှင်ဘုရင်များ၊ မြို့ဝန်ကြီးများလို အချောအလှ
ရင် သဲဖြူခင်း၊ ရာဇမတ်ကာပြီး တော်ကောက်တာမျိုး သိန်းမောင်က
လုပ်တယ်။





ဒါကြောင့် သူ့လူရင်းတွေက ရှင်ဘုရင်သိန်းမောင်လို့ အမည်ပေး
ကြရင်း နာမည်တွင်သွားတာ။

[စကားချပ် – ကျွန်ုပ် စာရေးသူသည် ရှင်ဘုရင်သိန်းမောင် နေ
ထိုင်ကြီးပြင်းခဲ့သည့် မရမ်းဘေး ကျေးရွာသို့ ရောက်ရှိသွားခဲ့ပြီး ဦးသိန်း
မောင်၏ ကျောင်းနေဘက် အဘိုးအိုများနှင့် တွေ့ဆုံမေးမြန်း စုံစမ်းလေ့
လာခဲ့ဖူးပါသည်။

ဦးသိန်းမောင် အမှန်တကယ် ဓားပြီး၊ တုတ်ပြီး၊ ကျည်လွဲသည်
ဟု သက်ကြီးများက ဆိုကြ၏။ ဦးသိန်းမောင်ရဲ့ ဆရာဘုန်းကြီးတည်ခဲ့
သည့် စေတီလည်း ယနေ့တိုင် မရမ်းဘေး ကျေးရွာ (မုတ္တမကွေ့) အနီး
မှာ ရှိနေပါသေးသည်]

အဲဒါ ရွှေကျိုင်းတို့ အခြားနေရာကို ပြောင်းသွားရော သိန်းမောင်
တို့အဖွဲ့က ဝင်ပြီး ဓားပြတိုက်ပါရော။

တော်တော်များများ ပါသွားကြတယ်။

ဒါနဲ့ ကာယသိဒ္ဓိရွှေကျိုင်းကို ရွာသူရွာသား သားချင်းအမျိုးများ
က သွားပြောကြတာပေါ့။ သူကြီးကလည်း မကျေနပ်ဘူး။

"ဟေ့ကောင် . . . ရွှေကျိုင်း၊ ဒါ မင်းဉာဏ် အကုန်ပဲလားကွ
ဘင်။ ငါတို့တစ်ရွာလုံးက မင်းအပေါ် ငဲ့ညှာကြတယ်။ မင်းက ခုတော့ မင်း
ကိုယ်တိုင် မင်းရွာကို ဝင်မစီးဘဲ ရှင်ဘုရင်သိန်းမောင်တို့ကို လက်ထောက်
ချပြီး ထက်ဝက်စားလုပ်စားတာပေါ့ . . . ဟုတ်လား . . . ရွှေကျိုင်း"

သူကြီးဦးရွှက်လှက ရွှေကျိုင်းကို မကြောက်ပါဘူး။

တစ်ချိန်တုန်းက သူ့ရွာသားလေ။ သူဆုံးမခဲ့တဲ့ လူဥစ္စာ။

ခုမှ သူ့ဆရာဦးတာနောကောင်းမှုကြောင့် ကာယသိဒ္ဓိအစွမ်းလေး
ရပြီး လူမိုက်ဓားပြဗိုလ်လုပ်နေတဲ့သူဥစ္စာ။

ဒီလိုလည်းမေးရော ရွှေကျိုင်း အံ့သြသွားတယ်။

"ရွာကို ဘယ်သူဝင်စီးတိုက်လို့တုံး . . . သူကြီး"

"မင်း မသိချင်ယောင် မဆောင်နဲ့ ရွှေကျိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မသိလို့ မေးနေတာ၊ ကျုပ်ကို အရမ်းမစွပ်စွဲနဲ့။ ကျုပ်စိတ် ထွက်ရင် ခင်ဗျားပါသေသွားမယ်။ ပြော ...ဘယ်သူ ရွာကို ဝင်တိုက် တုံး"

"ရှင်ဘုရင်သိန်းမောင်တို့ အဖွဲ့ပဲ"

"ဘာ ...သိန်းမောင်တို့အဖွဲ့ ...ဟုတ်လား"

"ဟုတ်တယ် ...ငါးအိမ်တိုက်သွားတယ်"

"တောက် ...သိန်းမောင်ရာ လုပ်ရက်ပါ့ကွာ။ တွေ့ကြရောပေ ကွာ"

အဲဒီစကားတစ်ခွန်းပဲ ပြောပြီး ငှက်ကြီးတောင်ဓားကို စလွယ် သိုင်းလွယ်လိုက်တယ်။ ပြီး ပြောင်းတိုခြောက်လုံးပြူးသေနတ်ကို ခါးကြား ထိုးပြီး မြင်းနက်ကြီးကို စီးလို့ ဒုန်းစိုင်းထွက်သွားပါရော။

နောက်နေ့လည်းကျရော သတင်းစုံ ကြားရတာပဲ။

ကာယသိဒ္ဓိရွှေကျိုင်းနဲ့ ရှင်ဘုရင်သိန်းမောင်တို့ မုတ္တမကျွဲသောင် ပြင်ပေါ်မှာ ဓားချင်းယှဉ်ခုတ် စိန်ခေါ်ကြသတဲ့။

နှစ်ယောက်စလုံးဟာ ဓားရေး၊ လှံရေး၊ သိုင်းရေးကောင်းသူတွေ ကိုး။

ထိမရ ခုတ်မရတွေ့ဥစ္စာ။

နောက်ဆုံး ငှက်ကြီးတောင်ဓားနှစ်ချောင်းသာ လိမ်ခွေကျိုး သွားတယ်။ ချွေးသံရွှဲရွှဲနဲ့ ဖုန်အလိမ်းလိမ်း၊ သဲအလိမ်းလိမ်း ဖြစ်ကုန်ကြ တယ်။ အရှုံးအနိုင်မပေါ်ဘူး။

နှစ်ယောက်စလုံး မောဟိုက်နေကြပြီ။

"သိန်းမောင် ...မင်းမွေးဇာတိ မရမ်းဘေးရွာကို ငါလာတိုက် မယ်"

"မတိုက်နဲ့"

"မတိုက်လို့မရဘူး ...သိန်းမောင်။ ငါ့ရွာ ဖားပြုတ်ကုန်းရွာကို ငါတောင်မတိုက်ဘူး၊ ကင်းလွတ်ခွင့်ပေးထားတာ။ ဒါကို မင်းက အခွင့်





ကောင်းယူပြီး တိုက်တာ။ ငါ့ကိုစော်ကားတာ၊ ငါ့ကို လူမလေး ခွေးမခန့် ဖြစ်အောင် မင်းလုပ်တာ။ ငါ မင်းကိုလည်း သတ်မယ်။ မင်းရွာကိုလည်း ဆီးမယ်"

"ရွှေကျိုင်း ..."

" ......"

"ငါ မှားသွားတယ်။ ငါ တောင်းပန်တယ်"

"တောင်းပန်ရုံနဲ့ မရဘူး ...သိန်းမောင်၊ ငါ့ရွာငါးအိမ်က တိုက် ပါပစ္စည်း တစ်ခုမကျန် အကုန်ပြန်ပေးမှ ငါ ကျေနပ်နိုင်မယ်။ ဒါပဲ"

"စိတ်ချပါကွာ ...မင်းနဲ့ငါ ရန်သူမဖြစ်ချင်ပါဘူး ...ရွှေကျိုင်း နက်ဖြန်ကျရင် သူကြီးအိမ်ကို ငါ မင်းတို့ရွာတိုက်တုန်းက ရခဲ့တဲ့ ရွှေ လက်ဝတ်လက်စား အကုန်ပြန်လာပေးခိုင်းပါ့မယ်။ ငါ့ကိုခွင့်လွှတ်ပါ သွားမယ်"

"ငါ စိတ်ချနေရမှာလား ...သိန်းမောင်"

"ငါ ကတိပေးပြီးရင် မဖျက်ပါဘူး ...ရွှေကျိုင်း၊ စိတ်ချ"

ရှင်ဘုရင်သိန်းမောင်က မြင်းညိုကြီးစီးပြီး မရမ်းဘေးရှိရာအရပ် ဒုန်းစိုင်းနှင်လိုက်တယ်။ ရွှေကျိုင်းကလည်း မြင်းနက်ကြီးစီးပြီး မွေးရပ် ဖားပြုတ်ကုန်းရွာရှိရာကို အပြင်းနှင်စိုင်းခဲ့လိုက်တယ်။

တိုတိုပြောရရင် ...

နောက်နေ့ သူကြီးအိမ်ကို အဘိုးကြီးတစ်ယောက် ရောက်လာခဲ့ တယ်။

ငါးအိမ်တိုက်ခဲ့တဲ့ တိုက်ရာပါ ရွှေငွေ၊ လက်ဝတ်လက်စားအား ကို သူကြီးထံ ပေးအပ်တယ်။ ရှင်ဘုရင်သိန်းမောင် ပေးခိုင်းလိုက်လို့ပါ တဲ့။

ပြောရရင် ကာယသိဒ္ဓိရွှေကျိုင်းရော၊ ရှင်ဘုရင်သိန်းမောင်ရော ဒီလို လူထူးဆန်းတွေ။ မကောင်းမှုဒုစရိုက်ကို ကမ်းကုန်အောင် လုပ်စား နေကြပေမင့် သူတို့အချင်းချင်း ကတိသစ္စာရှိသူတွေဗျ။

ဒါကြောင့် ဆိုးပြီဆိုရင် ရွှေကျိုင်းတို့ ကမ်းကုန်အောင်ဆိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွဲ့ပြီဆိုရင် ဘာမှမချန်ဘူး။ ရွဲ့ပစ်တာ။

ကောင်းစရာရှိလည်း ကောင်းပစ်တာမှ ရက်ရက်ရောရောပဲ။

ခုလည်း ကြည့်။ ငှက်ကြီးဟောင်ဘကျမ်းတို့ တိုက်လို့မရတဲ့ရွာ ရအောင်တိုက်မယ်ဆိုပြီး ရွာတော်ရှင်ရုက္ခစိုးကို ပွဲပေးလို့ ဟင်းစားတောင်းတယ်။ မရတော့ ရုက္ခစိုးနတ်ကွန်းကို ဓားနဲ့ စင်းကောပစ်ခဲ့တယ်။

ညောင်ပါးပျဉ်တွေကိုပါ ဓားနဲ့ခုတ်ပစ်ခဲ့တာ မြင်မကောင်းဘူး။

နောက်လိုက်တပည့်တွေက မပြောရဲ၊ မတားရဲဘူး။

သို့သော် ...

ကြက်သီး ဖြန်းဖြန်းထလို့ ခေါင်းနားပန်းကြီးခဲ့ရတယ်။

ဓားပြတွေ မျက်ခုံးလှုပ်နေကြလေရဲ့။

✿ ✿ ✿

[ ၁၁ ]

## ဘဝပျက်သူ့ဖတောင်းစား ကာယသိဒ္ဓိရွှေကျိုင်း

❑

ရွှေကျိုင်းက အခါရာသီ မရွေးတော့ဘူး။

ပြဿဒါး၊ ရက်ရာဇာ မရွေးတော့ဘူး။

စန်းတို့၊ ဂြိုဟ်တို့၊ နဝင်းတို့၊ တိထိတို့ မရွေးတော့ဘူး။

မင်းတို့ထွက် ရက်ရာဇာလို့ သဘောထားလိုက်ပြီး ညဥ့်သန်းခေါင်ယံအနီးမှာ တောင်ယာကုန်းရွာကို တရွေ့ရွေ့ချဉ်းကပ်လို့ လာခဲ့လိုက်တယ်။

ခွေးတစ်ကောင်ဟောင်သံ မကြားရဘူး။

ကင်းတဲပေါ်မှာ ဆေးလိပ်မီးရောင်တော့ မြင်ရတယ်။ ပြက်ခနဲ ခဲနဲ။ မေ့ည်းတို့ပြောတော့ ခွေးအကောင်တစ်ရာကျော်အုပ်ကြီးက အော်ဟစ်ပြီး ဝင်ကိုက်ဆွဲတာတဲ့။

အချို့ခွေးနက်ကြီးတွေ လူ့ခါးစောင်းလောက်ရှိဆိုပဲ။

ခုချိန်ထိ ခွေးဟောင်သံ မကြားရဘူး။ အူသံ မကြားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ ဟန်ရင်ဟန် မဟန်ရင် မီးကွင်းပစ်ရအောင် ဆော်စာမီးကွင်းတွေ အသင့်ပါလာပြီးသား။ တစ်ရွာလုံးကို မီးတိုက်ပစ်မှာ။

ခွေးအုပ်ကိုရိုက်ဖို့ ငါးလိပ်ကျောက်မြီး ကျာပွတ်တွေလည်း ကိုယ်စီကိုယ်ငှ ပါလာကြသေးတယ်။ အကျီ်ထူထူပါ ထပ်ဝတ်လာကြတယ်။

သူတို့ ရွာခြေကို တရွေ့ရွေ့ ချဉ်းကပ်လာကြတုန်းမှာပဲ …

"ဖောက် …"

"အား … အ … အ …"

"ဟ … ဟ … ကျောက်ကြီး … ကျောက်ကြီး … ဘာဖြစ်လို့တုံး"

"ဆ … ဆရာ … ကျိုင်း … ကျုပ် … ကျုပ်ကို … မြွေ … မြွေကိုက် …"

"ဟင် …"

"ဖောက် …"

"အောင်မယ်လေးဗျ …"

"ဟိုကောင် … မိုးကောင်း … ဘာလဲ … ဘာဖြစ်ပြန်ပြီလဲ ဟင်"

"ကျုပ် … ကျုပ်ကိုလည်း … မြွေ … မြွေကိုက် …"

"ဟေ … မြွေကို အမြန်သတ်စမ်းဟေ့"

"ဟိုမှာဗျ … ရိုက် … ရိုက် …"

"ဓားနဲ့ခုတ်ပါဟ"

"ရွှမ်း …"

"ခုတ် … စွပ် …"

"ပြေးပြီဗျာ … တောက်"

"ဘုန်း … ဘာမြွေတုံး"

"မြွေဟောက် … ဆရာကျိုင်း"

"ကျောက်ကြီး … မိုးကောင်း … မိုးကောင်း …"

ဒီအချိန်မှာပဲ ရွာကင်းတဲကနေ လှမ်းအော်လိုက်တဲ့အသံ …





"ဟေ့ … ဟိုကွင်းစပ်က လှုပ်လှုပ်ရွရွ ဘယ်သူတွေလဲကွ ဟေ"

"ဟေ့ … မေးနေတာ မကြားဘူးလား ဟင်"

"ဆ … ဆရာ … သူတို့ … မြင် … မြင်သွားပြီ၊ ကြားသွားပြီဗျ"

ခွေးဟောင်သံ မကြားရပေမင့် လူသံတွေ အများကြီး လှုပ်ရှားနေတာကို မြင်ရ ကြားရတယ်။

ဒါနှင့်အတူ ရွာပြင်ကနေပြီး လေတိုက်သံတွေ တဝေါဝေါနဲ့ စကြားရတာပဲ။ လေက ဘီလူးခေါင်းပြတ်သချိုင်းတောဘက်ကနေ လာနေတဲ့အသံမျိုး။

ပထမ ရိုးရိုးလေတိုက်သံ။

သည့်နောက် လေတိုက်သံက နည်းနည်းကြမ်းလာ၊ ပြင်းလာတယ်။ မိုးရာသီမဟုတ်ဘဲ မိုးပါရွာတော့မလား ထင်မှတ်ရအောင် လေတိုက်သံက ပြင်းထန်စပြုလာနေတာ။

"ရွှေတုံး၊ ငဒန် … အချိန်မရှိဘူး။ မီးကွင်းပစ်ပြီး ရွာကို မီးနဲ့တိုက်ခဲ့"

"ဟုတ် … ဆရာကျိုင်း"

"မြန်မြန်ရှို့ပြီး ပစ်ပါကွ။ ရွှေဖန်းကြီး … သံလုံး … အနီးကပ်ပြီး ပစ်"

သူတို့ဆရာတပည့်တွေ ကောက်ရိုးမီးကွင်း၊ အဝတ်မီးကွင်း၊ ရေနံချေးစိမ်များကို မီးရှို့ပြီး ရွာစည်းရိုးအနီးကနေ ရွာထဲရှိအိမ်များပေါ်ကို ပစ်ပါရော့ဗျ။

"မီးကွင်းပစ်တယ်ဟေ့ … သတိထား … သတိထား"

"ရန်ကုန်တို့ … ဒူးလေးနဲ့ ပစ်စမ်းကွ"

"ဝိုး …"

"ဝိုး …"

"ရှိုး … ရှိုး …"

ကျုပ်တို့၊ ကိုသာစည်တို့ လူရွယ်အုပ်စုက ဒူးလေး၊ လင်းလေးများနှင့် မီးကွင်းရှို့နေတဲ့ လူစုရှိရာကို လှမ်းပစ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပစ် ... ပစ် ... တဲပေါ်ကျအောင်ပစ်"

"မြန်မြန်ပစ်ကွ ... ဟိုဘက်တဲတွေ၊ အိမ်တွေပေါ်ပါ ပစ်ပါဟ"

ဓားပြအချို့က သေနတ်နဲ့ပစ်ပေးတုန်းမှာ ကျန်ဓားပြတွေက ရွာစည်းရိုးကပ်ပြီး မီးကွင်းတွေနဲ့ ပစ်ကြပါရောဗျို့။

အံ့သြစရာပဲဗျို့။ သူတို့ပစ်လိုက်တဲ့ မီးကွင်းအဝိုင်းတွေဟာ ပထမတော့ ကျုပ်တို့ရွာစည်းရိုးကိုကျော်ပြီး ရွာစည်းရိုးနံဘေးက တဲအိမ်၊ ခနိုးအိမ်များရှိရာကို ပြေးဝင်လာတာဗျ။ မီးကွင်းတွေမှ အများကြီးပဲ။

ဒီမှာပဲ လေက ပြန်တွန်းတိုက် ကန်ပစ်လိုက်တာရယ်ဗျာ။ မီးကွင်းတွေက ရွာထဲကိုမကျဘဲ တဝေါဝေါတိုက်နေသည့် လေအရှိန်နဲ့ သူတို့ ရွာပြင် လူဆိုးဓားပြများရှိရာကို အရှိန်နဲ့ ပြန်လွင့်သွားပါရောဗျာ။

ဒီလိုအံ့သြစရာကောင်းတဲ့အဖြစ်မျိုး ဒီတစ်ခါပဲမြင်ဖူးတယ် သိလား။

ထူးခြားဆန်းကြယ်လိုက်ပါဘိ စာရေးဆရာရယ်။

နောင်အခါ ကျုပ်တို့ သိရသမျှကို ခုပဲ ပြောပြလိုက်တော့မယ်ဗျာ နော်။

လေပြန်တိုက်ပြီး လွင့်သွားတဲ့ မီးကွင်းနှစ်ခုဟာ အကုသိုလ်မိုးနေတဲ့ ဓားပြရွှေကျိုင်းရဲ့ လည်ပင်းကို သွားစွပ်နေတာတဲ့ဗျာ။

ထူးဆန်းတာက ဓားပြခေါင်းဆောင် ကာယသိဒ္ဓိရွှေကျိုင်းရဲ့ လည်ပင်းမှာစွပ်နေတဲ့ မီးကွင်းဟာ ပြန်ချွတ်လို့မရဘူးလို့ နောင်အခါ သူ့တပည့် ရိုးပြတ်ဆိုတဲ့ဓားပြက ပြန်ပြောပြလို့ သိရတယ်။

ရွှေကျိုင်း သူ့လည်ပင်းဦးခေါင်းမှာ စွပ်နေတဲ့ မီးအရှိန်ကြောင့် ဆံပင်ရော၊ မျက်နှာရော၊ နားရွက်နဲ့ လည်ပင်းရော မီးလောင်ခံရပြီး အရေပြားတွေ ပွလန်ညှော်လာနေတယ်။ အကျီအထူအထပ်ကိုလည်း စွဲလောင်နေတယ်။

ရွှေကျိုင်း အမျိုးမျိုးချွတ်တယ် မရဘူး။ မရတော့ ...

မီးတောက်တွေကို လက်ဝါးနဲ့ရိုက်ပြီး သတ်တယ်။





လက်ဝါးကိုသာ မီးစွဲပြီး ပူနေတယ်။ မီးမငြိမ်းဘူး။ သူ့တပည့် ...ဦး ခေါင်းနဲ့လည်ပင်းမှာလည်း သူတို့ပစ်လိုက်တဲ့မီးကွင်းတွေ လေစုန် ...ဆန် ပြန်ဝဲလာပြီး သူ့လိုပဲ လည်ပင်းမှာ စွပ်နေပါရော။

အဲဒါ အော်ကြပါရော။

"အား ... သေပါပြီဗျ"

"ပစ် ... ပစ် ... ကင်းတဲကကောင်တွေကို ပစ်"

ဒီမှာ တစ်ယောက်က ရိုင်ဖယ်ကိုမောင်းတင်ပြီး ရပ်နေသူကို မှန်း... ခလုတ်ညှစ်ချလိုက်တယ်။

"ချောက် ..."

"ဟင် ..."

"ချောက် ... ချောက် ..."

"ဟ ... ဘယ်လိုဖြစ်ရပြန်သတုံး ... ဒေန်ကြီးရ ... အား"

"ကျည်မထွက်ဘူး ... ဆ ... ဆရာ"

"ဘာ ..."

မြွေကိုက်ခံရလို့ မြွေဆိပ်တက်လို့ အသက်ရှူကြပ်ပြီး ကိုယ်လက်... လှုပ်ရှားလို့မရဖြစ်နေတဲ့ တပည့်နှစ်ဦးကို ကြည့်ရင်း ဇက်ကျိုးသွား...ယ်။

အရေးထဲမှာ ဒေန်ကြီးရဲ့ ရိုင်ဖယ်သေနတ်က ကျည်ဆန်မထွက်...တဲ့။ ဒေါသက ထွက်သွားပြီ။ သေနတ်တွေကို သေသေချာချာ မတိုက်... မစစ်ဆေးလို့ ဒီလို ကျည်ဂျမ်းဖြစ်ရတာ။

နေနှင့်ဦး ခွေးတိရစ္ဆာန်ကောင် ... ဒေန်။

နေရပ်ဌာနကို ပြန်ရောက်မှ ကောင်းကောင်းပညာပေး ဆုံးမရ...ယ်။

သည့်နောက် ခန္ဓာကိုယ်ကို မီးစွဲလောင်နေရင်း တန်းလန်းက ဒေါသ... နှင်ထုပြီး လွယ်ထားသည့် စတင်းဂန်းကို ပခုံးကဆွဲယူလို့ ကင်းတဲရှေ့... ရပ်ကြည့်မေးမြန်းနေတဲ့ လူသုံးယောက်ရှိရာကို ထိုးချိန်ပစ်ချလိုက်တယ်။

"ချောက် ... ချောက် ... ချောက် ... ချောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက် ..."

ကျည်ဆန် တစ်တောင့်မှ မထွက်ဘူး။ မောင်းပြန်တင် ပြန်ပစ် လုပ်တယ်။ လုံးဝ ကျည်မထွက်ဘူး။ ဒီမှာ အနီးရှိ ရွှေလုံးဆိုတဲ့ဓားပြ ဂျပန်စစ်သုံးရိုင်ဖယ် မို့ဒ် ၃၀၇ နဲ့ ထိုးပစ်တော့လည်း ချောက်လို့ပဲ မြည် သံကြားရတယ်။ ဒိုင်းခနဲ မမြည်ဘူး။

ဘယ်လိုပဲ ကျည်လဲပြန်ပစ်လုပ်လည်း ကျည်ဆန်ကို မထွက်ဘူး

အားလုံး အကျိုးနည်းကုန်ပြီ။

"ဒေါင် ဒေါင် ... ဒေါင် ဒေါင် ... ဒေါင် ဒေါင် ... ဒေါင် ဒေါင် ..."

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ..."

ကင်းသံချောင်း ရိုက်သံရော၊ မွှေသံရော အဆက်မပြတ်ပေါ်လာ ပြီးနောက်ပိုင်းမှာ တိတ်ဆိတ်ငြိမ်သက်နေသည့် ရွာကလေးဟာ ချက်ချင်း သက်ဝင်လှုပ်ရှားလာပြီး မေးသံ၊ ခေါ်သံတွေနဲ့ ဆူညံသွားတော့တယ်။

"အရှေ့ကင်းဘက်က သံချောင်းခေါက်သံဟေ့"

"ဟေ့ ... သံလုံးတို့၊ တိုးတို့ ဘာလဲဟေ့"

"ဓားပြပဲနေမှာဗျ။ မေးတာ မထူးဘူး။ တချောက်ချောက်အသံ တွေ ကြားနေရတယ်"

"သူကြီး ရောက်လာပြီလား"

"အားလုံး မီးမထွန်းနဲ့၊ နှစ်ဖွဲ့ခွဲပြီး ရွာအဝင်ပေါက်နဲ့ နောက် ပေါက်မှာ စောင့်ကြည့်မယ်။ သင်းတို့ နောက်တစ်ဖွဲ့နေမှာပဲ။ ကိုင်း ... လူခွဲပြီး အသင့်စောင့်ကြည့်နေကြ။ ငါ့အချက်ပေးသံကိုလည်း နားထောင်"

လူသံသူသံပဲ ကြားနေရတယ်။

ခွေးဟောင်သံ လုံးဝ မကြားရဘူး။ ဒီနေ့ ရွာခွေးတွေ အိပ်မော ကျနေပြီရဲ့တူရဲ့။

ဒီမှာ လည်ပင်းမီးကွင်းစွပ်ပြီး ချွတ်မရတဲ့ ရွှေပန်းက အော်နေ တယ်။





"ဆရာကျိုင်း ... ဆရာကျိုင်း ... ကျုပ်တို့ ဘယ်လိုဖြစ်ကုန် တာတုံးဗျ"

"ပြေး ... ပြေး ... ရေရှိရာကို ပြေး။ အား ... အ ... မြန် မြန်ရေရှိရာပြေးကြ ... အား ... အား ..."

"လိုက်ဟေ့ ... လိုက်ဟ ... ဝိုင်းဟ ... ဝိုင်းဟ ..."

"မလွတ်စေနဲ့ဟေ့ ... ရအောင်ဖမ်း"

"အသေသာ သတ်ပစ်ကွာ။ ချ ... ချ ... လိုက် ... လိုက်"

"ဟေ့ကောင်တွေ ... မပြေးနဲ့ ရပ်လိုက်"

သူတို့သုံးယောက်ရဲ့ လည်ပင်းမှာ မီးတောက်နေတဲ့ မီးကွင်းက ချွတ်မရဘဲ ကျပ်နေတယ်။ မျက်လုံးတွေလည်း မီးပူရှိန်ကြောင့် ရှေ့ကို အားကို ကောင်းကောင်း ထင်ထင်ရှားရှား မမြင်ရဘူး။

လေတိုက်နှုန်းက မြန်လေ၊ လည်ပင်းပေါ်က မီးကွင်းက လောင် ကျွမ်းလေနဲ့ နောက်ဆုံး ဖြစ်လာတုန်းက တွေ့ခဲ့ရတဲ့ ချောင်းရှိရာကို ဒ်ပြီး တရကြမ်းပြေးရရော။

ခေါင်းဆောင်လုပ်သူ မီးစွဲတန်းလန်းနဲ့ ပြေးတော့ မီးစွဲနေတဲ့ ကျန်သည့်နှစ်ဦးကလည်း ရေရှိရာချောင်းကို ပြေးတော့တယ်။

ကျန်လူဆိုးဓားပြသုံးယောက်က ကျန်ရစ်တဲ့ စတင်းဂန်းနဲ့ ရိုင် ဖယ်သေနတ်များကို ကောက်လွယ်ပြီး သူတို့ရှေ့က ပြေးနေတဲ့ သူများ နောက်ကို အပြေးလိုက်ခဲ့ကြရတယ်။

မပြေးလို့ မရတော့ဘူး။

စောစောတုန်းက လုံးဝငြိမ်သက်နေတဲ့ ခွေးတွေ ခုမှ နိုးလာကြ သနဲ့ တူပါရဲ့။ ခွေးအုပ်ကြီးဟာ ရွာထဲကနေ ပြေးလာတိုးဟောင်ရင်းက မီး တောက်မြင်ရတဲ့ လူဆိုးဓားပြများရှိရာကို တစ်ဟုန်ထိုး ပြေးဝင်လိုက်ကိုက် ကြပါရောဗျို့။

ဒီကောင်တွေ လိပ်ကျောက်မြီး ကျာပွတ်နဲ့လည်း မြန်မရိုက်နိုင် ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခုမှပဲ ငှက်ကြီးတောင်ဘဂျမ်းတို့ပြောတဲ့ ခွေးအုပ်ကြီးကို နပူး... ဒူးတွေ့ ကြုံရပြီး 'အမယ်လေး ... အဘလေး ... ဘုရားကယ်ပါ' ... ကြယ်ရောင်လရောင် အလင်းပျပျကို အားကိုးပြုပြီး ခွေးရှေ့ကနေ အသ... ကုန် ပြေးကြတော့တာပဲ။

ကာယသိဒ္ဓိရွှေကျိုင်းနဲ့ သူ့တပည့်နှစ်ဦးလည်း ပူလွန်းလော... လွန်းလို့ ရှေ့ကချောင်းရိုးလေး မြင်ရော၊ သေချင်သေ ခုန်ချလိုက်ကြတ...

သူတို့ ချောင်းရေထဲမှာ ဦးခေါင်းများကိုနှစ်ပြီး မီးကွင်းမီးတော... များကို အလျှင်အမြန် ငြိမ်းသတ်ကြသော်လည်း ...

ဖြစ်ရပ်ဆန်းကြယ်ရှိပုံကဗျာ ...

ရွှေကျိုင်းရဲ့ နောက်လိုက်တပည့်နှစ်ဦး ဦးခေါင်း၊ လည်ပင်း... စွပ်နေတဲ့ မီးကွင်းနှစ်ခုက ရေထဲ ခေါင်းနှစ်လိုက်တော့ ရုတ်ခနဲ မီးငြိမ်း... သွားပေမင့် ...

ကာယသိဒ္ဓိရွှေကျိုင်းရဲ့ လည်ပင်းမှာ စွပ်နေတဲ့ မီးကွင်းမီးတော... ကတော့ ရေထဲကို ဦးခေါင်းနှစ်ပြီး ငြိမ်းသတ်သည့်တိုင် မီးက မငြိမ်း... လို့ နောင်အခါ သူတို့ထံက ကြားသိရတယ်။

ရေထဲက ခေါင်းပြန်ဖော်လိုက်ရင် စွပ်နေတဲ့မီးကွင်းက မီးတော... တွေက ရေနဲ့ထိပြီးမှ ပိုပြီး မီးတောက်အားကောင်းနေလို့ ရွှေကျိုင်းလည်... အံ့ဩနေတယ်။

ဒီအချိန်မှာပဲ ခွေးအုပ်ကြီးရဲ့ ချောင်းကမ်းစပ်ကနေ တန်း... ကျားစီးဖားစီး ဟောင်သံတွေကလည်း ကြောက်စရာ လန့်စရာ။

ဟိုးနောက်မှာလည်း လူအုပ်ကြီးက ညာသံပေးပြီး လာနေ... ပြီ။

ပိုပြီးထူးဆန်းနေတာက သူတို့ခေါင်းပေါ်က အသံတွေပဲ။

''မပြေးနဲ့ ... ဟောကောင် ... မပြေးနဲ့''

''အခု မင်းတို့အလှည့် ...''

''ကြောက်နေကြသလားဟေ့''

''မင်းတို့အလှည့်ကွ''





အံ့ဩစရာပဲတဲ့ဗျာ။ လူကို မမြင်ရဘူး။ ကောင်းကင်ပိုင်း ခေါင်း ...ဝန်းကျင်ကနေ ကပ်အော်ပြောနေတဲ့ အသံတွေပဲ။

သူတို့ အရှမ်းကို ကြောက်နေကြပြီ။

သူတို့ ရက္ခစိုးနတ်စင်ကို ဓားနဲ့ခုတ်ပိုင်း ဖျက်ဆီးခဲ့တာကို။ ကန် ...ဘော့ပွဲ၊ အုန်းပွဲ၊ ငှက်ပျောပွဲများကို ဓားနဲ့ တောက်တောက်စင်းပြီး ဇလုံကို ...ခြေနဲ့ကန်ပစ်ခဲ့တာကို။

ပြီး ... ရက္ခစိုးကြီးထောရေချမ်း ဘုံဗိမာန်အဖြစ် မှီတင်းနေ ...တဲ့ ရေးညောင်ပင်အိုကြီးကိုလည်း ဓားနဲ့ခုတ်ထစ် ကြိမ်းဝါးဆဲရေးတိုင်း ...ခဲ့တာကို။

အခု မိုးကောင်းကင်အပေါ်က ...

သူတို့ဦးခေါင်းအပေါ် နားနှစ်ဖက် အနီးကနေ ကပ်ပြောသလို ...ပြောနေတဲ့အသံများကို ကြားရတော့ ...

ကွင်းပိုင်များ သူတို့ကို ပညာပေးရော့သလား။

ဒါမှမဟုတ် ...

ရက္ခစိုးကြီး ဦးမွန်ထောရေချမ်းများ သူတို့ကို ဆုံးမဒဏ်ခတ်နေ ...ရော့သလား။ ရွာတော်ရှင်နတ်က မကျေနပ်လို့ သူတို့ကို ဘဝပျက်အောင် ...အောင် သေအောင် လုပ်ရော့သလား။

တွေးလို့မရဘူး။

ဘာကိုစဉ်းစားရမှန်း မသိဘူး။

ဒီအချိန်မှာပဲ ဟိုဘီလူးခေါင်းပြတ်သချိုင်းဘက်က ခွေးမည်းမည်း ...ပ်ကြီးကပါ ဒုန်းစိုင်းပြေးလာတာကို တပည့်တွေက မြင်လိုက်ကြတယ်။

''ဆရာကျိုင်း ... ပြေး ... ပြေး ...''

''ဘီလူးခေါင်းပြတ်သချိုင်းဘက်က ခွေးနက်အုပ်ကြီးလာနေပြီ''

''ရွာသားတွေ နီးလာပြီဗျ။ မြန်မြန်တက်ပါ''

''ငါ ... ငါ ... ဘာမှ ... မ ... မ ... မြင် ... ရတော့ဘူး ... ငါကို ဆွဲထူ ကူကြပါဦးကွာ။ အား ... အား ... ပူလိုက်တာဗျ''



www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ဦးက ရိုင်ဖယ်နဲ့ စတင်းဂန်းကို လွယ်ရင်းက ရှေး တဘိုင်းဘိုင်းလဲကျ အော်ဟစ်နေတဲ့ ခေါင်းဆောင်ရွှေကျိုင်းကို ဝိုင်းဆွဲ အရှေ့ကွင်းထဲက ကိုင်းတောစပ်ကို အကာအကွယ်ယူပြီး ပြေးကြတယ်

ဘီလူးခေါင်းပြတ်သချိုင်းဘက်က ပြေးလာတဲ့ ခွေးနက်အုပ်ကြီး က ချောင်းရေထဲကို တဝုန်းဝုန်းနဲ့ ခုန်ချတာကို ရွာခွေးတွေက မြင်ကြ သူတို့ပါ ချောင်းရေထဲခုန်ချပြီး ရွှေကျိုင်းတို့ပြေးသွားတဲ့ ကိုင်းတော ကို အတင်းတရကြမ်း ထိုးဟောင်ပြေးလိုက်ကြတော့တာပဲ။

ရွှေကျိုင်းတို့ ကံသီလို့ လွတ်သွားတာ။

သူတို့ ကိုင်းတောအစပ်မှာ ချည်ထားတဲ့ မြင်းတွေပေါ်ကို အလ အမြန် ခုန်တက်ပြီး ဟိုးမုတ္တမအရှေ့က တံငါသောင်ကြီးရှိရာကို မြင်းဒုံ စိုင်းပြီး နှင်ခဲ့လို့ အသက်မသေရတာ။

သူကြီးတို့ ကွင်းထဲကိုရောက်ပြီး မီးတုတ်တွေထွန်းညှိလို့ ကြ လိုက်ရော ...

ဓားပြနှစ်ယောက် မြွေကိုက်သေနေတာကို တွေ့ရတယ်။

အနီးမှာ ဓားရှည်တစ်လက်၊ လှံရှည်တစ်ချောင်း၊ လိပ်ကျော မြီးကျာပွတ် နှစ်ခု ...

ပြီး ... ပြန့်ကြဲနေတဲ့ မော်တော်ကားတာယာနဲ့ လုပ်ထား သားရေဖိနပ်တွေ။

နောင်အခါ ကျုပ်တို့ စုံစမ်းလေ့လာ သိရှိရသမျှကို ပြောရရ အလွန်အံ့သြစရာကောင်းတယ် ... စာရေးဆရာ။

ရွှေကျိုင်း ရုပ်ပျက်ဆင်းပျက်ဘဝကို ရောက်သွားတယ်။

ရွှေကျိုင်းရဲ့ဘဝက ကာယသိဒ္ဓိရွှေကျိုင်း မဟုတ်တော့ဘူး။

သူ ဓားတို့၊ တုတ်တို့၊ သေနတ်တို့ ပြီးချင်ရင် ပြီးမှာပေါ့ဗျာ၊ ဒ ပေမင့် 'မီး' ကို မပြီးဘူး။ သူတို့ မီးကို မရှောင်နိုင်ဘူး။ ရှင်ဘုရင်သိ မောင်လည်း မီးကို ကြောက်တာပဲ။

ခု ကြည့်စမ်း ...

ကြားရချက်၊ မြင်ရချက်ဗျာ ...





ရွှေကျိုင်းရဲ့မျက်နှာဟာ မီးလောင်ဒဏ်ရာ ဗရပွနဲ့၊ အရေပြား တွန့်ခေါက်ရှုံ့တွနေတယ်။ ဦးခေါင်းမှာ ဆံပင်လုံးဝ မရှိတော့ဘူး။ မျက် စိလုံး မီးဒဏ်ကြောင့် ပေါက်ထွက်သွားခဲ့သလို ကျန်မျက်လုံးတစ် ကလည်း အဝေးကို လုံးဝမမြင်ရတော့ဘူး။

ပါးစပ်တစ်ခုလုံး နှာခေါင်းတစ်ခုလုံး မီးလောင်ပြီး ပျက်စီးသွား တာ နှုတ်ခမ်းမရှိဘဲ သွားတွေက အပြင်ကို လန်ထွက်နေတယ်။

မေးစေ့မှာလည်း အသားအရေမရှိတော့ဘဲ အရိုးပေါ်နေတယ်။ နှက်နှစ်ဖက်က အရည်ပျော်သလိုဖြစ်ပြီး နားပေါက်ထဲကို အသားလုံး ည်ပျော်ခဲ့ပြီး ဆို့သွားလို့ နားလည်း မကြားတော့ဘူး။

လက်တွေ၊ ခြေတွေကလည်း မီးလောင်ဒဏ်ရာနဲ့ ကွေးကောက် ခဲ့တယ်။ ခု သူ့ကိုတွေ့ရင် ...

ဒါ နာမည်ကျော်ဓားပြကြီး ကာယသိဒ္ဓိရွှေကျိုင်းပါလို့ မည်သူမှ င်တော့ဘူး။

သူ့ဘဝက ဒုက္ခိတအကန်း သူတောင်းစားဘဝကို ရောက်သွားခဲ့ ယ်၊ ရွှေကျိုင်းကို ကလေးရော၊ လူကြီးရော ဘယ်သူမှ မကြောက်ကြ တော့ဘူး။

ရွှေကျိုင်းရဲ့ တပည့်နှစ်ဦးဖြစ်တဲ့ ငဒန်ကြီးနဲ့ ရွှေတုံးတို့ကလည်း သုံးမကျတဲ့ သူတို့ဆရာကို စွန့်ခွာသွားကြပြီ။

ရွှေကျိုင်းရဲ့မိန်းမ ခင်ဒေါင်းညိုနဲ့၊ ခင်ဒေါင်းချိုဆိုတဲ့ မယားညီအစ်မ ယောက်ကလည်း ရွှေကျိုင်းကို စွန့်ခွာပြီး မြို့ပေါ်ကို ပြောင်းသွားကြပြီ

ရွှေကျိုင်း လူစွမ်းလူစကောင်းတုန်းက လက်နက်နဲ့ ခြိမ်းခြောက်ပြီး ဒေါင်းညိုနဲ့ ခင်ဒေါင်းချိုဆိုတဲ့ အလွန်ချောမောလှပတဲ့ ညီအစ်မနှစ်ဦး ကို အဓမ္မ လက်ရသိမ်းပိုက်ထားတာ။

ရွှေကျိုင်းမှ မသိမ်းပိုက်ရင် ...

ရှင်ဘုရင်သိန်းမောင်ဆိုတဲ့ ဓားပြရဲ့လက်စာ မိသွားမှာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မညိုနဲ့ မချိုကလည်း ရွှေကျိုင်းကို ကြောက်လို့ ပေါင်းခဲ့ရတာ သူ့ကိုမယူရင် မိဘနှစ်ပါးနဲ့ ကျန်မောင်ညီမလေးများကိုပါ မီးလောင်တိုက် သွင်းပြီး သတ်ပစ်မယ်လို့ ကြိမ်းဝါးခြိမ်းခြောက်ပြီး အဓမ္မပေါင်းသင်းခဲ့တာ

တော်သေးတယ်။ ရွှေကျိုင်းနဲ့ ကလေးမရဘူး။

ရများရခဲ့ရင် လူယုတ်မာ ဓားပြမျိုးက သက်ဆိုးရှည်နေဦးမှာ ခု အားလုံးက သူ့ကို စွန့်ပစ်သွားကြပြီ။

မည်သူကမျှ သူ့ကို မကြောက်ရွံ့ကြတော့။

အခု သူ ကျိုင်းထောက်ကဲ့သို့သော သစ်ကိုင်းခွကို အားပြု တောင်းရမ်းစားသောက်နေရသည့် သူတောင်းစားဘဝ နေ့ချင်းညချင်းရောက် သွားတယ်။

တစ်ခါတစ်ရံမှာ သူ တစ်ချိန်တုန်းက နှိပ်စက်ခြင်းကို ခံခဲ့ရသူ အနိုင်ကျင့်ခြင်းကို ခံခဲ့ရသူတို့က ...

ရွှေကျိုင်း သူတောင်းစားဘဝ ရောက်သွားချိန်မှာ ရွှေကျိုင်း ခြေနဲ့ဆောင့်ကန်ပြီးမှ ငွေလေးတစ်မတ်ငါးမူးကို ဒန်ခွက်ထဲ ပေါက်ထည့် ပစ်ခဲ့ကြတယ်။

အချို့က ရွှေကျိုင်းရဲ့မျက်နှာကို တံတွေးနဲ့ထွေးပြီး ကျက်သ မရှိဘူး။ အိမ်ရှေ့မှာ လာမရပ်နဲ့လို့ အော်ငေါက်လွှတ်ကြတယ်။

ဒီလိုအပြောခံရ၊ အစော်ကားခံရတော့ ...

မျက်ရည်ကျခဲ့ရတယ်။

တစ်ချိန်တုန်းက ငါ့ကို မော်မကြည့်ရဲတဲ့လူတွေ၊

အခု ငါ့ကို ခြေနဲ့ကန်တယ်။ တံတွေးနဲ့ထွေးတယ်။ ခဲနဲ့ပေါက် တယ်။ လေးခွနဲ့ပစ်တယ်။ ခွေးနဲ့ရှူးတိုက်ကြတယ်။

ဒါပဲ စာရေးဆရာ။

ငါနိုင်တယ် ... ငါနိုင်တယ်ဆိုတာ ငါ့ကိုနိုင်တဲ့လူ မပေါ်သေးခင် မှာတော့ ငါနိုင်ပြီး ဗိုလ်ဖြစ်နေမှာပဲ။

နံပါတ်တစ် ဖြစ်နေမှာပဲဗျ။





အေး ... ငါ့ကိုနိုင်တဲ့လူ ပေါ်လာရင်တော့ ငါရှုံးပြီ။ ငါ မြောင်း သဲရောက်ပြီ။ ငါ့ရဲ့ ဩဇာအာဏာ ပုံလျက်လဲပြီလို့ မှတ်။

အဲဒီဘဝကိုရောက်သွားရင် ...

အခု ကာယသိဒ္ဓိရွှေကျိုင်းလို ဘဝမျိုးကို ကြုံကို ကြုံရမှာပဲ။ အဲဒီ အချိန် (နေဝင်ချိန်) မှာ တောက်မခတ်နဲ့။

တောက်ခတ်ရင် နောက်ထပ်နာလိမ့်မယ်။

မျက်ရည်သိမ်းလိုက်တော့ဗျာ။

ဒီမျက်ရည်ကို ဘယ်လိုလူကမှ စိတ်သပ်သနားမှာ မဟုတ်ဘူး။

ရွှေကျိုင်း အာဏာရှိတုန်းက ရွာသူရပ်သားတွေ ဒူးနဲ့မျက်ရည် သုတ်ခဲ့ရတယ်။ အသက်ကို စတေးခဲ့ရတယ်။

အခု ရွှေကျိုင်းအာဏာမဲ့နေပြီ။

သိဒ္ဓိတန်ခိုး မရှိတော့ဘူး။

မျက်ရည်နေ့တိုင်း ကျနေတယ်။

သူ့မျက်ရည် အရည်မဟုတ်ဘဲ အတုံးအခဲအဖြစ်ကျဦး၊ သူ့ကို ဘယ်သူမှ မသနားကြတော့ဘူး။

ဒါ ကံကံရဲ့အကျိုးပဲ။ သူပြုသည့် အကုသိုလ်ကံကို သူပြန်ခံရ တာ။ ဘယ်သူမပြု မိမိအမှုပဲဗျ။

ကျုပ်တို့ ရွာနီးချုပ်စပ်ကပါမကျန် နှစ်စဉ် နတ်ကန္တားပေးရတဲ့ ရက္ခစိုး ထောရေချမ်းရဲ့နတ်စင်ကို ဖျက်လို့ ဒီလို ဒဏ်ခတ်ခံရတာလို့ ပြော ကြသူရှိသလို၊

ဘီလူးခေါင်းပြတ်သချိုင်းကုန်းမှာနေတဲ့ ဘရသေ့ကြီး မနက်ရော၊ ညနေရော ရွာကိုပတ်ပြီး သမ္ဗုဒ္ဓေဂါထာရွတ် စည်းချလို့ ဘယ်ဓားပြမှ တိုက် လို့မရတာကွလို့ ပြောတဲ့သူလည်း ကျုပ်တို့ရွာမှာ မနည်းဘူး။

ကိုင်း ... စာရေးဆရာ၊ ခင်ဗျား ဘယ်လိုစဉ်းစားမလဲ။

အဖြေထုတ်ချင်သလဲ။

ကျုပ်တို့ရွာမှာ သေနတ်တစ်လက်၊ ကျည်ဆန်တစ်တောင့်မရှိဘူး။

သို့သော် ... ကျုပ်တို့ရွာကို ဓားပြလာတိုက်လို့ မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ပြောချင်တယ်။

ကျုပ်တို့ရွာမှာ သူခိုးသူဝှက် မရှိဘူးဗျာ။

အိမ်တံခါးဖွင့်သွား အပ်တိုတစ်ချောင်း မပျောက်ဘူး။

ရွာထဲမှာ သူများမယား ကြာခိုတဲ့ယောက်ျား မရှိဘူး။

လင်ငယ်နေ၊ မျောက်မွေး ဖောက်ပြန်တဲ့မိန်းမ မရှိဘူး။

ကျွဲသတ်၊ နွားသတ်၊ ဝက်ပေါ် ကျုပ်တို့ရွာမှာ မရှိဘူး။

ကျုပ်တို့ရွာထဲမှာ အရက်ဆိုင်၊ ထန်းရည်ဆိုင်၊ ဘိန်းဆိုင် လုံးဝ မရှိဘူး။ ကျုပ်တို့ရွာသူရွာသားတွေ ဘရသေ့ကြီးနှင့် သက်တော်ရှည်ဆ... တော်ဘုရားကြီး မိန့်မှာလမ်းညွှန်သလို သမ္မဒ္ဒေဂါထာတော်မြတ်ကြီးကို လူကြီး ရော၊ ကလေးရော နေ့စဉ်နဲ့မိုးသောက်မှာ နေ့စဉ်ရွတ်တာတော့ ဘယ်ရွာ လာမပြိုင်နဲ့။ ကျုပ်တို့ရွာကို အဲဒါ ဘယ်သူမှ လိုက်မမီဘူး။

✿ ✿ ✿

[ ၁၂ ]

## သမ္မဒ္ဒေရွာဟူပင် အရပ်ကြီး ခေါ်ကြလေကုန်၏

❑

တစ်နေ့မနက်ပိုင်း ...

ဘရသေ့ကြီး ဆွမ်းခံကြွလာတုန်း ကျုပ်တို့အုပ်စုက ဝိုင်းမေး ...လျှောက်ကြတယ်ဗျ။

"ဘရသေ့ဘုရား ..."

"ဘာတုံး"

"မေးလျှောက်စရာ ရှိလို့ပါဘုရား"

"မေး ... တိုတိုပဲမေး။ အပိုတွေ မပြောနဲ့"

"မှန်ပါ ... ဘရသေ့။ ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောထဲမှာ ...နည်း ... ဟို ... ဟို ... ခွေး ... ခွေးတွေများ မွေးထားပါသေးလား ...ဘုရား"

"ခွေးတွေ ..."

"မှန်ပါ ... ခွေးနက်ကြီးများပါ ဘုရား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကျောင်းမှာ ခွေးနဲ့တူတာ ဘာမှမရှိဘူး။ ဘာဖြစ်လို့တုံး"

ဒါနဲ့ ကျုပ်တို့က ရွာကို ဓားပြနှစ်ကြိမ်တိုက်ဖို့ ကြံစည်တယ်။ ရွာထဲကို ဝင်လို့မရဘူး။ ခွေးနက်အုပ်ကြီးတစ်အုပ်က ဘာဘုန်းနေတဲ့ ဘီလူးခေါင်းပြတ်သချိုင်းတောထဲကနေ ထွက်လာပြီး ဓားပြများကို လိုက်ကိုက်တဲ့ အကြောင်း ပြောပြလျှောက်ထားတော့ ...

"ဒကာကြီးတို့၊ ဒကာမကြီးတို့ ..."

"ဘုရား"

"သမ္မာဒေွဂါထာ ဘုရားရှိခိုးကို နေ့နေ့ညည မှန်မှန်ရွတ်ဆို ရှိခိုးကြရဲ့လား"

"မှန်ပါ ... ရွတ်ဆိုကြောင်းပါ ဘုရား"

"ဒကာမကြီးတို့ရော ..."

"မနက်တိုင်း (၉)ခေါက်ရွတ်ပါတယ် ဘုရားသေ"

"သာဓု ... သာဓု ... သာဓု ... ကံကောင်းကြမှာပေါ့လေ။

အင်း ... အင်း ... ကံကောင်းကြပြီပေါ့။ ရှေ့ဆက်ပြီး မင်းတို့တစ်ရွာလုံး ကံကောင်းကြဦးမှာပါ။ သမ္မာဒေွဂါထာကြီး ပိုစွမ်းစေချင်ရင် ငါးပါးသီလ လုံအောင်ထိန်း၊ ပြီး ရွာတော်ရှင်များ၊ သူတော်ကောင်းများ အပိုင်အဆိုင် အစောင့်အရှောက်များကို မေတ္တာပို့အမျှဝေ ... ကြားလား"

"မှန်ပါ"

"ငါးပါးသီလလည်း မလုံဘူး။ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးလည်း တစ်ပါးမှ မလုံခြုံဘူးဆိုရင်၊ ကျိုးပေါက်နေရင် ငါပေးတဲ့ သမ္မာဒေွဂါထာက သူ့အလိုလို ကံနိမ့်သွားလိမ့်မယ်။ နားလည်လား"

"မှန်ပါ ဘုရား"

ဘုရားသေ့ကြီးဟာ မနက်တိုင်း ရွာထဲကို ဆွမ်းခံကြွတိုင်း အဲဒီအတိုင်း ပြောဆိုဆုံးမတယ်။ သတိပေးလေ့ရှိတယ်။ ကျုပ်တို့ ရွာသူရွာသားများကလည်း သေနတ်လက်နက်မပါဘဲ နာမည်ကျော်ဓားပြရန်က နှစ်ကြိမ်လွတ်မြောက်ခဲ့ပါပြီ။ ဘုရားသေ့ကြီးပေးတဲ့ သမ္မာဒေွဂါထာအစွမ်းကြောင့် ဆိုင်ရာပိုင်ရာ





နတ်များက အန္တရာယ် ရန်စွယ်များကို အပြီးတိုင်ဖယ်ရှားပေးတာလို့လည်း ယုံကြည်ကြတယ်လေ။

အဲဒါ ရွာနီးချုပ်စပ်များဖြစ်တဲ့ ...

ကင်ပွန်းချုံ၊ မီးပြု၊ သံတဲ၊ ဖွဲပါကုန်းတန်း စသည့်ရွာတွေကလည်း သူတို့ရွာတွေ ဓားပြတိုက်ခံရလေ့ရှိပြီး၊ ကျုပ်တို့တောင်ယာကုန်းရွာကို ဓားပြတိုက်လို့ မရတဲ့ကိစ္စ ဈေးလာရောင်းတိုင်း၊ လမ်းမှာတွေ့တိုင်း မေးမြန်းကြတယ်။

"ဟဲ့ ... မိဂျမ်းရဲ့၊ မေးပါရစေအေ"

"မေး ... မစုန်း၊ ဘာတုံး"

ဖွဲပါကုန်းတန်းက အထည်ချုပ်ပြီးသားလေးတွေ လာရောင်းတဲ့ မနီးချစ်နဲ့ မမြသန်းစိန်တို့က မိဂျမ်းတို့၊ အေးပုံတို့ကို မေးတယ်။

"ဟဲ့ ... မိဂျမ်းနဲ့ အေးပုံတို့ရဲ့ ညည်းတို့ရွာ ဓားပြတိုက်လို့ မရဘူးလို့ နာမည်ကျော်နေတယ်ဟဲ့။ အဲဒါ ဟုတ်လားဟင် ... မိဂျမ်း"

"အေးတော့ ..."

"ဘယ်လိုအေးတော့တုံးဟဲ့ ... မိဂျမ်းရဲ့၊ လင်းစမ်းပါဦး"

"ထိုင်ကြတော်။ အေးပုံ ... ရေနွေးအိုး ချပေးဟဲ့"

"အေး ... အေး ..."

"ပြောအေ ..."

"ပထမတစ်ကြိမ်တုန်းက ငှက်ကြီးတောင်ဘဂျမ်းတို့ ဓားပြအဖွဲ့က ရွာကိုဓားပြတိုက်ဖို့ ကြိုးစားတယ်အေ့၊ မအောင်မြင်ဘူး ပြေးကြရော"

"ပြေးတာ ဘယ်လိုကြောင့် ပြေးရတာတုံး ... မိဂျမ်းရဲ့"

"နင်တို့ရွာသားတွေ သတ္တိကောင်းလို့လား မေးတာဟဲ့"

"ကျွန်မတို့ရွာသားတွေကလည်း သူကြီးကစပြီး ရွာသားအဆုံး သတ္တိတော့ မခေဘူးတော်"

"ငါတို့သူကြီးနဲ့တော့ ကွာပါ့အေ"

"မစုန်းတို့သူကြီးက ဘယ်လိုဖြစ်နေလို့တုံး"

"ဓားပြလို့အသံကြားရင် ငှက်များတက်ပါရောအေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် . . ."

"ဓားပြတွေပြန်မှ ငှက်ဖျားကျတယ်၊ ကိုယ်ပူကျတယ်"

"သူ့အိမ်ကိုရော ဓားပြလာမတိုက်ဘူးလား"

"သူကြီးကိုယ်နှိုက်က ပုဆိုးရေစိုရင် ထည်လဲဝတ်စရာမရှိ သူကြီးအိမ်တော့ မတိုက်ဘူးပေါ့အေ။ အိမ်ကြီးအိမ်ကောင်းမှန်ရင်တော့ တ တာပဲပေါ့"

"အခု ငါတို့ရွာနီးချုပ်စပ်မှာ ပြောသံကြားနေရတာက နာမည် ကြီးဓားပြတွေ ညည်းတို့ရွာကို တိုက်လို့မရဘူး၊ ဝင်ရင် အဖြစ်ဆိုးအမျ မျိုးနဲ့ ကြုံရရောတဲ့၊ ဘကျမ်းရော၊ ရွှေကျိုင်းရော လုံးဝကို ဘဝပျက်သွား တယ်လို့ ကြားတယ်။ ရွှေကျိုင်းရဲ့ နောက်လိုက်တွေကလည်း ဟောဒီ ဘဝတစ်သက် ချမ်းသာချင်သလောက် ချမ်းသာကြပါစေ မုတ္တမကျွ တောင်ယာကုန်းရွာကို လုံးဝ မျက်စောင်းမထိုးတော့ဘူးတဲ့အေ"

"ဟုတ်လား"

"အဲဒီလိုပြောတယ်"

"ဟုတ်ပါ့တော်။ ညည်းတို့ရွာ နာမည်ကြီးနေပုံက တကယ့်အေ ချက်ကြီးအေ့။ ဟဲ့ . . . ဟဲ့ . . . မိကျမ်းတို့၊ အေးဘုံတို့ရဲ့ ငါတို့ နောက်ထ မျိုးကြားရတာ ရှိသေးဟဲ့ . . . မိန်းမရဲ့"

"ဘာများတုံး မစုန်းရဲ့ . . . ဟင်"

"ညည်းတို့ရွာကို ဓားပြဝင်တိုက်လို့မရတာ ဟို ခြေလိမ်ရသေ့ကြီး ရွာကိုပတ်ပြီး နေ့ရောညပါ သမ္ဗုဒ္ဓေဂါထာနဲ့ စည်းချလို့ တိုက်မရတာ လည်း ပြောနေ သတင်းကြီးနေကြတာဟဲ့။ အဲဒါရော အဟုတ်ပဲလား အေးဘုံနဲ့ မိကျမ်း"

"ရသေ့ကြီးက ရွာထဲမှာမနေဘဲ ဘီလူးခေါင်းပြတ်သချိုင်းမှာ တယ်ဆိုအေ့"

"ဟုတ်တယ်"

"ရသေ့ကြီးက အောက်လမ်းပညာဆိုလား၊ ဂန္ဓာရီဆိုလား တ





အဲဒီအတတ်နဲ့ ညည်းတို့ရွာကို စောင့်ရှောက်နေတာလို့လည်း ပြောနေ တယ်။ အဲဒါ ဟုတ်သလားလည်း သိချင်သဟဲ့"

"ပေါက်ကရရှစ်ဆယ် စကားတွေပါ မစုန်းနဲ့ မမြသန်းစိန်ရယ်။ ကျွန်မတို့ရသေ့ကြီး ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောထဲမှာ နေတာတော့ ဟုတ်ပါတယ်။ ဒါကလည်း သူက လူသူအနှောင့်အယှက်ကင်းကင်းနဲ့ တရား အားထုတ်ချင်လို့တဲ့"

"သူက မကြောက်ဘူးလား"

"မကြောက်လို့ နေတာပေါ့ဟဲ့"

"ဒါဆို ဟို . . . အောက်လမ်းပညာ . . ."

"အလကား . . . နားမလည်ဘဲ ချဲ့ကားရမ်းတုတ်နေကြတာပါ မမြသန်းစိန်ရယ်။ ကျွန်မတို့ ဘရသေ့ကြီးက သူတော်ကောင်းကြီး၊ တရား ကြီး။ သူက ကျွန်မတို့ကို ငါးပါးသီလ မြဲမြံဖို့၊ ကံသုံးပါးကို စောင့် ကြဖို့ နေ့တိုင်းပြောတယ်။ နောက်ပြီး သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုးလည်း ရသေ့ပဲ ကျွန်မတို့တစ်ရွာလုံးကို ရွတ်ဖို့ သင်ပေး နည်းလမ်းပေးသလို ကိုယ်တိုင်ကလည်း ကျွန်မတို့ရွာလေးကို မနက်ရော၊ ညနေရော စည်း သလို လှည့်ရွတ်တာတော့ နေ့စဉ်ပဲ . . . မစုန်းရယ်"

"အေးပေါ့အေ . . . ညည်းတို့ ရွာသူရွာသားအားလုံးက စိတ် ကောင်းနှလုံးကောင်းလည်း ရှိကြပါတယ်။ အများစုကလည်း အကုသိုလ် ကင်းတဲ့အလုပ်ကို လုပ်ကိုင်စားသောက် လှူဒါန်းကြတော့ ညည်းတို့ရွာကို မှာဒေဝနတ်တွေ၊ ကွင်းပိုင်ကြီးတွေ၊ ရုက္ခစိုးတွေ၊ ရွာတော်ရှင်တွေက ပိုင်း းစောင့်ရှောက်လို့သာ ဓားပြ၊ သူခိုး ရွာထဲဝင်လို့ မရတာနေမှာ အမှန် အေ . . . သိလား"

မစုန်းက လူကြီးပီပီ ဦးနောက်ဉာဏ်လေးနဲ့ ချင့်ချိန်စဉ်းစားပြီး တော့ မမြသန်းစိန်ကလည်း ခေါင်းညိတ်ပြီး ထောက်ခံတယ်။

"ဟုတ်မှာပဲအေ . . . သူတော်ကောင်းရွာမို့ နတ်ကောင်းစောင့်မ ဘနေမှာအေ့"



www.burmeseclassic.com

www.burmeseclassic.com



"မစုန်းတို့လည်း အဲဒီ သမ္မာဒေ့ဝါထာကို ရွတ်ကြပါလား။ ရွတ်တယ်ဥစ္စာ"

"အင်း . . . ရွတ်တော့ ရွတ်ချင် ဆိုချင်ပါရဲ့ . . . မဂျမ်းရယ် ခက်တာက ငါတို့လင်သားများအလုပ်က ဖားရှာ၊ ငါးရှာ၊ ကြက်သတ်၊ ဝက် သင့် နွားပေါ်အလုပ်လုပ်ကြရ။ တစ်ခါ တစ်ရွာလုံးကလည်း အရက်သမား ထန်းရည်သမား၊ ကြက်သမား၊ ဘိန်းစား၊ ဖဲသမား များလွန်းတော့ စောင့် ရှောက်ချင်တဲ့ သမ္မာဒေဝ နတ်များကလည်း စိတ်ကုန်ကြရောပေါ့အေ"

"အိုတော် . . . ကိုယ်က စိတ်ကောင်းနှလုံးကောင်းလေး သီးသန့် မွေးပြီး ရွတ်ရင်လည်း တစ်ရွာလုံး မတတ်နိုင်သည့်တိုင် ကိုယ့်ကိုယ်ကိုယ် တော့ စောင့်ရှောက်မှာပေါ့တော်။ အလုပ်တွေ ရမည်ပြမနေနဲ့။ ရွတ်သာ ရွတ်"

"အေး . . . အေး . . . ကျေးဇူးပါပဲ မိဂျမ်းနဲ့ အေးဘုံရယ်။ သွား မယ်ဟေ့"

"သွားတော့ . . . သွား . . . သွား . . ."

"စားပြီးမှသွားပါလား . . . မမြသန်းစိန်တို့"

"အချိန်မရပါဘူးအေ။ အပြန်နောက်ကျရင် အိမ်ကအနာကျ ဖနောင့်စာ ကျွေးနေဦးမယ်အေ့"

"အခုလည်း အနာကျကြီးသောက်ဖို့ အရက်ဝယ်သွားရတုန်း လား"

"ဒါပေါ့အေ . . . အနာကျကောင်က ပြောသေးအေ့"

"ဘယ်လိုပြောလို့တုံး . . . မမြသန်းစိန်ရဲ့"

"လင်လုပ်သူကို အရက်ဝယ်ပေးရ၊ တိုက်ရတဲ့ကုသိုလ်ကလည်း နောင်ဘဝရောက်ရင် အရက်ဆိုင်ရှင်ဖြစ်မှာတဲ့တော်"

"ဟုတ်လား . . . အစ်မက သာဓု မခေါ်လိုက်ဘူးလား"

"သာဓုပါတော်လို့ ခေါ်ချင်ပေမင့် တို့ဘကြီးကိုကျော်စိန်ပြော သာဓုပါတော်ဓာတ်ကို ကြောက်လို့ မခေါ်လိုက်ပါဘူးအေ။ လုပ်ချင်တာတော့ အမှုန့်ပါကြိတ်ပစ်ချင်တာအေ့။ သွားပြီ . . . မဂျမ်းတို့ရေ"





အဲဒါ ဟိုရွာရောက်ရင် ဟိုလူကမေး။

ဒီရွာရောက်ရင် ဒီလူကမေးပဲ။

အချို့ကလည်း ဘရသေ့ကြီးကြောင့် အန္တရာယ်ကင်းနေတာတဲ့။ အချို့က သမ္မာဒေ့ဝါထာ တန်ခိုးကြောင့်တဲ့။

အချို့ကတော့ . . .

ရွာတော်ရှင်ရက္ခစိုးကြီး ထောရေချမ်းကို သွားစော်ကားလို့ ရွာ တော်ရှင်နဲ့ ကွင်းပိုင်နဲ့ ပေါင်းပြီး ဒဏ်ခတ်လို့ တိုက်မရတာတဲ့။

အဲဒီလို ငှက်ကြီးတောင်ဘဂျမ်းတို့၊ ကာယသိဒ္ဓိရွှေကျိုင်းတို့ ဘဝ ကူးသွားတဲ့အကြောင်းကို ဓားပြခေါင်းဆောင် စနေဂြိုဟ်တို့အဖွဲ့က ကြား ရော။

စနေဂြိုဟ်ကလည်း ပေါ့သေးသေးဓားပြ မဟုတ်ဘူးနော်။

စနေဂြိုဟ်ရဲ့အဖေ အာဠာဝကမီးပွားက ပိုဆိုးတယ်။ သူ့အဖေ မီးပွားက အင်္ဂလိပ်အစိုးရ အုပ်ချုပ်တုန်းက တောနင်းရှာဖမ်းရတဲ့ ဓားပြပဲ။

အသတ်အဖြတ် ရက်စက်တယ်။

သူကြည့်မရတဲ့လူဆို ရင်ခွဲပြီးသတ်တယ်။

သွေးခမ်းအောင် သွေးကြောဖြတ်ပြီး ညှဉ်းသတ်တယ်။

ဓားနဲ့မွှန်း ဆားပက်ပြီး သတ်တယ်။

ဒါကြောင့် အင်္ဂလိပ်အစိုးရ ဂေါ်ရာပုလိပ်အဖွဲ့နဲ့ တောနင်း ရေ ကြောင်းလမ်းကိုပိတ်ပြီး တစ်ဖွဲ့လုံးကို ဖမ်းခဲ့ရတယ်။

ဓားပြဗိုလ်မီးပွားကို နောက်ဆုံး ဝါးပိုးပင်အဖျားမှာ အရွက်တွေ နဲ့ ကွယ်ပုန်းနေလို့ အောက်ကနေ ဆင်းခဲ့လို့ ပြောရတယ်။

မီးပွားကလည်း မဆင်းဘူး။

ဒါနဲ့ အရှင်လိုချင်လို့ သေနတ်ထောင်ဖောက်ခြောက်လည်း ဝါး ပိုးပင်ဖျားကနေ မဆင်းဘူး။

နောက်ဆုံး ဝါးပိုးပင်ကို အောက်ခြေကနေ ဓားတို့၊ ရဲတင်းတို့နဲ့ ခုတ်ပိုင်းဖြတ်တော့မှ ဝါးပင်လဲကျပြီး မီးပွားခြေကျိုး မပြေးနိုင်ဘဲ လက်ရ ဖမ်းလို့ရခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စက်ရှင်တရားသူကြီးက ကြိုးမိန့်သုံးကြိမ်နဲ့ မသေမချင်း အသေစားသေစေလို့ အမိန့်ချခဲ့ရတယ်။

ဒါကြောင့် သုံးကြိုးမီးပွားလို့လည်း ခေါ်ကြတယ်။

အဲဒီ မီးပွားရဲ့သားက စနေဂြိုဟ်ပဲ။

ပါပဂြိုဟ်နှင်းနေတဲ့ စနေဂြိုဟ်က မီးလုံးပဲဗျ။ ရွှေကျိုင်း၊ ရွှေဖျိုင်း သိန်းမောင်၊ ဘဂျမ်းတို့နဲ့ အပြိုင်ဆိုးတဲ့ မိုက်တဲ့ ဓားပြပဲ။ အကြောင်း အလန့်မရှိဘူး။

ခုလည်း …

ကာယသိဒ္ဓိရွှေကျိုင်း သူတောင်းစားဘဝ ရောက်သွားတဲ့သတင်း ကို စနေဂြိုဟ်ကြားတယ်။ ကြားလို့ သေချာအောင် မေးတယ်။

"ငရိုး …"

"ဗျာ … ဆရာကြီး"

"မင်းကြားခဲ့တာ အမှန်ပဲလား … ငရိုး"

"အမှန်အကန်ပါ … ဆရာကြီး။ ငှက်ကြီးတောင်ဘဂျမ်းလည်း လူရုပ်မပေါ်ခဲ့ဘူး။ ကာယသိဒ္ဓိရွှေကျိုင်းလည်း မီးကွင်း သူ့လည်ပင်းပြန် စွပ် မီးလောင်ပြီး ရုပ်ပျက်၊ ဘဝပျက်သွားတာ အခု မသန်မစွမ်းဘဝနဲ့ ရွာလည်တောင်းစားနေရတယ်။ သူတို့နဲ့ ကျုပ် တွေ့ပြီး မေးပြီးပြီ"

"သူတို့ရော၊ ရွာနီးချုပ်စပ်က ပြောတာရောက ဟို … ဘီလူး ခေါင်းပြတ်သချိုင်းကုန်းက ခြေနိမ့်ရသေ့ကြီးရဲ့ အစီအရင်ကြောင့်လိုလို ပြော ဆိုဝေဖန်နေကြတာပဲဗျ"

"ဟင်း … ဟင်း … ဟင်း … ဟင်း … ဒါကြောင့်ကိုး … ဒီလိုကြောင့်ကိုး။ ငါထင်တဲ့အတိုင်းပဲကိုး။ … ဟား … ဟား … ဟား ဟား … စနေဂြိုဟ်နဲ့ တွေ့ကြသေးတာပေါ့ကွာ။ ဟား … ဟား … ဟား ဟား …"

ဓားပြဗိုလ် စနေဂြိုဟ်က ခြောက်လုံးပြူးသေနတ်ကို လှည့်ကစား ရင်းက သူ့အကြံနဲ့သူ အော်ဟစ်ရယ်မောပစ်လိုက်တယ်။

✿ ✿ ✿

| ၁၃ |

# ဒီကျောင်းအစာဘဝရောက်သွားတဲ့ ရသေ့ကြီး

❑

ကျုပ်တို့တစ်ရွာလုံး ဘရသေ့ကြီးကို ဆွမ်းလောင်းဖို့ မျှော်နေကြ တယ်။

တောင်ကျောင်းက ကိုရင်တွေ ဆွမ်းခံကြွသွားတာ ကြာလှပြီ။

ဘရသေ့ကြီး ဒီနေ့ ပေါ်မလာသေးဘူး။

တဖြည်းဖြည်း နေက မြင့်လာပြီ။ ဘယ်လိုကြောင့်ပါလိမ့်။

"ဘရသေ့ … နေမျာ: မကောင်းလို့လားဟဲ့"

"မသိဘူး"

"ဟိုတစ်ခါလိုများ ခရီးသွားနေလို့လားများကွယ်"

"ခရီးသွားမယ်ဆိုလည်း ဒီနေ့ ဆွမ်းခံမကြွဘူးလို့ ကြိုပြောမှာ ပေါ့အေ"

"အေး … ဒါလည်း ဟုတ်တာပဲ။ မတော်လို့များ နေထိုင် မကောင်းဖြစ်လို့ ကျောင်းမှာပဲနေရင် ဘယ်သူပြုစုမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဆွမ်းကိစ္စရော ဘယ်သူစီစဉ်ပေးမှာတုံးဟဲ့"

"အဲဒါ အရေးကြီးတာပဲဗျာ"

"အရေးကြီးရင် ဘယ်လိုလုပ်မတုံး။ ပြောကြဖော့"

"ဆွမ်းနဲ့ဆေးတော့ သွားကပ်မှဖြစ်မယ်ဖော့"

ဒါနဲ့ ရွာဦးကျောင်းက ကပ္ပိယကြီးဦးကျော်စံကေးကို အကူအညီတောင်းရတယ်။ သူက ရဟန်းသံဃာကိစ္စ၊ ဆွမ်းကွမ်းကိစ္စကျတော့ ကျုပ်တို့လူငယ်တွေထက် ပိုနားလည် လုပ်တတ်ကိုင်တတ်တာကိုးဗျ။

သည့်နောက် ကျုပ်ရယ်၊ ကိုသာစည်ရယ်၊ ဆယ်အိမ်ခေါင်း ခေါင်းပိန်ငသိန်းရယ်၊ ရွှေအုပ်ကြီးရယ် ပေါင်း ငါးဦး။ ဆေးဆရာကြီး ဦးနီခင်ပေးလိုက်တဲ့ ငန်းဆေး၊ အဖျားဖြတ်ဆေးများယူ ဆွမ်းအုပ်ကို ကိုသာစည်က ပိုက်၊ ဟင်းချိုင့်ကို ကပ္ပိယကြီးကဆွဲပြီး ဘရသေ့ရှိရာ ဘီလူးခေါင်းပြတ်သချိုင်းတစ်ပါးကျောင်းရှိရာကို ချီတက်ခဲ့လိုက်ကြတယ်။

ကျောင်းရှေ့ရောက်တော့ လှုပ်ရှားသံ မကြားရဘူး။

ငြိမ်သက်တိတ်ဆိတ်လို့။

ကျောင်းနံဘေးဝါးတန်းမှာ ရေလဲသင်္ကန်းတစ်ထည် လှမ်းထားတာ မြင်ရတယ်။ အစိတ်ဝင်အိုးလေးထဲမှာ ရေအပြည့်ရှိနေတာကိုလည်း မြင်ရတယ်။

"ဘရသေ့ ... ဘရသေ့ ..."

"ဗျို့ ... ဘရသေ့"

အရမ်းလည်း ကျောင်းပေါ် မကပ်ရဲ၊ မတက်ရဲဘူးလေ။ ဟိုတစ်ခါတုန်းကလည်း ယင်မမဲရိုင်းအုပ်ကြီး ဝေါခနဲ ဝုန်းခနဲ ပျံလာပြီး ကျုပ်တို့ပါးစပ်ထဲ၊ နှာခေါင်းထဲဝင်လို့ အော့အန်ပြီး ထမင်းမစားနိုင်တာ သုံးလေးရက်ဗျာ။

"ပြန်မထူးပါလားဗျာ ... ကပ္ပိယကြီးရ"

"အေးကွ ... ကျိန်းများနေလား၊ ခရီးများ သွားနေသလား"

"ရှေ့တိုးမေးပါဗျ ... ကိုကေးရ"





"မင်းတို့ တိုးမေးပါလားကွ။ လာလေ ... လာပါ"

"ခင်ဗျားက ဘုန်းကြီးကျောင်းကပ္ပိယလုပ်နေပြီး နေရာတကာကြောက်နေရလားဗျ ... ဦးကေးရ"

"ကပ္ပိယလည်း အသက်နဲ့ လူလုပ်နေတာကွ။ ဒီနေရာ ဒီအရပ်ဟာ ဘာကုန်းလည်း မင်းတို့အသိမဟုတ်လား"

"သိပါတယ်ဗျာ ... ဘီလူးခေါင်းပြတ်သချိုင်းကုန်း"

"လူမနေကုန်း"

"အေး ... ဒီ ဘီလူးခေါင်းပြတ်သချိုင်းကုန်းက အစောင့်တွေ နိုင်တွေက မင်းတို့၊ ငါတို့ ဒီကိုလာတာကို ကြိုက်သလား။ မကြိုက်ဘူးလား။ မင်းတို့ အကာပ်ပြောနိုင်လား။ ပြောကြ ..."

ဒီမှာ ကိုသာစည်နဲ့ ခေါင်းပိန်ငသိန်းတို့က စိတ်ပေါက်ပေါက်နဲ့ပြောရော ...

"ကျုပ်တို့က ဘရသေ့ကျောင်းကို စားပြတိုက်ဖို့ လာခဲ့တာမဟုတ်ဘူး ... ကိုကေးရ"

"ဟုတ်တယ် ... ကိုသာစည်နဲ့ ခေါင်းပိန်ငသိန်းပြောတာ မှန်တယ်။ ကျုပ်တို့ သူခိုးစားပြမဟုတ်ဘူး။ တစ်နယ်လုံး အသိပဲ။ ကျုပ်တို့ သေ့ကြီး နေမကောင်းခဲ့ရင် ဆေးဝါးနဲ့ ပြုစုဖို့ စားဖို့ ဆွမ်းကပ်ဖို့ ရည်ရွယ်ပြီး သန့်သန့်ရှင်းရှင်းနဲ့ လာခဲ့ကြတာ။ ဘာကိုတွေးပြီး ကြောက်ရမှာတုံး ကပ္ပိယကြီးရ"

"ဒီမှာ ကပ္ပိယကြီး ..."

ရွှေအုပ်ကြီးက ကြောက်ရွံ့ရွံ့ဖြစ်နေတဲ့ ကပ္ပိယ ကိုကျော်စံကေးကို ကြည့်ပြီး ပြန်ပြောတယ်။

"ဘာတုံး ... ရွှေအုပ်"

"ခင်ဗျားကြောက်ရမှာ ဘီလူးခေါင်းပြတ်သချိုင်း မဟုတ်ဘူးဗျ သိလား"

"ဘာလဲ ဘာသိရမှာလဲကွ"

"ခင်ဗျားကြောက်ရမှာ သူကြီးရဲ့ထိတ်တုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကွာ . . . ဟင်း . . . ဟင်းနော် . . . မင်းတို့ ဘုန်းကြီးကျောင်း နဲ့ ဟိုဒင်းနေရာမို့ ငါ သည်းခံနေတာ သိလား"

"သူကြီးထိတ်တုံး လူလိုနေတယ်တဲ့"

"ငါပြန်မယ်ကွာ"

ကပ္ပိယဦးကေးက စိတ်ဆိုးပြီး လှည့်ပြန်မလို့အလုပ်မှာ ကိုသာ စည်က ဦးကေးကို နောက်ကနေတွန်းပြီး ဝါးကျောင်းရှေ့ရောက်အောင် ဒ သွားကြတယ်။

ကျောင်းဝရောက်လို့ အပေါ်ကို လှမ်းကြည့်လိုက်ကြရော . . .

"ဟင် . . ."

"ဟာ . . ."

"ဘရသေ့ကြီး မရှိပါလားဟ"

"ခရီးများ သွားရော့လားကွာ"

"ဟော့ . . . ဟော့ . . . ဟိုဟာ . . . သူရုံနေကျ ဖာတစ်ရာချုပ် တစ်ရာ ပုံ့သကူသင်္ကန်းကြီး မဟုတ်လားဟေ့။ ကြည့်ကြစမ်း"

ကျုပ်တို့ ကပ္ပိယကိုကျော်စကေး လက်ညှိုးထိုးပြရာ ကျောင်း ရင်းမြေပြင်ကို လှမ်းကြည့်လိုက်ကြရော . . .

ဝါးကျောင်းအနောက်ဘက် မြေသားလမ်းလေးပေါ်မှာ ဘရ ကြီး ရုံလေ့ရှိတဲ့ ချုပ်ရိုးဗရပွနဲ့ ပုံ့သကူသင်္ကန်းကြီးကို ဖြုလရမ်း မြင်လို ရတယ်။

"ဟုတ်တယ် . . . ဒါ ဘရသေ့သင်္ကန်းပဲ"

အားလုံး ကျနေတဲ့ သင်္ကန်းရှိရာကို ပြေးသွားကြည့်လိုက် ရော . . .

"ကိုသာစည်နဲ့ ကိုရန်ကုန် ဒီမှာကြည့်ကြစမ်း။ ဒါ ဘာတုံး"

ကျုပ်တို့ မြေပြင်ကိုငုံ့ပြီး ဂရုတစိုက် ကြည့်လိုက်ကြတယ်။

"ဒါ တရွတ်တိုက်ဆွဲရာကွ"

"ဒါကရော့ကွ"





မစိုမခြောက် မြေသားလမ်းပေါ်မှာ လူတစ်ယောက်ကို တရွတ်ဆွဲသွား တဲ့ တရွတ်တိုက်ရာ စွတ်ကြောင်းကြီးနဲ့အတူ လူခြေရာအချို့ကိုလည်း မမျှော် လင့်ဘဲ မြင်လိုက်ရတယ်။

ကျုပ်တို့အားလုံး စိုးရိမ်သွားကြတယ်ဗျ။

"ဘုရား . . . ဘုရား . . . ဘရသေ့ကို ဝက်ဝံများဆွဲ . . ."

"ဟ . . . ခေါင်းပိန်ရဲ့၊ ဒါ ဝက်ဝံခြေရာမဟုတ်ဘူးကွ . . . တေ့ား ဒါ လူ . . . လူခြေရာတွေ။ မင်းတို့ငါတို့ ခြေရာမျှပဲရှိတဲ့ လူခြေရာ"

"ဟို ဘီလူးသရဲတွေများ"

"တော်စမ်းကွာ . . . လူခြေရာပဲဖြစ်ဖြစ်၊ ဘီလူးသရဲခြေရာပဲဖြစ် ဖြစ် ငါတို့ ခြေရာခံလိုက်ကြမယ်"

ကျုပ်တို့ ဘရသေ့ရဲ့ ပုံ့သကူသင်္ကန်းကို ကောက်ယူလိုက်ကြည့် လိုက်ရော သင်္ကန်းစုတ်ပြဲနေတာကို မြင်ရတယ်။ သည့်နောက် တရွတ် ကြောင်းကြီးကို ခြေရာခံလိုက်ခဲ့လိုက်ကြရော . . .

တဖြည်းဖြည်းနဲ့ တောက သစ်ပင်ဝါးပင်အုပ်တွေနဲ့ အနည်းငယ် မှောင်တောင်တောင်ဖြစ်နေတယ်။

"ရှေ့တိုးကြမှာလား"

"မှောင်နေသလိုပဲဗျာ"

"စွတ်ကြောင်းကို မြင်နေရတုံးကွ"

"တိုးကွာ . . ."

သည့်နောက် ရှေ့ဆက်တိုးတိုးပြီး လာလိုက်တော့၊ နောက်ဆုံး ဒီ ရောက်တဲ့ သင်ပေါင်းတောစပ်ကို ရောက်လာကြပါရောဗျာ။ ရှေ့မှာ ခနိ တွေ၊ ဆူးသင်ပေါင်းပင်တွေနဲ့ ခရျူပင်၊ ခရာပင်များကို အပြိုင်းအရိုင်း ရတယ်။

"စွတ်ကြောင်းက ဒီမှာဆုံးသွားတယ်ဟေ့"

ကျုပ်တို့ ပတ်ဝန်းကျင်နဲ့ မြေပြင်ကို ဂရုစိုက်ပြီး လေ့လာလိုက် တော့ တရွတ်ကြောင်းရော၊ လူခြေရာရော ဒီနေရာမှာ လုံးဝရပ်သွားတယ်။

"ဟော့ . . . ကိုသာစည်၊ ဟိုသင်ပေါင်းပင်မှာ ငြိနေတာ ဘာတုံး"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က သင်ပေါင်းဆူးကြားက ပိတ်စလေးတစ်စကို မြင်ရ လှမ်းပြောရော။ ကိုသာစည်က ဒီရေဖွက်ထဲကို ဆင်းပြီး သင်ပေါင်းဆူ ငြိနေတဲ့ လက်ဝါးခန့်အစလေးကို လှမ်းယူကြည့်လိုက်ရင်းက …

"ဟာ … ဒါ သက်န်းစကွ"

"ဟေ … ပြစ်မ်း … ဟုတ်တယ်ဟေ့။ သင်္ကန်းစက ဘာလို့ နေရာ သင်ပေါင်းပင်မှာ လာငြိနေရတုံးဟ"

ကျုပ်တို့အားလုံး ဝိုင်းစဉ်းစားကြတယ်။

"ငါစဉ်းစားလို့ ရတာရှိတယ် … ရန်ကုန်ရေ"

"ဘယ်လိုစဉ်းစားရတုံး … ကိုသာစည်၊ ပြောပါဦး"

"ငါ့အထင်တော့ ဘုရသေ့ကြီးကို တစ်စုံတစ်ဖွဲ့ ပေါ့ကွ။ အနည် ဆုံး လူသုံးလေးယောက်လို့ မှန်းတယ်။ အဲဒီလူတွေဟာ လူကောင်းသူကော တော့ မဖြစ်နိုင်ဘူး။ လူဆိုးလူသွမ်း လူမသမာတွေ ဖြစ်နိုင်တယ်။ သူ ဘုရသေ့ကြီးကို နှိပ်စက်ညှဉ်းပန်းပြီး ဒီနေရာကို ခေါ်လာကြမယ်။ ပြီး ရေရောက်သင်ပေါင်းတောထဲကို စွန့်ပစ်လိုက်လို့ သင်ပေါင်းဆူးမှာ သင်္က စုတ်ပြဲငြိကျန်ရစ်တာလို့ ထင်တာပဲ"

ဒီမှာ ဆယ်အိမ်ခေါင်း ခေါင်းပိန်သိန်းက မေးရော …

"ဘာကြောင့် ဒီရေရောက် သင်ပေါင်းတောထဲကိုမှ ရွေးပစ်ရ တုံး"

"ဒီနေရာမှာ မိကျောင်းတွေ လာလေ့ ဝပ်လေ့ ဥလေ့ရှိတယ် ကျောင်းတွေရှိတာကို ငါတို့သိတယ်။ မဟုတ်မှလွဲရော ရသေ့ကြီးကို ကြ မိကျောင်းစာကျွေးတာပဲနေမယ်"

"တောက် …"

"တောထဲမှာ သတ်ခဲ့ပြီး စွန့်ပစ်ရင်ရော မရဘူးတဲ့လားကွ"

"အကြောင်းတော့ရှိမှာပေါ့။ ဘာကြောင့် ဒီရေရောက်တောထဲ မိကျောင်းစာ ကျွေးရသလဲဆိုတာတော့ သူတို့ထဲက တစ်ယောက်ယော ပြောမှပဲ ငါတို့ အတိအကျ သိရမှာပေါ့ … သိန်းရာ"





"ဝုန်း …"

"ဝုန်း … ဝုန်း … ဝေါ … ဝေါ …"

"အဲဒါ ဘာတုံး သာစည်"

"အဲဒါ ပင်လယ်ဒီရေ တက်လာတာပဲ။ မယုံရင် စောင့်ကြည့်နေ။ ရေက ဟောဒီနားအထိ ရောက်တယ်"

သူတို့ပတ်ဝန်းကျင်မှာ နောက်ထပ် ဘယ်လိုသဲလွန်စများ ရနိုင် မှာလည်းလို့ လိုက်ရှာလိုက်ကြတော့ နောက်ထပ် လမ်းဖြောင့်လမ်းသစ် အကွေ့ဖြတ်စပ်ကြားမှာ ပုတီးတစ်ကုံးကို သွားတွေ့ရတယ်။

ဟုတ်ပြီ …။

ဒါ ဘုရသေ့ရဲ့ စိပ်ပုတီးပဲ ဖြစ်ရမယ်။

ပုတီးက အကောင်းအတိုင်း ရှိသေးတာကိုး။ မကြာခင်မှာပဲ ပင် ယ်ဒီရေက သင်ပေါင်းတောကို တဝုန်းဝုန်းလိမ့်ရိုက်တဲ့ အသံနှင့်အတူ ရေတောထဲမှာ လှုပ်ရှားနေတဲ့ သတ္တဝါနှစ်ကောင်ကို သူတို့ မြင်လိုက်ရပါ ရော။

"ကိုရန်ကုန် … ဟိုမှာ … ဟိုမှာ … မိ … မိကျောင်း …"

"ဟာ … ဟုတ်တယ်ဟေ့။ မိကျောင်းနှစ်ကောင်တောင်ဟ"

မိကျောင်းကြီးနှစ်ကောင်ရယ် …

ကျောကုန်းစောင်းကြီးတွေ ထပြီး လူသံကြားလို့ ပါးစပ်ကိုဖြဲလိုက် ကြတယ်။ ဒါနှင့်အတူ ရေပြင်ကို အမြီးနဲ့ရိုက်ပြီး ကျုပ်တို့အသံကြားရာ အရပ်ကို နှာခေါင်းဖော်ပြီး ကူးလာတာကို မြင်ရပါရောဗျာ။

မိကျောင်းဆိုတဲ့ သတ္တဝါဟာ အလွန်ကြောက်စရာကောင်းတဲ့ သတ္တဝါဗျ။ တစ်ခါတစ်ခါ ရေထဲမှာ၊ ရေစပ်မှာ သစ်တုံးသစ်ခွေးလို ကိုယ် ကိုဖော့ပြီး အယောင်ဆောင်နေလေ့ရှိတယ်။

ဒီကောင်တွေရဲ့ သဘာဝဟာန်ပန်က အသက် (၈)နှစ်ကနေ (၁၀) နှစ်သားမှာ ရှစ်ပေကနေ ဆယ်ပေအထိ ရှည်လျားသတဲ့ဗျာ။

ဆယ်ပေရှည်ရင် အရွယ်ရောက်ပြီလို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းဟာ အနှစ် (၄၀) အရွယ်အထိ မျိုးပွားလို့ရတယ်။ နွေ ရာသီ (အင်္ဂလိပ်လိုဆိုရင် မတ်၊ ဧပြီ၊ မေလ) မှာ မိတ်လိုက်လေ့ရှိတယ်။ မိုးဦးကျကောင်းချိန် (ဩဂုတ်လ) မှာ ဥအုကြတယ်။

တစ်နှစ်ကို တစ်ကြိမ်ပဲ ဥအုပြီး မွေးတာ။ တစ်ခါပေါက်ရင် ဥ အလုံး (၂၀)ကနေ (၇၀) အထိ ဥနိုင်တယ်တဲ့ဗျ။

ပြီး . . . ဥကနေ အကောင်ပေါက်သည်အထိကို ရက်ပေါင်း (၉၀) ခန့်ကြာတယ်တဲ့။ အချို့မိကျောင်းများက ကိုးတောင်ကျော်ရှိတယ်။ သူ့ကို ငမိုးရိပ်မိကျောင်းမျိုးလို့ ခေါ်တယ်။

မိကျောင်း နှာတို၊ နှာရှည်ရှိတယ်။

သူတို့က ဒီရေတောမှာ အသိုက်လုပ်လေ့ရှိတယ်။

ခုလည်းကြည့်လေ . . . ဒီရေတက်လာတာနှင့်အမျှ သူတို့ရဲ့လှုပ် ရှားမှုက ပိုပြီးမြန်လာတယ်။ လှုသံကြားရာအရပ်ကို အသာမျှောပြီး ကူး လာနေတာမြင်ရော ကိုသာစည်က 'ပြန်စို့' လို့ပြောတာနဲ့ . . .

"ဘယ်လမ်းကပြန်မလဲ . . . ကိုသာစည်"

"ရသေ့ကြီးကို ခေါ်သွားတဲ့လူတွေ ဒီရေစပ်မှာ ခြေရာပျောက် သွားတယ်။ ဒါ ရေနေဘီလူး မဖြစ်နိုင်ဘူး။ ကုန်းလူဘီလူးတွေက စောစော တုန်းက ငါတို့ ပုတီးကောက်ရတဲ့ လမ်းကျဉ်းလေးမှာ သူတို့ အပြန်ခြေရာ ကို တွေ့တယ်။ လာ . . . အဲဒီခြေရာအတိုင်း လိုက်စို့"

ကျုပ်တို့ လမ်းကျဉ်းလေးအတိုင်း အချိန်တစ်နာရီခွဲခန့် လိုက် လာလိုက်တော့ ဘီလူးခေါင်းပြတ်သချိုင်းတောကို ဖောက်ထွက်တဲ့လမ်းမှန်း သိလိုက်ရတယ်။

ဟုတ်ပြီ။ ဒီမှာ သူတို့ အပြန်ခြေရာ ဆုံးသွားပြီ။

သူတို့ တောထဲက လူရိုင်းဘီလူးတွေ မဖြစ်နိုင်ဘူး။

ယုတ်ညံ့ရက်စက်တဲ့ လူအရိုင်းအစိုင်း၊ သူယုတ်မာတွေပဲ ဖြစ်ရ မယ်ဗျာ။

ကျုပ်တို့ ရွာထဲပြန်ရောက်တော့ ရွာဝမှာကတည်းက သူကြီး (ဦး





အောက်ဖား) ရော၊ ရွာသူရွာသားများကရော အလောတကြီး မေးကုန်ကြ ပါရောဗျ။

"ဟောကောင် . . . ရန်ကုန်၊ ရသေ့ကြီး ဘာဖြစ်လို့တဲ့တုံး"

"နေမကောင်းတာ အမှန်ပဲလားဟေ့ ဟင်"

"ဟ . . . မင်းတို့ ငါမေးတာ မကြားကြဘူးလား။ အ,နေကြ သလား။ ဟိုကောင်သာစည်နဲ့ ခေါင်းပိန် ရသေ့ကြီး ဘာလို့ ဆွမ်းခံမကြွ ဘာတုံး။ မြန်မြန်ပြောကြစမ်း"

"သူကြီး . . ."

"မြန်မြန်ပြောကွ . . . ရှာရိုးမသားတွေ။ တောက် . . ."

"ရသေ့ကြီး . . . မ . . . ရှိ . . . တော့ . . . ဘူး"

"ဘာ . . . ဘာ . . ."

"ဟင် . . . ဘယ်လို . . ."

"ဟ . . . ဟ . . . ဘာတဲ့ဟ"

"ဟောကောင် . . . ရန်ကုန်နဲ့သာစည် . . . ရသေ့ကြီး မရှိဘူးဆို ဘာက ကျောင်းမှာမရှိတာလား၊ ခရီးသွားနေတာလား၊ ပျံလွန်တာလား ရှင်းရှင်းပြောကြစမ်းပါကွာ။ မင်းတို့နှယ်ကွယ် . . ."

"ပျံလွန်တော်မူသွားပုံရတယ်"

"ဟေ . . . ပျံလွန်တော်မူပုံရတယ်။ ဘယ်လိုကြောင့် ဒီလိုပြောရ ဘာတုံး"

ဒီမှာ ကျုပ်တို့က ရသေ့ကြီး ဒီနေ့ ဆွမ်းခံကြွမလာလို့ ဘာများ ဖြစ်လို့လဲ သိရအောင် သူနေသည့် ဘီလူးခေါင်းပြတ်သချိုင်းကုန်း တော ကျောင်းကို သွားရောက်ကြည့်ရှုကြရာမှ နောက်ဆုံးမြင်ခဲ့ရသည်။ တွေ့ရှိခဲ့ သည့် သက်နှင်းအစုတ်စ ပံ့သကူသက်နှင်းနှင့် ပုတီးတစ်လုံးကိုပြရင်း ဝမ်း နည်းစွာ ပြောလိုက်ရသောအခါ . . .

ကြားရသူ ရွာသူရွာသားတို့ ဟစ်၍ ငိုလိုက်ကြတော့တယ်ဗျာ။

"အောင်မယ်လေး . . . ဘရသေ့ကြီးရဲ့ . . . ဟီး . . ."

"ဖြစ်ရလေတော် . . . ဖြစ်ရလေတော့် . . . ဟီး . . . ဟီး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရက်ရက်စက်စက် လုပ်ရက်ပါကြပါပေ့တော်။ သင်းတို့လည်း သေ ချင်းဆိုးနဲ့ သေကြပါစေတော်။ အမယ်လေး ... ဘရသေ့ကြီးရဲ့ ... ဟီး"

"တောက် ... ဖြစ်မှဖြစ်ရပလေကွာ"

"သူတော်ကောင်းကြီးပါကွာ"

"ဘာကြောင့် ဒီလိုလုပ်ရတာတုံးကွာ ... ဟင်"

"တစ်နေ့တော့ အဖြေပေါ်လာမှာပေါ့ ... သူကြီးရာ"

"အခု ငါတို့ ဘာလုပ်ကြမှာတုံး"

"ရသေ့ကြီး ပျံလွန်တော်မူသွားပြီလို့ ယုံကြည်ရတော့မှာပဲ။ သို့ သော် ဟိုတစ်ခါလို ဖြုန်းခနဲ တစ်နေရာရာက ပြန်ပေါ်လာရင် ကျုပ်တို့ အရှုံးဖြစ်ရဦးမယ်။ အဆဲခံရဦးမယ်ဗျာ။

"ဒါလည်း စဉ်းစားစရာပဲကွ။ ငါတို့ရသေ့ကြီးက ထူးဆန်းတာကိုး"

"ခုဟာကတော့ ရှင်းတော့ရှင်းတယ် သူကြီး။ ဘာလို့လဲဆိုတော့ ရသေ့ကြီး သက်နံ့မပါ မရုံဘဲနဲ့ ဘယ်အရပ်ဒေသကိုမှ သွားမှာမဟုတ် ဘူးကွ"

"ဒါ မှန်တယ်။ ရန်ကုန်ပြောတာ ဟုတ်တယ်"

"ဒီတော့ မင်းတို့က ဘာလုပ်ကြမှာတုံး"

"သုံးရက်လောက် စောင့်ကြည့်ကြမယ်ဗျာ။ သုံးရက်စေ့လို့မှ ရသေ့ ကြီး ပြန်ရှင်မလာ၊ ပေါ်မလာရင် ကျုပ်တို့ ဘရသေ့ကြီးအတွက် ရက်လည် ဆွမ်းသွတ်တရားနာ လုပ်ကြတာပေါ့။ မကောင်းဘူးလား"

"အိမ်းလေ ... ဒီလိုပဲ လုပ်ရတော့မှာပေါ့။ အင်း ... ဘုရား သိကြားမလို့ ငါတို့ရသေ့ကြီး ပြန်လာပါစေဗျာ။ ဘုရား ... ဘုရား ... ဘုရား ... အင်း ... အင်း ... ဒါလည်း ဒုက္ခပဲကိုး ... ဒုက္ခပဲကိုး .. အနိစ္စပဲကိုး"

✿ ✿ ✿

| ၁၄ |

# ချိုးအမတော့နှင့် ကျည်ဆန်သုံးတောင့်

နှစ်ရက်မြောက်ညမှာ အလွန်ချောက်ချားစရာကောင်းကိုစွက်ကို ကျုပ်တို့ တစ်ရွာလုံး တစ်နယ်လုံး မကြုံစဖူး ကြုံကြရပါရောဗျာ။

ကျုပ် ကြိုပြောထားပြီးပြီနော် ... စာရေးဆရာ။

အခု စာရေးဆရာကို ပြန်ပြောပြနေတာလည်း ဇာတ်ပေါင်းပြီး နောက်ပိုင်း စာရေးဆရာ စိတ်ဝင်စားချင်အောင် ကျုပ်က ဝတ္ထုဇာတ်လမ်း သို့ ပြန်ပြောပြနေတာ။

ဒါကြောင့် လူဆိုးဓားပြတွေ သူတို့ ဘယ်လိုကြံစည် လုပ်ကိုင်ကြ သလဲဆိုတာကို ပြဇာတ်ကနေသလို ကျုပ်က ပြောပြသရုပ်ဖော်နေတာ။

စနေဂြိုဟ်တို့အုပ်စုက ညဦးပိုင်းကတည်းက ခြောက်လုံးပြူးရိုင် ဖယ်၊ နှစ်လုံးပြူးသေနတ် စသည်တို့ကို သေသေချာချာ စစ်ဆေး၊ ပြောင်း တိုက် ဆီထည့်၊ အစမ်းပစ်ကြည့် လုပ်ထားကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သေနတ်သုံးမျိုးစလုံး ခလုတ်ညှစ်လိုက်တိုင်း ကျည်ထွက်တယ်။

သည့်နောက် သူတို့ကိုးကွယ်သည့် ပယောဂဆရာကြီး ဦးမြွေ‌ေ စီရင်ပေးသည့် ရှုန့်ပန်းထည်အနီစကို သေနတ်ပြောင်းမှာ ချည်နှောင်ထား လိုက်တယ်။

ကြိုက်တဲ့အစီအရင်နဲ့ ဆောင်ပြီး ရှေ့က ခံပလေ့စေ။

ဦးမြွေပွေး အင်းချ၊ နတ်တိုက်စီရင်ပေးထားတဲ့ ရှုန့်ပန်းထည်အနီ ချည်နှောင်ထားတဲ့ သေနတ်နဲ့ပစ်ရင် ကျည်ထွက်ပြီး မှန်တာနဲ့ ပွဲချင်းပြီး သေရောတဲ့။

စနေဂြိုဟ်က သူ့ဆရာကြီးဦးမြွေပွေးရဲ့ အစီအရင်ကို အကြွင်းမဲ့ နီးပါး ယုံကြည်တယ်။

လက်တွေ့ သုံးကြည့်ဖူးလို့ပဲလေ။

တစ်ခါတုန်းကလည်း ချိုးအမတေ လက်ကိုင်ရှိတဲ့ လူတစ်ယောက် ဆောင့်ကြွားဆောင့်ကြွားလုပ်နေတာ မြင်ရတယ်။

ကိုယ့်လူ ချိုးအမတေကလည်း စွမ်းသလားပဲ။

တုတ်နဲ့ရိုက်တာ တုတ်ကျိုးတယ်၊ လူမကွဲဘူး။

ချိုးအမတေ ရထားသူရဲ့ အမည်က ကိုရာဟုတဲ့။ တစ်နေ့ တဲ သောက်ဆိုင်မှာ ရာဟုနဲ့လူတစ်စုရန်ဖြစ်ကြတာ မြင်ခဲ့ရတယ်။

ရာဟုကို လူလေးယောက်က ဓားမြှောင်နဲ့ ဝိုင်းထိုးကြတယ်။ တစ် ယောက်က ဓားရှည်နဲ့ ခုတ်တယ်။

ရာဟု ပြတ်ခြင်း၊ ရှခြင်း၊ ပြဲခြင်း မရှိဘူး။

လူကြမ်းလေးယောက် အံ့အားသင့်နေတုန်းမှာပဲ ကိုရာဟုက ခွေး ခြေခုံနှစ်လုံး ဘယ်ညာကိုင်ပြီး ဝင်ရိုက်ပစ်တာ ခေါင်းကွဲသူကွဲ၊ မျက်လုံး ထွက်သူထွက်၊ လက်ကျိုးသူကျိုးဖြစ်ပြီး ပြေးကြရော။

နောင်အခါ ရာဟုကိုမြင်ရင် ခပ်ဝေးဝေးက ရှောင်သွားကြရတယ်။ အဲဒီအဖြစ်အပျက်များကစပြီး ရာဟုအမည်ပျောက်လို့ ကိုချိုးလို့ သူ့ကို ခေါ်ကြတယ်။





အဲဒီလူ ကိုရာဟု ချိုးအမတေရပြီး ကာယသိဒ္ဓိကောင်းနေမှန်း သိတော့ စနေဂြိုဟ်ဝယ်မလို့ (ရယူဖို့) ကြိုးစားရော …

"ရောင်းမလား … ကိုရာဟု"

"ဘယ်လောက်ပေးမှာတုံး ကိုယ့်လူက"

"တစ်သိန်းပေးမယ်"

"ဒီလိုရှားပါးပစ္စည်း တစ်သိန်းနဲ့ ရောင်းရမလားဗျ"

လွတ်လပ်ရေးခေတ်ဦးက ငွေတစ်သိန်းရှိရင် သူဌေးဘွဲ့ခံလို့ရတယ်။ ...ကား၊ တိုက်ရယ်၊ ခြံရယ်၊ ရွှေရယ် ဝယ်ပြီး အငြိမ့်သား၊ အခန့်သား ...လို့ရတဲ့ငွေ …"

"ဒါဆို ဘယ်လောက်ရရင် ရောင်းမှာတုံး ကိုရာဟု"

"ငါးသိန်းရရင် ရောင်းမယ်"

"ငါးသိန်း … မများလွန်းဘူးလား … ကိုရာဟုရာ … ဟင်"

"ငါးသိန်းများမယ်ထင်ရင် ငွေဆယ်သိန်းကိုင်ပြီး မြို့တိုင်း၊ ရွာ ...ိုင်းမှာ လိုက်ရှာလေဗျာ။ ရမလားလို့ … ဟင်း … ဟင်း … ဟင်း"

"ဒါဆို ငါးသိန်းပေးရင် ရောင်းမယ်အမှန်ပေါ့"

"ငွေငါးသိန်းပြရင် ရောင်းမှာပါ"

"တုတ်ပြီးတာ ကျိန်းသေလား"

"အခု ရိုက်ကြည့်လေကွာ"

"ဓားပြီးတာရော အမှန်အကန်ပဲလား"

"ကွမ်းခြံကုန်းက ကျောက်မျက်လုံးတို့၊ ကျေးကန်းတို့အဖွဲ့သာ ...သွားမေးကြည့် … ကိုယ့်လူ"

ကျောက်မျက်လုံးဆိုတာ တစ်ခါတုန်းက ကိုရာဟုကို ဓားမြှောင် ...ဝိုင်းထိုးတုန်းက ခွေးခြေရိုက်ချက်မိပြီး မျက်လုံးထွက်သွားလို့ ကျောက် ...မျက်လုံးအစားထည့်ထားရတဲ့ အဖွဲ့ကို ပြောတာ။

"ကျည်ဆန်ရော ပြီးလား"

"တစ်အချက် … သေနတ်နဲ့ ပစ်စမ်းရင် မီးမကူးဘူး။ ကျည်



www.burmeseclassic.com

www.burmeseclassic.com



မထွက်ဘူး။ နှစ်အချက် ... ကျည်လွဲတယ်။ သုံးအချက် ... အခန့်မသ
လို့ ကျည်ဆန်မှန်ခဲ့ရင် အသက်မသေဘူး''

''ခင်ဗျား စမ်းပြီးပလား ... ကိုရာဟု''

''ဝက်လည်ပင်း၊ ဘဲလည်ပင်းမှာ ဆွဲပြီး စမ်းပြီးပြီ။ ဒါကြော
ငါး ရဲရဲတောင်းတာ ... ကိုယ့်လူ''

''ကျုပ်တို့ ကြက်လည်ပင်းမှာ ဆွဲပြီး စမ်းမယ်။ ဘယ့်နှယ် ...''

''သေနတ်နဲ့ စမ်းမှာလား''

''ဒါပေါ့ဗျာ''

''ခြောက်လုံးပြူးလား ... ရိုင်ဖယ်လား''

''ရိုင်ဖယ်က ပေါက်ကွဲအား ပိုကောင်းတာပေါ့ဗျာ။ စမ်းရင် ရိုင်
ဖယ်နဲ့ပဲ စမ်းမယ်လေ''

အဲဒီအချိန်တုန်းက ရိုင်ဖယ်က ပြင်းအား ပေါက်ကွဲအား ကော
တဲ့ သေနတ်ပဲဗျ။ စာဆိုတောင်ရှိသေးဗျာ။

ရိုင်ဖယ် တစ်မိုင်အလယ်မှာ တိုင်မကွယ်နဲ့။ တိုင်ကွယ်ရင်ထော
တိုင်ဖောက် အသက်ပျောက်သတဲ့လေ။

''ရိုင်ဖယ်နဲ့ စမ်းမယ်။ ဘယ့်နှယ်တုံး ...''

''ကြက်ရော မင်းတို့ယူလာမယ့်ကြက်လား၊ ငါယူလာရမ
ကြက်လား''

''ကျုပ်ကြက် မလုပ်ဘူး။ ခင်ဗျားစိတ်ကြိုက်ကြက်ရဲ့ လည်
မှာ ချည်ထားပေး။ သုံးချက်ပဲပစ်မယ်''

''ကျည်မထွက်လား၊ ကျည်လွဲလား၊ အသေအရှင်လား''

''ကျည်မထွက်၊ ကျည်လွဲရင် ကျည်မှန်လို့ မသေခဲ့ရင် ကျုပ်
ငွေငါးသိန်းနဲ့ ချက်ချင်းဝယ်မယ်''

''ကြိုက်တယ်''

''ဘယ်နေ့ စမ်းမလဲ ကိုရာဟု''

''မင်းတို့ကြိုက်တဲ့နေ့ ချိန်းပါ''





''တနင်္လာနေ့ မနက် (၆) နာရီ''

''နေရာကရော''

''ခင်ဗျားက ပိုင်ရှင်ပါ။ ခင်ဗျား စိတ်ချပြီး ကြိုက်တဲ့နေရာကို ရွေးပါ။ ကျုပ်တို့ ခင်ဗျားပစ္စည်းကို မလုဘူး။ စိတ်ချ ...''

''ကျွဲတိုက်ကုန်းကွင်း''

''ရတယ်''

တနင်္လာနေ့မှာ ကိုရာဟုတို့အဖွဲ့က ကြက်ဖြူစပ် ဥဇန်းတိုက်ကြက် တစ်ကောင်ပိုက်ပြီး လူအုပ်နဲ့ ကျွဲတိုက်ကုန်းကွင်းမှာ စောင့်နေကြတယ်။

ဒီနေရာက လောင်းကြေးနဲ့ ကျွဲတိုက်နွားတိုက်တဲ့ကွင်း။ ဘေးဘီ ရှင်းတယ်။ ကိုင်းတောက ဟိုးအဝေးမှာ။

တနင်္လာနေ့ မနက် (၆)နာရီမှာ စနေဗြိုဟ်တို့အဖွဲ့ကလည်း ရိုင်ဖယ်သေနတ်ကြီးနဲ့ ရောက်လာကြတယ်။

စနေဗြိုဟ်၊ သောကြာသား၊ ပြဿဒါးတို့ သုံးယောက်ပဲ။

ဒီသုံးယောက်က နာမည်ကြီး ဓားပြတွေ။

ရာဟုက မသိဘူး။ ရာဟုရှေ့မှာတော့ နာမည်ပြောင်းပြီး အရောင်းအဝယ် ဆက်ဆံကြတာ။

စနေဗြိုဟ်က သူ့ကိုယ်သူ ကိုခင်မောင်ရွှေလို့ အမည်ပြောင်းပြီး စီစဉ်တာကိုး။ ဓားပြမှန်းသိရင် ဘယ်ဒီလိုချိန်းပြီး လုပ်ရဲမှာလဲ။

အမှန်ကလည်း ...

စနေဗြိုဟ်တို့က အကြံအစည်နဲ့ လာခဲ့တာ။

သူတို့ ရိုင်ဖယ်သေနတ်မှာ သူတို့ကျေးဇူးရှင် ဆရာကြီးဦးမြွေဖွေး စီရင်ပေးလိုက်တဲ့ ရှုန်ပန်းထည်အနီစကို သေနတ်ပြောင်းမှာ ချည်နှောင် ထားတယ်။ ရှုန်ပန်းထည်အနီစပေါ်မှာ အင်းကွက်တွေ စီရင်ထားတာရှိ တယ်။ ဆရာကြီးက မနေ့ကတည်းက မှာလိုက်တယ်လေ။

''သေနတ်ပြောင်းမှာ ငါစီရင်တဲ့ ရှုန်ပန်းထည်စကို ချည်ပြီး ပစ် ကွာ။ ကာယသိဒ္ဓိပြီးရင် ပြီးတယ်ဆိုတဲ့ကောင် ရင်ပွင့်သွားရမယ်။ ကြက်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



လာလာ၊ အမတေလာလာ၊ အင်းလာလာ၊ ပုတီးလာလာ၊ မိုးကြိုးလာလာ ကြိုက်ရာပစ္စည်းကိုပစ်။ အကုန်ကိစ္စပြတ်သွားရစေ့မယ်။

အေး . . . ငါ့အစီအရင်နဲ့ပစ်လို့မှ ကျည်လည်း မထွက်ဘူး၊ မီးလည်း မကူးဘူး၊ ကျည်ထွက်ရင်လည်း လွဲတယ်၊ မှန်ရင်လည်း ပွဲချင်း မသေဘူးဆိုခဲ့ရင် မင်းတို့စမ်းတဲ့ပစ္စည်း အဆောင်ဟာ ငါ့ရဲ့ အစီအရင် ထက် ပိုစွမ်းနေလို့ပဲ။

အဲဒီလို ဖြစ်ရပ်ဆန်းကြယ်လာခဲ့ရင်တော့ ငါ့ကောင်စနေဂြိုဟ် ငွေ ငါးသိန်းမဟုတ်ဘူး ပေါင်းနေတဲ့ မင်းမိန်းမပါ သူတို့ထံအပ်ပြီး သုံးကြိမ် ထိုင်ကန်တော့ပြီး . . . ယူခဲ့။ ကြားလား . . .''

''ဟုတ်ကဲ့ပါ ဆရာကြီး''

''ရောက်ပြီနော်''

''ရောက်ပြီ''

''ငွေရောပါလား . . . ကိုခင်မောင်ရွှေ''

''ရော့ . . . ဒီမှာကြည့် . . . ငွေငါးသိန်း။ အတု တစ်ရွက်မှ ဘူး။ မောင်ကောင်းလက်မှတ်နဲ့ ရာတန်ချည်းပဲ။ ကြည့် . . .''

စနေဂြိုဟ် (ခင်မောင်ရွှေ)က လွယ်အိတ်ထဲက ရာတန်အုပ်တွေကို သူတို့ရှေ့မှာ သွန်ပြလိုက်တယ်။ ရာဟုတို့ထဲက မြို့ကြီးသားတစ်ယောက်က ရာတန်တွေကို စစ်ဆေးပြီး ရေတွက်ကြည့်တယ်။

''စေ့ရဲ့လား . . . ကိုယ့်ဆရာ''

''အိုကေ . . . စေ့တယ်''

''လက်ခံရင် လုပ်ငန်းစကြစို့။ တစ်ခါတည်း အများရှေ့မှာ သ သေထားပြီး ပြောမယ်။ ဟောဒီရိုင်ဖယ်သေနတ်နဲ့ ငါးပေအကွာကနေ သုံး ချက်ပစ်မယ်။ သုံးချက်ကျည်မထွက်ရင် ငွေငါးသိန်းယူပါ။ ကျုပ်တို့ ချိုး အမတေကို ယူသွားမယ်။

နောက်သုံးချက် ကျည်ဆန်ထွက်တယ် ကြက်ကိုမမှန်ဘူး၊ လွဲခဲ့ ရင် အရောင်းအဝယ်ဖြစ်တယ်။ နောက်ဆုံးအချက် ချိုးအမတေကို ခွဲ ထားတဲ့ကြက်ကို ကျည်ဆန်မှန်တယ်။ ကျည်ထိတဲ့ကြက် (၁၀) မိနစ်အတွင်း





သေခဲ့ဘဲ ပြန်အသက်ရှင်ရင် အရောင်းအဝယ်ကိစ္စ နှစ်ယောက်စလုံး အောင် မြင်တယ်။ (၁၀) မိနစ်အတွင်း သေသွားရင် ကျုပ်တို့ မဝယ်ဘူး။ ကြိုက် ကြလား ကျေနပ်လား''

''ကြိုက်တယ်''

''ကျေနပ်တယ်''

''ကြိုက်လို့ ကျေနပ်ရင် ကိုရာဟု ခင်ဗျားဘက်က အသင့်ပြင်။ ကျုပ်ဘက်က ဒီမှာကြည့်။ ရိုင်ဖယ်ကျည်ဆန်သုံးတောင့် ထည့်လိုက်ပြီ''

စနေဂြိုဟ်က ရှန်ပန်းထည်အနီစ အစီအရင်ချည်ထားတဲ့ ရိုင် ဖယ်သေနတ်ရဲ့ ကျည်အိမ်ထဲကို ကြေးနီရောင်ကျည်ဆန် အသစ်သုံးတောင့် ထည့်ပြီး အသင့်ရှိအောင် လုပ်လို့ ငါးပေအကွာကနေ မှုဆိုးဒူးထောက်ပြင် ပြီး စောင့်နေလိုက်တယ်။

ကိုရာဟုကလည်း ဥဗန်းကြက်ဖတစ်ကောင်ရဲ့ လည်ပင်းမှာ ချိုး အမတေကို သားရေအိတ်နဲ့ ထည့်ပြီး ချည်စွပ်ပေးထားလိုက်တယ်။

ကြက်လန့်ပြေးလို့ မရအောင် ဇန်ချည်ကြိုး၊ ခြေကြိုးချည်ပြီး သံ ချောင်းမှာ ကြိုးငါးပေအရှည်နဲ့ လှန်ထားလိုက်တယ်။

ဒီအချိန်မှာ လေပြည်ပြည်လေးက ကိုင်းတောဘက်ကနေ တိုက် ခတ်လို့ စနေဂြိုဟ်က ရိုင်ဖယ်ကိုချိန်ရင်း လေအငြိမ်ကို စောင့်နေလိုက်တယ်။

လေအရှိန်ကြောင့် . . .

သေနတ်ပြောင်းမှာချည်ထားတဲ့ ရှန်ပန်းထည်အနီစနှစ်ခုက တလူ လူ တလွန့်လွန့် ဖြစ်နေတယ်။

စနေဂြိုဟ်က ကြက်ဖရဲ့ရင်အုပ်ကို ရိုင်ဖယ်ပြောင်းနဲ့ ချိန်ပြီး ချိန် ရွယ်ချက်နဲ့ ရင်အုပ်တည့်တည့်ချိန်၊ လေငြိမ်ချိန်ကို စောင့်နေလိုက်တယ်။

ကိုရာဟုတို့အဖွဲ့ကလည်း ရင်တမမပဲ။

ငွေငါးသိန်းဆိုတာ နည်းတဲ့ငွေမဟုတ်ဘူး။

လုပ်ငန်းအောင်မြင်ရင် တစ်သက်စာ ရင်းနှီးဖို့ရပြီလေ။ စနေဂြိုဟ် ကလည်း သေနတ်ပစ် အလွန်လက်ဖြောင့်တယ်။ ကောင်းကင်မှာပျံနေတဲ့ ငှက်တို့၊ လင်းဝက်တို့ကို တစ်ချက်တစ်ကောင် ထိအောင်ပစ်ချတာ



www.burmeseclassic.com

သက်ငြိမ်ပစ္စည်းများ ပစ်ရမယ်ဆိုရင် . . .

ကြံသောင်းဝါး သုံးပြန်အဝေးမှာ တိုင်စိုက်ပြီး တိုင်ပေါ်မှာ မာလကာသီးကိုတင်ထား၊ မာလကာသီး လွင့်စင်ကွဲရမယ်။ ဝါးတိုင် ဘာမှမဖြစ်စေရဘူး။

လေထဲ ကောင်းကင်ပေါ် အရက်ပုလင်းကို အားကုန်မြှောက်ပြီး ရိုင်ဖယ်၊ ဒါမှမဟုတ် ခြောက်လုံးပြူးနဲ့ ထိုးပစ်ရင် ပုလင်းကွဲရော . . .

လူ့အရုပ်ကို တစ်မြင်အကွာကထားပစ်ရင် . . .

ညာမျက်လုံးဆို ညာမျက်လုံး၊ ဘယ်မျက်လုံးဆို ဘယ်မျက်လုံး နဖူးဆို နဖူးပဲ။

စနေဂြိုဟ်ကို ပြိုင်ဘက်ဓားပြတွေက သေနတ်ချင်းယှဉ်ပြီး ပါ ခေါ်မပစ်ရဲဘူး။ စနေဂြိုဟ်က အိပ်နေရင်း အသံကြားလို့ ထပစ်၊ ကော ပစ်ရင်တောင် 'တည့်' ထိမှန်တာ။

ဒီမှာ တသုန်သုန်တိုက်နေတဲ့လေ ရုတ်ခြည်းငြိမ်သွားတယ်။

လေလည်းငြိမ်ရော စနေဂြိုဟ်က အသက်ကိုအောင့်ပြီး မော ခလုတ်ကို လက်ညိုးနဲ့ ဆွဲညှစ်ချလိုက်တယ်။

"ချောက် . . ."

"ဟာ . . ."

"မထွက်ဘူးဟေ့"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ရာဟုတို့ဘက်က ပထမကျည်ဆန် ဒိုင်းခနဲမမြည်ဘဲ ချောက်ခနဲ မြည်လို့ ဝမ်းသာအားရ ထခုန်အော်ဟစ်လိုက်ကြတယ်။

စနေဂြိုဟ် နဖူး ချွေးစို့သွားတယ်။ ပြဿဒါးက အနားကိုတိုး ပြီး တိုးတိုး သတိပေးစကား ပြောလိုက်တယ်။

"ဆရာကြီးကို . . . တပါကွ . . . ဂြိုဟ်ကြီးရ"

"အေး . . . အေး . . ."

စနေဂြိုဟ် ကျေးဇူးရှင် အဘဆရာကြီးကို တမ်းတပြီး မောင်း





တင်လို့ ဒုတိယတစ်တောင့်ပစ်ရန် ချိန်လိုက်တယ်။ ကြက်က သူ့ကိုကြည့် ကွတ်ကွတ်လို့ အသံပြုနေတယ်။

ရှေ့ချိန်ပေါက်ထဲမှာ ကြက်ရဲ့ဇလုတ်ဝင်လာရော ခလုတ်ကို ညှစ် လိုက်တယ်။

"ချောက် . . ."

"ဝေး . . . ဝေး . . . ဝေး . . ."

"လုံးဝ မထွက်ပါဘူးကွ။ ဟား . . . ဟား . . . ဟား . . . ဟား"

ဟုတ်ပါရဲ့။ ဒုတိယကျည်လည်း မထွက်ဘူး။ စနေဂြိုဟ် နဖူးပေါ် ချွေးကို လက်ညှိုးနဲ့သပ်ချရင်း သူ့အဖော် သောကြာသားနဲ့ ပြဿဒါး လှမ်းကြည့်လိုက်တယ်။

အဖော်နှစ်ဦးက ခေါင်းညိတ်ပြလိုက်တယ်။ လက်မထောင်ပြတယ်။

သဘောပေါက်တယ်ပေါ့ဗျာ။ ဒါကို ရာဟုတို့အဖွဲ့က အထာမပေါက် သူတို့က ကျည်နှစ်ချက် အသံမထွက်တဲ့အတွက် ဝမ်းအသာကြီး သာ ပျော်ရွှင်ခုန်ပေါက်နေကြတာ၊ ငွေရတော့မှာကိုး ဗျ။

"ကိုရာဟု . . . ကျုပ် နောက်ဆုံးတစ်ချက် ပစ်မယ်"

"ပစ်ပါ . . . ကိုခင်မောင်ရွှေ။ စိတ်အေးအေးသာ ပစ်ပါဗျာ"

"ကျုပ်ရဲ့ပစ္စည်းကို ကျုပ် ယုံကြည်ပြီးသားပါဗျာ။ အဟဲ . . . ဟဲ . . . ဟဲ . . ."

ကိုရာဟုက လက်မထောင်ပြပြီး သဘောကျနေတယ်။

စနေဂြိုဟ်ကလည်း ပြုံးလိုက်တယ်။

သူတို့ အပြုံးအရယ်များရဲ့ ရည်ရွယ်ချက်တို့၊ လားရာကတိတို့က ညီကြဘူး။

သည်မှာ စနေဂြိုဟ်က ရိုင်ဖယ်သေနတ်ကို နဖူးမှာကပ်လိုက်ပြီး ရုပ်လေးမျက်နှာရှိ အပိုင်အဆိုင်များကို သေနတ်ပြောင်းတိုင်တည်သလို လိုက်တယ်။

ဒါကို ကိုရာဟုတို့အဖွဲ့က သဘောကျပြီး ရယ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သောကြာသားနဲ့ ပြဿဒါးတို့ကလည်း ဒီတစ်ချက်မှ ကျည်ဆန် မထွက်ရင် ဘာလုပ်ရတော့မယ်ဆိုတာကို စဉ်းစားရင်း လွယ်အိတ်ထဲ လက်နှိုက်လို့ ရင်ခုန်နေတယ်။

သည့်နောက် စနေဂြိုဟ်က သေနတ်ပြောင်းကို လက်ဝါးနှစ်ဖက်နဲ့ ညှပ်အုပ်ပြီး သူတို့ဆရာ ဦးမြွေပွေးကို ရည်မှန်းလို့ လက်အုပ်ချီ ဂါရ ပြုလိုက်တယ်။

ဒါ နောက်ဆုံးကျည်တောင့်ပဲ။

ဒီကျည်က သူတို့ဘဝကို ဒီနေ့မနက် အဖြေပေးရမှာ။

ရာဟုတို့ရော၊ စနေဂြိုဟ်တို့ရော ရင်တထိတ်ထိတ်ပဲ။

စနေဂြိုဟ် သေနတ်ပြောင်းကို အမတေချည်ထားတဲ့ ကြက်ဖရဲ့ ရင်အုပ်ရှိရာ ထိုးချိန်လိုက်တယ်။ ကြက်က လှုပ်ရှားနေတယ်။

သေနတ်ပြောင်းက ကြက်ရင်အုပ်ရွေ့လျားရာကို လိုက်ရွေ့တယ်။

ဒီမှာ ကြက်ဖက စုံရပ်ပြီး သေနတ်ပြောင်းကို စိုက်ကြည့်နေတာ

သူတို့ပြောပြချက်အရ သိရတာက ...

ကြက်ဖရဲ့ ကြည့်နေပုံက မျက်လုံးပြူးပြီး မျက်တောင်မခတ်ဘဲ သေနတ်ပြောင်းကို အံ့ဩထိတ်လန့်သည့် မျက်နှာလေးနဲ့ စိုက်ကြည့်နေခိုင်း မှာပဲ ...

"ဒိုင်း ..."

"ဖောင်း ..."

"ဟာ ..."

"ဟယ် ..."

"ဟင် ..."

"အဲဒါ စနေဂြိုဟ်တဲ့ကွ ... ကျား ..."

ရိုင်ဖယ်ပြောင်းဝက ဒိုင်းခနဲ မြည်ဟိန်းပေါက်ကွဲသွားတဲ့ တတိယ ကျည်ဆန်ဟာ သံတိုသံပြတ်နဲ့ နားအူရင်တုန်သွားတယ်။ မြည်ဟိန်းသွား တယ်။

စိတ်ကူးသစ်စာပေ



သေနတ်ပေါက်ကွဲ မြည်ဟိန်းသံအဆုံးမှာ ကြောင်ငေးအံ့ဩ ရပ် ကြည့်နေတဲ့ ကြက်ဖရဲ့ရင်အုပ်ပေါ်က ချိုးအမတေအိတ်ကို ကျည်ဆန်က မှန်ပြီး ကြက်ရင်အုပ်ကို ထိုးဖောက်ခွဲမွှေပစ်လိုက်တာ ...

ကြက်ဖကြီး တစ်စီဖြစ်ပြီး မိုးပေါ်ကို မြောက်တက်လွင့်စင် ပြန် ကျလာခဲ့တယ်။ မြေပေါ်ကို အခုပိုင်းပိုင်းဘဝနဲ့ ပြန်ကျလာတဲ့ ကြက်ဖရဲ့ ရည်ပင်းမှာချည်ထားတဲ့ သားရေအိတ်ကို ဖွင့်ကြည့်လိုက်တော့ ...

ချိုးအမေတေ မရှိတော့ဘူး။

ကျောက်အမှုန်အစအကွဲလေး နည်းနည်းပဲ ကျန်ရစ်ခဲ့တော့တယ်။

ကိုရာဟုတို့အားလုံး အံ့အားသင့်ပြီး စကားပြန်မပြောနိုင်ဘဲ ငေး ကြောင်ကြည့်နေကြတုန်းမှာပဲ ...

စနေဂြိုဟ်က ယမ်းခိုးဝေနေတဲ့ သေနတ်ပြောင်းကို သူ့နဖူးနဲ့ အရို သေပြုပြီးနောက် ငွေငါးသိန်းအိတ်ကို ပြန်ကောက်လွယ်လိုက်တယ်။

"ကိုရာဟု ..."

"နောက်ဆုံးကျည်ဆန်သာ မထွက်ခဲ့ရင် ကျုပ် ခင်ဗျားရဲ့ ကာယ ပြီးတယ်လို့ နာမည်ကြီးတဲ့ ချိုးအမတေကို ငွေငါးသိန်းပေးပြီး ဝယ်ဖို့ ခုတော့ ခင်ဗျားတို့ မြင်တဲ့အတိုင်း ကြက်ဖလည်း ချက်စားလို့မရ င် တစ်စီဖြစ်သွားသလို၊ ခင်ဗျားရဲ့အမတေကလည်း ကျောက်မှုန်ဘဝ ရောက်သွားပြီမို့ ကျုပ်တို့ ပွဲသိမ်းကြပါစို့ဗျာ နော်။ နောင်ကို ကာယ င်ပစ္စည်းကောင်းများရခဲ့ရင် ကျုပ်တို့ လာခဲ့ပါဦးမယ်။ ကြိုက်ဈေးသာ ကိုင်း ... သွားမယ်ဗျို့"

သူတို့သုံးယောက် ငွေအိတ်နဲ့ ရိုင်ဖယ်သေနတ်ကို လွယ်ပြီးနောက် ယ်စီစီးပြီ ဟိုးမုတ္တမကျွေ့ အရှေ့ရှုးစူးကို စိုင်းနှင်လို့ ပြန်သွားကြ

"တတိယကျည်ဆန် ထွက်သွားတာလည်း ကောင်းပါတယ် ... ဂြိုဟ်"

"ဘာဖြစ်လို့တုံး ... သောကြာရ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တတိယကျည်ဆန် မထွက်ခဲ့ရင် ဒီချိုးအမတေဟာ သိန္ဒြ
ပစ္စည်း အစစ်အမှန်ပစ္စည်း ကေန်အမှန် ဖြစ်ပြီပေါ့ဗျ"

"အဲဒါ ငါ့အတွက် မကောင်းဘူးလားဟ"

"ဆရာ့အတွက် ကောင်းပါတယ်။ သို့သော် ဆရာက ငွေငါး
မပေးဘဲ ဒီသိဒ္ဓိဝင်ပစ္စည်းကို အလကား လက်ရလိုချင်တယ်လို့ ပြော
တော့ ကျုပ်တို့ လူသတ်ရတော့မှာဗျ။ ဒါက သူတို့ကိုသတ်ပြီးမှ လုယူ
ကိုး။ ခုတော့ ကျုပ်တို့လည်း လူသတ်စရာ မလိုတော့ဘူးပေါ့ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..

"ငါတို့ဆရာကြီး ဦးမြွေပွေးရဲ့ အစီအရင်ကတော့ ဘာမှမ
ဘူးဟေ့"

"ကျုပ်တို့ ဆရာကြီးဦးမြွေပွေးကိုပဲ ယုံကြည်ကိုးစားကြတာ
မှန် နေရာမှန်ပဲ ... ဆရာစနေဂြိုဟ်ရေ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟ
လိုက်လေ ... ငါ့လူတို့ရာ။ ငါတို့ ဆရာကြီး ဦးမြွေပွေးရှိနေသမျှ
ဘာမှမဖြစ်ဘူးကွ။ ဟား ... ဟား ... ဟား ... ဟား ... ဟား ...

စနေဂြိုဟ်တို့ ဒီလိုအစီအစဉ်အကြံနဲ့ အကြံပျက်ပြီး ပြန်သွာ
မှာတော့ ကိုရာဟုတို့ လွှမ်းချင်းချနေချိန်ပေါ့ဗျာ။

"နောက်ဆုံးတစ်ချက်ကျမှကွာ ... တောက် ..."

"နို့မို့ ငါးသိန်းကွ ... ငါးသိန်း ... ငါးသိန်း ..."

"ခုတော့ ရာဟုရာ ... သူဌေးမဖြစ်ဘဲ ခွေးဖြစ်ရပေါ့ကွာ"

"ဒါမျိုးက ရောင်းဈေး မခေါ်ကောင်းဘူး ... ရာဟုရ"

"စောစောက ပြောပါလားကွ။ ခုမှ လာပြောရလား ...နို့"

"ဟိုကောင်တွေ အစီအရင်ပါပုံရတယ် ... ရာဟု"

"ဟုတ်ပါတယ်ကွာ။ ငါ့ပစ္စည်းအစွမ်း ငါသိပြီးသားပါ။ အေ
ကိုယ်နဲ့မထိုက်လို့ ပြန်သွားတာ သွားပေါ့ကွာ။ ဟူး ..."

အဲဒီနေ့ကစပြီး ရာဟုလည်း သူ့အရပ်မှာ လုံးဝမနေဘဲ မြ





ချုန်းပေါ်အရပ်ကို ပြောင်းသွားတယ်။ ရာဟုမှာ သိဒ္ဓိဝင်ပစ္စည်း မရှိတော့
ဘူးဆိုတော့ ...

မျက်လုံးထွက်၊ လက်ကျိုး ခေါင်းကွဲခဲ့ရတဲ့ ဟိုကောင်တွေလူစုက
ရာဟုကို အပြတ်ရှင်းဖို့ ချောင်းနေကြတာကိုး။

အဲဒါ သေမှာကြောက်လို့ မြောင်းမြက ကရင်အမျိုးများရှိရာ အမြန်
ပြောင်းပြေး လစ်ပြေးရတော့တယ်။

ဒီလိုမှ မပြေးရင်လည်း ဘုန်းကြီးငါးပါးနဲ့ မုန့်ဟင်းခါးကျွေးပြီး
ဆိတ်သွပ်ရမည့်ရက်က နီးကပ်လာပြီကိုဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

## မိကျောင်းစီးပြန်လာတဲ့ ရှေ့သွားကြီး

❑

စနေဂြိုဟ်တို့အဖွဲ့ ဘယ်လိုစားပြမှ တိုက်မလို့မရတဲ့ မုတ္တမကျေး တောင်ယာကုန်းရွာခေါ် သမ္ဗုဒ္ဓေရွာကို ဝင်တိုက်ဖို့ အစီအစဉ်ကိုချပြီး အိပ် ကြတယ်။

ကျုပ်တို့ မုတ္တမကျေးရွာလေးကို အများက သမ္ဗုဒ္ဓေရွာလို့ ခေါ် နေကြတယ်လေ။

တစ်ခါ စနေဂြိုဟ်တို့က မှောင်နဲ့မည်းမည်း ညဥ့်သန်းခေါင်လို အချိန် မတိုက်ဘူး။ ပုံစံသစ်ကို ပြောင်းလဲလိုက်တယ်။

ညဥ့်သန်းခေါင်မှာ မြွေဆိုးအန္တရာယ်၊ ခွေးဆိုးတွေရဲ့အန္တရာယ်နဲ့ အခြား မမြင်ရတဲ့ ချုံခိုအန္တရာယ်များကို ကြုံတွေ့နိုင်လို့တဲ့။

တိုက်ချိန်ကို ပြောင်းထားတယ်။

မနက် အရုဏ်မတက်ခင်မှာ ရွာကိုဝင်စီးမယ်။ ဒီမှာပဲ ကျုပ်တို့ ရွာမှာလည်း ...





"အူ ... ဝူ ... ဝူ ... ဝူ ... ဝူ ..."

"အူ ... ဝူ ... ဝူ ... ဝူ ... ဝူ ..."

"ဟဲ့ခွေး ... ဟဲ့ ... နားကို ညည်းနေတာပဲကွာ"

"ဒီနေ့ညကျမှ အူလိုက်တဲ့ခွေးတွေနှယ်"

မကောင်းဆိုးဝါးကိုမြင်လို့ အူနေပုံရယ်။

"အိန် ... အိန် ... ဂိန် ... ဂိန် ..."

"အူ ... ဝူ ... ဝူ ... ဝူ ..."

ဟန့်လို့လည်း မရဘူး။ တစ်ညလုံးလိုလို အူနေတာ။ သန်းခေါင် ...မှ တစ်မှေးပဲရတယ်။ မိုးဦးလေဦးကျလေးမို့ ကင်းစောင့်တာ မရှိတော့ ... အဲဒါ စနေဂြိုဟ်အတွက် အခွင့်အရေးကောင်းပဲ။ တစ်နည်း ကံကောင်း ...သောပဲ။

အရုဏ်တက်ခါနီးမှာ စနေဂြိုဟ် နိုးလာပြီး သူ့တပည့်အားလုံး ...နှိုးလိုက်တယ်။ အားလုံး အိပ်မှုန်စုန်မွှား ထကြတယ်။

သောကြာသား၊ ပြဿဒါး၊ ဝါဆို၊ ဝါခေါင်နဲ့ ဗြိတ္တာတို့ငါးဦး ကောက် ...က်နာသစ်ပြီး ရှမ်းဘောင်းဘီရှည်ကိုယ်စီဝတ်။ မြဲအောင် ခါးပတ်တွေ ...လိုက်ကြတယ်။

စနေဂြိုဟ်က ခါးပတ်အိတ်ထဲကို ခြောက်လုံးပြူးသေနတ်ထည့် ...တ်ကို ပိတ်လိုက်တယ်။

ပြီး ... ငှက်ကြီးတောင်ဓားရှည်ကို ပခုံးသိုင်းလွယ်။

ရှန်ပန်းနီကိုယ်စီ စည်းထားတဲ့ ရိုင်ဖယ်သေနတ်တွေကို ပခုံးမှာ ...လွယ်ပြီး မီးတုတ်တစ်ချောင်းနဲ့ အိမ်ပေါ်ကဆင်းပြီး မြင်းတင်းကုပ်ထဲ ...င်ကြတယ်။

သည့်နောက် မြင်းငါးကောင်ကို ကိုယ်စီစီးပြီး ခြံထဲကထွက်ရော။ ခြံဝအရောက်မှာ မြင်းတွေက ခြံအပြင်ကို မထွက်ကြဘဲ ခြံဝမှာ ...တ်တွန့်ဆုတ် လုပ်နေပါရောတဲ့။

"ဟဲ့ ... သားကြီး ... ထွက် ..."

"ထွက်လေ ... တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဟဲ့ ... ထွက်ဆို ... နေ ..."

"ဟီး ... ဟီး ... ဟစ် ... ဟစ် ... ဟီး ..."

မြင်းငါးကောင်က ခြံဝမှာပတတ်ရပ်ပြီး ဟီးကြ အော်ကြပါရော။

"တောက် ... အားလုံး နိုးကုန်တော့မှာပဲ"

ဒါနဲ့ မြင်းလက်ကိုင်ကြိုးနှင့် ရိုက်လည်း မြင်းတွေ ပတတ်ရပ် ခုတ်ပြီး နောက်ပြန်လှည့် ခါချသလိုလုပ်နေတော့ စနေဗြိုဟ်တို့ အခက်တွေ့နေပါရော။

"ဆရာဗြိုဟ် ... မြင်းတွေ ဘာဖြစ်နေတာလဲဗျ"

"အေးကွာ ... ဒီနေ့ကျမှ သောက်မြင်းတွေက ဘာလန့်နေမှန်း မသိဘူး"

"ရှေ့မှာ မြွေတွေဘာတွေ တွေ့လို့လားမျှားလားဗျ"

"ပြဿဒါး ... မင်း ဆင်းကြည့်လိုက်စမ်း"

စနေဗြိုဟ်ရဲ့အမိန့်ကြောင့် လူမိုက်ပြဿဒါး မြင်းပေါ်ကဆင်းပြီး မီးတုတ်ထွန်းလို့ ကြည့်လိုက်ရော ခြံဝမှာ မမျှော်လင့်တဲ့ပစ္စည်းတစ်ခု မြင်လိုက်ရပြီး လန့်သွားပါရော။

"ဆ ... ဆ ... ရာ ... ဗြိုဟ် ... အမြန် ... လာ ... ကြည့် ..."

"ဟ ... ငါး ... အလန့်တကြား ဘာဖြစ်နေတာတုံး။ ဘာမြင်ရလို့တုံး။ မင်းအမေကလွှားကွာ ... တောက် ..."

"မြန် ... မြန် ... လာကြည့်ပါဦး ... ဆရာဗြိုဟ် ... အမလေး ..."

ဒါနဲ့ ဓားပြခေါင်းဆောင် စနေဗြိုဟ် သူ့မြင်းနက်ကြီးပေါ်က ဆင်း မီးရောင်ပြထားတဲ့ ခြံဝကို သွားကြည့်လိုက်ရော။

"အမလေး ..."

"ဟာ ... ဟာ ... ဒါ ... ဒါ ..."

"ဆရာဗြိုဟ် ဘာတုံးဗျ"





ကျန်တပည့် နောက်လိုက်တွေလည်း သူတို့ခေါင်းဆောင်ရဲ့ ပါးစပ်က အလန့်တကြား အာမေဍိတ်စကားသံ ကြားရော ...

ကိုယ်စီ မြင်းပေါ်ကခုန်ဆင်းပြီး ခြံဝကို ကသောကမျော လာကြည့်ကြတော့တယ်။

"အမလေး ..."

"ဟာ ..."

"ဖွ ... ဖွ ... ဟဲ့ ... ဖွ ... ဖွ ..."

သူတို့မြင်လိုက်ရတာက ခြံဝအပြင်မှာ ခြစားထားတဲ့ သစ်သားခေါင်းကြီးတစ်လုံး။

အဲဒီသစ်သားခေါင်းကြီးပေါ်မှာ ...

လူသေကောင် ဦးခေါင်းခွံ မျက်ကွင်းဟောက်ပက် သွားကျဲပါးစပ်ဖြဲ အရိုးခေါင်း (၅) လုံး တန်းစီတင်ထားတာကို မမျှော်လင့်ဘဲ မြင်လိုက်ရလို့ပဲ။

"အူ ... ဝူ ... ဝူ ... ဝူ ... ဝူ ..."

"အိန် ... ဂိန် ... ဂိန် ... အိန် ... အိန် ..."

"အူ ... အူ ... ဝူ ..."

ခေါင်းပေါ်မှာ တန်းစီတင်ထားတဲ့ မျက်ကွင်းဟောက်ပက် အရိုးခေါင်း (၅)လုံးက သူတို့နေတဲ့ တဲကြီးရဲ့မျက်နှာဝ ခြံဝကို လှည့်နေကြည့်နေပုံကြီး။

"ပြဿဒါး ..."

"ဗျာ ... အာ ... ဗျာ ..."

"ဒါ ... ဒါ ... ဘယ်ကောင်တွေ လာထားသွားတာလဲကွ ဟင်"

"မ ... မသိဘူး ... ဆရာဗြိုဟ် ... ကျုပ် ... ကျုပ်တို့လည်း ဆစ် ... တစ်ညလုံး ... အိပ် ... အိပ်ပျော်နေတာ"

"တောက် ... ဒါ ... သက်သက်မဲ့ ငါတို့အလုပ်ကို နှောင့်ယှက်တာကွ"

"ဟုတ်တယ် ... ဆရာဗြိုဟ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဆရာဂြိုဟ်ခေါင်းခွံတွေက လှုပ် ... လှုပ်နေ ..."

"ဘာ ..."

မီးတုတ်မြှောက်ပြီး ကြည့်လိုက်ရော ဟုတ်တယ်ဗျာ ... လူ ခေါင်းငါးလုံးက ရှေ့တိုးနောက်ငင်ရော ဘယ်ညာပါ လှုပ်နေကြပါရော။

"လေတိုက်လို့ နေမှာပါ"

လေကလည်း တိုက်စပြုနေတယ်ကိုး။

"ကြောက်စရာကြီးဗျာ"

"ဒါကြောင့် ခွေးတွေ တစ်ညလုံးအူပြီး အခု မြင်းတွေ မထွက်တာဗျ"

"ကျုပ်တို့ ဘယ်လိုလုပ်မှာတုံး"

"အကုန်ဖယ်ပြီး ဟိုးကွင်းထဲကို လွှင့်ပစ်လိုက်ကွာ"

"အကုန်ဆင်းကြလေကွာ ... အချိန်မရှိဘူး"

ဒါနဲ့ ပြဿဒါး၊ သောကြာသား၊ ငြိစ္ဆာ၊ ဝါဆိုနဲ့ဝါခေါင်တို့ မြင်းပေါ်ကခုန်ဆင်းပြီး ...

တလှုပ်လှုပ်ဖြစ်နေတဲ့ လူဦးခေါင်းငါးလုံးကို ရွံရွံနဲ့ကိုင်ပြီး လယ်ကွင်းထဲကို လွှင့်ပစ်လိုက်ကြတယ်။

လွှင့်ပစ်လိုက်တဲ့ လူရိုးဦးခေါင်းခွံများရှိရာကို ခွေးတစ်အုပ်က သွားပြီး ဟောင်ကြအူကြတယ်။

"နံလိုက်တာ ... ဝါဆိုရာ"

"ဟုတ်တယ် ... ဝါခေါင်။ ပုပ်အဲ့အဲ့အနံ့ကြီးကွာ"

"ဒါ သင်္ချိုင်းကုန်းက ခေါင်းခွံတွေ ... ဝါဆိုရ"

"ဝါခေါင် ..."

"ဘာတုံး ... ဝါဆို"

"ငါတော့ မလိုက်ချင်တော့ဘူး ... ဝါခေါင်"

"ဘာဖြစ်လို့တုံး ... ငါ့ညီရ"

ဝါခေါင်က သူ့ညီဝါဆိုရဲ့စကားကို ပြန်မေးလိုက်တယ်။





"နိမိတ်မကောင်းဘူးလို့ ငါထင်တယ်ဝါဆို။ ငါတို့စခန်းဝမှာ မသာ ခေါင်းကြီးရော၊ ပြီး လူသေကောင်ရဲ့ခေါင်းခွံ ငါးလုံးရော ရောက်နေတာ မဆန်းဘူးလားဟင်။ ဘယ်တုန်းကမှ ငါတို့အဖွဲ့ ဒီလိုမျိုး ကြုံရဖူးလို့ ဝါဆို။ မင်းစဉ်းစား"

"အေး ... ဟုတ်တော့ ဟုတ်တယ်။ ငါတို့အလုပ်ကို သိနေတဲ့ သိထဲကပဲ ခြောက်တာ၊ နှောက်တာလား။ ဒါမှမဟုတ် ပညာပိုင်းနဲ့ ယှက်တာလား ငါလည်းမသိဘူး။ ဒါပေမင့် ..."

"ဘာ ဒါပေမင့်တုံး ... ဝါဆို။ ပြောလေ ..."

"ဒီမနက် ငါတို့မလိုက်လို့ ရမှာမဟုတ်ဘူး"

"မလိုက်တော့ ဘာဖြစ်ရမှာတုံးဟ"

"မင်းလည်း ငါတို့ဆရာကြီး စနေဂြိုဟ်အကြောင်း သိတယ်လေ။ ဒီပွဲမှာမလိုက်ရင် မင်းရောငါရောကို အသေသတ်ပစ်လိုက်မှာပေါ့"

"ထွက်ပြေးကြစို့ကွာ။ ငါ မျက်ခုံးတွေ လှုပ်နေပြီ"

"ထွက်ပြေးလည်း မလွတ်ပါဘူး ... ငါ့ညီရာ။ ငါတို့ဘဝက ဆုတ် ...ည်းစူး စားလည်းရူး၊ ရှေ့တိုး လှည်းထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် ...နေတယ်။ တော်တော့ ... ဟိုမှာ ပြဿဒါးတို့ လာနေပြီ"

သူတို့ညီအစ်ကိုချင်း ပြောလက်စကို ရပ်ပစ်လိုက်ကြတယ်။ ဒီ ...နှိမှာ ပြဿဒါး၊ ငြိစ္ဆာနဲ့ သောကြာသားတို့က သစ်သားခေါင်း ပိုးထိုး ...ကို သတိနဲ့ မယူလာပြီး စောစောတုန်းက လွှင့်ပစ်လိုက်တဲ့ လူအရိုး ...ခေါင်းခွံများရှိရာကို တစ်နှစ်သုံးခေါ်ပြီး လွှင့်ပစ်လိုက်ကြတယ်။

"အေ့ ... ဝေါ့ ... ဝေါ့ ..."

"ဖွီ ..."

"တောက် ... ကျက်သရေ မရှိလိုက်တဲ့ မနက်ကွာ။ ဝေါ့ .."

"ပေ့ကောင်တွေ ပြီးပလား"

စနေဂြိုဟ်က လှမ်းအော်မေးလိုက်တယ်။

"ပြီးပြီဗျို့"

"ပြီးရင် မြင်းပေါ်တက်။ အချိန်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူတို့ မြင်းပေါ်ကိုယ်စီ ခုန်တက်ပြီး မုတ္တမတော သောင်ပြင်သဲပြင်ကြီးကို ဒုန်းစိုင်းဖြတ်ခဲ့ကြတယ်။

သည့်နောက် ကွင်းလမ်းအတော်များများကို အချိန်တစ်နာရီကျော်မျှ မြင်းဒုန်းစိုင်းစီးပြီးရော ...

ကျူတောအုပ်ကြီးရှိရာကို ရောက်လာကြတယ်။

ကျူတောမှာ အားလုံးရပ်ပြီး မြင်း (၆)ကောင်ကို ကျူပင်ကြားမှာ ချည်နှောင်ထားလို့ ရှေ့ကချောင်းရိုးလေးကို ဖြတ်ခဲ့လိုက်ကြတယ်။

ချောင်းရိုးက ဒူးရေမြုပ်ရုံလေးမို့ တော်သေးတယ်။

ရောင်နီ မပေါ်သေးဘူး။

"ဂီး ..."

"ဟာ ... ဟာ ..."

"ဂီး ..."

"ဘုရား ... ဘုရား ..."

"ဂစ် ... ဂစ် ... ဂစ် ..."

"ဟာ ... ဟာ ... ဟာ ..."

ဒီမှာပဲ လက်ပံပင်ကြီးတစ်ပင်ပေါ်ကနေ ငှက်ဆိုးနှစ်ကောင် ရှည် တရက်ပျံလာပြီး ဦးစွာ ဆရာကြီးစနေဗြိုဟ်ရဲ့ ဦးခေါင်းပေါ်ကနေ ဂီးခနဲ အော်ပြီး ခြေသည်းနဲ့ ခေါင်းကိုကုတ်လိုက်တာ ဆောင်းထားတဲ့ဦးထုပ် ပါ သွားပါရော။

စနေဗြိုဟ်က ဓားရှည်ကိုထုတ်ပြီး အမြန်လှမ်းခုတ်လိုက်ပေမယ့် ဓားက ငှက်ဆိုးကို မထိလိုက်ဘူး။

သည့်နောက် ငှက်ဆိုးနှစ်ကောင်က သူတို့ (၆)ဦးရဲ့ ဦးခေါင်းပေါ် မှာ 'ဂီး ... ဂီး ... ဂစ် ... ဂစ် ...' နဲ့ ဝဲအော်ကြ ထိုးကြရောတဲ့။

အားလုံး ခေါင်းနားပန်း ကြီး၊

ကြက်သီးဖြန်းဖြန်း ထသွားကြပြီလေ။

ငှက်ဆိုးထိုးရင် နိမိတ် လုံးဝမကောင်းတော့ဘူး။

ဒါ လူသေမယ်ဆိုတဲ့ နိမိတ်ပဲကိုး။





ဒါကြောင့် စနေဗြိုဟ်က ဓားရှည်ကိုမြှောက်ပြီး ရှေ့လမ်းပြသလို ကျန်လူများကလည်း သူတို့ဆရာ ဦးမြွေပွေး စီရင်ပေးလိုက်တဲ့ ရှန်ပန်းနီ သေနတ်များကို မြှောက်ပြလိုက်တော့မှ ...

ငှက်ဆိုးနှစ်ကောင် အဝေးကို ပျံပြေးသွားတယ်။

စနေဗြိုဟ်ရဲ့ ဦးထုပ်ကတော့ ငှက်ဆိုးတစ်ကောင်ရဲ့ ခြေသည်း ကြားမှာ ပါသွားလေရဲ့။

အဲဒီလို အဖြစ်ဆန်းတွေကို ဆင့်ကဲဆင့်ကဲ ကြုံရလေ၊ ဝါဆိုနဲ့ ဒါခေါင် ညီအစ်ကို ခေါင်းနားပန်း ပိုကြီးလေပဲ။

သွားရင်းက ခလုတ်တိုက်လဲကြတယ်။

ဒီအချိန်မှာ လေတွေစတိုက်လာတာပဲ။ လေနဲ့အတူ ကြယ်ရောင် တွေပျောက်ပြီး ကောင်းကင်တစ်ခုလုံး မိုးသားမိုးလိပ်တွေ မည်းမှောင်ကျ လာတယ်။ ညိုမည်းပိန်းလာခဲ့တယ်။

လေတိုက်နှုန်းက ပိုပြီးပြင်းထန်လာတယ်။

ဝေါဝေါ ဝုန်းဝုန်း မြည်သံက ကွင်းထဲမှာ ဆူညံနေတယ်။ ကျူ ပင်တွေ ယိမ်းထိုးနေသလို သူတို့မြင်းတွေရဲ့ လန့်ပြီး ဟီသံကိုလည်း သူတို့ ကြားနေရတယ်။

သစ်ပင်အချို့ ကျိုးကျသံနဲ့အတူ သစ်ရွက်တွေ လွင့်လာတယ်။

ဒီအချိန်မှာပဲ ရှေ့နားကနေ လူရိပ်တစ်ခုကို မြင်လိုက်ရလို့ သူ တို့ ဝပ်ချလိုက်ပြီး သေနတ်ကို မောင်းအမြန်တင် ချိန်လိုက်ကြတယ်။

"ဘယ်သူတုံးဟ"

"လူတစ်ယောက်ဗျ"

"မြင်ရလား ... ဗြိုဟ်"

"မြင်ရတယ်။ ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ ... တွေ့ လား"

"အေး ... အေး ... ငါတို့ဆီကို လာနေပုံမျိုးကွ"

သူတို့ လှုပ်လှုပ်လှုပ်လှုပ် ရွေ့ရွေ့လာနေတဲ့ အဝေးက လူသဏ္ဌာန် ရှိရာကို သေနတ်တွေ ထိုးချိန်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါအမိန့်ပေးမှ ပစ်ကြ"

"ဟုတ် ..."

အသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေစဉ်မှာပဲ ...

"ဆရာကြီးဟ် ..."

"ဘာတုံး ... ပြဿဒါး"

"လူမဟုတ်ဘူး ... သင်္ကန်းဝတ်ကြီးဗျ"

"ဘာ ... ဘာ ... ဘုန်းကြီးလား။ သေသေချာချာ ကြည့်စမ်း"

"ဟာ ... ရသေ့ကြီးဗျ ... ရသေ့ကြီး ..."

"ဘာ ... ဘာ ... ရသေ့ကြီး ... ဟုတ်လား။ ဘယ်ရသေ့ကြီးတုံး ... ပြဿဒါး"

"နေဦးဗျာ ... ဟုတ်တယ်ဗျို့။ ခြေထော့နင်းထော့နင်းနဲ့ ရသေ့ကြီးဗျ။ သင်္ကန်းကြီး လေထဲလွင့်လို့"

"ဟင် ... ဟော့ကောင် ... ရသေ့ကြီး ... သေ ... သေပြီလေကွာ။ မင်း ဘာကြောင့်နေတာလဲ။ ခွေးတိရစ္ဆာန်ကောင်ရ"

"တကယ်ပြောနေတာပါ ... ဆရာကြီးဟ်"

"တော် ... တိတ်။ အနီးကိုရောက်လာရင် ဘာကောင်ဖြစ်ဖြစ် ဓားနဲ့ တက်ခုတ်"

"ဟုတ် ..."

လေပြင်းတွေက တဝေါဝေါမြည်နေတယ်။ လှုပ်လှုပ်က သူတို့ရှေ့ တစ်မြင်မှာ ရောက်နေတယ်။

"ပြဿဒါး ..."

"ဗျာ ... ဗျာ ..."

"အဲဒီကောင်ကို ဓားနဲ့ တက်ခုတ်၊ ရှင်းလိုက်စမ်း"

"ဟုတ် ... ဟုတ် ..."

ခေါင်းဆောင်လုပ်သူက အမိန့်ပေးနေမှတော့ ပြဿဒါး ငြိမ်နေလို့မရတော့ဘူး။ ကျောမှာလွယ်ထားတဲ့ ဓားအိမ်ထဲက ငှက်ကြီးတောင်ဓားကို အသာဆွဲထုတ်ပြီး ...





လေနဲ့မိုးတို့ကြားကနေ လှုပ်လှုပ်ရှိရာကို သူ ဓားအသင့်ကိုင်ပြီး တိုးကပ်သွားတယ်။ မိုးစက်တွေ မျက်နှာကိုပက်လို့ လက်နဲ့ကာထားရတယ်။

ရှေ့ လှုပ်လှုပ်လှုပ်လုံးက သူတို့ရှိရာကို လာနေတာမဟုတ်ဘူး။ သူ့ သဏ္ဍာန်က ရှေ့က သူတို့စားပြတိုက်မည့်ရွာထဲကို သွားနေပုံမျိုး။

အမြန် ခြေလှမ်းတိုးပြီး ကြည့်လိုက်တော့ ...

ဘုရားရေ ...

"ဝေါ ... ဝေါ ... ဝေါ ..."

မိုးလုံးမိုးသီးတွေ ဝေါခနဲ လေနဲ့အတူ ကြွေကျ ရွာချလာတယ်။ သူ့ရှေ့ကသွားနေတာ ရသေ့ထော့နင်းကြီး။ သူတို့ သေသွားပြီလို့ အကြွင်းမဲ့ ယုံကြည်ထားတဲ့ ဘီလူးခေါင်းပြတ်သချိုင်းက သမ္ဗုဒ္ဓေရသေ့ကြီး။ ဘုရားရေ ... ရသေ့ထော့နင်းကြီး မသေပါလား။

သူမသေတာ ပြဿနာ။

တစ်နေ့ အုတ်အော်သောင်းနင်း ဖြစ်ပေါ်လာမည့် ပြဿနာ။

ပြဿဒါး မိုးသီးမိုးပေါက်ကြားကနေ ရှေ့ကိုတိုးသွားပြီး နောက်ကျောပေးလျှောက်နေတဲ့ ရသေ့ထော့နင်းရဲ့ ဦးခေါင်းကို ငှက်ကြီးတောင်ဓားနဲ့ စလွယ်ပိုင်းခုတ်ချလိုက်တယ်။

"ဗိုး ..."

"ဂျိုင်း ..."

"အမလေးဗျ ..."

မိုးကြိုးပစ်သံက သူ့ခေါင်းပေါ်မှာ ဝင်းခနဲ အလင်းတန်းနဲ့ဖြစ်သွားပြီး လက်ထဲကဓားရော၊ လူပါ လွင့်စင်သွားတယ်။ ပြဿဒါး မိုးရေရွှံ့ဗွက်ထဲမှာ ပေရေညစ်ပတ် ကြောက်လန့်ကြီးစွာ ကုန်းထတုန်းမှာပဲ ..

မိုးရေစိုရွှဲ သင်္ကန်းနဲ့ ရသေ့ကြီး သူ့အနီးကို ရောက်လာတယ်။

"ဒကာတို့ ... ပြန်တော့"

"ဘာ ... ဘာ ..."

လေတိုက်သံနဲ့ မိုးသံကြောင့် သဲသဲကွဲကွဲမကြားရဘူး။ သူက အော်မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြတော့"

"ဗျာ ..."

အဲဒီလို စကားသံကို ကြားရပြီးနောက် မိုးနဲ့လေကြားမှာ ရေ
အိုကြီး မှုန်ဝါးပျောက်ကွယ်သွားတယ်။ ဟုတ်မှဟုတ်ရဲ့လား။

သူ ရေဇွက်ထဲ လွင့်စင်သွားတဲ့ ငှက်ကြီးတောင်ဓားကို လက်
လိုက်စမ်းလိုက်တယ်။ မိုးခြိမ်းသံနဲ့ လျှပ်စီးလက်သံများက ကြောက်လ
စရာ၊ မျက်စိကိုမှိတ်ပြီး ငုံ့နေရတယ်။

ဓားကို လယ်ကွက်ရေထဲကရလို့ အားယူထရပ်ပြီး ရသေ့ကြီး
ကြည့်လိုက်တော့ အနီးဝန်းကျင်မှာ မရှိတော့ဘူး။

မှောင်နှင့် မည်းမည်း။

လေက ဟူးဟူး အုန်းအုန်း။

မိုးက တဖြောင်းဖြောင်း တဝုန်းဝုန်း ဝဝေါဝေါ။ စနေဂြိုဟ်
အဖွဲ့ကလည်း မိုးရေစိုရွှဲ ချမ်းချမ်းတုန်တုန်ကြားကနေ ပြဿဒါးအလာ
ကို လှမ်းကြည့်စောင့်နေကြတယ်။

"ပြဿဒါး မလာသေးဘူးလားကွ"

"မမြင်ရသေးဘူး ... ဆရာဂြိုဟ်"

"တောက် ... နိုင်းလိုက်ရင် ဘာမှ အချိုးမပြေဘူးကွာ"

"ဆရာဂြိုဟ် ... ဟိုမှာ လာနေတယ်နဲ့ တူတယ်ဗျို့"

"ဘယ်မှာတုံးဟ"

"ဟိုမှာ ... ဟိုမှာ ... လာနေတယ်။ လှုပ်လှုပ် လှုပ်လှုပ်ဗျ"

"လာပြန်ပြီလားကွ ... လှုပ်လှုပ်လှုပ်လှုပ်"

"ဟာ ... ဆရာဂြိုဟ်ရေ ... ဟာ ... ဟာ ..."

"ဘာတုံး ... ဘာတုံး ..."

"ဝါဆိုနဲ့ဝါခေါင် ... မင်းတို့ပါ ဝိုင်းကြည့်စမ်း။ ဟိုမှာ ...
မှာ ... လယ်ကွက်ထဲက ရေပေါ်မှာ ... တွေ့လား"

"မိုးက များနေတယ်ကွ ... ဗြစ္ဆာရ"

"ဟိုမှာကြည့် ... ကြည့် ... မြင်ပလား"





"ဟာ ..."

"ဘုရားရေ ..."

"ဟော့ကောင်တွေ ... မင်းတို့ ဘာဖြစ်နေကြတာတုံး ဟင်"

"ဆ ... ဆ ... ရာဂြိုဟ် ... ဟို ... ဟို ... ရ ... ရသေ့
ကြီးဗျ"

"ရသေ့ကြီး ... ဟုတ်လား"

"ဟုတ်တယ် ... ရ ... ရသေ့ကြီး ကွင်းထဲမှာ မိကျောင်းစီး
... လာ ... လာ ... နေ ..."

"ဘာ ... ဘာ ... ဟော့ကောင် ... ပြန်ပြောစမ်း ... မြန်မြန်
ပြောစမ်း"

"ရသေ့ကြီး ... လယ်ကွက်ထဲက ရေပြင်ပေါ်မှာ ... ဟို ...
... မိကျောင်းကြီးပေါ် မတ်တတ်ရပ်စီးပြီး ကျုပ်တို့ရှိရာကို လာနေပြီ
ဗျ"

"ဘာ ... မဖြစ်နိုင်တာကွ။ ဟော့ကောင် ... ဝါဆို၊ ဟုတ်လို့
လား"

"ဟုတ် ... ဟုတ်တယ် ဆရာ။ ရသေ့ကြီး ခေါင်းတုံးကြီးနဲ့"
ဝါခေါင်ကလည်း ဝင်ပြောလိုက်သေးတယ်။

"မိကျောင်းကျောကုန်းပေါ်မှာ ... ရပ် ... ရပ် ... နေ ...
တာ ... ဗျ ... ဗျ ..."

"မင်းတို့ အမြင်မှောက်နေတာ။ မင်းတို့ ကွင်းမှောက်နေတာ။ မင်း
တို့ ငတုံးတွေ"

"ဂျိမ်း ..."

"မြတ်စွာဘုရား ..."

"ဟိုမှာ ... ဟိုမှာ ..."

"ဟာ ... ဟုတ်တယ်ဗျို့"

မိုးခြိမ်းလိုက်ပြီး လျှပ်စစ်ရောင်ပါ ဝင်းလက်သွားရော။ သူတို့အား
လုံး ရှေ့ဝါးတစ်ရိုက်ကျော်ကျော်က မြင်ကွင်းကို လင်းခနဲ မြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းလို ရှည်မျောမျော၊ ဗိုက်ပူပူ လုံးလုံးလွန့်လွန့် သတ္တဝါ ကျောကုန်းပေါ်မှာ ရသေ့ကြီးရပ်ပြီး ကောင်းကင်ပေါ်မော့ လက်အုပ်ချီ ကြည့်နေသည့်ပုံ။

"တွေ့လား ... ဆရာဗြိုဟ်"

"မဖြစ်နိုင်ဘူး ... ဒါ ... ဒါ ... တစ္ဆေခြောက်နေတာ။ ရသေ့ ကြီး၊ သေသွားပြီ။ ရသေ့ကြီးကို မိကျောင်း စားသွားပြီ။ ဒါ ... ဒါ ... တစ္ဆေ ... ဖယ် ... တစ္ဆေကို ... ငါ ... ရှင်းပစ်မယ် ... ဖယ် ..."

စနေဗြိုဟ်က မိုးရေစိုရွှဲဆံပင်ကို ယမ်းခါလိုက်ပြီး ရိုင်ဖယ်သေနတ် ကို မုဆိုးဒူးထောက် ထောက်လို့ လျှပ်စစ်မီးရောင်ဝင်းဝင်းနဲ့ မြင်နေရတဲ့ မိကျောင်းစီးရသေ့ကြီးကို ထိုးချိန်၊ ခလုတ်ဖြုတ်ချလိုက်တယ်။

"ဒိုင်း ..."

"ဝေါ ... ဝေါ ..."

"ဝုန်း ... ဝုန်း ..."

သေနတ်သံက မိုးသံလေသံကြားမှာ ပေါက်ကွဲမြည်ဟိန်း ထွက်သွားတယ်။ ဒါနှင့်အတူ မိုးသည်းသည်းကြားမှာ ဝေါခနဲ ဝုန်းခနဲ အသံ များ ကြားလိုက်ရပြီး ...

မိုးသီးမိုးပေါက်များက အရာရာကို ဖုန်းအုပ်သွားတော့တယ်။

စနေဗြိုဟ် ရိုင်ဖယ်ကိုချိန်ရင်း ထရပ်လို့ သူ့ပစ်မှတ်ရှိရာကို တရွေ့ ရွေ့ တိုးသွားကြည့်လိုက်တယ်။

သူ့လက်ကို သူယုံကြည်တယ်။

တစ်ချက်ပစ် တစ်ယောက်၊ တစ်ကောင်ဥစ္စာ။

ကောင်းကင်မှာပျံနေတဲ့ ငှက်ကိုတောင် ထိအောင်ပစ်တဲ့ လက် ဥစ္စာ။ ဒီလိုမြင်ကွင်း အကွာအဝေးဆို ဘယ်လွဲမှာလဲ။

သူ ရွေ့တိုးသွားတော့ ...

သူ့တပည့်တွေကလည်း သေနတ်တွေ မောင်းတင်၊ အသင့်ချိန် ပြီး ရှေ့ကို တစ်လှမ်းချင်း တက်ခဲ့လိုက်ကြတယ်။





ရေ့မှောင်ထဲမှာ လူးလွန့်ညည်းတွားနေတဲ့သူရဲ့ အသံကို ကြားရ တယ်။ သူက ရေထဲမှာ မှောက်ခုံကြီး လူးလွန့်နေတာ။

တအားအား ညည်းနေတဲ့အသံကို အတိုင်းသား ကြားနေရတယ်။

ပါဆိုတို့ညီအစ်ကိုကတော့ ကြောက်ဒူးတုန်နေပြီ။

အိပ်ရာထကတည်းက နိမိတ်က မကောင်းခဲ့ဖူးလေ။

အိမ်ရှေ့ခြံဝမှာ သစ်သားခေါင်းကြီးနဲ့ အရိုးခေါင်း လူခေါင်းခွံငါး လုံး ဘယ်သူလာချသွားမှန်း မသိဘူး။

တစ်ခါ ...

ငှက်ဆိုးတွေက သူတို့ခေါင်းပေါ်မှာ အော်ထိုးသွားတယ်။

အခု မိကျောင်းစားခံရတဲ့ ရသေ့ကြီး။

တစ္ဆေ မကျွတ်မလွတ်ဘဝနဲ့ ပြန်လာ ကိုယ်ထင်ပြနေတာကို သူတို့ ဆရာကြီးက သေနတ်နဲ့ ပစ်သတ်လိုက်ပြန်ပြီ။

ရသေ့ဆိုတာ ငါးပါးသီလ၊ ဆယ်ပါးသီလနဲ့ နေထိုင်ကျင့်ကြံ တရား အလုပ် လုပ်နေသူ။

သူ့ကို နှိပ်စက်ရင် ငရဲကျမယ်။

သူ့လိုပုဂ္ဂိုလ်ကိုသတ်ရင် အဝီစိငရဲကို လားရမယ်။ ညီအစ်ကိုနှစ် ယောက် တွေးပြီး ကြောက်ဒူးတုန်နေကြတယ်။

ခု သူတို့ သေနတ်ကျည်ဆန် ထိမှန်သွားပြီး ရေထဲမှာ မှောက်ခုံ ကြီးနဲ့ ညည်းတွားရာက ငြိမ်သက်သွားသူအနီးကို ရောက်နေကြပြီ။

ရှေ့နားမှာ ရှည်မျောမျော အရာကြီးက ငြိမ်သက်နေတယ်။

မိကျောင်းနဲ့တူရဲ့။

ပြီးစွာနဲ့ သောကြာသားက ရှည်မျောမျော ငြိမ်နေတဲ့အရာကို ပစ် သတ်သုတ်သင်ဖို့ သေနတ်နဲ့ အသင့်ချိန်ထားလိုက်တယ်။

ဒီမှာ စနေဗြိုဟ်က မိုးသီးမိုးပေါက်ကြား ရေထဲမှောက်သေနေ သူကို ဆွဲလှန်ကြည့်လိုက်တယ်။ လျှပ်စစ်ရောင်က ဝင်းခနဲဖြစ်သွားချိန် ထဲ အသက်ပျောက်နေသူရဲ့ မျက်နှာကို ထင်ထင်ရှားရှား မြင်လိုက်ကြ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြသဒါး ..."

"ဟာ ... ဒါ ... ဒါ ... ပြသဒါး ... ပြသဒါး ..."

"ဆရာကြီး ... သေရွာပြန် တစ္ဆေရသေ့ကြီး ... မ ... မဟုတ် ဘူးဗျ။ ကျုပ်တို့လူ ... ပြ ... သ ... ဒါး ..."

"ဘာ ..."

"တောက် ..."

"ပြသဒါး ... ပြသဒါး ... ဟော့ကောင် ... ပြသဒါး ..."

"ဖြစ်မှဖြစ်ရလေ ... ပြသဒါးရာ"

"မင်းတို့ပြောတော့ ရသေ့ကြီး မိကျောင်းစီးလာတာဆိုကွ ဟင်"

"ဒါ ... ဒါ ... ကျုပ်တို့တင် မဟုတ်ဘူး။ ဆရာဂြိုဟ်လည်း အမြင်ပဲလေ။ မြင်လို့ တစ္ဆေဆိုပြီး ပစ်တာ မဟုတ်ဘူးလား"

သူတို့ကလည်း ငုံ့မခံတော့ဘူး။

အကျိုးအကြောင်းနဲ့ ပြန်ခံပြောရော။ စနေဂြိုဟ် ဘာမှပြန်မပြော သာတော့ဘူး။ ဒါနဲ့ မည်းမည်း ရှည်ရှည်မျောမျောရှိရာကို သေနတ်ချိန်ပြီ သွားကြည့်ကြတော့ ...

မိကျောင်းမဟုတ်ဘူး။

ကွင်းရေပြင်ပေါ်မှာ မျောနေတဲ့ ငှက်ပျောပင်တုံးကြီး။

ဟူး ...

အကုန်လုံး အမောက်မောက် အမှားမှားနဲ့ အလွဲလွဲ အချော်ချော် ဖြစ်ကုန်ကြပြီ။ ခုတော့ အားကိုးရတဲ့ တပည့်တစ်ဦး သူ့သေနတ်ကျည်ဆံ နဲ့ ပွဲချင်းပြီး သေဆုံးသွားခဲ့ပြီ။

"တောက် ... ဒီရွာ တော်တော်ကို ဒုက္ခပေးတဲ့ရွာ။ ဂြိုဟ်ဆိုး ပေးတဲ့ရွာကွာ။ ဒီမှာဟော့ ... ဒီရွာကို ခုချက်ချင်း ဝင်ကြမယ်။ ပစ္စည်း ရင် နေပစေ။ သူကြီးရဲ့ခေါင်းကို ဖြတ်ပြီး ယူခဲ့ရမယ်။ ကိုင်း ... ရွာထဲ ဝင်ကြစို့"

✿ ✿ ✿

[ ၁၆ ]

**...လောင်းလေမ်း ကျွဲသိုးကြီး**

❑

လေကလည်း မှတ်သုန်မိုးဦးမှာ ကြမ်းကြုတ်ရက်စက်လိုက်တာ။

တဲအိမ်တွေ တသိမ့်သိမ့်တုန်နေတယ်။

မိုးသီးမိုးပေါက်များကလည်း ခနိမိုးအိမ်များပေါ်ကို ပေါက်ထွက် ...တတ် ပစ်ကျနေတာ။ နားကွဲလုပဲ။

မီးခွက်ထွန်းလို့ မရကြဘူး။

အချို့ ခေါင်မိုးတွေ လန်ကုန်တယ်။

နွားနဲ့ကျွဲတွေ လန့်အော်ပြီး ရုန်းလို့ ကြိုးတွေပြတ်ပြီး လွတ်ကုန် ...ယ်။ ခွေးတွေလည်း ငြိမ်လို့။

ပစ်လိုက်တဲ့ မိုးကြိုးသံကလည်း မြေကြီးသိမ့်သိမ့်တုန်နေတယ်။

ကျွဲ၊ နွားတွေ ကြိုးပြတ်ပြေးကုန်ပြီ။

ကျွဲတွေ၊ နွားတွေ လန့်ဖြန့်ရုန်းပြေးလို့ မကြာဘူး။



www.burmeseclassic.com

အိမ်အောက်က ကြက်တွေ၊ ဘဲတွေလည်း မိုးရေဝင်လို့ လန့်ပြီး ပြေးကုန်တာ တဝုန်းဝုန်းနဲ့ ဆူညံနေကြတာပဲ။

ဒီမှာပဲ ခွေးတွေက ငြိမ်နေရာကနေ အူကုန်ကြပြန်ရောဗျာ။ လူကြီးလူရွယ်တွေလည်း ကျွဲနွားတွေ ကြိုးပြတ်လွတ်ကုန်လို့ ဓားတွေ၊ တုတ်တွေ၊ ကြိုးတွေနဲ့ မှောင်နဲ့မည်းမည်း ဟစ်အော်မေးနေကြတယ်။

ခွေးတွေကလည်း ရွာပြင်ကိုကြည့်ပြီး ဆွဲဆွဲငင်ငင် အူနေတာ။

"ဟဲ့ခွေး ... တိတ်စမ်း"

"ဟဲ့ ... အောင်နက်တို့၊ ဂုတ်ကျားတို့ တိတ်ဆိုနေ"

"အူး ... ဝူး ... ဝူး ... ဝူး ..."

"အိန် ... ဂိန် ... ဂိန် ... ဂိန် ..."

"ကျက်သရေမရှိလိုက်တာတော် ... ဘုရား ... ဘုရား ... သမ္ဗုဒ္ဓေအဋ္ဌဝီသဉ္စ ..."

ခွေးတွေ အကောင်ပေါင်းများစွာ အူနေပုံက မကောင်းဆိုးဝါး နာနာဘာဝများကို မြင်ရလို့ မှောင်ထဲကိုကြည့်ပြီး အူနေပုံမျိုး။

မောင်းလို့မရ၊ နှင်လို့မရ၊ ခြောက်လို့မရဘူး။

မိုးကလည်း ပြင်း၊ လေကလည်း ပြင်း၊ သမ္ဗုဒ္ဓေဂါထာပဲ အားကိုးရွတ်ပေတော့။

ပင်လယ်မုတ္တမကွေ့လေပြင်းဆိုတော့ ပိုဆိုးတာပေါ့။ ပင်လယ်တမ်းက လှိုင်းလုံးကြီးတွေ တဝုန်းဝုန်း ပုတ်သံနဲ့အတူ မြစ်ကမ်းပါး မြေကြီး မြေစိုင်တွေ တဝုန်းဝုန်းပြိုကျသံတွေကိုလည်း ကြောက်ခမန်းလိလိ ကြားနေရတယ်။ မြေကြီးပါတုန်တယ်။

မြေပြိုလို့ ရွာရွှေ့ရတာလည်း တစ်နှစ်တစ်ကြိမ်ပဲ။

အားလုံး ဘုရားပဲတနေရတယ်။ ပစ်လိုက်တဲ့မိုးကြိုးက မရပ်ဘူးကိုး။

ဘုရားစင်ပေါ်က ပန်းအိုးတွေ ပြုတ်ကျကွဲကုန်ပြီ။ ကျွဲနွားတွေရဲ့ အော်သံလည်း ဆူညံကုန်ပြီ။ မုန်တိုင်းကြီးများ ဝင်လာသလားမသိဘူး။





ပင်လယ်အနီးမှာ နေရတာက မုတ်သုန်မိုးဦး လေမုန်တိုင်းကျရင် ကမ္ဘာပျက်နေသလို ခံစားရတာ။

"ဂျိန်း ..."

"အမလေး ..."

"ဒိုင်း ..."

"ဟ ... ဘာသံကြီးလဲဟ"

"ဖောင်း ..."

"မိုးကြိုးပစ်တာပါဟ"

"ပထမပစ်တဲ့အသံက မိုးကြိုးပစ်သံကွ။ နောက်ဆက်တွဲက အသံဟိန့်တာပါတယ်။ နောက်တစ်ချက်က မိုးကြိုးပစ်သံမဟုတ်ဘူး။ သေနတ်ပစ်သံမျိုး။ နားထောင် ..."

"ဂျိန်း ..."

"ဖောင်း ..."

"ကြားလား ..."

"အေးဟ ... အသံက တစ်မျိုးပဲဟေ့"

"ဒိုင်း ... ဖောင်း ..."

"အား ... မလေးတော့"

"ဝင်မယ်ဟေ့ ... တိုက်ကြ။ သူကြီးခေါင်းကို အရင်ဖြတ်။ စနေ ပြတ်ကွ"

"ဒိုင်း ..."

"ခုခံတဲ့ကောင်မှန်သမျှ တစ်ယောက်မကျန်နဲ့သတ်"

"ဘုရားရေ ... ရွာထဲကို ဓားပြတွေရောက်နေပြီ"

"ဒုက္ခပါပဲကွာ ... မုန်တိုင်းနဲ့ မိုးက ဒုက္ခပေးနေတဲ့ကြားထဲ ဓားပြတွေ ရွာထဲ ဝင်တိုက်ကြပြီ"

"ဓားပြဗျို့ ... ဓားပြ ... ဓားပြ ..."

"သေစမ်းကွာ ..."

"ဒိုင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း ..."

"ပြေး ... ပြေး ... ဘုန်းကြီးကျောင်းဘက်ကို ပြေးကြဟေ့"

"စနေဂြိုဟ်တဲ့ကွ ... သူကြီးဘယ်မှာလဲဟေ့"

"သူကြီး ... သူကြီး ... ထွက်ခဲ့စမ်း"

မိုးသည်းသည်း လေထန်ထန်ကြားမှာ သေနတ်တွေ တဒိုင်းဒိုင်း ပစ်ဖောက်ပြီး ရွာသူကြီးကို ခေါ်နေတယ်။

မိုးကလည်း လင်းခါနီးနေပြီ။

ကျုပ်တို့ ရွာသူရွာသားတွေလည်း မိုးနဲ့မုန်တိုင်းကြောင့် စိုရွှဲ ကြောက်လန့်နေရတဲ့ကြားထဲ ...

မဖြစ်စဖူး၊ မကြုံစဖူး ...

သေနတ်တွေ တဒိုင်းဒိုင်း ပစ်ဖောက်ပြီး ရွာလမ်းမပေါ်ရောက် နေတဲ့ ဓားပြများရဲ့ ကြိမ်းဝါးဆဲရေးတိုင်းထွာသံများ၊ လှုပ်ရှားပြေးလွှား ပုန်း ရှောင်သံများကို မလင်းတလင်းမှာ ကြားနေရတယ်။

"ဟဲ့ ... ဓားပိန်၊ ကောင်မလေး ..."

"ရှင် ... အမေ"

"နင့်ယောက်ျားရော"

"ဟို ... ငှက်ပျောတောထဲ ပုန်းနေတယ်အမေ"

"အေး ... အေး ... အဲဒီလို သတ္တိမျိုးမှပေါ့။ ငါ့ဓား ဘယ် ရောက်နေတုန်းဟဲ့"

"ဘာဓားတုန်းအမေ ... အရေးထဲမှာ ပြေးပါတော့"

"ငါ့လင် နင်တို့အဖေ ရန်ကြီးအောင်ကိုင်တဲ့ ငှက်ကြီးတောင်ဓား ဟဲ့။ ထရံမှာထိုးထားတာ ဘယ်ရောက်သွားလဲ မသိဘူး"

"နင့်ယောက်ျား ကုလားပိန်များ ရောင်းစားလိုက်ပြီလားမသိဘူး တောက် ..."

"ကြိုကြိုးစည်ရာ ... အမေရယ်။ ကျွန်မယောက်ျား ကိုကုလား ပိန်က ဒါမျိုးမလုပ်ပါဘူး အမေရဲ့။ ဓားပြတွေနီးလာပြီ။ မြန်မြန်ဆင်းပါ"





"ဟဲ့ ... မိဓားပိန်ရဲ့ လေးပြည့်ဝင်အိုးကြီးလည်း နင့်ယောက်ျား ခါင်သုံးတာ မဟုတ်ဘူးလား"

"ဒိုင်း ..."

"အမလေး ... ကျွန်မ မဟုတ်ပါဘူး။ အမေပါတော့"

"ကြည့်စမ်း ... အနာကျမ။ ငါ့ဘက်ကို လွဲချပြန်ပါပြီတော်။ ဟော ဟိုမှာဓားတွေ့ပြီ"

ဒေါ်မယ်ဘယက်ကြီးက ထရံမှာထိုးထားတဲ့ ငှက်ကြီးတောင်ဓား ရှည်ကို ဆွဲနှုတ်ပြီး ဓားသွားကို လက်နဲ့စမ်းလိုက်တယ်။

"အမေ ... ဘာလုပ်မလို့လဲ။ လာ ... မြန်မြန်လာပါ အမေ ရဲ့"

"ဒင်းတို့အသတ်ကို မခံဘူးဟဲ့၊ ဒင်းတို့ကို ငါကိုယ်တိုင် ငှက် ကြီးတောင်ဓားနဲ့ခုတ်မယ်။ တက်လာပလေ့စေ"

"အမေ့ ... မလုပ်နဲ့။ သူတို့က သေနတ်တွေနဲ့"

မိဓားပိန်က အမေလုပ်သူကို စိုးရိမ်လို့ အတင်းဆွဲခေါ်တယ်။ ဒေါ် မယ်ဘယက်ကြီးက သမီးလုပ်သူရဲ့လက်ကို ပုတ်ချပြီး တွန်းပစ်လိုက်တယ်။

"သွား ... နင်သာ နင့်ယောက်ျား ကုလားပိန်ကိုယ်နဲ့ ပူးကပ် ပြီး ငှက်ပျောတော၊ ပိန်းတော၊ ကြာတောမှာ သွားပုန်းနေ။ ငါတို့မျိုးက ကြောက်တဲ့မျိုးရိုးမဟုတ်ဘူး။ ငါ့လင် ရန်ကြီးအောင်က ဒီဓားနဲ့ ဂျပန်ကို ခုတ်ခဲ့တာ။ သင်းဓားပြတွေ အိမ်ပေါ်တက်လာရင် ခေါင်းအပြတ်ပဲဟေ့။ သွား ... နင်သွားတော့"

ဒေါ်မယ်ဘယက်ကြီးက ကြောက်ဒူးတုန်နေတဲ့ သူ့သမီးကို မောင်း ထုတ် တွန်းထုတ်တယ်။ သူမက ထဘီကို ဒူးပေါ်အောင် တိုတိုဝတ်လိုက်ပြီး မကျွတ်ရအောင် ကြိုးနဲ့ခါးကို တင်းတင်းချည်လိုက်တယ်။

ခြံထဲကန္တားတွေလည်း လန့်ပြေးလို့ မရှိတော့ဘူး။

သည့်နောက် တံခါးကိုဖွင့်ပြီး ဓားရှည်ကို တင်းတင်းဆုပ်ကိုင်လို့ ကွယ်ကနေ အသင့်စောင့်နေတယ်။ အိမ်ပေါ်တက်လာရင် ခုတ်ချဖို့ ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုခုတ်ရမယ်ဆိုတာကို ဂျပန်ခေတ်တုန်းက သူ့မရဲ့ယောက်ျား တော်လှန်ရေးသမား ကိုရန်ကြီးအောင်က သင်ပြပေးခဲ့တယ်လေ။

အခု သူ့မရဲ့ယောက်ျား မရှိတော့ဘူး။ (၄၆)ပါး ရောဂါတစ် ကွယ်လွန်သွားခဲ့ပြီ။ မုဆိုးမဘဝနဲ့ ဒီသမီးကို ကြီးပြင်းအောင်ကျွေးမွေး မကြောက်တရားနဲ့ ရဲရဲနေခဲ့တာ။

သူတို့ ဆင်းရဲသား လက်လုပ်လက်စား ရွာကလေးကို ဒါပြီးနောက် ရင် သုံးကြိမ်ရှိပြီ ဓားပြဝင်တိုက်ကြတာ။

သင်းတို့ သိပ်အတင့်ရဲတယ်။ ရက်စက်ကြမ်းကြုတ်တယ်။

ညသန်းခေါင်တိုက်တဲ့ ဓားပြတွေမဟုတ်ဘူး။

ထူးထူးဆန်းဆန်း မိုးလင်းခါနီးမှ မိုးထဲ မှန်တိုင်း လေထန် ထဲမှာမှ အတင့်ရဲရဲ အုံ့အုံ့ဩဩ လာတိုက်တဲ့ဓားပြလေ။

"ဒိုင်း ..."

"ဖောင်း ..."

"မပြေးနဲ့နော်။ ကဲဟာ ..."

"ဖောင်း ... ဒိုင်း ..."

"အမလေး ... သေပါပြီတော့"

ရွာထဲမှာ ဂုန်းဒိုင်း ဝေါဝေါနဲ့ အသံတွေ မိုးသံနဲ့ ဆူညံနေတယ် မိဓားပိန် အမေ့အနီးမှာ နေရမှာလား၊ သူ့လင် ကိုကုလားပိန်နောက် လိုက်ရမှာလား အပြေးအလွှား စဉ်းစားနေတယ်။

ကိုကုလားပိန်က သတ္တိကောင်းတယ်။

မိုးကြိုးပစ်သံနဲ့ သေနတ်သံ ကြားကတည်းက အိမ်ပေါ်ကနေ ပြေးတာ ဆွဲလို့မရဘူး။ လှည့်လည်းမကြည့်ဘူး။

မိန်းမကို သတိမရဘူး။

သူ့လက်ထဲမှာ ဓားရှော လှံရော မပါဘူး ဒုက္ခပဲ။

သိတယ်။ သူ ရွာအနောက်က ငှက်ပျောတောထဲကို ပြေး တာ။ အရင်နှစ်ကြိမ် ဓားပြဝင်တုန်းကလည်း ရွာသူရွာသားတွေ ရှာ နက်စွဲပြီး ဓားပြနောက်ကို ဝိုင်းလိုက်ကြပေမယ့် ...





သူ့လင် ကိုကုလားပိန်က ကြောက်ချေးတွေပါပြီး ရွာနောက်ငှက် ပျောတောထဲမှာ ပြေးပုန်းနေတယ်။

ဓားပြတွေပြန်တော့ ချေး၊ သေး ပေလူးပြီး သတိလစ်နေလို့ လူ နဲ့ ပွေ့ခေါ်ပြီး ဆရာကြီးဦးနီခင်နဲ့ မနည်းကုခဲ့ရတာ။

ကံကြီးလို့ မသေရတာ။

ဒီလို အကြောက်ကြီးတဲ့ ယောက်ျားကို ဘာလို့ ချစ်နေ၊ သံယော ဇဉ်နှောင်နေရတာလည်းလို့ မေးကြမယ်။

ဟုတ်ကဲ့ ...

သူ့မအပေါ် ရက်ရက်စက်စက် ကောင်းတာလေး ရှိလို့ပါ။ ဘာ ဘာ ... သိချင်လို့ ဟုတ်လား။ ဘာကောင်းတာလဲ။

ဒီလိုဗျ ...။

ငနဲသားက အပြောကောင်းတယ်။ ကြက်ချွဲမှ တကယ့်ကြက်ချွဲ မိန်းမများ ပူးကပ်ချွဲနေတဲ့ကောင်။

အင်း ... ဒီမွေးသမီးခင် အရင်းကလည်း စဉ်းစားတယ်။ လက် ကြံမတင်၊ အကြောက်ကြီးတဲ့သားမက်ကို အသုံးမကျမှန်းသိပေမယ့် သမီးမျက်နှာနဲ့ အိမ်ပေါ်တင်ကျွေးခဲ့တဲ့ အမေ။ အခုလည်း ငှက်ကြီးတောင် ရှည်ကိုင်ပြီး ဓားပြတွေကို သူသေကိုယ်သေ ရင်ဆိုင်တိုက်မယ်တဲ့။ အာဂ သတ္တိ။

ဒီလိုရွာချစ်တဲ့ သူ့ရဲကောင်းစိတ်ဓာတ်နဲ့ အမေ့ကို ပစ်ထားပြီး လင်ပုန်းနေတဲ့ ငှက်ပျောတောထဲကို လိုက်ရင် ကောင်းမှာလား။

ဒါဆို သူ့ရဲကောင်းအမေ့သမီး ပီသမှာတဲ့လား။

မျိုးချစ်တော်လှန်ရေးသမား ဦးရန်ကြီးအောင်ကြီးသမီး စစ်စစ် ဖြစ်မှာတဲ့လား။

မိဓားပိန် အံကို တင်းတင်းကြိတ်လိုက်ပြီး ...

နောက်ဖေးဘက်ကို ပြေးဝင်သွားလိုက်တယ်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ ကောက်ရိုးဆွ ခက်ရင်းလှံရှည်ကြီး ပါလာတယ်။ ချွန်မြတဲ့ သံချောင်းနဲ့ ခက်ရင်း၊ လှံ။



www.burmeseclassic.com

www.burmeseclassic.com



အမေက ညာဘက် ပုဏ္ဏားကွယ်ကနေ ဓားရှည်နဲ့ရန်သူကို ချော
နေတုန်း ...

သူမက ခက်ရင်းခွလုံနဲ့ ဘယ်ဘက်ကနေ အိမ်ပေါ်တက်လာ
ဓားပြရန်သူကို အသာချောင်းနေလိုက်တယ်။

သည်မှာ အိမ်ရှေ့ကို ဓားပြတစ်ယောက် ရောက်လာပါရော။

"ဟော့ ... ဒီအိမ်က မအေ၊ နှမ၊ ဟိုဒင်းတွေ ဘယ်သွား
ထွက်ခဲ့စမ်း ... ထစမ်း"

ဓားပြက ရိုင်ဖယ်ကိုချိန်ရင်း အိမ်ပေါ်ကို လှမ်းအတက် ...

"သေဟ ..."

"ငိုး ..."

"စွပ် ..."

"အား ... မလေးဗျ"

"ဒိုင်း ..."

"သေဟ ... မသာကောင်"

"စွပ် ..."

"အား ... အီး ... အစ် ... အစ် ..."

"ဝုန်း ..."

"သေဟ ... သေဟ ... သေစမ်းဟ"

"စွပ် ... ဒုတ်"

"ရှိုး ..."

"ဒုတ် ..."

"အမေ ... ရပ်တော့၊ ဒင်းသေပြီ။ ရပ်တော့"

"မှတ်ထားစမ်း ... ငါ့နာမည် မယ်ဘယက် ... ထွီ ..."

ဓားပြက ရိုင်ဖယ်ချိန်ရင်း အိမ်ထဲကိုလှမ်းအဝင် အမေ့ရဲ့ဓား
က ဓားပြရဲ့ ရိုင်ဖယ်ကိုင်လက်ကို ခုတ်ချလိုက်တယ်။

ဓားပြရဲ့ ညာဘက်လက် ဓားချက်နဲ့ပြတ်ပြီး သေနတ်လွတ်
လို့ ကျည်ဆန်ထွက်သွားတယ်။





ဒီမှာ မိဓားပိန် ကုန်းကျသွားတဲ့ ဓားပြရဲ့ခါးကြားကို ခက်ရင်းခွ
နဲ့ ထိုးချလိုက်တော့ ဓားပြ အသံနက်ကြီးနဲ့အော်ပြီး အပေါ်ဆင့်မှာ လူးလိမ့်
နေတုန်းမှာပဲ ...

အမေ့ရဲ့ ဒေါသရိုပ်၊ နာကျည်းရိပ်ကဲနေတဲ့ ငှက်ကြီးတောင်ဓား
ချက်၊ ခုတ်ချက်များက လူးလိမ့်နေတဲ့ ဓားပြရဲ့ ခန္ဓာကိုယ် နေရာအနှံ့
အပြားကို အချက်ပေါင်းများစွာ ခုတ်ထိုးပစ်လိုက်တယ်။

အမေ့ရဲ့ ခြေသလုံးနဲ့ ထဘီတိုတိုမှာ ဓားပြရဲ့သွေးတွေ ပေကျံ
ကုန်တယ်။ အိမ်ပေါ်မှာလည်း သွေးတွေ စိုရွှဲနေပြီ။

မှုန်ဝါးဝါး အလင်းရောင်နဲ့ အားလုံးကို မပီတပီ မြင်နေရပြီ။

"အမေ ... ရပ်တော့"

ဓားပြထံက လှုပ်ရှားမှု မရှိတော့ဘူး။

ညည်းညူသံ လုံးဝ မကြားရတော့ဘူး။

မိဓားပိန် လူသေကောင်ကိုကြည့်ပြီး ဒူးရော၊ ကိုယ်ရော တုန်ခါ
နေတယ်။

အမေ့ကိုကြည့်လိုက်တော့ ...

အမေ့ရဲ့မျက်နှာပေါ်မှာ ရဲစိတ်ရဲမာန် တက်ကြွနေတယ်။

"မိဓားပိန် ..."

"ရှင် ... ရှင် ... အမေ"

"နင် ကြောက်နေသလား"

"ဟို ... ဟို ... ဟို ..."

"သွား ... နောက်ဖေးကို ဝင်နေ"

"မ ... မကြောက်ဘူး"

"အေး ... ဒါမှ ငါ့သမီး။ နင့်အဖေ ရန်ကြီးအောင်ရဲ့သမီးဟ။
နောက်တစ်ယောက်လာရင် ထပ်ခုတ်ကြစို့"

ဒီအချိန်မှာပဲ ရွာလယ်လမ်းမဘက်ဆီကနေ ဝုန်းဒိုင်းအော်ဟစ်
ပြေးလွှားသံတွေဟာ ကမ္ဘာပျက်နေသလို ကြားရပါရောဗျာ။

"ဝေါင်း ... ဝေါင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် … ဝုတ် …"

"ဝုန်း … ဝုန်း …"

"ဂလုံး … ဝှမ်း … ဝှမ်း …"

"ကျိန်း … ကျိန်း …"

"ညွှမ့် … ညွှမ့် … ညွှမ့် …"

"ဖုန်း … ဒွပ် …"

"အား … မလေးဗျ … သေပါပြီဗျ"

"ဝပ်ထိန်း … ဝပ်ထိန်း … ဝပ်ထိန်း …"

"အမလေးဗျ …"

"နောက်ကိုဆုတ် … နောက်ကိုဆုတ် … ခွေးအုပ်ကော၊ နွားအုပ်၊ ကျွဲအုပ်ကော လိုက်ခတ်ဝှေ့နေပြီ။ သတိထားကြပေါ့။ အကုန်ပစ်သတ်လေကွာ။ ဘာကြောက်နေတာလဲ"

"ဒိုင်း …"

"ညွှမ့် … ဖူး"

"ဒွပ် …"

"သေပါပြီဗျာ"

"ဆရာကြီးဟ် … ဆရာကြီးဟ် …"

"ဝပ်ထိန်း … ဝပ်ထိန်း …"

"ဝုန်း … ဖောင်း … ဒွပ် …"

"အား … အ … အ …"

မိုးနည်းလာချိန်နဲ့ လင်းရောင်စိုစို မြင်ရချိန်မှာပဲ ဓားပြတွေကို ခွေးအုပ်က ဝင်ဆွဲသလို၊ ဝင်ကိုက်နေကြသလို …

ကြိုးလွတ်ပြေးကြတဲ့ ကျွဲအုပ်နဲ့ နွားအုပ်များကလည်း အံ့ဩစရာပါပဲဗျာ။ ဓားပြတွေကို ဝင်ခတ်၊ ဝှေ့ပစ်တာဗျ။

ကျုပ်တို့လည်း ရရာလက်နက်နဲ့ ပစ်ခတ်ပြီး ချောင်းကြည့်နေရတယ်။ အနီးကို မကပ်ရဲဘူး။ မထွက်ရဲဘူး။





သို့သော် မြင်နေရပုံက အလွန်ကို အံ့ဩစရာ၊ ကြောက်ရွံ့ထိတ်လန့်စရာဗျာ။ မိန်းမသားတွေဆို လုံးဝ မကြည့်ရဲကြဘူးဗျ။

နွားသိုးသုံးကောင်က သေနတ်မိုးပေါ်ထောင်ပစ်နေတဲ့ ဓားပြကို နောက်ကနေ ဝှေ့ပစ်လိုက်တာ…

ဓားပြ သေနတ်နဲ့လူ လွင့်ပြီး မြေကြီးပေါ်မှာ ဒလိမ့်ဒလိမ့်ဖြစ်နေတုန်းမှာပဲ နွားသိုးကြီးသုံးကောင်က လိမ့်နေတဲ့ဓားပြကို သုံးကောင် ခေါင်းချင်းဆိုင် ဦးချိုနဲ့ ဖိဝှေ့ပစ်ကြတာ …

နွားသိုးသုံးကောင်ရဲ့ လက်နဲ့ချိုကြားမှာ ဓားပြ စုတ်ပြဲလန်ပြီး အူပွင့်၊ လည်ချောင်းပွင့်၊ ဦးနှောက်ပွင့်လို့ သေသွားပါရောဗျာ။

သည်မှာ နွားသိုးသုံးကောင်ကို သေနတ်နဲ့ပစ်မလို့ ထိုးချိန်တဲ့ ဓားပြကို ခွေးတစ်အုပ်က နောက်ကနေ ဝင်ကိုက်တုန်းမှာပဲ မြန်မာချိုကားကျွဲကြီးတစ်ကောင်က ကဆုန်စိုင်းပြေးလာပြီး ရှေ့ကနေ ကော်ခတ်ပစ်လိုက်တာ …

"အား …"

ဓားပြ အသံနက်ကြီးနဲ့အော်ပြီး ကျွဲချိုဖျားမှာ ငြိပါသွားတယ်။ ဒီမှာ ကျွဲချိုကားကြီးက ခေါင်းကို ဝှေ့ယမ်းခါပစ်လိုက်ရော ဓားပြရဲ့ သွေးသံရဲရဲ ကိုယ်လုံးဟာ ရွာလမ်းနံဘေး ရေမြောင်းထဲကို ဝုန်းခနဲ ပြုတ်ကျသွားပါရော။

"ဆရာကြီးဟ် … ပြေး … ပြေး …"

"ဆရာကြီးဟ် … နောက်မှာ ကျွဲသိုးကြီး လာနေပြီ"

"ပြေးကြ၊ ပြန်ဆုတ်ကြ"

ဓားပြခေါင်းဆောင် စနေကြီးဟ်က သူကြီးအိမ်ရှေ့မှာရပ်ပြီး သူကြီးရဲ့အိမ်ထဲကို ရိုင်ဖယ်သေနတ်နဲ့ အချက်များစွာပစ်နေတာ …

"ဒိုင်း …"

"သူကြီးစုတ် … ထွက်ခဲ့လေကွာ။ ကဲဟာ …"

"ဒိုင်း …"

"သူကြီးမယား မိန်းမရှင်ရော ထွက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ..."

"တစ်ယောက်မှ မထွက်ကြဘူးပေါ့။ ဟုတ်လား ... စနေဂြိုဟ်တဲ့ကွ။ ဒီနေ့မနက် သူကြီးဦးခေါင်းကို ဖြတ်မရရင် မပြန်ဘူးဟေ့။ ကိုင်းကွာ ... သေကြစမ်းကွာ"

"ဒိုင်း ... ဒိုင်း ..."

အဲဒီအချိန်မှာပဲဗျာ အလွန့်ကိုထွားကျိုင်းပြီး လည်ဆံမွေးထောင်ထနေတဲ့ မည်းမည်းတုတ်တုတ် ချိုကား မြန်မာကျွဲချိုကားကြီးတစ်ကောင်ဗျ။

"အွမ် ... အွမ် ..."

"ဖူး ... ဖူး ..."

"ညွှမ့် ... ညွှမ့် ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

နှာမှုတ်အသံပြုပြီး ခွာစုံပေါက်လို့ ဓားပြခေါင်းဆောင် စနေဂြိုဟ်ရှိရာကို ပြေးဝင်လာနေတာ ရေဖွက်တွေ၊ ရေအိုင်တွေကို ခြေလက် ဘက်ချ ပြေးလာရသမို့ ဗွက်တွေ၊ ရွှံ့ရေတွေကလည်း သူ့ကိုယ်လုံးမည်းမည်းကြီးကို ပြန်စင်ပေကျဲ့။

ရွှံ့ဗွက်နဲ့ ရေညစ်တွေလည်း လေထဲမှာ ဖွာလန်ကြဲလွင့်စင် ...

"ဆရာဂြိုဟ် ... နောက်မှာ ကျွဲ ... ကျွဲ ..."

"ကျွဲ ... ကျွဲ ..."

"ညွှမ့် ... အွမ့် ..."

နောက်ဘက်က တပည့်တစ်ယောက်ရဲ့ အသံကုန်ဟစ်အော် သတိပေးသံကြောင့် ဓားပြခေါင်းဆောင် စနေဂြိုဟ် လှစ်ခနဲ နောက်ပြန်လှည့်ကြည့်လိုက်ချိန်မှာ ...

ဖောင်းမွေးရှည်ကြီးတွေ ထောင်ထပြီး ကိုယ်လုံးမည်းမည်းကြီးကြီး ချိုကားကားကြီးနဲ့ ကျွဲသိုးကြီး နှာခေါင်းနဲ့ ပါးစပ်မှာလည်း အမြှုပ်တွေ ကျဲ့လို့ ...





ရေဗွက်တွေကို နင်းဖြတ်ပြီး သူ့ရှိရာကို တဗွမ်းဗွမ်း တညွှမ့်ညွှမ့် ဖူးဖူး အသံပေး ကဆုန်စိုင်းပြေးလာနေတာကို မြင်ရော ...

ရိုင်ဖယ်သေနတ်ကို ကျွဲသိုး၊ ကျွဲရိုင်းကြီးရှိရာ ထိုးချိန်ပြီး ဦးခေါင်းကို ထိုးပစ်ချလိုက်တယ်။

"ချောက် ..."

"ဟာ ..."

နောက်တစ်ချက် ပြန်ပစ်တယ်။

"ချောက် ..."

"ဟိုက် ..."

သူ့ ရိုင်ဖယ်ကျည်ဇလုတ်မှာ ကျည်ဆန်ကုန်နေပြီ။ စနေဂြိုဟ် မြန်မြန်စွာ ကျည်အိမ်ကိုဖွင့်ပြီး ကျည်သစ်ထိုးလို့ မောင်းတင်ပစ်ရန် ပြင်လိုက်ချိန်မှာပဲ ...

"ညွှမ့် ... ဖူး ..."

"ဖောင်း ..."

"စွပ် ..."

"အား ... အား ... အား ... အား ... အား ..."

စနေဂြိုဟ်ရဲ့ပါးစပ်က ကြောက်လန့်နာကျင်ကြီးစွာ အော်ဟစ်လိုက်တဲ့ အသံကြီးဟာ တစ်ရွာလုံး သိမ့်သိမ့်တုန်သွားတယ်လို့ ပြောရင် မပိုပါဘူး စာရေးဆရာ။ ကျုပ်တို့ မျက်မြင် နားကြား ကိုယ်တွေ့တွေ့ပါ။

ဖောင်းမွေးထနေတဲ့ ကျွဲချိုကားကြီးဟာ သူ့ကို သေနတ်နဲ့ပစ်မလို့ ချိန်ပြင်နေတဲ့ စနေဂြိုဟ်ရဲ့သေနတ်ကို ဦးချိုနဲ့ ယမ်းခတ်လိုက်ပြီး စနေဂြိုဟ်ရဲ့ရင်ဝကို ဦးချိုတစ်ချောင်းနဲ့ ထိုးကော်တင်လိုက်တာ မကြည့်ရဲစရာပါဘဲ စာရေးဆရာရာ။

ဦးချိုဟာ ဓားပြခေါင်းဆောင် စနေဂြိုဟ်ရဲ့ရင်ဝကို စူးဖောက်ပြီး နောက်ကျောကို ထုတ်ချင်းဖောက်သွားတယ်။

စနေဂြိုဟ် ကျွဲချိုဖျားမှာ တန်းလန်း မှောက်လျက်ပါပြီး သွေးရှူး



www.burmeseclassic.com

www.burmeseclassic.com



သွေးတန်း ရှန်းကန်အော်ဟစ်နေတဲ့ မြင်ကွင်းဟာ ကြက်သီးထ ချောက်ချားစရာ မကြည့်ဝံ့စရာဗျာ။

ကျွဲကြီးရဲ့ ဦးခေါင်းပေါ်ကို တန်းလန်းမြောက်နေတဲ့ ဓားပြခေါင်းဆောင် စနေဂြိုဟ်ရဲ့ ရင်ဝက သွေးနီနီရဲတွေ စီးပန်းကျနေတာကို ကျုပ်တို့ မိုးစဲလင်းစမနက်မှာ မြင်နေရတာ။

ကျုပ်တို့လည်း မထွက်ရဲဘူး။

အသံလည်း မပြုရဲဘူး။

ကျွဲဖောင်းရှည်ကြီးဟာ စနေဂြိုဟ်ကို ဦးချိုဖျားပေါ်ကနေ ချမပေးဘဲ တန်းလန်းကြီးအနေအထားကနေ ရွာဆူးစည်းရိုးကို လွှားခနဲလှမ်းခုန်ပြီး ကွင်းထဲက ရေပြင်ပေါ်မှာ ယမ်းမြောက်ကစား ပြေးလွှားနေတာကို အံ့ဖွယ်မြင်လိုက်ရတယ်။

ဒီအချိန်ကျမှ ကျုပ်တို့၊ ကိုသာစည်တို့အဖွဲ့တွေ အိမ်ထဲကထွက်ရဲကြပြီး ဓားပြခေါင်းဆောင် စနေဂြိုဟ်ကျန်ရစ်ခဲ့တဲ့ ရိုင်ဖယ်ကိုကောက်ယူလို့ ခွေးတွေဝိုင်းကိုက်နေတဲ့ ဓားပြကို လက်ရဖမ်းလိုက်ကြတယ်။

ဓားပြနာမည်က ဝါဆိုတဲ့။

ဓားပြဝါဆို ဆိုသူကို သူကြီးထံအပ်ပြီး ကျုပ်တို့ အုတ်အော်သောင်းတင်းဖြစ်နေတဲ့ ရွာပြင်ကို ပြေးထွက်လာလို့ အမျှားနဲ့ကြည့်လိုက်ရော ကျွဲဖောင်းကြီးဗျာ၊ ကျွဲသိုးရိုင်းလို အကောင်ကြီးဗျာ ...

သူ့ဦးချိုပေါ်မှာ ဓားပြဗိုလ်စနေဂြိုဟ်ရဲ့ အသက်မဲ့အလောင်းက တန်းလန်းကြီး။ ပြုတ်လည်း မကျသေးဘူး။

ဘယ်ကျမှာလဲဗျာ ... ဦးချိုက ရင်ဝကနေ နောက်ကျောကိုဖောက်ပြီး ထွက်နေတော့ တံစို့ထိုးသလို ဖြစ်နေတာပေါ့။

ကျွဲကြီးဟာ ကွင်းရေထဲမှာ အလောင်းကြီး ဦးချိုနဲ့ထမ်းပြီး တောင်ပြေးမြောက်ပြေး လုပ်ပြနေတာဗျ။ အော်နေတာ။

သူ့အနီးဝန်းကျင်မှာ ကျုပ်တို့ရွာထဲက ကျွဲတွေရော၊ နွားအုပ်ကြီးရော ကျွဲဖောင်းကြီးရဲ့ လှုပ်ရှားမှုကို ဝိုင်းကြည့်နေကြတယ်။

"အွမ် ..."





ကြည့်စမ်း ...

လူသေထမ်း ကျွဲဖောင်းထကြီးက ခပ်လှမ်းလှမ်းက ကြည့်နေကြတဲ့ ရွာလူအုပ်ကိုကြည့်ပြီး 'အွမ်' လို့ အော်ပြလို့ ..

"အွမ် ..."

"ညွမ် ... ညွမ် ..."

"ညွမ် ... ညွမ် ..."

"အွမ် ... အွမ် ..."

"ဝပ်ထိန်း ... ဝပ်ထိန်း ..."

"ဖူး ... ဖူး ... ဝပ်ထိန်း ..."

ဘုရားရေ ... အံ့သြစရာကောင်းလိုက်တာဗျာ။ လူသေထမ်းကျွဲဖောင်းကြီး အသံတစ်ချက်ပြုအော်တိုင်း ကျုပ်တို့ရွာက ကျွဲတွေ၊ နွားတွေက သံပြိုင်ပြန်အော်နေတာဗျာ။

"အွမ် ..."

"ဟော ... အော်ပြန်ပြီ။ ကျွဲချိုပေါ်က အလောင်းကြီး လှုပ်နေပြီ"

"ညွမ် ... ညွမ် ..."

"အွမ် ... အွမ် ..."

"ဝပ်ထိန်း ... ဖူး ..."

"ဖူး ... ဝပ်ထိန်း ..."

ဝိုင်းရံကြည့်နေတဲ့ ကျွဲနွားအကောင် (၅၀) ခန့်ရဲ့ ပြန်လည်တုံ့ပြန်အော်သံဟာ ဟိုးအဝေးကတောင် ကြားရနိုင်တယ်မျို။

"ဟ ... ရန်ကုန်ရ ... အဲဒီအလောင်းထမ်းထားတဲ့ ကျွဲကြီးက ဘယ်သူ့ကျွဲသိုးကြီးတုံးဟ"

"ကျုပ်လည်း မသိဘူး ကိုသာစည်"

"ဟော့ကောင် ... ဘဲခန်းကြီး ... အဲဒါ မင်းကျွဲလားဟေ့"

"ကျုပ်ကျွဲမဟုတ်ဘူး ... ကိုသာစည်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ကို ... မင်းအဖေကျွဲသိုးလား။ ကြည့်စမ်း ..."

"မဟုတ်ဘူးအစ်ကို။ အဖေ့ကျွဲသိုးကြီးက တုံ့ပြန်အော်နေတဲ့ ကျွဲအုပ်ထဲမှာ ရှိနေတယ်ဗျ"

"ဟ ... ဒါဆို ... ဒါ ... ဘယ်သူ့ကျွဲသိုးတုံး"

"မသိဘူး"

"တစ်ခါမှ ဒီကောင်ကြီးကို ကျုပ်တို့ မမြင်ဖူးဘူး"

"ဖွဲ့ပါကုန်းကလား"

"မသိဘူး"

"သံတဲကရော"

"မသိပါဘူးဆိုဗျာ"

အဲဒီလို အလောင်းစူးထမ်းထားတဲ့ ပိုင်ရှင်မဲ့ ကျွဲသိုးကြီးဟာ သံချိုသုံးလား အလောင်းထမ်းလျက်ကနေ ရှာခံကျွဲနွားများနှင့် အပြန်အလှန် သံပြိုင်ပြူပြီးရော ...

စနေပြိုဟ်ရဲ့အလောင်းကြီး ဦးချိုမှာ တံစို့ထိုးလျက်နဲ့ ဟိုး ... ဘီလူးခေါင်းပြတ်သချိုင်းကုန်းတောရှိရာဘက်ကို ဦးတည်ပြေးပါရော။

"အီး ... ဟစ် ... ဟစ် ... ဟစ် ... ဟစ် ..."

"ဟီး ... အဟစ် ... ဟစ် ... ဟစ် ... ဟစ် ..."

"ဟီး ... ဟီး ... အစ် ... ဟစ် ... ဟစ် ..."

အဲဒီအချိန်မှာပဲ ကိုင်းတောဘက် မြင်းခြောက်ကောင် ချောင်းလေးကိုဖြတ်လို့ ပတတ်ရပ်လိုက်၊ ဟီလိုက်နဲ့ ဒုန်းစိုင်းပြေးလာနေတာဗျာ။

ကျုပ်တို့လည်း မြင်ကွင်းကို ကြည့်ပြီး အံ့သြနေကြတယ်။

ဘယ်ကမြင်းတွေတုံး။

မြင်းတွေက အနက်၊ အဖြူ၊ အညို၊ အုန်းခွံရောင်။

အားလုံး (၆)ကောင်။

မြင်းခြောက်ကောင်ဟာ ကဆုန်စိုင်းဝိုင်းပြီး လူသေကောင်ထမ်းချိတ်ပြေးတဲ့ ကျွဲနောက်ကို အပြေးလိုက်ပါရောဗျာ။





ကွင်းထဲမှာ မိုးရေက တစ်ထွာကျော် တစ်တောင်နီးပါး ရေတင်နေတာ။ ကဆုန်စိုင်းပြေးနေတဲ့ မြင်းခွာများအောက်မှာ ရေပန်းရေမွှားတွေ စင်ပျံလွင့်တက်လို့ဗျာ။

"အီး ... ဟစ် ... ဟစ် ... ဟစ် ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဟီး ... အစ် ... အစ် ... အစ် ... ဟီး ..."

မြင်းခြောက်ကောင် အသံဟီပြီး ပြေးလိုက်လာတာ ကြားရော လူသေကောင်ထမ်းထားတဲ့ ကျွဲသိုး၊ ကျွဲရိုင်းလိုကောင်ကြီးက ဖြန်းခနဲလှည့်ပြီး ဦးခေါင်းပေါ်က ချိုဖျားမှာ တန်းလန်းဖြစ်နေတဲ့ လူဆိုးခေါင်းဆောင် စနေပြိုဟ်ရဲ့ အလောင်းကြီးကို ဖွေ့ယမ်းပြလိုက်ပါရောဗျာ။

အဲဒီမှာ မြင်းခြောက်ကောင်ဟာ အလောင်းကြီးကိုကြည့်ပြီး အားရပါးရဟီလို့ ပတတ်ပြိုင်တူရပ်ပြီး ကွင်းရေပြင်ကို ခွာစုံပေါက်ကြပါရော။

သွေးရောင်သန်းကွင်းရေတွေ မိုးပေါ်ကို မြောက်စင်တက်ကုန်တယ်။

ကျုပ်တို့လည်း ဘယ်လိုဖြစ်နေမှန်းမသိတော့ အသာရပ်ကြည့်ပြီး ဘာများ ထူးထူးဆန်းဆန်း ဖြစ်လာမှာလဲလို့ ကြည့်နေရတာပေါ့။

သူတို့ ရေပြင်ကို ခွာစုံပေါက်နေချိန်မှာပဲ ကျွဲရိုင်းကြီးဟာ အလောင်းကြီးချိတ်ထမ်းလျက်နဲ့ ဘီလူးခေါင်းပြတ်တောထဲကို ဝင်ရောက်ပျောက်ကွယ်သွားတော့တယ်။

ကျွဲရိုင်းကြီး ကွင်းထဲကပျောက်ရော။

မြင်းရောင်စုံ ခြောက်ကောင်ကလည်း ရေပြင်မြေပြင်ပေါ်မှာ ကဆုန်စိုင်း ခုန်ပေါက်ပြေးလွှားပြီး ဟိုးအရှေ့ချောင်းရိုးလေးကို ဖြတ်လို့ ကိုင်းတောကြီးဘက်ကနေ မှုန်မှိုင်းမကွေ့ အစွန်ရှိရာ ဒုန်းစိုင်းသွားတာကို နောက်ဆုံး မြင်လိုက်ရတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၇ |

## ဝါခေါင်ရဲ့လွမ်းချင်း

❑

ခု မိုးစင်စင်လင်းသွားပြီ။

မိုးနဲ့လေလည်း စဲသွားပြီ။ မုန်တိုင်းလည်း လက်ပန်းကျသွားပြီ

လေပြည်လေညင်းမျှသာ တသုန်သုန်တိုက်နေတယ်။ သည်တော့ ကျုပ်တို့ရွာသူရွာသားတွေ ရွာထဲပြန်ဝင်လာကြပြီး သူကြီးနဲ့အတူ တစ်ရွာလုံးကို စစ်ဆေးကြရတယ်။

ရွာပြင်မှာ သွေးသံရဲရဲနဲ့ လူသေအလောင်းတစ်လောင်း သေနေတာကို တွေ့ရတယ်။

ရင်ဝမှာ သေနတ်ဒဏ်ရာနဲ့ လှန်ကြည့်လိုက်တော့ နောက်ကျောမှာ ပေါင်းလောင်းပွင့်နေတယ်။

ဒါ ရိုင်ဖယ်ကျည်ဆန် ဖောက်ထွက်သွားတဲ့ ဒဏ်ရာပဲ။

ရေထဲမှာ ရိုင်ဖယ်တစ်လက်ကို တွေ့လို့ သိမ်းကြတယ်။





ရွာထဲမှာ သူသေအလောင်းသုံးလောင်း။ မြင်လို့မကောင်းဘူးဗျာ။ သူတို့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေက နွားတွေ၊ ကျွဲတွေ၊ ခွေးတွေ ဝိုင်းကိုက်ဝှေ့ခတ်လို့ ပေါက်ပြဲစုတ်ပြတ် ...

အူပွင့်ပြီး တန်းလန်းကြီး ပြန့်ကျဲနေတဲ့သူ။

လည်ချောင်းပွင့်ကွဲပြီး သေနေတဲ့လူ။

လက်ကျိုး၊ ခြေကျိုး၊ အသားတွေစုတ်ပြဲ၊ အကျီုပုဆိုးအကွဲအပြဲနဲ့ အသက်ပျောက်နေသူ လူဆိုးဓားပြများကို ရွာလမ်းမနဲ့ ရေမြောင်းထဲမှာ အသည်းယားစရာ မြင်ခဲ့ရတယ်။

ဓားပြတစ်ယောက်ကိုတော့ ဒေါ်မယ်ဘယက်တို့ သားအမိလက်ချက်နဲ့ သေသွားတာသိရရော တစ်ရွာလုံးက သတ္တိကောင်းလိုက်တဲ့သားအမိလို့ ချီးကျူးမဆုံးဘူးဗျာ။ ဒေါ်မယ်ဘယက်ကလည်း ထဘီတိုတိုနဲ့ သွေးဓားကို မချဘူး။

သွေးနီရဲရဲများကလည်း မိုးရေနဲ့ရောပြီး စီးနေတယ်။ ရိုင်ဖယ်သေနတ်များနဲ့ ဓားရှည်ဓားမြှောင်များလည်း သူတို့အနီးမှာ တွေ့ရတယ်။

ဒီမှာ ကျုပ်တို့ အသက်ရှင်လျက်နဲ့ ဓားပြလူရွယ်တစ်ယောက်ကို တော်ရဖမ်းဆီးခဲ့တယ်။

သူလည်း ကျွဲခတ်လိုက်လို့ ရေမြောင်းထဲ ကျသွားတာ။ ကံကောင်းခြင်းတော့ ညာလက်တစ်ချောင်းကျိုးပြီး ဒူးဆစ်လည်သွားတာပဲရှိတယ်။

တစ်ရွာလုံး မုန်တိုင်းဒဏ်ကြောင့် သစ်ပင်သစ်ရွက်၊ သစ်ကိုင်းများ ဓနိသက်ငယ်၊ အမှိုက်သရိုက်များနဲ့ ရှုပ်ပွနေတယ်။

ဒါနှင့်အတူ ...

ချမ်းတုန်နေတဲ့ ကျွဲတွေ၊ နွားတွေ၊ ခွေးတွေကိုလည်း သနားစဖွယ်တွေ့ကြရတယ်။

ရွာသားတွေက ကိုယ့်ကျွဲသူ့နွား ပြန်ခေါ်သူက ခေါ်ကြ၊ သူကြီးနဲ့ ကျုပ်တို့က လူသေဓားပြအလောင်းတွေကို တစ်နေရာမှာ စုပုံကြရတယ်။

ဒီမှာ သူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"သာစည် ..."

"ဘာတုံး ... သူကြီး"

"မင်း ဝတိုးနဲ့ဇစိုးကိုခေါ်ပြီး မြို့ဂါတ်ကို သွားအကြောင်းကြားလိုက်။ ဒီမှာ ဓားပြတွေကို မိထားပြီလို့"

"သူကြီး ..."

"ဘာတုံး ... သာစည်"

"ကျုပ်တို့ မြို့ဂါတ်ကို သွားအကြောင်းကြားပါမယ်။ ဒါပေမင့် အခု လက်ရအရှင်မိထားတဲ့ ဓားပြကို သေသေချာချာစစ်မေးပြီး သိရသမျှ ရဲစခန်းရောက်တော့ ပြောပြထားရင် ပိုမကောင်းဘူးလား"

"ဟုတ်တယ် ... သူကြီး"

"ဒီကောင်ကို အရင်စစ်မေးဦးဗျ"

ကျုပ်တို့ရော၊ ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းတွေကရော ဝိုင်းပြောကြတယ်။ အခြားသူများက ဝိုင်းပြောကြတယ်။

"အေး ... ဟုတ်တယ်။ ဟိုကောင်ကို ခေါ်ခဲ့"

ဒါနှင့် မိထားတဲ့ဓားပြကို ထိတ်တုံးကဖြုတ်ပြီး သူကြီးနဲ့ ရွာသူရွာသား အများရှေ့မှာပဲ ဝိုင်းစစ်မေးကြတယ်။

လူရွယ်ဓားပြက ဆံပင်စုတ်ဖွား၊ အသားညိုညို။

သူဟာ လက်နက်ကိုယ်စီကိုင် ရွာသူရွာသားများကို ကြည့်ပြီး အလွန့်ကို ကြောက်လန့်နေတယ်။ သူ့ပုံစံကလည်း သူကြုံခဲ့ရတဲ့ သည်းထိတ်ရင်ဖိုဖြစ်ရပ်တွေကြောင့် စိတ်တုန်လှုပ်ချောက်ချားနေပုံမျိုး ဖြစ်နေတယ်။ မျက်လုံးပြူး၊ မျက်ဆံပြူးနဲ့။

"ဟေ့ကောင် ... မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဟင် ..."

"မင်းနာမည် ဘယ်လိုခေါ်လဲလို့ မေးနေတာ။ ငါက ဒီရွာသူကြီးပဲ။ မင်း ငါမေးတာကို မှန်မှန်ကန်ကန်ဖြေပေးရင် မင်းသက်သာမယ်ပဲ။ မမှန်မကန်ဖြေရင်တော့ ..."

"ရှမ်း ..."





ဗျ အမယ်လေးဗျ ...

သူကြီးကား ဓားအိမ်ထဲတဓားကို ရွှမ်းခနဲ အသံမြည်အောင်ထုတ်ပြီး ဓားပြရဲ့လည်ပင်းမှာ ဓားဦးကိုတော့လိုက်ရော ဓားပြ လန့်အော်တော့တာပဲ။

ငါပြောတာ နှဲ့းလည်လား

ဟုတ် ... ဟုတ် ...

"မင်းနာမည် ..."

"ဝါ ... ဝါ ... ခေါ်ပါတယ်ဗျာ ..."

ဗျာ ...

"ဝါခေါင် ..."

"ဟုတ် ..."

"ဝါခေါင် ... မင်း ဘယ်ရွာသားလဲ"

"မင်းတို့ဓားပြအဖွဲ့ခေါင်းဆောင် နာမည်ဘယ်သူလဲ ဘယ်လိုခေါ်သတုံး"

စနေဂြိုဟ် ... ခေါ် ... ခေါ်"

"ဩော် ... နာမည်ကြီးဓားပြ စနေဂြိုဟ်အဖွဲ့ကကိုး။ ဟင်း ... ဟင်း ... ဟင်း ... ဟေ့ကောင် ..."

"ဗျာ ... ဗျာ"

"ဟို ... ကျွဲရိုင်းတစ်ကောင်ရဲ့ ဦးချိုဖျားမှာ သေပြီးပါသွားတာ ဘယ်သူတုန်းကွ"

"အဲ ... အဲဒါ ဓားပြခေါင်းဆောင် ... စနေဂြိုဟ်ပါ ... ခင်ဗျ"

"အဲဒါ စနေဂြိုဟ်"

"ဟုတ် ... ဟုတ် ..."

"မင်း ထိရစ်လိုက်စမ်း ... ဝါခေါင်"

"ဗျာ ... ဗျာ ... ကျုပ်ကို ... မ ... မသတ်ပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ကြောက် ... ကြောက်ပါတယ်ဗျာ။ ကျုပ် တောင်းပန်ပါတယ် ... သ ... သကြီးရာ ..."

"မင်းလိုက်ခဲ့။ သူ့ကိုခေါ်ခဲ့"

ကျုပ်တို့က ဓားပြ ဝါခေါင်ဆိုတဲ့ကောင်ကို ချုပ်ကိုင်ပြီး ထိန်းတယ်။ ကျုပ်တို့ရွာက ရာအိမ်ခေါင်းမွတ်တားတို့၊ ဆယ်အိမ်ခေါင်း အသု ကာယ်နဲ့ ဝတိုး၊ စိုးတို့ လက်ထဲမှာကလည်း ရိုင်ဖယ်တွေကိုယ်စီနဲ့ တော့ ...

ဝါခေါင်ဆိုတဲ့ဓားပြ လန့်ရှာမှာပေါ့ဗျာ။

ဟိုကောင်တွေကလည်း သေနတ်စမ်းချင်လို့ လက်ယားနေတာ လေ။

သေနတ် တချိန်ချိန်နဲ့။

"သူကြီး ... ရှင်းပစ်လိုက်မလား"

"မင်းတို့ တိတ်တိတ်နေ။ ငါနိုင်းတာလုပ်၊ လျှာမရှည်နဲ့"

ဒါနဲ့ သူတို့တိတ်သွားတယ်။ သူကြီးက ရွာလယ်လမ်းမမှာ တ စိထားတဲ့ အလောင်းလေးလောင်းကို လက်ညှိုးထိုးပြီး ...

"ဒီဘက်ထိပ်ဆုံး ပထမဓားပြနာမည် ဘယ်လိုခေါ်တုံး"

"သူလား ..."

"ဟုတ်တယ်"

"သူ့နာမည် ပြဿဒါးလို့ ခေါ်ပါတယ်"

"ဟိုကောင့်အမည်"

"ငြိစွာ ..."

"ဟိုကောင် ..."

"သောကြာသား"

"နောက်ဆုံးကောင်"

"ဝါဆို"

"ဝါဆို ... ဟုတ်လား။ မင်းက ဝါခေါင်ဆိုတော့ မင်းနဲ့ဝါ ဘာတော်သလဲ"

စိတ်ကူးသစ်စာပေ



"ညီအစ်ကိုအရင်းပါ ခင်ဗျာ"

"မိုက်တဲ့ကောင်တွေပဲကိုး။ လာ ... ပြန်သွားမယ်"

ဒါနဲ့ သူကြီး အိမ်ကိုရောက်တော့မှ သူကြီးက ဝါခေါင်ကို ထပ် တယ်။

"ဝါခေါင် ..."

"ဗျာ ..."

"မင်းတို့ ဘီလူးခေါင်းပြွတ်သချိုင်းကုန်းက ရသေ့ကြီးကို သိ လား"

"ဗျာ ... အဲ ... အဲ ..."

"ဖောင်း ..."

"အား ..."

ကျုပ်တို့သူကြီးကလည်း မခေဘူးဗျ။ အူးအဲအ လုပ်နေတဲ့ ဓားပြ ားရင်းကို တစ်ချက်ရိုက်လိုက်မှ ဟိုကောင်ဖြုန်သွားတယ်။

"မင်း ... အခုသေချင်လား ... ဝါခေါင်"

"မ ... မသေချင်ပါဘူးဗျာ"

"မင်းကို အခုသတ်ပြီး ဟိုမသာတွေနဲ့ ရောထားလို့ရတယ်။ နား ည်လား"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"မင်းတို့ ရသေ့ကြီးကို သတ်ပစ်ကြတယ်မဟုတ်လား"

"ကျုပ် ... ကျုပ် ... ကျုပ် ... မသတ်ပါဘူးဗျာ"

"ဟုတ်ပြီ ... မင်းမသတ်ရင် ဘယ်သူသတ်သတုံး ... ပြော"

"ခေါင်းဆောင် စနေဂြိုဟ် သတ်တာပါဗျာ"

"အမှန်အကန်ပဲနော်"

"အမှန်ပါ သူကြီးခင်ဗျာ"

"ဘယ်လိုသတ်ပစ်ခဲ့တယ်ဆိုတာကို အားလုံးသိသွားအောင် ပြန် ပြမ်း ... ဝါဆို"

✿ ✿ ✿

www.burmeseclassic.com

[ ၁၈ ]

**ဒီကျောင်းတွေအကျွေးဆိုရတဲ့ ရသေ့ကြီး**

❑

တောင်ယာကုန်းရွာ (ခေါ်) သမ္ဗုဒ္ဓေရွာကို ဘယ်ဓားပြမှ ဝင်တိုက်လို့မရဘူးဆိုတာကို ဆရာကြီးစနေဂြိုဟ်က မယုံပါဘူးများ

"ရွှေကျိုင်းရော၊ အဂျမ်းရော . . . ဘဝပျက်သွားပြီ ဆရာဂြိုဟ်"

"သူတို့ ဘာကြောင့် ဒီရွာကို တိုက်လို့မရတာတဲ့"

"ပြောနေကြတာတော့ ဘီလူးခေါင်းပြတ်သချိုင်းက ရသေ့ကြီး ရွာကို သမ္ဗုဒ္ဓေဂါထာနဲ့ အင်းချ၊ စည်းချပြီးထားလို့ ဓားပြဝင်မရတာ လည်း ပြောနေကြတယ်"

"ပြီးတော့ရောကွာ . . ."

"တစ်ရွာလုံးကိုလည်း ရသေ့ကြီးက ဂါလေးလုံးကြီးမကျန် သမ္ဗုဒ္ဓေဂါထာ သင်ပေး အရကျက်ခိုင်းပြီး ကိုယ့်အိမ်ကို စည်းချအိပ်ကြလို့ သတဲ့။

✿ ✿ ✿





အဲဒါကြောင့် ဘယ်ဓားပြမှ တိုက်လို့မရဘူးပေါ့။ ဒီလိုလား။

"ဟုတ်တယ် . . . ဆရာဂြိုဟ်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . . ရယ်ရတယ်ကွာ။ တေး၊ ညည့်တွေမှ ခွေးပြေးဝက်ပြေး ပြေးပြီး ဘဝပျက်ရတာ ဒါရအောင် တိုက်ပြမယ်။ အဲဒီရွာက သူကြီးခေါင်းဖြတ်ပြီး ရွာဝကတိုင်မှာ ချိတ်ပြမယ်။ ကြည့်နေကြ"

အဲဒီနောက် တစ်ရက်မှာ . . .

ကျုပ်တို့အားလုံး သေနတ်တွေ ကိုယ်စီကိုင်ပြီး ရသေ့ကြီးကျောင်းထိုင်တဲ့ ဘီလူးခေါင်းပြတ်သချိုင်းကုန်းပေါ်ကို ရောက်ခဲ့ကြတယ်။

ကျွန်တော်တို့ရောက်ချိန်မှာ ရသေ့ကြီးဟာ ဆွမ်းစားပြီးလို့ သူ့သပိတ်ကို ရေဆေးနေတဲ့အချိန်ပေါ့။

ကျုပ်တို့ လက်နက်ကိုင်အဖွဲ့ကို မြင်တော့ ရသေ့ကြီးက မေးတယ်။

"ဘာအကြောင်းကိစ္စရှိလို့တုံး . . . ဒကာကြီးတို့"

"ရသေ့ကြီး . . ."

"ပြောပါ . . . ဒကာ"

"ကျုပ် တိုတိုပဲပြောမယ်"

"ရသေ့ကြီး . . . ဒီနေ့ကစပြီး ဟောဒီကျောင်းမှာ မနေဘဲ ဒီနယ်ရဲ့အပြင်အဝေးကို ထွက်သွားတော့"

"အလို . . . ဒကာကြီး၊ ကျုပ် ဒီနေရာမှာ တရားဘာဝနာ ပွားများတဲ့ သူတော်ကောင်းအလုပ်ကို လုပ်နေတာပါ။ ကျုပ် ဘယ်သူ့အကျိုး ယုတ်အောင်မှ မလုပ်ဘူး"

"မလိုချင်ဘူးဗျာ . . . ခင်ဗျား အခုချက်ချင်း ထွက်သွား"

"ကျုပ် မသွားပါရစေနဲ့ . . . ဒကာတို့ရယ်"

"ဟိတ် . . . မြွေသသေဒါနဲ့ သူ့ကို ဆွဲခေါ်ခဲ့။ မီးကျောင်းစာ ကျွေးမယ်"

"ဒကာ . . ."

www.burmeseclassic.com



မရပါဘူးဗျာ။ ပြဿဒါးနဲ့ ပြိတ္တာတို့က ရသေ့ကြီးကို အတင်းတရွတ်ဆွဲခေါ်သွားကြတယ်။ ရသေ့ကြီးက ရုန်းကန်ပြီး တောင်းပန်တယ်။

ဒီမှာ သူတို့က ရသေ့ကြီးကို ထုရိုက်ပြီး ပုံသကူသက်နိုးကို ဆွဲချွတ်လို့ မြေကြီးပေါ်မှာ တရွတ်တိုက် ဆွဲခေါ်သွားကြတယ်။

ဒီလိုနဲ့ ဒီရေအတက်အကျရှိတဲ့ သင်ပေါင်းခနိုတောလည်းရောက်ရော ရသေ့ကြီးခမျာ သွေးသံရဲရဲနဲ့ အားကုန်သလိုရှိနေပြီး ...

"ရသေ့ကြီး ... ဒီအရပ်က ထွက်သွားမလား၊ အသေခံမှာလား"

"အား ... ကျွတ် ... ကျွတ် ..."

"ဖုန်း ..."

"အင့် ..."

"မေးနေတယ်ဗျ ... မြန်မြန်ပြော"

"ကျုပ် ... ကျုပ် ... ဘုရား၊ တရား အလုပ် ... လုပ် .."

"ဟေ့ ... သူ့ကို ကြိုးနဲ့တုပ်လိုက်"

ခေါင်းဆောင်စနေဂြိုဟ်ရဲ့ အမိန့်ကြောင့် ရသေ့ကြီးကို ကြိုးနဲ့တုပ်ပြီး တဝုန်းဝုန်းတက်စပြုနေတဲ့ ဒီရေရောက် သင်ပေါင်းတောထဲကို ပစ်ချလိုက်တယ်။

"မှန်တာပြောတာပါ သူကြီးခင်ဗျာ"

"ကျွန်တော်တို့ညီအစ်ကို မိဘများမရှိလို့ ဆင်းရဲဒုက္ခရောက်လွန်းလို့ သူတို့နဲ့ ပေါင်းသင်းလုပ်ကိုင် စားသောက်ရပေမင့် ကျွန်တော်တို့က မြန်မာဗုဒ္ဓဘာသာဝင်တွေပါ"

"ဒီလို ဘုရား၊ တရားလုပ်နေတဲ့ သူတော်ကောင်းလိုမျိုး ပုဂ္ဂိုလ်ကို မစော်ကားရဲပါဘူးဗျ။ အပါယ်ငရဲကို ကျမှာစိုးလို့ပါ"

ရသေ့ကြီးဟာ သင်ပေါင်းစူးအချို့နဲ့ ထိညိုပြီး ရွှံ့ဗွက်ထဲကို ကျသွားတယ်။ သူဟာ ရွှံ့ဗွက်ထဲမှာ လူးလိမ့်နေရှာတယ်။

ဒီအချိန်မှာ ဒီရေက တက်လာပြီ။





မကြာခင် ကြိုးတုပ်ခံထားရတဲ့ ရသေ့ကြီးကို ပင်လယ်ဒီရေက နစ်လွှမ်းပြီး တရွတ်ဆွဲ ခေါ်သွားလိမ့်မယ်။

ဒီနေရာက သင်ပေါင်းတော၊ ခနိုတော၊ ဗျိုက်တောကြီးမို့ မိကျောင်းတွေ ခိုအောင်း၊ သားပေါက်တဲ့နေရာပါ။

ဒီရေတက်လာရင် မိကျောင်းတွေ လိုက်ပါလာလိမ့်မယ်။ မကြာခင် သူ မိကျောင်းစာဖြစ်လိမ့်မယ်ဆိုပြီး ပစ်ထားလို့ အခြားတောလမ်းကနေ ပြန်လာခဲ့ကြတယ်။

"တောက် ... ရက်စက်ယုတ်မာလိုက်တာကွာ"

"ဒါကြောင့် မင်းတို့အားလုံး အသေဆိုးအသေဆန်းနဲ့ သေရတာတွေ ... သိလား ... သိလား ... သိရဲ့လား"

သူကြီးက ဒီကောင့်ကို ကိုင်လှုပ်ပြီး ပြောလိုက်တာ ...

"ဟုတ် ... ဟုတ် ... ဟုတ် ..."

"နောက်ပိုင်း ငါတို့ရွာကို ဘယ်လိုဝင်ခဲ့သတုံး။ ပြော ..."

ဒီမှာပဲ ခေးပြဝါခေါင်က ...

သူတို့ မနေ့ညတုန်းက စုရပ်ကနေ မြင်းခြောက်ကောင်နဲ့ အထွက်မှာ ထူးထူးဆန်းဆန်း ကြုံခဲ့ရတဲ့ ...

သစ်သားခေါင်းဟောင်းတစ်လုံး၊

ခေါင်းပေါ်မှာ လှုပ်နေတဲ့ လူခေါင်းခွံငါးလုံး အကြောင်းကိုလည်းကောင်း၊

ဒီရွာကို မိုးမသောက်ခင် ချဉ်းကပ်ချိန်မှာ မိုးတွေလေတွေကျပြီးနောက် မိုးရေထဲမှာ 'ပြန်တော့'ဆိုတဲ့အသံကို ကြားရပုံ၊

မိုးရေထဲမှာ ပြဿဒါး ရသေ့ကြီးကို ရုတ်တရက်မြင်ရပြီးနောက် ရသေ့ကြီးကို သွားသတ်ရပုံကိုလည်းကောင်း၊

စနေဂြိုဟ်အပါအဝင် မိမိတို့ ကျန်ခဲ့းပြ (၅)ယောက် မိုးရေညှိနေတဲ့ မှန်တိုင်း၊ မိုးသည်းကွင်းထဲမှာ ရသေ့ကြီး မိကျောင်းပေါ်စီးလာနေတာကို မြင်ရပုံကနေ ...



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းစီးလာနေတဲ့ ရသေ့ကြီးကိုမြင်ပြီး စနေဂြိုဟ်ကိုယ်တိုင် အမှုမပေါ်ရအောင် ရှေ့ကနေ သေနတ်မစ်သတ်လိုက်ရာ သွားကြည့်တော့ ရသေ့ကြီးမဟုတ်ဘဲ သူတို့ရှိရာပြန်လာတဲ့ အေးပြုံးသဲဒါးဖြစ်နေပြီး သေနတ် မှန်လို့ သေသွားပုံ၊

ရေပေါ်မှာ ပေါ်နေသွားနေတာကလည်း မိကျောင်းမဟုတ်ဘဲ ငှက်ပျောပင်၊ ငှက်ပျောတုံး အရွက်ထောင်မျောနေတာ ဖြစ်ကြောင်းကား နောက်ဆုံး ကျုပ်တို့ရွာထဲလည်းဝင်ရော ကျွဲတွေ၊ နွားတွေ၊ ခွေးတွေ ဝင်လာပြီး ဝင်ခတ်၊ ဝင်ဇော့၊ ဝင်ခတ်နဲ့ ထိန်းမနိုင်သိမ်းမရ ပစ်လို့လည်း ကျည်လွဲဖြစ်ပြီး သေရတာပါပဲဗျာ။

အထူးသဖြင့် ကျွဲသိုး၊ ကျွဲရိုင်းကြီးတစ်ကောင်ပါပဲ ...သူကြီး ရယ်။ ကြောက်စရာကောင်းလိုက်တာ။ ကျွန်တော်တို့ကို တရကြမ်းဝင်ခတ် တာ။ သေနတ်နဲ့ပစ်လို့လည်း မသေဘူး။ နောက်ဆုံးတော့ ကျွန်တော်တို့ ခေါင်းဆောင် စနေဂြိုဟ်ကို သူကြီးတို့မြင်တဲ့အတိုင်း ...

"သာစည်နဲ့ ငတိုး၊ ငစိုး ..."

"ဗျာ ... သူကြီး"

"ဒီမားပြမြောတာ ကြားလား"

"ဟုတ် ..."

"သွား ... မြို့ဂါတ်ကို အမြန်သွား အကြောင်းကြားပေ့"

ကိုသာစည်တို့ မြို့ပေါ်ကို တက်သွားကြတယ်။ ကျုပ်တို့က ဓားပြ ဝါဆိုကို ထိတ်တုံးပြန်ခတ်ထားလိုက်တယ်။

"သူကြီး"

"မြော ... ရန်ကုန်"

"ဒီကောင်ပြောပုံအတိုင်းဆို ကျုပ်တို့ ဘရသေ့ကြီးနဲ့ မိကျောင်း စာဖြစ်ပြီး ပျံလွန်ပြီပေ့ါဗျာ ..."

"ဟူး ... ဒီလိုပဲ တွက်ရတော့မှာပေ့ါကွာ။ သန္နိဋ္ဌာန်လိုက်ပါဘိ ... ရသေ့ကြီးရာ"

"သူကြီး ..."





"ဘာတုံးကွာ ... မင်းတို့ကလည်း"

"ထူးတာတော့ သိပ်ကိုထူးဆန်းနေတယ်ဗျ"

"ဘာလဲကွ"

"ကျုပ်တို့ရွာကို ဘယ်ဓားပြမှ တိုက်လို့မရဘူးဗျ"

"အေး .... ဒါတော့ ဟုတ်သကွ။ ငါတို့လည်း ကျည်တစ်တောင့်မှ မပစ်ရဘဲနဲ့ အနိုင်ရနေတာကွ။ မဟုတ်မှလွဲရောကွာ ဒါ ငါတို့ကျေးဇူးရှင် ဘရသေ့ကြီးရဲ့ သမ္ဗုဒ္ဓေဂါထာနဲ့ နေ့စဉ်ညစဉ် ရွာကိုစည်းချပေးထားလို့ ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်များက ကာကွယ်ရော့လားမသိဘူး"

"ဟို ကျွဲရိုင်းကြီးကို ကြည့်လေဗျာ ... အဲဒီကျွဲကို ဘယ်သူမြင် ဖူးလို့တုံး"

"နတ်ကျွဲများလားကွာ ဟင်"

"ကျွဲရိုင်းတော့ ကျွဲရိုင်းပဲဗျ။ ရွာတော်ရှင်၊ မြို့တော်ရှင်၊ အမေ နုံကရိုင်းတို့လွှတ်လိုက်တဲ့ နတ်ကျွဲလား ကျုပ်တို့လည်း အတိအကျမသိဘူး။ ကျုပ်တို့နားလည်သလောက်အသိနဲ့ ပြောရရင် မကောင်းမှုဒုစရိုက်သားကို လူမပြောနဲ့ အဟိတ်တိရစ္ဆာန်တောင် လက်ပိုက်မကြည့်ဘူးဗျာ"

"အေး ... ဒါလည်း ဒါပေ့ါကွာ။ ငါတို့တစ်ရွာလုံးကလည်း ရသေ့ ကြီးနဲ့ သက်တော်ရှည်ဆရာတော်ကြီး မိန့်တဲ့အတိုင်း သမ္ဗုဒ္ဓေဂါထာကြီး နေ့တိုင်းညတိုင်း တစ်ရွာလုံး ကလေးလူကြီးပါမကျန် ရွတ်ကြတော့လည်း အဖျက်သမား ငါတို့ကို နှောင့်ယှက်လို့မရ ဖြစ်နေတာပဲပေ့ါကွာ"

"ကျုပ်တို့ တစ်နေ့ကျရင် ဒေါ်မယ်ဘာယက်တို့သားအမိကို ထိုက် ထိုက်တန်တန် ဂုဏ်ပြုရမှာပဲ ... သူကြီးရ"

"အိမ်း ... ဒါတော့ ဟုတ်သပေ့။ သတ္တိကောင်းတဲ့ မိန်းမသား အမိကွာ။ သေသွားတဲ့ သူ့လင်ရန်ကြီးအောင် သတ္တိမျိုးကွ"

"သူ့သမီးကရော ကြောက်သွေးပါလို့လား"

"အေး ... ဟုတ်တယ်။ ငါတို့ ရွာသူရွာသားတွေ အရေးအကြောင်း ရှိရင် သတ္တိမခေမှန်း ငါသိပါပြီကွာ။ ဒါနဲ့ မောင်ရန်ကုန်တို့၊ သောင်းညွန့် ဦးတို့၊ ချစ်ကောင်းတို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့ … သူကြီး"

"တို့ ကျေးရူးရှင် ဘရသေ့ကြီး ပျံလွန်တော်မူသွားတာ ကျိန်းသေ မှတော့ ငါတို့ ရသေ့ကြီးအတွက် ရည်စူးပြီး ရက်လည်ဆွမ်းသွတ်လုပ်ကြ ကောင်းမယ်ကွာ"

"ဒါ လုပ်ရမှာပေါ့ဗျ"

"ကိုင်း … ငါက မြို့ဂါတ်က ပုလိပ်အရာရှိများလာရင် ကျွေးမွေး ညှိခံဖို့ စီစဉ်လိုက်ဦးမယ်။ မင်းတို့ ရွာဦးကျောင်းဆရာတော်ထံသွားပြီး အကျိုးအကြောင်း လျှောက်ကြတော့ …"

"ကျုပ်တို့သွားမယ်"

"အေး … အေး …"

"သူကြီး …"

"ဘာတဲ့ … သောင်းညွှန့်ဦး"

"မသာတွေနဲ့ နေရဲရဲလား"

"ရှိင်ဖယ်နဲ့ ရာအိမ်မှူးပြေားတို့ ရှိနေဥစ္စာ။ သေရောဟာပဲ ကုန်ထထ၊ တစ္ဆေဘဝနဲ့လာလာ နှစ်ကြိမ်သေအောင် ပစ်နိုင်းမယ်ပေါ့။ သူကြီး ကျောက်ဖားတဲ့ကွ"

✿ ✿ ✿

[ ၁၉ ]

**သေရွာမှ ပြန်လာကြသူများ**

❑

ဒီနေ့မနက် (၇)နာရီလောက် ရွာလယ်က မွှောရုံမှာ ကွယ်လွန်သူ ကျေးဇူးရှင် ဘရသေ့ကြီးအတွက် ရက်လည်သပိတ်ဆွမ်းတရားနာ ပြုလုပ်ကြတယ်။

တစ်ရွာလုံး တစ်အိမ်ကို ဆွမ်းတစ်အုပ် ဟင်းတစ်ပွဲ လာပို့ကြတယ်။

သက်တော်ရှည်ဆရာတော်ဘုရားကြီး ဦးသီလက ရက်လည်ဆွမ်းသွတ် ရေစက်ချတရားကို တိုတိုရှင်းရှင်း ဟောကြားတော်မူခဲ့တယ်။

"ဒီနေ့ ကုသိုလ်ကောင်းမှုကတော့ ရုတ်တရက် ကွယ်လွန်သွားတဲ့ ရသေ့ကြီးဘိုးကျောက်ပန်းတောင်းအတွက် ရည်စူးပြီးပြုတဲ့ ရေစက်ချကုသိုလ် ကောင်းမှုပါပဲနော်။ ဟုတ်ရဲ့လားပေ့"

အားလုံး တိတ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါဘုရားလည်း မပြောကြဘူး။ တင်ပါ့ဘုရားလည်း ပြောသူ မရှိကြဘူး။

"ဟုတ်ရဲ့လား ... ဒကာကြီး၊ ဒကာမကြီးတို့ ..."

အားလုံး တစ်ဦးကိုတစ်ဦး ကြည့်ပြီး တိုးတိုးတိုးတိုး လုပ်ကြပ် ရောဗျာ။

"ဟဲ့ ... သူကြီးကျောက်ဖား ... ဘာတွေဖြစ်လို့ မဖြေကြတာတုံး"

သက်တော်ရှည်ဆရာတော်ကြီးက ယပ်ကြီးကိုယမ်းရင်း မေးတယ်။

"အရှင်ဘုရား ..."

"ဘာတုံး ... သူကြီး"

"စောစောတုန်းက အရှင်မြတ်ကြီး မိန့်တော်မူတဲ့အထဲမှာ ကွယ် လွန်သူ 'ရသေ့ကြီးဦးကျောက်ပန်းတောင်း' လို့ မိန့်လိုက်ပါသလားဘုရား"

"အေးလေ ... ဘာဖြစ်ပြလို့တုံး"

"ဒါ ... ဒါဆို ... ဘ ... ဘရသေ့ကြီး ဘွဲ့အမည်က ဦးကျောက် ပန်းတောင်း အမှန်ပဲနော် ဘုရား"

"ဟဲ့ ... နင်တို့ ရသေ့ကြီးရဲ့အမည်ကို မသိကြသေးဘူးလား"

"မသိသေးပါဘူးဘုရား"

"ဟဲ့ ... ရသေ့ကြီးကရော မပြောဘူးလား"

"တပည့်တော်တို့ တစ်ရွာလုံး မေးကြပါတယ်ဘုရား။ ဘရသေ့ ဘွဲ့အမည် ဘယ်လိုခေါ်တုံးလို့ မေးတော့ နာမည်က ပညတ်တဲ့။ ပရမတ် မဟုတ်ဘူး။ မမေးနဲ့လို့ပြောလို့ အဲဒါ ဘရသေ့လို့ပဲ ခေါ်နေရကြောင်းပါ ဘုရား"

"အိုး ... ဒီလိုလား"

"မှန်ပါဘုရား ... တပည့်တော်တို့ တစ်ရွာလုံးကိုယ်စား လျှောက် ထားမေးမြန်းပါရစေဘုရား"

"မေး ... မေး ..."

"ခုတော့ ကျေးဇူးရှင်ဘရသေ့ကြီးလည်း မရှိတော့ပါဘူးဘုရား။ သူ့ကျေးဇူးတွေသည် တပည့်တော်တို့ တစ်ရွာလုံးမှာ အများကြီးတင်ရှိနေ





တယ် ဘုရား။ အထူးသဖြင့် ရသေ့ကြီးဟာ သူ နေ့စဉ်ဘုန်းပေးနေရ ည့် ဆွမ်းထမင်း အလှူရှင်များရဲ့ ကုသိုလ်ဒါနကျေးဇူးကို ပြန်လည်တုံ့ ်သည့်အနေနဲ့ ဘုရားတပည့်တော်တို့ တစ်ရွာလုံးကို သမ္မုဒ္ဒေဘုရားရှိခိုး း သင်ပေးခဲ့ ရွတ်ခိုင်းခဲ့သလို ဘုရားတပည့်တော်တို့ရွာကို ဓားပြတွေ ်တိုက်ကြမယ်ဆိုတဲ့သတင်း ကြားသိအချိန်ကစပြီး နံနက်တစ်ကြိမ် ညနေ စ်ကြိမ် ဟောဒီမုတ္တမကွေ့ရွာကလေးကို သမ္မုဒ္ဒေဂါထာ ကိုးခေါက်ရွတ် း တစ်နေ့နှစ်ကြိမ် စည်းချပေးခဲ့ပါတယ်ဘုရား။

မူလတုန်းက သည်သမ္မုဒ္ဒေဂါထာတော်ကြီးရဲ့အစွမ်းကို တပည့် တော်တို့ ကိုယ်တွေ့မကြုံလို့ မသိခဲ့ပါဘူးဘုရား။ သို့သော် ဓားပြလူဆိုးများ ကြိမ်သုံးခါ ဝင်တိုက်လို့မရဘဲ သူတို့အသက်ပါ ဆုံးရှုံးသွားကြတော့မှ သည် ကျေးဇူးရှင်ဘရသေ့ကြီး (ဦးကျောက်ပန်းတောင်)ရဲ့ ကျေးဇူးမှုမှန်း လည်သဘောပေါက်ခဲ့ရပါပြီဘုရား။ ဒါကြောင့် ဖြစ်နိုင်ရင် ကျေးဇူးရှင် ရသေ့ကြီး ဦးကျောက်ပန်းတောင်းရဲ့ အတ္တုပတ္တိကို သိပါရစေဘုရား"

သူကြီးဦးကျောက်ဖားက သို့ကလိုလျှောက်တော့မှ သက်တော်ရှည် ရာတော်ဘုရားကြီး သဘောပေါက်သွားလို့ထင့်။ ဦးခေါင်းကို တညိတ်ညိတ် ပ်တော်မူရင်းကနေ ...

"အိမ်း ... အိမ်း ... အိမ်း ... ဘုန်းကြီး သဘောပေါက်ပါပြီ ာ ဒကာမကြီးတို့။ အင်း ... ဦးရသေ့ ... ဦးရသေ့ ... သူ့ခမျာ ခန္ဓာ ်ချသွားသည်အထိ သူ့အမည်ရော သူ့ဘဝကို မှောင်ချပြီး တရားဓမ္မ ကို ရိုးရိုးကုပ်ကုပ် ကျင့်ကျင့်သွားသလို အများအကျိုးလည်း ကာကွယ် သွားသကိုး။

**ဒီလို ဒကာကြီးတို့ ...။ တိုတိုပဲ ပြောပါရစေ။ ရသေ့ကြီးက** ျောက်ပန်းတောင်းသားစစ်စစ်ပါ။ လူနာမည်က ကိုဘကွန်းတဲ့။ ကျုပ်ရယ်၊ သေ့ကြီးဦးကျောက်ပန်းတောင်းရယ်၊ စစ်ပြန်ဘကျွန်းခေါ် ဘုန်းတော်ကြီး ှင်ဦးကဝိဇရယ်၊ လူဝိဇ္ဇာကြီး ဘိုးဆံရှည်၊ ဖိုးမင်းဝံတော်တို့ဟာ ... ... အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသည့် အချိန်တုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်ဘုရား"

ဒီအချိန်မှာ အနောက်ဘက်ဝင်ပေါက်ကနေ ကိုယ်တော်ဘုရား၏ ခေါ်လိုက်သည့်အသံ ကြားလို့ သက်တော်ရှည် ဆရာတော်ဘုရားကြီးရော ကျုပ်တို့ တရားနာပရိသတ်ရော ပြိုင်တူ လှည့်ကြည့်လိုက်ရော ...

"ဟာ ..."

"ဟင် ..."

"ဘုရားရေ ..."

"ဟ ... ဟ ... ဒါ ... ဒါ ... ဘ ... ဘ ... ရသေ့ကြီး ဟုတ်လားဟ"

"ဟုတ်တယ်ဟေ့ ... ဘရသေ့ကြီးဘုရား"

"အမလေး ... ဒါ ... ဒါ ... ဘရသေ့လား ... တ ... တစ္ဆေ လားဘုရား"

ကြည့်စမ်းဗျာ ... ဓမ္မာရုံအဝမှာ ဘရသေ့ကြီးရယ်ဗျာ။ သူဆောင်းနေကျ ယွန်းသပိတ် ဆေးကွက်ကြီးကို ပိုက်ပြီး ခန့်ခန့်တည်တည်ရပ်ပြီး ဆရာတော်ဘုရားကြီးကို အရိုအသေပြုနေတယ်။

"ရသေ့ကြီး ... ဦးကျောက်ပန်းတောင်းလားကွယ့်"

"မှန်ပါ ဆရာတော်ကြီးဘုရား"

"ဟဲ့ ... ရသေ့ကြီး ဘီလူးခေါင်းပြတ်သချိုင်း ဒီရေတောထဲမှာ မိကျောင်းစာအကျွေးခံရပြီး ပျံလွန်ပြီဆို။ ခု ရှေ့မှာရပ်နေတာ လူရသေ့ အစစ်လား။ တစ္ဆေကိုယ်ထင်ပြနေတာလားဟဲ့"

"လူရသေ့ အမှန်စစ်စစ်ပါဘုရား"

"ဟာ ..."

"ဝမ်းလိုက်တာဟယ်"

"ဘရသေ့ ... ဘရသေ့ ... ဘ ... မသေ ... ဘူးနော်"

ကျုပ်တို့အားလုံးဗျာ ... ဝမ်းသာအုံးအုံလွှန်းလို့ ပြိုင်တူ နောက်ပြန် လှည့်ပြီး အကြိမ်ကြိမ်ဦးချကြ၊ ဝမ်းသာလွန်းလို့ မျက်ရည်ကျကြ။





ထရပ်ကြ၊ လက်အုပ်ချီကြ၊ လူရိုးရိုးသာဆို ပွေ့ဖက်ငို့ယမ်းမိမှာ ...

ဒီမှာ ဘရသေ့ကြီးဦးကျောက်ပန်းတောင်းက သူ့နောက်ကလိုက် ပါလာတဲ့ ဆံပင်အရှည်ကြီးနဲ့ အင်္ကျီပုဆိုး အစုတ်အပြဲဝတ်ထားတဲ့ လူပုပု အသားနက်ကြုတ် အရုပ်ဆိုးဆိုးလူရဲ့ လက်ထဲကို သူ့သပိတ်ခဏအပ်ပြီး ပရိသတ်ရှေ့ဝင်၊ သက်တော်ရှည်ဆရာတော်ဘုရားကြီးကို ရှိသေစွာ ဦးချ ပြီးသည့်တယ်။

သက်တော်ရှည် ဆရာတော်ဘုရားကြီးကလည်း ဝမ်းသာလွန်းလို့ ပြုံးပြုံးနဲ့ ရသေ့ကြီးကိုကြည့်ပြီး ခေါင်းညိတ်လို့ဗျ။

"ရသေ့ကြီး ..."

"ဘုရား ..."

"ရသေ့ကြီး မိကျောင်းတောထဲကို စားပြလူဆိုးများက ပစ်ချခဲ့ လို့ မိကျောင်းစားပြီး ပျံလွန်သွားပြီလို့ ပြောနေကြတာ"

"မသေပါဘူးဘုရား"

"ဘယ်လိုအကြောင်းကြောင့် မသေရတာတုံး ရှင်ရသေ့ကြီးရဲ့"

"မှန်ပါဘုရား ... ဒီအကြောင်းတွေကို ဘုရားတပည့်တော် ပြန် ပြောင်းလို့လည်း မပြောချင်တော့ပါဘူးဘုရား။ နောက်ကျမှသာ သင့်ရာ အချင် မေးကြပါဘုရား။ ဟိုးအတိတ်ဘဝတုန်းက ဝဋ်ကြွေးရှိခဲ့လို့ ယခု ဘက်မှောက်ဘဝမှာ အကြွေးပေးဆပ်ရတာလို့ပဲ မြင်ပါတယ်ဘုရား။

ဒီကိစ္စနဲ့ စပ်လျဉ်းပြီး မည်သူ့ကိုမှလည်း အပြစ်မမြင်ပါဘူး။ အပြစ် ယူပါဘူးဘုရား။ အရှင်ဘုရားကို ဖူးချင်နေတာ ကြာပါပြီဘုရား။ ကိုယ့် ထိုင်နိုင်စဉ်နဲ့ ကိုယ့်အလုပ်များနေလို့ နီးလျက်နဲ့ ဝေးခဲ့ရပါတယ်ဘုရား။ အခု အားရပါးရ ဖူးမြော်ကန်တော့ခွင့်ရသည့်အတွက် ဘုရားတပည့်တော် ... ဂါရဝကုသိုလ်တော်ကို အသိအမှတ်ပြုတော်မူပါ အရှင်ဘုရား"

"သာဓု ... သာဓု ... သာဓု ... ရသေ့ကြီး၊ ယခုပြုရသော ... ဗ္ဗာကုသိုလ်၊ ဂါရဝကုသိုလ်တော်တို့ကြောင့် ငါ့ရှင် ရသေ့ကြီးသည် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှစ်ပြာ ကျန်းမာချမ်းသာ၍ သာသနာတော်အကျိုး၊ အလှူ့ရှင် ဆွမ်းရှင်များရဲ့အကျိုး ကောင်းကျိုးများပြုနိုင်သည့် သက်ရှည်ကျန်းမာ၊ သူတော်ကောင်းကြီးဖြစ်လို့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ ... ဗျာ"

"ပေးတဲ့ဆုနှင့်ပြည့်အောင် ကြိုးစားဆောင်ရွက်ပါမည်ဘုရား"

"သာဓု ... သာဓု ... သာဓု ..."

"သာဓု ... သာဓု ... သာဓု ..."

"သာဓု ... သာဓု ... သာဓု ..."

ဆရာတော်ဘုရားကြီးရော၊ ကျုပ်တို့မွှာရဲ့ထဲရှိ ပရိသတ်များ အားရဝမ်းသာ အသံကျယ်ကျယ်နဲ့ သာဓုခေါ်လိုက်ကြလေရဲ့။

"ဟဲ့ ... ပရိသတ်တို့"

"ဘုရား ..."

"ဒီနေ့လုပ်တဲ့ ကုသိုလ်ပွဲက ဘာပွဲတုံးဟဲ့"

"အဲ ... အဲ ... ဟို ... ဟို ..."

သူကြီးရော၊ လူကြီးပိုင်းကရော ဘာပြန်ပြောရမှန်းမသိဘူး။ ရှေ့ရောက်နေတဲ့ ဘရသေ့ကြီးကို ကြည့်ပြီး ပြောရမှာ အားနာမဖွဲ့မရဲဖြစ်နေတယ်။

"အိမ်း ... ဒကာတို့မပြောရင် ဘုန်းကြီးပဲ ပြောရမှာပေါ့။ ဒီနေ့လုပ်တဲ့ကုသိုလ်ပွဲက ဟောဒီဒကာကြီးတို့ရဲ့ ရှင်ရသေ့ကြီး မသမာသူရဲ့ လက်ချက်နဲ့ ပျံလွန်သွားပြီလို့ သိရတဲ့အတွက် ကိုယ့်ကျေးဇူးရှင်ဆရာသခင် ရှင်ရသေ့ကြီးကို ရည်စူးပြီး ရက်လည်ဆွမ်းသွတ် ရေစက်ချအမျှပေးသ လုပ်ကြတာမဟုတ်ဘူးလား"

"အဲ ... အဲ ..."

"ဟုတ်တယ်မဟုတ်လားဟဲ့"

"မှန်ပါဘုရား"

"အဲဒါ ကောင်းတဲ့အလုပ်ပဲဟဲ့"

"ဗျာ ..."

"အယ် ... အယ် ..."





"ဗျာတွေ၊ အယ်တွေ၊ ဟင်တွေ လုပ်မနေကြနဲ့။ ရသေ့ကြီး တကယ်သေပြီလို့ ရသေ့ကြီးကို လုပ်ကြခဲ့သူများကိုယ်တိုင်က ပြောလို့ ဒကာကြီးတို့ ယုံကြည်ပြီး စေတနာနဲ့ ဆွမ်းကပ်တာမဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"ဘုရားအမှူးပြုသည့် ရဟန်းသံဃာကို ကောင်းမှုလုပ်တာမဟုတ်လား"

"မှန်ပါဘုရား"

"ဒါကြောင့် ... ကျေးဇူးလည်းရှိခဲ့တာ၊ ရှိသေလည်း ရှိသေထိုက်၊ လေးစားလည်း လေးစားထိုက်သည့် ပုဂ္ဂိုလ်ကို ရည်စူးလို့ ပြုလုပ်သည့် ကုသိုလ်သည် ကောင်းတဲ့ကုသိုလ်၊ ကောင်းတဲ့အလုပ်ပဲ။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီလို စေတနာစစ်မှန်စွာနဲ့ လှူဒါန်းမှုပြုပြီးကတည်းက ဒကာကြီး ဒကာမကြီးတို့သည် ကုသိုလ်ရှင်၊ စေတနာရှင်ကောင်းတွေ ဖြစ်နေပြီး သူတော်လူကောင်းတွေ ဖြစ်နေကြပြီဗျ"

"မှန်ပါဘုရား"

"ကိုင်း ... ဘုန်းကြီးမေးမယ်။ ဒကာကြီးတို့ ဒကာမကြီးတို့ ခင်များတို့ ရှင်ရသေ့ကြီးကို သေသွားပြီကြားသိရတော့ ဝမ်းနည်းမျက်ရည်ကျကြဘူးလား ဟဲ့"

"နေ့စဉ် ကျရပါတယ်ဘုရား"

"ကောင်းပြီ ... ရသေ့ကြီးရော ပြန်မရှင်စေချင်ဘူးလားဟဲ့"

"ရှင်စေချင်ပါသည် ဘုရား"

"အေး ... မင်းတို့ မြော်လင့်ချက်၊ မင်းတို့စေတနာ၊ မင်းတို့ဆန္ဒ၊ မင်းတို့ဆုတောင်း အခုပြည့်ပြီဗျာ။ မင်းတို့ ရှင်ဘရသေ့ကြီး အခု သေရွာက ပြန်လာပြီး ရှင်သန်ထမြောက်ခဲ့ပြီ၊ အားလုံး ဝမ်းမသာကြဘူးလား ဟယ်"

ကျွန်တော်တို့ သံပြိုင်ကျယ်ကျယ် ပြောလိုက်တယ်။

"ဝမ်းသာကြောင်းပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဒါကြောင့် ဒီနေ့ ရသေ့ကြီး ပုံလွန်လို့လုပ်တဲ့ သဝိ[illegible] သွတ်ပွဲကို ခုချက်ချင်း နာမည်ပြောင်းပြီး ရသေ့ကြီး ပြန်လည်ရှင်သန်[illegible] မြောက် ဘုန်းကြီးတဲ့ပွဲလို့ ရည်မှတ်ပြီး ကျုပ်တို့ သိဒ္ဓိတင်ရေစက်ချ သား[illegible] အနုမောဒနာ ပြုကြပါစို့ဗျာ"

"သာဓု . . . သာဓု . . . သာဓု . . . ပါဘုရား"

ကဲဗျာ . . .

ဝမ်းသာစရာ ကောင်းလိုက်တာ။

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလိုက်တာ။

ကျုပ်တို့ရဲ့ သက်တော်ရှည် ဆရာတော်ဘုရားကြီး စာတတ်[illegible] ဉာဏ်ပညာကြီးပုံ ကြည့်စမ်းပါ။

နာမှုကို သာမှုဖြစ်သွားတယ်။ ဖန်တီးလိုက်ပုံလေးဗျာ။

ကျုပ်တို့ ကုသိုလ်နှစ်ခါရတာပေါ့ဗျာ . . . နော။ အဲဒါ ရေစက်[illegible] အမျှပေးဝေပြီး သိဒ္ဓိတင်ပေးလိုက်တယ်ဗျာ။

သာဓုခေါ်သံလည်းဆုံးရော ဘရသေ့ကြီးက လျှောက်တင်လေ[illegible]

"အရှင်မြတ်ဘုရား . . ."

"ဘာတုံး . . . ရသေ့ကြီး"

"လျှောက်တင် အသိပေးပါရစေဘုရား"

"လျှောက်တင်ပါ ရသေ့ကြီး။ ဘာကိစ္စတုံး"

"ဘုရားတပည့်တော် နက်ဖြန်ဆွမ်းစားပြီးရင် နေရာဒေသ ပြော[illegible] ရွှေ့ပါတော့မည်ဘုရား"

"ဟေ . . ."

"ဟယ် . . ."

"အလို . . ."

"ဘုရားရေ . . . ဘရသေ့ ပြောင်းသွားတော့မယ်"

ကြားရချက် စကားကြောင့် ကျုပ်တို့ ရွာသူရွာသားအား[illegible] အံ့ဩကုန်ကြတာပေါ့ဗျာ။

"ရသေ့ကြီး . . ."





"ဘုရား . . ."

"ဘယ်လိုအကြောင်းကြောင့် ဒီနေရာကနေ ပြောင်းရွှေ့သွားချင် [illegible]တာတုံး။ ဆွမ်းကွမ်း မပြည့်စုံလို့လား"

"ပြည့်စုံရုံမက ပိုလျှံပါသည်ဘုရား"

"ဒါဆို ရွာသူရွာသားတို့က မခန့်လေးစား မရှိမသေ ပြုကြလို့ [illegible]သား"

"အားလုံး ရိုသေသမှု ရှိကြပါသည်ဘုရား"

"ဒါဆို ယခုနေထိုင်ရသည့် ဘီလူးခေါင်းပြတ်သချိုင်းကုန်းက [illegible]သေ့ကြီးကို ကျင့်ကြံပွားများလို့မရအောင် အနှောင့်အယှက်အမျိုးမျိုး ပေး[illegible]နေလို့လား"

"မည်သည့်ပုဂ္ဂိုလ်မျှ မနှောင့်ယှက်ကြပါဘူးဘုရား"

"ဒါတွေကြောင့် မဟုတ်ဘူးဆိုရင် တစ်ပါးတည်း နေရသည့် [illegible]အတွက် ငြီးငွေ့ဖွယ်ရှိတယ်ဆိုရင် ရွာထဲမှာ ပြောင်းရွှေ့ပြီး ကျောင်းသခ်မ်း [illegible]သစ်နဲ့ နေထိုင်ဖို့ ဘုန်းကြီး စီစဉ်ပေးရမလား"

ဒီမှာ ရွာသူကြီးနဲ့ သက်ကြီးဝါကြီးတွေကရော၊ ရွာသူရွာသားတွေ [illegible]ရော ဘရသေ့ကြီး ဤအရပ်ကနေ ထွက်မသွားဖို့ ဝိုင်းဝန်းအလုအယက် [illegible]တ္တာရပ်ခံကြပါရော။

"ဘရသေ့ကြီး . . . မပြောင်းပါနှင့်ဘုရား"

"ဘရသေ့ရယ် . . . သားတို့၊ သမီးတို့မှာ အပြစ်များရှိလို့ စိတ် [illegible]ငြင်လို့ပါလားဘုရား။ တောင်းပန်ပါတယ်ဘုရား"

"တပည့်တော်တို့ကို ပစ်မထားခဲ့ပါနဲ့ဘုရား။ ဟီး . . . ဟီး . . ."

"ဟီး . . . အင့် . . . ဟင့် . . ."

ရွာသူတို့က မျက်ရည်ကျကြတယ်။ ပြောရင်း ရှိုက်ငိုကြတယ်။

"အရှင်ဘုရားအပါအဝင် တစ်ရွာလုံး တစ်ရပ်လုံးကို အလွန်ကျေး[illegible] [illegible]တင် ကျေနပ်ဝမ်းသာရပါတယ်ဘုရား။ တစ်ရွာလုံး တစ်ရပ်လုံး ဘုရား [illegible]ပည့်တော်အပေါ်မှာ လိုလေသေးမရှိ စောင့်ရှောက်ရှိသေ နာခံ[illegible]တင်



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့အတွက် ဟောဒီ ရွာသူရွာသားအားလုံးတို့သည် ဗုဒ္ဓဘာသာဝင်ကောင်း ပီသကြပါတယ်ဘုရား။

သူတို့ စရဏကုသိုလ် အကျိုးကြောင့်လည်း သူတို့နေသည့်ရပ် ရွာကို ရန်သူတို့ ဝင်ရောက်နှောင့်ယှက်လို့ မရပါဘူးဘုရား။ နောင်ကိုလည်း ငါးပါးသီလ လုံခြုံပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် တို့ကို ရွတ်ဖတ်သရဇ္ဈာယ် ပွားများကျင့်ကြံနေသရွေ့ ဟောဒီရွာကို မည် သည့်ပယောဂ အတိုက်အခိုက်မျှ နှောင့်ယှက်လို့ မရနိုင်ပါဘူးဘုရား။ အ[illegible] ဘုရားတပည့်တော်သည် မဟာမြိုင် တောရှိရာကို သွားရပါတော့မည် ဘုရား"

"မဟာမြိုင်တော ..."

"မှန်ပါဘုရား"

"အင်း ... အင်း ... မဟာမြိုင်တောကိုတဲ့လား။ အေးလေ .. အဲဒီ မဟာမြိုင်တောဆိုတာ ကျုပ်တို့မြန်မာပြည်မှာတော့ ဒုတိယဟိမဝန္တာ သာသာနာပြုအရပ်။ သူတော်ကောင်းတို့၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့နဲ့ မဟာ ဝိဇ္ဇာကြီးများ အဆင့်မြင့် ကျင့်ကြံပွားများ အားထုတ်ရာနေရာပေပဲ။ ဟိုမှာ ဆရာသခင်များရော ရှိပါသလား ... ရသေ့ကြီး"

"မှန်ပါ ... ဆရာအရှင်ဦးကဝိဓဇရော၊ ဘိုးဆံရှည်တို့၊ ဘိုးမင်း ဝံတောင်တို့လည်း မဟာဂန္ဓာရီစခန်းအတွက် အကျင့်မြတ်ကို အဆင့်တက် နေကြပါတယ်ဘုရား။ ဘုရားတပည့်တော်လည်း အမိန့်ကျအာရုံရ အိပ်မက် ပါထူးနေလို့ ဤအရပ်ကနေ ထွက်ရခြင်းဖြစ်ကြောင်းပါဘုရား"

ဦးကဝိဓဇနဲ့ ဘိုးမင်းဝံတောင်လို့ ကြားလိုက်ရတဲ့အတွက် ကျုပ် အရမ်း အံ့ဩသွားခဲ့ရတယ် ... စာရေးဆရာ။ ဘာလို့လဲဆိုတော့ အဲ[illegible] ရဟန်းကြီးနဲ့ ဝိဇ္ဇာကြီးဖိုးမင်းဝံတောင်တို့ဟာ ကျုပ်မိဘများနဲ့ ဆရာတပည့် အရင်းတွေ ဖြစ်ခဲ့ဖူးလို့ပဲ။ ကျုပ်ကိုလည်း ဘုန်းတော်ကြီး ဦးကဝိဓဇ[illegible] ခင်တာကိုး။ ကျုပ်အဖေက တော်လှန်ရေးခေတ်တုန်းက ဦးကဝိဓဇ (ရ[illegible] နာမည် ကျွန်းပြန်ကြီးဘကျွန်း) နဲ့ လူရင်းတွေ ဖြစ်ခဲ့ကြတာကိုး။





"အိမ်း ... အိမ်း ... ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။ ကိုင်း .. ကိုင်း ... ဒကာကြီးတို့၊ ဒကာမကြီးတို့ ... နားလည်ခွင့်ပြုကြကွယ်ရို့။ သာသနာပြုပုဂ္ဂိုလ်တို့မည်သည် ဒေသစွဲ၊ သံယောဇဉ်အစွဲ မထားကောင်း ဘူးကွယ့်။

ဦးရသေ့လည်း မင်းတို့အရပ်ဒေသမှာ ရှိနေတုန်း မင်းတို့ရွာကို ဘေးဥပါဒ်အန္တရာယ်များ မကျရောက်အောင် ဆွမ်းကျေးရှူး ဆပ်ခဲ့ပြီးပါပြီ။ အားလုံး နားလည်သဘောပေါက်ကြရဲ့လား"

"နားလည်ပါပြီ ဘုရား"

"နောက်ဆုံးမေးခွန်းတစ်ခု မေးချင်တယ် ရသေ့ကြီး"

"အမိန့်ရှိပါဘုရား"

"ရသေ့ကြီးနောက်ကို မည်သူ လိုက်ပါဦးမှာတုံးကွယ့်"

"မည်သူမှ မလိုက်ပါ ပါဘူးဘုရား"

"ဒါဆို ရသေ့ကြီးနံဘေးက သပိတ်ပိုက်ပြီးလိုက်တဲ့ လူရွယ်ဒကာ ကရော မည်သူဖြစ်ပါသတုံးဗျာ"

"သူ့နာမည် မောင်ဆင်ကြီးလို့ ခေါ်ပါတယ်ဘုရား"

"ဟော ..."

"ဘုရား ... ရေ"

"မောင်ဆင်ကြီးတဲ့ဟေ့"

"ဟ ... ဒါဆို ... ဟို ... ဟို ( ..... ) ရွာသား နှစ်လင် ကွာမိသန်းရဲ့ယောကျ်ား မောင်ဆင်ကြီးများလားဟ"

"ဟ ... မောင်ဆင်ကြီးသေတာ ကြာပြီမဟုတ်လား ဟ"

"အေးလေကွာ ... အခု မောင်ဆင်ကြီးက ဘယ်ကမောင်ဆင် ကြီးတုံး"

ရသေ့ကြီးရဲ့ နှုတ်တော်က 'မောင်ဆင်ကြီး' လို့ ပြောလိုက်ရော ကျုပ်တို့အားလုံး အလွန်အမင်းကို အံ့ဩသွားရပြန်ပါရောဗျို့။

ကျုပ်တို့သိထားတဲ့ မောင်ဆင်ကြီးဆိုတာ ...



www.burmeseclassic.com

www.burmeseclassic.com



နှစ်လင်ကွာမိသန်းရဲ့ တတိယမြောက် ပေါင်းသင်းခဲ့တဲ့ လူကောင်သေးသေး မောင်ဆင်ကြီးပဲလေ။

ကျုပ်တို့ သိခဲ့တဲ့ မောင်ဆင်ကြီးက အသားဖြူဖြူလေး။ ဆံပင်တိုတိုလေး။ သူ့မယားမိသန်း ကိုယ်ဝန်ရှိကာနီး ချင်ခြင်း တပ်လို့ ကြာဖြူကန်က ရေလယ်သားနဲ့ ဘီလူးခေါင်းပြတ်သချိုင်းကုန်းက မြေလယ်သားကို ဖျော်စားချင်တယ်၊ တစ်ကိုယ်လုံး သနပ်ခါးလို လူးချင်တယ်ဆိုလာတော့ ...

သူ့မယားကို ချစ်လွန်းတဲ့စိတ်နဲ့ ...

မစဉ်းစား၊ မဆင်ခြင်၊ မည်သူ့မှမတိုင်ပင်၊ အဖော်လည်းမခေါ်ဘဲ တစ်ယောက်တည်း သတ္တိကိုအရင်းတည်ပြီး ဘီလူးခေါင်းပြတ်သချိုင်းထဲကို သွားခဲ့တာ။

ဘယ်မှာ ပြန်လာလို့တုံး။

ကျုပ်တို့တောင် လူစုပြီး လိုက်ရှာတာ အလောင်းရဲ့ အစအနကိုတောင် မတွေ့ရဘူး။

တွေ့လို့ ယူပြန်ခဲ့တာ မြေထည့်ထားတဲ့ အိုးလေးနဲ့ ပုဆိုးပိုင်းလေးမဟုတ်လား။

ခုပဲ သူ့မယားမိသန်း ကလေးမွေးပြီးလို့ သားယောက်ျားလေးတောင် နို့စို့အရွယ် ရောက်နေပြီ။

မောင်ဆင်ကြီး ပေါ်မလာဘူး။

သူ့မယားမိသန်းက သူ့လင်မောင်ဆင်ကြီးကို သံယောဇဉ်ကြီးရှာတယ်။ တစ်နေ့ ပြန်လာနိုး ပြန်လာနိုးနဲ့ မျှော်ကိုးစောင့်စားရင်း သပိတ်မှမသွတ်ဘဲ စွဲစွဲလမ်းလမ်း စောင့်နေရင်း မီးဖွားခဲ့တာ။

ခုတော့ မိသန်းက သူ့သားလေးနဲ့ ယောက္ခမရွာမှာ ခဏသွားနေနေရတယ်။ အခု ဘရသေ့ကြီးနဲ့ပါလာလို့ ဘရသေ့ကြီးပြောလိုက်တဲ့ မောင်ဆင်ကြီးက အရပ်တော့ ခပ်ပြတ်ပြတ်ပဲ။ မိသန်းလင် အရပ်အမောင်းပဲ။

သို့သော် မိသန်းယောကျ်ား မောင်ဆင်ကြီးလို အသားမဖြူဘူး။ မည်းနက်ကြုတ်နေတာပဲ။ သပိတ်ရောင်လို မည်းနက်နေတာ။





ဆံပင်အရှည်ကြီးက နောက်ကျောပေါ်ရော၊ မျက်နှာပေါ်ရော ဝဲအုပ်ကျနေတဲ့အပြင် အဝတ်အစားကလည်း တောထဲက လူရိုင်းလိုပဲ။ မလုံမခြုံ စုတ်စုတ်ပြတ်ပြတ် ဝတ်ထားတယ်။

ကျုပ်တို့ သူ့ကိုစိတ်ဝင်စားလို့ လှမ်းကြည့်နေတုန်းမှာပဲ ဆရာတော်ဘုရားကြီးက မေးလေရဲ့။

"ဦးရသေ့ ... သူက ဦးရသေ့နဲ့ ဘယ်လိုတော်စပ် ပတ်သက်ခဲ့သတုံး"

"မှန်ရာကို လျှောက်တင်ရရင် ဘုရားတပည့်တော်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါဘုရား"

"ဟေ ... သူက ..."

"မှန်ပါဘုရား"

"ရသေ့ကြီးကို သူ ဘယ်လိုကယ်တင်ခဲ့တုံး"

"နောင်ကျမှ သူ့ကို မေးပါဘုရား။ သူ့ကို ရွာသူရွာသားများက စောင့်ရှောက်ပေးကြဖို့လည်း တပည့်တော် မေတ္တာရပ်ခံပါတယ်ဘုရား။ တပည့်တော်ကို ကျောင်းသခ်မ်း ပြန်ခွင့်ပြုပါ ကိုယ်တော်။ လိုအပ်တာများ စီစဉ်ချင်လို့ပါဘုရား"

"အိမ်း ... အိမ်း ... ကြွ ... ကြွ ..."

ကျုပ်တို့ ဝမ်းသာလွန်းလို့ဗျာ ... ဆွမ်းဟင်းအပြည့် သပိတ်ထည့်ပြီး ဘီလူးခေါင်းပြတ်သချိုင်းအရောက် လိုက်ပို့ခဲ့ကြတယ်။

အသားနက်ကြုတ်ကြုတ်နဲ့ ဘုန်းကြီးကျောင်းသား မောင်ဆင်ကြီးလည်း ပါတာပေါ့။ သူကလည်း စကားလုံးဝမပြောဘူး။ ခေါင်းကြီးငုံ့နေတယ်။

ကျောင်းလည်းရောက်ရော ဘရသေ့က ...

"မောင်ဆင်ကြီး ..."

"ဘုရား ..."

"ဒကာရန်ကုန်တို့၊ သာစည်တို့နဲ့ ပြန်လိုက်သွား။ ငါပြောခဲ့တဲ့ စကားများကို မောင်ဆင်ကြီး မှတ်မိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါဘုရား"

"အချိန်မတန်သေးဘူး ... မောင်ဆင်ကြီး။ အခု ကျုပ်နောက်ကို မလိုက်နဲ့ဦး။ တစ်နေ့ အချိန်တန်ရင် ကျုပ်ကိုယ်တိုင် မောင်ဆင်ကြီးကို လာခေါ်မယ်။ အဲဒီကျရင် မောင်ဆင်ကြီးလည်း ငြင်းလို့မရနိုင်ပါဘူးတပည့်"

"မှန်ပဘုရား"

"ကိုင်း ... မောင်ရန်ကုန်တို့၊ မောင်သာစည်တို့နဲ့ လိုက်သွား"

"မှန်ပါ့ဘုရား"

"ဟိုပစ္စည်းရော သေသေချာချာ သိမ်းထားရဲ့လား"

"မှန်ပါ ... ကိုယ်နှင့်မကွာ သိမ်းထားပါတယ်ဘုရား"

"ဉာဏ်ရှိသလိုသုံး ကြားလား"

"မှန်ပါဘုရား"

"ကိုင်း ... သွားတော့"

မောင်ဆင်ကြီးအပါအဝင် ကျုပ်တို့အားလုံးဟာ ဘရသေ့ကြီးကို သပိတ်လိုက်ဆွမ်းကပ်ပြီးနောက် ဦးချကန်တော့ပြီး ရွာထဲကို ပြန်လာခဲ့လိုက်ကြတယ်။ [နောင် ဟိုပစ္စည်း ဘာလဲလို့ မေးကြည့်တော့ ဘရသေ့ကြီး သက်န်းစလို့ သိရလေရဲ]

✿ ✿ ✿

[ ၂၀ ]

**သေရွာပြန် နောက်တစ်ယောက်**

❑

ရွာထဲကိုရောက်တော့ ကျုပ်တို့အားလုံး အစ်ကိုသာစည်တို့အိမ်မှာ ဝင်နားကြတယ်။ အစ်ကိုသာစည်က တစ်ကိုယ်ရေတကာယသမား။

လိုအပ်ရင် ...

မောင်ဆင်ကြီးကို ဒီအိမ်မှာ ထားရမှာပဲ။

အိမ်ရောက်တော့ မောင်ဆင်ကြီးဆိုသူကို သေသေချာချာကြည့်လိုက်တော့ သူ့မျက်နှာတစ်ခုလုံးက ဒဏ်ရာအမာရွတ်တွေနဲ့ကိုး။ ကြည့်ရတာ တစ်စုံတစ်ရာနဲ့ ရက်ရက်စက်စက်ခြစ်မိပြီး ရုပ်သွင်မပျက်ရုံတစ်မည်ကျန်ခဲ့သလိုပဲ။

ပါးနှစ်ဖက်မှာရော၊ နှုတ်ခမ်းမှာရော၊ နဖူးနဲ့ မျက်လုံးပေါ်တွေမှာရော၊ အမာရွတ်ဒဏ်ရာတွေ ရှုပ်ယှက်ခတ်ပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆင်ကြီးက ဘယ်သူ့ကိုမှ စကားမပြောဘဲ တစ်နေရာကို မျှော်ငေးခံစားနေသလို ရှိနေတယ်။ ကိုသာစည်ကလည်း ငါးခြောက်ဖုတ် ဆီဆမ်းနဲ့ ရေနွေးကြမ်းကို အားလုံးစားဖို့ ချပေးတယ်။

"မောင်ဆင်ကြီး ..."

"ဟော့ ... မောင်ဆင်ကြီး"

"ဗျာ ..."

"တွေးလှ ငေးလှချည်လား ... ငါ့လူရာ။ ငါ့လူက ငါတို့ရဲ့ ကျေး ရှူးရှင်ရသေ့ကြီးကို အသက်စွန့်ပြီး ကယ်ခဲ့တယ်ဆိုတော့ မောင်ဆင်ကြီး လည်း သူ့ရဲကောင်းပဲကွ"

"မဟုတ်ရပါဘူးဗျာ"

"ကိုင်း ... ငါ့လူရာ၊ ငါတို့က မိကျောင်းစားရင်စား၊ မစားရင် ရေနစ်ပြီး ပုပ်ပွသေ ပင်လယ်ထဲမျောသွားပြီလို့ တွက်ခဲ့တာ။ အခု ရသေ့ ကြီးမသေဘဲ ပြန်အသက်ရှင်ရောက်လာတော့ ငါတို့တစ်ရွာလုံး ဝမ်းသာ မဆုံးဘူးကွ။ တစ်ခါ ရသေ့ကြီး အသက်မသေရအောင် မောင်ဆင်ကြီး ကယ်ခဲ့တယ်ဆိုတော့ မောင်ဆင်ကြီးကို ငါတို့အားလုံး ကျေးဇူးတင်လို့ မဆုံး နိုင်ပါဘူး ... ငါ့လူရာ။

ငါ့လူ ဘယ်သူလဲ ငါတို့မသိဘူး။ ငါတို့ရွာသူနဲ့ မောင်ဆင်ကြီး တဲ့ လူရွယ်တစ်ယောက် အိမ်ထောင်ကျဖူးတယ်။ အဲဒီမောင်ဆင်ကြီးလည်း ဘီလူးခေါင်းပြတ်သချိုင်းတောထဲကို ဝင်ရင်း သေဆုံးသလိုရှိခဲ့တယ်။ မောင်ဆင်ကြီးဟာ မင်းဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ ငါ့ညီ ..."

"ဘာ ... ဘာ ... ဖြစ်လို့လဲ အစ်ကို ... ဟင်"

လူရိုင်းမောင်ဆင်ကြီးက ကိုသာစည်ရဲ့မျက်နှာကို စိုက်ကြည့် မေးလိုက်တယ်ဗျ။ သူ့ပုံသွင်က စိတ်ဝင်စားသလို ရှိနေတယ်ကိုး။

"ဘာဖြစ်လို့လဲဆိုတော့ မိသန်းဆိုတဲ့ မိန်းမချောလေးဟာ အရွယ်ရောက်သားငယ်ကို နို့တိုက်ပွေ့ပိုက် ချော့မော့သီချင်းသီဆိုသိပ် ကလေးရဲ့ ... အဖေ ... သူ့လင် ... မောင်ဆင်ကြီးပြန်လာချိန်ကို မျှော် ညှပါ မျှော်နေလို့ပဲပေါ့ ... ငါ့ညီရယ်"





"သူ ... သူ ... တို့ ... အခု ... ဘယ် ... မှာ ... နေကြ လဲဟင် ... အစ်ကို"

"မိသန်းတို့သားအမိ အရင်တုန်းက ဒီရွာမှာပဲပေါ့ကွာ။ ကလေး မီးဖွားချိန်မှာ သူ့ယောက်ျားမများရွာသွားပြီး မီးဖွားခဲ့တာ။ ခုလည်း အဲဒီရွာ မှာပဲလေ"

ဒီလို ကိုသာစည်က ပြောလိုက်ရော ရုပ်ပျက်မျက်နှာနဲ့ မောင်ဆင် ကြီးရဲ့ မျက်လုံးအိမ်ကနေပြီး မျက်ရည်ဥတွေ တလိမ့်လိမ့်စီးကျလာတာကို ကျုပ်တို့ မမျှော်လင့်ဘဲ မြင်လိုက်ရပါရောဗျာ။

"မောင်ဆင်ကြီး ..."

"ဗျာ ... ဗျာ ..."

"ဘာလို့ ငါ့ညီက မျက်ရည်ကျရတာတုံး ဟင်။ မိသန်းတို့နဲ့ ငါ့ ညီ သိလို့လား ... ဟင် ... ဟင် ..."

"အစ်ကိုတို့ ..."

"ပြော ... ငါ့ညီ ... ပြော ..."

"ဘရသေ့ကြီး ဘယ်လိုပြန်အသက်ရှင်ခဲ့ရသလဲဆိုတာကို အမှန် အတိုင်း ပြောပြမယ်အစ်ကို"

"အေး ... အေး ... ဟုတ်ပြီဗျာ ... ဟုတ်ပြီဗျာ ..."

"တို့ကလည်း အဲဒါကို ကြားချင် သိချင်နေတာကွ"

"အစ်ကို ..."

"အေး ..."

"ကျွန်တော်က အခြားလူမဟုတ်ဘူး အစ်ကို။ ကျွန်တော်ဟာ အစ်ကိုတို့ရွာသူ မိသန်းရဲ့ယောက်ျား မောင်ဆင်ကြီးအစစ်ပါပဲဗျာ"

"ဟေ ..."

"ဘာ ... ဘာ ..."

"မင်း ... မင်းက မိသန်းရဲ့ယောက်ျား မောင်ဆင်ကြီး"

"ဟုတ်တယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မောင်ဆင်ကြီးရာ၊ ငါ့ညီရာ ... ဝမ်းသာလိုက်ပါဘိ ကွာ။ ရန်ကုန်ရော၊ ငါတို့ရွာသားတွေကတော့ အံ့ဩဆန်းကြယ်စရာတွေကို တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုးကို မြင်နေ ကြားနေရပါကလားဟေ့ .. ဟင်"

"ဟုတ်တယ်ဗျာ ... သေရွာပြန်ရသေ့ကြီးတင် မဟုတ်ဘူး အခုသေရွာပြန် မောင်ဆင်ကြီးပါ ပြန်ရောက်နေတာကို မိသန်းသာသိလိုက် ရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲကွာ ... ဟင်"

မောင်ဆင်ကြီးက မျက်ရည်များကို လက်ခုံနဲ့သုတ်နေတယ်။

ဒီမှာ ကိုသာစည်က ...

"ဟေ့ကောင် ... ငတိုး ..."

"မင်း အောင်ပန်းစိန်ရွာကိုသွား"

"ဟုတ် ..."

"မိသန်းတို့သားအမိကို အကျိုးအကြောင်းပြောပြီး လှည်းယာဉ် နဲ့ ခေါ်ခဲ့၊ နားလည်လား ... ငတိုး"

"နားလည်ပါတယ် ... ကိုသာစည်"

"ဒါဆို အမြန်သွား။ ကိုင်း ... မောင်ဆင်ကြီး မင်းတို့ရဲ့ ဖြစ်ရပ် ဆန်းကြယ်ဘဝကို အားလုံးသိအောင် ပြောတော့ ... ငါ့ညီ"

✿ ✿ ✿

[ ၂၁ ]

[illegible]

❑

ကျွန်တော့်မိန်းမ မသန်းက အစ်ကိုတို့ကြားသိပြီး ဖြစ်တဲ့အတိုင်း ...အိပ်မက်ဆန်းကို ကျွန်တော့်ပြောပြတယ်။

ဦးခေါင်းကြီးကြီးနဲ့ ကောင်လေးတစ်ယောက် အမေသန်းတို့နဲ့ ...တူနေပါရစေလို့ ဦးစွာ အိပ်မက်ပေးပြီး မိသန်းရဲ့ဝမ်းဗိုက်ကို လက်နဲ့ ...က်ဖြဲပြီး ဝင်သတဲ့။

နောက် မကြာဘူး။

မိသန်း ချင်ခြင်းတပ်တယ် အစ်ကို။ သူ့ ချင်ခြင်းတပ်ပုံက ကြီး... ...ကန် (ခေါ်) ကြာဖြူကန်က ရေအလယ်သားနဲ့ ဘီလူးခေါင်းပြတ်သချိုင်း ... မြေကြီးအလယ်သားကို အလိုရှိသတဲ့။

ထူးဆန်းအံ့ဩစရာပါပဲဗျာ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးခေါင်းပြတ်သချိုင်းက မြေကြီးအလယ်သားကို ကြိုးကြာကန်ရေနဲ့ ဖျော်ပြီး စားမယ်၊ ပြီးရင် တစ်ကိုယ်လုံးဖျော်ပြီး သနပ်ခါးလိမ်းသလို လိမ်းချင်တယ်လို့ မရမက ပူဆာတယ်။

မစားနိုင်မသောက်နိုင်ဖြစ်နေလို့ နောက်ဆုံး ကျွန်တော် ကြိုးကြာကန်ကရေကို အရယူပြီးနောက် တစ်ခါမှမရောက်ဖူးတဲ့ ဘီလူးခေါင်းပြတ်သချိုင်းတောထဲကို ဝင်ခဲ့လိုက်တယ်။

လက်ထဲမှာ ဓားတစ်ချောင်း၊ မြေထည့်ဖို့ အိုးတစ်လုံးနဲ့ ရေပုလင်းပေါ့။

ဘီလူးခေါင်းပြတ်သချိုင်းတောအကြောင်း ကြားဖူးပေမင့် ကျွန်တော်က တစ္ဆေသရဲတို့၊ နာနာဘာဝတို့ကို မကြောက်ဖူး၊ မယုံဘူး။

ခက်တာက မိသန်းပဲဗျာ ...

ဘီလူးခေါင်းပြတ်သချိုင်းမြေကြီးဖြစ်ရင် ပြီးရောပေါ့ဟာ။

ခု မဟုတ်ဘူး။ အဲဒီမြေရဲ့ အလယ်သားတဲ့။ ဒါနဲ့ မကြောက်ပါဘူးဗျာ။ ကျွန်တော်တစ်ယောက်တည်း ဝင်လာခဲ့လိုက်တယ်။ တစ်တောလုံး တိတ်ဆိတ်နေတယ်။ အပ်ကျသံတောင် ကြားရနိုင်တယ်ဗျာ။

တဖြည်းဖြည်း တောနက်လာတယ်။

လမ်းကျဉ်းလာတယ်။ ချုံတွေ၊ သစ်ပင်တွေ၊ နွယ်ပင်တွေ ထူလာတယ်။ မကြာဘူးဗျာ ... တောထဲကနေ ခြေသံကြားရပါရောဗျ။ ခြေသံက ပထမ တစ်ယောက်တည်းသွားနေတဲ့ ခြေသံ။

ကျွန်တော် နောက်က လိုက်နေသလား၊

သူ့ဘာသာသူ သွားနေလား မသိဘူး။

ကျွန်တော် ရပ်ရင် ရပ်တယ်။ ကျွန်တော်သွားရင် ကြားရပြန်ရော။ မကြာဘူးဗျာ ... မြေကြီးပေါ်မှာ ဘီလူးကျောက်ရုပ်တု ခေါင်းပြတ်ကြီးတွေ ဟိုနေရာတစ်ခု၊ ဒီနေရာတစ်ခု မြင်ရပါလေရော။

အကျိုးအပဲ့မျိုးစုံဗျ။





ခေါင်းကျိုး၊ ခေါင်းထက်ခြမ်းကွဲ၊ နားရွက်ပြတ်၊ လက်ကျိုးခြေကျိုး အစုံပဲ။ အချို့ ဂဝံကျောက်ဘီလူးရုပ်တုတွေက မြေကြီးထဲမှာ တစ်ဝက်နစ် တစ်ဝက်ပေါ်ဗျာ။

တစ်ခါ ဘီစပ်ချုံကြီး လှုပ်ယမ်းနေလို့ ကျွန်တော်က အကောင်တစ်ကောင်ကောင်များလားဆိုပြီး ကျောက်တုံးတစ်တုံးနဲ့ ချုံကြီးထဲ ကောက်ပစ်လိုက်ရော ...

"ဝေါ ..."

ဝရုန်း ... ဂလုံး ... ဂလုံး ... ဝရုန်း ..."

ဟာ ... အကျိုးနည်းဗျာ။ အကောင်သတ္တဝါ မဟုတ်ဘူးဗျာ။ ကျောက်ရုပ်တု ဘီလူးခေါင်းပြတ် ခေါင်းကျိုး၊ ခေါင်းကွဲအပုံကြီး။ ကျွန်တော် ပစ်လိုက်တဲ့ ခဲလုံးထိမှန်လို့ ပြိုကျလာတာကိုးဗျ။

လူဗျာ ရင်တွေတုန်သွားပါရော။

ဒီမှာပဲ အဲဒီအုံထဲ၊ ချုံထဲကနေ ပျားအုပ်ကြီး ဖြန်းဆို ပျံလာလို့ လိုက်တုတ်တာ ပြေးလိုက်ရတာဗျာ။

ကံက ဆိုးချင်တော့ ...

ပျားအုံနဲ့ရလို့ လာနေတဲ့ ဝက်ဝံလိုအကောင်ကြီးရှိရာကို ပြေးမိပြီး ကျွန်တော်နဲ့ဝက်ဝံ ထိပ်တိုက်တိုးပါရော ...

ဒီမှာ ဝက်ဝံက ပတတ်ရပ်ပြီး လက်သီးရှည်ကြီးများထုတ်လို့ ကျွန်တော့်ကို ရန်ပြုဖို့ ပြေးဝင်လာတာ။

အဲဒါ လက်ထဲက ငှက်ကြီးတောင်ဓားနဲ့ လှမ်းခုတ်ပစ်လိုက်တော့ ဝက်ဝံက ကျွန်တော့်ဓားကို လုပြီး ကျွန်တော့်ကို ဝင်ကုတ်တာ။ သန်လိုက်တဲ့ကောင်ဗျာ။ ကျွန်တော့်ရင်ဘတ်ရော၊ မျက်နှာရော သူ့လက်သည်းရာကြောင့် စုတ်ပြဲပြီး သွေးသံရဲရဲနဲ့ ကျွန်တော် မြေပြင်မှာ လဲကျနေပြီ။

မျက်လုံးထဲကို သွေးတွေဝင်လို့ အမြင်တွေလည်း ဝါးနေပြီ။ သူ့လည်း ကြောက်လန့်မောဟိုက်နေပြီ။

လူလည်း မြေကြီးပေါ်မှာ အော်ဟစ်လူးလိမ့်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူးလိမ့်ရင်းကနေ ကြိုးစားပြီး ထပြေးမလို့ လုပ်ချိန်မှာပဲ ဝက်ဝံက ကျွန်တော့်ကိုယ်ပေါ်မှာ ခွရပ်ရင်း မျက်နှာကို လက်သည်းရှည်နဲ့ ကုတ်ဖြဲမလို့ ရွယ်လှမ်းနေချိန်မှာပဲ ...

"စွပ် ..."

"အီး ... အစ် ... အစ် ..."

"ဝုန်း ... ဖုန်း ..."

"အီး ... အစ် ... အစ် ..."

"ရွမ်း ..."

"ဖြန်း ..."

အဲဒီလို အသံတွေကြားရပြီး ဝက်ဝံကြီး ကျွန်တော့်နံဘေး ထဲ ကျသွားချိန်မှာပဲ ကျွန်တော်လည်း လုံးဝ သတိလစ်သွားတော့တာပဲဗျာ။

✿ ✿ ✿

| ၂၂ |

သဲမထောင်ခြင်္သေ့ တာသွားတာ

❑

သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ အံ့သြစရာပဲဗျာ။ ကြည့်မ်း ... ကျွန်တော့်နံဘေးမှာ မိန်းမတစ်ယောက်ခင်ဗျ။

ဝမ်းသာသွားတယ်။

ဘယ်လိုဝမ်းသာမှန်း မပြောနိုင်ဘူး။

ကျွန်တော်က ကျွန်တော့်မိန်းမ မိသန်းမှတ်နေတာ။

"ရှင် ... သတိရပြီလား"

မဟုတ်ဘူး ... ဒါ ကျွန်တော့်မိန်းမ မသန်းရဲ့အသံမဟုတ်ဘူး။ ကြည့်လိုက်တော့ မိသန်းလိုပဲ တုတ်တုတ်ခိုင်ခိုင်၊ ဗလကောင်းကောင်း မိန်းမ တစ်ဦး။ ချောတာတော့ အတော့်ကိုချောတယ်ဗျာ။

အဝတ်အစားက စုတ်ပြဲပြီး မလုံမခြုံဖြစ်နေတယ်။

ပြောရရင် ... သူ့ရင်သားအချို့ကို အတိုင်းသားမြင်နေရတယ်။ ကျွန်တော်ရောက်နေတာ အိမ်တော့မဟုတ်ဘူး။ ဂူ ... ဂူ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ မေးရတာပေါ့။

"ကျွန် ... ကျွန်တော် ... ဘယ်ရောက်နေလဲဟင်"

"ဂူထဲမှာပါ။ ရှင် သတိရလာပြီနော်"

"ဘယ်က ... ဂူ ... ဂူလဲ ... ဟင် ... ဟင်"

"ဘီလူးခေါင်းပြတ်သချိုင်းထဲက ကျွန်မနေတဲ့ ဂူထဲမှာလေ"

"ဟင် ... ခင်ဗျားက ဒီ ... ဒီဂူထဲမှာ ... နေ ... နေတယ်"

"ဟုတ်တယ်။ ဒါ ကျွန်မရဲ့ အိမ်ပဲ။ စိတ်ချပြီး နေပါ"

"ဟို ... ဟို ... ခင်ဗျားက ... ဟို ... ဟိုလေ ..."

"ဟင်း ... ဟင်း ... ဟင်း ... ကျွန်မ လူအစစ်ပါ။ သရဲ တစ္ဆေမဟုတ်ဘူး။ အသူရကာယ် မဟုတ်ပါဘူး"

ဖြစ်နိုင်ပါ့မလားဗျာ။ ဘီလူးခေါင်းပြတ် သချိုင်းတောထဲမှာ ဂူနဲ့ နေတာဟာ ဥစ္စာစောင့်သော်လည်းကောင်း၊ အသူရကာယ်လို့ခေါ်တဲ့ နေ့ခံ ၍ညစ်၊ ညစ်၍ နေ့ခံ အပြစ်ရှိသောသူ တစ်ခုမဟုတ်တစ်ခု မဖြစ်နိုင်ဘူး လားဗျာ ဟင်။

"ကျွန်တော် ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲဟင်။ အား ... ကျွတ် ... ကျွတ် ... ကျွတ် ... နာလိုက်တာဗျာ"

"ရှင့်ကို ဘီလူးခေါင်းပြတ် အပုံနားမှာ ဝက်ဝံတစ်ကောင် သည် ပုတ်ကုတ်ခြစ်နေတာ"

"အို ... ဟုတ်တယ်၊ ဟုတ်တယ်"

"အဲဒီမှာ ကျွန်မက ဝက်ဝံရဲ့လည်ပင်းကို လှံနဲ့ထိုးပစ်ပြီး ရှင့်ဘေး ရှည်နဲ့ ဦးခေါင်းကို ထက်ခြမ်းခွဲပစ်လိုက်လို့ ဝက်ဝံသေသွားတယ်။ ဟော ဟိုဟာ ရှင့်ကိုကိုက်တဲ့ ဝက်ဝံရဲ့ အရေခွံပဲ"

"ဟာ ..."

"ရှင့်ကို ဒီနေရာ ကျွန်မပွေ့ခေါ်လာပြီး ရတဲ့ ရှိတဲ့ တောဆေး ရွက်နဲ့ ကုပေးခဲ့ရတယ်။ ရှင် ခုနစ်ရက်ရှိပြီ။ အသက်ငွေ့ငွေ့ရှိနေတာ"

"အို ... ကျေးဇူးတင်လိုက်တာဗျာ"





"ရော့ ... ဒီအရည်လေးသောက်လိုက်။ ဒီမှာ ဆန်မရှိဘူး၊ ဆီ မရှိဘူး၊ ငရုတ်၊ ကြက်သွန် မရှိဘူး။ ဒါ တောကြက်ရဲ့အသားကို ပြုတ်ထားတာ။ အားရှိအောင် သောက်လိုက်"

ကျွန်တော် မထနိုင်ဘူး။ မျက်နှာတစ်ပြင်လုံး တင်းကြပ်နေတယ်။ လက်နဲ့ အသာစမ်းကြည့်လိုက်တော့ အနာဖေးတက်စပြုနေတဲ့ ဒဏ်ရာ များစွာကို စမ်းမိလိုက်တယ်။

သည်မှာ သူမက ပွေ့ထူပြီး ကျုပ်ကို တယုတယပါပဲလေ။ အသား ပြုတ်ရည် တိုက်ရှာတယ်။

ခွက်ကလား၊ ဝါးပိုးဝါးအဆစ် ခွက်နဲ့ပေါ့ဗျာ။ ခွက်က ပန်းကန် လုံးလောက်ကို ရှိတာ။ အရသာရှိလိုက်တာဗျာ။ ဆာလွန်းလို့ အသားဖတ် တွေကို ကြိုးစားပြီး ဝါးစားလိုက်တာ ကုန်ရော။

ကုန်တော့ ကျွန်တော် တစ်ရေးအိပ်ပျော်သွားတယ်။

အိပ်ရာကနိုးတော့ လူက အားအင်ပြည့်နေတယ်။ ညဘက်ရောက် နေတော့ မှောင်သလိုရှိတယ်။ သို့သော် အနီးရှိ ထင်းတုံးမီးဖိုကြီးရဲ့ မီး တောက်ကြောင့် လင်းနေတယ်။

အတိုချုံးပြီး ပြောကြပါစို့ဗျာ။

ကျွန်တော် နေကောင်းလာခဲ့ပါပြီ။

နေ့တိုင်း သူမရှာကျွေးတဲ့ တောကောင်သား၊ ငါးအကင်၊ အပြုတ် များကိုရော၊ တောငှက်ပျောသီး အမှည့်များရော နေ့စဉ်စားရလို့ ပြန်အား ကောင်းလာခဲ့တယ်။

တစ်နေ့တော့ သူမကို မေးရတယ်။

"ခင်ဗျားနာမည် ဘယ်သူလဲဟင်"

"မသိချင်ပါနဲ့ရှင်"

"ဘာဖြစ်လို့တုံးဗျ"

"ရှင့်နာမည်ကရော ..."

"ခင်ဗျားနာမည် မပြောရင်၊ ကျုပ်နာမည်လည်း မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... ကျေးဇူးဆပ်တာ ပေါ့။ ဟုတ်လား"

လှတဲ့ မိန်းမပါဗျာ။ တောထဲ၊ ဂူထဲမှာ နေလို့လားမသိဘူး။ တုတ်တုတ်ခိုင်ခိုင်၊ တောင့်တောင့်တင်းတင်း၊ ဖျတ်ဖျတ်လတ်လတ်ကြီးဗျ။

အဝတ်အစားကမရှိတော့ သူ့ရော၊ ကျွန်တော့်ရော အသားစိုင်တွေ မလုံခြုံကြဘူးဗျာ။ တကယ့်ကို တောရိုင်း တောတွင်းသားလို့ ဖြစ်နေကြတယ်။

ဒါကြောင့် သူမရဲ့ ခန္ဓာကိုယ်ပေါ်က အသားစိုင် ဝင်းဝင်းမှည့်မှည့်တွေကို နေ့စဉ်ညစဉ် မြင်နေရတယ်။ မြင်ရင်း ရင်တုန်နေရတယ်။

ကျွန်တော်က ဝါးကွပ်ပျစ်တစ်ခုပေါ်မှာ အိပ်ရသလို၊ သူမကလည်း ကျွန်တော့်အနီးက ဝါးကွပ်ပျစ်ပေါ်မှာပဲ ယှဉ်တွဲအိပ်ရတယ်။ မကြာခဏ ခန္ဓာကိုယ်ချင်း၊ အသားချင်း ထိတဲ့အခါမှာ ကျွန်တော် ကြက်သီးဖြန်းဖြန်း ထသွားပေမယ့် ...

သူမကတော့ အရေးမကြီးသလိုပဲ ရယ်နေတယ်။

"ကျွန်တော့်ကို ခုလို အသက်ကယ်ပြီး ပြုစုစောင့်ရှောက်တာကို ကျေးဇူးတင်ပါတယ်ဗျာ"

"ဟင်း ... ဟင်း ... ဟင်း ... ခစ် ... ခစ် ... ခစ် ... ကိစ္စမရှိပါဘူး"

"ကျွန်တော် ခင်ဗျားကို ပြောစရာရှိတယ်"

"ပြောလေ ..."

"ကျွန်တော် ပြန်တော့မယ်။ နေကောင်းနေပြီ"

"ပြန်တော့မယ် ... ဟုတ်လား"

"ဟုတ်တယ် ..."

"ဒီမှာ ကျွန်မနဲ့နေရတာ မပျော်လို့လားဟင်"

"ဟို ... ဟို ..."

"ကျွန်မ ရှင့်ကို ပျော်အောင်ထားပါ့မယ်ရှင်။ မကြာခင် ရှင် ပျော်လာမှာပါ။ ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."





"ဒီတောထဲက ဂူထဲမှာ ကျွန်မနဲ့ရှင် နှစ်ယောက်တည်းရှိနေတာပါ။ ရှင်ဘာကို အားနာနေတာတုံး။ ဘာကို ရှက်ရွံ့နေတာတုံး"

သူမက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့် ပြုံးရင်း ရဲရဲတင်းတင်းကို မေးနေတာ၊ အားလည်းမနာဘူး။

"ပြန်ချင်တယ်"

"ကျွန်မ တားပါရစေရှင်။ ကျွန်မမှာ တစ်ယောက်တည်း အဖော်မရှိလို့ပါ။ ရှင်ရောက်လာတော့ ကျွန်မ ဝမ်းလည်းသာတယ်၊ ပျော်လည်း ပျော်တယ်၊ အားလည်း ကိုးပါတယ်နော်။ မပြန်ပါနဲ့ နော် ... နော်လို့"

"ပြန်မှ ဖြစ်မယ်ဗျာ။ ကျုပ်ကို မတားပါနဲ့တော့"

"ဟူး ... မေတ္တာရပ်ခံလို့ မရဘူးလားဟင်"

"အင်း ..."

"အေးလေ ... တားလို့လည်းမရ၊ မေတ္တာရပ်ခံလို့ မရမှတော့ ပြန်ပေါ့၊ ပြန်ပေါ့"

သူမ ပြောရင်း ရှိုက်သံပါလာတယ်။ ဒါနဲ့အတူ သူမရဲ့ပါးပြင်ပေါ်မှာ မျက်ရည်ဥတွေ စီးလိမ့်ကျလာတယ်။ သနားစရာပါပဲလေ။ သို့သော် သူမကို ကျွန်တော် ဘယ်လိုလုပ်ယုံရမှာလဲဟင်။

လူစင်စစ်လား၊

သူယောင်မယ်လား၊ တစ္ဆေလား၊

လူယောင်ဆောင်နေတဲ့ အသူရကာယ်မလား။ ကျွန်တော် မသိရဘူး။ နာမည်လည်း မသိရ၊ နေရပ်လည်း မသိရ၊ မိဘလည်း မသိရ၊ ကျွန်တော် ဝန်းကျင်ကို လေ့လာပြီးပြီ။

ဒီနေရာမှာ အိမ်မရှိဘူး၊ လူမရှိဘူး။

လူနဲ့တူရင် သူမနဲ့ကျွန်တော် နှစ်ယောက်ပဲရှိနေတာ။

သူမက ကျွန်တော့်ကို သံယောဇဉ် ဖြစ်နေရှာတယ်။

ကျွန်တော့်မှာ ဇနီးမယားရှိနေတယ်။

သူ့ ရွာမှာ ကျန်ရစ်ခဲ့တယ်။ ခုလောက်ဆို ရက်တွေကြာလို့ သေပြီဆိုပြီး လွမ်းနေမလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ...

သူမကို ကိုယ်ဝန်နဲ့ ပစ်ထားခဲ့ပြီး သစ္စာမဲ့ထွက်သွားပြီလို့ တွေးရင်း စိတ်နာကျည်းနေမှာလား။ ကျွန်တော် မသန်းကို ချစ်တယ်။ မသန်းကလည်း ကျွန်တော့်ကို ရင်နင့်အမျှချစ်မှန်း ကျွန်တော်သိတယ်။

မသန်းက လင်သုံးယောက်ပေါင်းဖူးတဲ့မိန်းမ ဖြစ်ပေမယ့် စွဲမက်စရာ အလွန်ကောင်းတယ်။ သူမက ကျုပ်ရဲ့ သဘောဆန္ဒကိုသိတယ်။ အလိုဖြည့်ပေးနိုင်တယ်။ ရိုးသားပွင့်လင်းတယ်။ ဒါကြောင့် ချစ်တယ်။

နောက်ဆုံး ...

ကျွန်တော် ဓားရှည်တစ်ချောင်းကိုင်ပြီး ဂူထဲကနေ ထွက်ခဲ့လိုက်တယ်။ သူမက မျက်ရည်စီးကြောင်းတွေနဲ့ ကျွန်တော့်ရဲ့လက်ကို ကိုင်ပြီး လိုက်လာခဲ့တယ်။

"ကိုင်း ... ရှင်သွားတော့၊ ကျွန်မ မလိုက်တော့ဘူးနော်"

သူမက ဝက်ဝံကိုက်တဲ့ ဘီလူးခေါင်းပြုတ်တောရောက်တော့ ပြောတယ်။ မျက်ရည်တွေလည်း သူမရဲ့ပါးပြင်ပေါ်မှာ စိုရွှဲလို့။

ကျွန်တော် သူမရဲ့လက်ကို ဖျစ်ညှစ်ပြီး ...

"ဆက်မလိုက်တော့ဘူးလား"

"ဟင့်အင်း ..."

"ရွာထဲမှာ နေပါဗျာ။ ကျွန်တော်တို့ ဝိုင်းကြည့်မှာပေါ့ ဟင်"

"မလိုက်ချင်ဘူး"

"ဘာလို့ မလိုက်ချင်ရတာလဲ"

"ရှင် ဒီတောကြီးရဲ့ သဘောသဘာဝကို မသိသေးလို့ပါ။ သိသွားရင် ရှင် အံ့သြရမှာပါ။ ကျွန်မ ဂူထဲက စောင့်နေမယ်။ အဆင်မပြေရင် ပြန်လာခဲ့နော်။ ကျွန်မ ရှင့်ကိုချစ်တယ်ရှင့် ... အင့် ... ဟီး ..."

သူမဟာ ထူးဆန်းတဲ့ အဲဒီလိုစကားကို ပြောဆိုပြီး ငိုရှိုက်လို့ ချာခနဲ လှည့်ပြေးသွားတော့တယ်ဗျာ။

ကျွန်တော် ငိုရှိုက်ရင်း ပြေးသွားတဲ့ သူမရဲ့သောကနဲ့ ဘဝကို ကိုယ်ချင်းစာမိပါသော်လည်း မူလသံယောဇဉ်ရှိရာကိုပဲ သစ္စာစောင့်သိရမယ်





ဆိုတဲ့အသိနဲ့ လှည့်ထွက်လာခဲ့လိုက်တယ်။

အံ့သြစရာပဲ ... အစ်ကိုတို့ရေ။

ကျွန်တော်ဟာ မူလလာတဲ့ လမ်းကြောင်းအတိုင်း ပြန်ထွက်လာခဲ့တာ မှန်ပေမင့် တောပြင်ကို မရောက်တော့ဘူး။ ထူးဆန်းစွာ တောထဲမှာ ရွာလည်၊ မျက်စိလည်နေတယ်။

လမ်းတစ်ခုကိုတွေ့ရင် ဝမ်းသာအားရနဲ့ လာခဲ့ပေမယ့် တောပြင်ကို ပြန်မရောက်ဘဲ တစ်နေကုန် တောထဲမှာ မျက်စိလည်နေလိုက်တာ နောက်ဆုံး ဟိုအမျိုးသမီးနေတဲ့ ဂူရှိရာကို မှောင်ရီဖျိုးဖျမှာ ပြန်ရောက်သွားတယ်။

လူတစ်ကိုယ်လုံးလည်း ချွေးရွှဲပြီး မောဟိုက်ပန်းလျနေပြီ။

"အစ်မကြီး ... အစ်မ ..."

"ဗျို့ ... ဟိုအစ်မကြီး ... အစ်မရေ ..."

"ဟော ... ရှင် ... ရှင် ... ပြန်လာတယ်လားဟင်။ ဝမ်းသာလိုက်တာရှင်"

တုန်တုန်ရီရီမေးရင်းက ကျွန်တော့်ကို ဝမ်းသာအားရ ပြေးဖက်လိုက်တယ်။ သူမရဲ့ ကြီးထွားသန်မာတဲ့ လက်မောင်းနဲ့ ရင်ခွင်ကြားမှာ ကျွန်တော့်ကိုယ်လုံးလေး ညှပ်သွားသလို ဖြစ်နေတယ်။

သည့်နောက် ကွပ်ပျစ်ပေါ်မှာ ကျွန်တော့်ကို နေရာချပေးပြီး ရေတိုက်တယ်။ ချက်ချင်း အသားကင်တစ်တုံးကို ကျွေးတယ်။

ဆာလွန်းလို့ ကျွန်တော် အသားကင် (၃)တုံး စားပစ်လိုက်တယ်။

"ရှင် ဘာလို့ မပြန်တာလဲဟင်"

"ပြန်ထွက်လို့မရဘူး"

"ဟင် ... ဘာ ... ဘာ ..."

"ပြန်လမ်းပျောက်နေပြီး တစ်နေကုန် ထွက်လို့မရဘဲ မျက်စိလည်နေတယ်"

"ကို ... အတု"

"ဘာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်တော့မှ ပြန်ထွက်လို့မရဘူး"

"ဗျာ . . . ဘာ . . . ဘာ . . . ဘာဖြစ်လို့လဲဟင်။ ဘာဖြစ်လို့ ပြန်မရမှာလဲ"

"ကျွန်မလည်း ကိုယ့်ရပ်ကိုယ့်ရွာပြန် . . . ဆွေမျိုးညီအစ်ကို မောင်နှမများနဲ့ အတူပြန်နေချင်တာပဲပေါ့။ ကျွန်မ ရှင့်လိုပဲ ပြန်ထွက်ကြည့်တယ်။ ထွက်လို့မရဘူး။ လမ်းတွေမှားပြီး ဒီနေရာပဲ ပြန်ရောက်လာခဲ့တယ်။

"အဲဒါ ဘာကြောင့်လဲဗျာ ဟင်"

"မသိဘူး။ တောခြောက်နေတာလား၊ တောမှောက်နေတာလား၊ နတ်ဝှက်နေတာလား၊ အပမှီနေတာလား ကျွန်မလည်း မသိဘူး။ ကိုင်း . . ရှင် . . . ရှင် ဒီမှာပဲ အေးအေးဆေးဆေး ပျော်သလိုနေပါတော့"

သည့်နောက် သူမက အရေခွံဆုပ်ပြီး အခြောက်လှမ်းထားတဲ့ ဝက်ဝံရေအခင်းကို ကျွန်တော်အိပ်ဖို့ ခင်းပေးတယ်။

ပြီး ကျွန်တော့်အနီးမှာ လာကပ်ထိုင်နေတယ်။

ကျွန်တော့်ပခုံးနဲ့ သူ့ပခုံးဟာ ထိနေတယ်။ သူမရဲ့ အထိအတွေ့ကိုယ်ငွေ့က ထင်းမီးရှိန်ထက် ပိုနွေးနေသလိုပဲ။

ကျွန်တော် ပင်ပန်းလွန်းလို့ ဝက်ဝံရေအခင်းပေါ် လှဲချ ပက်လက်လှန်နေချိန်မှာ သူက ကျွန်တော့်ရဲ့နံဘေးမှာ အတူယှဉ်အိပ်ပြီး ကျွန်တော့်ရင်ဘတ်ကို သူ့ညာလက်နဲ့ ပွတ်သပ်နေတယ်။

ကျွန်တော်က အနည်းငယ် ငြင်းပယ်လိုက်ပေမင့် သူမက ပိုပြီး အတင့်ရဲလာခဲ့တယ်။ သူမရဲ့ မလုံမခြုံ အသားစိုင်အသားတစ်တွေရဲ့ အတွေ့အထိက ကျွန်တော့်ရင်ကို တဒိုင်းဒိုင်း ခုန်နေစေရဲ့ဗျာ . . .

ကျွန်တော် မျက်စိကို စုံမှိတ်ထားလိုက်တယ်။

မျက်စိထဲမှာ ချစ်သူမိသန်းရဲ့မျက်နှာနဲ့ မမြင်ရသေးတဲ့ ရင်သွေးရဲ့မျက်နှာလေးကို ပုံပေါ်အောင်ကြည့်ပြီး ငြိမ်နေလိုက်တယ်။

ကျွန်တော် ကျောက်ရုပ်လို၊ သစ်တုံးလို ငြိမ်နေမှန်းသိတော့ သူမ ကျွန်တော့်ကိုဖက်နေရင်းကနေ အိပ်ပျော်သွားလေရဲ့။

✿ ✿ ✿

| ၂၄ |

**အချစ်ငတ်နေတဲ့မိန်းမရဲ့ နောက်ဆုံးရှုပ်ဆက်ပွဲ**

❑

ကျွန်တော် သူမ ပြောတာ မယုံလို့ ဒီဘီလူးခေါင်းပြတ်တောထဲကနေ သုံးလေးကြိမ် ထွက်ဖို့ ကြိုးစားခဲ့တယ်။

ဘယ်လို့ကြောင့်လည်းဆိုတာ စဉ်းစားလို့မရဘူး။ တောထဲမှာပဲ ဘဝလည်လည်ဖြစ်ရင်း နောက်ဆုံး ဟိုအမျိုးသမီးရဲ့ဂူထဲကိုပဲ ပြန်ရောက်ခဲ့ရတယ်။

သူမ ပြောသလိုပဲ . . .

နတ်ဝှက်ထားတာ အမှန်ပဲလား၊

ဒီလိုမှမဟုတ် . . .

သူမက စုန်းမလို၊ ကဝေမလို၊ သူယောင်မယ်လို၊ အသူရကာယ်လို ဖြစ်နေပြီး ကျွန်တော့်ကို သူမရဲ့ဝန်းကျင်က ဖဲခွာပြီးသွားလို့မရအောင် အိုနဲ့ ပညာနဲ့ စီရင်ထားရော့သလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော် ညဘက်ရောက်ရင် သူမရဲ့ အခြေအနေကို သတိထားစောင့်ကြည့်နေရတယ်။ ကျွန်တော်က စုန်း၊ တစ္ဆေ၊ ကဝေ သရဲတို့ကို မကြောက်ပါဘူး။

သို့သော် အခု ရင်ခုန်နေရတယ်။

ည,ည အိပ်လို့မပျော်ဘူး။ သူမကိုလည်း တစ်ဂူထဲ တစ်အိပ်ရာထဲ အတူတူအိပ်ရပေမင့် လုံးဝ စိတ်မချဘူး။

ဒါပေမင့် သူမသည် ကျွန်တော့်ကို အမှန်တကယ် သံယောဇဉ်ရှိနေ ဖြစ်နေမှန်း ကျွန်တော် ရိပ်မိပါတယ်။

ဒါဟာ မိန်းမတစ်ယောက်ရဲ့ အချစ်နဲ့သံယောဇဉ်လည်း ဖြစ်ချင်ဖြစ်မယ်။

ကိလေသာ၊ တဏှာရာဂစိတ် လှုံ့လွန်းတက်ကြွနေတာလည်း ဖြစ်ချင်ဖြစ်နေမှာပါ။ တစ်ခါတစ်ခါ သူမရဲ့ အိစက်ညက်ညောတဲ့ အတွေ့အထိမှာ ယစ်မူးတိမ်းမူးပြီး ကျွန်တော့်ရဲ့ ရာဂစိတ်ကို သူမနဲ့အတူ ကဆုန်စိုင်းပစ်လိုက်ချင်တယ်။

မသန်းရဲ့မျက်နှာကို ပြန်ပြန်မြင်ယောင်ပြီး စိတ်ရိုင်းကို ချွန်းအုပ်ထားခဲ့ရတယ်။

တစ်နေ့တော့ ...

သူမ သင်ပေါင်းစူးတဲ့ဒဏ်ရာနဲ့ ခြေဖဝါးကြီးယောင်ကိုင်းပြီး လမ်းမလျှောက်နိုင်တော့ဘူး။

ကျွန်တော်လည်း သူမညွှန်ကြားတဲ့ ဆေးပင်ဆေးရွက် ဆေးမြစ်များနဲ့ လိမ်းနယ်လူး၊ ပြည်အညစ်အကြေးများကို ဖောက်၊ ရေနွေးနဲ့ ဆေးရည်ဆေးပေးခဲ့ပေမင့် ဒဏ်ရာက လုံးဝမသက်သာခဲ့ပဲ ...

သူမ အကြီးအကျယ် ချမ်းတုန်ဖျားခဲ့ရှာတယ်။

ညဘက်ရောက်ရင် ကျွန်တော် သူ့ရဲ့ကိုယ်လုံးကို ဖက်ပေးထားရတယ်။ မီးဖိုကိုလည်း မီးပြင်းထိုးပေးထားရတယ်။

အဖျားရှိန်ကြီးလွန်းလို့ သူမ မေးချင်း တဂွပ်ဂွပ်ရိုက်နေတာ





သနားစရာပါပဲဗျာ။ နေ့ခင်းကျရင် သူမကို ဂူထဲမှာထားခဲ့ပြီး ကျွန်တော် အမဲလိုက်ရတယ်။ ငါးရှာရတယ်။

ရလာတဲ့ ငါးအသားကို တစ်လုံးတည်းသော မြေအိုးနဲ့ ချက်ပြီး သူမကို အရည်ပြုတ်လေးတိုက်ခဲ့ပေမင့် မျိုလို့မရရှာဘူး။

တစ်နေ့ သူမက ကျွန်တော့်ကို စကားတွေပြောတော့တယ်။

''ကျွန် ... မ ... နေ ... ရ ... တော့ ... ဘူး''

''အို ... စိတ်တင်းထားစမ်းပါဗျာ''

''ရှင့်နာမည်လေး ... ကျွန်မကို ပြောခဲ့ပါရှင်။ ကျွန်မအမည်က မိလုံးပြားလို့ ခေါ်တယ်''

''ဗျာ ... ခင်ဗျားက ... ငါးတက်ကုန်းရွာက မလုံးပြား ... ဟုတ်လား''

''အား ... ကျွတ် ... ကျွတ် ... ဟုတ်တယ် ...''

''ဒါ ... ဒါဆို ... ခင်ဗျားက ... ခင်ဗျားရဲ့ယောကျ်ားနဲ့ ခင်ဗျားယောက္ခမဦးချက်ကွန့်ရယ်၊ ငါးရွှဲသူဌေး ဦးကံထောင်ရယ်ကို လှံနဲ့ထိုးသတ်ပြီး ဝရမ်းပြေး ပြေးနေတဲ့ မိလုံးပြားပေါ့''

''ဟုတ်ပါတယ် ... ရှင့်နာမည်ကရော ဟင်''

''မောင်ဆင်ကြီးလို့ ခေါ်ပါတယ်။ မလုံးပြားရယ်''

''ကိုဆင်ကြီးရယ် ... ကျွန်မ သူတို့သုံးယောက်ကို သတ်ချင်လို့ သတ်ခဲ့ရတာ မဟုတ်ပါဘူး။ အား ... ကျွတ် ... ကျွတ် ... ကျွန်မရဲ့ အရှက်နဲ့သိက္ခာကို ငါးရွှဲသူဌေးဦးကံထောင်က အကျိုးနည်းအောင် လုပ်ခဲ့တယ်။ ကျွန်မယောကျ်ားပေါ်က ဒါကိုသစ္စာမဲ့တယ်ဆိုပြီး ကျွန်မကို အသေသတ်ဖို့ ကြိုးစားလို့ ပြန်ခုခံရင်း လူသတ်မှုဖြစ်ခဲ့ရတယ်။

ကျွတ် ... ကျွတ် ... ကျွတ် ... ဒီမှာ ယောက္ခမက သူ့သားကို သတ်ရပါ့မလားဆိုပြီး သူ့အမျိုးတွေနဲ့ ကျွန်မကို လိုက်သတ်ဖို့ ကြိုးစားပြန်တော့ ကိုယ့်အသက်အတွက် မသတ်ချင်ဘဲ သတ်ခဲ့ရပြန်တယ်။ နောက်ဆုံး ငါ့ကို လူသတ်သမားဘဝရောက်အောင် တွန်းပို့ခဲ့တာ ငါးရွှဲသူဌေးပဲဆိုပြီး ငါးရွှဲသူဌေးဦးကံထောင်ကိုပါ အဆုံးစီရင်ပြီး ပြေးရာကနေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပြေးပြေး သူတို့ နောက်ကနေလိုက်လုပ်ကြဖို့ လိုက်နေမှန်းသိတာနဲ့ အပွတ် ... အပွတ် ... ပွတ် ... အဆုံးမှာ ဖြစ်ချင်ရာဖြစ် ဒီတောထဲကို စွန့်ပြီး ဝင်ပြေးခဲ့တာပဲ။

တစ်ခုတော့ ... စိတ်ချ ... ရ ... တာ ... ပေါ့ ... လေ။ ဒီနေရာကို ဘယ်လိုလူမှ ဝင်မလာရဲ ... ကြဘူး။ ပြီး ... လူပဲ ... လာလာ၊ တိရစ္ဆာန်ပဲလာလာ ပြန်ထွက်လို့မရဘူး။ အား ... အ့ပွတ် ... ပွတ် ကိုဆင်ကြီးရယ် ... ဒီနေရာကို ရှင်ရောက်လာတော့ ... ကျွန်မ ... အရမ်း ... ဝမ်းသာပြီး ... အင့် ... ဟီး ... အား ... အားရှိခဲ့ရတယ်။

ရှင့်ရဲ့စိတ်ဓာတ်ကို ကျွန်မ ကြိုက်တယ်။ ချစ်တယ်။ ဒါပေမဲ့ ရှင်က ကျွန်မကို ... ပြန် ... မ ... ချစ်ခဲ့ဘူး။ အေးလေ ... ရှိပါစေတော့။ ကျွန်မ ... မနေရတော့ဘူးဆိုတာ သိနေရပါပြီ။ ကျွန်မ ... နောက်ဆုံး ... မေတ္တာရပ်ခံပါရစေ ... ကိုဆင်ကြီးရယ်''

''ပြောပါ ... မလုံးပြား ... ပြော၊ ကျွန်တော် ဘာလုပ်ပေးရမလဲဟင်။ ပြောလေ ...''

''ဒီည ကျွန်မ ... ကိုဆင်ကြီးရဲ့ ... ရင်ခွင်မှာ တစ်မေးမျှလေးပဲ ... အိပ် ... ပါ ... ရစေ ... ရှင် ... နော် ...''

သနားစရာပါဗျာ။

အဲဒီညတုန်းက ကျွန်တော် မလုံးပြားကို ကျွန်တော့်ရင်ခွင်ထဲမှာ ပွေ့ပြီး အိပ်စေခဲ့တယ်။

သူမလေ ဝမ်းသာလွန်းလို့ ကျွန်တော့်ပါးကို မီးခဲတမျှ ပူလောင်လွန်းလှတဲ့ သူ့လက်ဝါးနဲ့ ပွတ်သပ်ရင်း အိပ်ပျော်သွားရှာတယ်။

ဩော် ... အချစ်ငတ်နေ၊ မေတ္တာငတ်နေတဲ့ မိန်းကလေး။

ခမျာ ... သူများလိုပဲ ဆွေနဲ့မျိုးနဲ့ နေချင်မှာပဲ။

လင်နဲ့သားနဲ့ သွားအတူလာအတူ ပျော်ချင်ရှာမှာပါပဲ။ ကြည့်စမ်းဗျာ ... သူမရဲ့ပါးပြင်ပေါ်မှာ မျက်ရည်တွေစီးကျလို့၊ ကျွန်တော် သနားလွန်းလို့ သူမရဲ့ အဖျားတက်နေတဲ့ကိုယ်လုံးကို ပွေ့ဖက်ပြီး သူမပေါ်မှာပဲ ခေါင်းစိုက်ရင်း အိပ်ပျော်သွားခဲ့တယ်။

---

စိတ်ကူးသစ်စာပေ



မိုးလင်းမှ ကျွန်တော်လည်း နိုးတော့တယ်။

တောကြက်တွေရဲ့အော်သံ၊ ဖိုးခေါင်ငှက်နဲ့ ငှက်ငွေ့ားတို့ရဲ့ အော်သံကိုတောင် ကြားနေရပြီ။

ဒါနဲ့ ကျွန်တော့်ရင်ခွင်ထဲမှာ အိပ်မောကျနေဆဲဖြစ်တဲ့ မလုံးပြားကို အသာလှုပ်နှိုးလိုက်ရော ...

''မလုံးပြား''

''မလုံးပြား''

''ဟင် ...''

သူမ ဇက်ကျိုးကျသွားတယ်။ ကျွန်တော် ပျံ့လွင့်ပြီး သူမရဲ့အမည်ကို တကြော်ကြော်ခေါ်လို့ လှုပ်နှိုးခဲ့ပေမင့် သူမ လုံးဝကို မလှုပ်တော့ဘူး။ ပြန်မထူးခဲ့တော့ဘူး။

ကျွန်တော့်ပါးပြင်ပေါ်မှာ မျက်ရည်ပူတွေ စီးကျလာခဲ့တယ်။ မျက်ရည်ပူစက်တွေက ငြိမ်သက်နေတဲ့ သူမရဲ့ မျက်နှာပေါ်ကို တစ်ပေါက်ချင်း ကျနေတယ်။

''အချစ်ငတ်တဲ့ မိန်းမကြီး၊ မေတ္တာငတ်တဲ့ မိန်းမကြီး ... သွားပေဦးတော့ မလုံးပြားရေ၊ သွားပေဦးတော့''

သည့်နောက် ...

အရိပ်ကောင်းတဲ့ ကညင်ပင်ကြီးအောက်မှာ မြေကျင်းတူးပြီး သူမရဲ့အလောင်းကို အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံး ကျွန်းရွက်တွေဖုံး ...

ပြီးတော့မှ မြေကြီးများဖို့ပြီး သင်္ဂြိုဟ်ပေးခဲ့လိုက်တယ်။

''မလုံးပြားရယ် ... အကယ်လို့များ ကျုပ်မသေသေးဘဲ ကျုပ်ရွာကို ကျုပ်ရောက်ခဲ့ရင် မင်းအတွက် ရဟန်းတစ်ပါးနဲ့ ကုသိုလ်ပြုပြီး အမျှအတန်းပေးဝေပါ့မယ် ... မလုံးပြား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

**မိကျောင်းနဲ့ ပျဉ်းသတ်တဲ့နေ့**

❑

အဲဒီလိုနဲ့ မလုံးပြားမရှိတော့ ကျွန်တော်တစ်ယောက်တည်း ဂူထဲမှာ ကျန်ရစ်ခဲ့ရတယ်။ နေ့စဉ်ညစဉ် သူမကို သတိရနေမိတယ်။ အိပ်မက်ထဲမှာ မလုံးပြားက လာပြောနေတယ်။

"မောင်ဆင်ကြီး ... ရှင် ရွာကို ပြန်ရတော့မယ်ရှင့်"

"ဟုတ်ရဲ့လား ... မလုံးပြားရယ် ဟင်"

"ဟုတ်တယ် ... ကျွန်မသိလို့ လာပြောတာရှင့်"

"ဒါ ... ဒါဆို မလုံးပြားရော လိုက်မှာလား ... ဟင် ... ဟင်လို့"

"ကျွန် ... မ ... လိုက်လို့ ... မ ... မ ... ရဘူး ... မောင်ဆင်ကြီး"

"ဘာဖြစ်လို့တုံး။ ကျုပ်ပြန်ရင် ခင်ဗျား လိုက်ခဲ့ရမှာပေါ့"





"ကျွန်မ ... က ... ဒီ ... ဒီ ... မှာ ... ရွာစောင့် ... နေခဲ့ရမှာ ... ဟီး ... ဟီး ..."

"မလုံးပြား ... မလုံးပြား ... နေဦးလေ ... မလုံးပြား"

သူမ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ပြေးတော့ ကျွန်တော်က ဝုန်းခနဲ ထလိုက်တယ်။ ဟူး ... အိပ်မက်ပါကလား။ အိပ်မက်ပါလားဗျာ။

တစ်နေ့ ကျွန်တော် လုံရှည်ကိုစွဲပြီး ဟင်းစားရှာဖို့ ထွက်လာတုန်းမှာပဲ လူသံသူသံတွေကြားရလို့ ချုံပုတ်ကြီးတစ်ခုထဲမှာ ဝင်ပုန်းပြီး ချောင်းကြည့် နားထောင်နေတုန်း ...

အလို ... လူ (၆) ယောက်ဗျာ ...

သေနတ်အရှည်တွေ ကိုယ်စီလွယ်လို့။

အပေါ်ရုံသက်န်းမပါတဲ့ ပုဂ္ဂိုလ်တစ်ဦး။ ရသေ့လား၊ ဘုန်းကြီးလား မသိဘူး။ အဲဒီပုဂ္ဂိုလ်ကို ကြိုးနဲ့တုပ်၊ တရွတ်ဆွဲခေါ်လာနေတာ။

သူတို့ဟာ အဲဒီလူကို ဒီရေတက်စပြုနေတဲ့ သင်ပေါင်းတော ခနီတောအစပ်မှာ နှိပ်စက်မေးနေတာ။

"ရသေ့ကြီး ... ခင်ဗျား ရွာကို ဘယ်လိုအစီအရင်တွေ လုပ်ထားသလဲ"

"ပြောလေ ..."

"အား ... ကျွတ် ... ကျွတ် ... ကျွတ် ..."

"ခင်ဗျား ရွာစည်းရိုးမှာ ဘာအင်းတွေ မြှုပ်ထားသလဲ ပြော"

"မ ... မြှုပ်ဘူး"

"ရွာအဝင်မှာ မြှုပ်ထားတယ်မဟုတ်လား"

"ကျုပ် ... ကျုပ် ... မ ... မ ... လုပ်ဘူး"

"ဟာ ... ကဲဟာ ... ကဲဟာ ..."

ရသေ့ကြီးတဲ့။ သူတို့ ရသေ့ကြီးကို မေးလို့မရတော့ သေနတ်ဒင်နဲ့ ဝိုင်းထုရိုက်ပြီး ...

"ခင်ဗျားကို မိကျောင်းစာကျွေးမှာနော်။ မှန်မှန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မသိ ... ဘူး ... မ ... လုပ် ... ပါဘူး ... အား ... အား ..."

"ကိုင်းဟေ့ ... သူ့ကို ပင်လယ်ဒီရေ တက်လာနေပြီ။ အဲဒီထဲ ပစ်ချလိုက်။ မကြာခင် မိကျောင်းလာဆွဲသွားမယ်။ ငါတို့ ကျည်ဆန်ဖြုန်း စရာ မလိုဘူး"

"ကိုင်း ... ခေါင်းကြောမာတဲ့ ရသေ့ကြီး၊ သေပေရော့"

"ဗွမ်း ..."

သူတို့ ကြိုးတုပ်ထားတဲ့ ရသေ့ကြီးကို နှစ်ယောက်မပြီး ဒီရေတက် နေတဲ့ ဗွက်ထဲကို ပစ်ချလိုက်တယ်။

ဒီမှာ ပင်လယ်ဒီရေ ရေငန်ရွှံ့တွေက ဝုန်းခနဲ အဝတ်မဲ့ရသေ့ကြီး ကို ရိုက်လိုက်တာ ရွှံ့ရေတွေဖုံးပြီး ရသေ့ကြီး ဗွက်ထဲမှာ လူးလိမ့်နေတယ်။

နောက်တစ်ခါ ဒီရေက တက်ရိုက်ပြန်တယ်။ ရသေ့ကြီး ဒီရေ အရှိန်နဲ့ မြောက်ပြီး ပြန်ကျသွားတယ်။

သည့်နောက် သူတို့ သေနတ်ကိုယ်စီနဲ့ ပြန်လှည့်သွားကြတယ်။ သူတို့ခြေသံ ဝေးသွားမှ ကျွန်တော် ချုံထဲက အသာထွက်ပြီး ဒုက္ခသည် ရသေ့ကြီးကို ကယ်ဖို့ ကြိုးစားချိန်မှာပဲ ...

"ဝေါ ..."

"ဝုန်း ... ဝုန်း ..."

"ဝေါ ... ဖြန်း ..."

"ဟာ ..."

ဘုရားရေ ... ပင်လယ်ဒီရေနဲ့အတူ ပါလာနေတာ မိကျောင်း ဗျာ။ မိကျောင်းက အတော်အကောင်ကြီးကြီး၊ အလျားရှည်တယ်။

သူက လူနံ့ လူသံရလို့နဲ့တူရဲ့ ဝေါခနဲ ဝေါခနဲ ရေပြင်ကို ထိုး ပြီးလာနေတာ။

ဒီရေက တက်ပြီး ဖြုန်းခနဲ ပြန်ဆင်းတော့ မိကျောင်း ရေနဲ့ ပါသွားတယ်။ မဖြစ်တော့ဘူး။ ဒီထက် ရေတက်လာရင် ရသေ့ကြီးကို ဆွဲချလို့ ရသွားနိုင်တယ်။





ဒါကြောင့် ကျွန်တော် လုံရှည်ကိုကိုင်ပြီး ရွှံ့ပြင်ထဲကို အမြန်ခုန် ချလိုက်လို့ ရသေ့ကြီးကို ဆွဲနေတုန်းမှာပဲ ...

ဒီရေတစ်လုံး ပြန်တက်ပြီး မိကျောင်းပါ ပါလာပါရောဗျာ။ မိ ကျောင်းက ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကိုမြင်ရော။ ဒါ သူ့အစာမှန်းသိ သွားပြီး ဒီရေနဲ့အတူ ပါးစပ်ကြီးဖြဲဟပြီး ရေပြင်ကို အမြီးနဲ့ရိုက် အရှိန်နဲ့ ပြေးဝင်အလာ ...

ကြံရာက မရတော့ဘူး။

လုံရှည်ကို ညာလက်နဲ့မြှောက်ကိုင်ပြီး ရေတက်အရှိန်နဲ့ ပါးစပ် ဖြဲ ပြေးဝင်လာတဲ့ မိကျောင်းကြီးရဲ့ ပါးစပ်ထဲကို အားကုန်ပစ်သွင်းလိုက် ရော ...

"ဗွပ် ..."

"ဂါး ..."

"ဝုန်း ... ဝုန်း ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဝုန်း ... ဝုန်း ..."

မိကျောင်းကြီးရဲ့ အာခေါင်ထဲကို လှံသွားက အရှိန်နဲ့ပြေးဝင်ပြီး ...်နေတော့ မိကျောင်းပါးစပ်ကို ပိတ်လို့စိလို့ မရဘဲ အူးဂါးနဲ့ နာကျင်စွာ ...ဘ်ဟစ် လူးလွန့်နေရော။

ပြီး ... ရေပြင်ရွှံ့ပြင်ကို သူ့ရဲ့ ကြီးမားတုတ်ခိုင်ပြီး ဖောင်းထနေ ... အမြီးကြမ်းကြီးနဲ့ ဒေါသတကြီး ရိုက်ရိုက်ပစ်နေတာ ..

ရွှံ့ရေတွေ အရပ်လေးမျက်နှာကို ပွဲစင်ပျံ့ကုန်ရော။

မိကျောင်းဟာ အာခံတွင်းမှာ လှံစူးရင်း လူးလိမ့်နေ၊ ဒေါပွ ...င်းကျုန်းနေချိန်မှာပဲ ကျွန်တော်ရသေ့ကြီးကို ပခုံးပေါ်ပွေ့တင်ပြီး ဗွက် ...လို့ နေထိုင်ရာ ဂူထဲကို ထမ်းခေါ်ခဲ့လိုက်တယ်။

ဂူထဲရောက်တော့ ဝက်ဝံရေအခင်းပေါ်မှာ အသာချပေးပြီး ...း အရင်ဖြေ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... ရေသန့်သန့်နဲ့ သန့်စင်ပြီး ဒဏ်ရာပွန်းပဲ့ရာများကို ဆေးရွက်တွေ ညှစ်ထည့်ပေးလိုက်တော့ ရသေ့ကြီး ပြန်သတိရလာတယ်။

"အရှင်ရသေ့ကြီး ... သတိရလာပါပြီလား ဘုရား"

"ရပြီ။ ကျုပ် အခု ဘယ်ရောက်နေတုံး ... ဒကာလေး"

ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကို အတိုချုံး လျှောက်လိုက်တော့ ...

"သာဓု ... သာဓု ... သာဓု ... ဒကာလေး ဘုန်းကြီးလို့သက်ရှည်ပါစေ"

အဲဒါ ရေနွေးပူပူလေးတိုက်ပြီး ဝက်ဝံရေအခင်းပေါ်မှာ အိပ်စေခဲ့တယ်။ မိုးလင်းတော့ အသားနဲ့ အသီးအရွက် ရောပြုတ်ထားတာကို အရုဏ်ဆွမ်းအဖြစ် ဆက်ကပ်ရတယ်။

ဒီမှာ ဘရသေ့ကလည်း သူ့ရဲ့ဖြစ်စဉ်ကို ပြောပြသလို ကျွန်တော်လည်း ကျွန်တော့်ဘဝဖြစ်စဉ်နဲ့ ကွယ်လွန်သူ မလုံးပြားရဲ့အကြောင်းကို လုံးစေ့ပတ်စေ့ ပြန်လျှောက်တော့ ရသေ့ကြီးက ခေါင်းညိတ်ရင်းကနေ ..

"အားလုံး အနိစ္စ–အမြဲမရှိ၊ ဒုက္ခ–ဆင်းရဲခြင်းပါပဲ ... ဒကာလေး။ ဘယ်သူမှ ကိုယ့်ကိုယ်ကိုယ် မပိုင်ကြဘူး။ ဒါကြောင့် အနတ္တလို့ခေါ်ကြတာ။ လူ့ဘဝထဲကို အုဝဲလို့ ငိုပြီး ရောက်လာကတည်းက မျက်ရည်ကျပြီး သေချိန်ကို စောင့်ကြိုဖို့ ရောက်လာခဲ့တာပဲ။

အေး ... အသေလှကြ၊ အသေမြတ်ကြဖို့ပဲ အရေးကြီးတယ်။ အသေလှအောင် အသေမြတ်အောင် ကြိုးစားကြ၊ လူပီသအောင် ကြိုးစားကြ။ ကိုင်း ... ကျုပ်တို့ရွာရှိရာကို ပြန်ကြစို့ ... ဒကာလေး"

"ပြန်ထွက်လို့ ရပါ့မလား ဘုရား"

"မပူပါနဲ့ ... ဒကာလေးရယ်။ ကျုပ် တာဝန်ယူပါတယ်။ ကိုင်း ဤဘီလူးခေါင်းပြတ်သချိုင်း၌ ပိုင်ဆိုင်ကြကုန်ကာ အပိုင်အဆိုင် အစောင့်အရှောက်များ၊ တောတောင်၊ တောင်စောင့် နတ်မင်းကြီးများနှင့်တကွ





မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်အပေါင်းတို့ ... ကျွန်ုပ်ထိန်းသော သစ္စာနှင့် ကောင်းမှုကုသိုလ်အစုစုတို့အား သင့်တို့အားလည်း အမျှပေးဝေပါ၏။

အမျှ ... အမျှ ... အမျှ ... ကျွန်ုပ်တို့နှစ်ဦး ဤနေရာကနေ စံကျောင်းထဲရှိရာကို သွားကြမှာဖြစ်တဲ့အတွက် သွားလမ်းများ၊ မမှားယွင်းရအောင် သားရဲတိရစ္ဆာန်များ အန္တရာယ်မှကင်းဝေးအောင် ကျောင်းရောက်အောင် လမ်းပြပြီး အရောက်ပေးပို့ ကူညီကြပါကုန်လော့။ သင်တို့အားလုံးကိုလည်း ကျွန်ုပ်တို့ မေတ္တာပို့သပါ၏။ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ ဘဝကူးကောင်းကြပါစေ ... ဗျာ"

သို့ကလို့ ရသေ့ကြီးက အရပ်လေးမျက်နှာကို လှည့်ပြီး မေတ္တာပို့ အမျှပေးဝေပြီးသည့်နောက် ကျွန်ုပ်လည်း လိုရမည်ရ ဓားရှည်ကြီးကိုကိုင်ပြီး ရှေ့ကသွားနေသည့် ရသေ့ကြီးနောက်ကနေ လိုက်ခဲ့လိုက်တယ်။

အဲဒီအချိန်မှာ ...

သစ်ပင်တွေပေါ်ကနေ ကျီးကန်းအုပ်ကြီးဗျာ နည်းနည်းနောနော မဟုတ်ပါဘူး ... အစ်ကိုတို့ရာ။ တအာအာနဲ့ အော်ဟစ်နေကြတာဗျာ။

ခါတိုင်းနေ့တိုင်း မတွေ့ရပါဘူးဗျာ။

ဒီနေ့မနက်ကျမှ ကောင်ရေကို သောင်းနဲ့ချီမှာပါဗျာ။ လမ်းဘေးဝဲယာသစ်ပင်ပေါ်ကနေ အော်ဟစ်နေတာ။ သူတို့အော်နေပုံက နှုတ်ဆက်နေသည့်ပုံမျိုးဗျာ။ ကျက်စီကိုညံပြီး နားအူခမန်းဗျာ။

မကြာပါဘူး ...

ခြေသံတွေ ကြားရပြန်ပါရော။ ခြေသံက ခပ်ကြမ်းကြမ်းဗျူ။

သို့သော် လူလုံးလူထည် မမြင်ရဘူး။

"အားလုံး ... အမျှ ... အမျှ ... အမျှကွယ်တို့ ... ကျွန်းမာချမ်းသာကြပါစေ ..."

အမျှပေးဝေလိုက်တော့ ခြေသံကြမ်းကြမ်းတွေရဲ့အသံ ညှိုးညှိုးညက်ညက် ညင်သာသလို ဖြစ်သွားကြတယ်။

ဒါနှင့်အတူ ...



www.burmeseclassic.com

www.burmeseclassic.com



အလွန်မွှေးကြိုင်တဲ့ ရနံ့တွေကလည်း တစ်တောလုံး သင်းနေတာပဲ။ သနပ်ခါးရနံ့ရတယ်။ ခရေပန်းရနံ့ရတယ်။ ဇီဇဝါပန်းရနံ့လည်း ရနေတယ်။

လမ်းခရီးမှာ ဘီလူးခေါင်းပြတ်ရုပ်တု အမျိုးမျိုးကို ဖြတ်ခဲ့ရတယ်။ ဘီလူးခေါင်းပြတ်တွေပေါ်မှာ ယင်မမဲရိုင်းတွေ နားနေကြတယ်။

ကြည့်လိုက်ရင် . . . မဲမဲခေါင်းကြီး ကျောက်တုံးကြီးတွေအတိုင်းပဲ။ သို့သော် ယင်မမဲရိုင်းရိုင်းအုပ်ကြီးက အရင်တစ်ခါလို ဝေါခနဲ ဝုန်းခနဲ ထမပျံကြဘူး။ ငြိမ်သက်နေကြတယ်။

အံ့ဩစရာပဲဗျာ။

ဒီမှာပဲ ကျွန်တော်တို့ မြွေတွန်သံအကျယ်ကြီး ကြားရပါရော။

"ရှဲ့ . . . ရှဲ့ . . ."

"ရှဲ့ . . . ရှဲ့ . . ."

သီလိုက်တယ်။ ဒါ မြွေဆိုးတွန်သံ။ အသံက ပြင်းပြင်း စူးစူးကျယ်ကျယ်တိုတို၊ ဓားရှည်ကို အသင့်ကိုင်ပြီး လမ်းဘေးဝဲယာကို အသင့် မျက်လုံးကစားလိုက်ချိန်မှာပဲ . . .

ညောင်ပင်ကိုင်းကြီး တစ်ကိုင်းပေါ်ကနေ 'ရှဲ့'ဆိုတဲ့အသံနဲ့အတူ ရောမင်နီးမြွေကြီးတစ်ကောင် ပါးပျဉ်းထောင်ပြီး တွဲလျောင်းချပြနေပါရောဗျာ။

"အရှင်ဘုရား . . . သတိထားဘုရား။ အဲဒါ ငန်းဝါကြီးဘုရား"

သိတဲ့အတိုင်းပဲလေ။ ငန်းဝါတို့၊ ငန်းပုတ်တို့ဟာ အဆိပ်ပြင်းတဲ့ မြွေဟောက်အုပ်စုဝင်တွေ။

**အရှည်သုံးလံကနေ လေးလံရှည်ကြတယ်။**

ပါးပျဉ်းတင် ရေအိုးအုပ်တဲ့ ကြေးလင်ပန်းအဖုံးလောက် ကြီးတာ။ လူကိုမြင်ရင် ပါးပျဉ်းထောင်ပြီး မတ်တတ်ရပ်လို့လိုက်တာ။

သူတို့မှုတ်ရင် အငွေ့က (၆)တောင်ခန့်အထိရောက်ပြီး သူတို့အငွေ့ သင့်ရင် မျက်စိကွယ်ရော။

ဒီလိုမြွေဆိုးကြီးတွေဟာ ချောင်းတို့၊ မြောင်းတို့မှာ ငါးကို တိုယ်လုံးနဲ့ပက် အမြီးနဲ့ပက်ပြီး ရှာစားတတ်တယ်။





ဆင်ပေါက်တွေကို ပေါက်လိုက်ရင် ပွဲချင်းပြီးသေတယ်။

ညောင်ကိုင်းပေါ်က မြွေကြီးက ဖြူနီးဆို မြေပြင်ကို ခုန်ချပြီး ပါးပျဉ်းထောင်ပြနေတာ မျက်လုံးရဲရဲနဲ့ ကြောက်စရာကြီးဗျာ။

ကျွန်တော် ဓားထုတ်ပြင်မှန်းသိတော့ ရသေ့ကြီးက မလုပ်နဲ့လို့ တားရင်း မြွေပါးပျဉ်းရှေ့မှာရပ်လို့ မေတ္တာသုတ်ကိုလည်းကောင်း၊ ခန္ဓသုတ်ကိုလည်းကောင်း အသံကျယ်ကျယ်နဲ့ ရွတ်နေတာကို မြွေကြီးက စိုက်ကြည့်နေလို့ဗျာ . . . ပါးပျဉ်းကြီးနဲ့ ပေါက်များချလိုက်ရင် အသက်ရှင်နိုင်ဖွယ် မမြင်ဖူးဗျာ။ ကျွန်တော့်မှာ ရင်တထိတ်ထိတ်ဖြစ်နေပြီ။

အံ့ဩစရာပါပဲဗျို့။

ရွတ်နေရင်းမှာပဲ ပါးပျဉ်ကြီးထောင်ပြီး ရသေ့ကြီးကို မိုးစိုက်ကြည့်နေတဲ့ မြွေကြီးဟာ ဟိုးရှေ့သွားရမည့် လမ်းဘက်ကို မျက်နှာမူပြီး ဘုရားရေ . . .

သူက လမ်းပြသလို ရှေ့ကနေ သွားနေပါရောခင်ဗျာ။

ကျွန်တော် သဘောပေါက်လိုက်ပြီ။ ဒါ ဘရသေ့ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် မြွေနဂါးများပင် အန္တရာယ်မပြုဘဲ ရှေ့ကနေ လမ်းပြတဲ့သဘောပဲဗျာ။

ပြောရရင် တစ်လမ်းလုံး လမ်းဘေးဝဲယာကနေ မြွေဆိုးတွန်သံ ကောင်ရေများစွာအသံကို ကြားရပါသော်လည်း တစ်ကောင်မှထွက်ပြီး အန္တရာယ်မပြုကြဘူး။

ဒီလိုနဲ့ ကျောက်တုံးကျောက်ဆိုင်ပုံနဲ့ ဘီလူးရုပ်တု ဦးခေါင်းပြတ် အပုံကြီးတစ်ပုံရှေ့ရောက်ရော ပုပ်စော်အနံ့ကို ရပါရောဗျာ။ နံလိုက်တာဗျာ။ ကျွန်တော်တော့ မနေနိုင်လို့ အော့အန်ရတော့တာပဲ။

ဘရသေ့ကြီးက လုံးဝမအန်ဘူးပေါ့။

ဒီမှာ ယင်ကောင်အုပ်ကြီးက ကျုပ်တို့လူသံကြားပြီး ဝေါခနဲ ဝုန်းခနဲ ထပျံကြတယ်။ ယင်ကောင်အုပ်ကြီး ထပျံတာကိုကြည့်လိုက်ရော . . .

အမယ်လေးဗျာ . . .

လူကိုလိပ်ပြာလွင့်မတတ် လန့်သွားရပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ကြည့်စမ်း ...

ကျောက်ဖျာကြီးပေါ်မှာ လူသေအလောင်းတစ်လောင်း အူတွေက ဝမ်းဗိုက်ကနေပွင့်ပြီး အပြင်ကိုထွက်လို့။ ကျောက်ဖျာပေါ်မှာ သွေးတွေ နီမွဲမွဲနဲ့ မည်းနေစပြုလို့။

ကျွန်တော်တို့ကြည့်လိုက်တော့ လူသေအလောင်းက ပုပ်စပြုပြီး ဖောင်းနေတယ်။ ယောက်ျားတစ်ယောက်ရဲ့ အလောင်း။ လက်ဖျံနှစ်ဖက်မှာ အင်းကွက်တွေ အစီအရီနဲ့ ...

ရသေ့ကြီးက အလောင်းကို လှမ်းကြည့်ပြီး ...

''အင်း ... အနိစ္စပါကလား''

အလောင်းရဲ့ အနီးဝန်းကျင်မှာ ဘီလူးဦးခေါင်းအကျိုးအပဲ့တွေ အများကြီးပဲ။ မသိရင် ဘီလူးစာကျွေးထားတဲ့ အတိုင်းပဲ။

ပြီး ... မြေပြင်ပေါ်မှာ နွားခြေရာလိုလို၊ ကျွဲခြေရာလိုလို ခြေရာတွေလည်း မြင်ရတယ်။

''သွားစို့ ...''

မကြာပါဘူးဗျာ ... ကျွန်တော်တို့နှစ်ဦး တောပြင်က ဝါးကျောင်းလေးရှိရာကို ရောက်ရှိပြီး ခုမှပဲ ကျွန်တော်လည်း ရွာရပ်ကွင်းရပ်ကို မြင်ရပြီး ကွင်းလေ ကွင်းနံ့ကို ရှူရှိုက်ခဲ့ရတော့တယ်။

''ကိုင်း ... မြွေကြီး၊ သင် အခုလို လမ်းပြပြီးလိုက်ပို့တာ ကျေးဇူးတင်တယ်၊ ဝမ်းသာတယ်။ အမျှ ... အမျှ ... အမျှ ... သင်တို့အတွက် ကျုပ် ညစဉ် မေတ္တာပို့ အမျှပေးဝေပေးမယ်။ သာဓုခေါ်ပြီး ခံယူကြ။ ကိုင်း ... ကိုင်း ... လိုရာအရပ်ကို ဘေးကင်းစွာ ပြန်ပေတော့ ... မြွေကြီး''

မြွေကြီးဟာ ရသေ့ကြီးရဲ့စကားကို နားလည်သည့်အလား ပါး ပျဉ်းဦးခေါင်းကြီးကို သုံးကြိမ်သုံးခါ ခေါင်းညိတ်ရှိခိုးသလို လုပ်ပြီး နောက်ကြောင်းကို ပြန်လှည့်လို့ တရွေ့ရွေ့ ပြန်ထွက်သွားလေရဲ့။

''အဲဒါပါပဲ ... အစ်ကိုတို့ရာ။ ကျွန်တော်နဲ့ ဘရသေ့ကြီးတို့ ကြုံရဆုံရ ရှင်ရပုံနဲ့ တောထဲကနေ ပြန်ထွက်ရပုံပဲ''





''ဟိုကောင်မလေးက ... ဘယ်သူ''

''အေးကွာ ... သူ့ခမျာ သနားပါတယ်နော်''

''ဟုတ်တယ် ... အစ်ကို၊ မလုံးပြားအတွက် ကျွန်တော် လုံးဝ စိတ်မကောင်းဘူး။ ကျွန်တော် သူမနဲ့ တောနက်ကြီးထဲ နေရစဉ်ကာမှာ ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ခဲ့ပါတယ်ဗျာ''

''မောင်ဆင်ကြီး ...''

''ဗျာ ... အစ်ကို''

''ကျောက်ဖျာကြီးပေါ်မှာ အူပွင့်ပြီး ပုပ်ပွစပြုနေတာ ယောက်ျားအလောင်းပဲနော်''

''ဟုတ်တယ် ... အစ်ကို၊ ဆံပင်ရှည်ရှည်နဲ့။ လက်ဖျံပေါ်မှာ အင်းတွေနဲ့ဗျာ ကိုယ်လုံးတီးကြီး''

''အဲဒီအနားမှာ ဟိုကွာ ... ကျွဲရိုင်းကြီးတစ်ကောင်များရော တွေ့ခဲ့ရသေးလားဟေ့။ စဉ်းစားစမ်း ... မောင်ဆင်ကြီး''

''ဟာ ... သိပြီ အစ်ကိုရေ၊ အဲဒီဝန်းကျင်က ရွှံ့ဗွက်ထဲမှာ ကျွဲခြေရာလို ခြေရာကြီးတွေ အများကြီးပဲ''

''ဟုတ်ပြီ ... ကျိန်းသေပါပဲကွာ''

''ဘာလဲဟင် ... အစ်ကို၊ ဘာကျိန်းသေတာလဲ''

''ငါ့ညီရေ ... အဲဒါ မင်းတို့၊ ငါတို့ ဘရသေ့ကြီးကို လုပ်ကြံ သတ်ဖြတ် မိကျောင်းစာကျွေးခဲ့တဲ့ နာမည်ကြီးဘေးပြခေါင်းဆောင် စနေဦးဟုတ်ရဲ့အလောင်းပဲဟေ့''

''ဗျာ ...''

မောင်ဆင်ကြီးလည်း ဒီတော့ သဘောပေါက်သွားတယ်။ အင်း ...လေ ... သူတော်ကောင်းကို ပစ်မှားစော်ကားရင် အသေဆိုးနဲ့ သေရ ...ာ ဓမ္မတာပဲ။ ဒေဝဒတ်ကို ကြည့်လေ ... ဘုရားရှင်ကို မနာလိုဘူး။ ...လိုမရှိဘူး။ အမျိုးမျိုး သေကြောင်းကြံခဲ့တယ်။ နောက်ဆုံး ပဌ...ကြီးထိုက်ပြီး မြေမျိုသေရတာပဲ။ စနေဦးဟုတ်တို့လည်း မပြစ်မှားသင့်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြစ်မှားစော်ကားခဲ့ကြတော့ အားလုံး အဲဒီအပြစ်ရဲ့ဒဏ်ကို ဆိုးဝါးစွာ ခံစားသွားရတာပဲ။

အဲဒီအချိန်မှာပဲ ကိုသာစည်တို့အိမ်ရှေ့ကို နွားလှည်းယာဉ်တစ်စီး အပြေးရပ်လို့ လှည်းယာဉ်ပေါ်ကနေ မိန်းမတောင့်တောင့်တစ်ယောက်ရယ်၊ နို့စို့အရွယ်ကလေးကို ပွေ့ပြီး အိမ်ထဲကို တန်းဝင်လာတယ်။

"မိသန်း ..."

"အစ်ကိုသာစည် ... ကို ... ကို ... ဆင်ကြီး ... မသေဘဲ ပြန် ... ရောက်နေတယ်ဆို။ အခု ... သူ ... သူ ... ဘယ်မှာလဲဟင် ဟင်လို့"

မိသန်းက အမောတကော မေးနေရှာတယ်။

မောင်ဆင်ကြီးက မျက်နှာကို အောက်ငုံ့ထားတယ်။

"မိသန်း ..."

"နင့်ယောက်ျား မောင်ဆင်ကြီး ကံကောင်းလို့မသေဘဲ ဘရုဆော့ နဲ့အတူ သေရွာက ပြန်လာခဲ့တာ"

"ဟုတ်လား ... ကျွန်မ ... သူ့ ... သူ့ကို အရမ်းတွေ့ချင် တယ်တော်"

"မိသန်း ..."

"ရှင် ... အစ်ကို"

"ခုနေ သူကျိုးကန်းနေရင် သူ့ကို ပြန်ပေါင်းနိုင်မလား"

"အို ... ပေါင်းမှာပေါ့တော်။ ကျွန်မယောက်ျားဥစ္စာ"

"တကယ်နော်"

"ဘုရားစူးရစေရဲ့တော် ...။ ဘာလဲဟင် ... သူ ကျိုးကန်း နေလားဟင်။ သူ ... သူ ... ဘယ်မှာလဲ။ မြန်မြန်ပြောကြပါ။ ကျွန်မ သူ့ ကို ဘယ်ဘဝမျိုးရောက်ရောက် ချစ်နေမှာပါ ... အစ်ကိုတို့ရယ်"

"မိသန်း ... နင့်ဘေးမှာရပ်နေတဲ့ ဆံပင်အရှည်ကြီးနဲ့ လူမည်း မည်းဟာ နင့်လင် မောင်ဆင်ကြီးပဲ"

"ဟင် ... ကို ... ဆင် ... ကြီး ... ကို ... ဆင်ကြီး"





"မသန်း ..."

"အို ... ကိုဆင်ကြီးရဲ့ ... ဟီး ..."

မသန်း ကလေးတစ်ဖက်နဲ့ မောင်ဆင်ကြီးကိုဖက်ပြီး ငိုနေတယ်။ အားလုံး ဝမ်းသာရသလို၊ စိတ်လည်း ထိခိုက်ကြပါတယ်။

"ကိုဆင်ကြီး ... မျက်နှာမော့ပါဦး ကိုဆင်ကြီးရဲ့၊ ကျွန်မလေ တော့်ကို ဟောဒီသားနဲ့ နေ့တိုင်းမျှော်နေရတာပါရှင်။ ကျွန်မကို မျက်နှာ လေး မော့ပြပါဦးတော် ... ဟီး ..."

သည်မှာ မောင်ဆင်ကြီးက မျက်နှာကိုမော့ပြီး သူ့မျက်နှာပေါ် အုပ်နေတဲ့ ဆံပင်ရှည်များကို လက်နဲ့ဖယ်ပြလိုက်ရော ...

"အို ... ဘုရား ... ဘုရား ..."

ကုတ်ခြစ်ရာ အမာရွတ်ဗရပွနဲ့ မမှတ်မိစရာ မျက်နှာကို မြင် လိုက်ရတော့ မိသန်း ပါးစပ်ဟသွားခဲ့တယ်။

"ကျုပ် ... ကျုပ် ... မောင်ဆင်ကြီးအစစ်ပါ ... မသန်းရယ်။ မင်းစားချင်တဲ့ ကြာဖြူကန်ကရေနဲ့ ဘီလူးခေါင်းပြတ်သချိုင်းမြေ အလယ်သားကို သွား ယူရင်း ကျုပ် ဝက်ဝံကုတ်ခြစ်ခံရလို့ ခုလိုမျက်နှာ ဖြစ်သွားခဲ့ရတယ်။ မင်း လို ချောမောလှပတဲ့မိန်းမနဲ့ ကျုပ်လို ရုပ်ပျက်နေတဲ့လူနဲ့ မထိုက်တန်တော့ ပါဘူး။ မင်းကြိုက်ရာ နှစ်သက်ရာလူကို ရှာပြီး အိမ်ထောင်သစ်ပြုလို့ ကျုပ် သားလေးကို အရွယ်ရောက်အောင် မွေးမြူပေးပါ။ ကျုပ် ကျေနပ်ခွင့်ပြုပါ တယ်။ ကိုင်း ... ကျုပ် အဝေးကို သွားတော့မယ်။ အားလုံး ခွင့်ပြုကြပါ ဗျာ"

မောင်ဆင်ကြီးဟာ မိသန်းလက်ထဲက သူ့သားလေးရဲ့ မျက်နှာ ဝိုင်းဝိုင်းလေးကို တစ်ချက်ငုံ့ကြည့်ပြီး နမ်းမလို့လုပ်ရင်းက မနမ်းတော့ဘဲ ချာခနဲ လှည့်ပြေးအဆင်း ...

"ကို ... ဆင်ကြီး ... ကိုဆင်ကြီး ... ရှင် ... ရှင် ... မသွား နဲ့ ... မသွားနဲ့ ..."

မိသန်းက အသံကုန်အော်ပြီး မောင်ဆင်ကြီးကို မလွှတ်တမ်း ဆွဲ ထားလိုက်ရင်းက သူ့လက်ထဲကို သားလေးထိုးထည့်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆင်ကြီးရယ် ... ကျွန်မ သစ္စာမဲ့တဲ့မိန်းမ မဟုတ်ဘူး။ အလှအပ ဂုဏ်ပကာသနကို မမက်ပါဘူး။ ကျွန်မ ရှင့်ကိုချစ်တယ်။ ကျွန်မတို့ သားအမိသားအဖသုံးယောက် ဘယ်လိုဘဝမျိုးကိုပဲရောက်ရောက် အတူနေရင်ဆိုင်ကြမယ် ... ကိုဆင်ကြီးရယ်။ ဟီး ... ဟီး ... ဟီး ..."

မောင်ဆင်ကြီးက သူ့သားလေးကို ပွေ့ယူပြီး ပါးဖောင်းဖောင်းလေးကို အားရပါးရ နမ်းလိုက်တယ်။

ကလေးက လွန့်ပြီး ဖအေရဲ့လည်ပင်းကို လက်ကလေးနှစ်ဖက်နဲ့ ဖက်ထားလိုက်တယ်။

သူတို့မိသားစုရဲ့ ကြည်နူးစရာဘဝသစ်ကို ဝိုင်းကြည့်ပြီး ကျုပ်တို့အားလုံး အတိုင်းမသိအောင် ကြည်နူးဝမ်းသာလိုက်ရတာဗျာ ...

✿ ✿ ✿

[ ၂၅ ]

**မပွားရုံချက်သိမ်း (ဘွဲ့မဟုတ်) သစ္စာတရားရဲ့အောင်ပွဲ**

❏

ဒီနေ့ ဘုရားသော့ကြီး မဟာမြိုင်တောကြီးရှိရာအရပ်ကို ကြွသွားတော့မှာမို့ အရုဏ်ဆွမ်းကပ်ပြီး အားလုံးကန်တော့ဖို့ စောင့်နေကြတယ်။

တစ်ရွာလုံးနီးပါး တစ်ပါးကျောင်းလေးရှေ့ မြေပြင်မှာ ရပ်သူကရပ်၊ ထိုင်သူကထိုင် စောင့်နေကြတယ်။

မကြာပါဘူး။

ဘုရားသော့ကြီး ရွာသူရွာသားတို့ကပ်လှူတဲ့ သင်္ကန်းအသစ်ကိုရုံပြီး တောထွက်ရသေ့တို့ အသွင်သဏ္ဌာန်အတိုင်း သပိတ်တစ်လုံးလွယ်၊ အမိုးသင်္ကန်း ပခုံးပေါ်တင်ပြီး သပိတ်လွယ်လို့ ကျောင်းပေါ်က ဆင်းကြွလာတယ်။

ကျုပ်တို့ တစ်ရွာလုံးနီးပါး ဝိုင်းကန်တော့ကြသပေါ့ဗျာ။

အမျိုးသမီးများက မျက်ရည်စိုရွှဲ၊

ရှိုက်သံနှင့်နှင့်နဲ့ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အချို့က ကန်တော့ရင်း ကျလာတဲ့ မျက်ရည်များကို လက်ခုံနဲ့ သုတ်၊ အင်္ကျီစနဲ့သုတ်ပေါ့။

ဒီမှာ ရွာရဲ့ကိုယ်စား သူကြီး ဦးကျောက်ဖားက အသံတုန်တုန်ရီရီနဲ့ လျှောက်ရှာတယ်။

"အရှင်ရသေ့ကြီးဘုရား ... ဘရသေ့ကြီးရဲ့ ကျေးဇူးတော်များကိုလည်းကောင်း၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာနှင့် အသက်အရွယ်ကိုလည်းကောင်း တပည့်တော်တို့ တစ်ရွာလုံး ရိုသေစွာ ရှိခိုးကန်တော့ပါတယ် ... ဘုရား"

ကျေးဇူးရှင် ဘရသေ့ကြီးအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးအနက် တစ်ပါးပါးဖြင့် ပစ်မှားမိခဲ့သည်ရှိသော် ၎င်းအပြစ်ကို သည်းခံခွင့်လွှတ်တော်မူပါဘုရား။ ကျေးဇူးရှင်ဘရသေ့ကြီး ရောက်ရာအရပ်မှာ ကျန်းမာရေးကို အထူးဂရုပြုပါဘုရား။ မည်သို့သော အကြောင်းရှိရှိ ဘုရားတပည့်တော်တို့ရွာကို လူကြုံဖြင့် စာရေးအသိပေးပါဘုရား။

တပည့်တော်တို့ မုတ္တမပင်လယ်ကွေ့ ရွာကလေးများက ဘရသေ့ကြီး ပြန်လည်ကြွရောက်လာမည့် နေ့ရက်ကို မျှော်လင့်ရင်း မေတ္တာပို့ ကန်တော့နေပါမည်ဘုရား။

"သာဓု ... သာဓု ... သာဓု ... ဒကာကြီးတို့၊ ဒကာမကြီးတို့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို မမေ့မလျော့ကြနဲ့ကွယ့်။ အနန္တော အနန္တငါးပါးကိုလည်း မပစ်မှားကြနဲ့။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကို ကုသိုလ်ပြုပြီးတိုင်း အမျှပေးဝေကြ။ မကျွတ်မလွတ်သူများလည်း ချန်မထားနဲ့။ အမျှပေး မေတ္တာပို့သကြ။ သမ္ဗုဒ္ဓေ ဘုရားရှိခိုးဂါထာတော်ကြီးကိုလည်း နေ့ညမပြတ် ရွတ်ကြ။ ငါးပါးသီလမြဲကြ။

နောက်တစ်ချက် အထူးမှာကြားလိုတာက ပင်လယ်ကမ်းစပ်အနီးမှာ အစဉ်ထာဝရ ရွာတည်ပြီး မနေကြနဲ့။ ပင်လယ်နဲ့ဝေးဝေးမှာ ပြောင်းရွှေ့ရွာတည်နေကြရင် သဘာဝဘေးအန္တရာယ် ကင်းဝေးသကွယ့် ... ကြားလား"





"မှန်ပါ ဘုရား"

"အားလုံး လိမ်လိမ်မာမာနေကြ"

"အရှင်ဘုရား"

သည်မှာ မောင်ဆင်ကြီးနဲ့ မိသန်းတို့သားအမိက လက်အုပ်ချီရပ်ရင်း ...

"မောင်ဆင်ကြီးတို့ မိသားစုလား"

"မှန်ပါဘုရား ... ရိုသေစွာ ဦးတော်တင်ပါသည်ဘုရား"

"သာဓု ... သာဓု ... သာဓု ... ဘုန်းကြီးလို့ အသက်ရှည်၊ အသက်ရှည်လို့ အနာရောဂါကင်းပြီး လျှုနိုင်တန်းနိုင်သော သူတော်ကောင်း သူမြတ်ကောင်းတွေ ဖြစ်ကြပါစေဗျား ..."

"ပေးတဲ့ဆုနဲ့ ပြည့်အောင် ကြိုးစားပါမည်ဘုရား"

သည့်နောက် ဘရသေ့ကြီးက သပိတ်ကြီးလွယ်ပြီး ရှေ့ကနေကြွတယ်။ ကျုပ်တို့တစ်ရွာလုံးက နောက်တော်ပါးနဲ့ ဘေးကနေ ကလေးလူကြီးပါမကျန် ရွာပြင်လမ်းမကြီးရောက်အောင် လိုက်ပို့ကြတယ်။

ကျုပ်တို့အားလုံးရဲ့ ရင်ထဲမှာ မချိပါဘူးဗျာ။

ဟိုးလွန်ခဲ့သည့် အချိန်အခါတုန်းက ...

ဟောဒီ လယ်ကွင်းလမ်းကနေ ဘရသေ့ကြီး သပိတ်လေးပိုက်ပြီး တရွေ့ရွေ့ ဒီဘီလူးခေါင်းပြတ်တောကုန်းထဲကို ကြွလာခဲ့တယ်။

အခု ဘရသေ့ကြီး ဘီလူးခေါင်းပြတ်ကုန်းကနေ တရွေ့ရွေ့ပြန်ထွက်သွားနေပါပြီ။

အင်း ... အနိစ္စ–အမြဲမရှိဆိုတဲ့ တရားသဘောက ရှင်တုန်းလည်း အမြဲမရှိ၊ သေရင်လည်း အမြဲမရှိတဲ့ သဘောပါလားနော်။

တွေ့ဆုံကြုံကွဲ ဖြစ်မြဲဓမ္မတာဆိုတဲ့ တရားမှာ ...

အပြုံးအရယ်ရှိမယ်။ အငိုအမဲ့ရှိမယ်။

အတက်နဲ့အကျရှိမယ်။ အနိမ့်အမြင့်ရှိမယ်။

တစ်ခါတစ်ရံ လှိုင်းအိလေးမျှသာရှိပြီး ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာတော့ မုန်တိုင်းထန် လှိုင်းကြီးမှာပဲ။ ဒီလောကဓံတရားကို လူတိုင်း ကြုံတွေ့နေရမှာပဲလေ။ ဘုရားရဟန္တာ မဖြစ်သေးသရွေ့ မလွဲမသွေ ကြုံတွေ့ရမည့်တရားပဲ။

နောက်ဆုံး အဆုံးသတ်ကျတော့ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ဖြစ်ခြေ၏ဆိုတဲ့ သခ်ါရအရပ်မှာ နိဂုံးချုပ်ရတာပဲလို့ နားလည်သဘောပေါက်ခဲ့ရတယ်။

ဘရသေ့တို့ သက်တော်ရှည်ဆရာတော်ဘုရားကြီး ဦးသီလတို့ အရှင်ဦးကဝိဓဇတို့ အမိန့်မှာ ရှိခဲ့သလိုပေါ့လေ။

မသေခင်မှာ ကောင်းတာလေးတွေ ကျန်ရစ်အောင် လုပ်ခဲ့ကြရမယ်တဲ့။

လူဟာ သေပြီးရင် အများစုက ပုပ်စော်နံသတဲ့။

မသေခင် ရှင်တုန်းမှာလည်း ပုပ်စော်မနံစေနဲ့တဲ့။

လူ့အရိုးပြာကျ ဆွေးမြေ့ချင် ဆွေးမြေ့ပစေ ...

ကိုယ့်နာမည် ပြာမကျစေနဲ့၊ မဆွေးစေနဲ့တဲ့။

နာမည်ကောင်းခြင်း၊ သီလကောင်းခြင်း၊ ပညာကောင်းခြင်း၊ စာရိတ္တကောင်းခြင်းဟာ သေပြီးသည့်နောက်ပိုင်းမှာ ...

နတ်ပြည်ကကြားလည်း သာဓုခေါ်ပါစေ။

ဗြဟ္မာပြည်က ကြားလည်း သာဓုခေါ်နိုင်ကြပါစေ။

လူ့ပြည်ရှိ လူသားမျိုးဆက်တို့ကြားမှာလည်း အာဇာနည်မဟုတ်တာတောင်မှ သူတော်လူကောင်းဘဝနဲ့ နှစ်ပေါင်းများစွာ ပြောစမှတ်ပြု မှတ်ကျောက်တင်နိုင်ကြပါစေတဲ့။

ဟော ... ရွာပြင်လမ်းမကို ရောက်ကြပြီ။

ဒီအချိန်မှာ ဟိုရွာပြင် ကွင်းလမ်းကနေ လှည်းကြမ်းနှစ်စီး အပြင်းဒုန်းစိုင်းလာနေတာကို ကျုပ်တို့အားလုံး မြင်လိုက်ရတယ်။

ဒါနှင့်အတူ လှည်းပေါ်က လှည်းမောင်းသမားကလည်း လှည်းပေါ်ကနေ လက်ပြပြီး အော်ပြောနေတယ်။

"ရပ်တော်မူပါဦး ဘုရား"





"ခဏလေး ဆိုင်းငံ့တော်မူပါဦးဘုရား"

အဲဒါ ဘရသေ့ကြီးရော၊ ကျုပ်တို့လိုက်ပို့သူ ရွာသူရွာသားများရော ရွာပြင် ဗဟိုလမ်းမကြီးထိပ်မှာ ရပ်နေလိုက်ကြတယ်။ ပြီး ... သူတို့ကို ကြည့်လိုက်ကြတယ်။

"ဘာအရေးကြီးလို့တုံးဟ"

"မသိဘူး"

"အဲဒါ ဘယ်သူတွေတုံး"

"မမြင်ဖူးဘူး၊ တခြားရွာကနေမှာပဲ"

"တစ်ခုခု အရေးကြီးလို့နေမှာပေါ့"

ဒီမှာ နွားလှည်းကြမ်းကြီးနှစ်စီးက မလှမ်းမကမ်းမှာ ရပ်သွားပြီး လှည်းသမားကြီးနှစ်ဦးက အရင်ဆင်းလိုက်ကြတယ်။

ပြီးနောက် လှည်းပေါ်က ဒုက္ခသည်နှစ်ဦးကို ပွေ့ပြီး မြေပြင်ပေါ် ဖြည်းဖြည်းချင်း ချပေးလိုက်ကြတယ်။

ဒုက္ခသည်နှစ်ယောက်စလုံးက မျက်နှာကို ခေါင်းပေါင်းပတ်ထားကြတယ်။ ရသေ့ကြီးရှေ့ရောက်မှ ခေါင်းပေါင်းကိုဖြေပြီး ကန်တော့ဖို့ ကြိုးစားအားယူ ထိုင်နိုင်အောင် လှည်းသမားနှစ်ဦးက နောက်ကနေ ထိန်းကိုင်ပေးထားရတယ်။

တစ်ယောက် ကနားရွက်နှစ်ဖက်မရှိဘူး။

နှာခေါင်းက တစ်ခြမ်းမရှိဘူး။

ညာလက်နဲ့ ညာခြေက ခွင်ပြီး လိမ်နေတဲ့ ဒုက္ခိတ။

နောက်တစ်ဦးက မျက်နှာတစ်ပြင်လုံး မီးလောင်ခံရလို့ ရုပ်ပျက်နေတယ်။ ခေါင်းမှာလည်း ဆံပင်မရှိဘူး။ အမာရွတ်တွေ ပိန်းကြမ်းပြီး မျက်လုံးတစ်လုံးလည်း ကန်းလို့။

သူ့လက်တွေလည်း မီးလောင်ထားလို့ထင်ရဲ့၊ လက်ချောင်းတွေဟာ အရိုးပေါ်သလိုရှိပြီး အနူရောဂါသည်လက်လို ကောက်ကွေးတုံ့ပြတ်ဖြစ်လို့၊

www.burmeseclassic.com



ဒုက္ခိတနှစ်ဦးက မြေပြင်မှာ ရတတ်သလိုထိုင်ပြီး ဘရသေ့ကြီးကို ခက်ခက်ခဲခဲ ရှိုရှိုသေသေ ဦးသုံးကြိမ်ချကြတယ်။

"ဒကာကြီးတို့ . . . ဘယ်ရွာကတုံး"

ဒီမှာ လှည်းသမားကြီးက ကိုယ်စားဝင်ဖြေတယ်။

"မုတ္တမကျေး . . . သောင်ကြီးတောကပါ ဘုရား"

"အမည်များရော ဘယ်လိုခေါ်ကြသတုံးကွယ့်။ လာရတာ အဝေးကြီးကပါကလား"

"မှန်ပါဘုရား . . . သူတို့နှစ်ဦးစလုံးကားလည်း ကောင်းစွာ ပီပီသသ မပြောနိုင်ကြပါဘူးဘုရား"

"အို . . . ဖြစ်ရလေကွယ်"

"ဖြစ်ကြောင်းကုန်စင်ကို အရှည်မပြောပါရစေနဲ့တော့ဘုရား။ တိုတိုပြောရရင် ဟောဒီဘက်က နားရွက်မရှိ ခြေခွင်လက်ခွင်လူဟာ တစ်ချိန်တုန်းက အလွန်နာမည်ကြီးခဲ့တဲ့ ဓားပြကြီး ငှက်ကြီးတောင်ဘဂျမ်းပါဘုရား"

"အို . . ."

"ဟာ . . ."

"ဘုရားရေ . . ."

"ဒါ . . . ဒါ . . . ငါတို့ရွာကို တိုက်ခဲ့တဲ့ ဓားပြမဟုတ်လား ဟေ့"

"ဟုတ်ပါတယ်ဗျာ . . . ကိုဘဂျမ်းနဲ့အဖွဲ့ ခင်ဗျားတို့ ရွာကို တိုက်ဖို့လာခဲ့ပေမင့် ဘယ်လိုမှ ရွာထဲကိုဝင်လို့မရဘဲ ထူးဆန်းစွာ ရွာသူများစွာရဲ့ အကိုက်အဆွဲခံရပြီး သူတို့အားလုံး ခုလို သုံးစားရပ်တည်လို့မရတဲ့ဘဝကို ရောက်သွားခဲ့ရပါတယ်။

"ဘုရား . . . ဘုရား . . . ကြောက်စရာပါကလား"

"ဟောဟိုဘက်က မျက်နှာတစ်ခုလုံး မီးလောင်ပြီး ရုပ်လည်းပျက်၊ မျက်စိတစ်ဖက်လည်းမမြင်၊ နားလည်းသိပ်မကြား၊ လက်ကလည်း ပစ္စည်းတစ်ခုကို ခိုင်ခိုင်မြဲမြဲ ကိုင်တွယ်လို့မရဖြစ်နေသူက ဓားပြ ကာယသိဒ္ဓိရွှေကျိုင်းပါ ဘုရား"





"ဟော . . ."

"ရွှေကျိုင်း . . ."

"ဘုရားရေ . . . ဒါ . . . ဒါ . . . တို့ရွာထဲတိုက်တဲ့ ကာယသိဒ္ဓိရွှေကျိုင်း . . ."

"ဟာ . . . ကျွတ် . . . ကျွတ် . . . ဘယ်လိုဖြစ်သွားရတာလဲကွာ"

"ကိုရွှေကျိုင်းလည်း ရွာတော်ရှင်ရက္ခစိုးကြီးကို ပြစ်မှားစော်ကားပြီး ဘယ်သူမှ တိုက်လို့မရတဲ့ ခင်ဗျားတို့ သမ္ဘုဒ္ဓေရွာကို ဝင်တိုက်ပြီး လောင်မီးကျသလို မီးကွင်းမီးပြန်စွပ် မီးလောင်ရင်း သူရော၊ သူ့တပည့်များပါ နောက်ဆုံး အကုသိုလ်မကောင်းမှုရဲ့ ဒဏ်ပြန်သင့်ပြီး ယခုမြင်ရတဲ့အတိုင်း ရုပ်ပျက်ဆင်းပျက် ဒုက္ခိတဘဝရောက်၊ ခုတော့ ရွာစဉ်လှည့် တောင်းစားနေရတဲ့ဘဝကို ရောက်သွားခဲ့ပါတယ်။

ခုတော့ သူတို့ကိုယ်သူတို့ မှားမှန်းသိပြီး နောင်တတရားတွေရလို့ မသေခင်လေးမှာ ဟောဒီ သမ္ဘုဒ္ဓေရွာကိုလည်း တောင်းပန်ဖို့၊ ရွာတော်ရှင် ရက္ခစိုးကြီးကိုလည်း တောင်းပန်ဖို့၊ ဘရသေ့ကြီးကိုလည်း ရှိခိုးကန်တော့ချင်လို့ ရောက်လာတာပါဗျာ။ သူတို့ကိုယ်စား ဘရသေ့ကိုရော၊ သမ္ဘုဒ္ဓေရွာသူရွာသားအားလုံးကိုရော ရှိရှိသေသေ တောင်းပန်ပါတယ်တဲ့။ ကိုင်း ကန်တော့ကြ"

လှည်းသမားကြီးက ရွှေကျိုင်းနဲ့ ဘဂျမ်းကို လက်နဲ့တို့ပြီး သတိပေးလိုက်တော့ သူတို့နှစ်ဦး ဦးစွာ ဘရသေ့ကြီးကို ရှိခိုးကန်တော့ကြတယ်။ သူတို့ပါးပြင်မှာ မျက်ရည်တွေ စီးကျလို့ပေါ့။

ပြီး ရွာသူကြီးနဲ့ ကျုပ်တို့ရွာသူရွာသားများဘက်ကို လှည့်ပြီး ဒုက္ခကြီးစွာ ကန်တော့ကြတယ်။

လူတစ်ရာကျော် နှစ်ရာနီးပါး အံ့သြပြီး တိတ်ဆိတ်ငြိမ်သက်သွားတယ်။ ငှက်အော်သံမျှပဲ ကြားရတော့တယ်။

"အင်း . . . ဒုက္ခဆင်းရဲလို့ ခေါ်ကြတာပေါ့လေ။ တစ်နည်းပြောရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားကြောင့်ဖြစ်ရတဲ့ အကျိုးဆက်ပေါ့။ နောင်တအသိတရား ကိုယ်စီရကြပြီဆိုတော့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ တစ်နည်းပြောရရင် မင်္ဂလာမဲ့ရာကနေ မင်္ဂလာရှိသွားခဲ့တာပေါ့။ အဇာတသတ်မင်းသားဟာ ဆိုရာအတင်မှားတော့ ဒေဝဒတ်နဲ့ပေါင်းပြီး ဖခင် ဗိမ္ဗိသာရမင်းကြီးကို ခြေဖဝါး ဓားနဲ့ခွဲ ဆားနဲ့ပက်၊ အစာငတ်ရေငတ်ထား ပြီး ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်ခဲ့တယ်။

ဖခမည်းတော် နတ်ရွာစံတော့ အဖကိုသတ်မိပါလားဆိုပြီး တုန် လှုပ်ချောက်ချား ညအိပ်မပျော်တော့ဘဲ ရူးမလို ခံစားရတယ်။ နောက်ဆုံး သမားတော်ဇီဝကရဲ့ အကူအညီနဲ့ တန်ဆောင်မုန်းလပြည့်နေ့ည သန်းခေါင် ယံမှာ မြတ်စွာဘုရားရှင်ထံရောက်ပြီး အဖကိုသတ်မိတဲ့အမှား ဝန်ချတောင်း ပန် လျှောက်ထားခဲ့တယ်။

ဒီတော့ မြတ်စွာဘုရားက အဇာတသတ်မင်းသား အမှားကိုအမှား လို့ **သိတာကိုက အမှားသေးတာပဲ** တဲ့။ သင့်ဖခင်ကိုအပေါ် ကျူးလွန်ခဲ့ တဲ့ပြစ်မှုများ အကုသိုလ်အတွက် ကုသိုလ်ကောင်းမှုများများလုပ်လို့ ဖေး ဆပ်လော့လို့ ဆုံးမခဲ့တယ်များ သည်တော့မှ အဇာတသတ် အဖသတ်သား နောင်တကြီးစွာရလို့ မြတ်စွာဘုရားရဲ့ သာသနာတော်အကျိုးကိုလည်း စွမ်း စွမ်းတမံ သည်ပိုးခဲ့သလို၊ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်ဆိုတဲ့ ရတနာမြတ်သုံးပါးကို အသက်ထက်ဆုံး ယုံကြည်ကိုးကွယ် ချီးမြှောက်သူ ဖြစ်သွားခဲ့တယ်။

အဇာတသတ်မင်းကြီး နတ်ရွာစံတော့။ အမှန်က သူလည်း ပဉ္စာ နန္တရိယကံထိုက်သူဖြစ်လို့ မဟာအဝီစိငရဲကိုလားရမည် မှန်သော်လည်း ဘုရား ရှင်ကိုယ်တော်မြတ်ကြီးနဲ့တွေ့ပြီး ရတနာမြတ်သုံးပါးရဲ့အဓိပ္ပာယ်ကို နားလည် ယုံကြည်ကိုးကွယ် ဆည်းကပ်ကျင့်ကြံပွားများ ပြုစုပျိုးထောင်သွားလို့ မဟာ အဝီစိငရဲကို မကျရောက်ဘဲ၊ နည်းနည်းခံရ နှစ်နည်းတဲ့ လောဟကုမ္ဘီငရဲကို ပဲ ကျခဲ့ရတယ်တဲ့။

ဒါကြောင့် ဒကာကြီးတို့ ဆရာကြောင့်ဖြစ်စေ၊ အပေါင်းအသင်း ကြောင့်ဖြစ်စေ၊ တပည့်ငယ်သား သားမယားကြောင့်ဖြစ်စေ၊ အမှားတွေ ကို ကျူးလွန်ပြစ်မှားခဲ့ကြသည်ရှိသော်လည်း နောင်တတရားရလို့၊ အမှား ကိုပြုပြင်ရန် အချိန်ရနေလျှင် ဘဝကို ကောင်းအောင်လုပ်လို့ ကျင့်နိုင်





အချိန်ရပါသေးတယ်။ ကြိုးစားကြပါ။ ဘဝကို ဘုရားကူ၊ တရားကူ၊ သံဃာ ကူနဲ့ ကုရင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သူများ ဖြစ်ကြပါစေ”

**“သာဓု . . . သာဓု . . . သာဓု . . .”**

“သာဓု . . . သာဓု . . . သာဓု . . .”

“သာဓု . . . သာဓု . . . သာဓု . . .”

လူများစွာတို့ရဲ့ သံပြိုင်သာဓုခေါ်သံတွေဟာ ကွင်းလမ်းမကြီးပေါ် မှာ ပဲ့စင်လျှံနေတယ်။ အထက်ဘဝဂ် အောက်အဝီစိ ကြားနိုင်လောက် တယ်။ သည့်နောက် ဘရသေ့ကြီးက ဟိုးရှေ့က ဖြောင့်ဖြူးကြည်လင်သန့် ရှင်းနေတဲ့ ရွာဗဟိုလမ်းမကြီးရှိရာကို ဦးတည်ပြီး တရွေ့ရွေ့လှမ်းသွားနေ တယ်။

ကျုပ်တို့အားလုံးကလည်း ဘရသေ့ကြီး မျက်စိမြင်ကွင်းအောက် က မပျောက်မချင်း၊ မြေပြင်မှာ ထိုင်လို့ လက်အုပ်ချီမိုးပြီး သမ္ဗုဒ္ဓေဘုရား ရှိခိုးဂါထာကြီးကို သံပြိုင်ရွတ်နေကြတယ်။

ဘရသေ့ကြီး မျက်စိမြင်ကွင်းက လုံးဝပျောက်ကွယ်သွားတော့ မှ . . .

[ချစ်ခင်လေးစားအပ်သော စာဖတ်ပရိသတ်များ ရတနာမြတ် သုံးပါးကို ပို၍ သက်ဝင်ယုံကြည်လေးစား ပွားများနိုင်ကြပါစေ]

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com